# မင်္ဂလာ

(ရွှေဝင်ရိုး၊ နှိုးတော်နန်းရွှ)

၁၅၀၂၄
၂၉၄.၃၁၂
ဘာသာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

# ပဋ္ဌာ

## နောင်ရိုးဦးတိုးမြင့်

(ရေနံချောင်းမြို့)

မျက်နှာဖုံး
ပန်းချီ စံတိုး

---

ဘလောက်
ဇမ္ဗူ

---

မျက်နှာဖုံးပုံနှိပ်
နေရီရီ

---

ပုံနှိပ်ခြင်း
ပထမအကြိမ်
(၂၀၀၀)

---

ထုတ်ဝေနေ့
မတ်၊ ၁၉၈၁

---

ထုတ်ဝေသူ
ဒေါ်ခင်ခင်
(သုတေသီ) ၀၁၃၆၆
မိသားစု စာပေ
၃၄၅၊ လမ္မတော်
ဒဂုံစာတိုက်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဒေါ်ခင်ရီ
(၀၂၅၀၅)
နေရီရီပုံနှိပ်တိုက်
၂ (က) အနောက်လမ်း၊
သခင်မြပန်းခြံအနီး၊
လမ်းမတော်စာတိုက်၊
ရန်ကုန်မြို့။

[redacted]

၁၅၀၂၄

# မာတိကာ


—။ **မင်္ဂလာနိဒါန်း**

—။ **မင်္ဂလာ စကားဦး**

၁။ **အသေဝန မင်္ဂလာ** .... ၁

— သူမိုက်ဆိုသည်မှာ .... ၅
— ကိုယ့်ကိုယ်ကိုသိ ပညာရှိ .... ၇

၂။ **သေဝန မင်္ဂလာ** .... ၈

— ပညာရှိဆိုသည်မှာ .... ၁၀
— အထင်မကြီးနှင့် .... ၁၂

၃။ **ပူဇာဝန္တ မင်္ဂလာ** .... ၁၃

— မှားသောကိုးကွယ်ခြင်း .... ၁၈
— မြတ်သော ကိုးကွယ်ခြင်း .... ၂၀

၄။ **ပတိရူပ ဒေသာဝါသ မင်္ဂလာ** .... ၂၂

— ရွှေတောင်မစံ ဟသ်ာပျို .... ၂၅
— စလေ ငခွေး .... ၂၆
— သပ္ပါယတရား (၄)ပါး .... ၂၇

၅။ **ပုဗ္ဗေစ ကတပုညတာမင်္ဂလာ** .... ၂၉

— အချိန်မရွေးနှင့် .... ၂၉
— သမ္ပဒါတရား (၄) ပါး .... ၃၀
— ဥဋ္ဌာန သမ္ပဒါ .... ၃၁
— အာရက္ခ သမ္ပဒါ .... ၃၄
— သမဇီဝိတတာ သမ္ပဒါ .... ၃၅
— ကလျာဏမိတ္တတာ သမ္ပဒါ .... ၃၆
— လသာခိုက် မိုင်းငင် .... ၃၇
— အကောင်းဆုံး စကားလုံးတခု .... ၃၈

## မာတိကာ


၆။ **အတ္တသမ္မာ ပဏိဓိ မင်္ဂလာ** .... ၄၀

— မပျင်းပါနှင့် .... ၄၁
— အလကားမနေပါနှင့် .... ၄၂
— ဇွတ်မနှစ်ပါနှင့် .... ၄၃
— အားမလျှော့ပါနှင့် .... ၄၅
— စိတ်ကိုဆုံးမ ချမ်းသာရမည် .... ၄၅
— အမြဲတမ်း တာဝန်ရှိနေရမည် .... ၄၈
— အိမ်ထောင်မှု ဘုရားတည်၊ ဆေးမင်ရည် စုတ်ထိုး .... ၄၈
— လမ်းခင်းတဲ့ကျောက်ခဲ .... ၅၁

၇။ **ဗာဟုသစ္စ မင်္ဂလာ** ... ၅၃

၈။ **သိပ္ပ မင်္ဂလာ** .... ၅၉

၉။ **ဝိနယ သုသိက္ခိတ မင်္ဂလာ** .... ၆၃

— လူ့စည်းကမ်း .... ၆၉

၁၀။ **သုဘာသိတ မင်္ဂလာ** .... ၇၁

— စကားပြော ကောင်းခြင်း .... ၇၆
— စကားကောင်းဟူသည် အဘယ်နည်း .... ၇၇
— အပြောကောင်းတိုင်း အလိမ်ကောင်းသူမဟုတ်ပါ .... ၇၈
— သူများအကြောင်း မကောင်းမပြောနှင့် .... ၇၉

၁၁။ **မာတာပိတု ဥပဋ္ဌာန မင်္ဂလာ** .... ၈၁

— ကျေးမွေးမယျက် .... ၈၂
— ဆောင်ရွက်စီမံ .... ၈၅
— မွေခံထိုက်စေ .... ၈၇
— လှူမျှဝေ၍ .... ၈၇
— စောင့်လေမျိုးနွယ် .... ၈၈
— လူမျိုးနှင့် တိုင်းပြည်ဆိုသည်မှာ အဘယ်နည်း .... ၈၈
— မြန်မာ့ယဉ်ကျေးမှု .... ၉၀

၁၂။ **ပုတ္တဒါရသ္သ သင်္ဂဟ မင်္ဂလာ** .... ၉၇

— မိဘဝတ် ငါးပါး .... ၉၈
— လင့်ဝတ် ငါးပါး .... ၁၀၇
— မယားဝတ် ငါးပါး .... ၁၁၂

## မာတိကာ


**၁၃။ အနာကုလ ကမ္မန္တ မင်္ဂလာ** .... ၁၁၈

**၁၄။ ဒါန မင်္ဂလာ** .... ၁၂၃

- ဒါနနှင့် ပကာသန .... ၁၂၅
- ဝင္ငဆင်းရဲကင်းရန် အာရုံပြုပါ .... ၁၂၈
- အလှူရေစက် လက်နဲ့မကျဲ .... ၁၃၀
- ရှင်ပြုမင်္ဂလာ .... ၁၃၁

**၁၅။ ဓမ္မစရိယာ မင်္ဂလာ** .... ၁၃၃

- ကိုယ့်ကြောင့် သူတပါး မဆင်းရဲစေနှင့် .... ၁၃၅

**၁၆။ ဉာတက သင်္ဂဟ မင်္ဂလာ** .... ၁၄၁

**၁၇။ အနဝဇ္ဇကမ္မ မင်္ဂလာ** .... ၁၄၇

- အကျိုးပေးသောအလုပ်ကို အားစိုက်ပါ .... ၁၅၂
- ရောယောင်နောက်လိုက် မလုပ်ပါနှင့် .... ၁၅၄
- ဟန်မဆောင်ပါနှင့် .... ၁၅၅
- မကောင်းမှုနှင့် အပျင်းမဖြေပါနှင့် .... ၁၅၆
- အားမငယ်ပါနှင့် .... ၁၅၇
- အခက်အခဲကို မကြောက်ပါနှင့် .... ၁၅၉
- အောင်မြင်ခြင်း .... ၁၆၂
- ဝန်မတိုပါနှင့် .... ၁၆၄
- ငါးပွက်ရာ ငါးစာမချနှင့် .... ၁၆၆

**၁၈။ အာရတိ မင်္ဂလာ** .... ၁၆၈

**၁၉။ ဝိရတိ မင်္ဂလာ** .... ၁၇၁

**၂၀။ မဇ္ဇပါနာ သံယမ မင်္ဂလာ** .... ၁၈၂

**၂၁။ အပ္ပမာဒ မင်္ဂလာ** .... ၁၈၆

**၂၂။ ဂါရဝ မင်္ဂလာ** .... ၁၈၉

- ကြီးစဉ်ငယ်လိုက်ရှိသေပါ .... ၁၉၁
- အရိုအသေ မမှားစေနှင့် .... ၁၉၄
- အချင်းချင်း ရိုသေမှ လူ့လောကစိုပြည်မည် .... ၁၉၅
- နတ်နေကိုင်း ထားရမည် .... ၁၉၈

မာတိကာ


၂၃။ နိဝါတ မင်္ဂလာ .... ၁၉၉
၂၄။ သန္တုဋ္ဌိ မင်္ဂလာ .... ၂၀၃
၂၅။ ကတညုတာ မင်္ဂလာ .... ၂၀၉
၂၆။ ဓမ္မဿဝနံ မင်္ဂလာ .... ၂၁၄
— တရားနာမှ မင်္ဂလာဖြစ်မည် .... ၂၁၆
၂၇။ ခန္တီ မင်္ဂလာ .... ၂၂၂
၂၈။ သောဝစဿတာ မင်္ဂလာ .... ၂၂၉
၂၉။ သမဏာ ဒဿန မင်္ဂလာ .... ၂၃၃
၃၀။ ဓမ္မသာကစ္ဆာ မင်္ဂလာ .... ၂၃၆
၃၁။ တပ မင်္ဂလာ .... ၂၄၀
၃၂။ ဗြဟ္မစရိယ မင်္ဂလာ .... ၂၄၂
၃၃။ အရိယာသစ္စာန ဒဿန မင်္ဂလာ .... ၂၄၆
— ဒုက္ခသစ္စာ .... ၂၄၇
— သမုဒယသစ္စာ .... ၂၅၁
— နိရောဓသစ္စာ .... ၂၆၂
— မဂ္ဂသစ္စာ .... ၂၆၂
— မဂ္ဂင်ရှစ်ပါး .... ၂၆၃
— ဥာတပရိညာ .... ၂၇၂
၃၄။ နိဗ္ဗာန သစ္ဆိကိရိယာ မင်္ဂလာ .... ၂၇၅
၃၅။ နကမ္ပတိ မင်္ဂလာ .... ၂၈၃
၃၆။ အသောက မင်္ဂလာ .... ၂၈၆
၃၇။ ဝိရဇ မင်္ဂလာ .... ၂၈၉
၃၈။ ခေမ မင်္ဂလာ .... ၂၉၅
— အာမခံဒေသနာ .... ၂၉၉
— မင်္ဂလာ တရားတော် .... ၃၀၂
— မင်္ဂလသုတ် ပါဠိတော် .... ၃၀၄
— မင်္ဂလသုတ် မြန်မာပြန် .... ၃၀၆
— နိဂုံး .... ၃၀၉

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

# မင်္ဂလာနိဒါန်း

ဤမင်္ဂလာ စာအုပ်သည် မူလက တမင် ရေးမည်ဟူသောရည်ရွယ်ချက်ဖြင့် စတင်ရေးသားခဲ့သောစာအုပ်မဟုတ်ပါ။ ကျွန်တော်၏သား သမီးများကို ဆုံးမစကားပြောကြားသောအခါထိုစကားများကို မှတ်မိသားမိ ရှိကြရန် သားသမီးတို့အား စာဖြင့် လိုက်အရေးခိုင်း၍ မှတ်သား စေခဲ့ပါသည်။ မကြာမကြာ သားသမီးတို့ကိုစုပေါင်း၍ ထိုစာများကို ပြန်လည်ဖတ်ကြား စေခဲ့ပါသည်။ ဤသို့ပြုလုပ်ခြင်းဖြင့် ဆုံးမစကားများကို တိတိကျကျ မလိုက်နာနိုင်ကြသော်လည်း မှတ်မိ သားမိတော့ ရှိလာကြပါသည်။ ထိုစာများမှာကြုံသလို သင့်သလို အကြောင်းအားလျော်စွာ ပြောကြားသောစကားများကို မှတ်သားထားခြင်းဖြစ်၍ ပြန်လည် ဖတ်ကြားကြသောအခါ ကာရန် ဝါကျမညီ၊ အစီအစဉ်မကျ၊ မပြေမပြစ် ဖြစ်နေပါသည်။

သို့ဖြစ်၍ ထိုစာများကို ကာရန် ဝါကျညီအောင်၊ အစီအစဉ်ဖြင့် ပြန်လည် ရေးသားပေးရလျှင် ကောင်းမည်ဟု စိတ်ကူးရလာသဖြင့် စုပေါင်း၍ ရေးသားပါတော့သည်။ ရေးယင်း သားယင်းပင် ရည်ရွယ်ချက် ရောက်တတ်ရာရာ ရေးသားခြင်းထက်၊ မင်္ဂလာတရားတော်များကို အခြေတည်၍ ရေးသားရလျှင် ပို၍ ကောင်းမည်ဟု စိတ်ကူး ရလာပါသည်။ ထိုစိတ်ကူးအရ ဤမင်္ဂလာစာအုပ်ကို ရေးသားခြင်းဖြစ်ပါသည်။

မင်္ဂလာ တရားတော်သည် လောကီ လောကုတ္တရာ၊ ခုရော နောင်ပါ ချမ်းသာ စီးပွား ဖြစ်နိုင်သော တရားများဖြစ်၍ လူတိုင်းလူတိုင်း သိကြရန်နှင့် သိသည့်အတိုင်း ကျင့်ကြရန် လိုအပ်ပါသည်။ ထို့ကြောင့် အသီးသီးသော ပညာရှင်ကြီးများက ဤမင်္ဂလာတရား

# မင်္ဂလာ နိဒါန်း

တော်ကို နည်းအမျိုးမျိုးဖြင့် ခဲရာခက်ဆစ် အဖြေများ၊ပါဠိတော်၊ အဋ္ဌကထာဋီကာ၊ ဝတ္ထု သက်သေစသော အကိုးအကားများ၊ သဒ္ဒါနည်း၊ အလင်္ကာနည်းများဖြင့် ပြည့်ပြည့်စုံစုံ ရေးသားတော် မူခဲ့ကြပါသည်။

ဤမင်္ဂလာစာအုပ်သည်ထိုထိုပညာရှိကြီးများရေးသားခဲ့ကြသော မင်္ဂလာအဖွင့် ကျမ်းကြီးများနှင့် နှိုင်းယှဉ်ထိုက်အောင် အဆင့်ရှိသော စာအုပ်မဟုတ်ပါ။ ထိုထို ကျမ်းကြီးများက ဤအကြောင်းအရာတို့သည် သေးငယ်သော အကြောင်းအရာများသာဖြစ်၍ မည်သူမဆို အလွယ်တကူ သိနိုင်လောက်ပေသည်ဟု ခြွင်းချန်ထားခဲ့သည်များကို ပေါင်းရုံးစုစည်း၍ ရေးသားထားခြင်း ဖြစ်ပါသည်။

အထူးသဖြင့်ကျွန်တော်၏အသက်ခြောက်ဆယ်တာကာလအတွင်း တွေ့ကြုံခဲ့ရသော လောကဓံ မှတ်စုများပင်ဖြစ်ပါသည်။ ဤစာအုပ်ကို ရေးသားရာတွင် နောက်ကလိုက်၍ မူကြမ်းရေးပေးခြင်း၊ မူချောကူးပေးခြင်းများဖြင့် အစမှ အဆုံးတိုင်အောင် အကူအညီ ပေးခဲ့သော နောင်ရိုး သမဝါယအသင်း စီမံရေးရာဌာနမှ မသန်းသန်းဦး [ဝိဇ္ဇာ(မြန်မာစာ)]အား လည်းကောင်း၊မြေးဖြစ်သူ သိပ္ပံတတိယနှစ် မမော်မော်မြင့်တို့အား လည်းကောင်း အထူးကျေးဇူးတင်ပါသည်။

ဤမင်္ဂလာစာအုပ်ဖြင့် ဘုရား တရား သံဃာ ဟူသော ရတနာသုံးပါးကို လည်းကောင်း၊ ဆရာသမားတို့ကို လည်းကောင်း၊ မိဘနှစ်ပါးတို့ကို လည်းကောင်း ပူဇော် ကန်တော့ လိုက်ပါသည်။

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ မင်္ဂလာကိုယ်၌ မြဲစေသောဝ်။

**နောင်ရိုး ဦးတိုးမြင့်**
**ရေနံချောင်းမြို့။**

# မင်္ဂလာစကားဦး

မျက်မှောက်ဘဝ၌ ဖြစ်ပေါ်လာမည့် ဘေးအန္တရာယ်အမျိုးမျိုး၊ နောင်တမလွန်ဘဝတို့၌ ဖြစ်ပေါ်လာမည့် ဘေးအန္တရာယ်အမျိုးမျိုးတို့ကို ကာကွယ် တားဆီးနိုင်ခြင်း၊ ဖယ်ရှား သုတ်သင်နိုင်ခြင်း၊ လောကီချမ်းသာ၊ လောကုတ္တရာချမ်းသာ၊ မျက်မှောက်ဘဝချမ်းသာ၊ နောင်တမလွန်ဘဝ ချမ်းသာဟူသော ချမ်းသာမျိုးစုံတို့ကို လက်တွေ့ပေးစွမ်းနိုင်ခြင်းဟူသော ကောင်းကျိုး တရားများကို ဖြစ်စေနိုင်သော ကျင့်စဉ် တရားတို့ကို မင်္ဂလာဟုခေါ်သည်။

အများအားဖြင့် မင်္ဂလာ တရားကို လောကီမင်္ဂလာ၊ လောကုတ္တရာ မင်္ဂလာဟူ၍ နှစ်မျိုး နှစ်စား ခွဲခြားထားကြပေသည်။ မွေးဖွားခြင်း၊ ဆံရိတ်ခြင်း၊ ပုခက်တင်ခြင်း၊ အမည်ပေးခြင်း၊ ထမင်းခွံ့ခြင်း၊ နေ လ ပြခြင်း၊ အဝတ်တန်ဆာ ဆင်မြန်းပေးခြင်း၊ နားဖောက်ခြင်း၊ မိန်းမတောင်းခြင်း၊ ယောကျ်ားတောင်းခြင်း စသည်များနှင့် အိုးသစ် အိမ်သစ် လုပ်ငန်းသစ်များ ထူထောင်ခြင်းတို့ကို လောကီ မင်္ဂလာဟု ခေါ်ကြ၍၊ ဤ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာကိုမူ လောကုတ္တရာ မင်္ဂလာဟု ခေါ်ကြပေသည်။

ဤနေရာ၌အထက်ပါလောကီမင်္ဂလာဟုဆိုကြသော တရားများ မင်္ဂလာဟုတ်သည် မဟုတ်သည်ကို လည်းကောင်း၊ သင့်သည် မသင့်သည်တို့ကိုလည်းကောင်း ဝေဖန်ခြင်း မပြုလိုပေ။ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ တရားကို လောကုတ္တရာမင်္ဂလာဟု ခေါ်ဆိုထားခြင်းကိုသာ ရှင်းလင်း လိုပေသည်။

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတွင် လောကုတ္တရာ မင်္ဂလာဟူ၍ သီးခြားထုတ်ရလျှင် အရိယသစ္စာနံ ဒဿန မင်္ဂလာမှစ၍ ခေမ မင်္ဂလာအထိ ခြောက်ပါးသာ လောကုတ္တရာ မင်္ဂလာဟု ဆိုသင့်ပေသည်။ ကျန်သုံးဆယ့်နှစ်ပါးသော မင်္ဂလာ တရားများသည်

## မင်္ဂလာ စကားဦး

လောကီ မင်္ဂလာသာ ဖြစ်ချေသည်။ တနည်းအားဖြင့် သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ တရားတို့သည် လောကုတ္တရာ တရား(၉) ပါးသို့ တဆင့်ထက်တဆင့် ကိုင်းရှိုင်းလျက် ရှိကြသဖြင့် ပရိယာယ်အားဖြင့် သုံးဆယ့်ရှစ်ပါးသော မင်္ဂလာအားလုံးကို လောကုတ္တရာမင်္ဂလာဟု ခေါ်သည် ဆိုလျှင်မူ ခေါ်ထိုက်ပါ၏။ အကောင်းဆုံး မှတ်သားသင့်သည်မှာ လောကီ လောကုတ္တရာ အစုံပါသော မင်္ဂလာဟူ၍သာ ဖြစ်ပေသည်။

ထို သုံးဆယ့်ရှစ်ဖြာသော မင်္ဂလာတရားတို့ကို ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက—

"ဤတရားသည်သာလျှင် အများလောက သမုတ်ကြသော ဒိဋ္ဌမင်္ဂလာ၊ သုတမင်္ဂလာ၊ မုတမင်္ဂလာ စသည့် ထွေပြား မင်္ဂလာများထက် ဆထက်လွန်ကျူး အထူး မြင့်မြတ်သော လောကီ လောကုတ္တရာ ချမ်းသာ စီးပွား များခြင်း၏ အကြောင်း ကောင်းသော မင်္ဂလာ မည်ပါသတည်း"

ဟူ၍ ဖွင့်ဆိုတော်မူခဲ့လေသည်။

ထိုစကားရပ်တို့တွင် ဒိဋ္ဌမင်္ဂလာဆိုသည်မှာ မြင်မှုကိုစွဲ၍ ကောင်းမည်၊ ဆိုးမည်ကို ချင့်တွက်ကြသော အယူအဆများ ဖြစ်သည်။ အိပ်မက်တွင် မြွေကိုမြင်ရသော် ငွေရတတ်သည်။ အိပ်မက်ထဲ ရယ်ရလျှင် ရန်ဖြစ်ရတတ်သည် စသော အိပ်မက်တိတ္ထံများ၊ ခရီးသွားစဉ် မြွေတွေ့လျှင်ခရီးရှည်မည်၊ ကိစ္စကြီးနှင့် ခရီးထွက်မည့်အခါ "နှပ်ပြစ်မျက်သုတ် ရင်ပုတ် လက်တီး ခရီးကြီး မသွားကောင်း" ခရီးထွက်မည့်ဆဲဆဲတွင် နှပ်ညှစ်သည်ကို မြင်ရလျှင်၊ မျက်ရည်သုတ်သည်ကို မြင်ရလျှင်၊ ရင်ဘတ်ပုတ်သည်ကို မြင်ရလျှင်၊ လက်ခုပ်တီးသည်ကို မြင်ရလျှင် ခရီးကြီး မသွားကောင်း။ မသာချလာသည်ကို မြင်ရလျှင် ကိစ္စပြီးစီးသည်၊ မင်္ဂလာဆောင်နှင့် တွေ့ရလျှင် ကိစ္စမပြီးစီး၊ တောကောင်မြင်ရလျှင် ခရီးမချောမော ဟူသော မြင်မှုနှင့်

ပတ်သက်၍ ဖြစ်ကြသော အယူအဆ များကို ဒိဋ္ဌ မင်္ဂလာဟု ခေါ်သည်။

ကြားမှုကိုစွဲ၍ ကောင်းမည်၊ ဆိုးမည်ကို ချင့်တွက်ကြသော အယူအဆများ၊ ဇီးကွက်မည်သံကြားလျှင် လာဘ်ရတတ်သည်။ အိမ်ရှေ့က ကျီးသာလျှင် ဧည့်ကောင်း စောင်ကောင်း လာတတ်သည်၊ ညအခါ ကျီးပြိုသံကြားလျှင် မကောင်း၊ ငှက်စုန်းထိုးသံ ကြားရလျှင်၊ ခွေးအူသံ ကြားရလျှင်၊ ရွာထဲ ရပ်ထဲ တစ်တီတူး လျှောက်အော်သံ ကြားရလျှင် မကောင်း၊ ခရီးသွားစ၊ ဘယ်သွား မလဲ မေးလျှင် မကောင်း စသော ကြားမှုနှင့်ပတ်သက်၍ ဖြစ်ကြသော အယူအဆများကို သုတမင်္ဂလာဟု ခေါ်သည်။

အကြားအမြင် နှစ်မျိုးမှလွဲ၍ အခြား တွေ့ရှိရသောအချက်များကို စွဲ၍၊ ကောင်းမည်၊ ဆိုးမည်ကို ချင့်တွက်ကြသော အယူအဆများ၊ အထက်မျက်ခုံးလှုပ်လျှင်လာဘ်ရတတ်သည်၊ရင်သားနှင့်ပေါင် လှုပ်လျှင် ချစ်သူနှင့် တွေ့ရတတ်သည်၊ ခရီးသွားနေစဉ် ယုန်သား မစားကောင်း၊ စားခဲ့လျှင် နောက်တကြိမ် ဒီအဖော်များနှင့် ခရီး အတူမသွားရတော့၊ အိမ်မိုးပေါ် လင်းတနားလျှင်၊ ခွေး တက်လျှင် မကောင်း၊ အမိုးပျားစွဲလျှင် မကောင်း၊ အိမ်အောက် ပျားစွဲလျှင်၊ ဗီရိုထဲ သေတ္တာထဲ ပျားစွဲလျှင် အလုပ်လုပ်သည့်ပစ္စည်းများ ပျားစွဲလျှင် စီးပွားဖြစ်တတ်သည်။ "လှည်းကိုး လူရှစ် မြင်းဆယ့်တစ်" လှည်းကိုးစီး၊ လူရှစ်ယောက်၊ မြင်းဆယ့်တစ်စီး ခရီးအတူ မသွားကောင်း၊ နေအိမ်တောင်ဘက်တွင်ဗူးပင်၊ငှက်ပျောပင်မစိုက်ကောင်း၊ အိမ်လှေကား ချယားပင် မစိုက်ကောင်း၊ မိန်းမ ကိုယ်ဝန်ရှိနေလျှင် ယောကျ်ားလုပ်သူ မသာမထမ်းကောင်းစသောတွေ့ကြုံရခြင်းနှင့်ပတ်သက်၍ဖြစ်လာသော အယူအဆများကို မုတမင်္ဂလာဟု ခေါ်သည်။

ထိုအပြင် မိမိနှစ်သက်သော အဆင်းကို ကြည့်မြင်နေရခြင်းသည် ဒိဋ္ဌမင်္ဂလာမည်သည်။ မိမိနှစ်သက်သောအသံကို ကြားနေရခြင်းသည် သုတမင်္ဂလာမည်သည်။ မိမိနှစ်သက်သော အစားကို စားရခြင်း၊ အဝတ်ကိုဝတ်ရခြင်း၊ အတွေ့အထိကို ခံစားရခြင်းများသည် မုတမင်္ဂလာမည်သည်ဟူသော အယူအဆများ၊ ဤဆိုပြီးခဲ့သော ဤဒိဋ္ဌ

# မင်္ဂလာ စကားဦး

သုတ မုတ ဟူသော မင်္ဂလာများသည် စင်စစ် အကယ်မလွဲမှတ်သား ထားသည့်အတိုင်း အကျိုးဖြစ်လိမ့်မည်ဟု ယုံကြည်အားကိုးလောက် သော အရာများ မဟုတ်ကြ။

ကောင်းမည်ဆိုသော အရာများကို ကြားရ မြင်ရ တွေ့ရသော် လည်း ကောင်းချင်မှကောင်းမည်။ ဆိုးမည်ဆိုသော အရာများကို ကြားရ မြင်ရ တွေ့ရသော်လည်း ဆိုးချင်မှဆိုးမည်။ ထိုမင်္ဂလာ များတွင် တကယ့်တိကျသော အဖြေများ မရှိကြချေ။

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်သည်ကား စင်စစ်အကယ် မလွဲ မှတ်သားထားသည့်အတိုင်း အကျိုးဖြစ်လိမ့်မည်ဟု ယုံကြည် အားကိုးလောက်သော တရား ဖြစ်သည်။

သူမိုက်ကိုပေါင်းလျှင် မုချဆင်းရဲဒုက္ခရောက်မည်၊ ပညာရှိကို ပေါင်းလျှင် မုချ ချမ်းသာသုခရမည်၊ ပူဇော်ထိုက်သူကို ပူဇော်လျှင် မုချ အောင်မြင်တိုးတက်မည်ဟူသည်တို့မှာ အကျိုးပေး တိကျမှန် ကန်သော တရားများ ဖြစ်ပေသည်။ ဤတရားများကို တစုံ တယောက်သော ပညာရှိပုဂ္ဂိုလ်က ဤအကြောင်းရှိလျှင် ဤအကျိုး ရှိတန်ရာသည်၊ အဆင်းရှိလျှင် အတက်ရှိတန်ရာသည်ဟူ၍ ကိုယ် တိုင်ကိုယ်ကျမသိရပဲ တွေးခေါ်မြော်မြင်ဆင်ခြင်၍ အနုမာနအထင် ဖြင့်သာ ရေးသားထားခဲ့သည် မဟုတ်ချေ။

မြတ်စွာဘုရားသည် အလုံးစုံသောတရားကို ကိုယ်တိုင်ကောင်းစွာ ပြည့်ပြည့်စုံစုံ သိတော်မူပြီးနောက်၊ သိတော်မူသည့်အတိုင်း ဟော ကြားခဲ့သော တရားတော်များ ဖြစ်ပေသည်။

မင်္ဂလာဟူသောစကားကိုခွဲတတ်ခဲ့လျှင် **မင်္ဂ+အလ** ဖြစ်သည်။ မင်္ဂဆိုသည်မှာ ခုရောနောင်ပါ ဆင်းရဲခြင်း ဖြစ်စေတတ်သော အမိုက်တရား၊ အမှောင်တရား၊ အညစ်အကြေးဖြစ်သော တရား များကို ခေါ်သည်။ အလ ဆိုသည်မှာ ပယ်တတ် ရှားတတ် ရိတ် ဖြတ်တတ်သည်ကို ဆိုလိုသည်။ **မင်္ဂ+အလ**=မင်္ဂလာ ဆိုသည်မှာ မကောင်းမှုအားလုံးကို ပယ်ရှားတတ်သော တရားဟု ဆိုလိုသည်။

# မင်္ဂလာ စကားဦး

ဆီမီးရောင်သည် အမှောင်ကိုခွင်းတတ်သည်ဟု ဆိုခြင်းဖြင့် အလင်းကို ပေးဆောင်နိုင်သည်ဟူသော အဓိပ္ပာယ်သည် အလိုလို ပါပြီး ဖြစ်သကဲ့သို့ မကောင်းမှုအားလုံးကို ပယ်ရှားတတ်သော တရားများဟု ဆိုသဖြင့် ကောင်းကျိုးစီးပွားကို ပွားများတိုးတက် စေသော တရားဖြစ်သည်ကို သိရှိနိုင်ပေသည်။

ထို့ကြောင့် ရှေးပညာရှိကြီးများက–

ခပ်သိမ်းဘေးဒဏ်၊ ရန်အမျိုးမျိုး၊ ပယ်နှိမ်ချိုး၍၊
ကောင်းကျိုးသုခ၊ မှန်သမျှကို၊ မုချပေးတတ်၊
တရားမြတ်၊ မှတ်လေ့မင်္ဂလာ။

ဟူ၍ ဖွင့်ဆိုတော်မူခဲ့ခြင်း ဖြစ်ပေသတည်း။



# ၁။ အသေဝန မင်္ဂလာ

သူမိုက်တို့နှင့် မပေါင်းသင်းရခြင်းသည် မင်္ဂလာမည်၏။

လယ်တီဆရာတော်ဘုရားကြီးက ကျိုးကြောင်းမြော်မြင်၊ ဆင်ခြင်မဲ့ကင်း၊ ညံ့ဖျင်းစရိုက်၊ လူသူမိုက်တို့အား၊ ဆရာအမှတ် မိတ်အမှတ်ဖြင့်မဆည်းကပ် မပေါင်းသင်းရခြင်းဟူ၍ ဤမင်္ဂလာကို အနက်ဖွင့်ဆိုတော်မူခဲ့လေသည်။

လောက၌ အပေါင်းအသင်းဟူသည် အလွန်အရေးကြီး၏။ အကျင့်ပျက် စီး၍ လူညွန့်လူစ တုံးနေသူများ၊ စီးပွားပျက်စီး၍ ဆင်းရဲဒုက္ခရောက်နေ သူများ၊ မင်းဘေးမင်းဒဏ်ဖြင့် ဆင်းရဲဒုက္ခ ရောက်နေသူများအားလုံး တို့၏ ယင်းသို့ဖြစ်ရခြင်းအကြောင်းကိုစိစစ်လျှင် အပေါင်းအသင်း မကောင်းခြင်း ဟူသော တခုတည်းသောအကြောင်းကိုသာ တွေ့ရပေမည်။ အရက်သမား နှင့် ပေါင်းခြင်းကစ၍ အရက်သမား ဖြစ်ရသည်။ ဘိန်းစားနှင့်ပေါင်း ခြင်းကစ၍ ဘိန်းစားဖြစ်ရသည်။ ကစားသမားနှင့် ပေါင်းခြင်းက စ၍ ကစားသမား ဖြစ်ရသည်။ ကျောင်းပြေး အိမ်ပြေးနှင့်ပေါင်းခြင်းကစ၍ ကျောင်းပြေး အိမ်ပြေး ဖြစ်ရသည်။ မိန်းမယုတ် ယောကျ်ား ယုတ် နှင့် ပေါင်းခြင်းကစ၍ မိန်းမယုတ် ယောကျ်ားယုတ် ဖြစ်ရသည်။ အယူဝါဒ ဖေါက်ပြားသူနှင့်ပေါင်း၍ အယူဝါဒ ဖေါက်ပြားသူ ဖြစ်ရသည်။ မုဆိုး နားနီးမုဆိုး တံငါနားနီးတံငါ ဖြစ်ရသည်။

အပေါင်းအသင်း မကောင်းခြင်းသည် ဤမျှလောက်ပင်မကောင်းကျိုး ကို ဖြစ်စေသည်။ ထို့ကြောင့် မြတ်စွာဘုရားက ခုရောနောင်ပါ ချမ်းသာ ပွားများကြောင်းဖြစ်သော သုံးဆယ့်ရှစ်ဖြာ မင်္ဂလာကို ဟောကြားရာ၌ အသေဝနာစ ဗာလနံဟူသော ဤအသေဝနမင်္ဂလာကို ဦးဦးဖျားဖျား

ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပေသည်။ မကောင်းသောသူတို့နှင့် ဆက်ဆံပေါင်းသင်းပြုနေသူအား မည်သည့်မင်္ဂလာတရားမှုဖြစ်နိုင်မည်မဟုတ်ချေ။

ထို့ကြောင့် မင်္ဂလာခပ်သိမ်းနှင့် ပြည့်စုံလိုသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် သူမိုက်ကို မပေါင်းသင်းရခြင်းဟူသော အသေဝနမင်္ဂလာကို ဦးဦးဖျားဖျား အစဆုံးထား၍ ကြိုးစားဖြည့်ကျင့်ကြရမည်။

'သူနဲ့တတွဲတွဲ တွဲနေပေမယ်လို့ သူ့အကြောင်းကိုသိပြီးသားပါ။ကိစ္စလေး တခုမပြီးသေးလို့ တွဲတွဲနေတာပါ၊ ကိုယ်ပေါင်းစိတ်ခွါနေပါတယ်'စသည်ဖြင့် မကောင်းသော အပေါင်းအသင်းကို မခွဲရက်နိုင်သူတို့က ဆင်ခြေလဲ တတ်ကြသည်။

သူပြောသည့်အတိုင်းဆိုလျှင် သူမိုက်ပါမှ ပြီးမည်ဟူသော ဤကိစ္စသည် ကောင်းသောကိစ္စမဟုတ်နိုင်။ အကယ်ကောင်းသော ကိစ္စဖြစ်သည်မှန်လျှင် သူမိုက်ပါသဖြင့်မပြီးနိုင်။ သူမိုက်ကိုပေါင်းသင်းမှ ရလာမည်ဆိုသောအကျိုး အမြတ်ကိုခံစားရခြင်းထက် အဆိပ်စားရခြင်းကပို၍ ကောင်းပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် သူမိုက်နှင့် ပေါင်းသင်း၍ ရလာသော အကျိုး အမြတ်သည် အဆိပ်ထက်ပို၍ ဆိုးမည်ဖြစ်သောကြောင့်ပေတည်း။

သူမိုက်နှင့် ပေါင်းသင်းခြင်းကြောင့် ကောင်းကျိုး ချမ်းသာ ဖြစ်လာလိမ့်မည်ဟူသော အထင်ထက် ပို၍မှားသောအထင်ဟူ၍ ဤလောကတွင် မရှိချေ။ ဆရာသမားမိဘများက ဒီလူနှင့်မပေါင်းနဲ့ ဒီလူနဲ့မဆက်ဆံနဲ့ဟု ဆုံးမပဲ့ပြင်သောအခါ အကောင်းမထင်၊ ငရဲပန်း ရွှေပန်း ထင်သကဲ့သို့ သူမိုက်ကိုအကောင်းထင်ကာ မခွဲနိုင် မခွါရက်သဖြင့် အသက်ထက်ဆုံး လူစတိုးရသော လူငယ်တွေများလှသည်။ သူမိုက်သွားလမ်း မီးလောင်ကျွမ်းဆိုသကဲ့သို့ သူမိုက်တို့လုပ်ဆောင်သော လုပ်ငန်းမှန်သမျှသည် သက်ဆိုင်သူ အားလုံးကိုမဆုံးနိုင်၊ မကုန်နိုင်သောဆင်းရဲခြင်းသို့ ရောက်ရှိစေတော့သည်။

သူမိုက်တို့၏အချစ်ကို ခံယူရခြင်းသည် ပညာရှိတို့၏ အမုန်းကိုခံရခြင်းထက် များစွာအန္တရာယ်ရှိသည်ဟု ရှေးပညာရှိများက မိန့်ဆိုခဲ့ကြသည်။ မှန်ပေသည်။ ပညာရှိတို့မည်သည် တဘက်သားကို မုန်းတီးသည်ပင်ဖြစ်စေ၊ မကောင်းမှု မပြုလိုသဖြင့် ထိုသူကိုဒုက္ခမပေးချေ။ သူမိုက်သည်ကား သူချစ်သောသူ သူနှင့်တူစေလို၍ မကောင်းမှုကို တိုက်တွန်းလေသည်။ ထိုသူမိုက်၏ တိုက်တွန်းမှုကြောင့် ပြုလုပ်လိုက်မိသော မကောင်းမှု၏ မကောင်းကျိုးများသည် လှည်းမောင်းသွားရာတွင် နွားခြေရာကို လှည်းဘီးကနင်း၍လိုက်သကဲ့သို့ တသက်လုံး တသံသရာလုံးလိုက်၍ မကောင်းကျိုးပေးလေတော့သည်။

'ငါ့ချစ်ယင် ဒီတခွက်တော့ သောက် ရ မယ် ကွာ' ဟူသော စကားကို ကြားဘူးကြပေလိမ့်မည်။

ဤစကားကို ကြည့်လျှင်ပင် သူမိုက်တို့၏ အချစ်သည် မည်မျှလောက် ကြောက်စရာကောင်းသည်ကို သိမြင်နိုင်ပေသည်။သူမိုက်တို့၏အချစ်ကို ခံယူရခြင်းသည် အလွန်ကြောက်မက်ဖွယ် ကောင်းလှ၏။ မ ကောင်း သည် ကို အကောင်းထင်၊ ကောင်းသည်ကို မကောင်းထင်၊ အမှားကိုအမှန်၊ အမှန်ကို အမှား အမြင်မှောက်မှားနေသော ထိုသူမိုက်သည် သူ၏အပေါင်းအသင်း အား အဘယ်နည်းဖြင့် ကောင်းကျိုးချမ်းသာကိုဖြစ်စေနိုင်ပါမည်နည်း။

ထို့ကြောင့် မြတ်စွာဘုရားက-

အကြင်သူသည် ငါးပုပ်ကို သမန်းမြက်ဖြင့်ထုပ်၏။ထိုသူ၏ သမန်းမြက်တို့သည်လည်း ငါးပုပ်နံ့သာလျှင် လှိုင်လှေတော့သည်။သူမိုက်နှင့် ပေါင်းခြင်းကို ဤကဲ့သို့မှတ်ရမည်။

ဟု ဟောတော်မူခဲ့သည်။

မြွေသည် ကြမ်းကြုတ်၏၊ သူယုတ်မာသည်လည်း ကြမ်းကြုတ်၏။ မြွေထက် သူယုတ်မာက ပို၍ကြမ်းကြုတ်၏။ မြွေကို ဆေးဝါးမန္တရား တို့ဖြင့် ငြိမ်းအေးစေနိုင်၏။ သူယုတ်မာကို အဘယ်မည်သော ဆေး ဝါးမန္တရားတို့ဖြင့် ငြိမ်းအေးစေနိုင်အံ့နည်း။

အကြင်သူသည် သူယုတ်မာအားချစ်၏။ သူတော်ကောင်းကိုမူ မချစ်။သူယုတ်မာ တို့၏ အမူအရာကိုနှစ်သက်၏။ ထိုသူ၏ ထိုအကျင့် သည် ပျက်စီးအံ့သည်၏ အကြောင်းရင်းတည်း။

(လောကနီတိ)

သူမိုက်သည် အလွန်ရန်များ၏။ ရေအိုးကို ခေါင်းဖြင့်ရွက်၍ သယ်ယူ သကဲ့သို့ သူ့အား နေ့စဉ်နှင့်အမျှ ကျေးမွေးသမှု ကျေးဇူးပြုနေသော် လည်း တနည်းမဟုတ်တနည်းဖြင့် အန္တရာယ်ပြုတော့သည်သာတည်း၊မှန်၏။ မိမိနှင့်ပေါင်းသင်းနေသူကို အန္တရာယ်မပြုသောသူမိုက်ဟူ၍ လောကတွင်မရှိ ချေ။သူမိုက်တယောက်အတွက် သူ မပြုလုပ်နိုင်လောက်အောင်ဆိုးရွားသော မကောင်းမှုဟူ၍လည်းမရှိချေ။ သူမိုက်သည် မည်မျှလောက် ဆိုးရွားသော မကောင်းမှုကိုဖြစ်စေ အလွယ်တကူပြုလုပ်နိုင်သည်သာတည်း။ ထို့ကြောင့်

သူမိုက်ကို ငါ့အပေါ်မှာတော့ ဤမျှလောက် မဆိုးတန်ရာဟူ၍ မည်သည့်အခါမှ မယုံစားရာ။

လောက၌ဖြစ်လာကြသော ဘေးအန္တရာယ် မှန်သမျှတို့သည် သူမိုက်တို့ကြောင့်သာလျှင် ဖြစ်လာရသည်။ ပညာရှိတို့ကြောင့် ဖြစ်လာရသော ဘေးအန္တရာယ်ဟူ၍မရှိချေ။ သူမိုက်နှင့် ပေါင်းသင်းမိခြင်းကြောင့် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးပင်ဖြစ်စေကာမူ နစ်မွန်းတတ်ချေသည်။ ချမ်းသာစီးပွားကိုအလိုရှိသောသူသည် သူမိုက်ကို ဝေးစွာရှောင်ရသည်။

> ဦးချိုရှိသော သတ္တဝါကို အတောင်ငါးဆယ်လောက်က ကြို၍ရှောင်ရသည်။ မြင်းဆိုးမြင်းရိုင်းကို အတောင်တရာလောက်ကကြို၍ရှောင်ရသည်။ ဆင်ဆိုးဆင်ရိုင်းကို အတောင်တထောင်လောက်က ကြို၍ရှောင်ရသည်။ သူမိုက်ကိုမူကား ဒေသပါစွန့်၍ ရှောင်ရသည်ဟူ၍ သူမိုက်နှင့်မည်မျှဝေးအောင် ရှောင်ရမည်ကို လောကနီတိဆရာက အတိုင်းအတာပေးထားလေသည်။သူမိုက်ကို ထိုမျှလောက်ပင် ဝေးအောင်ရှောင်သင့်သည်။

အိမ်တအိမ်တွင် သူမိုက်တယောက်ရှိလျှင် တအိမ်လုံးဆင်းရဲသည်။ ရွာတရွာတွင် သူမိုက်တယောက်ရှိလျှင် တရွာလုံး ဆင်းရဲသည်။ မြို့တမြို့တွင် သူမိုက်တယောက်ရှိလျှင် တမြို့လုံးဆင်းရဲသည်။ မီးသည် နီးသောအရာကို ပို၍ပူပန်စေသည်။ ဝေးသောအရာကို ဝေးသလောက် အပူရှိန် လျော့၍လျော့၍ သွားစေသည်။ သူမိုက်သည် နီးသည်ဖြစ်စေ၊ ဝေးသည်ဖြစ်စေ အညီအမျှ ပူလောင်စေသည် သာတည်း။

သူမိုက်မည်သည် သူတထူး၏ ကျေးဇူးတရားကို ဘယ်သောအခါမှ မသိချေ။ လောက ပတ်ဝန်းကျင်ကိုလည်း ဘယ်သောအခါမှ အကောင်း မမြင်ချေ။ သူ့၌ တွေ့ကြုံရသော အခက်အခဲ ဆင်းရဲမှန်သမျှသည် အားလုံး သူတပါးကြောင့်သာ ဖြစ်ရသည်။ ဘယ်သူမှ သူ့အပေါ် မကောင်းကြ။ လောကကြီးသည် မတရား၊ ဂုဏ်မျက်နှာလိုက်သည်၊ ငွေမျက်နှာလိုက်သည် ဟူသော မသင့်လျော်သော နှလုံးသွင်းမှုဖြင့်သာ နေလေ့ရှိသည်။ဆရာသမား မိဘတို့၏ အဆုံးအမကိုလည်း မနာယူတတ်၊ မနာယူရုံမျှပင်မက ဆုံးမသူကိုပင်လျှင် အကောင်းမထင်ချေ။

သူမိုက်ဟူရာတွင် လူသူမိုက်သာမက မတော်တရော် ရုပ်ပုံကြီးတွေနှင့် ပြက္ခဒိန်သူမိုက်၊ မဟုတ်တရုတ် ရေးထားသော စာအုပ်သူမိုက်၊ ဓာတ်ပုံသူမိုက်၊ ရုပ်ရှင် ပြဇာတ် သူမိုက်ဟူ၍လည်း သူမိုက်အမျိုးမျိုးရှိလေသည်။ ယင်းသူမိုက်များ၏ ဖျက်ဆီးမှုကြောင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုပျက်စီးနေသူများ၊ ကိုယ်ကျင့်တရားပျက်စီးနေသူများ၊ အတော် များပြားလျက်ပင် ရှိနေပေသည်။ ထို့ကြောင့် ချမ်းသာကြီးပွားခြင်းကို အလိုရှိသော သူသည် ဤ သက်မဲ့သူမိုက်များကိုလည်း ရှောင်ကြဉ်ရန် လိုအပ်ပေသည်။

## သူမိုက်ဆိုသည်မှာ

၁။ မကောင်းသော အကြံကို ကြံစည်လေ့ရှိ၏။

၂။ မကောင်းသော စကားကို ပြောလေ့ရှိ၏။

၃။ မကောင်းသော အလုပ်ကို လုပ်လေ့ရှိ၏။

ဟူ၍ သူမိုက်လက္ခဏာများကို မြတ်စွာဘုရားက ဟောကြားထားပေသည်။

မကောင်းသော အကြံဆိုသည်မှာ မိမိ သူတပါး နှစ်ပါးစလုံး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲတို့ကို ဖြစ်စေမည့် စိတ်ကူး (ဝါ)အတွေးအခေါ် အမြော်အမြင် ဆင်ခြင်သုံးသပ်ပုံတို့ကို ဆိုလိုသည်။

မကောင်းသော စကားဆိုသည်မှာ ပြောရသူလည်း မကောင်း၊ ကြားရသူလည်း မကောင်း၊ မိမိ သူတပါး နှစ်ပါးစလုံး ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခြင်းကို ဖြစ်စေမည့် စကားများကို ဆိုလိုသည်။

မကောင်းသော အလုပ်ဆိုသည်မှာ မိမိလည်းဆင်းရဲ၊ သူတပါးလည်း ဆင်းရဲ မိမိ သူတပါး နှစ်ပါးစလုံး ဆင်းရဲစေသော အလုပ်မျိုးကို ဆိုလိုသည်။

နီတိကျမ်းဆရာ သတ်မှတ်ထားသော သူမိုက်များမှာ-

၁။ ခွန်အားမရှိပဲ အထိုးအသတ် ဝါသနာပါသူ၊

၂။ ဥစ္စာမရှိပဲ အစားကောင်း အဝတ်ကောင်းကြိုက်သူ၊

၃။ အတတ်ပညာမရှိပဲ စကားပြော ဝါသနာပါသူ၊

၄။ စာပေ မကျွမ်းကျင်ပဲ ကဗျာလင်္ကာ ရေးသားလိုသူ၊

၅။ သူမခေါ်ပဲ သူ့အိမ်သို့ သွားဖန်များသောသူ၊

၆။ သူမမေးပဲနှင့် များစွာ ပြောဆိုတတ်သောသူ၊
၇။ မိမိုဂုဏ်ကျေးဇူးကို ပလွှားတတ်သောသူ၊
၈။ အသက်ကြီးခါမှ မယားငယ်ယူသူ၊
၉။ မစူးမစမ်းပဲ အရင်စလို အရေးတကြီး ပြောလေ့ လုပ်လေ့ရှိသူ၊
၁၀။ မိမိကိုယ်ကို ပညာရှိဟု ထင်သူ
တို့ပင် ဖြစ်သည်။

ထို့ပြင် ကာလီဒါသာ ဆရာပြောသော သူမိုက်ကိုလည်း ဤနေရာ၌ဖော်ပြလိုပေသေးသည်။

ဘောဇမင်း၏ မင်္ဂလာ ဥယျာဉ်တော်အတွင်း တနေ့သော်ညနေတွင် ဘောဇမင်း၏ မောင်းမဖြစ်သော အပျိုတော် နှစ်ဦးတို့သည် ချင်းတို့ဘာဝ တခုသော အကြောင်းအရာကို ပြောကြားနေကြစဉ် ဥယျာဉ်တော်သို့ ဘောဇမင်းကြီး ရောက်သွားလေသည်။ ဥယျာဉ်တော် အတွင်းတွင် တခုသော ပန်းရုံအနီး ထိုလုံမပျိုနှစ်ဦး စကားပြောနေကြသည်ကို ဘောဇမင်းကြီးတွေ့မြင်လေသည်။ သူတို့နှစ်ဦး ဘာတွေ ပြောနေသည်ကို မင်းကြီးသည် သိလိုသဖြင့် လုံမပျိုနှစ်ဦး စကားပြောရာအနီးသို့ သွားလေသည်။ မနီးမဝေးသို့ ရောက်သောအခါ လုံမပျိုတဦးက လူမိုက်လာပြီဟု ပြောလေတော့သည်။ မင်းကြီးသည် ထိုစကားကို ကြားသောအခါ အပျိုတော်တို့အနီး ဆက်၍မသွားတော့ပဲ ပြန်လည် ထွက်ခွါခဲ့လေသည်။ သို့သော် အပျိုတော်လေးပြောလိုက်သော လူမိုက်လာပြီဟူသော စကားသည် မင်းကြီး၏နားထဲမှ မထွက်တော့ချေ။ ဤလုံမငယ်သည် ငါသို့သော မင်းလာသည်ကို လူမိုက်လာပြီဟူ၍ အကြောင်းမဲ့ မပြောတန်ရာ။ စင်စစ်အားဖြင့် ငါ့ကို လူမိုက်ဟု ခေါ်ဆိုနိုင်လောက်သော အကြောင်းအချက် သူ့တွင်ရှိနေပေလိမ့်မည်။ သူ့အား ငါမေး၍ မသင့်လျော်ချေ။ နက်ဖြန် ညီလာခံတွင် ပညာရှိ ပေါင်းစုံကြသောအခါမှ နည်းပရိယာယ်ဖြင့် ငါမေးအံ့ဟု ကြံရွယ်လျက် ရွှေနန်းတော်သို့ ပြန်ခဲ့လေသည်။

မင်းကြီးသည် နောက်တနေ့ နံနက် ညီလာခံသဘင်တွင် ဘယ်သူမှ မရောက်မီ ကြိုတင်၍ ရောက်နေခဲ့လေသည်။ ညီလာခံခန်းမဆောင်သို့ မှူးမတ်များဝင်လာတိုင်း ဝင်လာတိုင်းလူမိုက်လာပြီဟု ဆီး၍ပြောလေတော့သည်။ ဝင်လာသော မှူးမတ်များမှာ အံ့အားသင့်လျက် ယောင်ယောင်အအ ရှက်စနိုးဖြင့် မိမိနေရာသို့ ထိုင်ကြလေသည်။ ကာလီဒါသ အမတ်ကြီး ဝင်လာ

သောအခါမှာလည်း လူမိုက်ကြီးလာပြီဟု ဆီးကြို ပြောဆိုလေတော့သည်။ ကာလီဒါသ အမတ်ကြီးသည် ဘောဇမင်းကြီးက လူမိုက်လာပြီဟု ပြော သောစကားကို ကြားလျှင် မထိုင်သေးပဲ မတ်တတ်ရပ်လျက် မြတ်သော မင်းကြီး ကျွန်တော်မျိုးအား အဘယ့်ကြောင့်လူမိုက်ဟုခေါ်ဆိုပါသနည်း၊ ကျွန်တော်မျိုးသည် လူနှစ်ယောက် တိုးတိုးတိုင်ပင်ရာ၌ သုံးယောက်ဖြစ် အောင် အလိုက်ကန်းဆိုးမသိ၊ မသွားခဲ့ဘူးချေတကား ဟူ၍ လျှောက်ထား လိုက်ရာ ဘောဇမင်းကြီးသည်ငါသည်လူနှစ်ယောက်တိုင်ပင်ရာ၌ သုံးယောက် ဖြစ်အောင် သွားခဲ့ခြင်းကြောင့် ငါ့အား လုံမငယ်က လူမိုက်လာပြီဟု ပြောဆိုခြင်း ဖြစ်သည်တကားဟု သဘောပေါက်လေသည်။

ထို့ကြောင့် သူတပါး တီးတိုးတိုင်ပင်သည်ကို အလိုက်မသိ ဝင်ရောက် နားထောင်ခြင်း၊မဆိုင်ရာ၌ ဝင်ရောက် စွက်ဖက်ခြင်းများမပြုမိအောင် သတိ ပြုသင့်ပေသည်။

## ကိုယ့်ကိုယ်ကိုသိ ပညာရှိ

အကြင်သူမိုက်သည် မိမိမိုက်သည့် အပြစ်ကို သိ၏။ ထိုသို့သိခြင်း ကြောင့် ပညာရှိသူ ဖြစ်ကောင်းစရာရှိသေး၏။ အကြင် သူမိုက်မှာ မူကား မိုက်လျက်သာလျှင် မိမိကိုယ်ကို ငါပညာရှိဟု ထင်၏။ ထိုသူသည်သာလျှင် စင်စစ် သူမိုက်ဖြစ်လေသည်။

(ဓမ္မပဒ)

အမှားကို မှားမှန်းသိလျှင် မှန်ရာသော အကြောင်း ရှိသေးသည်။ အမှားကို အမှန်ထင်နေလျှင်မူကား မှန်ရာသော အကြောင်း မရှိပြီ။ ငါ သူမိုက်ဖြစ်နေပေသည်ဟူသော အသိသည် အလွန်အဖိုးတန်လှသည်။ လိမ္မာ ရာသော အကြောင်းများစွာ ရှိပေသည်။ ငါပညာရှိဖြစ်သည်၊ လူလိမ္မာ လူပါးဖြစ်သည်။ လူတော်လူကောင်းဖြစ်သည် ဟူသော အထင်ရောက်နေ သော သူမိုက်သည်ကား အဘယ်သော အခါမှ လူလိမ္မာ ပညာရှိအဖြစ်သို့ မရောက်ပြီ။ မိုက်တွင်းနက်၍ နက်၍ သွားတော့မည်သာတည်း။

သူမိုက်ကို မပေါင်းသင်းကာမျှဖြင့်လည်း ဤမင်္ဂလာတရားနှင့် ပြည့်စုံပြီ ဟူ၍ မမှတ်ရ။ မိမိစိတ်သန္တာန်၌ရှိသော မကောင်းသော အလေ့အကျင့်၊ မကောင်းသော ဝါသနာ၊ မကောင်းသော အယူအဆ၊ မကောင်းသော အကြံအစည်တို့ကိုပါ ဖယ်ရှားနိုင်အောင် ကြိုးစားရမည်။ သူမိုက်ဟူသော

အပြင်ရန်ကို ဝေးစွာရှောင်ရန်လိုအပ်သကဲ့သို့ အထက်ဖော်ပြပါ မကောင်းသော စိတ်ဟူသော အတွင်းရန်ကိုလည်း ဖယ်ရှားသုတ်သင်ရန် လိုအပ်သည်ကို အထူးသတိပြု၍ ဤ အသေဝန မင်္ဂလာနှင့် ပြည့်စုံအောင်ကြိုးစားကြကုန်ရာသည်။

## ၂။ သေဝန မင်္ဂလာ

ပညာရှိတို့နှင့် ပေါင်းသင်းရခြင်းသည် မင်္ဂလာမည်၏။

ဒုစရိုက်အပေါင်း၊ ကင်းလွတ်ရှောင်း၍၊ ကျိုးကြောင်းမြင်သိ၊ ပညာရှိတို့နှင့်၊ ဆရာအမှတ်၊ မိတ်အမှတ်ဖြင့် ဆည်းကပ်ပေါင်းဖော်ရခြင်း ဟူ၍ ဤမင်္ဂလာကို လယ်တီဆရာတော်ဘုရားကြီးက ဖွင့်ဆိုတော်မူခဲ့သည်။

ခုရောနောင်ပါ ချမ်းသာ စီးပွားဖြစ်နိုင်ရန်၊ ခုရောနောင်ပါ ဘေးအန္တရာယ် ကင်းရှင်းရန် ပညာရှိဖြစ်သော မိတ်ကောင်း ဆွေကောင်းလိုသည်။ ချမ်းသာစီးပွားဖြစ်စေသော နည်းလမ်းကို ပညာရှိထံမှသာလျှင် ရရှိနိုင်သည်။ ထိုနည်းအတူ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းစေသော နည်းလမ်းကိုလည်း ပညာရှိထံမှသာလျှင် ရရှိနိုင်သည်။

> ပညာရှိ သူတော်ကောင်းတို့နှင့်သာ ပေါင်းဖော်မှီဝဲရာ၏။ ပညာရှိသူတော်ကောင်းတို့နှင့် ပေါင်းဖော်မှီဝဲခြင်းကို အားထုတ်ရာ၏။ ပညာရှိသူတော်ကောင်းတို့နှင့် ပေါင်းဖော်မှီဝဲခြင်းကြောင့် အလုံးစုံသောဆင်းရဲခြင်းမှ လွတ်၏။
>
> အကြင်သူသည် ရနံ့မွှေးကြိုင်သော တောင်ဇလပ်ပန်းကို အနံ့မဲ့ကင်းသော ပေါက်ဖက်တို့ဖြင့်ထုပ်၏။ ထိုသူ၏ ထိုပေါက်ဖက်တို့သည်လည်း တောင်ဇလပ်ပန်း ရနံ့ဖြင့် သင်းပျံ့ ကြလေတော့သည်။ ပညာရှိတို့နှင့်ပေါင်းဖော်ခြင်းကို ဤနည်းအတူ မှတ်ရမည်။

ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့လေသည်။

အဝတ်အထည်တခု ဖြူစင်စေရန် အဝတ်လျှော်သူအတွက် ရေသန့် ရေကောင်းနှင့် ဆပ်ပြာကောင်းရှိဖို့လိုသည်။ မည်မျှပင် ကြိုးစားဖွပ်လျှော်သော်လည်း ဆပ်ပြာမကောင်း ရေမကောင်းလျှင် ဖြူစင်တော့မည် မဟုတ်

ချေ။ ထိုကြောင့် ရှေးသူဟောင်းတို့က ဆပ်ပြာကောင်းလို့ ခေါင်းပေါင်းဖြူရသည်ဟု ပြောကြခြင်းဖြစ်သည်။

အလှပြင်လိုသူအတွက် အဝတ်ကောင်း တန်ဆာ ကောင်း ရှိဖို့ လိုသည်။ အဝတ်ညံ့ အဝတ်ဟောင်း တန်ဆာညံ့ တန်ဆာဟောင်းများဖြင့် ဆိုလျှင် ဘယ်လိုပင်ဆင်သော်လည်း ယဉ်တော့မည်မဟုတ်ချေ။ ဟောင်းနွမ်းညစ်ပေသောအဝတ် တန်ဆာတို့သည် ပင်ကိုယ်အလှကိုပင်ပျက်စီးသွားစေနိုင်သည်။ လူမှာအဝတ် တောင်းမှာအကွပ်ဆိုသကဲ့သို့ လိုက်ဖက်သောအဝတ်နှင့် ဆင်မှလည်း ယဉ်လိမ့်မည်။

ဘာအလုပ်ပဲလုပ်လုပ် ဆိုင်ရာ ဆိုင်ရာ အသုံးပြုရမည့် တန်ဆာ ပလာများ မကောင်းလျှင် ကောင်းမည်မဟုတ်ချေ။ အလုပ်တခုလုပ်ရာတွင် အသုံးပြုသော ကိရိယာ တန်ဆာပလာကောင်း လိုသကဲ့သို့ ကြီး ပွား တိုးတက် ရန် ဆောင်ရွက်ရမည့် လုပ်ငန်းတို့တွင် အပေါင်းအသင်းကောင်း လိုပေသည်။ အပေါင်းအသင်းကောင်း ဆိုသည်မှာ ပညာရှိကိုဆိုလိုသည်။ ပညာရှိနှင့် ပေါင်းမှ ပညာရှိဖြစ်မည်။ ပညာရှိထံကသာလျှင် ပညာရနိုင်သည်။

အဝတ်အထည် ပုံစံကောင်းကောင်း ဝတ်လိုသောသူသည် အဝတ်အထည် ပုံစံကောင်းကောင်း ချုပ်တတ်သော အပ်ချုပ်ဆရာကို ချဉ်းကပ်ရပေမည်။အဆောက်အအုံ ကောင်းကောင်းဆောက်လုပ်ရန် အလိုရှိသူသည် အဆောက်အအုံ ကောင်းကောင်း ဆောက်လုပ်ပေးနိုင်သော ပိသုကာသို့ ချဉ်းကပ်ရပေမည်။ မော်တော်ကားကို အကောင်းဆုံး ပြင်ဆင်လိုလျှင် အကောင်းဆုံးစက်ဆရာသို့ ချဉ်းကပ်ရပေမည်။ ထိုစကားသည်မှန်၏။ ရေအလိုရှိသောသူသည် ရေရှိရာသို့ သွားရသည်မဟုတ်ပါလော။ ထင်းအလိုရှိသောသူသည် ထင်းရှိရာသို့ သွားရသည်မဟုတ်ပါလော။ ထိုနည်းအတူ ခုနောင်လောကနှစ်ဝစလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို အလိုရှိသောသူသည် ပညာရှိထံသို့ ချဉ်းကပ်ရမည်သာ ဖြစ်ပေသည်။

ခုနောင် လောက နှစ်ဝစလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို အလိုရှိပါလျက် ပညာရှိကိုမချဉ်းကပ်ပဲ ပညာမဲ့ကိုချဉ်းကပ်ခြင်းသည် နို့ကိုအလိုရှိ၍ နွားမ၏နို့အုံမှ နို့မညှစ်ပဲ ဦးချိုကို နို့ညှစ်သကဲ့သို့လည်းကောင်း၊ မီးကိုအလိုရှိ၍ အငျှိုရဲရဲမီးခဲတွေရှိပါလျက် ပိုးစုန်းကြူးကို မြက်မှိုက်တို့ဖြင့်ဖုံးလွှမ်း၍ ကြိုးပမ်းသကဲ့သို့လည်းကောင်း ကောင်းကျိုးချမ်းသာအလိုရှိ၍ ကောင်းကျိုးချမ်းသာ ပေးနိုင်သော ပညာရှိ ရှိပါလျက် ပညာရှိကိုမချဉ်းကပ်ပဲ

ပညာမဲ့ကိုချဉ်းကပ်၍ ကောင်းကျိုး ရှာခြင်းသည် အကျိုးမဲ့ ဆုံးရှုံးပျက်စီးခြင်း၏ အကြောင်းပင် ဖြစ်ချေသည်။

ပညာရှိသည် အလင်းရောင်နှင့်တူသည်။ အလင်းရောင်မရှိသော အမိုက်မှောင်အတွင်း၌ လုပ်ဆောင်လေသမျှသော လုပ်ငန်းရပ်တို့သည် ရည်မှန်းချက်သို့ ရောက်ရန် အလှန်ဝေး၏။ လုပ်သမျှတို့သည် ခုတ်ရာတခြား၊ ပြတ်ရာတခြား ဆိုသကဲ့သို့ ရည်မှန်းထားသော ချမ်းသာသုခတို့နှင့် ဘယ်နည်းနှင့်မျှ မပြည့်စုံနိုင်ချေ။ ထိုနည်းအတူ ပညာရှိဦးဆောင်မှုမပါပဲ ကျိုးကြောင်းမြော်မြင်၊ဆင်ခြင်မရှိ လုပ်မိလုပ်ရာ လုပ်သမျှတို့မှာလည်း ချမ်းသာဖို့အရေးနှင့် ဝေးလှချေသည်။အလင်းရောင်မရှိသော မှောင်အတွင်း၌ တစုံတခုသောလုပ်ငန်းသည် ပြီးစီးခြင်းသို့ ရောက်ရန် အကြောင်းရှိသေးသည်။ပညာရှိမပါပဲ ချမ်းသာဖြစ်ရန်အကြောင်းကား အလျဉ်းမရှိသည်သာတည်း။

သူမိုက်နှင့် ပေါင်းသင်းဆက်ဆံခြင်းကြောင့် ဖြစ်ပေါ်လာမည့် မကောင်းကျိုးများကို ရေတွက်၍ မကုန်နိုင်သကဲ့သို့ ပညာရှိနှင့် ပေါင်းသင်းခြင်းကြောင့် ဖြစ်ပေါ်လာမည့် ကောင်းကျိုး ချမ်းသာ တို့ကိုလည်း ရေတွက်၍ မကုန်နိုင်ချေ။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အရှင်အာနန္ဒာမထေရ်က မြတ်စွာဘုရားအား အရှင်ဘုရား ဤလောက၌ ကောင်းသော အဆွေခင်ပွန်းနှင့် ပေါင်းသင်းရခြင်းသည် အကျိုး စီးပွား အားလုံးတဝက်ပြီးစီးပါသည်ဘုရား ဟု လျှောက်ထားလေရာ မြတ်စွာဘုရားက ချစ်သား အာနန္ဒာ၊ ဤသို့မဆိုလင့် ဟူ၍ သုံးကြိမ်တိုင်တိုင် တားမြစ်တော်မူပြီးမှ ချစ်သားအာနန္ဒာ၊ ကောင်းသောအဆွေခင်ပွန်းနှင့် ပေါင်းသင်းရခြင်းသည် အကျိုးစီးပွားအားလုံး ပြီးစီးသည်ဟု ဟောကြားတော်မူခဲ့လေသည်။

ပညာရှိနှင့် ပေါင်းဖေါ်ရခြင်းသည် အလွန် ချမ်းသာလှသည်။ ပညာရှိသူတော်ကောင်းနှင့် တခဏမျှ တွေ့ရခြင်းသည်ပင်လျှင် အလွန်ကျေးဇူးများလှ၏။ အမြဲတစေ မှီဝဲဆည်းကပ်နေရပါမူ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။

## ပညာရှိဆိုသည်မှာ

၁။ ကောင်းသောအကြံကို ကြံစည်လေ့ရှိ၏။
၂။ ကောင်းသောစကားကို ပြောလေ့ရှိ၏။
၃။ ကောင်းသောအလုပ်ကို လုပ်လေ့ရှိ၏။

ဤအပြုအမူသည် ပညာရှိဟူ၍ သိနိုင်ကောင်းသော အမှတ်အသားပင်တည်း ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည်။

ကောင်းသောအကြံဆိုသည်မှာ မိမိ သူတပါး နှစ်ပါးစလုံး စိတ်ရောကိုယ်ပါ ချမ်းသာစေမည့် စိတ်ကူး(ဝါ) အတွေးအခေါ်၊ အမြော်အမြင်၊ ဆင်ခြင်သုံးသပ်ပုံ၊ ပြဿနာတခုကို ကြောင်းကျိုးဆက်စပ်၍ အကောင်းအဆိုး ဆုံးဖြတ်ပေးနိုင်သော အကြံဉာဏ်တို့ကို ဆိုလိုသည်။

ကောင်းသော စကားဆိုသည်မှာ ပြောရသူလည်းချမ်းသာ၊ ကြားရသူလည်းချမ်းသာ၊မိမိ သူတပါး နှစ်ပါးစလုံးချမ်းသာသော စကားကို ဆိုလိုသည်။

ကောင်းသောအလုပ်ဆိုသည်မှာ ထိုအလုပ်ကြောင့် မိမိလည်းမဆင်းရဲ၊ သူတပါးလည်း မဆင်းရဲ၊ မိမိလည်းချမ်းသာ၊ သူတပါးလည်းချမ်းသာသောအလုပ်များကို ဆိုလိုသည်။

ကိုယ်နှုတ်နှလုံး သုံးပါးလုံးတွင် မကောင်းမှုမပါသောသူသည် ပညာရှိပင်ဖြစ်သည်။

လောကနီတိဆရာသတ်မှတ်ထားသော ပညာရှိများမှာ–

(၁) ဥစ္စာ ပျက်စီးခြင်း၊ စိတ်နှလုံး ပူပန်ခြင်း၊ အတူနေ မိသားစုတို့ မကောင်းမှုပြုကြခြင်း၊သူတပါးက လှည့်ပတ်သွားခြင်း၊သူတပါးက မထီမဲ့မြင်ပြုခြင်းတို့ကို ထင်ရှားအောင် မပြုသောသူ။

(၂) အခွင့်အရေးနှင့်လျော်သော စကားကိုလည်းကောင်း၊ မိမိနှင့်တန်သောအမျက်ကို လည်းကောင်း၊ မိမိနှင့်တန်သောအချစ်ကိုလည်းကောင်း ခွဲခြားသိသောသူ။

(၃) သူမမေးလျှင်မပြောပဲ၊ သူမေးလျှင် မိုးကြိုးသဖွယ် ပြည့်ပြည့်စုံစုံ ပြောကြားတတ်သောသူ။

(၄) နာယကဂုဏ် ခြောက်ပါးနှင့်ပြည့်စုံသူ

တို့ဖြစ်သည်။

ဆက်လက်၍ ပညာရှိသူတော်ကောင်းတို့၏ လေးစားဖွယ်၊ မြတ်နိုးဖွယ်ကောင်းသောအချက်တို့ကိုလည်း လောကနီတိဆရာသည် အောက်ပါအတိုင်း ဖေါ်ပြထားပေးသေးသည်။

ကြံသည် ယန္တယားစက်ဖြင့်ကြိတ်အပ်သော်လည်း ချိုသောအရသာကို မစွန့်ချေ။

ဆင်ပြောင်ကြီးသည် စစ်မြေပြင်သို့ရောက်သော်လည်း တင့်တယ်ခြင်းကို မစွန့်ချေ။ စန္ဒကူးနံ့သာတို့သည် ခြောက်သွေ့သော်လည်း မွှေးကြိုင်သောရနံ့ကိုမစွန့်ချေ။ ပညာရှိသူတော်ကောင်းသည် ဆင်းရဲခြင်းသို့ရောက်သော်လည်း ကိုယ်ကျင့်တရားကိုမစွန့်ချေ။

ပညာရှိတို့၏ သဘောကား မရောက်သေးသော ဘေးကို အဝေးမှ ရှောင်ကြဉ်လေ့ရှိ၏။ ရောက်ဆဲဖြစ်သော ဘေးကိုမူ ကြောက်ရွံ့တတ်သော သဘော မရှိ။

ပညာရှိကို ပေါင်းဖော်ရခြင်းသည် ကြံကို အဖျားမှ စုပ်သကဲ့သို့ တဖြည်းဖြည်း ပို၍ ပို၍ ချိုလာသည်။

သူတော်ကောင်းတို့ လက်၌ ရှိသော ဥစ္စာသည် အနည်းငယ်သော်မူလည်း တွင်း၌ရှိသောရေကဲ့သို့ သူတပါးတို့ မှီခိုရာရသည်။ သူတော်ကောင်းမဟုတ်သော သူတို့၏ ဥစ္စာသည် များသော်လည်း သမုဒ္ဒရာရေကဲ့သို့ အများတကာ သောက် ချိုးရာမရ။

မြစ်တို့သည် ရေကို မသောက်ကုန်။ သစ်ပင် တို့သည် အသီးကို မစားကုန်။ ထို့အတူ သူတော်ကောင်းတို့၏ ဥစ္စာသည် သူတပါး အကျိုးငှာသာလျှင် ဖြစ်၏။

ဤမျှလောက်ဆိုလျှင် ပညာရှိဟူသော စကား၏အကြောင်းကို သဘောပေါက်နိုင်ပေပြီ။

## အထင်မကြီးနှင့်

သူမိုက်မှန်သမျှ မိမိကိုယ်ကို ပညာရှိဟု ထင်ကြသည်။ လူအ မှန်သမျှ မိမိကိုယ်ကို လူပါး လူနပ်ဟု ထင်ကြသည်။ ဘာမှ မသိသူတိုင်း မိမိကိုယ်ကို သိသူဟု ထင်ကြသည်။ ကြပ်ကြပ်မိုက်လေလေ မိမိကိုယ်ကို လိမ္မာသည်ဟု ထင်လေလေ၊ ကြပ်ကြပ် အ လေလေ မိမိကိုယ်ကို လူပါးလူနပ်ဟု ထင်လေလေ ဖြစ်တတ်သော သဘာဝရှိသည်။ သူမိုက်သည် မိမိအပြစ်ကို မသိ။ သိလည်း မသိချင်၊ သိအောင်လည်း မကြိုးစား၊ သူများပြောတော့လည်း

မကြိုက်။ ပညာရှိသည် မိမိအပြစ်ကို သိသည်။ သိလည်းသိချင်သည်။ သိအောင်လည်း ကြိုးစားသည်၊ သူတပါးပြောတော့လည်း သဘောနှစ်ခြိုက်သည်။

သူမိုက်သည် သူတပါးကို အပြစ်ရှာသည်။ မိမိကိုသော်မူ မရှာ။ သူတပါးကို သော်မူ စီစစ်သည်။ မိမိကိုသော်မူ မစီစစ်။ ပညာရှိသည် မိမိ၏အပြစ်ကို ရှာသည်။ သူတပါးအပြစ်ကိုသော်မူ မရှာ။ မိမိကိုယ်ကိုစိစစ်သည်။ သူတပါးကို နောက်မှ စီစစ်သည်။

ပညာရှိသည် မိမိကျေးဇူးကိုလည်း မြင်သည်။ သူတပါးကျေးဇူးကိုလည်း မြင်သည်၊ မိမိအပြစ်ကိုလည်း မြင်သည်။ သူတပါး၏အပြစ်ကိုလည်း မြင်သည်။ ထို့ကြောင့် ရှေးပညာရှိတို့က–

> မမြင်သော သူသည် မြင်သော သူကိုလည်းမမြင်၊ မမြင်သောသူကိုလည်း မမြင်။
>
> မြင်သောသူသည် မြင်သောသူကိုလည်း မြင်သည်၊ မမြင်သောသူကိုလည်း မြင်သည်။

ဟု ဆိုရိုးစကား ထားခဲ့ကြလေသည်။

ထို့ကြောင့် မိမိကိုယ်ကို အထင်ကြီးလျှင် သူမိုက် စာရင်းတွင် ပါမည်ဖြစ်၍ သူမိုက် စာရင်းက လွတ်ကင်းအောင် အထင်မကြီးရန် သတိပေးလိုပေသည်။ ဤမင်္ဂလာတရား၌ ပညာရှိကို ပေါင်းသင်းရမည်ဆို၍ ပညာရှိနှင့် ပေါင်းသင်းကာမျှဖြင့် ပြည့်စုံပြီဟု မမှတ်ရ။ မိမိကိုယ်တိုင် ပညာရှိဖြစ်အောင် ကြိုးစားမှ ဤမင်္ဂလာတရား ပြည့်စုံပြီဟု မှတ်ရမည်။

## ၃။ ပူဇဝန္တ မင်္ဂလာ

ပူဇော်ထိုက်သော သူကို ပူဇော်ရခြင်းသည် မင်္ဂလာမည်၏။

> ဂုဏဝုဒ္ဓိ၊ ဝယဝုဒ္ဓိ၊ ကျေးဇူးရှိနှင့် မိဘဆရာ၊ ရတနာသုံးပါး၊ တရားကျင့်သူ၊ စင်ဖြူစရိုက်၊ ပူဇော်ထိုက်သော သူတို့အား၊ ရိုသေသမှု၊ အပြုအမူ၊ ပျူငှာဆေးလေး၊ ကျွေးမွေးပေးကမ်း၊ လှူဒါန်းပူဇော်ရခြင်း။

ဟူ၍ လယ်တီ ဆရာတော် ဘုရားကြီးက ဤမင်္ဂလာကို ဖွင့်ဆိုတော်မူခဲ့သည်။

## ပူဇော်ထိုက်သောသူ

ဤပူဇဝတ္တ မင်္ဂလာအရ ပူဇော်သည်ဆိုရာ၌ တွေ့ကရာလျှောက်၍ မစူးမစမ်း၊ မဆင်မခြင်၊ နည်းမမှန် လမ်းမကျ ပူဇော်ခြင်းမျိုး မဖြစ်အောင် ပူဇော်ထိုက်သောသူကို ဟူသော စကားရပ်ဖြင့် ဤမင်္ဂလာကိုကန့်သတ်ထားလေသည်။ သို့ဖြစ်၍ ပူဇော်ခြင်းမပြုမီ ပူဇော်ထိုက်သော ပုဂ္ဂိုလ်ကို ရွေးချယ်ရန် လိုအပ်လာချေပြီ။

ပူဇော်ထိုက်သော ပုဂ္ဂိုလ်ဆိုသည်မှာ ဘုရား တရား သံဃာ၊ ဆရာသမား၊ အမိ အဖ ဟူသော အနန္တငါးပါးနှင့် မိမိထက် ကိုယ်ကျင့်တရား ပြည့်ဝသူ၊ စိတ်ထားတည်ကြည် ဖြောင့်မတ်သူ၊ ပညာအမြော်အမြင်ရှိသူများ ဟူသော ဂုဏ်အားဖြင့် ကြီးသူ၊ အသက်အရွယ်အားဖြင့် ကြီးရင့်သော သူတို့သည် ပူဇော်ထိုက်သူများ ဖြစ်ပေသည်။

ထို့အပြင် မျက်မှောက်ဘဝ၌ ရာထူးရာခံ တိုးတက်ရေး၊ စည်းစိမ်ချမ်းသာ ရရှိရေး၊ ဘေးရန် ကင်းငြိမ်းရေးတို့အတွက် ပေးစွမ်းနိုင်သော တန်ခိုးအာဏာရှိသူများကိုလည်း ပူဇော်ရပါ၏။ အထူးသတိပြုရန်မှာ ၎င်းတို့ကို ပူဇော်ရာ၌ အာမိသာ ပူဇာ သက်သက်ဖြင့်သာ ပူဇော်ရန် ဖြစ်ပေသည်။

တန်ခိုးအာဏာ ရှိသူကို မထီမဲ့မြင် မပြုရ။ 'သူက ရာထူးကြီးတော့ကော ငါက ဘာပြုရမှာလဲ' ဟူသော စိတ်ထားမျိုး မမွေးရ။ မိမိထက် ရာတူးဂုဏ်သိန် စည်းစိမ်ရှိသူတို့ကို ထိုက်တန်သလို အခါအားလျော်စွာ ပူဇော်ခြင်းပြုကြရမည်။ အကြောင်းမဲ့ လူမုန်းအောင် တထောင်လွှားလွှား မလုပ်ရ။ ဆင်မကြောက် ဖိနပ် ဖြစ်မည် ဟူသော ရှေးသူဟောင်းတို့၏ စကားကို လေးစားရာသည်။

အကြီး အငယ် အရွယ် အလတ် မရွေး သင့်လျော်သလို ပူဇော်ရခြင်းသည် အလှန် အဖိုးတန်သော မြန်မာ့ယဉ်ကျေးမှု ဖြစ်ပေသည်။

ပူဇော်သည် ဆိုရာတွင်–

၁။ အာမိသာ ပူဇာ

၂။ ဓမ္မ ပူဇာ

ဟူ၍ ပူဇော်ခြင်းနှစ်မျိုး ရှိပေသည်။

အာမိသ ပူဇာ ဆိုသည်မှာ ဝတ္ထုပစ္စည်းတို့ဖြင့် လှူဒါန်းပေးကမ်းခြင်း၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာ တို့ဖြင့် အရိုအသေပြုခြင်းများဖြစ်သည်။ ဓမ္မပူဇာ ဆိုသည်မှာ သွန်သင်ဟောပြော ဆုံးမသည့်အတိုင်း လိုက်နာ ကျင့်ကြံအားထုတ်သည်ကို ဆိုလိုသည်*။

စားသောက်ဖွယ်ရာများဖြင့် ကျွေးမွေးလှူဒါန်းခြင်း၊ လိုအပ်သော ဝတ္ထုပစ္စည်း ငွေကြေး စသည်တို့ဖြင့် ထောက်ပံ့လှူဒါန်းခြင်း၊ နေရာပေးခြင်း၊ ရှိခိုးခြင်း အမှုကိစ္စများကို ဆောင်ရွက်ပေးခြင်း၊ တစုံတရာ အပေးအယူပြုလုပ်သောအခါ နှစ်တောင့်ထွာထက် မနီးမဝေးသော အရပ်မှ ခြေစုံရပ်လျက်၊ (သို့မဟုတ်) ဒူးထောက်လျက် လက်နှစ်ဘက်ဖြင့် အပေးအယူပြုလုပ်ခြင်း၊ အနီးအနားတွင် အရိုအသေပြုသော ဣရိယာပုတ်ဖြင့် နေထိုင်ခြင်း၊ ပြောဆိုသော စကားကို ရိုသေစွာ နာယူခြင်း စသော ကိုယ်အမူအရာ ယဉ်ကျေးမှုဖြင့် ပူဇော်ခြင်း။

စကားပြောဆိုသောအခါ မြန်မာ့ထုံးတမ်းစဉ်လာအရ သူ့နေရာနှင့်သူ လိုက်ဖက်အောင် ယဉ်ကျေးသော ဝေါဟာရများဖြင့် သုံးနှုန်း ပြောဆိုခြင်း၊ ကြားလောက်ရုံထက် မပိုမလိုသော အသံဖြင့် ပြောဆိုခြင်း စသော နှုတ်အမူအရာဖြင့် ပူဇော်ခြင်း။

---

မှတ်ချက်။ ။* ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာတို့ဖြင့် ပူဇော်ခြင်းသည် ပစ္စယန ကုသိုလ်ဖြစ်သည်။ ပစ္စယန ကုသိုလ်ဆိုသည်မှာ သီလတရား ဖြစ်သည်။ ယင်းသို့ သီလတရားဖြစ်ခြင်းကြောင့် ဓမ္မ ပူဇာတွင် ရေတွက်ရမည် ဟူသော ဆရာ့ဝါဒများလည်း ရှိကြသည်။

ဤမင်္ဂလာ စာအုပ်တွင်မူ ဆုံးမသည့်အတိုင်း လိုက်နာကျင့်သုံးခြင်းကိုသာ ဓမ္မ ပူဇာ အဖြစ် ရေတွက်၍ ဤမှတပါးသော ပူဇော်ခြင်းအားလုံးကို အာမိသ ပူဇာ အဖြစ်သာလျှင် ရေတွက်ထားသည်။

ပူဇော်သူတို့ ရရှိသော အကျိုးတရားကို အဓိကထား၍ ယင်းသို့ ခွဲခြားခြင်းပင် ဖြစ်ပေသည်။ အပူဇော်ခံ ပုဂ္ဂိုလ်တို့၌ ရှိသော သီလ၊ သမာဓိ၊ ပညာ တနည်းအားဖြင့် အတတ်ပညာ၊ အလိမ္မာတို့အနက်မှ အနည်းငယ်မျှပင်ဖြစ်စေ လက်ဝယ်ရရှိစေသော ပူဇော်ခြင်းကို ဓမ္မ ပူဇာ အဖြစ် ရေတွက်၍ ကုသိုလ်သက်သက်မျှသာ ရှိသော ပူဇော်ခြင်းကို အာမိသ ပူဇာ အဖြစ် ရေတွက်ပေသည်။

ဤနေရာတွင် စကားအလျဉ်းသင့်သဖြင့် အနည်းငယ်ဆိုဖွယ်ရှိသည်မှာ အချို့သော တပည့်သားမြေးတို့သည် မိမိတို့၏အဘိုးအဘွား၊ ဆရာသမား မိခင်ဖခင်တို့ကို အရိုအသေကင်းမဲ့စွာ အဘိုးကြီး အမယ်ကြီးဟူ၍ ခေါ်ဆို နေသော အရေးကိစ္စပင်ဖြစ်ပေသည်။ ယင်းသို့ ခေါ်ဝေါ်ခြင်းဖြင့် မိမိတို့ မိဘ ဘိုးဘွားဆရာသမားများအပေါ်တွင် မေတ္တာစေတနာမရှိဘူးဟူ၍ဖော်ပြ သကဲ့သို့ ဖြစ်နေပေသည်။ မိဘများကတော့ သားသား၊ မီးမီး၊လူကလေး၊ မိန်းကလေးစသည်ဖြင့် ဝစီကံမေတ္တာ လွှမ်းခြုံသောအသံဖြင့် ခေါ်ဆိုကြ သည်။ ထိုမျှမက စောမြတ်သန္တာ၊ နီလာမြင့်မြင့်ခိုင်၊ ချော‌စုကလျာ၊ သူရ ကျော်ဦးစသော အကောင်းဆုံး၊အယဉ်ဆုံး၊ အနုဆုံးနာမည်ကလေးတွေပေး ၍ ကိုယ့်သား ကိုယ့်သမီးအမွှန်းတင်ကြသည်။သို့ပါလျက် သားသမီးများက အဘိုးကြီး အမယ်ကြီးဟု ခေါ်ရက်ကြသည်မှာ ရင်နင့်ဖွယ် ကောင်းလှ ချေသည်။

အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတိုင်း ဤနှယ်မေတ္တာမပါသော ဝေါဟာရဖြင့် မိမိတို့၏ဆရာသမား မိဘများကို ခေါ်ဝေါ် သုံးစွဲခြင်း မပြုသင့်ပေ။ ဝစီကံမေတ္တာအပြည့်အဝပါသော ဘဘ၊ ဘွားဘွား၊ ဖေဖေ၊ မေမေ၊ မမ၊ ကိုကိုစသော အချစ်စေတနာလွှမ်းခြုံလျက်ရှိသော ကြည်နူးစဖွယ် ဝေါဟာရများဖြင့်သာ ခေါ်ဝေါ်ကြရမည်။

တချို့အဘိုးကြီးအမယ်ကြီးဟူ၍ပင်မကပဲ ထိုထက်သိမ်ဖျင်းယုတ်ညံ့သော စကားလုံးတို့ဖြင့် ခေါ်ဝေါ်ပြောဆိုကြသည်ကို ဝမ်းနည်းဖွယ်ရာ ကြားရ ဘူးသည်။ ယင်းသို့မပြောကြ၊ မဆိုကြလေနှင့်။

မိမိတို့၏ မိဘ ဘိုးဘွား ဆရာသမားတို့ကိုရှေ့တွင်ဖြစ်စေ၊ ကွယ်ရာဖြစ်စေ ယဉ်ကျေးဖွယ်ရာ သာယာခြေင်း ခေါ်ဝေါ်ပြောဆို သုံးစွဲခြင်းသည် စကား တခွန်းတိုင်းတခွန်းတိုင်း ကုသိုလ်ရသော အလုပ်ဖြစ်ပေသည်။ မိဘဘိုးဘွား ဆရာသမားတို့အား မေတ္တာပြည့်ဝ၍ ယဉ်ကျေးဖွယ်ရာ ဝေါဟာရတို့ဖြင့် ခေါ်ဝေါ်ပြောဆိုသုံးစွဲခြင်းသည် နူတ်အမူအရာဖြင့် ပူဇော်ခြင်းဖြစ်သည်။

ဤအချိန်လောက်ဆိုလျှင် အမေမျှော်နေတော့မည်၊ အဖေထမင်းဆာ လောက်ပြီ၊ အဖေ့အတွက် ဆောင်ရွက်ပေးရန် ကိစ္စများ ရှိသေးသည်။ ဒီစကား အဖေကြားသွားလျှင် စိတ်ဆင်းရဲတော့မည်၊ ဒီကိစ္စ အစ်ကိုကြီး အစ်မကြီးတို့သိလျှင် ကောင်းမည်မဟုတ်၊ အမေအိပ်ရေးပျက်မည် စိုးရသည်

စသော မိဘဆိုးဘွားဆရာသမား မွေးချင်းများအပေါ်၌ ချစ်ခင်ကြင်နာသောစိတ်၊ ယုယသော စိတ်များ ထားရှိခြင်းသည် မနောကံမေတ္တာ မည်ပေသည်။ မနောကံမေတ္တာ ထားရှိခြင်းသည်ပင် စိတ်အမူအရာဖြင့် ပူဇော်ခြင်းဖြစ်ပေသည်။

အထက်တွင် ဖော်ပြခဲ့သော ကိုယ်အမူအရာဖြင့် ပူဇော်ခြင်း၊ နှုတ်အမူအရာဖြင့် ပူဇော်ခြင်း၊စိတ်အမူအရာဖြင့် ပူဇော်ခြင်းတို့သည် အာမိသာပူဇာဟုခေါ်ပေသည်။

ဓမ္မပူဇာဆိုသည်မှာ ဘုရားအစရှိသော ပညာရှိသူတော်ကောင်းများ၊ မိဘဆိုးဘွား ဆရာသမားများ၏ သွန်သင်ပြသ ဆုံးမဩဝါဒကြားအပ်သည်များကို ရိုသေလေးစားစွာ လိုက်နာကျင့်သုံးရခြင်းကိုဆိုပေသည်။

ဆိုအပ်ခဲ့သော ပူဇာနှစ်မျိုးတို့တွင် ဓမ္မပူဇာကပို၍ အကျိုးတရားကြီးမားသည်။ ဘုရားနှင့်တကွသော မိဘဆိုးဘွား ဆရာသမားတို့သည် မိမိတို့၏ တပည့် သားမြေးများထံမှ အာမိသ ပူဇာများကို လိုလားမျှော်လင့်၍ တရားဟောခြင်း၊ ပဲ့ပြင်ဆုံးမခြင်းများပြုသည် မဟုတ်ချေ။မိမိတို့၏တပည့် သားမြေးများသည် မိမိတို့ဆုံးမပဲ့ပြင်သည့်အတိုင်း လိုက်နာ ကျင့်သုံးကြ၍ ခုရေနောင်ပါ ချမ်းသာကောင်းကျိုး ပွားတိုးကြစေရန်သာဖြစ်ပေသည်။

ဘုရားအစရှိသော မိဘဆိုးဘွား ဆရာသမားတို့ကို ပူဇော်ရာတွင် ၎င်းတို့လိုလားသည့်အတိုင်း ဟောကြား ဆုံးမသည်ကို လိုက်နာ ကျင့်သုံးခြင်းဖြင့် ပူဇော်ခြင်းသည် အမြတ်ဆုံးပင် ဖြစ်ပေသည်။ အာမိသပူဇာကြောင့် ရရှိလာသော ကုသိုလ်တရားများကို အတိုင်းအဆမဲ့ ကာလဖြင့် ရေတွက်၍မရနိုင်ချေ။ ယခုဘဝမှစ၍ ရှည်မြင့်စွာသော ကာလပတ်လုံးလူ့ဘဝ လူ့ချမ်းသာ၊နတ်ဘဝ နတ်ချမ်းသာ၊ ဗြဟ္မာ့ဘဝ ဗြဟ္မာ့ချမ်းသာ၊ နောက်ဆုံး နိဗ္ဗာန်ချမ်းသာအထိ အထောက်အပံ့ ဖြစ်စေနိုင် ပေသည်။ အာမိသ ပူဇာ၏ အကျိုးတရားသည်ပင်လျှင် ဤမျှလောက် ကြီးကျယ်မြင့်မြတ်သည်ဖြစ်ရကား ဓမ္မပူဇာ၏ အကျိုးအာနိသင်ကိုမူ ဆိုဖွယ်ရာ မရှိတော့ချေ။

အတီးအမှုတ် ဝါသနာပါသူ တယောက်သည် အတီးအမှုတ် ပညာရှင်ကြီးတယောက်ထံသို့ သွားရောက်၍ စားသောက်ဖွယ်ရာဖြင့် ကျွေးမွေးပူဇော်ခဲ့သည်။ သို့ရာတွင် ထိုဆရာကြီး၏ အတီးအမှုတ်ပညာကို တစုံတခုမှ မရခဲ့ဆိုလျှင် ဆရာကြီးနှင့်တွေ့ရကျိုးမနပ်တော့ချေ။ထိုနည်းအတူချမ်းသာ

စီးပွားဖြစ်ကြောင်း နည်းလမ်းများကို သိရှိကြပြီးသော ပညာရှိ ပုဂ္ဂိုလ်တို့နှင့်တွေ့ရပါလျက် ထိုပုဂ္ဂိုလ်တို့၏နည်းလမ်းကို လိုက်နာ ကျင့်သုံးခြင်းမပြုလျှင် ပညာရှိနှင့် တွေ့ရကျိုးနပ်တော့မည်မဟုတ်ချေ။

လိမ္မာသောသူသည် ဆရာသမား မိတ်များကို ပူဇော်သော အားဖြင့် ဆရာသမားမိတ်များ၏ အဆုံးအမကို လိုက်နာလျက် မိမိ၏ကောင်းကျိုးချမ်းသာများကို ရှာကြရမည်။ ပူဇော်ထိုက်သော ပုဂ္ဂိုလ်ကို ပူဇော်၍ ကောင်းကျိုးချမ်းသာဖြစ်သကဲ့သို့ မပူဇော်ထိုက်သောပုဂ္ဂိုလ်ကို ပူဇော်၍ မကောင်းကျိုး ခံစားရသူများလည်း ရှိပေသည်။

အပူဇော်မှားသည်ဆိုရာ၌ အာမိသပူဇာမှားရုံသာဖြစ်လျှင် မထောင်းတာပေ။ ဓမ္မပူဇာမှားလျှင်မူကား ကိုယ်ကျိုးတက်တက်စင်နည်းတော့သည်။

## မှားသောကိုးကွယ်ခြင်း

ပူဇော်ခြင်းဟူသည် ကိုးကွယ်ခြင်းနှင့် ဆက်နွယ်လျက်ရှိသည်။ သို့ဖြစ်၍ ကိုးကွယ်ခြင်းကိုလည်း ဖော်ပြရန်လိုပေသည်။ ကိုးကွယ်သည် ဆိုသည်မှာ မိမိ မဖြစ်လိုသောအရာများ မိမိထံသို့ရောက်မလာစေရန် မိမိဖြစ်လိုသော အရာများသာ မိမိထံသို့ ရောက်လာစေရန်အတွက် အားကိုးအားထား ပြုလုပ်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ထိုအားကိုးအားထားပြုလုပ်သော အရာများသည် မိမိအလိုရှိသောအကျိုးကို တကယ်တမ်း ပေးစွမ်းနိုင်လောက်သော အရည်အသွေးများ ရှိသည် မရှိသည်ကို စူးစမ်းဆင်ခြင်ဖို့ လိုပေသည်။ တဘက်ကလာမည့် ဘေးအန္တရာယ်ကြီးမားသလောက် ကိုးကွယ်ခံရသော အရာက ထုထည်ကြီးမားဖို့လိုသည်။ တဘက်ကလာမည့် အန္တရာယ်က ကြီးမား၍ ကိုးကွယ်ခံရသော အရာကအားသေးလျှင် ကိုးကွယ်ခံရသော အရာနှင့်အတူ ကိုးကွယ်သူပါ ပျက်စီးတတ်ချေသည်။ လောက်လေးဖြင့် ပစ်သောခဲ၊ လက်ဖြင့်ပစ် သောခဲများကို ဝါးထရံပါးပါးဖြင့် ကာကွယ်တားဆီးနိုင်ပေသည်။ သို့ရာတွင် သေနတ် ကျည်ဆံကိုမူကား ထိုဝါးထရံပါးပါးက အကာအကွယ်ပေးနိုင်မည်မဟုတ်ချေ။ ထို့ကြောင့် မခိုင်လုံသော အရာဖြင့် ဘေးအန္တရာယ် ကာကွယ်လေ့ရှိသူကို **မိုးကြိုးပစ် ထန်းကလက် (ထန်းရွက်)ကာသည်**ဟု ပြောစမှတ်ပြုကြသည်။

**ဘုရားမှတ်လို့ ကိုးကွယ်ပါ-ဖွတ်ထွက်မှ တောင်ပို့မှန်းသိ**ဟူသော စကားရပ်သည် အကိုးအကွယ်မှားသူတို့၏ လက်သုံးစကားဖြစ်သည်။ သို့ရာတွင် ထိုသူများအား ဖွတ်ထွက်မှ တောင်ပို့မှန်း သိရသလားဟု အပြစ်မတင်နှင့်၊ ဖွတ်ထွက်၍ တောင်ပို့မှန်းသိသူကိုပင် ချီးမွမ်းရတော့မည်။ အဘယ့်ကြောင့် ဆိုသော်ဖွတ်တွေတသီတတန်းကြီးထွက်နေသည်ကို မြင်ရပါလျက် တောင်ပို့မှန်းမသိသူတို့က ပို၍များသောကြောင့် ဖြစ်ပေသည်။

**ကျော့ချမှဒမြမှန်းသိ၊ တတိုးကုန်မှ မစင်မှန်းသိ** ဆိုသူတို့ကိုလည်း ချီးမွမ်းရမည်သာ ဖြစ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ကျော့ချရုံမက ခေါင်းပါချလို့မှ ဒမြမှန်းမသိသူ၊တတိုးမက ဝမ်းပြည့်အောင် စားပြီးလို့မှ မစင်မှန်းမသိသူ အလွန်များလှသောကြောင့်ဖြစ်ပေသည်။

ရှေးအခါက ဘုရားအလောင်း ရသေ့ငယ်သည် မိဘ၏အမွေအနှစ်ဖြစ်သော မီးကိုပူဇော်ရန် တောထွက်၍ ကျောင်းသင်ခန်းကခု၌ နေထိုင်လျက် မီးကိုလုပ်ကျွေးပူဇော်ခဲ့လေသည်။ထိုရသေ့ကလေး တော တွင်းသို့ သစ်သီးရှာသွားသောတနေ့တွင် ပူဇော်ခဲ့သောမီးသည် ရသေ့ကျောင်းကို ဟက်တက်စင်ပြောင်အောင် လောင်လေတော့သည်။ ပြာကျအောင် လောင်၍ ပြီးမှ ရသေ့ကလေး ပြန်ရောက်လာခဲ့သည်။ ပြာပုံကိုကြည့်၍ ရသေ့ကလေး စဉ်းစားသည်မှာ ဤမီးကို ငါသည် အားကိုးအားထား ကိုးကွယ်ရာပြု၍ ရိုသေစွာ လုပ်ကျွေး ပူဇော်ခဲ့သည်။ ဤမီးသည် လုပ်ကျွေး ပူဇော်သော ငါ့ကို ပြန်လည်စောင့်ရှောက်ခြင်းမပြုနိုင်သည်သာမက မိမိကိုယ်ကိုပင် မထိန်းနိုင် မသိမ်းနိုင်ချေတကား။ ငါ့အား ဤမီးကို ပူဇော်ခြင်းဖြင့် အဘယ်အကျိုး ရှိအံ့နည်းဟု ဉာဏ်အမြင်ရ၍ မီးကိုးကွယ်မှုကို ပယ်စွန့်ပြီးလျှင် အမှန်တရားကိုအားထုတ်၍ စျာန်ရသဖြင့် ဗြဟ္မာ့ပြည်သို့ လားခဲ့ရလေသည်။

'တို့ရိုးရာက လုပ်ခဲ့တဲ့ အလုပ်ကြီးပဲ'ဟု အသိဉာဏ်မပါပဲ သဲသဲမဲမဲ စွဲလမ်းမနေအပ်၊ အကြောင်းအကျိုးကို ဉာဏ်မီသမျှဆက်စပ်၍စဉ်းစားကြရမည်။ ကိုးကွယ်ရာတွင် ဉာဏ်ပါရမည်။ ကိုးကွယ်ရာ ဉာဏ်မပါ၍မဖြစ်ချေ။

ဤနေရာတွင်စကားအလျဉ်းသင့်၍ မီးကိုလုပ်ကျွေး ပူဇော်သည်ဟူသော စကားကို ဖော်ပြလိုပေသည်။ရှေးက ဗြဟ္မဏ လူမျိုးအချို့သည် သားမွေးဖွားလျှင် မီးတခု စတင်ပျိုးလိုက်ရသည်။ ထိုမီး ဘယ်တော့မှ မငြိမ်း

အောင် လောင်စာများထည့်ထားရသည်။ သား ဆယ့် ခြောက် နှစ် အရွယ် ရောက်သောအခါ မိဘတို့က ချစ်သား ဤမီးသည် သင့်မွေးစကပင် စတင် ပျိုးခဲ့သော မီးဖြစ်သည်။ ဤမီးကိုပင် ဆက်လက် လုပ်ကျွေး မည်လား၊ အိမ်ထောင်ပြုမည်လားဟု မေးကြသည်။ သို့မဟုတ် ထိုနှစ်ခုအနက် မိမိတို့ အလိုရှိသောအရာကို တိုက်တွန်းကြသည်။ သားကအိမ်ထောင်ပြုမည်ဆိုလျှင် မီးကိုငြိမ်း၍အိမ်ထောင်ပြုပေးလိုက်သည်။ မီးကိုလုပ်ကျွေးမည်ဆိုလျှင် ထိုမီး ဖိုကလေးပေးလိုက်ရသည်။ သားလုပ်သူသည် ထိုမီးဖိုကလေးရရှိသည့် နေ့မှ စ၍ အသက်ထက်ဆုံး မီးမငြိမ်းအောင် လောင်စာများ ထည့်ပေးခြင်းဖြင့် အချိန်ကုန်ရ လေတော့သည်။ ဤ မီးလောင်စာ မပြတ်အောင် ထည့်ပေး နေခြင်းကိုပင် မီးကို လုပ်ကျွေးပူဇော်သည်ဟုခေါ်ကြခြင်း ဖြစ်ပေသည်။

## မြတ်သောကိုးကွယ်ခြင်း

များစွာသော လူသားတို့သည် ဘေးအန္တရာယ်ကို ကြောက်လန့် ကြကုန်သည်ဖြစ်၍ တောင်ကြီး တို့ ကို လည်းကောင်း၊ တောကြီး တို့ကို လည်းကောင်း၊ သစ်ပင် ကြီး တို့ ကို လည်းကောင်း၊ နတ်ကွန်း နတ်စင်တို့ကိုလည်းကောင်း ကိုးကွယ်ခြင်းသို့ ရောက်ကြ လေ၏။ ထိုကိုးကွယ်ခြင်းသည် ဘေးကင်းသော ကိုးကွယ်ခြင်း မဟုတ်၊ မြတ်သောကိုးကွယ်ခြင်းလည်းမဟုတ်၊ ထိုကိုးကွယ်ခြင်း ကြောင့် ဘယ်သို့သော ဆင်းရဲခြင်းမျိုးကမှမလွတ်နိုင်။ အကြင်သူ သည် ဘုရားကိုလည်းကောင်း၊ တရားကိုလည်းကောင်း၊ သံဃာကို လည်းကောင်း ကိုးကွယ်ခြင်းသို့ ရောက်၏။ ဤကိုးကွယ်ခြင်းဖြင့် ဆင်းရဲသောတရား၊ ဆင်းရဲဖြစ်ကြောင်းတရား၊ ဆင်း ရဲမှ လွတ် မြောက်ရာတရား၊ ဆင်းရဲလွတ်မြောက်ရာသို့ ရောက်ကြောင်းဖြစ် သော မဂ္ဂင်ရှစ်ပါး အ ကျင့် တ ရား ဟူ သော လေးပါးသော အရိယာသစ္စာတို့ကို ကောင်းသောပညာဖြင့် ကိုယ် တိုင် သိ ရ ၏။ ဤကိုးကွယ်ခြင်းသည် ဘေးကင်းသောကိုးကွယ်ခြင်း၊ မြတ်သော ကိုးကွယ်ခြင်းဖြစ်၏။ ဤကိုးကွယ်ခြင်းကြောင့် အလုံးစုံသောဆင်းရဲ မှလွတ်၏။

ဟူ၍ မြတ်စွာဘုရားက မြတ်သော ကိုးကွယ်ခြင်းကို အထက်ပါ အတိုင်း ဟောကြားတော်မူခဲ့လေသည်။

ဤပူဇဝန္တ္တိ မင်္ဂလာကို ဖြည့်ကျင့်ရန်အတွက် အပူဇော်ခံပုဂ္ဂိုလ် အဆင်သင့်ရှိပါသည်။ သို့ရာတွင် မိမိကပူဇော်ထိုက်သောပုဂ္ဂိုလ်ဟုမသိခြင်း၊ သိပြန်ပါလည်း မပူဇော်ခြင်းတို့ကြောင့် ခက်နေခြင်းဖြစ်ပါသည်။ ပူဇော်ခံပုဂ္ဂိုလ်ကို မိမိလိုအပ်ချက်နှင့်ချင့်တွက်၍ ရွေးချယ်ရပါသည်။ စက်ပိုင်ရှင်တယောက်အတွက် စက်ဆရာကောင်းသည် အပူဇော်ခံပုဂ္ဂိုလ် ဖြစ်ပါသည်။ ရောဂါသည်တယောက်အတွက် ဆရာဝန်ကောင်းသည် အပူဇော်ခံပုဂ္ဂိုလ်ဖြစ်ပါသည်။ လောကီချမ်းသာ အလိုရှိလျှင် လောကီချမ်းသာ ပေးနိုင်သူသည် အပူဇော်ခံ ပုဂ္ဂိုလ်ဖြစ်ပါသည်။ လောကုတ္တရာ ချမ်းသာ အလိုရှိလျှင် လောကုတ္တရာချမ်းသာပေးနိုင်သူသည် အပူဇော်ခံပုဂ္ဂိုလ်ဖြစ်ပါသည်။

နှုတ်ဖြင့် ယဉ်ကျေးချိုသာ ပြောဆို၍ ပူဇော်ထိုက်သူကို နှုတ်ဖြင့် ယဉ်ကျေးချိုသာပြောဆို၍ပူဇော်ခြင်း၊ ကိုယ်ဖြင့်ယဉ်ကျေးဖွယ်ရာ အရိုအသေပြုသင့်သူကို သင့်လျော်သလို ကိုယ်ဖြင့် ယဉ်ကျေးဖွယ်ရာ အရိုအသေပြု၍ ပူဇော်ခြင်း၊ ကျွေးမွေးပေးကမ်း၍ ပူဇော်ထိုက်သူကို ကျွေးမွေးပေးကမ်း၍ ပူဇော်ခြင်းစသည်တို့ဖြင့် မိမိတို့လိုလားအပ်သော အရာများဖြင့် ပြည့်စုံအောင် ဆောင်ရွက်တတ်ခြင်းသည်လည်း ပူဇဝန္တ္တမင်္ဂလာ မည်ပေသည်။ ပူဇော်ရာတွင် အပူဇော်မမှားရန် လိုအပ်ပေသည်။ အပူဇော် မှားလျှင် ပူဇဝန္တ္တမင်္ဂလာဖြစ်မည်မဟုတ်။ ထို့ကြောင့် အပူဇော်မမှားကြစေရန် မြတ်စွာဘုရားသည် ဤ ပူဇဝန္တ္တမင်္ဂလာကို မဟောမီ ပညာရှိကို ပေါင်းရမည်ဟူသော သေဝနမင်္ဂလာကို ကြိုတင်၍ဟောကြားထားခြင်းဖြစ်ပေသည်။

ထို့ကြောင့် ကောင်းကျိုး စီးပွားလိုလားကြကုန်သော အမျိုးသားအမျိုးသမီးတို့သည် ရတနာသုံးပါး ဆရာသမား မိဘနှင့်တကွသော မိမိအား လောကီကောင်းကျိုး၊ လောကုတ္တရာကောင်းကျိုးကို ပေးစွမ်းနိုင်သော ပုဂ္ဂိုလ်တို့အား ထိုက်တန်သလိုပူဇော်ခြင်းဖြင့် မိမိတို့၏လိုအင်ဆန္ဒကို ပြည့်ဝအောင် ကြိုးစားကြရာသည်။

၁၅၀၂၄

# ၄။ ပတိရူပ ဒေသာဝါသ မင်္ဂလာ

နေရာကောင်း အရပ်ကောင်း၌ နေထိုင်ရခြင်းသည် မင်္ဂလာမည်၏။

ကြီးပွားတိုးတက်ရန် နေရာကောင်း အရပ်ကောင်းရဖို့လိုသည်။ နေရာကောင်းအရပ်ကောင်းရမှ ကြီးပွားတိုးတက်လိမ့်မည်။ နေရာကောင်း အရပ်ကောင်းမဟုတ်လျှင်၊မရရှိလျှင် ကြီးပွားတိုးတက်ခြင်း မဖြစ်နိုင်သည်သာမက ရှိသမျှ ပင်လျှင် ပျက်စီးတတ်ချေသည်။ မရသေးသော သီလ သမာဓိပညာ ကုသိုလ်ကောင်းမှုတရားများ၊ စီးပွားဥစ္စာများ၊ ရာထူးဂုဏ်သိန်များရရှိခြင်းငှာဖြစ်နိုင်သော ရပြီးသော သီလ သမာဓိ ပညာ ကုသိုလ်ကောင်းမှုများ၊ စီးပွားဥစ္စာများ၊ ရာထူးဂုဏ်သိန်များ ဆုတ်ယုတ်ပျက်စီးခြင်းငှာ မဖြစ်နိုင်သော အရပ်ကောင်း နေရာကောင်းသည် ပတိရူပဒေသာဝါသမည်ပေသည်။

တနည်းအားဖြင့် ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့ဖြစ်သော ဘေးရန်အန္တရာယ်တို့မှ ကင်းဝေး လွတ်ငြိမ်းရာ အရပ်ကောင်း နေရာကောင်းသည် ပတိရူပဒေသာဝါသမည်ပေသည်။

မိမိလိုအပ်ချက်ကိုဖြစ်မြောက်နိုင်သော နေရာသည် နေရာကောင်း အရပ်ကောင်းတွင် ပါဝင်ပေသည်။ မည်သည့်အလုပ်ပင် လုပ်လုပ်၊ လုပ်ကိုင်မည့်လုပ်ငန်းနှင့် သင့်တင့် လျော်ကပ်သော နေရာကောင်း အရပ်ကောင်းရမှ အောင်မြင်နိုင်မည်။ နေရာကောင်းရွေးချယ်ရာတွင် မိမိလုပ်ကိုင်မည့် လုပ်ငန်းနှင့်သင့်လျော်ခြင်း ရှိ မရှိကို ကြည့်တတ် ရွေးတတ်ရမည်။ သူတပါးအတွက် နေရာကောင်းဖြစ်နေသော်လည်း ကိုယ့်အတွက် နေရာကောင်း ဖြစ်ချင်မှ ဖြစ်မည်ဆိုသည်ကိုလည်း သတိပြုရမည်။ စိုက်ပျိုးရေးလုပ်ငန်းအတွက် နေရာကောင်းကာမျှဖြင့် စက်ရုံတည်ဆောက်သင့်သည်ဟု မမှတ်ရ။ စိုက်ပျိုးရေးအတွက်နေရာကောင်းသော်လည်း စက်ရုံအတွက်နေရာကောင်းဖြစ်ချင်မှ ဖြစ်မည်။ အထည်ဆိုင်အတွက် နေရာကောင်းသော်လည်း ထမင်းဆိုင်အတွက် နေရာကောင်း ဖြစ်ချင်မှ ဖြစ်မည်။ တောစခန်း တနေရာသည် ထမင်းဆိုင်အတွက် အကွက်ကောင်းဖြစ်နေသည်ကို အားကျ၍ ရွှေဆိုင်ဖွင့်မည်ဆိုလျှင် မရောင်းရရုံမျှမက ဒမြတိုက်ပင် ခံရပေဦးမည်။

တောင်ကုန်းတခုပေါ်သို့ တက်ကြည့်လျှင် အခြားတောင်ကုန်းများမှာ စိမ်းစိမ်းစိုစိုနှင့် ရှိနေသည်ကိုမြင်ရ၍ မိမိရောက်ရှိနေသော တောင်ကုန်းမှာ

သစ်ပင် မြက်ပင် ကျိုးတိုးကျဲတဲ့နှင့်ခြောက်ခြောက်သွေ့သွေ့ဖြစ်နေသည်ကို တွေ့ရပေလိမ့်မည်။ စိမ်းစိမ်းစိုစိုဖြစ်နေသော ထိုအခြားကောက်ကုန်းထက်သို့ ရောက်သွားသောအခါမှာမူ မိမိအရင်ရောက်ခဲ့သော ကောက်ကုန်းကပင် ပို၍ စိမ်းစိမ်းစိုစို ဖြစ်နေသည်ကို တွေ့ရပေလိမ့်မည်။ တမြို့ တရွာသွားမှ စီးပွားဖြစ်လိမ့်မည်ဟူ၍လည်း ပုံသေမမှတ်ရ၊ အချို့သောအညာသားများ အောက်ပြည် အောက်ရွာတွင် ချမ်းသာကြီးပွားကြသည်။ အချို့ အောက်သားများ အညာမြေမှာ ချမ်းသာ ကြီးပွားကြသည်။ အောက်ပြည်တွင် ချမ်းသာကြီးပွားနေသော အညာသားများက အောက်ပြည်က စီးပွား ရှာလို့ကောင်းသည်ဟု ပြောပေလိမ့်မည်။ အညာမြေတွင် ချမ်းသာကြီးပွား နေသော အောက်သားများက အညာမြေတွင် စီးပွားရှာလို့ ကောင်းသည် ဟု ပြောကြပေလိမ့်မည်။ ထိုသူတို့ နှစ်ဦးစလုံး၏ စကားသည် တထစ်ချ မမှန်ပေ။ အဘယ့်ကြောင့်ဆိုသော် အညာမြေတွင်လည်းကောင်း၊ အောက် ပြည်တွင် လည်းကောင်း မကြီးပွား မချမ်းသာသူတွေ ဒုနဲ့ဒေး ရှိနေသော ကြောင့် ဖြစ်ပေသည်။

မိမိအခြေအနေ၊ မိမိလုပ်ငန်းနှင့် မသင့်လျော်သော နေရာသစ်သို့ ရွှေ့ ပြောင်းသော သူသည် သေချင်တဲ့ကျား တောပြောင်းခြင်းပင် ဖြစ်သည်။ မိမိအခြေအနေ၊ မိမိလုပ်ငန်းနှင့် သင့်လျော်သော နေရာသစ်သို့ရွှေ့ပြောင်း သောသူသည် တရွာပြောင်း၍ သူကောင်းဖြစ်သူ ဖြစ်သည်။ မိမိ အခြေ အနေ မိမိလုပ်ငန်းနှင့် မသင့်လျော်သော နေရာဟောင်း၊ အရပ်ဟောင်းကို မစွန့်နိုင်မခွာနိုင်ဖြစ်နေသူသည်လည်းကောင်း၊ မသင့်လျော်သော နေရာသို့ မစူးမစမ်း မဆင်မခြင် ပြောင်းရွှေ့သူသည်လည်းကောင်း ပျက်စီး ဆုတ်ယုတ် သော အကျိုးကို အညီအမျှ ရကြပေလိမ့်မည်။

မိမိ၏ လုပ်ငန်း မကြီးပွားမတိုးတက်ပဲ ရှိနေသောအခါ လုပ်ငန်းကပင် မကြီးပွားမတိုးတက်နိုင်သော လုပ်ငန်းဖြစ်နေသလော၊ လုပ်ပုံ ကိုင်ပုံ နေရာ မကျ၍ပင် ဖြစ်နေသလော နေရာ အရပ်ကပင်လျှင် မသင့်လျော်ပဲဖြစ်နေ သလောဟူသည်ကိုစိစစ်သင့်ပေသည်။ အနာမသိဆေးမရှိ၊အနာသိမှ ဆေးရှိ၊ အနာတခြား ဆေးတခြားဟူသော ရှေးစကားရပ်များကို အလေးထား၍ မိမိလုပ်ငန်းကို အဖြေမှန်ရအောင် စိစစ်နိုင်စွမ်း ရှိရမည်။

အိမ်နီးချင်းကောင်းမှ လင်ကောင်းရသည်။ အရပ်ကောင်းမှအလောင်း လှသည်။ ရွှေပင်နားတော့ ရွှေကျေး၊ ငွေပင်နားတော့ ငွေကျေး၊ မြို့စီး တရာ မြို့လာတထောင် ဟူသော စကားရပ်များသည် ဤပတိရူပ ဒေသာ ဝါသ မင်္ဂလာကို ရှေးသူဟောင်းတို့က သရုပ်ဖေါ်ခဲ့သော စကားများ ဖြစ်သည်။

အမွှဲတောနေလျှင် အမွှဲကူးသည်၊ အနူတောနေလျှင် အနူကူးသည်၊ အမိုက်တောနေလျှင် အမိုက်ကူးသည်၊ မုဆိုးနားနီး မုဆိုး၊ တံငါနားနီး တံငါ၊ အတူမြင်တော့ အတတ်သင်သည် ဟူသော နေ့စဉ်လိုလိုကြားနေကျ၊ ပြောနေကျ ထိုစကားများသည် ကြားနေကျ ပြောနေကျဖြစ်သော သာမန် စကားများသာတကားဟူ၍ လျစ်လျူမပြုပဲ ချမ်းသာ ကြီးပွားရေးအတွက် အလွန်အရေးကြီးသော အထောက်အကူများဟူ၍ သတိပြုကြရမည်။

မစင်တောသွား မစင်လူးမည်၊ ဆူးတောသွား ဆူးစူးမည်၊ မတော်တဲ့ နေရာမသွားရ၊ မတော်တဲ့ နေရာ မှန်လျှင် ဝေးဝေးက ရှောင်ရမည်။ မရှောင်ပဲ မတော်တဲ့နေရာ သွားခဲ့လျှင် မတော်တာ မြင်ရ တွေ့ရမည်။ မတော်တာ မြင်ရ တွေ့ရလျှင် မတော်တဲ့စိတ်တွေပေါက်လာ၍ မတော်တာ လုပ်မိတော့မည်၊ မတော်တာ ပြောမိတော့မည်။ မတော်တာ လုပ်မိ ပြောမိလျှင် မတော်တာ ဖြစ်ကြတော့မည်သာတည်း။ 'ကိုယ့်စိတ်သာ ပဓာနပါ၊ ကိုယ်မပါယင် ဘာမှ မဖြစ်ပါဘူး၊ ဒီလိုဖြင့် ဘယ်သူတွေ ဘာသူတွေ ခက်ရောပေါ့' စသည်ဖြင့် မတော်တဲ့နေရာ သွားလိုသူတို့က ဆင်ခြေဆင်လက်ပေးတတ်သည်။ မှန်ပါ၏။ ကိုယ်မပါလျှင် ဘာမှ မဖြစ် ပါ။ သို့ဖြစ်လျှင် အဘယ့်ကြောင့် မတော်တဲ့နေရာ မသွားနှင့်ဟု တားဆီး နေရပါသနည်းဟု မေးဖွယ် ရှိပေသည်။ မတော်တဲ့နေရာ ရောက်သော သူ တရာလောက် အနက် တယောက်ယောက်သာလျှင် ကိုယ်မပါအောင် ထိန်းသိမ်းနိုင်သူ ရှိသောကြောင့် ဖြစ်ပေသည်။

ဆူးတောသွား၍ ဆူးမစူးအောင် ဒုက္ခခံ၍ ဆင်ခြင်နေရမည့် အစား ဆူးတောမသွားပဲ နေခြင်းကပို၍ ကောင်းပေသည်။ မစင်တောသွား၍ မစင်မလူးအောင် ဒုက္ခခံ၍ ဆင်ခြင်နေရမည့် အစား မစင်တော မသွားပဲ နေခြင်းက ပို၍ ကောင်းပေသည်။ အစားမတော်တာလုတ် အသွားမတော်

တလှမ်း ဆိုသည်မှာ အသွားအလာ အစားအသောက်ကို ဆင်ခြင်ဖို့ထားခဲ့သော ရှေးစကားများဖြစ်ကြသည်။ ထို့ကြောင့် မတော်တဲ့နေရာကိုမသွားပါနှင့်။

လောကနီတိဆရာက ဤပတိရူပဒေသာဝါသ မင်္ဂလာကို ဤနှယ်ဖေါ်ပြခဲ့သေးသည်ကိုလည်း လေ့လာ ကြပါကုန်။

မကောင်းသော အရပ်ကိုလည်း ကောင်း၊ မကောင်းသော အပေါင်းအသင်းကို လည်းကောင်း၊ မကောင်းသောအမျိုးကို လည်းကောင်း၊ မကောင်းသောလင် မကောင်းသော မယားကို လည်းကောင်း၊ မကောင်းသော အခိုင်းအစေကို လည်းကောင်း ဝေးစွာကြဉ်ရာ၏။ အကြင်အရပ်၌ လူချမ်းသာလည်းမရှိ၊ အကြားအမြင်များသူလည်းမရှိ၊ ထိန်းသိမ်း အုပ်ချုပ်မည့်သူလည်း မရှိ၊ ဆေးသမားလည်းမရှိ၊ မြတ်နိုးခြင်းလည်းမရှိ၊ မြတ်နိုးသူလည်းမရှိ၊ ပညာပေးနိုင်သူလည်းမရှိ၊ ထိုအရပ်၌ တနေ့တရက် တမနက်မျှ မနေရ။

လောက၌ ခြသေ့်သည် လည်းကောင်း၊ ဆင်သည်လည်းကောင်း၊ ပညာရှိသည်လည်းကောင်း၊ အကျိုးမရှိသော အရပ်ကို စွန့်၍သွားကြကုန်၏။ ကျီးသည်လည်းကောင်း၊ သမင်သည် လည်းကောင်း၊ သူမိုက်သည်လည်းကောင်း မိမိကျင်လည်ရာအရပ်၌သာလျှင်ပျက်စီးခြင်းသို့ရောက်၏။ ပညာရှိသတောကား ခြေတဘက်နှင့်တူသော အရပ်သစ်သို့သွား၏။ ခြေတဘက်နှင့် တူသော အရပ်ဟောင်းကို မခွါသောစိတ်ဖြင့်တည်၏၊ အရပ်သစ်ကိုမစူးစမ်းပဲ အရပ်ဟောင်းကို မစွန့်ခွာရ။

## ရွှေတောင်မစံ ဟင်္သာပျံ

ဘုရားအလောင်းဟင်္သာမင်း၏ကိုယ်တွင်ရှိသော ပကတိအမွေးအတောင်တို့သည် ရွှေသွေး ရွှေရောင်ဖြင့် တပြောင်ပြောင် တလက်လက်ထွက်၍နေပေသည်။ ထိုရွှေဟင်္သာမင်းစံသောနေရာကား ရွှေတောင်ကြီးဖြစ်ပေသည်။ ရွှေတောင်ကြီးမှထွက်သော ရွှေသွေးရွှေရောင်တို့ကြောင့် ရွှေတောင်ကြီးသို့

နားလာရောက်လာသမျှသားငှက်တို့မှာလည်း ရွှေသွေးရွှေရောင်ဖြင့်တပြောင်ပြောင် တဝင်းဝင်း ထွန်းလင်း၍ နေကြပေသည်။ ရွှေတောင်ကြီးသည် လာလာသမျှ သတ္တဝါအပေါင်းတို့အား ရွှေရောင်ဖြင့် ဖုံးလွှမ်းထားသဖြင့် ဘုရားလောင်း ရွှေဟင်္သာမင်း၏ နဂိုပကတိ ရွှေသွေး ရွှေရောင်တို့သည် ပေါ်လွင်ထင်ရှားခြင်းမရှိတော့ချေ။

ရွှေဟင်္သာမင်းသည် ငါ၏ အမွေး အတောင် တို့ မှာ နဂိုပကတိကပင် ရွှေသွေးရွှေရောင်များရှိနေခဲ့သည်။ သို့လင့်ကစား များပြားလှသော အခြားသားငှက်တို့မှာလည်း ရွှေတောင်ကြီး၏ အရောင်ကြောင့် ငါနှင့် ထပ်တူထပ်မျှ ရွှေရောင်ချည်းသာလျှင် ဖြစ်နေကြပေသည်။ ဤနေရာ၌နေသဖြင့် ငါ၏အရောင်အဆင်းသည် ပေါ်လွင်ထင်ရှားတော့မည်မဟုတ်ဟု ကြံစည်၍ ရွှေတောင်ကြီးနှင့် ဝေးသော အခြားတောင်များသို့ ရွှေ့ပြောင်းနေထိုင်ခဲ့လေသည်။ အခြားတောင်များသို့ ရောက်သောအခါမှ ရွှေဟင်္သာမင်း၏ နဂိုရွှေအဆင်းတို့သည် ထင်ထင်လင်းလင်း ပေါ်လွင်၍ လာလေတော့သည်။ ထိုအခါမှ သားငှက်တို့သည် ရွှေဟင်္သာမင်းအား အလေးပြုကြတော့သည်။

ထို့ကြောင့် မိမိဂုဏ်သတင်း မထင်ရှားရာနေရာအရပ်၌ မနေရာ။ မိမိဂုဏ်သတင်းထင်ရှားနိုင်သော နေရာအရပ်၌သာ နေရာ၏။

## စလေငွေး

မြန်မာရာဇဝင်၌ ထင်ရှားသော စလေငွေးသည် နေရာရွေးချယ်မှုနှင့် စွဲမြဲယုံကြည်မှုတွင် အတုယူလောက်အောင် ကောင်းလှပါပေသည်။ သူသည် တညသောအခါ အူတွေထွက်၍ မြို့ရွာကိုရစ်ပတ်ရသည်ဟု အိပ်မက်မြင်မက်လေသည်။ ထိုအိပ်မက်ကို ပညာရှိတဦးက အသင် မုချ ရှင်ဘုရင်ဖြစ်လိမ့်မည်ဟု နိမိတ်ဖတ်ကြားပေးခဲ့သည်။ ယင်းသို့ နိမိတ် ဖတ်ကြားသည့်အတိုင်း ရှင်ဘုရင်ဖြစ်ရမည်ဟု စွဲစွဲမြဲမြဲယုံကြည်ခဲ့လေသည်။ မှီခိုအားထားစရာမရှိ၊ အထီးကျန်ဆင်းရဲလှသော ဤစလေငွေးနှင့် ရှင်ဘုရင်အဖြစ်ကား ကွာဝေးလှချေသည်။ သို့ရာတွင် သူသည် အနည်းငယ်မျှ စိတ်အား မလျှော့ခဲ့ချေ။ မင်းဖြစ်နိုင်မည့်အရေးကိုကြံတွေးလေသည်။ စလေကား မင်းနေပြည်မဟုတ်၊ တောအရပ်သာတည်း။ မင်းနေပြည်မဟုတ်သော တောအရပ်၌မင်းဖြစ်ရန်အကြောင်းမရှိချေ။ မင်းဖြစ်လိုလျှင် မင်းဖြစ်နိုင်သော မင်းနေပြည်သို့

သွားရန်သင့်ပေသည်။ သို့ဖြစ်၍ ငါသည် မင်းနေပြည်တော်ဖြစ်သောပေါက္ကံ ပြည်သို့သွားအံ့ ဟူသောဆုံးဖြတ်ချက်ဖြင့် ပေါက္ကံပြည်သို့အရောက် သွားခဲ့ သည်။ စလေငခွေးသည် ပတိရူပ ဒေသ၀ါသ မင်္ဂလာကို အခြေပြု၍ မင်းအဖြစ်သို့တိုင် တက်လှမ်းနိုင်ခဲ့ပေသည်။

ဤနေရာတွင် အထူးသတိပြုရန်အချက်တခု ပေါ်ထွက် လာပေသည်။ စလေငခွေးသည် မင်းနေပြည်ရောက်၍ မင်းဖြစ်သည်ဆိုလျှင် မင်းနေပြည်၌ ယခင်ကရောက်ရှိနေနှင့်ကြသော သူများသည် အဘယ့်ကြောင့် မင်းမဖြစ်ကြ လေသနည်း။ မင်းနေပြည်သို့ရောက်တိုင်း မင်းဖြစ်ကြသည်မဟုတ်။ မင်းဖြစ် ထိုက်အောင် လုပ်ကိုင်ဆောင်ရွက်မှ မင်းဖြစ်လိမ့်မည်။ နေရာကောင်း ရသော်လည်း အလုပ်မကောင်းလျှင် ကြီးပွားတိုးတက်မည်မဟုတ်။ နေရာ လည်းကောင်း၊ အလုပ်လည်းကောင်းမှ ကြီးပွားတိုးတက်နိုင်ပေမည်။

စလေငခွေးကား ယုံကြည်ချက် ပြင်းထန်လှသည်။ ပေါက္ကံပြည်သို့ သွား ရန် ခရီးစရိတ်ပင်ရှိသူမဟုတ်ပေ။ လှေထိုးသားအဖြစ် အခိုင်းခံ၍ လှေဖြင့် လိုက်ပါရသူ ဖြစ်ပေသည်။ သို့စဉ်လျက် သူ၏ထိုး၀ါးထိပ်တွင် စွပ်၍ပါ လာသော ရွှေလင်ပန်းခုနစ်ချပ်ကို ငါသည် ပေါက္ကံပြည်သို့ ရှင်ဘုရင်ဖြစ်ရန် သွားခြင်းဖြစ်သည်။ ဤရွှေလင်ပန်းခုနစ်ချပ်ကိုအလိုရှိ၍ လာခဲ့သည်မဟုတ်၊ သွားလေလော့ဟု ရေထဲပြန်၍ ပစ်လိုက်လေသည်။ စလေငခွေးကား ဤမျှ လောက် ယုံကြည်မှုအားကောင်းသော ပုဂ္ဂိုလ်ဖြစ်ပေသည်။

မိမိကိုယ်ကို ယုံကြည်ချက်အားကောင်းသော ပုဂ္ဂိုလ်တိုင်း အောင်မြင် မှုရရှိနိုင်ပေသည်။ ထို့ကြောင့် မြတ်စွာဘုရားက အာဠဝက သုတ္တန်တွင် ‘ယောကျ်ားတို့၏ မြတ်သောဥစ္စာသည် ယုံကြည်ချက်ပေတည်း’ဟု ဟော တော်မူခဲ့ခြင်းဖြစ်ပေသည်။

## သပ္ပါယတရား (၄) ပါး

လောကီစီးပွားရေး လုပ်ငန်းများ၌သာလျှင်နေရာကောင်းအရပ်ကောင်း လိုသည်မဟုတ်ချေ။ လောကုတ္တရာ နိဗ္ဗာန်ချမ်းသာ ရရှိနိုင်ရေးအတွက်လည်း နေရာကောင်း အရပ်ကောင်း လိုအပ်ပေသည်။ ဘုရားသာသနာတော် ထွန်း ကားသော အရပ်ဒေသဖြစ်သော်လည်း ထိုအရပ်ထဲမှာပင်ပို၍ အဆင်ပြေ

သော နေရာကောင်း အရပ်ကောင်းများရှိပေသေးသည်။ ထို ပို၍အဆင်ပြေသောနေရာကောင်းများသည် ယောဂီများအတွက် အလွန်လိုအပ်ပေသည်။ သပ္ပါယတရားလေးပါးမှာ–

၁။အာဝါသ သပ္ပါယ=အရိပ် အာဝါသနှင့် ပြည့်စုံခြင်း။
မျက်စိအာရုံ နားအာရုံတို့မှ ဆိတ်ငြိမ်ခြင်း။

၂။ဥတု သပ္ပါယ =အချမ်း အပူ မျှတခြင်း။

၃။ဘောဇန သပ္ပါယ=စားဖွယ် သောက်ဖွယ်မရှားပါးခြင်း။

၄။ပုဂ္ဂလ သပ္ပါယ =အယူအဆ တူမျှသော အပေါင်းအဖေါ် ရှိခြင်း။

တို့ဖြစ်ပါသည်။

ဤသပ္ပါယတရား လေးပါးနှင့် ပြည့်စုံသော နေရာကောင်း၊ အရပ်ကောင်းကိုမှီဝဲရလျှင် ယောဂီသူတော်ကောင်းများအတွက် ပို၍လျင်မြန်စွာ တရားထူးများကို မျက်မှောက်ပြုနိုင်ပေသည်။

တခုဆိုဖွယ်ရှိသည်မှာ အရပ်ကောင်း နေရာကောင်းမရ၍ အလုပ်မလုပ်နိုင်၊ အရပ်ကောင်း နေရာကောင်းရမှ အလုပ်လုပ်နိုင်မည်။ သို့ဖြစ်လျှင် အရပ်ကောင်းနေရာကောင်းမရမချင်း ထိုင်နေရတော့မည်လားဟု မေးဖွယ်ရှိသည်။ အလုပ်မလုပ်ပဲနေခြင်းဖြင့် အရပ်အကောင်း နေရာကောင်းရလာမည်မဟုတ်။ အရပ်ကောင်းနေရာကောင်းရရန် အလုပ်လုပ်ဖို့ လိုအပ်သည်သာတည်း။ ရှိသမျှအခြေအနေနှင့် အကောင်းဆုံးဖြစ်အောင်လုပ်ရန် လိုအပ်သည်သာတည်း။

တောင်ထွတ်ဖျားထပ်၊ ချိုအေးမြက်သား၊ သရက်မှည့်သီး၊ ခိုင်လုံးကြီးကို၊ မနီးမြေတာ၊ ယူဇနာက၊ လှမ်းကာမှီနိုး၊ ဆွတ်မည်ကြိုးသို့၊ စစ်ထိုးမအောင်၊ တခေါင်ခေါင်လျှင်။

ဟူ၍ ရှင်မဟာရဋ္ဌသာရ မထေရ် သံဝရပျို့၌ ရေးသားခဲ့သည့် အတိုင်း တောင်ထိပ်ဖျား၌ ရှိသော သရက်သီးကို ခရီး ဝေးကွာလှသော နေရာမှ လှမ်း၍ ဆွတ်ချူယူငင်ခြင်းငှာ မဖြစ်နိုင်ရာသကဲ့သို့ ခုရော နောင်ပါ ချမ်းသာ ကောင်းကျိုးတို့ကို မသင့်လျော်သော နေရာက နေ၍ ရယူခြင်းငှာ မဖြစ်နိုင်။

သို့ဖြစ်၍ မိမိလုပ်ငန်းနှင့်သင့်လျော်သော နေရာကောင်း အရပ်ကောင်းကို ရွေးချယ်၍ ဤပတိရူပ ဒေသဝါသ မင်္ဂလာနှင့်ညီအောင် ကြိုးစားကြကုန်ရာသတည်း။

# ၅။ ပုဗ္ဗေစ ကတပုညတာ မင်္ဂလာ

လုပ်သင့် လုပ်ထိုက်သော အလုပ်ကို လုပ်ကိုင်ပြီး ရှိရခြင်းသည် မင်္ဂလာမည်၏။

အစစအရာရာ အောင်မြင်တိုးတက်ခြင်းကို အလိုရှိသော သူသည် မိမိရည်မှန်းချက်နှင့် ပတ်သက်သော လုပ်ငန်းဆောင်တာ အမြာမြာကိုကို အချိန်မီပြီးစီးအောင် လုပ်ကိုင်နိုင်ရန် လိုအပ်ပေသည်။ လုပ်သင့် လုပ်ထိုက်သော အလုပ်ကို အချိန်မီ ပြီးစီးအောင် လုပ်ကိုင်ထားခြင်းသည် အောင်မြင်တိုးတက်ခြင်း၏ အကြောင်းဖြစ်၍ လုပ်သင့်လုပ်ထိုက်သော အလုပ်ကို အချိန်မီ ပြီးအောင် မလုပ်ခဲ့ခြင်းသည် ရှုံးနိမ့်ခြင်း၊ ဆုတ်ယုတ်ခြင်း၏ အကြောင်းပင် ဖြစ်ပေသည်။

## အချိန်မရွှေ့နှင့်

ယခု လုပ်ရမည့် အလုပ်ကို ယခုပဲ ပြီးအောင် လုပ်ရမည်။ နံနက်လုပ်ရမည့် အလုပ်ကို နံနက်မှာပင် ပြီးအောင် လုပ်ရမည်။ နေ့လယ်သို့ မရွှေ့မပြောင်းနှင့်။ နေ့လယ် လုပ်ရမည့် အလုပ်ကို နေ့လယ်မှာပင် ပြီးအောင် လုပ်ရမည်။ ညနေသို့ မရွှေ့မပြောင်းနှင့်။ အလုပ်ကို ဘယ်သောအခါမှ အချိန်မဆွဲနှင့်၊ အချိန်မရွှေ့နှင့်။ အလုပ်ကို အချိန်ဆွဲသူ၊ အချိန်ရွှေ့သူသည် နောင်တ တဖန် ပူပန်ရမည့်သူများဖြစ်ပေသည်။နောင်တဆိုသည်မှာ အလုပ်ကို အချိန်ရွှေ့သူ၊ အချိန်ဆွဲသူ၊ အချိန်မီပြီးအောင် မလုပ်သူတို့၏ ကိုယ်ပိုင်ပစ္စည်းပင် ဖြစ်ပေသည်။ အောင်မြင်တိုးတက်နေသူမှန်သမျှတို့သည် အလုပ်ကို အချိန်ရွှေ့သူ၊ အချိန်ဆွဲသူများ မဟုတ်ကြချေ။ လုပ်သင့်လုပ်ထိုက်သော အလုပ်ကို အချိန်မီပြီးအောင် လုပ်ကိုင်ထားသူများသာ ဖြစ်သည်။

သင်ခန်းစာများကို အချိန်ရှိစဉ် မလေ့လာ၊ မကျက်မှတ်၊ ကျက်သင့်သည်ကို မကျက်၊ တွက်သင့်သည်ကို မတွက်၊ နေ့မနား ညမအား အိမ်တကာ လျှောက်လည်၊ လမ်းတကာလျှောက်သွား၊ အပျော်အပါး အမော်အကြွားတွေနှင့် အချိန်ကိုဖြုန်း၊ တနှစ်လုံး ပေါ့ပေါ့ဆဆနေခဲ့ပြီး စာမေးပွဲနီးကာမှ ရေးကြီးသုတ်ပျာ ဟိုစာတွေဖတ်၊ ဒီစာတွေကြည့်၊ ဟိုစာဖတ်တော့ တတ်သလိုလို၊ ဒီစာကြည့်တော့ သိသလိုလို၊ အကျိုးမပြီး အအိပ်ပျက်၊ အစားပျက် ကြိုးစားသမျှ ဝန်နှင့်အား မမျှသဖြင့် ဘာမှ အဖတ်မတင်၊ စာမေးပွဲတွင်တွင်ကျရှုံး၍ ဘိုးဘိုးလဲကျသော ကျောင်းသားတို့သည် လုပ်သင့် လုပ်ထိုက်သော အလုပ်ကို အချိန်မီပြီးအောင် မလုပ်ခဲ့သူများပင် ဖြစ်သည်။

စောစောကပင် ကြိုတင်ပြီးစီးအောင် လုပ်သင့်လုပ်ထိုက်သော အလုပ်ကို လုပ်ကိုင်ထားသင့်ပါလျက် ရေငတ်မှ ရေတွင်းတူးသကဲ့သို့ ကိစ္စတခု ကြုံခါနီးခါမှ ပျာယီးပျာယာ ဗျာပါရှုပ်ထွေး ဟိုပြေး သည်လွှား၊အမောသားဖြစ်ရခြင်းသည် အလွန် မင်္ဂလာ မရှိသော လုပ်ငန်း ဖြစ်ပေသည်။ ထို့ကြောင့် လုပ်သင့် လုပ်ထိုက်သော အလုပ်ကို အချိန်မရွှေ့ပါနှင့်၊ ယခုပင် ပြီးအောင် လုပ်ပါလေ။

## သမ္ပဒါတရား (၄) ပါး

သမ္ပဒါ ဟူသော စကားမှာ ပြည့်စုံရမည့် တရားဟူ၍ အဓိပ္ပာယ်ရှိပေသည်။ အဘယ်သူတို့ ပြည့်စုံရမည့် တရားပေနည်းဟု မေးဖွယ်ရှိသည်။ ချမ်းသာ ကြီးပွားခြင်း၊ အောင်မြင်တိုးတက်ခြင်းကို အလိုရှိသူတိုင်း ပြည့်စုံရမည့် တရားပင် ဖြစ်ပေသည်။ တနည်းအားဖြင့် လူ့ဘောင် လူ့လောကတွင် လူချင်းတူတူ၊ သူချင်းမျှမျှ လူစဉ်မီမီ စားလို ဝတ်လို နေထိုင်လိုသူများ ပြည့်စုံရမည့် တရားပင် ဖြစ်သည်။

သမ္ပဒါတရား လေးပါးမှာ–

၁။ ဥဋ္ဌာန သမ္ပဒါ = ထကြွနိုးကြား ကြိုးစားမှုနှင့် ပြည့်စုံခြင်း။

၂။ အာရက္ခ သမ္ပဒါ = ထိန်းသိမ်း စုဆောင်းမှုနှင့် ပြည့်စုံခြင်း။

၃။ သမဇီဝိတတာ သမ္ပဒါ = ချွေတာခြိုးခြံမှုနှင့် ပြည့်စုံခြင်း။

၄။ ကလျာဏမိတ္တတာ သမ္ပဒါ = အဆွေခင်ပွန်းကောင်းနှင့် ပြည့်စုံခြင်း

တို့ဖြစ်သည်။

## ၁။ ဥဋ္ဌာန သမ္ပဒါ

ထကြွနိုးကြား ကြိုးစားမှုဆိုသည်မှာ သတိနှင့် ဝီရိယပင် ဖြစ်ပေသည်။ မိမိလုပ်ကိုင်ရမည့် လုပ်ငန်းဆောင်တာများကို သူတပါးက နှိုးဆော်ရခြင်း၊ တိုက်တွန်းရခြင်း မပြုရအောင် နိုးနိုးကြားကြား ရှိရမည်။ မိမိ၏ အလုပ် တာဝန်ကို သူတပါးက ခဏခဏနှိုးဆော် သတိပေးနေရလျှင် ဘယ်တော့မှ မကောင်း။ အလုပ်တခုလုပ်ကိုင်လျှင် စေတနာကောင်းပါရမည်။ အစမှ အဆုံးတိုင် ပြီးစီးအောင်လုပ်ရမည်။ မိမိလုပ်ကိုင်ခဲ့သော လုပ်ငန်းကို သူတပါး တို့က ထပ်မံဖြည့်စွက်ပေးရခြင်း၊ ပြင်ဆင်ပေးရခြင်းများ မရှိအောင် လုပ်ရ မည်။ အမှိုက်လှည်းတော့မည်ဆိုလျှင် ပြောင်စင်အောင် လှည်းပါ။ လှည်း ပြီးလျှင် တပါတည်းကျုံးပစ်ပါ။ ကျုံးပြီးလျှင် အမှိုက်လှည်းရာ၌ အသုံးပြု သော ပစ္စည်းများကို သူ့နေရာနှင့်သူ အရောက် ပြန်လည်သိမ်းဆည်းထား ပါ။ အဝတ်လျှော်လျှင် ဖြူစင်အောင် လျှော်ပါ။ လျှော်ပြီးလျှင် ဆပ်ပြာခဲ၊ ရေပုံး ရေခွက် စသည်များကို သူ့နေရာနှင့်သူ အရောက်ပြန်လည် သိမ်း ဆည်းထားပါ။ အဝတ်များ ခြောက်လျှင် ရုပ်သိမ်း၍ စနစ်တကျ ခေါက် ထားပါ။ ဘယ်အရာကိုပဲလုပ်လုပ် အစ အလယ် အဆုံး စေတနာကောင်းနှင့် လုပ်ပါ။ စနစ်တကျ လုပ်ပါ။ ပြီးအောင်လုပ်ပါ။ အချိန်မှန်မှန် လုပ်ပါ။ အလုပ်တခုကို စိတ်ပါသောအခါ ပါသလို ပြင်းပြင်းထန်ထန်၊ နွားပျင်းလန့် သကဲ့သို့ လုပ်၍၊ စိတ်မပါသောအခါ မပါသလို ပေါ့ပေါ့ဆဆ မလုပ်ရ။ လုပ်ကိုင်ရမည့်တာဝန်ကို အချိန်မှန်မှန် တိတိကျကျလုပ်ရမည်။ တဖန်ဆိုဖွယ် ရှိသေးသည်မှာ အလုပ် လုပ်ကိုင်သောအခါ အခြားအလုပ် မလုပ်ပဲ နေသူ များကို 'ငါကတော့ လုပ်လိုက်ရတာ၊ သူတို့ကတော့ ထိုင်လို့ သော်ကြော့ပဲ နေကြတယ်၊ နေရာတကာ ငါချည်းပဲ' ဟုကြေးတန်းမတိုက်ရ၊ မတွက်ကပ်ရ။ အလုပ်လုပ်ခြင်း မှန်သမျှသည် သူတပါးအတွက် လုပ်ပေးရသော အလုပ် ဟူ၍ မရှိချေ။

**မင်္ဂလာ လယ်သမား**

ထွန်ယက်ချိန်တွင် ထွန်ယက်ခြင်း၊ စိုက်ပျိုးချိန်တွင် စိုက်ပျိုးခြင်း၊ ပေါင်းသင်ချိန်တွင် ပေါင်းသင်ခြင်း၊ ရိတ်သိမ်းချိန်တွင် ရိတ်သိမ်းခြင်း၊ မိမိကိစ္စမှန်သမျှ အချိန်မီပြီးစီးအောင် ပြုလုပ်ထားသဖြင့် နွားများကလည်း ဝဝဖြိုးဖြိုး ကျန်းကျန်းမာမာ ၊ ကလေးများကလည်း ဝဝဖြိုးဖြိုး ကျန်းကျန်းမာမာ၊ နွားအတွက် ရိက္ခာကလည်း အဆင်သင့်၊ လူ့အတွက် ရိက္ခာကလည်း အဆင်သင့်၊ နောင်တနှစ်အတွက် မျိုးရိက္ခာကလည်း အဆင်သင့်၊ လှည်းကလည်း သပ်သပ်ရပ်ရပ် ခိုင်ခိုင်ခံ့ခံ့၊ လယ်လုပ် ကိရိယာများ ကလည်း ပြည့်ပြည့်စုံစုံ၊ လှည်းဦးက စိုက်ထားတဲ့ ခါးမကြီးကလည်း အသွားထက်ထက်၊ ပြုဖွယ်ကိစ္စမှန်သမျှ ပြုပြီးရှိနေသဖြင့် အစစအရာရာ ကျက်သရေရှိတော့သည်။

မိမိ၏ ပြုဖွယ်ကိစ္စကို ပြည့်စုံအောင် မလုပ်ခဲ့သော အမင်္ဂလာ လယ်သမားမှာမူ သူများတကာ ထွန်ယက်ပြီးမှ ထွန်တုံးပြင်၊ သူများကကာစိုက်ပျိုးပြီးမှ နွားချေးချ၊ လှည်းကလည်း လှည်းချင်းမတူ၊ တချူချူ တချာချာနှင့် မောင်းသွားလျှင် တလမ်းလုံး တဂျီဂျီနှင့် မြည်သာ မြည်တော့သည်။ နွားကလည်း နွားချင်းမတူ၊ လူကလည်း လူချင်းမတူ၊ ဘဏ်ချေးငွေ ကြက်ပွဲတွင်ရှုံးခဲ့သဖြင့် မျိုးဝယ်ရန် လုံးလုံးမရှိ၍ ဟိုပြေး သည်လွှား၊ ကိုယ်လုပ်သမျှ ကိုယ်မစားရပဲ အားလုံး သူများအတွက် ဖြစ်ကာ မင်္ဂလာကင်းမဲ့၍ နေတော့သည်။

**မင်္ဂလာ အလုပ်သမား**

အလုပ်ခွင်မှ လက်နက် ကိရိယာများကလည်း ထက်ထက် မြက်မြက်၊ တောက်တောက် ပြောင်ပြောင်၊ ထားသိုပုံကလည်း သူ့နေရာနှင့်သူ သပ်သပ် ရပ်ရပ်၊ အလုပ်ခွင်ပတ်ဝန်းကျင် ကလည်း သန့်သန့်ရှင်းရှင်း၊ ဖွယ်ဖွယ်ရာရာ၊ လက်ရာကလည်း ကောင်းကောင်းမွန်မွန်၊ လုပ်သင့် လုပ်ထိုက်သော အလုပ်ကို ပြီးစီးအောင် လုပ်ကိုင်ခဲ့သဖြင့် အစစအရာရာ မင်္ဂလာရှိလှပေသည်။

အမင်္ဂလာအလုပ်သမားမှာမူ အလုပ်ခွင်ကလည်း ရှုပ်ရှုပ်ပွေပွေ၊ လုပ်ကိုင်ထားသည်ကလည်းမသေမသပ်၊သူတပါးထံမှ စူး ဆောက်ငှားသုံး၍အချိန်မီပြန်မပို့သဖြင့် အပြစ်တင်ခံရသည်ကလည်း တမျိုး၊ အလုပ် အချိန်မီ မပြီး၍

နားပူခံရသည်ကလည်း တစာစာ၊ လက်ရာမကောင်း၍ အပြစ်တင်ခံရသည် ကလည်း ခဏခဏနှင့် အစစအရာရာ စိတ်ရှုပ်ဖွယ်ရာ ကောင်းတော့သည်။ ကိုယ့်ဟာ ကိုယ့်ဟာမှန်းမသိ၊ သူ့ဟာ သူ့ဟာမှန်းမသိ၊ တူနှင့် ထုရမည့် အလုပ် ပလာယာနှင့်ရိုက်၊ စည်းစနစ်ဆိုသမျှ ဝေးလာဝေး၊ ထိုလူမျိုးကို ချမ်းသာအောင် ဘယ်ဆေးနှင့်မှ ကု၍ ရမည် မဟုတ်ချေ။

## မင်္ဂလာ အိမ်ရှင်မ

အိမ်မှုကိစ္စ မှန်သမျှ ထထကြွကြွ လုပ်ရမည်။ ကိုယ်တိုင်လုပ်လျှင်လည်း စည်းကမ်းတကျ လုပ်ရမည်။ သူတပါးခိုင်းလျှင်လည်း စည်းကမ်း တကျ ခိုင်းရမည်။ ဟိုလည် ဒီသွား စကားများ၍ တဟားဟား လုပ်မနေရ။ ညည်းညည်းညူညူအပျင်းမထူရ။ ကိုယ့်လင် ကိုယ့်သားအကြောင်း မကောင်း မပြောရ။ အစစအရာရာ စောင့်စည်းမှု ရှိရမည်။

အိမ်ရှင်မတဦးအတွက် အားလပ်သော အချိန်ဟူ၍ မရှိချေ။ တစုံတခု ပြုလုပ်နေလျှင် အကျိုးရှိမည်သာ ဖြစ်သည်။ ကိုယ့်လင် ကိုယ့်သားက ပြည့် ပြည့်စုံစုံထားသည်ဟူ၍ အလကား မနေပါနှင့်။ ပေါသည် များသည်ဟူ၍ တအား မဖြုန်းပါနှင့်။ စည်းစနစ် ရှိရသည်။ စီးပွားရေး ပြည့်စုံလျှင် လည်း ပြည့်စုံသလို၊ မပြည့်စုံလျှင်လည်း မပြည့်စုံသလို၊ ကိုယ့်အိမ် တာဝန် ကို ကျေပွန်အောင် ထမ်းကြရမည်။ အိမ်တွင်း အိမ်ပြင် သန့်သန့်ရှင်းရှင်း ရှိရမည်။ မီးဖိုချောင်မှာလည်း မီးဖိုချောင်အလိုက်၊ ပန်းကန် အိုးခွက်များ သူ့နေရာနှင့်သူ သပ်သပ်ရပ်ရပ်ထားရသည်။ဖုံးထားရမည့်အရာကို ဖုံးထား၍ အုပ်ထားရမည့်အရာကို အုပ်ထားရမည်။ အိမ်ထောင်ပစ္စည်းရှိသမျှအားလုံး သပ်သပ်ရပ်ရပ် သူ့နေရာနှင့်သူ ထားရသည်။

အပျင်းထူလှသည့် အမင်္ဂလာအိမ်ရှင်မများမှာ ထမင်းအိုး ပွက်ခါမှ ယောက်ချရှာ၊ မတွေ့တော့ သူတပါးအပြစ်တင်၊ အိုးပူ ခွက်ပူ ကိုင်ရခါနီးမှ လက်နှီး လက်ခုရှာ၊ ကပျာကယာကိုင်တော့ လက်ကပူ၊ ပူတော့သူများဆဲ၊ တအိမ်လုံး အသုံးမကျဘူးပြော၊ ငရုတ်သီးကြက်စား၊ ဟင်းအိုး ခွေးနှိုက်၊ ငံပြာရည် ပုလင်းထဲ ပိုးဟပ်တွေ ပုရစ်တွေကျ၊ ထမင်းသိုး ဟင်းသိုးများ ကလည်း ဟိုပန်းကန်ထဲ တဝက် တပျက်၊ ဒီပန်းကန်ထဲ တဝက် တပျက် ရှုပ်ယှက်ခတ် ဗရပွေဖြင့် ကျက်သရေကင်းတော့သည်။

အိပ်ခန်းထဲမှာလည်း ထီးစုတ်၊ ဖိနပ်စုတ်၊ အဝတ်စုတ်ဖြင့် ရှုပ်ရှုပ်ပွေပွေ၊ အဝတ်ဟောင်းတွေကလည်း နေရာတကာ အပုံအပုံ၊ ထမီစုတ်နှင့်တိုပတ်ပဝါ၊ သနပ်ခါးတုံးနှင့် ခုံဖိနပ်တို့မှာလည်း ကျောက်ပျဉ်နား ဖရိုဖရဲ၊ ကိုယ့်မျက်နှာလေးနှင့် ကိုယ့်ကိုယ်လေးကိုတော့ ကြော့ကြော့မော့မော့ပြင်၊ ကိုယ်ယဉ်ဖို့ ကိုယ်လှဖို့သာ လုံးပမ်း၍ တအိမ်လုံး ပစ်စလက်ခတ်ထားသော ထိုအိမ်ရှင်မမျိုးကို လင်လုပ်နေရသော ယောကျ်ားလေးကံသနားစရာကောင်းသော သတ္တဝါဟူ၍ လောကတွင် မရှိတော့ချေ။

လူ့လောကတွင် လူလိုနေနိုင်ရန် အတွက် အရာခပ်သိမ်း ထထကြွကြွနိုးနိုးကြားကြားရှိရမည်။ အရာခပ်သိမ်း ထထကြွကြွရှိသော ထိုသူ့ထံသို့ဆင်းရဲဒုက္ခဆိုသည်မှာ ဘယ်သောအခါမှ မသိနိုင် မကပ်နိုင်ချေ။

## ၂။ အာရက္ခ သမ္ပဒါ

ရရှိလာသော စီးပွားဥစ္စာတို့ကို အဖတ်တင်အောင် စုတတ်၊ ဆောင်းတတ်၊ ထိန်းသိမ်းတတ်ရမည်။ 'ချကိုပုံထား၊ ပျားကိုပုံပြု၊ ပမာရှု၍၊ ကုသိုလ်ဥစ္စာ၊ တတ်ပညာကို ကောင်းစွာ ဆည်းထွေ၊ စုတတ်စေလော့' ဟူသကဲ့သို့ရလာသမျှထဲက အနည်းငယ်ပင်ဖြစ်ဖြစ် အဖတ်တင်အောင် စုဆောင်း ထိန်းသိမ်း နိုင်ရမည်။

### စီးတဲ့ရေ ဆယ်တဲ့ ကန်သင်း

လူတိုင်း လူတိုင်းပင် နေ့စဉ် ဝင်ငွေ အများအပြား ရရှိလျှင် ချမ်းသာလိမ့်မည်ဟုထင်မှတ်ကြသည်။ ထို့ကြောင့် နေ့စဉ်နေ့တိုင်း ဝင်ငွေ အများအပြားရှိရန် ကြိုးပမ်းအားထုတ်နေကြပေသည်။ ကြိုးပမ်းသလောက် ဝင်ငွေအများအပြားရရှိသူလည်း ရှိကြပေသည်။ သို့ရာတွင် ထိုသူတိုင်း မချမ်းသာကြချေ။ ထို့ကြောင့် နေ့စဉ်ဝင်ငွေ အများအပြားရရှိမှ ချမ်းသာလိမ့်မည်ဟု မမှတ်သင့်။ ဝင်လာသမျှ မကုန်အောင် ထိန်းသိမ်းနိုင်မှ ချမ်းသာမည်ဟု မှတ်ရမည်။ များများပင် ဝင်သော်လည်း နည်းနည်းမှ အဖတ်မတင်လျှင် ချမ်းသာမည် မဟုတ်။ နည်းနည်းပင် ဝင်သော်လည်း နည်းနည်း အဖတ်တင်လျှင် ချမ်းသာတော့သည်သာ။

ရေကန်တခုတွင် ကန်သင်းဘောင်က ထိန်းသိမ်းနိုင်သော စွမ်းအားထက်ရေအလွန်များစွာ ဝင်လာလျှင် နဂိုမူလ ကန်ပင် ပျက်စီးတတ် သကဲ့သို့

စည်းစနစ်မရှိသော သူတို့ထံတွင် ဝင်လာသော ဝင်ငွေများသည် ပျက်စီးဖို့သာ ဖြစ်ချေသည်။ မိုးသည်းထန်သောအခါ ချောင်းကြီး မြောင်းကြီးများ ကမ်းလုံးပြည့် စီးဆင်းလာသည်ကို မြင်ဘူးကြပေလိမ့်မည်။ ကမ်းလုံးပြည့်မျှ တဝေါဝေါ စီးဆင်းလာသော ရေများမှာ ကုန်စင်နိုင်ဖွယ်ရာပင် မရှိချေ။ သို့တစေ မိုးစဲသောအခါ ရေဟူ၍ မကျန်တော့ပဲ မိုးလည်းပျောက် ရေလည်း ခြောက်တော့သည်။ ကန်သင်းဘောင် မရှိပဲ ရေအများကြီး စီးဆင်းလာခြင်းသည် ဘာအကျိုးမှ မရှိချေ။

အညာမြေတွင် နှစ်လုံးပေါက် အသုံးပြုရသော ရေကန်ကြီးများ ရှိကြသည်။ ထိုရေကန်ကြီးများ အတွင်းသို့ ရေများ စီးဆင်းဝင်ရောက်လာသော မြောင်းများမှာ အထက်ပါ ချောင်းကြီးများနှင့် စာလျှင် အလွန်ပင် သေးငယ်လှပေသည်။ သို့ရာတွင် ကန်သင်းဘောင်ဖြင့် ခိုင်ခိုင်ဖြိုးဖြိုး တားဆီးထားသဖြင့် ဝင်လာသမျှ မထွက်ရသောကြောင့် ရေမကန်ကြီးများ ဖြစ်နေခြင်း ဖြစ်ပေသည်။

ထို့ကြောင့် ချမ်းသာကြီးပွားရန် နေ့စဉ်ဝင်ငွေ အများအပြား ရှိဖို့ထက် ဝင်သမျှ မကုန်ဖို့က အရေးကြီးသည်။

စည်းစနစ်မရှိသူများအတွက်နေ့စဉ်ဝင်ငွေအများအပြားရှိလာခြင်းသည် ပျက်စီးရန် အတွက်သာ ဖြစ်သည်။

ဝင်ငွေများများရှိလာလျှင် စည်းစနစ်ကို အထူးသတိပြု၍ အရေးတကြီး လိုက်နာကျင့်သုံးရန် လိုသည်။

## ၃။ သမဇီဝိတတာ သမ္ပဒါ

ထိန်းသိမ်းစုဆောင်းရမည်ဆို၍ မစားမသောက် မသုံးမစွဲပဲ ဆင်းရဲခံ၍ နေရမည်။ မလှူမဒါန်း မပေးမကမ်းပဲ ကပ်စေးနှဲကော်တရာ လုပ်ရမည်ဟူ၍ မမှတ်ရ။ မိမိရရှိလာသော ဝင်ငွေနှင့် ထိုက်တန်အောင်၊ သင့်လျော်အောင် စားသောက် ဝတ်ဆင်ခြင်း၊ လှူဒါန်းပေးကမ်းခြင်းများ ပြုလုပ်ရသည်။ သေရာပါတော့မလို ကုတ်ကုတ်ကတ်ကတ် စွဲစွဲလမ်းလမ်းကြီး လုပ်မနေရ။ မကုန်သင့်ပဲ မကုန်အောင်၊ မခန်းသင့်ပဲ မခန်းအောင် သတိပြုရမည်။ ဥစ္စာ ပစ္စည်း စုဆောင်းရခြင်းသည် စားရေး ဝတ်ရေး လှူဒါန်း

ပေးကမ်းရေးအတွက် ဖြစ်ရာ ဥစ္စာ စုဆောင်းမိအောင်ဟူ၍ မစား မသောက် မဝတ် မဆင် မလှူမဒါန်းပဲ မပေးမကမ်း နေခြင်းသည် အဓိပ္ပာယ်မရှိသော လုပ်ငန်းပင်ဖြစ်သည်။ ကိုယ့်ဘဝ ကိုယ့်အခြေအနေနှင့် လိုက်ဖက်အောင် မျှမျှတတ အသုံးပြုတတ်ဖို့ ချွေတာ ခြိုးခြံတတ်ဖို့သာ ဤသမဇီဝိတတာ သမ္ပဒါ၏ လိုရင်းအချက် ဖြစ်ပေသည်။

## ၄။ ကလျာဏမိတ္တတာ သမ္ပဒါ

အဆွေခင်ပွန်းကောင်း ရှိဖို့လိုသည်။ အဆွေခင်ပွန်းကောင်းရှိရန် အရေးကြီးသည်။ ထို့ထက် အဆွေခင်ပွန်းကောင်းရှာတတ်ဖို့က ပို၍ အရေးကြီးသည်။ အဆွေခင်ပွန်းကောင်း ရှာသည်ဆိုရာ၌ ဖာတလုံးခေါင်းကျားဝတ္ထုထဲမှာကဲ့သို့ ခေါင်းကိုလေးကွက်ကြားရိတ်၍ ဖာတလုံး ထမ်းကာ ရှာရိုးလျှောက်ရှာရသည်ဟု မမှတ်ရ။ မိမိအတွက် မိတ်ဆွေကောင်း ရလိုလျှင် မိမိကိုယ်တိုင်က သူတပါးတို့၏ မိတ်ဆွေကောင်း ဖြစ်အောင် နေတတ် ထိုင်တတ်ဖို့လိုသည်။ လေးစားလောက်သော ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာ ရှိဖို့လိုသည်။ ကိုယ်တိုင်က ကိုယ်ကျင့်တရား ပျက်သူ ဖြစ်နေလျှင် မည်သည့် ကိုယ်ကျင့်တရားကောင်းသူကမျှ ပေါင်းသင်းဆက်ဆံလိုကြမည် မဟုတ်။ သူတော်ကောင်းနှင့်ပေါင်းသင်းလိုလျှင် ကိုယ်တိုင်က သူတော်ကောင်း ဖြစ်အောင် ကြိုးစားရမည်။ သူမိုက်ကို ဘယ် ပညာရှိကမှ ပေါင်းသင်း ဆက်ဆံချင်ကြမည် မဟုတ်။

လောကသည် ရောနှောနေသော အသွင်ရှိသော်လည်း စင်စစ်မှာ တူရာတူရာ၌သာ စုပေါင်းလျက်ရှိကြသည်။ စားကျက်တခုတွင် ကျီးရော ခိုရော ဇရက်ရော စာကလေးပါ အရောရော အနှောနှော စားသောက်နေကြသော်လည်း ညအိပ်တန်း တက်သောအခါ ကျီးများကလည်း ကျီးအုပ်စုနှင့်ကျီး၊ ခိုများကလည်း ခိုအုပ်စုနှင့် ခို၊ ဇရက်များကလည်း ဇရက်အုပ်စုနှင့် ဇရက်၊ စာကလေးကလည်း စာကလေးအုပ်စုနှင့် စာကလေး အကန့်လိုက် အကန့်လိုက် တသီးတသန့်စီ စုဝေးနေကြသည်။ သက်ရှိများသာမဟုတ် သက်မဲ့များမှာလည်း ဤနည်းနှင်နှင် ဖြစ်ပေသည်။ မြစ်ရေများကြီးသောအခါ အားလုံး အရောရောအနှောနှော ဖြစ်နေသော်လည်း မြစ်ရေကျသွားသောအခါ သဲကလည်း သဲသပ်သပ်၊ ခဲကလည်း ခဲသပ်သပ်၊ မြေနုကလည်း မြေနုသပ်သပ်၊ သဲမှာလည်း သဲကြမ်းက သဲကြမ်းသပ်သပ်၊ သဲနုက သဲနုသပ်သပ်၊ ခဲကလည်း အကြီးအငယ်အရွယ် အလတ် သူ့အစုနှင့်သူသာ စုဝေး

လျက်ရှိကြပေသည်။ ထို့ကြောင့် ရှေးပညာရှိများက အသင်မတူ အိမ်သူမဖြစ်၊ ချိုကုပ်ရှိရာ ချိုထောင်မလာ၊ ကန်ဘောင်ရိုး နွားကျိုးစု၊ ရတနာရှိရာ ရတနာစု ဟူ၍ ဆိုခဲ့ခြင်း ဖြစ်ပေသည်။

အဆွေခင်ပွန်းကောင်း အလိုရှိသော သူသည် အထက်ပါစကားတို့ကို အလေးအနက် စဉ်းစား၍ မိမိကိုယ်တိုင်က သူတပါးတို့၏ မိတ်ဆွေကောင်း ဖြစ်အောင် ကြိုးပမ်းရန် လိုအပ်ပေသည်။

ဤမျှ ဆိုလျှင် သမ္မာဒိဋ္ဌိတရား လေးပါးနှင့် စပ်လျဉ်း၍ သင့်လျော်လောက်ပေပြီ။

## လသာခိုက် ဗိုင်းငင်

လသာခိုက် ဗိုင်းငင်ရမည်။ မိုးလွန်မှ ထွန်ချသူ မဖြစ်စေရ။ ကြီးပွား တိုးတက်ရန် အခါကောင်း အခွင့်ကောင်းသည် အမြဲတမ်း ရှိနေသည် မဟုတ်။ သို့ရာတွင် အလုပ်လုပ်နေသူအတွက် အခါကောင်း အခွင့်ကောင်းသည် အကြောင်းအားလျော်စွာ ပေါ်ပေါက်လာစမြဲ ဖြစ်သည်။ ထိုအခွင့်အရေးကို လက်မလွှတ်စေရ။ အရအမိယူ၍ အကျိုးရှိအောင် အသုံးပြုတတ်ရသည်။ ထို့အပြင် အခါကောင်း အခွင့်ကောင်းသည် အလကား ရလာခြင်းမဟုတ် ကြိုးစားမှုက ဖြစ်ပေါ်လာသော အရာ ဖြစ်သည်။ အလကားနေသူအတွက် အခွင့်ကောင်း အခါကောင်းသည် မရှိချေ။

ဘောလုံးသမားတယောက်သည် မိမိထံသို့ ရောက်ရှိလာသော ဘောလုံးကို ဆိုင်းတွန့်ငံ့လင့်ခြင်း မရှိပဲ တဘက်သား၏ ဂိုးပေါက်သို့ တဟုန်တည်း ကန်သွင်းလိုက်သကဲ့သို့ ရရှိလာသော အခွင့်အရေးကို မိမိအတွက် အကျိုးရှိအောင် အသုံးပြုနိုင်စွမ်း ရှိရမည်။ ဘောလုံးသမားတဦးအတွက် အခွင့်ကောင်းသည် အလိုအလျောက် ဖြစ်ပေါ်လာသည်မဟုတ်၊ သူ့ဘက် ကိုယ့်ဘက် အကြိတ်အနယ် ယှဉ်ပြိုင်ပြီးမှ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။

ယခုအခါ အခွင့်ကောင်း အခါကောင်းကို လက်လွှတ်နေကြသော လူငယ်များစွာ ရှိနေပေသည်။ အလွန် နှမြောဖွယ် ကောင်းလှသည်။ အလွန် ဝမ်းနည်းဖွယ်ရာလည်း ကောင်းလှသည်။ မိဘများက ငါ့သား ငါ့သမီးများ ဆင်စီးလို့ မြင်းရံကြရမည်ဟူသော ရည်ရွယ်ချက်ဖြင့် ပညာတတ် သားသမီးများဖြစ်အောင် မိမိတို့အတွက် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲခံ၍ လိုအပ်

သော အကူအညီများကို ပြည့်စုံအောင် ပေးနေပါလျက် ပညာရေး စိတ်မဝင်စား ဟိုလည် ဒီသွားနှင့် အလကား အချိန်ဖြုန်းနေကြပေသည်။ တချို့မှာ အချိန်ဖြုန်းရုံသာ မကတော့ပဲ ဘဝပါ ဆုံးရှုံးအောင် မှောက်မှားလျက် ရှိနေကြပေသည်။ ထိုလူငယ်များအနေဖြင့် အချိန်ရှိခိုက် လုံ့လစိုက်၊ လသာခိုက် ဗိုင်းငင်၊ နောင်ခါ နောင်တ မရစေနှင့်ဟူသော စကားများကို သတိ ထားသင့်ကြသည်။ ကိုယ့်အတွက် သူတပါးက ကူပါလျက် ကိုယ်တိုင်က မကြိုးစားချင်လျှင် နောင်ခါနောင်တ ရလိမ့်မည်သာ ဖြစ်ပေသည်။ စင်မြေပြင် ရောက်ခါမှ သေနတ်ပစ် လေ့ကျင့်သော စစ်သားမိုက်ကဲ့သို့ လောကဓံ စစ်မြေပြင် ရောက်ခါမှ ကယောင်ကတမ်းနှင့် တောင်စမ်းမြောက်စမ်း ပရမ်းပတာ မှိုရာမရ လူ့လောကအလယ် မျက်နှာ ငယ်ကြရလိမ့်မည်။ မိဘနှစ်ပါး ရည်မှန်းခဲ့သော ဆင်စီး၍ မြင်းရံခြင်း ခံရအောင် မိဘနှစ်ပါး မလိုလားခဲ့သော ဆင်နင်း၍ မြင်းကန်ခြင်းနှင့် မကြုံရအောင် လသာခိုက် ဗိုင်းငင်ကြကုန်ရာ သတည်း။

## အကောင်းဆုံး စကားလုံးတခု

လောကတွင် မင်္ဂလာ အရှိဆုံးနှင့် အကောင်းဆုံး၊ အဖိုးတန်ဆုံး စကားလုံးတခု ရှိပေသည်။ ထိုစကားလုံးသည် အဘယ်သို့သော စကားလုံး ဖြစ်လေသနည်းဟူငြားအံ့။ ထိုစကားလုံးသည် မင်္ဂလာရှိသည်ဟူ၍ ပြောကြသော စကားလုံးများအနက်မှ၊ မင်္ဂလာအရှိဆုံး ကောင်းသည်၊ မြတ်သည်ဟူ၍ ပြောကြသော စကားလုံးများအနက်မှ အကောင်းဆုံး၊အမြတ်ဆုံး ဖြစ်ပေသည်။ ထိုစကားလုံးသည် အလုပ်ကို အချိန်ရွှေ့သူများ၊ အချိန်ဆွဲသူများ၊ လုံ့လဝီရိယ မရှိသူ လူဖျင်းလူညံ့များ၊ အပျင်းထူသူများ၊ အလုပ်နှင့် တာဝန်ကို ရင်ဆိုင်ရန် ကြောက်သူများ၊ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေတတ်သူများ၊ အကျဉ်းချုပ်အားဖြင့် လုပ်သင့်လုပ်ထိုက်သော အလု ကို အချိန်မီ ပြီးစီးအောင် မလုပ်ခဲ့သူများ၏ နှုတ်ဖျားမှ မည်သည့်အခါမှ ထွက်ပေါ်လာခြင်းမရှိချေ။ ထိုစကားလုံးကား အဘယ်နည်း။ 'ပြီးပြီ'ဟူသော စကားလုံး ဖြစ်ပေသည်။

ကျောင်းသားတယောက်အတွက် ကျက်စရာတွေ ကျက်ပြီးပြီ၊ တွက်စရာတွေ တွက်ပြီးပြီ၊ အလုပ်သမားတယောက်အတွက် လုပ်စရာရှိတာ လုပ်ပြီးပြီ၊ အိမ်ရှင်မတယောက်အတွက် ချက်စရာရှိတာ ချက်ပြီးပြီ၊ ဆေးစရာရှိတာ ဆေးပြီးပြီ၊ အဘယ်မျှ မင်္ဂလာ ရှိပါသနည်း။

မပြီးသေးဘူး၊ ကြိုးစားနေပါတယ်၊ ခဏစောင့်ပါအုံး၊ မကြာမီ ရပါလိမ့်မယ် စသော စကားများသည် အလွန် မင်္ဂလာမရှိသော စကားများဖြစ်သည်။ အပ်ချုပ်ဆရာတယောက်ကို အင်္ကျီ အပ်ထားသူက ကျွန်တော့်အင်္ကျီလေး ပြီးပြီလားဟု မေးလိုက်သောအခါ ပြီးပြီဟု ဖြေလိုက်ရခြင်းသည် အပ်ချုပ်ဆရာ၏ လျှာ တွင် မည် မျှ မင်္ဂလာ ရှိပါသနည်း။ ကြားရသော အင်္ကျီ အပ်ထားသူ၏ နားတွင်လည်း မည်မျှ မင်္ဂလာ ရှိ ပါ သ နည်း။ ဤအဖြေမျိုး နှုတ်ကထွက်နိုင်ဖို့ အရေးကြီးသည်။ဤအဖြေမျိုး မိမိနှုတ်က နည်းနည်း ထွက်နိုင်လျှင် နည်းနည်း ကြီးပွားမည်။ များများထွက်နိုင်လျှင် များများ ကြီးပွားမည်။

ဤစကားလုံးသည် လောကီ စီးပွားရေးများအတွက်သာလျှင် မဟုတ်၊ လောကုတ္တရာ စီးပွားရေးအတွက်လည်း အလွန် တန်ဖိုးရှိသော စကားတလုံး ဖြစ်ပေသည်။ မြတ်စွာဘုရားရှင် လွန်စွာ ချီးမွမ်း၍ ဝမ်းမြောက်တသာသာ ဆိုခဲ့သော စကားလည်း ဖြစ်ပေသည်။

ခီဏာဇာတိ ဝုသိတံ ဗြဟ္မစရိယံ ကတံ ကရဏီယံ
နာပရံ ဣတ္တတ္တာယာတိ။

ပဋိသန္ဓေနေမှု ကုန်ပြီ။ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ။ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ။ မင်္ဂလာကိစ္စ အလို့ငှာ နောင်တဖန် ပြုဖွယ် မရှိတော့ပြီ။

အလွန် ကျက်သရေရှိသော မင်္ဂလာစကားကြီး ဖြစ်ပေသည်။ဤစကားကို မိမိတို့ နှုတ်ဖျားမှ ထွက်နိုင်အောင် ကြိုးစားကြမှ သံသရာ ဒုက္ခဘေးက အေးချမ်းမည်။

ဤပုဗ္ဗေစ ကတပုညတာ မင်္ဂလာ၌ ပုဗ္ဗေစဟူသော စကားကို ရှေးရှေးသော ဘဝများဟူ၍ အဓိပ္ပာယ်ယူလျက် ပုဗ္ဗေစ ကတပုညတာကို ရှေးရှေးသော ဘဝများက ပြုခဲ့ဘူးသော ကောင်းမှုရှိခြင်းဟု ဆိုကြပေသည်။ ဤမင်္ဂလာစာအုပ်တွင်မူ ယခု ပစ္စုပ္ပန် ခဏမှ ပြီးခဲ့လေသော အတိတ်ကာလ အားလုံးကို ယူထားပေသည်၊ ရှေးရှေးသော ဘဝများက ပြုခဲ့ဘူးသော ကောင်းမှုဟု ဆိုလျှင် ဤမင်္ဂလာတရားသည် ယခုဘဝ၌ ပြုဖွယ်ကိစ္စ မရှိတော့ပြီဖြစ်၍ အကျိုး မင်္ဂလာသာလျှင် ဖြစ်လေရာ၏။ အဟုတ်သော်တမူ ဤမင်္ဂလာသည် အကြောင်းမင်္ဂလာသာ ဖြစ်ချေသည်။

ထို့ကြောင့် ဤမင်္ဂလာတွင် ရှေးရှေးသော ဘဝများက ဆည်းပူး ဖြည့်ကျင့်ခဲ့သော ကောင်းမှုဟူသော အကြောင်းတရားများနှင့် ယခုဘဝတွင်

ကိစ္စတခုအတွက် လုပ်သင့်လုပ်ထိုက်သော အလုပ်ကို အချိန်မီ လုပ်ကိုင် ပြီးစီးခြင်းဟူသော အကြောင်းကိုလည်း ယူမှသင့်မည်။ သို့ဖြစ်၍ အတိတ်ဘဝက အကြောင်းနှင့် ပစ္စုပ္ပန်ဘဝက အကြောင်း နှစ်ပါးလုံးကို ဤ မင်္ဂလာ၌ အလို ရှိအပ်ပေသည်။

အတိတ်ဘဝ အကြောင်းဆိုသည်မှာ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ပြီးခဲ့လေပြီ။ ပြီးတာ ပြီးပါစေတော့ ဟူသော စကားအတိုင်း ပြီးတာ ပြီးသည့်အတိုင်းသာလျှင် ထားကြရတော့မည်။ ပြုပြင် ပြောင်းလဲ၍ ရစကောင်းသော တရားလည်း မဟုတ်ချေ။ သို့ဖြစ်၍ လူမွဲတို့၏ သားသမီးဖြစ်ကာမျှနှင့် ငါ့တွင် ရှေးက ကုသိုလ်ကံနည်း၍ လူမွဲတို့သားသမီး ဖြစ်ရသည်ဟူ၍ စိတ်ပျက် အားငယ်မနေပဲ လုံ့လပညာ အလိမ္မာတို့ဖြင့် လူချမ်းသာဖြစ်အောင် ကြိုးစား အားထုတ်ကြရမည်။ ယင်းသို့ တိုးတက်ရန် အားထုတ်ခြင်းသည်ပင်လျှင် ပစ္စုပ္ပန်အကြောင်း မည်တော့သည်။ ပြီးခဲ့သောဘဝများက ကောင်းမှုရှိသည်၊ မရှိသည်ကို ပြန်လည် တွေးတော၍ စိတ်မောနေကြရန် မဟုတ်။ ကံမကောင်းလျှင် ကံဆင့်၊ ကံဆင့်တော့ ကံမြင့်သည် ဟူသကဲ့သို့ ရှေးက ကောင်းခဲ့သည်ဖြစ်စေ၊ မကောင်းခဲ့သည်ဖြစ်စေ ယခုကစ၍ နောင် ကောင်းအောင် ဘယ်နည်းနှင့်ပဲ ဖြစ်ဖြစ် အားထုတ်ကြရမည်။

ထို့ကြောင့် ခုခေတ် နောင်ပါ လောကီ လောကုတ္တရာ ချမ်းသာစီးပွားကို အလိုရှိကြကုန်သော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည် လုပ်သင့်လုပ်ထိုက်သော အလုပ်ကို အချိန်မီ ပြီးစီးအောင် လုပ်ကြကုန်ရာသည်။

# ၆။ အတ္တသမ္မာ ပဏိဓိ မင်္ဂလာ

မိမိစိတ်ကို ကောင်းစွာ ထိန်းသိမ်းရခြင်းသည် မင်္ဂလာမည်၏။

ဤ မင်္ဂလာကို လယ်တီ ဆရာတော်ဘုရားကြီးက မိမိစိတ်ကို အလိုမလိုက်၊ ဒုစရိုက်သို့ လိုက်ခွင့်မပေး၊ ယဉ်ကျေးလိမ္မာ ကောင်းမြတ်ရာ၌သာလျှင်၊ ကောင်းစွာ ခိုင်ကျည်၊ အမြဲ တည်စေရခြင်းဟူ၍ ဖွင့်ဆိုတော် မူခဲ့သည်။

ချမ်းသာ ကြီးပွားလိုသူ၊ အောင်မြင်တိုးတက်လိုသူ မှန်သမျှသည် စိတ်ကို အလိုလိုက်၍ မဖြစ်ချေ။ စိတ်ကို နိုင်နင်းအောင် ထိန်းသိမ်းနိုင်ကြရမည်။ စိတ်သည် မကောင်းသော အာရုံ၌ ငင်စားတတ်သည်။ မကောင်းသော အာရုံ၌ ပျော်ပါးတတ်သည်။ မကောင်းသောအာရုံသို့ ဆွဲဆောင်တတ်သည်။ အစား ကောင်း စားချင်အောင်၊ အဝတ်ကောင်း ဝတ်ချင်အောင်၊ အနေ ကောင်း နေချင်အောင်၊ အပျော်ကြီး ပျော်ချင်အောင် လေ့ကျင့် သင်ကြား ပေးရန် မလိုချေ။ ထိုစိတ်ကို အစားကောင်း စားနိုင်အောင်၊ အဝတ် ကောင်း ဝတ်နိုင်အောင် အနေကောင်း နေနိုင်အောင်၊ အပျော်ကြီး ပျော် နိုင်အောင် အလုပ်လုပ်ဖို့ကိုသာ လေ့ကျင့် သင်ကြားပေးရန် လိုပေသည်။ မှန်၏။ စိတ်ကို တည်ငြိမ်အောင် လေ့ကျင့် ပေးကြလိမ့်မည်။ အလိုလိုက်၍ မဖြစ်ချေ။ လောက၌ တွေ့ကြုံနေရသော ဆင်းရဲ မှန်သမျှတို့သည် စိတ်ကို အလိုလိုက်ခြင်းကြောင့် ဖြစ်သော ဆင်းရဲခြင်းများသာ ဖြစ်ပေသည်။

စာမေးပွဲ တဘုံးဘုံးကျနေသော ကျောင်းသားများ၊ အရက်သမား၊ ဘိန်းစား၊ ကစားသမားဘဝဖြင့် လူညွန့် လူစ တုံးနေသူများ၊ ရာဇဝတ် ဘေးဒဏ် ခံနေရသူများ၊ စီးပွားရေး ပညာရေး လူမှုရေး ကျန်းမာရေး ဘာသာရေး အရေးမှန်သမျှ အောက်ကျ နောက်ကျ ဖြစ်နေသူများသည် စိတ်ကို အလိုလိုက်သူများသာ ဖြစ်ပေသည်။ အဘက်ဘက်မှ အောင်မြင်တိုး တက်နေသူများသည် စိတ်ကို ထိန်းသိမ်းနိုင်သူများ၊ စိတ်ကို အလိုလိုက်သူ များသာ ဖြစ်ပေသည်။

## မပျင်းပါနှင့်

အလုပ် မလုပ်ချင်သူမှန်သမျှ အလုပ် အများဆုံး လုပ်ကြရသည်။ အချောင်ကြိုက်သူတိုင်း အကျပ်တွေ့ကြသည်။ ပျင်းလျှင် ဆင်းရဲမည်။ ဆင်း ရဲလျှင် အလုပ် များများ လုပ်ရမည်။ လူသားတို့၏ အဆိုးရွားဆုံးသော ရန်သူသည် ပျင်းရိခြင်းပင် ဖြစ်သည်။ အဘက်ဘက်မှ ကျဆုံး၍ လူလုံးမလှ ဖြစ်နေသော သူများ၏ လာခဲ့သောလမ်းကို စစ်တမ်းထုပ်လျှင် ပျင်းရိခြင်း တခုတည်းကိုသာ တွေ့ရမည်။ အလုပ်တခုကို မလုပ်မိက စဉ်းစား၍ ပျင်း နေရခြင်းထက် လက်တွေ့ထ၍ လုပ်လိုက်ရခြင်းက ပို၍သက်သာသည်။ အပျင်း ဆိုသည်မှာ အပျော်ကြိုက်သူများအတွက် ဖြစ်သည်။ အပျော်မကြိုက်သူ များအတွက် အပျင်းဆိုသော စကားလုံးမရှိချေ။ ပွဲတော်ကြီးတခုတွင်

အလှူနှ် ပျော်ခဲ့သူများသည် ပွဲတော်ကြီး ပြီးသောအခါ အလွန် ပျင်းကြရလေသည်။ ပွဲတော်ကြီးအတွင်းက မပျော်ခဲ့သူများသည် ပွဲတော် ပြီးသော်လည်း မပျင်းကြချေ။

အပျင်းကိုနိုင်အောင် မနှိမ်နင်းနိုင်သမျှ ဘယ်သောအခါမှ ဆင်းရဲခြင်းက လွတ်မည်မဟုတ်ပေ။ထို့ကြောင့် ဆင်းရဲခြင်းကလွတ်အောင် အပျင်းကို နာနာတိုက်ကြရမည်။

## အလကား မနေပါနှင့်

အလကားမနေပါနှင့်။အလကားနေတော့ အလကားပဲဖြစ်မည်။ အကျိုးရှိသော လုပ်ငန်းတခုကို အမြဲလုပ်ကိုင်နေရမည်။ မိမိဘဝ တိုးတက်မှုအတွက် အနည်းငယ်ပဲဖြစ်ဖြစ် နေ့စဉ် ချိန်မှန်လုပ်ရမည်။ လောကဠ် ကောင်းသောအရာမှန်သမျှ ဘာမှ အလကားမရချေ။ အမှိုက်လှည်းလျှင် သန့်ရှင်းမည်၊ အလကားနေတော့ အလကားပဲဖြစ်မည်။ ရေခပ်လျှင် ရေရမည်၊ ထင်းခွေလျှင်ထင်းရမည်။ အလကားနေတော့ အလကားပဲဖြစ်မည်။ ပညာရှာလျှင် ပညာရမည်။ ကုသိုလ်ရှာလျှင် ကုသိုလ်ရမည်၊ အလကားနေတော့ အလကားပဲဖြစ်မည်။

ချမ်းသာကြီးပွားခြင်းနှင့် အောင်မြင် တိုးတက်ခြင်းသည် အဆန်သဘောဖြစ်သည်။ အလကားနေသူများအတွက်မဟုတ်ချေ။ အစုန်သဘောဖြစ်သော ဆုတ်ယုတ်ပျက်စီးခြင်းသာ အလကားနေသူတို့အတွက် ဖြစ်ပေသည်။ ဘယ်သောအခါမှ အလကားမနေနှင့်။ အလကားနေလျှင် မကောင်းသောစိတ်များ ဖြစ်ပေါ်လာတတ်သည်။ မကောင်းသောစိတ် ဖြစ်ပေါ်လာလျှင် မကောင်းတာကို လုပ်မိလိမ့်မည်၊ မကောင်းတာကို ပြောမိလိမ့်မည်။ မကောင်းတာ လုပ်မိ ပြောမိလျှင် မကောင်းကျိုးနှင့် တွေ့ရပေလိမ့်မည်။

နံနက်စောစော အိပ်ရာထလျှင် သွက်သွက်လက်လက်ထရမည်။လေးလေးဖင့်ဖင့်မလုပ်ရ။ သူတပါး မနှိုးရပဲ အချိန်မှန် အိပ်ရာက ထရမည်။ အိပ်ရာက ထလာသောအခါ မှိုင်မှိုင်တွေတွေ ငေးငေးမောမော မနေရ။ သွက်သွက်လက်လက်၊ ဖျတ်ဖျတ်လတ်လတ်၊ ရွှင်ရွှင်လန်းလန်း၊ အိမ်မှုရေးရာအဖြာဖြာတို့ကို ရွက်ဆောင်ရမည်။ နံနက် မိုးလင်းသည်နှင့် တပြိုင်နက်

မိသားစုအားလုံး အကြီးအငယ်မရွေး ကိုယ့်တာဝန်လေးတွေနှင့်ကိုယ် အိမ်မှုရေးရာများကို လုပ်ကြရမည်။ မနက်စောစော ကျက်သရေရှိလျှင် တနေ့လုံး ရှိနေလိမ့်မည်။

အလုပ်လုပ်နေရခြင်းသည် အလွန် ပျော်စရာကောင်းလှ၏။ စိတ်ကို အလုပ်နှင့် ပျော်အောင် ကြိုးစားရမည်။ အလကားနေတော့ စိတ်လေသည်။ စိတ်လေတော့ ကိုယ်မှားသည်၊ ကိုယ်မှားလျှင် ဘာမှကောင်းလိမ့်မည် မဟုတ်။ ထို့ကြောင့် အလကားမနေပါနှင့်။

## ဇွတ်မနှစ်ပါနှင့်

မိမိခန္ဓာကိုယ်၌ ကပ်ရောက်နေသော ရောဂါသည် မိမိခန္ဓာကို အသေသတ်မည်ဖြစ်သကဲ့သို့ မိမိ၌ရှိနေသော ချွတ်ယွင်းချက်များသည်လည်း မိမိကိုယ်ကိုသာ ပထမဆုံး ဒုက္ခပေးမည့်အရာများ ဖြစ်ပေသည်။ ကပ်ရောက်လာသော ရောဂါကို အလျင်အမြန် ကုသရန် အရေးကြီးသည်ထက် မိမိ၌ ရှိနေသော ချွတ်ယွင်းချက်ကို ပြုပြင်ရန်က ပို၍ အရေးကြီးပေသည်။ကပ်ရောက်နေသော ရောဂါသည် ဤဘဝ၌ ဤခန္ဓာကိုယ်ကိုသာ သေစေနိုင်၍ ချွတ်ယွင်းချက်များမှာမူကား နောင်သံသရာတိုင်အောင် သေ၍မဆုံးဖြစ်ပေလိမ့်မည်။

အမှားကြာတော့ အမှန်ဖြစ်သည်ဟု တချို့က ပြောလေ့ရှိကြသည်။ အမှားတခုသည် မည်မျှပင် ကာလကြာညောင်းသော်လည်း အမှန်ဖြစ်လာရိုးထုံးစံမရှိချေ။ အမှားကြာ၍ အမှား အားကောင်း သန်စွမ်းနေခြင်းကိုပင် အမှန်ဖြစ်လာသည်ဟု ဆိုခြင်းသာ ဖြစ်လေသည်။ အမှားကို မှန်လာလိမ့်မည်ဟု စောင့်မျှော်သောသူလောက် ရူးသောသူ လောကတွင် မရှိချေ။ ထို့ကြောင့် အမှားကို ဇွတ်မနှစ်ပါနှင့်။ မှားမှန်းသိလျှင် ချက်ချင်းပြင်ဆင်ပါ။မတူးတော့ဘူးဟု ဘယ်သောအခါမှ မတွက်ရ။ တူးပေသည်။ မီးခဲကို နည်းနည်းကိုင်လျှင် နည်းနည်းပူသည်။ များများကိုင်လျှင် များများပူသည် မဟုတ်ပါလော။ အဘယ့်ကြောင့် မတူးပဲရှိချေအံ့နည်း။ ပျက်အစဉ် ပြင်ခဏဟူသော စကားအတိုင်း အမှားကို ပြင်လိုက်သည်နှင့် တပြိုင်နက် အမှန်ဖြစ်လာသည်။ အဝတ်အထည်ကို မတော်တဆ မီးလောင်ပေါက်လျှင် ပြုပြင်ဖာထေး၍ ဆက်လက်ဝတ်ဆင်ရသည်။ မထူးတော့ပါဘူးဟူ၍

တထည်လုံး မီးရှို့ပစ်ရိုး ထုံးစံမရှိ။ မတော်တဆ မစင်ပုံနင်းမိလျှင် ချက်ချင်း ဆေးကြော သန့်ရှင်းရသည်။ မထူးတော့ပါဘူးဟူ၍ တကိုယ်လုံး မစင်တွင်းထဲခုန်မဆင်းရ။ မိမိအိတ်ထဲပါလာသော ငွေနှစ်ဆယ်အနက်မှ တဆယ်ကျပျောက်နေခဲ့လျှင် ကျန်တဆယ်ကို နောက်ထပ်မကျပျောက်အောင်ထိန်းသိမ်းရသည်။ မထူးတော့ပါဘူးဟူ၍ လွှင့်မပစ်ရ။ မမှားသောဈေးနေ၊ မသေသော ဆေးသမားဆိုယကဲ့သို့ ပုထုဇဉ်မှန်သမျှ အမှားနှင့်ကင်းသူ နည်းလှသည်။ တခုမဟုတ် တခုတော့ မှားကြသည်သာ။ မှားသည်ကို ဇွတ်နှစ်တမ်းဆိုလျှင် ကိုယ်ကျိုး ယုတ်ယုတ်စပ် နည်းကြရပေမည်။ မှားလျှင် ပြင်ပါ။ အမှားကို ပြုပြင်ရန် မရှက်ပါနှင့်၊ မကြောက်ပါနှင့်၊ လက်မနှေးပါနှင့်၊ ရဲရဲဝံ့ဝံ့ ပြင်ရမည်။ ဒသဇာနည်ဆိုသည်မှာ ဤလူစားမျိုးပင် ဖြစ်ပေသည်။ ဤနေရာတွင် ဥပုသ်စောင့်သူများကိုလည်း သတိပေးစရာ ရှိပေသည်။ များသောအားဖြင့် ဥပုသ်စောင့်ရာတွင် အမှုမဲ့ အမှတ်မဲ့ လက်ဖက်အစ၊ မုန့်ပဲသားရေစာအစ စားမိတတ်သည်။ စားပြီး သတိရသည်နှင့် တပြိုင်နက် 'ဟာ ဥပုသ်ကျိုးပြီ'ဟူ၍ ပွဲသွား ရပ်ရှင်သွား ထမင်းစားနှင့် မှားကြတော့သည်။ ဥပုသ် စောင့်ရာတွင် သိက္ခာပုဒ်တခု မတော်တဆ ကျိုးပေါက်ခဲ့လျှင် မထူးတော့ဟု ဇွတ်မနှစ်ရ။ ကျိုးသွားသော သိက္ခာပုဒ်ကို ပြန်လည် ထိန်းသိမ်းထားလျှင် ဥပုသ် သီလ ရှိမြဲပင် ရှိလာပါလိမ့်မည်။ နှုတ်က ဖွင့်မဆိုသည့်တိုင်အောင် စိတ်တွင် ဤသိက္ခာပုဒ်ကို ပြန်လည် ဆောက် တည် ပါသည် ဟု ကြံစည်လျှင် ဥပုသ် မျှပြဲ ရှိနေပါလိမ့်မည်။

မင်းသမီးကြီး ဒေါ်ငွေမြိုင် အငြိမ့်ကစဉ် ကြည့်ခဲ့ရဘူးသည်။ ဒေါ်ငွေမြိုင်မှာ အသက်အရွယ်ကြီးသူဖြစ်၍ လူရှင်တော်များက ငယ်ရွယ်သူများ ဖြစ်ကြပေသည်။ ထိုညတွင် ဒေါ်ငွေမြိုင် ကပြီးသည်နှင့် တပြိုင်နက် လူရှင်တော်များက ဝိုင်း၍ ရှိခိုး ကန်တော့ကြသည်။ ထိုအခါ ဒေါ်ငွေမြိုင်က 'ဟဲ့၊ ဘာလုပ်ကြတာလဲ'ဟု မေးရာ 'အမေမြိုင်က အသက်အရွယ်နဲ့မလိုက်အောင် လှလည်းလှ၊ အကကလည်းကောင်းတော့ ကျွန်တော်တို့တတွေ စိတ်မနိုင်၍ ပြစ်မှားမိကြသဖြင့် ကန်တော့ကြတာပါ'ဟု လူရှင်တော်များက ဖြေရာ၊ဒေါ်ငွေမြိုင်က'အေးအေး၊ငယ်ရွယ်သူတွေတော့ မှားတဲ့အခါလည်း မှားကြလိမ့်မပေါ့၊ အမေက ခွင့်လွှတ်ပါတယ်'ဟု ပြော၍ တဖန် ကပြန်သည်တွင် လူရှင်တော်များက ရှေ့ကနေ ရှိခိုးလိုက်၊နောက်ကနေ ရှိခိုးလိုက်၊ ဘေးကနေ ရှိခိုးလိုက် လုပ်နေကြပြန်သဖြင့် ဒေါ်ငွေမြိုင်က 'ဟဲ့ ဘာပြုလို့

ဒီလောက်တောင် ခဏခဏ ကန်တော့နေရတာလဲ’ဟု မေးရာ လူရှင်တော်များက ‘ကျွန်တော်တို့ ခဏခဏ ပြစ်မှားနေလို့ပါ’ ဟု ဖြေကြားကြလေသည်။

ဉပုသ်ကျိုးလျှင် ပြန်လည်ထိန်းသိမ်းရပါသည်ဆို၍ ပေါ့ပေါ့ဆဆ မပြုရ။ ဒေါ်ငွေမြိုင် အငြိမ့်မှ လူရှင်တော်များကဲ့သို့ ခဏခဏမှားနေလျှင် ကောင်းမည် မဟုတ်ပေ။

## အားမလျှော့ပါနှင့်

ငါတော့ အခွင့်အရေးကြီးတခု လက်လွတ်ရပြီဆို၍ အားမလျှော့ပါနှင့်။ တမျိုးတဖုံသော အခွင့်အရေးပေါင်းများစွာ လောကတွင် ရှိနေပါသေးသည်။ ပထမကားကိုမမီလိုက်လျှင် ဒုတိယကားနှင့်လိုက်ရုံသာ ရှိပါသည်။ စိတ်ပျက်နေ၍ လိုရာရောက်မည် မဟုတ်ပါ။ယခုနှစ်သင်္ကြန်ပွဲတွင် ရေမပက်လိုက်ရသော်လည်း နှစ်သင်္ကြန် အစောကြီးပက်နိုင်ပါသည်။ သင်္ကြန်ပွဲ ကုန်ရိုး ထုံးစံမရှိပါ။ အားငယ်ခြင်းသည် အလွန်ဆိုးရွားတတ်သည်။ ‘ငါတော့ ဒီတောင်က တက်မယ်မထင်ပါဘူး၊ဒီဘဝ ဒီမျှနဲ့ ပြီးလိမ့်မယ်ထင်ပါရဲ့’ စသော စိတ်ပျက်အားလျှော့မှုမျိုးကို ဘယ်သောအခါမှ မွေးမထားပါနှင့်။ သူများတက်နိုင်သောအမြင့်ကို အဘယ့်ကြောင့်ငါမတက်နိုင်ပဲ ရှိရမည်နည်း။ သူများဖြစ်သလို ငါဖြစ်အောင် ကြိုးစားမည်။လှေခွက်ချည်းဆန်မယ်၊ အလံမလှဲ့ဟူသော စကားအတိုင်း မဆုတ်ဘမ်း မလျှော့တမ်း ကြိုးပမ်းရမည်။ ဘယ်သောအခါမှ အားမလျှော့နှင့်။

## စိတ်ကိုဆုံးမ ချမ်းသာရမည်

နှိမ်နင်း ဆုံးမရန် ခဲယဉ်း၍ လျှင်မြန်သော သဘောရှိသော၊ အလိုရှိရာ ထိုထိုအာရုံတို့၌ ကျရောက်လေ့ရှိသော စိတ်ကိုဆုံးမခြင်းသည် ကောင်းလှ၏။ ဆုံးမအပ်ပြီးသောစိတ်သည် ချမ်းသာခြင်းကို ဆောင်လိမ့်မည်။ ထိုလူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာမျိုးကို အမိ အဘသည်လည်း မပေးစွမ်းနိုင်။ တပါးသော ဆွေမျိုးတို့သည်လည်း မပေးစွမ်းနိုင်။ ထိုလူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာမျိုးကို

ကောင်းစွာ ဆောက်တည် ထားအပ်သော စိတ်သည် သာလျှင် ထိုမိဘ ဆွေမျိုးတို့ထက် တဆင့်ထက်တဆင့် မြင့်ထက်မြင့်အောင် ပေးစွမ်းနိုင်ပေသည်။

(ဓမ္မပဒ)

စိတ်ကို ဆုံးမရမည်။ စိတ်ကို ကောင်းစွာထားရမည်။ စိတ်ကို ကောင်းစွာ ဆောက်တည်ရမည်ဟူသော စကားသုံးခွန်းသည် အနက်သဘောအားဖြင့် တမျိုးတည်းသာ ရှိပေသည်။ စိတ်ကို ဆုံးမသည်ဆိုရာဝယ် ဆရာသမား မိဘများက မိမိတို့၏ တပည့်သားများကို ဆုံးမသကဲ့သို့ မိမိတို့၏စိတ်ကို မကောင်းမှုအာရုံထဲတွင် မနေရန် ဆုံးမကြသည်။ စိတ်ကို မကောင်းသော အာရုံထဲဝင်ရဟု ပြောဆိုကာမျှဖြင့် ရလိမ့်မည်မဟုတ်။ တားမြစ်ကာမျှ ဖြင့်လည်း နေလိမ့်မည်မဟုတ်။ ကောင်းသောအာရုံတခု၌ ထားမှသာလျှင် ဆုံးမ၍ ရပေလိမ့်မည်။

အပျော်အပါး လိုက်စားခြင်းကြောင့် လူ့ဘဝ ဆုံးရှုံးပျက်စီးလျက် ရှိကြကုန်သော သူတို့၏ အဖြစ်ဆိုးကို ဆင်ခြင်၍ မိမိစိတ်ကို အပျော်အပါး အာရုံသို့ မရောက်အောင် ထိန်းသိမ်းထားခြင်း၊ဆရာသမား မိဘတို့၏ အဆုံး အမကို မနာယူခြင်းတို့ကြောင့် လူ့ဘဝ ဆုံးရှုံးပျက်စီးလျက် ရှိကြသော သူတို့၏အဖြစ်ဆိုးကို ဆင်ခြင်၍ မိမိ၏စိတ်ကို ဆရာသမားမိဘတို့၏ အဆုံး အမကိုနာယူနိုင်အောင် ထိန်းသိမ်းထားခြင်း၊ လို့လဇီရိယ မရှိခြင်း၊ ပျင်းရိ ခြင်း၊ ဘာအလုပ်မှ ထိထိရောက်ရောက်မလုပ်ခြင်း၊ ဆက်ဆံရေးညံ့ဖျင်းခြင်း၊ ဒေါသကြီးခြင်း၊ ကိုယ့်ကျင့်တရား ပျက်ခြင်း၊ ပညာဗဟုသုတ မရှိခြင်း၊ အပေါင်းအသင်းမကောင်းခြင်း စသည်တို့ကြောင့် လူ့ဘဝဆုံးရှုံးပျက်စီး လျက်ရှိကြသောသူတို့၏ အဖြစ်ဆိုးကိုဆင်ခြင်၍ ဆိုခဲ့သော ချွတ်ယွင်းမှုမျိုး မိမိတွင်မရှိအောင် မိမိစိတ်ကို ထိန်းသိမ်းထားခြင်း၊ မကောင်းမှုပြုခြင်း၏ အပြစ်ကိုဆင်ခြင်၍ မိမိစိတ်ကို ထိန်းသိမ်းခြင်းစသည်ဖြင့် ဘေးအန္တရာယ် တို့ကိုဆင်ခြင်၍ မိမိစိတ်ကို ထိန်းသိမ်းရသည်။

တဖန် သမ္မာဒိဋ္ဌိတရားလေးပါးနှင့် ပြည့်စုံသူတို့၏ အောင်မြင်တိုးတက် နေခြင်းကိုကြည့်၍ မိမိစိတ်ကို သမ္မာဒိဋ္ဌိတရားလေးပါး၌ တည်အောင် ထိန်းသိမ်းထားခြင်း၊ ကုသိုလ်ကောင်းမှုတို့၏ အကျိုးအာနိသင်ကို ဆင်ခြင်

စဉ်းစား၍ မိမိစိတ်ကို ကုသိုလ်ကောင်းမှု၌ တည်အောင် ထိန်းသိမ်းထား ခြင်းစသည်ဖြင့် အကျိုးစီးပွားကို ဆင်ခြင်၍ မိမိစိတ်ကို ထိန်းသိမ်းရသည်။

ထို့ပြင် ရှုမှတ်ပွားများ၍လည်း မိမိစိတ်ကို ထိန်းသိမ်းရသည်။ ချစ်စရာ အာရုံကိုမြင်လျှင် ချစ်သောစိတ် ဖြစ်လာတတ်သည်။ ထိုစိတ်သည် လောဘ ဖြစ်သည်။ မုန်းစရာအာရုံကိုမြင်လျှင် မုန်းတီးစိတ် ဖြစ်လာတတ်သည်။ ထိုစိတ်သည် ဒေါသဖြစ်သည်။ ချစ်ခြင်း မုန်းခြင်းသည် မောဟစိတ်ကြောင့် ဖြစ်သည်။ ဤနည်းနှင့်နှင့် မြင်တိုင်း မြင်တိုင်း လောဘ၊ဒေါသ၊မောဟများ မျက်စိကဝင်၍ ဒုက္ခဇာတ်မဆုံး မကုန်နိုင်အောင် ရှိချေသည်။ ဒုက္ခဇာတ် သိမ်းလိုသော ပညာရှိသည် မြင်မှုကြောင့်ဖြစ်ပေါ်လာမည့် မကောင်းမှုများ၊ မိမိစိတ်၌ မကပ်ရောက်နိုင်အောင် မြင်တာကို သညာမဖုံးအောင် မြင်လျှင် မြင်တယ် မြင်တယ်ဟု ရှုမှတ်ရမည်။ မျက်စိပေါက်မှ လောဘ၊ဒေါသ၊ မောဟမဝင်အောင် တားဆီးရသည်။

ထိုနည်းအတူ အသံကြားသောအခါ၊ အနံ့နံသောအခါ၊ အရသာ စားသောအခါ၊ တွေ့ထိသောအခါ၊ စိတ်ကူးသောအခါ၊ နားပေါက် နှာခေါင်းပေါက် လျှာပေါက် ကိုယ်ပေါက် စိတ်ပေါက်တို့မှလည်း လောဘ၊ဒေါသ၊မောဟမဝင်အောင် ကြားယင် ကြားတယ်၊ နံယင် နံတယ်၊ စားယင် စားတယ်၊ထိယင် ထိတယ်၊ စိတ်ကူးယင် စိတ်ကူးတယ်ဟု ရှုမှတ်၍ မကောင်းမှုမဝင်အောင် တားဆီးရသည်။

မိမိစိတ်ကို မဖြစ်သေးသော မကောင်းမှုများ မဖြစ်အောင်၊ဖြစ်ပြီးသော မကောင်းမှုများ ပယ်ရှားအောင်၊ မဖြစ်သေးသော ကောင်းမှုတရားများဖြစ် အောင်၊ ဖြစ်ပြီးသော ကောင်းမှုတရားများ ပွားများလာအောင် ကောင်း စွာ ဆောက်တည် ထိန်းသိမ်းနိုင်ရမည်။

စိတ်ကို ကောင်းစွာ ဆုံးမနိုင်သူသည် လောကီ လောကုတ္တရာ ခုရော နောင်ပါ ချမ်းသာမှန်သမျှတို့ မုချ ရနိုင်ပေသည်။ ထို့ကြောင့် မိမိစိတ်ကို ကောင်းစွာ ဆောက်တည်၍ ထိန်းသိမ်းနိုင်ကြရန် ကြိုးစားကြရမည်။ လူဆို သည်မှာ စိတ်ကို ထိန်းသိမ်းရသည်၊ စောင့်စည်းရသည်။ အရာခပ်သိမ်း ထိန်းသိမ်းမှု စောင့်စည်းမှု ရှိရသည်။ သို့မှလည်း လူမည်သည်။

# အမြဲတမ်း တာဝန် ရှိနေရမည်

မိမိစိတ်ကို ထိန်းသိမ်းသည်ဆိုရာ၌ အလွတ်မဲ့ ထိန်းသိမ်း၍ မရနိုင်ချေ။ လူတိုင်း လူတိုင်း မိမိကိုယ်ကို ထိန်းသိမ်းရာ၌ အထောက်အကူ ဖြစ်စေရန် နေ့စဉ် ချိန်မှန် ပြုလုပ်ရမည့် ကောင်းသော တာဝန်များ ထားရှိသင့်ပေသည်။ ထိုတာဝန်တွေ များလျှင် များသလောက် ကောင်းလှပေသည်။ ကြီးပွားတိုးတက်လိုသူသည် တာဝန်မဲ့မနေသင့်။အမြဲတာဝန်ရှိနေစေရမည်။ တာဝန်မရှိသောလူသည် အလကားလူသာ ဖြစ်သည်။

နေ့စဉ် ဘယ်အချိန်တွင် အိပ်ရာကထမည်၊ ဘယ်အချိန် ဘုရားရှိခိုးမည်၊ လုပ်ငန်းကို ဘယ်အချိန်စ၍ ဘယ်အချိန်တွင် သိမ်းမည်၊ ညအပြင်ထွက်လျှင် ဘယ်အချိန်တွင် အိမ်ပြန်ရောက်မည်၊ ဘုရားရှိမခိုးပဲ မအိပ် စသော ကောင်းသော လုပ်ငန်းရပ်များကို တိတိကျကျ အချိန်သတ်မှတ်၍ မဖြစ်ဖြစ်အောင် လိုက်နာဆောင်ရွက်သင့်သည်။ မိမိအတွက် အမြဲတမ်း ထမ်းဆောင်ရန် တာဝန်ရှိနေသူသည် ဘယ်သောအခါမှ မှောက်မှောက်မှားမှား မဖြစ်နိုင်။ အပေါင်းအသင်းတို့က အားသလား မေးသောအခါ အားပါသည်ဟု ခဏခဏဖြေရလျှင် ဘယ်သောအခါမှ မကောင်း။မအားမှ ကောင်းသည်။ မအားအောင်လည်း ကြိုးစားရသည်။ တာမရှိ ဝန်မပါ၊နေရာတကာရောက်၊ နေရာတကာသွား၊ နေရာတကာစား၊ အဖော်ကောင်းလို့ ကျောက်ပန်းတောင်းပါသည် ဆိုသကဲ့သို့ မိမိ၏ ကိုယ်ပိုင်အစီအစဉ်ဟူ၍ ဘာမျှမရှိပဲ ကြုံသလို သင့်သလို သွားတတ် လာတတ်၊ လုပ်တတ် ကိုင်တတ်သောသူသည် ဘယ်သောအခါမှ ကြီးပွားမည်မဟုတ်ချေ။ ကြီးပွားချမ်းသာခြင်းကို အလိုရှိသူမှန်သမျှ မိမိကိုယ်ကို အလွတ်မထား အလကားမထားပဲ အမြဲတမ်း တာဝန် ရှိနေရမည်။

# အိမ်ထောင်မှုဘုရားတည်၊ ဆေးမှင်ရည်စုတ်ထိုး

သားများ သမီးများကို စကားစပ်မိ၍ သတိပေးရအုံးမည်။လောကတွင် အိမ်ထောင်တခု ပြုပြီးခါမှ ဖျက်၍ ပြင်ဆင်ရန်၊ ဘုရားတဆူ တည်ထားပြီးခါမှ ဖျက်၍ ပြင်ဆင်ရန်၊ ဆေးမှင်ထိုးပြီးခါမှ ဖျက်၍ပြင်ဆင်ရန် လွန်စွာခဲယဉ်းသော အမှုများဖြစ်ပေသည်။

အလုပ်တခုသည် လုပ်ပြီးလျှင် ပြန်လည်ပြင်ဆင်၍ မရတော့ပြီဆိုခဲ့လျှင် ထိုအလုပ်ကို မလုပ်မီကပင် ကြိုတင်၍ လေးလေးနက်နက် စဉ်းစားသင့်ပေသည်။ အိမ်ထောင်ဖက် ရွေးချယ်ရာ၌ မိမိတဦးတည်း သဘောဖြင့် လည်းကောင်း၊ သို့မဟုတ် မိမိနှင့် သက်တူရွယ်တူ ဉာဏ်ရည်တူများ သဘောဖြင့်လည်းကောင်း ဘယ်သောအခါမှ မရွေးချယ်ပါလေနှင့်။ မိဘအုပ်ထိန်းသူများ၊ပညာရှိများနှင့် ပွင့်ပွင့်လင်းလင်း တိုင်ပင် နှီးနှောပါလေ။ မိဘအုပ်ထိန်းသူများကို ပွင့်ပွင့်လင်းလင်း တိုင်ပင်နှီးနှောရန် ဝန်မလေးပါနှင့်။ ကိုယ်တိုင်ကိုယ်ကျ မပြောဝံ့လျှင် ပြောဝံ့သူ ပညာရှိ လူကြီးလူကောင်းများသို့ ချဉ်းကပ်၍ နားဖောက်ရမည်။ မိဘတို့၏ ခွင့်ပြုချက် မရမချင်း လက်လွန်ခြေလွန် ဘာမှမဖြစ်စေရ။ တိုင်ပင်သည်ဆိုရာမှာ ပြုပြင်၍ ရနိုင်သောအခါတွင် တိုင်ပင်မှ တိုင်ပင်သည် မည်ပေသည်။ပြုပြင်၍ မရနိုင်သောအခါမှ တိုင်ပင်ခြင်းသည် အကျိုးမရှိတော့ချေ။

လူငယ့်ဘဝ ကိုယ့်ဆန္ဒနှင့် တူညီသော အကြံဉာဏ်ကိုရမှ သဘောကျတတ်သည်။ ကိုယ့်ဆန္ဒနှင့် မတူညီသော အကြံဉာဏ်ဆိုလျှင် လက်ခံလိုစိတ်မရှိတတ်ချေ။ ဤသို့ သဘောမထားလေနှင့်။ ဘဝ အတွေ့အကြုံ ဘာတခုမျှ မရှိသေးသော လူငယ်တယောက်၏ အသိအမြင်သည် ဘဝ အတွေ့အကြုံ ရင့်ကျက်ပြီးဖြစ်သော လူကြီးတို့၏ အသိအမြင်နှင့် အသို့လျှင် တူညီခြိမ့်မည်နည်း။

အိမ်ထောင်မှုပြဿနာကို အချစ်၊အမုန်းဖြင့် ဆုံးဖြတ်ခြင်းသည် မပြည့်စုံ။ အိမ်ထောင်မှုပြဿနာကို အချစ် အမုန်းဖြင့် မဆုံးဖြတ်ရ။ ထိုသို့ဆိုခြင်းကြောင့် အချစ်ဖြင့် တည်ဆောက်ရသော အိမ်ထောင်ရေးကို အချစ်ကို မထည့်သွင်းပဲ ထားရမည်လားဟု စောဒက မတက်နှင့်။ အချစ်နှင့် အမုန်းဆိုသည်မှာ ခိုင်မြဲသော အရာ၊ မှန်ကန်သောအရာ မဟုတ်။ မုန်းလျှင်အပြစ်၊ ချစ်လျှင် အကျိုးဟူသော စကားကို ကြည့်လျှင် အချစ်နှင့်အမုန်းဆိုသည်မှာ မည်မျှလောက် ဖောက်ပြန်ပြောင်းလဲတတ်သော သဘောရှိသည်ကို သိနိုင်ပေသည်။ ထို့ကြောင့် အချစ်ကို ဦးစားပေး၍ မဆုံးဖြတ်နှင့်ဟု ဆိုခြင်းဖြစ်သည်။ အိမ်ထောင်မှုပြဿနာကို ဉာဏ်ဖြင့်သာ ဖြေရှင်းသင့်သည်။

'တူနှစ်ကိုယ် တဲအိုပျက်မှာ နေရ၊ ရွှေဘုံပေါ်မှာစံရ၊ ချစ်တာ ကြိုက်တာ ပဓါန'ဟူသော အထင်မျိုး။

ထမင်းရည်ပူ အတူလျက်ရစေတော့၊ ငွေမက်တာ မလိုချင်ဘူး။ တူနှစ်ကိုယ် တဲအိုပျက်မှာ တွဲလျက်နေမယ် ဟူသောစကားများကို ယောင်မှား၍ အတင်မကြီးလေနှင့်။ ထိုစကားများသည် ညံ့ဖျင်းပြီး တလပြည့်အောင် ခံရိုးထုံးစံမရှိချေ။

ဤလောကသည် အချစ်ရေး တခုတည်းနှင့် ပြီးသော လောကမဟုတ်။ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသော အရေးများစွာ ပါမှ ပြီးပေသည်။ အရေးများစွာ ပါမှ ပြီးနိုင်သော ဤလောက၏ ပြဿနာကို အချစ် တခုတည်းနှင့် ဆုံးဖြတ်လျှင် အဘယ်မှာ အဖြေမှန်ထွက်နိုင်ပါမည်နည်း။

မိဘတို့၏ ဆူပူကြိမ်းမောင်း ပြောဆိုခြင်းသည် အနန္တမေတ္တာ၏ ပဲ့တင်သံများသာတည်း။ စိတ်မကွက်လေနှင့်။ သူတပါး မြှောက်ပေးသည်ကို နားမယောင်လေနှင့်။ အိမ်နီးချင်း အားကျ၍ အုန်းသီးဆီဆွတ် မျှို ဆိုသကဲ့သို့ သူငယ်ချင်းတွေ ရည်းစားကိုယ်စီ ရှိကြသည်ကို အတု မယူလေနှင့်။

များစွာသော ရုပ်ရှင်၊ ပြဇာတ်၊ ကဇာတ်၊ ဝတ္ထုစာအုပ်တို့သည် ဇာတ်လိုက်မင်းသားနှင့် မင်းသမီး မရကြမီက အကြောင်းအရာများကိုသာ ဖော်ပြကြပေသည်။ မိဘ သဘောမတူသဖြင့် အခက်အခဲတွေ တွေ့ရပုံ၊ ပြည်ပန်းညှိ ချိုပါလျက် ဆားကဖျက် ဆိုသကဲ့သို့ ကြားလူဖျက်သဖြင့် အခက်အခဲတွေ တွေ့ရပုံ၊ ချစ်သူနှစ်ဦး၏အကြား တောကြီး တောင်ကြီး ကန္တာရကြီး ခြားနေသဖြင့် သက်စွန့်ကြိုးပမ်း ကြိုးစားရပုံ၊ တဦးနှင့်တဦး အထင်အမြင် လွဲနေသဖြင့် မနည်းကြီး ဖြေရှင်းကြရပုံ၊ ချစ်သူနှစ်ဦး၏ အချစ်ရေးတွင် နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေး၊ လူမှုရေးများ ရှုပ်ထွေး၍ ဝေးတော့မည်ကဲ့သို့ ဖြစ်ရပုံ၊ နောက်ဆုံးမှ ထိုထိုသော အခက်အခဲတို့ကို ကျော်နင်း လွန်မြောက်၍ ချစ်သူနှစ်ဦး ပျော်ရွှင်စွာ အကြောင်းဆက်၍ ပေါင်းဖက်ကြရပုံဖြင့် နိဂုံးချုပ်ကြသည်။

ထိုသို့သော ရုပ်ရှင်၊ ပြဇာတ်၊ ကဇာတ်၊ ဝတ္ထုစာအုပ်များ၏ နိဂုံးသည် တကယ့်လူ့လောက၏ နိဂုံးဖြစ်ပါသလော။ လုံးဝမဟုတ်။ တကယ့် လူ့လောက၏အစ ဖြစ်သော နိဒါန်းမျှသာတည်း။ မှန်၏။ ထို ထိုရုပ်ရှင်၊ ကဇာတ်၊ ပြဇာတ်၊ ဝတ္ထုစာအုပ်တို့၏ နိဂုံးသည် တကယ့် လူ့လောက၏ နိဒါန်းမျှသာတည်း။ ရုပ်ရှင်၊ ပြဇာတ်၊ ကဇာတ်၊ ဝတ္ထုစာအုပ်တို့သည် ပျော်ရွှင်စွာ

ညားကြလေသတည်း ဟူသောစကား၏ နောက်တွင် ဆက်လက်၍ ရေးသားခြင်း၊ ကပြခြင်း၊ မပြုကြတော့ပေ။ အဘယ့်ကြောင့်ဆိုသော် ပျော်ရွှင်စွာ ညားကြလေသတည်း ဟူသော စကားနောက် ဆက်ရန်များသည် ပျော်စရာ ရွှင်စရာ မကောင်းတော့သောကြောင့် ဖြစ်ပေသည်။ အပျို လူပျို ဟူသော လူငယ်များကား နိဒါန်းနှင့် နိဂုံးကို လုံးချာလည်လျက်၊ နိဒါန်းကိုပင် နိဂုံးထင်၍ ပါစင်အောင် လွဲမှားနေကြခြင်း ဖြစ်ချေသည်။ အိမ်ထောင်ရေး ကိစ္စဟူသမျှကို ဘယ်သောအခါမှ မစူးမစမ်း မဆင်မခြင် မပြုလေနှင့်။ လက်တည့် မစမ်းချင်ကြနှင့်။ အငိုလွယ်လျက် အရှိက်ခက်သည်။ အခေါ်လွယ်လျက် အနှင်ခက်သည်။ အပေးလွယ်လျက် အတောင်းခက်သည်ဟူသော ရှေးစကားများသည် အိမ်ထောင်ရေးအတွက် လမ်းညွှန်နည်းပြ ဩဝါဒများ ဖြစ်ပေသည်။

'အစက ကောင်းမယ်ထင်မိလို့၊ အစက ဒီလိုမှန်း မသိလို့'ဟု ပြောကာ ဒူးနှင့် မျက်ရည် မသုတ်လိုသူတိုင်း အိမ်ထောင်ရေးကို စူးစမ်း ဆင်ခြင်ပြီးမှ ဆောင်ရွက် သင့်ပေသည်။

> ကိစ္စတခု၊ ထိုအမှု မပြုမီကပင်
> ပြုသင့်–မပြုသင့် ထိုအခွင့် ချင့်၍နှိုင်း တိုင်ပင်
> အခွင့်လျော်တော်–မတော် ရှုမျှော် ဉာဏ်နှင့်ယှဉ်
> လွန်ပြီးကာမှ ပြင်မရ နောင်တ အဖတ်တင်။
>
> တက္ကသိုလ် ဆရာတဦးက မှားဘူးသည့် မိန့်ရည်၊ အိမ်ထောင်မှု ဘုရားတည်၊ ဆေးမှင်ရည် စုတ်ထိုး၊ ဒီသုံးခု ချက်မပိုင်လျှင် နောင် ပြင်နိုင်ခဲသည့် အမျိုး။

## လမ်းခင်းတဲ့ ကျောက်ခဲ

လမ်းခင်းတဲ့ကျောက်ခဲ ဟူသော သီချင်းတပုဒ် ကြားရသည်။ လုလင်ပျိုတဦးက သူ့ဘဝသည် သူ၏ ချစ်သူ၏ သွားရာလမ်းခရီးအတွက် လမ်းခင်းသော ကျောက်ခဲမျှသာ ဖြစ်သည်။ သူ့ချစ်သူ၏ သွားရာလမ်းတလျှောက်တွင် ရှိသော ချိုင့်များကို ဖြည့်ပေးမည်၊ ဗွက်များကို ဖို့ပေးမည်၊ ချစ်သူ

အတွက် ဘာမဆို အစစ အနစ်နာခံမည် ဟူသော စိတ်ကူးယဉ်မှုလေး တခုကို ဖွဲ့ထိုထားခြင်း ဖြစ်ပေသည်။ အနုပညာ ရသ အနေဖြင့် သဘာဝ ကျလှ၏။

သဘာဝ ကျလှသည် ဆိုသဖြင့် တကယ် လက်တွေ့ မလုပ်လိုက်လေနှင့်။ စိတ်ကူးယဉ်မှုဖြင့် လူ့လောကတွင် ကျင့်သုံး၍ မရ။ အဘယ့်ကြောင့် မိမိ ကိုယ်ကို သူတပါး သွားရာလမ်းအတွက် ခင်းသော ကျောက်ခဲ ဖြစ်စေရ မည်နည်း။ အချောင် အလကား ဘာကိစ္စ အနစ်နာ ခံရမည်နည်း။ မိမိဘဝကို အဘယ့်ကြောင့် အညွန့်တုံး အစတုံး လမ်းခင်းတဲ့ ကျောက်ခဲ ဖြစ်စေရ မည်နည်း

တို့က လမ်းခင်းတဲ့ ကျောက်ခဲပါ၊ အောက်တန်းကပါ၊ အခိုင်းခံ၊ အစေခံ၊ အနှိမ်ခံပါဟူ၍ ဘဝကို ရင်နာစွာ ဖော်ထုတ်လေ့ ရှိကြသည်။ ထိုသူများသည် မိမိကို ဘဝက ပေးထားသော ဉာဏ် ဝီရိယကို အသုံးမပြုပဲ စိတ်ပျက် ငြီးငွေ့နေသူများသာ ဖြစ်ပေသည်။ မိမိအား ဘယ်သူကမှ လမ်း ခင်းတဲ့ ကျောက်ခဲ ဖြစ်ရမည်၊ အခိုင်းခံ အစေခံ အနှိမ်ခံ ဖြစ်ရမည်ဟူ၍ အမိန့်ပေး ခိုင်းစေထားသည်မဟုတ်ချေ။ ကိုယ်တိုင်က အသုံးမကျ၍အောက် ကျ နောက်ကျ ဖြစ်နေသည်ကို ဟိုလူငေါ့ သည်လူငေါ့နှင့် ယက်ကန်း မတတ် လက်ခတ် အပြစ်တင် မလုပ်သင့်ပေ။ လမ်းခင်း ခံရသည်ကို မကြိုက် လျှင် လမ်းခင်းသော ကျောက်ခဲ မဖြစ်အောင် ကြိုးစားရမည်။ လမ်းခင်း သောကျောက်ခဲဖြစ်နေပါလျက် လက်စွပ်၊ ပုတီး၊ နားတောင်းတွင် ပါချင်၍ ဖြစ်မည်မဟုတ်။

ငါတို့ကို လူရာ မသွင်းပါဘူးဟု ပြောတတ်သူများလည်း ရှိကြသည်။ ထိုသူများသည် မိမိဘဝကို လေးလေးနက်နက် စဉ်းစားသင့်သည်။ လူလူချင်း အတူတူ ဖြစ်ပါလျက် သူတပါးက လူရာ သွင်းပေးမှ လူရာ ဝင်တော့မည် ဆိုလျှင် သေဖို့သာ ကောင်းတော့သည်။ ဘယ်သူက လူရာ သွင်းသွင်း၊ မသွင်းသွင်း ကိုယ်တိုင်က လူရာဝင်အောင်ကြိုးစားလျှင် လူရာဝင်နိုင်မည်သာ ဖြစ်ပေသည်။ ကိုယ်တိုင်က လူရာဝင်အောင် မကြိုးစားပဲ သူတပါးက လူရာ မသွင်းရ ကောင်းလားဟူ၍ အမြင် မတိုသင့်ပေ။ ထိုက်တန်အောင်ကြိုး စားလျှင် ထိုက်တန်သော နေရာသို့ ရောက်မည် အမှန် ဖြစ်ပေသည်။ မိမိ ကိုယ်ကို မဆင်ခြင်ပဲ မထိုက်ရာ မတန်ရာကို လိုချင်၍ မဖြစ်ပေ။ 'ငါက

လေးရာ့ ငါးဆယ် ပေးရတဲ့ပစ္စည်း’ဟူ၍ ဖိနပ်က ခေါင်းပေါ် တက်ချင်၍ မဖြစ်နိုင်။ လေးရာ့ငါးဆယ် မက လေးထောင့်ငါးရာ ပေးရသော်လည်း ဖိနပ်သည် ဖိနပ်သာ ဖြစ်သည်။ ‘ဟို နှစ်ကျပ်ခွဲတန်က ခေါင်းပေါ်နေရ ကောင်းလား’ဟူ၍လည်း နှီးခမောက်ကို ကြေးတန်း မတိုက်သင့်။

အသိပညာ အလိမ္မာရှိလျှင် အရာရာအောင်မြင်နိုင်ပေသည်။ ‘ယောက်ျား ဘုန်း အဆုံးမဟောရ၊ ယောက်ျားတံခွန် လူရည်ချွန်၊ ကောင်းကင်တမွတ် ကြယ်ကို ဆွတ်လည်း မလှတ်စတမ်း ရမြဲလမ်း’ ဆိုသည့်အတိုင်း ကြိုးစားလျှင် ရနိုင်ပေသည်။ ဤနေရာ၌ ယောက်ျားဘုန်း အဆုံး မဟောရဟု ဆိုသဖြင့် မိန်းမဘုန်းကိုတော့ အဆုံးဟော၍ ရသည်လားဟု မေးရန် ရှိပေသည်။ မိန်းမဘုန်းလည်း အဆုံးဟော၍ မရပါ။ ကျား မ မဟူ အသိ ပညာ အလိမ္မာရှိလျှင် အရာရာ အောင်မြင်နိုင်ပါသည်။

ဘဝကို ဘူတပါးအတွက် လမ်းခင်းသော ကျောက်ခဲ မဖြစ်ပါစေနှင့်။ မိမိဘဝကို တဆင့်ထက်တဆင့်၊ မြင့်ထက်မြင့်အောင်၊ ဥစ္စာရင်လို ဥစ္စာရင်ခဲ ဆိုသည့်အတိုင်း ကိုယ့်ကြမ္မာ ကိုယ်ဖန်တီး၍ ကိုယ့်နေရာ ကိုယ်ယူနိုင်အောင် ကြိုးစားကြပါလေကုန်။

ထို့ကြောင့် မိမိစိတ်ကို အလိုမလိုက်၊ ဒုစရိုက်သို့ လိုက်ခွင့်မပေး၊ ယဉ် ကျေး လိမ္မာ ကောင်းမြတ်ရာ၌သာလျှင် ကောင်းစွာ ခိုင်ကျည် အမြဲတည် အောင် ကြိုးစားကြကုန်ရာသည်။

# ၇။ ဗာဟုသစ္စ မင်္ဂလာ

များသော အကြားအမြင် ရှိခြင်းသည် မင်္ဂလာ မည်၏။

များသော အကြားအမြင်ကို ဗဟုသုတ ဟူ၍လည်း ခေါ်သည်။ များ သော အကြားအမြင် ဆိုသည်မှာ စာပေရေးရာ၊ လူမှုရေးရာ၊ စီးပွားရေး ရာ၊ နိုင်ငံရေးရာ၊ ဘာသာရေးရာ စသည်ဖြင့် လောကရေးရာ အဖြာဖြာ တို့နှင့် ကြိမ်ဖန်များစွာ မြင်ခဲ့ရခြင်း၊ ကြားခဲ့ရခြင်း၊ တွေ့ခဲ့ရခြင်းတို့ကို ဆိုပေသည်။ ထိုအကြားအမြင် အတွေ့အကြုံတို့ကို အမှုမဲ့ အမှတ်မဲ့ တွေ့ကြုံ ကြားမြင်ရာ၌သာ မထားခဲ့ပဲ စိတ်၌ မှတ်သား ထားရှိသော အရာတို့ကို

ဗဟုသုတဟု ခေါ်သည်။ ဗဟုသုတကို အကြောင်းပြု၍ လောကရေးရာ အဖြာဖြာတို့တွင် ကြောင်းကျိုး မြော်မြင် ဆင်ခြင် သုံးသပ်တတ်သော ပညာကို ဖြစ်စေနိုင်သောကြောင့် ထို ဗဟုသုတကို မင်္ဂလာဟု ခေါ်သည်။

လောက နီတိဆရာက–

> ကြားခြင်း၊ မှတ်ခြင်း၊ သင်အံလေ့ကျက် ခြင်းဖြင့် ဗဟုသုတနှင့် ပြည့်စုံသည်။ ဗဟုသုတဖြင့် ပညာကို ပွားစေသည်။ ပညာဖြင့် အနက် သဘောကို သိမြင်နိုင်သည်။ သိအပ်သော သဘောသည် ချမ်းသာခြင်းကို ဆောင်လိမ့်မည်

ဟု ဗဟုသုတ၏တန်ဖိုးကြီးမားပုံကို ထုတ်ဖော်ခဲ့လေသည်။ များသောအကြား အမြင်ရှိရမည် ဆို၍ တွေ့ကရာ ပေါက်ကရတွေကြားနေရန် ကြည့်နေရန် မလိုချေ။ သွားယင်း လာယင်း လုပ်ယင်း ကိုင်ယင်း ကြားနာ မြင်တွေ့နေရသော အကြောင်းအရာထဲမှ မှတ်သားထားသင့်သည်များကို မှတ်သားထားရန် ဖြစ်သည်။ သုတကို လိုလားသော အမျိုးကောင်းသားသမီးသည် သွားယင်း လာယင်း လုပ်ယင်း ကိုင်ယင်း ဆည်းပူးရသည်။အမှုမဲ့အမှတ်မဲ့မနေရ။ အတွေ့အကြုံ အကြားအမြင်ဆိုသည်မှာ လူတိုင်းလူတိုင်းများကြသည်သာ ဖြစ်သည်။ အကြား အမြင်များတိုင်း ဗဟုသုတရှိသူ မဟုတ်ချေ။ အကြား အမြင်များကို မှတ်မှတ်သားသားရှိသူများသည်သာ ဗဟုသုတရှိသူ ဖြစ်ပေသည်။ မဆင်မခြင် နမော် နမဲ့ သွားလာလုပ်ကိုင်နေ သူများအတွက် ဗဟုသုတ မဖြစ်နိုင်ချေ။

မြင်ရ၊ ကြားရ၊ တွေ့ရခြင်း တူသော်လည်း ဗဟုသုတအခံဓာတ် အနည်းအများ အလိုက် ကွဲပြားခြင်း ရှိပေသည်။ အခံဓာတ်တိမ်သူတို့က တိမ်တိမ် မြင်ကြ၍ အခံဓာတ်နက်နဲသူတို့က နက်နက်နဲနဲမြင်ကြသည်။

မြစ်ကမ်းနားဘေး တင်နေသော ကျွန်းတုံးကြီးကို မြစ်ကမ်းနားဘေး ရောက်သူတိုင်း မြင်ကြသည်။ သို့ရာတွင် မြင်ပုံခြင်းကား မတူကြပေ။

အိမ်ထောင်ပရိဘောဂ လုပ်သူက ဤကျွန်းတုံးကြီးကို ခွဲစိတ် အသုံးပြုလိုက်ရလျှင် စားပွဲ ဘယ်နှစ်လုံးရနိုင်သည်၊ ဗီရို ဘယ်နှစ်လုံးရနိုင်သည်၊ ဘယ်လို ပရိဘောဂများ ဘယ်မျှလောက် ရရှိနိုင်သည်ကို ချင့်တွက်ပေလိမ့်မည်။

လှေစပ်သူက ဤကျွန်းတုံးကြီးကို ခွဲစိတ်အသုံးပြုလိုက်ရလျှင် ဆန်အိတ်သုံးရာပါ လှေကြီး တစင်းလောက်တော့ ရနိုင်လိမ့်မည်ဟု တွက်ပေလိမ့်မည်။

ပျဉ်ကုန်သည်တဦးက ဤကျွန်းတုံးကြီး ခွဲစိတ် အသုံးပြုလိုက်ရလျှင် ပျဉ်တန်ချိန်မည်မျှ ရလိမ့်မည်ဟု ချင့်တွက်ပေလိမ့်မည်။ ထင်းရောင်းသမားကလည်း ထင်းဘယ်နှစ်စည်းရလိမ့်မည်ဟု ချင့်တွက်ပေလိမ့်မည်။

ဘာမှ အမြင်မရှိများက တုံးပေါ်တက်၍ အဝတ်ဖွပ်ရန် လောက်သာ စိတ်ကူးပေလိမ့်မည်။ ဤတခုတည်းသော ကျွန်းတုံးကြီးသည်ပင် မြင်သူများ၏ အခံခတ်ကို လိုက်၍ တန်ဖိုးအနည်းအများ ဖြစ်ပေါ်လာပေသည်။ မြင်တတ် ကြားတတ်သူတွေအတွက် ပတ်ဝန်းကျင်သည် အမြဲ တန်ဖိုးရှိနေသည်။

ဗဟုသုတကို ရှာမှီးသည်ဆိုရာ၌ ပထမ မိမိလုပ်ငန်းနှင့် ဆိုင်ရာ ဗဟုသုတကို ရှာမှီးရမည်။ မိမိလုပ်ငန်းနှင့်ဆိုင်ရာ ဗဟုသုတ အားကောင်းမှ အခြားသော အကြောင်းအရာများကို လေ့လာသင့်သည်။ မိမိဆိုင်ရာလုပ်ငန်းကို မကျွမ်းကျင်ပါပဲလျက် မဆိုင်ရာ ဗဟုသုတကို ရှာဖွေခြင်းဖြင့် အကျိုးမဲ့ အချိန်မကုန်သင့်ပေ။ မိမိလုပ်ငန်းဖြစ်သော ပန်းချီပညာကိုမူ မလေ့လာ၊ မဆိုင်ရာ စက်ပြင်လုပ်ငန်းကို လေ့လာသော ပန်းချီဆရာသည် လည်းကောင်း၊ မိမိလုပ်ငန်း ဖြစ်သော စက်ပြင်ပညာကိုမူ မလေ့လာ၊ မဆိုင်ရာ အပ်ချုပ်ပညာကိုလေ့လာသော စက်ဆရာသည်လည်းကောင်း၊ မိမိအတန်းဆိုင်ရာ သင်ခန်းစာကိုမူ မလေ့လာ၊ မဆိုင်ရာ မဟုတ်ရာသည်ကို လေ့လာသော ကျောင်းသားသည် လည်းကောင်း ဘယ်သောအခါမှ အောင်မြင်တိုးတက်ခြင်းသို့ ရောက်မည်မဟုတ်ချေ။

မိမိလုပ်ငန်းနှင့်ဆိုင်ရာ ဗဟုသုတ အားကောင်းမှ အခြား အကြောင်းအရာများကို လေ့လာသင့်သည် ဆိုရာမှာလည်း အကျိုးစီးပွား ဖြစ်မည့် အကြောင်းအရာများကိုသာ ဆိုလိုသည်။ အကျိုးစီးပွား မဖြစ်နိုင်သော အကြောင်းအရာများကိုမူ လားလားမှ မသိသင့်ချေ။ အကျိုးစီးပွား မဖြစ်သော အကြောင်းအရာများကို လေ့လာသူသည် မစင် အရသာ သိလို၍ စားကြည့်သူမျိုး ဖြစ်ပေသည်။ စာတအုပ်ကို ဖတ်လျှင် မကျော် မလွှား အစမှ အဆုံးတိုင် စိတ်ပါလက်ပါ ဖတ်ရမည်။ ဖတ်ပြီးလျှင် မှတ်မိရမည်။ ပြီးပြီးပျောက်ပျောက် မဖြစ်စေရ။ မိမိလုပ်ငန်းဆောင်တာများကိုလုပ်ယင်း

ကိုင်ယင်း အကြားအမြင်အတွေ့အကြုံများကို မှတ်မိသားမိ ရှိအောင်ကြိုးစား ရမည်။ သွားယင်း လာယင်း ဗဟုသုတရှိရန် ဟူ၍ ဟိုကြည့် သည်မှတ် လုပ်နေ၍ လိုရင်း မရောက်တာမျိုးလည်း မဖြစ်စေရ။ ဗဟုသုတကိုရှာလည်း ရှာတတ်ရမည်။ မှတ်လည်း မှတ်တတ်ရမည်။ အကျိုးရှိအောင်လည်း အသုံး ပြုတတ်ရမည်။ ရှာတော့ ရှာတတ် မမှတ်တတ်၊ မှတ်တော့ မှတ်တတ် မသုံး တတ် ဖြစ်နေလျှင် ဘာအကျိုးမှ ရှိမည် မဟုတ်ချေ။

ကျောင်းတိုက်တခု၌ ရဟန်းတော်များ အားလုံး စာပေသင်ကြားလျက် ရှိနေကြသော်လည်း ကိုယ်တော်တပါးကမူ လုံးဝ စာပေ သင်ကြားခြင်း မပြုပေ။ စာသင်နေသော ကိုယ်တော်များက ထိုကိုယ်တော်အား စာသင် ရန် ကြိမ်ဖန်များစွာ တိုက်တွန်းကြလေသည်။ စာမတတ်လျှင် ရဟန်း လောက၌ မျက်နှာငယ်နေပေလိမ့်မည် ဟူ၍လည်း သတိပေးကြသည်။ ထိုအခါ စာမသင်သောကိုယ်တော်က 'အရှင်ဘုရားတို့ စာသင်နေတုန်းတော့ တပည့်တော် မျက်နှာငယ်နေမယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် ကိုယ်တော် တို့ မေ့တဲ့အခါကျတော့ တပည့်တော်နဲ့ အတူတူဖြစ်ကြမှာပါ'ဟု ချေပခဲ့ လေသည်။

ရှာမှီးရုံသာ ရှာမှီး၍ မေ့မေ့လျော့လျော့ ဖြစ်နေလျှင် စာမသင်သော ကိုယ်တော် ပြောသကဲ့သို့ မရှာမှီးသူနှင့် တူတူသာ ဖြစ်တော့သည်။ မေ့ မေ့ပျောက်ပျောက် အိတ်ပေါက်နှင့် ဖားကောက်သလို ရှေ့ကမှတ် နောက်က ပျောက်ဆိုလျှင်တော့ အမော အဖတ်တင်ရုံသာ ရှိပေမည်။

ပုစ္ဆာတထောင်လောက် တွက်နိုင်အောင် လေ့ကျင့်ထားသော ကျောင်း သား တယောက်သည် မိမိလေ့ကျင့်ထားသော ပုစ္ဆာများအနက်မှ စာမေး ပွဲတွင် ပါရှိသော ပုစ္ဆာ လေးငါးပုဒ်လောက် မေ့နေရုံမျှဖြင့် တပုဒ်မှတွက် နိုင်အောင် လေ့ကျင့် မထားသော ကျောင်းသားနှင့်အတူ ကျရှုံးမည်သာ ဖြစ်ပေသည်။ စူးမျိုးစုံ ရှိပါသည်။ ဖောက်စရာ ရှိသောအခါ ရှာ မတွေ့။ ခါးမျိုးစုံရှိပါသည်၊ ခုတ်စရာရှိသောအခါ ရှာမတွေ့။ တူမျိုးစုံ ရှိပါသည်၊ ထုစရာရှိသောအခါ ရှာမတွေ့။ သို့ဖြစ်လျှင် စူးမျိုးစုံ၊ ခါး မျိုးစုံ၊ တူမျိုးစုံကို ပင်ပန်းကြီးစွာ စုဆောင်းထားသူသည် ဘာတခုမှ စုဆောင်းမထားသူနှင့် အဘယ်သို့ ထူးခြားလေသနည်း။ ကြိုတင်စုဆောင်း ထားခြင်းဖြင့် အဘယ်သို့သော အကျိုးကျေးဇူးများ ခံစားရပါသနည်း။

အရှုံးချည်းနှင်နှင်သာ ဖြစ်ချေသည်။ အရေးကြုံလာလျှင် အသုံးပြုနိုင်မှ ရှာဖွေထားသော ဗဟုသုတတန်ဖိုးရှိမည် မဟုတ်ပါလော။

လက်မှုပညာသည်တဦးအတွက် လက်နက်ကိရိယာကောင်းရှိသော်လည်း အချက်ကျကျ အသုံးမပြုတတ်လျှင် အကျိုးမပြီးချေ။ လက်နက်ကိရိယာ ကောင်းကောင်းရှိရုံနှင့် ပြည့်စုံပြီဟု မမှတ်ရ။ အချက်ကျကျ အသုံးပြုတတ်မှ အကျိုးစီးပွားပြီးစီးမည်။

ဝိဇ္ဇာပညာ၊ သိပ္ပံပညာဟူ၍ နှစ်မျိုးရှိသည်အနက် ဤဗာဟုသစ္စမင်္ဂလာ၌ ဝိဇ္ဇာပညာကိုသာ ပဓာန ထားပေသည်။ ဝိဇ္ဇာပညာနှင့် ပတ်သက်၍ အသိအမြင်များအောင် ကြိုးစားရမည်။ ဗဟုသုတရှိသူသည် ဘယ်နေရာ တွင်မှ မျက်နှာမငယ်။ ရောက်လေရာ ချမ်းသာ စီးပွားများ မည် သာ ဖြစ်သည်။ထို့ကြောင့် အမြဲတမ်း ကုသိုလ်ဥစ္စာ အလိမ္မာနှင့်ပညာရကြောင်း ကောင်းသော ဗဟုသုတတို့ကို အမြဲတစေ ရှာမှီးသင့်လှပေသည်။

ဗဟုသုတပညာသည် လွန်စွာကျယ်ဝန်းလှ၏။ မည်သူမျှ ကုန်စင်အောင် မသိနိုင်ကြချေ။ မြတ်စွာဘုရားများသာလျှင် သိစရာမှန်သမျှ ကျနကုန် စင် သိမြင်နိုင်ကြပေသည်။ သာမန်လူသားတို့မှာ မိမိနှင့်ဆိုင်ရာ ဆိုင်ရာများ ကို သိလျှင်ပင် ချီးမွမ်းထိုက်စေသည်။ ဆိုင်ရာ ဆိုင်ရာများကို သိသည်ဆိုရာ မှာလည်း ကုန်စင်အောင် သိနိုင်ရိုးမရှိချေ။

'ဒါလောက်တောင် သိစရာတွေ များလှတာ ကုန်စင်အောင် မသိနိုင် တော့အတူတူ မကြိုးစားတော့ပါဘူး' ဟူ၍ လက်မှိုင်မချရ။ သိထိုက်သမျှ သိလျှင်ပင် အကျိုးကြီးလှချေပြီ။ သိထိုက်သမျှသိရန် စွမ်းစွမ်းတမံ ကြိုး စားသင့်ပေသည်။ မိမိနှင့်ဆိုင်ရာ သိတန်သမျှကိုပင် မသိကြပါမူကား ဘယ်သောအခါမှ သူတပါး ခြေဖဝါး အောက်က ထွက်နိုင် တော့မည် မဟုတ်ချေ။ပညာဗဟုသုတမရှိလျှင် မိမိကိုယ်ကို မိမိအသုံးပြုနိုင်မည်မဟုတ်။ သူတပါး၏ အသုံးပြုခြင်းကိုသာ ခံရမည်သာတည်း။

ငယ်ငယ်ရွယ်ရွယ်ဖြစ်လျှင်မူ အင်အားရှိနေ၍ အင်အားကို နွားကဲ့သို့ ခိုင်းစေ အသုံးပြုကြပေဦးမည်။ အင်အား ကုန်ခန်းလျှင်မူကား နွားကဲ့သို့ အသားလည်း မသုံးရသဖြင့် လုံးလုံးကြီးစွန့်ပစ် ကြပေတော့မည်။ ကိုယ်အား ကိုအသုံးမပြုနိုင်သောအခါ ဉာဏ်အားကိုသာ သုံးရမည်ဖြစ်ရာ ဉာဏ်အား လည်းမရှိသဖြင့် သား မြေးတို့အတွက် လေးလံလှသော လူပို လူရှုပ်ဝန်ထုပ်

ကြီးသာ ဖြစ်ပေတော့မည်။ ငယ်စဉ်က မသေခဲ့သူမှန်သမျှ လူအို ကြီးတွေ ဖြစ်ကြရဦးမည်။ကြီးတော့င် ကြီးမှ အသုံးမကျပဲ ဟိုငေး သည်မေ့ါ စကားမှ လေးလုံးကွဲအောင်မပြောနိုင်၊အဘက်ဘက်မှချွတ်ယွင်းသဖြင့်သားကမရှိသေ၊ သမီးက မရှိသေ၊ မြေးတွေကမလေးစား အထင်အမြင်သေး လူမလေး ခွေးမခန့် ဖြစ်ကြတော့သည်။ ပထမအရွယ် ပညာ၊ ဒုတိယအရွယ် ဥစ္စာ၊ တတိယ အရွယ် ဘာဝနာ ဟူသော သူ့အရွယ်နှင့်သူ ပြည့်စုံရမည့်အရာများကို ပြည့်စုံရန် အရွယ်သုံးပါးတွင် ဘယ်အရွယ်ကမျှ လုပ်သင့်လုပ်ထိုက်သော အလုပ်များကို မလုပ်ခဲ့သဖြင့် သက်ကြီးရွယ်အို လူပိုလူလျှံကြီးဖြစ်တော့သည်။ ရှိသေ လောက်မှ တော်ကောက်မည် ဆိုသည့်အတိုင်း ပညာဗဟုသုတမရှိ၍ မရှိသေ လောက်သဖြင့် သားများ မြေးများက မရှိသေ။

သားများ မြေးများကမရှိသေသဖြင့် ကိုယ့်အနေလည်းဆင်းရဲ၊သားမြေး များမှာလည်းငရဲဖြစ်၊တရွာလုံးကို မစင်နှင့်ကျုံးကာပက်သကဲ့သို့ မကောင်း မှုတွေ ကူးစက်ကုန်ကြတော့သည်။ ပြင်မရနိုင်သောအချိန်ကို ရောက်ပြီဖြစ်၍ လက်တို ငါးရိုးမျက်၊ ခရမ်းသီးပိန် ဓားတုံး ဆိုသကဲ့သို့ နေရာတကာ မဖွယ်မရာဖြစ်တော့သည်။

> ကိုယ်လက်ကျန်းမာ ငယ်စဉ်ခါက ရသင့်ရထိုက်သောဥစ္စာကို မရခဲ့ သဖြင့်၊ကျင့်သင့် ကျင့်ထိုက်သော တရားတို့ကို မကျင့်သုံးခဲ့သဖြင့်၊ ငါးအလုံးစုံ ကုန်လေပြီးသော ရွှံ့ဗွက်အနီး၌ရှိသော တောင်ပံယွင်း ယိုနေသော ကြိုးကြာအိုကြီးကဲ့သို့ ရွှံ့ဗွက်အနီး နေရမည်ကလည်း ငါးကကုန်၊ ငါးရှိရာသွားရမည်ကလည်း မှားကမစုံသဖြင့် မှိုင်ပုံချ ကာ နေရသကဲ့သို့ ငယ်သူများအလယ်တွင် ရှက်စဖွယ် အညွန့်တုံး ၍ လူလုံးမလှ ဖြစ်ရချေသည်။

အသက်အရွယ် ကြီးရင့်လာလျှင် အသက်အရွယ်နှင့် လိုက်ဖက်အောင် ပညာဗဟုသုတ ရှိမှသာလျှင် လူလည်းရှိသေ၍ ရှင်လည်းလေးစားမည်။ချဉ်း ကပ်မည့်သူ၊ပူဇော်မည့်သူ၊ ရှိသေသူများရှိကြမည်။ အိမ်ဦးခန်းတွင် အခန့်သား ထိုင်၍ လူငယ်များအလယ်တွင် ထည်ထည်ဝါဝါ နေနိုင်ပေသည်။ လူအို သော်လည်း ပညာမအိုသဖြင့် စိုစို ပြည်ပြည် ရှိပေ လိမ့်မည်။ ငယ်စဉ်မှာ မထောင်းသာသော်လည်း အိုကာတွင်ခက်တတ်သဖြင့် ပညာဗဟုသုတကို ငယ်စဉ်ကပင် စုံလင်အောင် ဆည်းပူးသင့်ပေသည်။

သူတော်တကာ တပ်အပ်စွာသား၊ အဋ္ဌာရသ၊ သိပ္ပအပြား၊ အတတ်
များကို၊ မှတ်သားသတိ၊ ပညာရှိတို့၊ တတ်သိအပ်စွ၊ ထိုသိပ္ပကို၊
နှံ့မျှကုန်ကုန် မတတ်တုံလည်း၊ တစုံတခု၊ တက်အောင်ပြု၍၊ လူမှု
အိမ်ထောင်၊ စီးပွားဆောင်လော့၊ ညဉ့်မှောင်မသိ၊ ကြက်မျက်စိသို့၊
မိမိကိုယ်ဖို၊ အတတ်ချို့မူ၊ သူတို့ပြစ်တင်၊ ဆင်းရဲမြင်အံ့၊ ထင်ထင်
မျက်မြော်၊ မကော်ရော်သည်၊ အိုသော် သူမရယ်စေနှင့်မင်း။

(လောကသာရပျို့)

သကျရှုပ်၊ ကြံကြံသမျှ၊ တောင့်တရာရာ၊ တက်ကောင်းစွာသား၊
ဝိဇ္ဇာသိပ္ပ၊ လူ့ကိစ္စကို၊ ငယ်ကမသင်၊ ပျော်ပါးလွင်မူ၊ အကြင်သူ
အား၊ စကားချေတင်၊ သဘင်မပြဲ၊ ခံတွင်းမဲ့သို့၊ ချို့တဲ့ပညာ၊
ညှိုးမျက်နှာနှင့်၊ ရှုံ့ရှာလန့်ထိတ်၊ အသံဆိတ်၍၊ တိတ်တိတ်မနေ၊
ဆိုပါချေလည်း၊ မပြေမပြစ်၊ အထစ်ထစ်နှင့်၊ ကျစ်လစ်မရှိ၊
အငြိငြိတည့်၊ ဟုတ်လိနိုးနိုး၊ ဆင်ကန်းတိုးသို့၊ အကျိုးအကြောင်း၊
ဆိုးကောင်းမမှန်၊ သဗ္ဗန်ပါဒ္ဒီလျှောက်၊ ရှေ့နောက်မညီ၊ အစီ
အလျဉ်၊ အဆင်မသင့်၊ တဖျင့်တပါး၊ ရယ်ဖွယ်များခဲ့။

(ရှင်မဟာရဋ္ဌသာရ)

# ၈။ သိပ္ပ မင်္ဂလာ

သိပ္ပံပညာသည် မင်္ဂလာ မည်၏။

သိပ္ပံပညာ ဆိုသည်မှာ လူသားတို့၏ စားရေး၊ ဝတ်ရေး၊ နေရေး၊ ကျန်းမာရေးမှ စ၍ လူမှုရေးရာ အဖြာဖြာတို့ကို အထောက်အကူ ဖြစ်သော အတတ်ပညာပင် ဖြစ်ပေသည်။ ထိုအတတ်ပညာသည် လူသားတို့အတွက် ကျေးဇူး များလှသောကြောင့် မင်္ဂလာ မည်ပေသည်။ လူသားတို့ စားသုံးရန်အတွက်လည်း သိပ္ပံပညာက ပေးလျက် ရှိသည်။ ဝတ်ဆင်ရန် အတွက်လည်း ပေးလျက် ရှိသည်။ နေထိုင်ရန်အတွက်လည်း ပေးလျက် ရှိသည်။ ကျန်းမာရေးအတွက်လည်း ပေးလျက် ရှိသည်။ မှန်၏။ စားစရာ

မလုပ်တတ်သော လူသားတို့သည် ဘာကို စားကြမည်နည်း။ ဝတ်စရာ မလုပ်တတ်သော လူသားတို့သည် ဘာကို ဝတ်ကြမည်နည်း။ နေစရာ မလုပ်တတ်သော လူသားတို့သည် ဘယ်မှာ နေကြ ထိုင်ကြမည်နည်း။ သိပ္ပံပညာ ဆိုသည်မှာ စားစရာ၊ ဝတ်စရာ၊ နေစရာ စသော လူသားတို့၏ လိုအပ်ချက်များကို ပြုလုပ်တတ်သော ပညာဟု ဆိုသဖြင့် လူ့လောကတွင် သိပ္ပံပညာသည် မည်မျှ အရေးကြီးကြောင်း သိနိုင်ပေသည်။

လူ့လောက၌ အလွန် အသုံးဝင်သော မရှိလျှင် မဖြစ်သော၊ အတတ်ပညာဖြစ်၍ မင်္ဂလာ မည်ခြင်း ဖြစ်ပေသည်။ ဤနေရာတွင် သိပ္ပံပညာဖြင့် ပြုလုပ်သော လက်နက်ဆန်းများကြောင့် လူသားတို့၏ အသက် အိုးအိမ် စည်းစိမ်များ အများအပြား ဆုံးရှုံး ပျက်စီးနေသည်ကို တွေ့ရပါလျက် အဘယ့်ကြောင့် သိပ္ပံပညာကို မင်္ဂလာဟု ခေါ်ပါသနည်းဟု မေးဖွယ် ရှိပေသည်။ သိပ္ပံပညာဖြင့် ပြုလုပ်သော လက်နက်ဆန်းများကြောင့် လူသားတို့၏ အသက် အိုးအိမ် စည်းစိမ်များ အများအပြား ဆုံးရှုံး ပျက်စီးနေသည်မှာ မှန်ပါ၏။ ဤသို့ ဖြစ်ရခြင်းသည် သိပ္ပံပညာနှင့် မဆိုင်ချေ။ သိပ္ပံပညာကို မကောင်းသဖြင့် အသုံးပြုသူများ၏ အပြစ်သာတည်း။ သိပ္ပံပညာ တတ်မြောက်ခြင်းသည် မင်္ဂလာ မည်ပေသည်။ မကောင်းသဖြင့် အသုံးပြုသူများသည်သာ မင်္ဂလာ မမည်ခြင်း ဖြစ်ပေသည်။

ဤသိပ္ပမင်္ဂလာသည် ဆရာဝန်ကြီးများ၊ အင်ဂျင်နီယာကြီးများ၊ ဒုံးပျံတွေ၊ လေယာဉ်ပျံတွေ လုပ်သူများနှင့်သာ သက်ဆိုင်ပေသည်။ သာမန် လူသားနှင့် လားလားမှ မဆိုင်ဟူ၍ မမှတ်သင့်၊ လူသားအားလုံးနှင့် သက်ဆိုင်ပေသည်။ ရှိသမျှတွေ အကုန်လုံးတတ်မှ အကုန်လုံးသိမှ သိပ္ပမင်္ဂလာ မည်သည်မဟုတ်၊ မိမိတို့လုပ်ငန်းနှင့် ဆိုင်ရာ ဆိုင်ရာ သိသင့် သိထိုက်သော အတတ်ပညာများ တတ်မြောက်လျှင် သိပ္ပမင်္ဂလာ မည်တော့သည်။

အိမ်ရှင်မတဦးအတွက် အိမ်ရှင်မတို့ လုပ်ငန်းဖြစ်သော အချက် အပြုတ်၊ အချုပ်အလုပ် စသည့် အိမ်မှုရေးရာ အဖြာဖြာတို့ကို ကျွမ်းကျင် နားလည်ခြင်း၊ မော်တော်ယာဉ် မောင်းသမား တဦးအတွက် မိမိမောင်းနေသော မော်တော်ယာဉ်နှင့် ပတ်သက်၍ ထိုက်တန်သလောက် ပြုပြင်တတ်ခြင်းများသည်ပင် သိပ္ပမင်္ဂလာများ ဖြစ်ပေသည်။ အိမ်ရှင်မ မှန်လျှင် စရိတ်ကုန် နည်းနည်းနှင့်အရသာရှိအောင် ချက်တတ် ပြုတ်တတ်ရမည်။ ယင်းသို့ ချက်

ပြုတ်သော အခါမှာလည်း ရာသီဥတုနှင့် မိသားစုကျန်းမာရေး ကြည့်၍ ဆေးလည်း အစာ၊ အစာလည်းဆေး ဆိုသကဲ့သို့ အစာကို ဆေးဖြစ်အောင် စီမံတတ်ရမည်။ မိမိကိုယ်တိုင် မလုပ်နိုင်သော်လည်း စီမံခန့်ခွဲနိုင်စွမ်း ရှိစေရမည်။ လယ်သမားမှန်လျှင် ထွန်အကြောင်း၊ ထယ်အကြောင်း၊ မျိုးစေ့အကြောင်း၊ မြေဩဇာ အကြောင်း၊ ထွန်ယက်စိုက်ပျိုးနည်း အကြောင်း၊ ရာသီဥတုအကြောင်းတို့ကို သိရှိရန်လိုသည်။တသက်လုံးနွားနှင့်နေပါလျက် နွားအကြောင်း မသိ၊ တသက်လုံးလှည်းနှင့်နေပါလျက် လှည်းအကြောင်း မသိ၊ ကိုယ်အသုံးပြုသော ပစ္စည်းအကြောင်းမှ ကိုယ်မသိ၊ ကိုယ့်ကိစ္စမှ ကိုယ်နားမလည်၊ ကိုယ်နှင့် ဆိုင်ရာဆိုင်ရာကိုမှ မကျွမ်းကျင်၊ မလိမ္မာကြလျှင် ဘာအသုံးကျဦးမည်နည်း။ ဓားကိုင်လျှင် ဓားသွေးတတ်ရမည်။ ကိုယ်ကိုင်သော ဓားမှ ကိုယ်မသွေးတတ်လျှင် လူ့ပြည်မှာ လူလုပ်နေဖို့ပင် မကောင်းတော့ချေ။

ဘယ်အတတ်ပညာပဲဖြစ်ဖြစ် သေးငယ်သည်၊ အောက်တန်းကျသည်ဟူ၍ မရှိချေ။ ဆိုင်ရာဆိုင်ရာကို ကုန်စင်အောင် တတ်မြောက်လျှင် ချမ်းသာကြီးပွားနိုင်သည်သာတည်း။

> ဝိဇ္ဇာပညာကိုလည်းကောင်း၊ သိပ္ပံပညာကိုလည်းကောင်း ငယ်သည်ဟူ၍ မမှတ်ရ။ ကုန်စင်အောင် တတ်မြောက်ပါမူကား တခုတည်းသော အတတ်သည်ပင်လျှင် အသက်မွေးကြောင်း ဖြစ်နိုင်ပေသည်။
>
> (လောကနီတိ)

> အဋ္ဌာရသ၊ သိပ္ပမယ္ဒင်း၊ နှလုံးသွင်း၍၊ အခင်းအရာ၊ ရှိခါလည်း၊ နှုတ်ပါလက်ရေး၊ ဇယ်ထောင်သောင်းကို၊ မြင်းကောင်းပြေးသို့၊ လူရေး လူရာ ပီကြချေ။
>
> (ရှင်မဟာရဋ္ဌသာရ)

မွေးကတည်းက အတတ်ပညာအစုံပါလာသည်ဟူ၍ လောကတွင် မရှိ။ တဖြည်းဖြည်း လေ့လာသင်ကြားဆည်းပူး၍ တတ်မြောက်ကြရပေသည်။ ကိုယ့်အလုပ်ကို တကယ်စိတ်ပါမှ တကယ်ကျွမ်းကျင်ပေလိမ့်မည်။ အလုပ်ကို စိတ်မပါလျှင် ဘယ်သောအခါမှ ကျွမ်းကျင်မည် မဟုတ်။ အလုပ်ကို

စိတ်ပါဖို့ အလွန် အရေးကြီးသည်။ အလုပ်ကို စိတ်ပါလျှင် အလုပ်နှင့် ဆိုင်ရာ ဆိုင်ရာကို မတတ်ကျွမ်းပါနှင့် ဟူ၍ တားမြစ်၍ပင် ရမည် မဟုတ်ချေ။ အလုပ်ကြီး အလုပ်ငယ်မဟူ မိမိလုပ်ငန်းကို ကျွမ်းကျင်ပိုင်နိုင် လျှင် ကြီးပွားစမြဲဖြစ်သည်။ ယောင်ယောင် ယမ်းယမ်း စမ်းတဝါးဝါး သမားများသည် ဘယ်သောအခါမှ ကြီးပွားမည် မဟုတ်ချေ။ အလုပ် လုပ်ယင်း လေ့လာ၍ လေ့လာယင်း အလုပ် လုပ်ကြရမည်။

ကုန်သည်ယာသည် ကုန်းယာသည်ချင်းမတူ၊ မုန့်ဟင်းခါးသည် မုန့်ဟင်းခါး သည်ချင်းမတူ၊ ပန်းထိမ်ဆရာ-ပန်းထိမ်ဆရာချင်းမတူ၊ အင်ဂျင်နီယာ- အင်ဂျင်နီယာချင်း မတူ၊ ဆရာဝန်-ဆရာဝန်ချင်း မတူကြသည်မှာ မိမိ လုပ်ငန်းကို ကျွမ်းကျင်ပိုင်နိုင်မှုနှင့် အကျိုးရှိအောင် အသုံးပြုတတ်မှု အနည်း အများအလိုက် ခြားနားကြခြင်းကြောင့် ဖြစ်ပေသည်။ လုပ်ငန်းကိုလည်း ကျွမ်းကျင်ပိုင်နိုင်ရသည်။ အကျိုးရှိအောင်လည်း အသုံးပြုတတ်ရသည်။ ဤနှစ်ချက်နှင့်ပြည့်စုံလျှင် ဗေဒင်မေးစရာမလို မုချကြီးပွားတိုးတက်တော့ မည်သာတည်း။

ကိုယ့်လုပ်ငန်းနှင့် ဆိုင်ရာဆိုင်ရာကိုသာမဟုတ်၊ လူမှုရေးတွင် အသုံးဝင် မည့် စက်မှုလက်မှုပညာရပ်များကိုလည်း တတ်မြောက်သင့်ပေသည်။ ငါနှင့် မဆိုင်ဟူ၍ လျစ်လျူမပြုသင့်ပေ။ ကိုယ့်အတွက်အသုံးမဝင်သေးသော်လည်း ကိုယ့်မိတ်ဆွေများအတွက် အကူအညီပေးနိုင်ပေသည်။ထို့ကြောင့် ကြီးငယ် မဟူ လူ့လောကတွင် အသုံးဝင်မည့် အတတ်ပညာများကို အထိုက် အလျောက်တတ်မြောက်အောင် လေ့လာဆည်းပူးသင့်ပေသည်။

သိပ္ပံပညာကား ကျေးဇူးများလှသည်။ လူသားတွေ ကောင်းကင်သို့ လည်းပျံနိုင်ကြပြီ။ ရေအောက်သို့လည်း ငုပ်နိုင်ကြပြီ။ အလွန်ဝေးသော ခရီးကိုလည်း ခြေတလှမ်းမျှမလှမ်းရပဲ ချမ်းသာစွာ ရောက်နိုင်ကြပြီ။ အလွန်ဝေးသောနေရာသို့လည်း ထိုင်ရာကလှမ်း၍ စကားပြောနိုင်ကြပြီ။ စကားပြောတဲ့အသံတွေကိုလည်း သိမ်းဆည်း၍ထားနိုင်ကြပြီ။ ချောင်းကြီး မြစ်ကြီးများကိုလည်း ဝံတားကြီးများဖြင့် ဖြတ်ကျော်နိုင်ကြပြီ။ မိုးထိ စွင့်စွင့်အဆောက်အအုံကြီးများကိုလည်း ဆောက်လုပ်၍ နေထိုင်နိုင်ကြပြီ။ ကမ္ဘာနာခေါ်သည့် ကြောက်မက်ဖွယ်ရာ ရောဂါဆိုးကြီးများကိုလည်း လူသားတို့ထံမရောက်အောင် ကာကွယ်တားဆီးနိုင်ခဲ့ပေပြီ။ သဘာဝအခက်

အခဲများ၊ သဘာဝအန္တရာယ်များသည် သိပ္ပံပညာ၏အောက်သို့ တဖြည်းဖြည်းကျရောက်၍လာချေပြီ။ သိပ္ပံပညာကြောင့် ရရှိလာသော လူ့လောက အကျိုးစီးပွားများကို စာရင်းဇယားပြုလုပ်၍ ကုန်ကော့မည်မဟုတ်ချေ။ သို့ကလောက် လူ့လောကတွင် ကျေးဇူးများသော သိပ္ပံပညာသည် အဘယ်ကြောင့် မင်္ဂလာမမည်ပဲ ရှိချေအံ့နည်း။

ပထမအရွယ်၊ ငယ်သော်ကတည့်၊ သိပ္ပခေါင်အား၊ တတ်မြောက်များမူ၊ တောသားရန်အောင်၊ ခြသေ့်ယောင်သို့၊ မရှောင်မည့္ဘ၊ တင်းတင်းမာ၍၊ ပညာရဲရင့်၊ ပွဲလယ်တင့်လိမ့်။

**(ရှင်မဟာရဋ္ဌသာရ)**

ဝိဇ္ဇာပညာ၊ သိပ္ပံပညာခေါ်ကြသော နှုတ်မှု လက်မှုပညာမှန်သမျှ လေ့လာဆည်းပူး၍ မိမိတို့၏လုပ်ငန်းကို တိုးတက်အောင်ကြိုးစားကြရမည်။

ဤသည်လျှင် သိပ္ပမင်္ဂလာဖြစ်ပါသတည်း။

# ၉။ ဝိနယ သုသိက္ခိတ မင်္ဂလာ

ကောင်းစွာလေ့ကျင့်အပ်ပြီးသော စည်းကမ်းရှိခြင်းသည် မင်္ဂလာမည်၏။

စည်းကမ်းဆိုသည်မှာ လုပ်ငန်းတခု၏ အထိန်းအကွပ်ပင်ဖြစ်သည်။ မည်ကဲ့သို့ပြုလုပ်ရမည်၊ မည်ကဲ့သို့မပြုလုပ်ရဟူ၍ သတ်မှတ်ထားသော အတိုင်းအတာ အရံအတားပင်ဖြစ်သည်။ သူ့စည်း ကိုယ့်စည်း သူ့တာ ကိုယ့်တာ စသည်ဖြင့် ပိုင်းခြားထားသော လုပ်နည်းကိုင်နည်းဟူ၍လည်း မှတ်သင့်သည်။

သိက္ခာသုံးပါးဖြင့် ရေတွက်အပ်သော ဤဘာသနာတော်တွင် စည်းကမ်းဟူသည် သီလသိက္ခာပင်ဖြစ်သည်။ သီလဟူသည်မှာ အစ၏ကောင်းခြင်းဖြစ်၍ အစကောင်းမှ အနှောင်းသေချာသည်ဆိုသည့်အတိုင်း အစကောင်းမှ အဆုံးကောင်းမည်ဖြစ်၍ ကိုစည်းကမ်းသည်ပင် မင်္ဂလာမည်ချေသည်။

ရဟန်းဖြစ်လျှင် ရဟန်းနှင့်ဆိုင်ရာစည်းကမ်း၊ လူဖြစ်လျှင် လူနှင့်ဆိုင်ရာစည်းကမ်း၊ လူတွင်လည်း လူကြီးဖြစ်လျှင် လူကြီးဆိုင်ရာ၊ လူငယ်ဖြစ်လျှင် လူငယ်ဆိုင်ရာစည်းကမ်းဟူ၍ ရှိရသည်။ လုပ်ငန်းကြီးလျှင် လုပ်ငန်းကြီးနှင့်ဆိုင်ရာစည်းကမ်း၊ လုပ်ငန်းငယ်လျှင် လုပ်ငန်းငယ်နှင့်ဆိုင်ရာ စည်းကမ်းဟူ၍ လုပ်ငန်းမှန်လျှင် စည်းကမ်းရှိရသည်။ လုပ်ငန်းငယ်ငယ်ဖြစ်သဖြင့် စည်းကမ်းရှိရန်မလိုဟူ၍မမှတ်ရ။ လုပ်ငန်းငယ်သော်လည်း လုပ်ငန်းငယ်သည့်အလျောက် စည်းကမ်းရှိရမည်သာတည်း။

မွေးစကလေးငယ်တယောက်အတွက် သူ့တွင်ပါရှိသော လက် ခြေတို့သည် ဘာမှအသုံးမဝင်ချေ။ အပိုသာဖြစ်နေပေသည်။ အပိုဖြစ်နေသည်ဟူ၍ ဖြုတ်ထားလျှင်မူကား ပိုတုန်းကပိုသော်လည်း မပိုသောအခါ ဒုက္ခတွေ့တတ်သည်။ ကျောင်းတွင် ကျောင်းနှင့်ဆိုင်ရာစည်းကမ်း၊ အိမ်တွင် အိမ်နှင့်ဆိုင်ရာစည်းကမ်း၊ အလုပ်ခွင်တွင် အလုပ်ခွင်နှင့်ဆိုင်ရာစည်းကမ်း စ၍ လူ့လောကတခုလုံး သူ့နေရာနှင့်သူ စည်းကမ်းတွေနှင့်သာ ရှိနေချေသည်။ လူ့လောကတခုလုံးစည်းကမ်းတွေရှိနေခြင်းသည် လူ့လောကနှင့် တိရစ္ဆာန်လောကတို့၏ ခြားနားချက်ပင်ဖြစ်ပေသည်။ အကြင့်ကြောင့်၊ ထို့ကြောင့်၊ သို့တည်းမဟုတ် စသည်ဖြင့် စာကြီးပေကြီးတွေနှင့် တခမ်းတနားရေးသားထားမှ စည်းကမ်းမဟုတ်ပါ။ ယင်းသို့ ရေးသားမထားသော်လည်း အိမ်သူအိမ်သားတိုင်း လိုက်နာရမည့် အိမ်စည်းကမ်း၊ လူသားတိုင်းလိုက်နာရမည့် လူ့စည်းကမ်းဟူ၍ သူ့နေရာနှင့်သူ အသီးသီးရှိနေကြသည်သာ ဖြစ်ပေသည်။

အိမ်သူအိမ်သားတိုင်း လိုက်နာရမည့် အိမ်စည်းကမ်းဆိုသည်မှာ အတူနေ မိသားစု၏ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြရန် ကိုယ့်တာဝန်နှင့်ကိုယ် လိုက်နာ ဆောင်ရွက်ကြရသော လုပ်ငန်းရပ်များ ဖြစ်ပေသည်။ အိမ်မှုကိစ္စဆိုသည်မှာ အရေးမကြီးသော သာမန်ကိစ္စဟူ၍ မမှတ်ရ။ အလွန်အရေးကြီးသော ကိစ္စ ဖြစ်ချေသည်။ မှန်၏။ မိမိနှင့် မိမိ၏ မိသားစုတို့၏ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာရေးထက် ဘယ်ဟာမှ ပို၍ အရေးမကြီးချေ။ ထို့ကြောင့် အိမ်စည်းကမ်းကို ရှိသေကြရမည်။ မင်္ဂလာ မိသားစုများ လိုက်နာရမည့် အိမ်စည်းကမ်းမှာ အကျဉ်းအားဖြင့် အောက်ပါအတိုင်း ဖြစ်ပေသည်။ ၎င်းတို့မှာ—

၁။ အတူတကွ စားသောက်ခြင်း၊
၂။ အတူတကွ အိမ်မှုကိစ္စ ပြုလုပ်ခြင်း၊
၃။ ကိုယ့်တာဝန်နှင့်ကိုယ် ခွဲခြားထားခြင်း၊
၄။ ကြီးစဉ်ငယ်လိုက် ရှိသေခြင်း၊
၅။ အလုပ်ချိန်ကလေးတွေ သတ်မှတ်ထားခြင်း

တို့ ဖြစ်ကြပေသည်။

၁။ အတူတကွ စားသောက်ခြင်းကြောင့်–

(က) ထမင်းဟင်းလျာ နည်းပါးနေသောအခါမှာ မျှမျှတတ ဝေခြမ်း စားသောက်ခြင်းဖြင့် နောက်တခါ ပြန်၍ ချက်ပြုတ်နေရသော ဒုက္ခများ မဖြစ်ပေါ်နိုင်ခြင်း၊ ကျန်လူများက မချန်ခဲ့ ကောင်းလား့ ဒါပဲလားဟူသော ငြိုငြင်ခြင်းတို့မှ ကင်းဝေးစေသည်။

(ခ) စဖိုဆောင် လုပ်ငန်းများအချိန်နှင့် အခါနှင့် သိမ်းရ ဆည်းရသည်။ ဟိုတယောက် မလာသေး၊ ဒီတယောက် မရောက်သေးနှင့် တယောက် တကွဲစီ စားသောက်နေကြခြင်းဖြင့် စဖိုဆောင် လုပ်ငန်းများ လက်စ မသတ်နိုင်ပဲ ရှိနေခြင်းမှ ကင်းငြိမ်းစေသည်။

(ဂ) မိသားစု မျက်နှာစုံညီ ဆွေးနွေးခွင့် ရကြသည်။ ကိုယ့်အလုပ်နှင့် ကိုယ် နေကြသော မိသားစုသည် ထမင်းပွဲ၌ အိမ်မှုရေးရာ ပြဿနာများကို ဆွေးနွေး ဖြေရှင်းနိုင်ကြသည်။ အဖေ့သား မနေ့က ကျောင်းကအပြန် အိမ်တန်း မလာဘူး၊ ဒီလိုလုပ်တာ နှစ်ခါရှိပြီဟူ၍ ဖခင်ကြီးအား တိုင်ကြားနိုင်ခြင်း၊ အမေ့သမီးလည်း ခုတလော အိမ်မှာ ဘာမှ မလုပ်ချင်ဘူး၊ ခိုင်းလိုက်ယင် ဆောင့်ကြီးအောင့်ကြီးနဲ့ စသည်ဖြင့် မိသားစုရေးရာများကို ဆွေးနွေး တိုင်ပင်ခြင်းဖြင့် ပြဿနာအားလုံး ကင်းငြိမ်းနိုင်သည်။

(ဃ) မိသားစု အချစ် တာရှည်ကြသည်။ ရှေးက မောင်နှမ မွေးချင်းများ တဦးနှင့်တဦး အလွန် ချစ်ကြသည်။ အလွန်

ကြင်နာကြသည်။ ဤသို့ ချစ်ကြ ကြင်နာကြခြင်းသည် အတူ ထမင်းစားပွဲ၏ အနှစ်သာရကြောင့်ပင် ဖြစ်သည်။ သူတို့သည် တယောက်တကွဲစီ စားဖို့သောက်ဖို့ဆိုရန် မဆိုထားဘိ၊ တယောက် တပန်းကန်စီပင် စားလေ့စားထ မရှိကြချေ။ ဒေါင်းဘောင်ခေါ် တထောင့်ထွာခန့် ကျယ်သော သစ်သားလင်ဗန်းကြီးတွင် အလယ်မှ ဟင်းပန်းကန်တည်ထားသည်။ ဟင်းပန်းကန်ဘေးတွင် ထမင်းပုံကလေးများ အစီအရီ ပြုလုပ်ထားကြသည်။ ပြီးမှ မိသားစုအားလုံး ဝိုင်း၍ နယ်ကာ ဖတ်ကာ နှင့် မိသားစု ရေးရာ၊ လုပ်ငန်းဆောင်တာရေးရာ၊ ဆွေရေးမျိုးရာ၊ တိုင်းရေးပြည်ရာများကို ဆွေးနွေးယင်း စားကြလေတော့သည်။ တယောက်ထမင်းပုံမှ နယ်သော ဟင်းရည်တို့မှာ တယောက် ထမင်းပုံသို့ ရောက်တော့သည်။ ညီ့ ထမင်းပုံမှ ဟင်းရည်များ အစ်ကို့ထံရောက်၊ အစ်ကို့ထမင်းပုံမှ ဟင်းရည်များ အမထံသို့ရောက်၊ ဟင်းရည်များ ဝိုင်းလည်ပတ်ပတ် စီးတော့သည်။ ဤသို့ စားသောက်ခြင်းကို လက်ရည် တပြင်တည်းဟုခေါ်ပေသည်။ တဦးနှင့်တဦး ရွံရှာသည်ဟူသော ဝေါဟာရသည် သူတို့မိသားစု၌ မရှိပေ။ ထို့ကြောင့် မိဘနှစ်ပါး ကွယ်လွန်သွားသော်လည်း အမွေ လုရသည်ဟူသော အလုပ်မျိုး မလုပ်ရတော့ချေ။ အကြီးများက ဝေစုလျှော့ယူကြ၍ အငယ်များကို ပိုပေးကြသည်။ အငယ်များက အကြီးများကို ထိုဝေစုများဖြင့် ကန်တော့ကြသည်။ အလွန်ကြည်နူးစရာ ကောင်းလှသည်။ ယခုခေတ် မိသားစုအဖို့ဆိုရလျှင် လက်ရည်တပြင်တည်း စားဖို့ရန် မဆိုထားဘိ၊ ဤစာဖတ်ရခြင်းသည်ပင်လျှင် ရွံစရာ၊ ပျို့စရာ၊ အန်စရာ ကောင်းကြပေမည်။

၂။ အတူတကွ အိမ်မှုကိစ္စပြုလုပ်ခြင်းကြောင့်လည်း အလွန် အကျိုးကျေးဇူး များပေသည်။ ပျော်စရာကောင်းသော အလုပ်တခုပင် ဖြစ်သည်။ အိမ်တွင်း အိမ်ပြင် သန့်ရှင်းရေး၊ သစ်ပင် ပန်းပင် စိုက်ပျိုးရေး၊ မိခင်ဖခင်တို့၏ ဝေယျာဝစ္စများကို ဝိုင်းဝန်း ပြုလုပ်ပေးရေး စသော ကိစ္စ၊

ရပ်များတွင် ညီညာဖွဖွ ရယ်ကာမောကာဖြင့် မောင်တထမ်း မယ်တရွက် အစ်ကို ဦးကိုင် ညီ ပွဲထိုင်၊ နှမတဘက် မောင်တဘက် ဆိုသကဲ့သို့ မိသားစု လုပ်ကိုင်ဆောင်ရွက်ကြခြင်းသည် မိသားစု စည်းလုံးရေးပင် ဖြစ်သည်။ ဤသို့ အတူတကွ ပူးပေါင်း လုပ်ဆောင်ကြခြင်းဖြင့် တယောက်သဘော တယောက် နားလည်ခြင်း၊ တဦးနှင့်တဦး သံယောဇဉ် ငြိတွယ်ကြခြင်းဖြင့် မိသားစု အသိုက်အအုံ မပြိုမကွဲ ခိုင်မြဲလေတော့သည်။

၃။ ကိုယ့်တာဝန်နှင့်ကိုယ် ခွဲခြားထားခြင်းသည် စကားများများ မပြောရပဲ အလုပ်ပြီးစေသောအကြောင်း ဖြစ်ပေသည်။ မိသားစုအားလုံး ကိုယ့်တာဝန်နှင့်ကိုယ်ရှိရမည်။ ဘာတာဝန်မှ မပေးပဲ ထားသောသူဟူ၍ မရှိစေရ။ ငယ်သော ကလေးများကို ငယ်ငယ် တာဝန်ကလေးတွေ ပေးထားရမည်။ တာဝန် ခွဲပေးရာ၌ တာဝန်ကို ဘယ်ကဲ့သို့ ထမ်းဆောင်ရမည်ဟု သေသေချာချာ သင်ပြထားရမည်။ သူ့တာဝန်နှင့်သူ ခွဲခြားထားခြင်းဖြင့် ရေမရှိလျှင်ရေခပ်သူတာဝန်၊ အမှိုက်ရှုပ်လျှင် အမှိုက်လှည်းသူတာဝန် စသည်ဖြင့် ခွဲခွဲခြားခြား ဆုံးမ ပဲ့ပြင်နိုင်သည်။ ဤကဲ့သို့ ကိုယ့်တာဝန်နှင့်ကိုယ် ခွဲခြားမထားသော အိမ်ထောင်စုများမှာ အမြဲတမ်း နားဆူ နားပူဖြစ်၍ နေပေမည်။ မိဘလုပ်သူများမှာလည်း ပန်းကန်တွေလည်း ဘယ်သူမှ မဆေးဘူး၊ ရေအိုးထဲလည်း အမှုန်တွေ ပြည့်လို့၊ ဒီလုံချည်က ဘာလို့ ဒီနား ရောက်လာတာတုန်း၊ လင်ဗန်းတချပ်က ဘယ်ရောက်သွားသလဲ၊ ဘာမှ စည်းကမ်း မရှိကြဘူး ဟူသော ပူပူဆာဆာ စကားများကို မနားမနေ ပြော၍သာ နေရပေတော့မည်။ ဖြစ်ပေါ်လာသည့် ချွတ်ယွင်းမှု အတွက် တိတိကျကျ တာဝန်ရှိသူကို မဖော်ထုတ်နိုင်ကြသဖြင့် တအိမ်လုံး သိမ်းကာ ကျုံးကာ ပြစ်တင်မောင်းမဲ၍ လက်စ မသတ်တော့ချေ။

စည်းကမ်းမရှိဘူး ပြောရအောင် ဘယ်သူက စည်းကမ်းမရှိပါသနည်း၊ မိဘကပဲ စည်းကမ်း မရှိပေသလား၊ သားသမီးကပဲ စည်းကမ်း မရှိပေသလား ဆိုသည်ကို စဉ်းစားဖို့သင့်၏။ သားသမီးမကောင်း မိဘခေါင်း ဆိုသော စကားသည် အိမ်ထောင်စု၌ ဖြစ်ပေါ်နေသော ချွတ်ယွင်းချက်များအတွက် တိတိကျကျ တာဝန်ရှိသူကို ဖော်ထုတ်ပေးသော စကားဖြစ်ပေသည်။

၄။ ကြီးစဉ်ငယ်လိုက် ရှိသေခြင်းကို ဂါရဝ မင်္ဂလာတွင် ပေါင်း၍ ဖော်ပြတော့မည်။

## ၅။ အလုပ်ချိန်ကလေးတွေ သတ်မှတ်ထားခြင်း။

မုန့်ပဲသားရေစာကို နံနက်စာ ဘယ်အချိန်မှာ စားမည်၊ နံနက်စာ ဘယ်အချိန်မှာ စားမည်၊ ညစာ ဘယ်အချိန်မှာ စားမည်၊ ဘယ်အချိန် ဘုရားရှိခိုး၍ ဘယ်အချိန် အိပ်ကြရမည်၊ ဘယ်အချိန် အိပ်ရာက ထကြရမည်၊ အလည်အပတ်သွားသော ကာလသားများ ဘယ်အချိန်ပြန်ရောက်ကြရမည် စသည်ဖြင့် လုပ်ငန်းနှင့် ဆိုင်ရာဆိုင်ရာ အချိန်ကလေးတွေ သတ်မှတ်ထားရသည်။ အချိန်သတ်မှတ်ထားသော အလေ့အကျင့်သည် အစတွင် ပင်ပန်း ခက်ခဲဟန်ရှိသော်လည်း အသားကျသွားသောအခါ အလွန် သက်သာ လွယ်ကူသွားလေတော့သည်။

ထို့အပြင် အိမ်ထောင့်ပရိဘောဂများကိုလည်း တန်ဖိုး အနည်းအများ မခွဲခြားပဲ စည်းကမ်းတကျ ထားသို အသုံးပြုရမည်။

(၁) ပစ္စည်းတခုပျက်စီးသွားလျှင် ချက်ချင်းပြင်ဆင်လိုက်ရသည်။ ပို၍ ပျက်စီးသွားသည့်တိုင်အောင် စောင့်မနေရ။ ပို၍ ပျက်စီးသည့် တိုင်အောင် စောင့်နေလျှင် ဤပျက်စီးမှုက ထိုပျက်စီးမှုအကို ကူးစက်သွားတတ်သည်။ ပေါက်လျှင် ဖာရမည်၊ စုတ်လျှင် ချုပ်ရမည်၊ ကျိုးလျှင် ဆက်ရမည်၊ ပျက်လျှင် ပြင်ရမည်၊ ပစ်စလက်ခတ် မထားရ။

(၂) ပစ္စည်းတခုပျောက်သွားလျှင် ချက်ချင်းရှာရမည်၊ မရှာလျှင် သူပျောက်ခြင်းကြောင့် အခြားနေရာများပါ ထိခိုက်တတ်သည်။ မရှာလျှင် ကြာတော့ မေ့၍ ဆုံးတတ်သည်။ ပျောက်စ ရှာလျှင် ခြေရာကောက်၍ ရသည်။ ပျောက်တာကြာလျှင် ခြေရာပျောက်၍ အရှာခက်သည်။

(၃) ရှိရှိသေသေကိုင်တွယ်အသုံးပြုရသည်။ ဘယ်ပစ္စည်းပဲ ဖြစ်ဖြစ် စည်းမဲ့ကမ်းမဲ့ ပရမ်းပတာ အသုံးမပြုရ။ မကျိုးတန်ပဲ မကျိုးစေရ။ မကွဲတန်ပဲ မကွဲစေရ။ မကုန်တန်လျှင် မကုန်စေရ။ မဖိတ်တန်လျှင် မဖိတ်စေရ။ သုံးစွဲရာတွင် ဝန်နှင့်အားကို ချိန်ချိန်ဆဆ သုံးရမည်။

(၄) သူ့နေရာနှင့်သူ ထားရမည်။ ကတ်ကြေးက ဘယ်ရောက်နေတုန်း၊ ဖောင်တိန်က ရှာမတွေ့ဘူး၊ မင်အိုးက ဘယ်မှာလဲ

စသည့် နားပူ နားဆာ မဖြစ်ရအောင် အိမ်ထောင့် ပရိဘောဂများကို သူ့နေရာနှင့်သူ နေရာ သတ်မှတ်၍ ပုံမှန်ထားရသည်။ ဟိုထား သည်ထား မထားရ။ ဘယ်သူမရှိလို့ ဘယ်နားထားခဲ့မှန်း မသိလို့ စောင့်နေရကာမျိုး၊ လိုက်ခေါ်ရတာမျိုး မဖြစ်စေရ။

အိမ်သူ အိမ်သားတွေ ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင် ရှိကြရန် အိမ်စည်းကမ်းကောင်းဖို့ လိုသည်။ ကိုယ့်အိမ် ကိုယ့်ယာ သာယာဖို့အတွက် ကိုယ့်ဟာကိုယ်မှ မလုံးပမ်းလျှင် ဘယ်သူကမှ ဝမ်းနည်းကြမည် မဟုတ်။ ကိုယ်သာလျှင် ဆင်းရဲမည်ကို သတိပြုကြရမည်။

## လူ့စည်းကမ်း

လူ့စည်းကမ်း ဆိုကာမျှနှင့်ပင် လူသားတိုင်း လိုက်နာကျင့်သုံးရမည့်တရားဟု သဘောပေါက် နိုင်လောက်ပေပြီ။ လူသားမည်သည် လူ့စည်းကမ်းကို လိုက်နာရမည်။ လူ့စည်းကမ်းကို မလိုက်နာသော သူသည် လူသား မမည်ချေ။ လူ့စည်းကမ်းများကို သီးသန့် စာနှင့် ပေနှင့် ရေးသား၍ ကုန်ဆုံးနိုင်မည် မဟုတ်။ များပြား ကျယ်ဝန်းလှချေသည်။ များပြား ကျယ်ဝန်းလှသည် ဆို၍ လူ မမည်ချင်ယင် လည်း နေပါစေတော့၊ ဒီဟာတွေတော့ မလိုက်နာ မကျင့်သုံးနိုင်ဘူး ဟူ၍ အားမလျှော့ပါနှင့်။လူ့စည်းကမ်းဆိုသည်မှာ ဘာတွေလဲဟုမေးလျှင် မိမိကိုပင် မိမိမေးရလိမ့်မည်။ ကိုယ်က ဘယ်အရာကို လိုချင်၍ ဘယ်အရာကို မလိုချင်သနည်း၊ ကိုယ်က ဘယ်အရာကို ချစ်၍ ဘယ်အရာကို မုန်းသနည်း၊ ကိုယ်က ဘယ်အရာကို ရှိသေသနည်း၊ ဘယ်အရာကို ကြောက်သနည်း ဟူသော ယေဘုယျ မေးခွန်းနှင့်ပင် လူ့စည်းကမ်းဆိုသည်မှာ ဘာတွေဖြစ်သည်ကို ဖြေရှင်းနိုင်ပေလိမ့်မည်။ များသောအားဖြင့် လူသားသည် အလိုဆန္ဒတူမျှကြသည်သာ ဖြစ်သည်။ လူ့စည်းကမ်းကို စစ်ဘမ်းထုတ်ကြစို့ဆိုလျှင် ကိုယ်က ဘယ်အရာကို လိုသနည်း၊ လမ်းမသိသောအခါ လမ်းပြပေးမည့် သူကို လိုသည်။ ထို့နည်းတူစွာ လမ်းမသိသောသူသည် လမ်းပြပေးမည့်သူကို အလိုရှိလိမ့်မည်။ သို့ဖြစ်လျှင် လမ်းမသိသူအား လမ်းပြပေးခြင်းသည် လူ့စည်းကမ်းပင် မဟုတ်ပါလော။

ကိုယ်က ဘယ်အရာကို မလိုသနည်း။ မိမိဆန္ဒနှင့် ဆန့်ကျင်ဘက် ပြောဆို လုပ်ကိုင်ခြင်းကို အလိုမရှိချေ။ ထို့နည်းအတူ လူသားတိုင်းကလည်း မိမိနှင့် ဆန့်ကျင်ဘက် ပြောဆို လုပ်ကိုင်ခြင်းကို အလိုရှိမည်မဟုတ်။ သို့ဖြစ်လျှင် တဘက်သား မလိုလားသော ပြောဆိုလုပ်ကိုင်မှုကို ရှောင်ကြဉ်ခြင်းသည် လူ့စည်းကမ်းပင် မဟုတ်ပါလော။

ကိုယ်က ဘယ်အရာကို ချစ်၍ ဘယ်အရာကို မုန်းသနည်း။ ကိုယ်နှင့်အလိုတူသူကို ချစ်၍ အလိုမတူသူကို မုန်းသည်။ ထို့နည်းအတူ လူသားတိုင်း အလိုတူသူကို ချစ်၍ အလိုမတူသူကိုမုန်းကြပေလိမ့်မည်။ သို့ဖြစ်လျှင် တဘက်သားအား အလိုတူသူကို မုန်းရန်၊ အလိုမတူသူကို ချစ်ရန် မကြိုးစားခြင်းသည် လူ့စည်းကမ်းပင် မဟုတ်ပါလော။

ကိုယ်က ဘယ် အရာကို ရှိသေသနည်း။ မိမိကိုးကွယ်သော၊ မိမိကြည်ညိုသော အရာတို့ကို ရှိသေမည်။ ထို့နည်းအတူ သူတပါးတို့ကလည်း ၎င်းတို့ကိုးကွယ်သော၊ ကြည်ညိုသော အရာတို့ကို ရှိသေကြပေလိမ့်မည်။ တဘက်သားရှိသေသော အရာကို အဘယ့်ကြောင့် မရှိမသေပြုရမည်နည်း။

မိမိလည်း ဘေးအန္တရာယ်ကို ကြောက်သည်။ တဘက်သားလည်း ဘေးအန္တရာယ်ကို ကြောက်လိမ့်မည်။ သို့ဖြစ်လျှင် တဘက်သား ကြောက်ရွံ့သော ဘေးအန္တရာယ်ဖြစ်စေမည့် လုပ်ငန်းကို အဘယ့်ကြောင့် ပြုလုပ်ရမည်နည်း။

အကျဉ်းအားဖြင့် မိမိအား သိတပါးတို့က ဆောင်ရွက်ပေးစေလိုသော အချက်များအတိုင်း သူတပါးတို့ကလည်း မိမိအား အလိုရှိကြပေလိမ့်မည်။ ဤအချက်ကို လေးလေးနက်နက် စဉ်းစားလျှင် လူ့စည်းကမ်းဆိုသည်မှာ ဘာပေါ့ဖြစ်သည်ကို သိနိုင်လောက်ပေသည်။

စည်းကမ်းရှိမှ ကြီးပွား တိုးတက်မည်။ စည်းကမ်း မရှိလျှင် ကြီးပွား တိုးတက်ခြင်း မဖြစ်နိုင်။ သို့ဖြစ်၍ အစစ အရာရာ စည်းကမ်းရှိကြကုန်ရာသည်။

## ၁၀။ သုဘာသိတ မင်္ဂလာ

ကောင်းစွာ ပြောဆိုအပ်သော စကားသည် မင်္ဂလာ မည်၏။

လယ်တီ ဆရာတော် ဘုရားကြီး ဖွင့်ဆိုခဲ့သော အပြစ်စင်ကြယ်၊ ချစ်ကြင်ဖွယ်နှင့် နာဖွယ် ကျိုးလို၊ ကောင်းစွာ ဆိုအပ်သော အကြောင်းတရားသည်လည်းကောင်း ဟူသည့်အတိုင်း အပြစ်စင်ကြယ်ခြင်း ဟူသော သစ္စ ဝါစာ၊ ချစ်ကြင်ဖွယ်၊ နာယူဖွယ်ရှိခြင်း ဟူသော ပိယ ဝါစာ၊ အကျိုးရှိခြင်း ဟူသော ဓမ္မဝါစာ၊ ကောင်းစွာဆိုခြင်း ဟူသော သုဘာသိတ ဝါစာ ဟူသော စကားအရာ အင်္ဂါလေးတန်နှင့်အညီ ပြောဆိုအပ်သော စကားသည် ကောင်းစွာ ပြောဆိုအပ်သော စကားမည်ပေသည်။ ထိုကောင်းစွာ ပြောဆိုအပ်သော စကားသည် ခုရော နောင်ပါ ချမ်းသာ စီးပွားကို မုချ ဖြစ်စေနိုင်သောကြောင့် မင်္ဂလာ မည်ပေသည်။

### စကားအရာ အင်္ဂါလေးတန်

၁။ သုဘာသိတ ဝါစာ

၂။ ပိယ ဝါစာ

၃။ သစ္စ ဝါစာ

၄။ ဓမ္မ ဝါစာ

၁။ သုဘာသိတ ဝါစာ။ ကာရန် ဝါကျ ချောမော ပြေပြစ်ခြင်း၊ ပြောထုံး ပြောနည်း မှန်ကန်ခြင်း၊ အစီအစဉ်ကျကျပြောဆိုခြင်း၊ အများနားလည်အောင် ပီပီသသ ပြောဆိုခြင်း များသည် သုဘာသိတ ဝါစာ မည်ပေသည်။

စကားပြောလျှင် ကာရန် ဝါကျ ညီအောင် ပြောရသည်။ ဝေါဟာရ အသုံးအနှုန်း ယဉ်ကျေးဖွယ်ရာ ရှိရသည်။ အများပကတိ အသုံးပြုမြဲ ဖြစ်သော ပြောထုံး ပြောနည်းဖြင့် ညီညွတ်စေရမည်။ အရင်စကား အရင်၊ နောက်စကားနောက် အစီအစဉ်ကျကျနန ပြောရသည်။ ဖြည်းဖြည်းမှန်မှန်

ဖြင့် အစ်အစဉ်ကျကျ တဘက်သားနားတွင် ရှင်းသွားအောင် ပြောရမည်။ ပေါ်မသာ၊ မရှင်းမလင်း၊ ဝါစေ့ ဆိတ်ဝါး သကဲ့သို့ မပြောရ။ လေယူလေသိမ်း ကောင်းရမည်။ ပြောလိုသော စကား၏ အဓိပ္ပာယ်နှင့် သင့်လျော်သော အသံနေ အသံထား ကိုယ်အမူအရာများ လိုက်ဖက်စေရမည်။ မိမိကဘာဆိုလိုသည်ကို တဘက်သား ကောင်းစွာ သဘောပေါက်သွားသည့်တိုင်အောင် အဓိပ္ပာယ် ပေါ်လွင်ထင်ရှားအောင် ပြောရမည်။ အရေးကြီးသောစကားကို မပြောမီကပင်လျှင် ကြိုတင်၍စိတ်ကူးစဉ်းစားထားရမည်။

၂။ ပိယ ဝါစာ။ ကြားရသူတို့ နှလုံး ကြည်သို နားဝင် ချိုအောင် အောင် သာယာခြေင်ပြောဆိုခြင်းသည် ပိယဝါစာ မည်ပေသည်။

ကြမ်းတမ်းရှန့်ရင်းသော စကားကို မည်သည့်နားကမှ မကြားလိုချေ။ အေးချမ်း သာယာသော အသံကိုသာလျှင် ကြားလိုကြ ပေသည်။ အကြောင်းအရာ မည်မျှပင် ကောင်းမွန်မှန်ကန်သော်လည်း ပြောပုံ ဆိုပုံ လေယူလေသိမ်း မကောင်းခြင်း၊ သုံးစွဲသော ဝေါဟာရများ ရှန့်ရင်း ကြမ်းတမ်းခြင်းဖြစ်နေလျှင် ကြားရသူက နှစ်သက်တော့မည် မဟုတ်ချေ။ ပြဿနာတရပ် ပြောဆိုဆွေးနွေးကြရာတွင် တဘက်သား၏ခံစားချက်များနှင့် အခက်အခဲများကိုလည်း မိမိက ကြိုတင် ထုတ်ဖော်၍ တဘက်သား၏ ကိုယ်စား အလိုက်သိစွာ တင်ပြရမည်။ တဘက်သား အတွက်လည်း စဉ်းစား၍ ပြောဆိုရမည်။ ပိယ ဝါစာ ဟူသော စကား၌ ပြောသူ ကိုယ်တိုင်ကလည်း စိတ်ထားဓာတ်ခံ ရိုးသားဖို့ လိုပေသည်။ တဘက်သားကို လှည့်စားလိုက်မည်။ အချိုသပ်လိုက်မည်၊ အချော့သပ်လိုက်မည် ဟူသော ကောက်ကျစ်စဉ်းလဲမှု ကင်းရှင်းစေရမည်။ တကယ်တမ်း စိတ်စေတနာ မပါပဲ ချွဲချွဲပြစ်ပြစ် ချိုချိုသာသာ ပြောဆိုအပ်သော စကားသည် ဘယ်သောအခါမှ ကောင်းကျိုး မပေးချေ။ မြင်လိုက်လျှင် ထိုင်ရှိခိုးတော့ မလိုလို၊ သူ့ရှိတာတွေပဲ အကုန်ထုတ်ပေးတော့မလိုလို၊ နစ်နာသမျှတွေ သူကပဲ ကုန်း၍ ခံလိုက်တော့မလိုလို၊တကယ်တမ်း စိတ်စေတနာမပါပဲ ကျီးအာသီးကဲ့သို့ အပေါ်ယံ နီတွေးတွေး၊ အထဲက ရှုပ်ထွေးထွေးဖြစ်သော အပေါ်ယံ အလှပြစကား ပြောလေ့ရှိသူများကိုလည်း တွေ့ရမည်။ အလွန်နားညီဖွယ်ကောင်းလှသောစကားများပေတည်း။ သူတပါးပြောလျှင် ပြော ကြပါစေ၊ မိမိက ဘယ်သောအခါမှ ထိုစကားမျိုး မပြောလိုက်ပါလေနှင့်။

တဘက်သားကို တကယ်လေးစား တကယ်စေတနာထားလျက် မေတ္တာရည် ရွှမ်းသောစကားကိုသာပြောဆိုပါလေ။တကယ်စေတနာပါမှလည်း တကယ် ချစ်စရာကောင်းပေမည်။ တကယ်စေတနာ မပါပဲ ချိုချိုသာသာ ပြောဆို ခြင်းသည် လိမ်လည်ခြင်း သက်သက်သာ ဖြစ်ပေသည်။ ထို့ကြောင့် ပညာရှိ များက—

မြွက်ဆိုမှုသား၊ နူတ်ချို ပျားနှင့်၊ စီးပွားလိုယောင်၊ ရှုပဆောင် လျက်၊ မှားအောင်ပြစ်ရှာ၊ ကြံတတ်စွာသား၊မေတ္တာချည်းနှီး၊ လူ့ ခွေးမြီးနှင့်၊ တသီးတခြား၊ တပါးပြည်ရွာ၊ မရှောင်သာ၍၊ မကွာ ပေါင်းဖော်၊ ပြုငြားသော်လည်း၊ အပေါ်ကားချို၊ အထဲကြင်၍၊ စိတ်တွင်နှိမ်ချ၊အဝါးဆ၍၊ ကာလအလိုက်၊ သူ့အကြိုက်ကို၊ စရိုက် ညီထွေ၊ ကျင့်တတ်စေ။

၃။ သစ္စဝါစာ။ ဟုတ်မှန်သည်ကိုသာလျှင် ပြောဆိုခြင်းသည် သစ္စ ဝါစာ မည်ပေသည်။

မှန်သော စကားကိုသာလျှင် ပြောဆိုရမည်။မဟုတ်မမှန်သော စကားကို ရယ်ရွှင်ဖွယ်ရာ အဖြစ်နှင့်ပင် မပြောသင့်ပေ။ မှန်သောစကား ပြောလေ့ရှိ သူအား သူတပါးတို့ အလွန်လေးစားကြသည်။လူ့သတင်း လူချင်းဆောင်၊ ပန်းသတင်း လေညှင်းဆောင်ဆိုသကဲ့သို့ ကောင်းသော သတင်းပြန့်၍ထွက် တော့သည်။ မှန်သောစကားပြောရန် သတ္တိရှိဖို့လည်း လိုသည်။ သတ္တိမရှိ လျှင် မှန်သော စကားကို ပြောဖို့မလွယ်။ မှန်သော စကားကိုသာ ပြော မည် ဟူသော ကျင့်ဝတ်ကို သဲသဲမဲမဲ ကျင့်သုံးရမည်။ အစတွင် အခက်အခဲ တွေ့မည် ဖြစ်သော်လည်း အရှိန်ရလာသောအခါ ဤသူသည် မဟုတ် မမှန် သော စကားကို ဘယ်သောအခါမှ မပြော ဟူသော အသိဖြင့် ကြားရသူ တို့ အခံရခက်သော်လည်း နှစ်သက်ကြတော့သည်သာ။

မှသားမပါ လင်္ကာမချော ဟူ၍ ပြောလေ့ပြောထလည်း ရှိတတ်ကြ သည်။ မုသားမပါပဲ အဘယ့်ကြောင့် လင်္ကာမချောရမည်နည်း။ မုသား မပါပဲ လင်္ကာချောအောင် ပြောကတ်ကြရမည်။ လိမ်လည်ခြင်းသည် ဘာမျှ မကောင်းချေ။ နည်းနည်း လိမ်လျှင် နည်းနည်း အပြစ်ရှိသည်၊ များများ လိမ်လျှင် များများ အပြစ်ရှိသည်။ အပြစ်မရှိသော လိမ်လည်ခြင်း ဟူ၍ မရှိချေ။ အာဠာဝက သုတ္တံတွင် မှန်သော စကား ပြောဆို ရခြင်းသည်

အမြတ်ဆုံးသော အရသာဖြစ်သည်ဟု မြတ်စွာဘုရား ဟောတော်မူခဲ့သည်။ မှန်ပေစွ။ အလွန်အရသာရှိပေသည်။ ပေါ်သွားမည်ဟူ၍လည်း မစိုးရိမ်ရ။ ကြားသွားလိမ့်မည်ဟူ၍လည်း မပူရချေ။ မှန်သော စကား ပြောရခြင်း သည် အလွန် ကျေးဇူးများ၏။ 'ကတိသစ္စာ၊ တည်သောခါ၌၊ သြဇာ လေးနက်၊ ပေါ်သိတက်၍၊ နှယ် မြက် ဘစ်ပင်၊ ဆေးဖက်ဝင်၏' ဟူ၍ လည်းကောင်း၊ 'သိကြားကူငြ၊ ပလွှတ်ပျလည်း၊ သစ္စာနှုတ်သီး၊ မန္တာန်ကြီး ဖြင့်၊ အံ့ချီးလောက်အောင် အငြိမ်းဆောင်၏' ဟူ၍ ရှေးပညာရှိများက မှန်သော စကား၏ ဂုဏ်ကို ဖော်ထုတ်ခဲ့ကြသည်။

သစ္စာဆိုသည့် ပူသောစကားကို လူတိုင်းကြားဘူးကြပေသည်။ သစ္စာ ဆိုသည် ဟူသည်မှာ မှန်သော စကားကို ပြောဆို၍ မိမိလိုလားသော အချက်ကို အဓိဋ္ဌာန်ပြုခြင်းပင် ဖြစ်သည်။ ဤသစ္စာစကား၏ အာနိသင် သည် ရှေးအခါကသာ ရှိခဲ့၍ ယခုခေတ်၌ မရှိတော့ဘူးဟု ထင်မှားကြလေ သည်။ အဟုတ်သော်မူ သစ္စာစကား၏ အာနိသင်သည် ယခုအခါတွင်လည်း ရှိသည်သာပေတည်း။ ဘယ်သောအခါမှ သစ္စာစကား၏ အာနိသင်သည် ဟောင်းနွမ်းအိုမင်း၍ မသွားချေ။ အမြဲ အစဉ်သစ်လွင် လန်ဆန်းလျက်သာ ရှိပေသည်။ ကိုယ်အမူအရာကိုလည်း မစောင့်စည်း၊ နှုတ်အမူအရာကိုလည်း မစောင့်စည်း၊ စိတ်အမူအရာကိုလည်း မစောင့်စည်း၊ ကိုယ်က လုပ်ချင်ရာ လုပ်၊ နှုတ်က ပြောချင်ရာပြော၊ စိတ်က ကြံချင်ရာကြံ အရေး ရှိကာမှ ငါးရံ့မင်း ပရိတ်ရွတ်၍ မိုး မ ရွာ ခြင်း သည် သစ္စာ အာနိသင် မရှိ၍ မဟုတ်ချေ။ ကိုယ်တိုင်က ကောင်းသော ကိုယ်ကျင့်တရားလည်း ရှိနေ ရန် လိုပေသည်။ အယူသပြင့် ဝစီဒုစရိုက်လေးပါးကို ရှောင်ကြဉ်ရန် လိုအပ်ပေသည်။ သစ္စာစကားကို ကိုယ်တိုင်ကစောင့်မှ သစ္စာစကားက ပြန်၍ စောင့်ပေလိမ့်မည်။

၄။ ဗမ္ဗ ဝါစာ = သဘာဝကျကျ အကြောင်းအကျိုး ဆက်စပ်၍ ပြောဆိုခြင်း၊ တရားနှင့် ဆီလျော်ခြင်း၊ လိုရင်း အချက်ကို မျက်ခြေမပြတ်ခြင်း၊ သူ့ဖို ကိုယ့်ဖို ဖိုနှစ်ဖိုပါခြင်းသည် ဗမ္ဗဝါစာမည်ပေသည်။

စကားပြောလျှင် အကြောင်းနှင့်အကျိုး၊ အကောင်းနှင့်အဆိုးကို ဆက် စပ်မိရမည်။ အထောက်အထား အကိုးအကား ပါရသည်။ ရှေ့နောက်

နှိုင်းချိန်ပြောရသည်။ သိယောင်ကား တတ်ယောင်ကား မပြောရ။ မိမိဆိုလိုသည့်ကတမျိုး၊ သူတပါးနားလည်သည်ကတဖုံ၊ ခုတ်ရာတခြား၊ ပြတ်ရာတခြားဆိုသကဲ့သို့ မိမိအဆို လိုရင်းမရောက် တပေါက်တလွဲ မဖြစ်စေရ။ အစ အလယ် အဆုံး ညီညွတ်စေရမည်။ ပြောယင်း ပြောယင်း လိုရင်းအချက်မျက်ခြေပြတ်၍ မျောသွားတတ်သည်။ စကား စကား ပြောပါများ စကားထဲက ဇာတိပြ ဆိုသကဲ့သို့ ကိုယ့်ဇာတိတွေ ပေါ်သွားတတ်သည်။ တိုတိုရှင်းရှင်းနှင့် လိုရင်းရောက်အောင် ပြောရမည်။ စကားပြောရာတွင် ငါ့စကား နွားရ၊ ကျား ကျား မိးယပ်ဟူသော ဇွတ်အတင်းပြောခြင်းမျိုး မပြုရ။ တရားနှင့်ဆီလျော်အောင် ပြောရသည်။ သဘာဝကျကျ ပြောရသည်။ လိပ်များလို ကိုယ့်ဘက်ကိုချည်း ယက်၍မပြောရ။ မျှမျှတတ ရှိရသည်။ မျှမျှတတရှိမှလည်း တဘက်သားက လက်ခံနိုင်လိမ့်မည်။ ကိုယ်လိုချင်တာကိုချည်း ထပ်ပြန်တလဲလဲ နားပူနားဆာ ပြောဆိုနေခြင်းသည် လူတကာ အော့ကြောလန်သောနည်းပင်ဖြစ်သည်။ သူလိုချင်တာကိုလည်း ဦးစားပေးရသည်။ ကိုယ်က သူ့ကို စကားပြောခြင်းသည် သူ့ထံက ကိုယ်လိုသောအရာတခုရှိ၍ ပြောခြင်းဖြစ်သကဲ့သို့ သူကလည်း ကိုယ့်ထံက သူလိုသောအရာတခုရှိလိမ့်မည်ကို သတိပြုရမည်။ ထိုအရာကို ကိုယ်က ကြည့်တတ် သိတတ်ဖို့လိုသည်။ ကိုယ်ပြောတာမှအဟုတ်၊ ကိုယ်လုပ်တာမှ အမှန်၊ ကိုယ်ကြံမှ ကြီးပွားကြောင်းဟု တဘက်သတ် ပြောဆိုနေလျှင် ဘာအကျိုးမှမပြီး အမောသာ အဖတ်တင်ချေမည်။ ထို့ကြောင့် စကားပြောလျှင် တရားနှင့်ဆီလျော်အောင် ပြောရသည်။

ညောင်ကန်ဆရာတော်ဘုရားကြီး၏ မင်္ဂလတ္ထဒီပနီကျမ်းတွင်—

၁။ သုဘာသိတဝါစာကို ချောပြစ်ကုန်းတိုက်ခြင်းဟူသော ပိသုနဝါစာမှကင်းသော စကားဟူ၍လည်းကောင်း၊

၂။ ဓမ္မဝါစာကို အကျိုးမဲ့သိမ်ဖျင်းသော သမ္ဖပ္ပလာပဝါစာမှ ကင်းသော စကားဟူ၍လည်းကောင်း၊

၃။ ပိယဝါစာကို ကြမ်းတမ်းရန့်ရင်းသော ဖရုသဝါစာမှ ကင်းသော စကားဟူ၍လည်းကောင်း၊

၄။ သစ္စဝါစာကို မုသာဝါဒမှကင်းသော စကားဟူ၍ လည်းကောင်း

စကားအရာ အင်္ဂါလေးတန်ကို ဖွင့်ဆိုထားပေသည်။

# စကားပြောကောင်းခြင်း

စကားကောင်းကို ပြောလေ့ရှိသူကို စကားပြောကောင်းသူဟု ခေါ်သည်။ လုပ်ငန်းတခုအောင်မြင်တိုးတက်ရန် စကားပြောကောင်းရန်လိုသည်။ မည်မျှကျွမ်းကျင်သော စက်ဆရာပင်ဖြစ်စေ လက်နက်ကိရိယာမကောင်းလျှင် လုပ်ငန်းကောင်းမည်မဟုတ်။ ခရီးသွားလျှင်လည်း ယာဉ်ရထားကောင်းမှ ခရီးပေါက်ရောက်နိုင်သည်။ စကားပြောခြင်းသည် အောင်မြင်တိုးတက်လိုသူတို့အတွက် လက်နက်ကိရိယာပင် ဖြစ်သည်။ ရည်မှန်းချက်ပန်းတိုင်သို့ သွားရာယာဉ်လည်းဖြစ်သည်။ လူ့လောကတွင် ကိုယ်တယောက်တည်းပြီးသော အလုပ်ဟူ၍မရှိ။ လူသားအချင်းချင်း ဆိုင်ရာဆိုင်ရာဆက်ဆံရသည်။ တဦးနှင့်တဦး ပူးပေါင်းဆောင်ရွက်ရသည်။ ယင်းသို့ ဆိုင်ရာဆိုင်ရာ ဆက်ဆံရာတွင်လည်းကောင်း၊ ပူးပေါင်း ဆောင်ရွက်ရာတွင်လည်းကောင်း စကားပြောခြင်းမပါလျှင် မပြီးချေ။ မပါလျှင် မပြီးစီးအောင်သို့ကလောက်အရေးကြီးသော စကားပြောခြင်းကို အောင်မြင်တိုးတက်လိုသူတိုင်း ကျွမ်းကျင်အောင် ပြုလုပ်သင့်ပေသည်။ အပြောမတတ်တော့ဆဲသလို၊ အပြောမတတ်တော့ အပတ်မပြေ၊ အလျှောက်ကောင်းတော့အထောင်းလွတ်သည်၊ နှုတ်ကောင်းတော့ ပြည်စိုး၊ နှုတ်ကြောင့်သေသည်၊ လက်ကြောင့်ကြေသည် ဟူသော ရှေးဟောင်းစကားများကို တစိမ့်စိမ့်တွေးတောဆင်ခြင်လျှင် စကားပြောခြင်းသည် မည်မျှ အရေးကြီးကြောင်းကို သိနိုင်ပေသည်။ မလိုအပ်ပဲနှင့် စကားများများမပြောရ။ စကားများလျှင် အမှားပါတတ်သည်။ တဘက်သားကို ဆရာလုပ်ခြင်း၊ အပြစ်တင်ခြင်း၊ ငြင်းခုံခြင်း၊ တဘက်သား စကားပြောနေစဉ် လု၍ပြောခြင်းမျိုးမပြုလုပ်ရ။ လူတယောက်ကို အကဲခတ်လိုလျှင် စကားပြောပုံ ဆိုပုံကိုကြည့်၍ အကဲခတ်ရသည်။ ဤနည်းအတူ သူတပါးကလည်း မိမိကို အကဲခတ်လိမ့်မည်ဟု သတိပြုရသည်။ လူတယောက်အကြောင်းသိလိုလျှင် သူ့ကို စကားများများ အပြောခိုင်းပါ ဟူသော ပညာရှိတို့၏ လက်သုံးစကားသည် အလွန်မှန်လှ၏။

ကြာရိုးကိုမြင်သဖြင့် ရေတိမ် ရေနက်ကို သိနိုင်သည်။ မြက်ညှိုးမညှိုးကိုမြင်၍ မြေကောင်း မကောင်းကို သိနိုင်သည်။ စကားပြောခြင်းဖြင့် ပုဂ္ဂိုလ်၏ အရည်အသွေးကို သိနိုင်သည်

ဟု လောကနီတိဆရာက ဆိုခဲ့ပေသည်။

မြန်မာ့စာပေ၌ စကားပြောနည်းမရှိဟူ၍ အများထင်ကြသည်။ မြန်မာ့စာပေ၌ စကားပြောနည်းပေါင်းများစွာရှိပါသည်။ စကားပြောနည်းကို စကားပြောနည်းဟု မသိသဖြင့် မရှိဟုထင်ကြခြင်း ဖြစ်ပါသည်။ အလွန်ကျယ်ဝန်းမည်စိုး၍ မဖော်ပြတော့ပါ။

နေ့တိုင်းလိုးလျက် မပြတ်တဲ့ဓား၊ နေ့တိုင်းပြောလျက် မတတ်တဲ့စကား ဆိုသည့်အတိုင်း နေ့စဉ်နေ့တိုင်း တတွတ်တွတ်ပြောနေရသည့် စကားကို ပင်လျှင် အချက်ကျကျ မပြောတတ်သူ အလွန် များလှ၏။ တခါတရံမှ အသုံးပြုသော အရာဖြစ်၍ မဖြစ်မြောက်သည် ဆိုလျှင်လည်း ရှိတန်စေ။ နေ့စဉ် နေ့တိုင်း အသုံးပြုနေရသော အရာဖြစ်ပါလျက် မကျွမ်းကျင်ခြင်းသည် အပြစ်တင်ဖွယ်ကောင်းလှသည်။ ထို့ကြောင့် စကားပြောတတ်ရန် လေ့လာရမည်။ စကားပြော တတ်အောင် လေ့လာရမည် ဆို၍ ရွာရိုးလျှောက်၍ ကရားရေလွှတ် တွေ့ကရာ ရှစ်သောင်း လျှောက်ပြော မနေရ။ စကားကောင်းပြောတတ်သူ၏စကားကို လေးလေးစားစား မှတ်သားနာယူခြင်း၊ ဗဟုသုတများအောင် ကြိုးစားခြင်းဖြင့် စကားပြော ကောင်းသူ တယောက် ဖြစ်စေရမည်။

## စကားကောင်းဟူသည် အဘယ်နည်း

(၁) မဟုတ်မမှန် အကျိုးမရှိ၊ သူနှစ်သက်သော စကား တခွန်း၊ သူ မနှစ်သက်သော စကား တခွန်း၊
(၂) ဟုတ်မှန်၏ အကျိုးမရှိ၊ သူနှစ်သက်သော စကားတခွန်း၊ သူ မနှစ်သက်သော စကားတခွန်း၊
(၃) ဟုတ်မှန်၏ အကျိုးရှိ၏၊ သူနှစ်သက်သော စကား တခွန်း၊ သူ မနှစ်သက်သော စကား တခွန်း

ဟူသော စကား (၆)ခွန်း အနက်မှ ဟုတ်မှန်၍ အကျိုးရှိသော စကား (၂)ခွန်းကိုသာလျှင် စကားကောင်းဖြစ်သည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပေသည်။

ထိုကောင်းသော စကားကို တဘက်သား သဘောပေါက်နားလည်သွားအောင် ပြောနိုင်ခြင်းကို စကားပြောကောင်းခြင်းဟု ခေါ်ပေသည်။

## အပြောကောင်းတိုင်း အလိမ်ကောင်းသူ မဟုတ်ပါ

အချို့ နေရာများတွင် အပြောကောင်းသူသည် အလိမ်ကောင်းသူသာ ဖြစ်သည် ဟူသော စာတန်းကလေး ချိတ်ဆွဲထားတတ်ကြသည်။ အပြောကောင်းသူသည် စင်စစ်အားဖြင့် အလိမ်ကောင်းသူ မဟုတ်ချေ။ ထို့နည်းအတူ အလိမ်ကောင်းသူသည်း အပြောကောင်းသူ မဟုတ်ချေ။ အပြောကောင်းသူသည် အပြောကောင်းသူသာ ဖြစ်၍ အလိမ်ကောင်းသူသည် အလိမ်ကောင်းသူသာ ဖြစ်သည်။ အပြောကောင်းသူ ဆိုသည်မှာ စကားအများကြီး ပြောသူကိုဆိုသည်မဟုတ်။ စကားအရာအင်္ဂါ(၄)တန်နှင့်ပြည့်စုံအောင် ပြောသူကို ဆိုလိုသည်။ စကားအရာ အင်္ဂါ (၄)တန်တွင် သစ္စာဟူသော အချက်ပါဝင်နေပြီ ဖြစ်၍ အလိမ်ကောင်းသူ ဟူသော အဖြစ်သို့ မည်သည့်နည်းနှင့်မှ မရောက်နိုင်ချေ။

များစွာသော အလိမ်ခံရသူများကို စစ်တမ်းထုတ်လျှင် ၎င်းတို့သည် လိမ်သူက ပြောကောင်းလှ၍ ခံရခြင်း မဟုတ်ပဲ ကိုယ်တိုင်က ဖျင်းလွန်းအလွန်း၍ ခံရခြင်းများသာဖြစ်ကြောင်း တွေ့ရပေမည်။ အကြောင်းအကျိုးကိုလည်း ဆက်စပ်၍ မဆင်ခြင်၊ ပတ်ဝန်းကျင် အခြေအနေကိုလည်း အကဲမခတ်၊ ကာလနှင့် ဒေသကိုလည်း မကြည့်ရှု၊ ကိုယ်လိုချင်တာတခုတည်းသိ၍ ကိုယ်လိုချင်တာ တခုတည်း ကြည့်တတ်သူတိုင်း အလိမ် ခံရမည်သာ ဖြစ်ပေသည်။ လိမ်သောသူက သာလျှင် မရိုးဖြောင့်သည် မဟုတ်။ အများအားဖြင့် အလိမ်ခံရသူများကလည်း မရိုးဖြောင့်ခြင်း ရှိကြပေသည်။ တဆယ်တန်သည်ကို တကျပ်နှင့် လိုချင်၍ အလိမ်ခံရသူ၊ တရာတန်သည်ကို တဆယ်နှင့် လိုချင်၍ အလိမ်ခံရသူ၊ အချောင်အလကား လိုချင်ကြသူတွေ အများဆုံး အလိမ်ခံကြရပေသည်။ တန်ရာတန်ကြေး ပေးလိုသူများအနေဖြင့် အလိမ်ခံရခြင်းနည်းပါးလှသည်။ ကြွက်ထောင်သော သံညှပ်သည် လိမ်၍ထောင်ထားသည်မဟုတ်ချေ။ အသားတုံးကိုလည်းမြင်ရသည်။ သံညှပ်ကိုလည်း မြင်ရသည်။ သို့ရာတွင် ကြွက်သည် အသားတုံးအကြောင်းကိုသာသိ၍ သံညှပ်အကြောင်း မသိသဖြင့် ခံလိုက်ရခြင်းဖြစ်ပေသည်။ ကိုယ်လိုချင်တာ တခုတည်းသိ၍ ကိုယ်လိုချင်တာ တခုတည်း ကြည့်နေသမျှ အလိမ်ခံရမည်သာဖြစ်ပေသည်။ ကိုယ် အလို့၊ ဖျင်းလို့ အလိမ်ခံရသည်ကိုပင် လျှင် သူတို့ အပြောကောင်း၍ ခံရလေသည်ဟု ဆင်ခြေမလဲနှင့်။

## သူများအကြောင်း မကောင်း မပြောနှင့်

သူတပါး အကြောင်း မကောင်း မပြောရ။ သူတပါး အကြောင်း စနည်းမနာရ။ သူတပါးပြောသည်ကို ချောင်းနားမထောင်ရ။

မိမိနှုတ်က သူတပါးအကြောင်းကို ပြောလျှင် ထိုပြောသောစကားသည် အပြောခံရသူ ကြားမည်ကို စိုးရိမ်ရသော စကား မဖြစ်စေနှင့်။ သူတပါး အကြောင်း မကောင်းသည်ကို ကိုယ်တိုင်ကလည်း မပြောနှင့်၊ သူတပါးက လာရောက်ပြောလျှင်လည်း 'သြော် ဟုတ်လား၊ ဒီလို ဖြစ်ကြသတဲ့လား၊ ဒီလိုတော့ မထင်မိဘူး၊ အဲဒီတော့ ဘာဖြစ်သတဲ့တုန်း' စသည်ဖြင့် အား ပေး အားမြှောက်ပြု၍ လက်မခံနှင့်။ မိမိအား သူတပါး အကြောင်း မကောင်းပြောလာသူသည် သူတပါးရှေ့တွင် မိမိအကြောင်း မကောင်း ပြောလိမ့်မည်ကို ကြိုတင်သိရှိထားရမည်။ သူတပါးအကြောင်း ကောင်း သည်ကိုသာ ပြောပါလေ။ ချီးမွမ်းစရာရှိလျှင် ရက်ရက်ရောရော ချီးမွမ်း၍ ဂုဏ်ပြုစရာရှိလျှင် ရက်ရက်ရောရော ဂုဏ်ပြုပါလေ။ သူတပါးမျက်နှာအိုးမဲ သုတ်မယ့်ကြံ ကိုယ့်လက်အရင်လူးဆိုသကဲ့သို့ သူတပါးအကြောင်း မကောင်း ပြောလျှင် ခံရသူအတွက် မထောင်းတာလှသော်လည်း ပြောသူ အတွက် အပြစ်ဖြစ်ချေသည်။ ကိုယ့်စကားကြောင့် သူမမှားစေနှင့်၊ သူ့စကားကြောင့် လည်း ကိုယ်မမှားစေနှင့်။

စကားနောက် တရားပါတတ်သည်။ စကားနောက် တရားပါသည်ဆို၍ ကုသိုလ်တရားတွေ ပါလာသည်ဟု မမှတ်နှင့်။ ရုံးပြင်ကနားရောက်တတ် သည်ကို ဆိုလိုခြင်းဖြစ်သည်။ သက်သေရှင်းရလျှင် မကောင်း။ သက်သေရှင်းရမည့် စကားကို ဘယ်သော အခါမှ မပြောနှင့်။ သူတပါးတို့က မိမိကို ဤသူသည် ဤမကောင်းသော စကားကို ပြောလိမ့်မည်မဟုတ် ဟူ၍ ယုံကြည်စိတ်ချ သွားအောင် နေတတ် ထိုင်တတ်ရမည်။ သူက အလွန် စပ်စုတယ်၊ နေရာ တကာပါတယ်၊ စကားရောင်း စကားဝယ်လုပ်တယ်၊ ဟိုတမျိုး သည် တမျိုး ပြောတယ်၊ မလိုတမျိုး လိုတမျိုး၊ ရှေ့တွင်တမျိုး ကွယ်ရာတမျိုး စသည်ဖြင့် သူတပါးတို့က သတ်မှတ်ခြင်းခံရလျှင် ထိုသူသည် ဘယ်သော အခါမှ ချမ်းသာကြီးပွားမည် မဟုတ်။ နှုတ်ကြောင့်သေဟူသော လူစား သည် ဤသူမျိုးပင် ဖြစ်သည်။

အထူးသဖြင့် ဤအချက်ကို အမျိုးသမီးများ သတိပြုသင့်သည်။ သူ တယောက်၏အကြောင်း ကောင်းသည်ကိုသာ ပြောပါ။ အကောင်းပြော စရာမရှိလျှင် ဆိတ်ဆိတ်နေပါ။ လေကုန်ခံ၍ ငရဲမရှာပါနှင့်။ အတင်းစကား ပြောတတ်သူများနှင့် ကင်းကင်းရှင်းရှင်းနေပါ။ အလိမ္မာနှင့် ရှောင်တတ် ပါစေ။

မိမိနှင့် မသင့်မြတ်သူတယောက်၏ မကောင်းခြင်းကို တစုံတယောက်က လာရောက် ပြောဆိုသောအခါ အလွန် သဘောကျ နှစ်သက်တတ်သည်။ ဝမ်းမြောက်ဝမ်းသာ လက်ခံလေ့ရှိသည်။ အလွန် သတိပြုဖို့ လိုအပ်သည်။ တခါက ရပ်ကွက်တခုတွင် မယ်စခန်းဆိုသူ အဘွားအိုနှင့် ဦးဖိုးမြစ်ဆိုသူ မောင်ဝမ်းကွဲ ရှိကြသည်။ ဦးဖိုးမြစ်မှာ စကားပြော အလွန်ကောင်းသည်။ ၎င်းတို့ မောင်နှမနှစ်ယောက် စိတ်ဆိုး၍ ဝင်ထွက် ခေါ်ပြော မလုပ်ပဲ နေခဲ့သည်မှာ တနှစ်ကျော် ကြာခဲ့လေသည်။ ရင်းနှီးသော မိတ်ဆွေများက မယ်စခန်းအား အမျိုးမျိုး ချော့မော့ ဖျောင်းဖျကြသော်လည်း မယ် စခန်းက လုံးဝ လက်မခံချေ။ မိတ်ဆွေများက တဖန် ဦးဖိုးမြစ်ကို ဖျောင်းဖျ ပြောကြရာတွင် ဦးဖိုးမြစ်က ကျုပ်ကမခေါ်ချင်လို့ မခေါ်ပဲနေတာပါ၊ ကျုပ်ခေါ်ချင်ယင် တခွန်းထဲနဲ့ ပြီးပါတယ် ဟု ပြောသဖြင့် မိတ်ဆွေများက ဒါဖြင့်လည်း ကျုပ်တို့ပါ မြင်ရအောင် လုပ်စမ်းပါအုံး ဟု ပြော၍ ဦးဖိုး မြစ်နှင့်အတူ မယ်စခန်းအိမ်သို့ လိုက်သွားကြလေသည်။

မယ်စခန်းနှင့် တွေ့လျှင် တွေ့ချင်း ဦးဖိုးမြစ်က ဒေါ်မာန် ပါပါနှင့် အစ်မကြီး ကိုဖိုးသိန်းက ဘယ်ဆိုးတဲ့ လူပါလဲဟု ပြောလိုက်ရာ ဖိုးသိန်း ဆိုးတာ ခုမှ မင်း သိသလားဟု ပြော၍ မောင်နှမချင်း စကား လက်ဆုံ ကျကာ သင့်မြတ်သွားလေတော့သည်။

မှတ်ချက်။ ။ ဦးဖိုးသိန်းမှာ မယ်စခန်းနှင့် မျက်နှာကြော မတည့်သူ ဖြစ်သည်။

ဤနေရာ၌ ဦးဖိုးမြစ်ပြောသော စကားမှာ နည်းပရိယာယ် စကားဖြစ် သည်။ အတင်းစကား မဟုတ်ချေ။ ဥပမာ ထုတ်ပြခြင်းမှာ မိမိ မနှစ် သက်သူ တယောက်၏ မကောင်းသတင်း ကြားရလျှင် အလွယ်တကူ လက်ခံ တတ်သော လူ့သဘာဝကို ထင်ရှားရန် ဖြစ်ပါသည်။ ကောင်းကျိုးမဖြစ် သော စကားဖြင့် အပင်ပန်းခံကာ ငရဲ မရှာပါနှင့်။ ပေင်မပန်း ဆိတ်ဆိတ် နေခြင်းဖြင့် ကုသိုလ်ရှာပါ။ သူတပါးအကြောင်း မကောင်း မပြောပါနှင့်။

ခုရော နောင်ပါ ချမ်းသာ စီးပွားများခြင်း အကြောင်းဖြစ်သော ကောင်းသောစကားသည် မင်္ဂလာမည်၏။ မင်္ဂလာ ရှိကြပါစေ။

# ၁၁ ။ မာတာပိတု ဥပဋ္ဌာန မင်္ဂလာ

မိဘတို့ကို လုပ်ကျွေးရခြင်းသည် မင်္ဂလာ မည်၏။

မိဘဆိုသည်မှာ သားသမီးများအတွက် အနန္တ ကျေးဇူးရှင်ကြီးများ ဖြစ်ကြပေသည်။ မိဘတို့နှလုံး သားသမီး မုန်းသည်ဟု ထုံးမရှိကြဘူး ဟူသော စကားသည် မိဘတို့၏ မေတ္တာကို အလေးအနက် ဖော်ပြသော စကားပင် ဖြစ်သည်။ ထိုမိဘတို့ကို ကျွေးတုန့် ကျွေးရခြင်း၊ မွေးတုန့် မွေးရခြင်း၊ ပေးတုန့် ပေးရခြင်းသည် အလွန် ထူးမြတ်သော ကောင်းမှု ကြီးပင် ဖြစ်သည်။ ထိုကောင်းမှုကြီးသည် ခုရော နောင်ပါ ချမ်းသာ ကောင်းကျိုးကို ပေးစွမ်းနိုင်သောကြောင့် မင်္ဂလာ မည်ပေသည်။

အလွန် တန်ဖိုးရှိသော မင်္ဂလာတရားဖြစ်သည်။ တန်ဖိုးရှိသော မင်္ဂလာ ဖြစ်သည်ဟူ၍ ဖြည့်ကျင့်လိုသူတိုင်းလည်း ဖြည့်ကျင့်နိုင်သော မင်္ဂလာမဟုတ် ချေ။ ရှေး ကောင်းမှုကံရှိ၍ မိခင် ဖခင် နှစ်ဦးစလုံးသော်လည်းကောင်း၊ တဦးဦးသော် လည်းကောင်း ရှိသူဖြစ်မှသာ ဖြည့်ကျင့်ခွင့် ရကြပေသည်။ ဤအခွင့် ရရှိကြသော အခွင့်ထူးခံ သားရတနာ သမီးရတနာများသည် သားသမီးတို့၏ ကျင့်ဝတ်ငါးပါးနှင့် ညီညွတ်အောင် မိဘတို့ကို လုပ်ကျွေး ပြုစုကြရသည်။ သားသမီးတို့၏ ကျင့်ဝတ်ငါးပါးကို သိင်္ဂါလသုတ်တွင် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည်။ ထိုသားသမီး ဝတ္တရား ငါး ပါးကို သင်္ဂဇာ ဆရာတော်ဘုရားကြီးက အောက်ပါအတိုင်း အကျဉ်း ဆောင်ပုဒ် ပြုလုပ်ထားပေသည်။

ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လူမျိုးဝေ၍၊
စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ။

# ကျွေးမွေးမပျက်

မိဘနှစ်ပါး သေသော်လည်းကောင်း၊ တပါးပါး သေသော်လည်းကောင်း အသက် ထင်ရှားရှိစဉ် မိဘတို့၏ စားရေး ဝတ်ရေး နေရေး ကျန်းမာရေး အဘယ်အရေးမှ မလိုရအောင် ကိုယ်တိုင်ကိုယ်ကျ အတတ်စွမ်းနိုင်ဆုံး ကျွေးမွေး ပြုစုကြရမည်။ မိဘနှစ်ပါး အသက်ထင်ရှားရှိစဉ် ကျွေးမွေးပြုစုခြင်း မရှိပဲ မိဘနှစ်ပါး လွန်ကာမှ နောင်တရခြင်းမျိုး မရှိစေရန် အထူးသတိပြုကြရမည်။ မိဘတယောက်က သားသမီး ဆယ်ယောက်ကိုကျွေးနိုင်သည်။ သားသမီး ဆယ်ယောက်က မိဘတယောက်ကို မကျွေးနိုင်ဆိုသည်မှာ မိဘ၏ မေတ္တာနှင့် သားသမီးတို့၏ မေတ္တာ ကွာခြားခြင်းကြောင့် ဖြစ်ပေသည်။ မိဘတို့သည် သားသမီးကို ပေးရလျှင် များသည်ဟုမမြင်၊ နည်းသည်ဟုသာ ထင်သည်။ သားသမီးတို့က မိဘကို ပေးရလျှင် များသည်ဟုသာ ထင်ကြသည်။ သားသမီးအတွက် ထမ်းရသော တာဝန်ဟူသမျှ မိဘတို့အတွက် လေးသည်ဟူ၍ မရှိချေ။ သားသမီးတွေ ကောင်းကောင်း ဝတ်နေကြရလျှင် ဝမ်းသာသည်၊ ကောင်းကောင်း စားနေကြရလျှင် အားရသည်၊ ကိုယ့်တွက်ကိုယ့်တာ ဘယ်လိုစား၍ ဘယ်လိုပင် နေရသော်လည်း သားသမီး ကောင်းစားရေး အတွက် ဆိုလျှင် ဝန်တာ မဟုတ်တော့ပေ။

သားသမီးတယောက် သေဆုံးသွားလျှင် မိဘတွေမှာ တသက်လုံးမမေ့။ လွမ်း၍ မပြီး၊ ဆွေး၍မပြီး၊ အောက်မေ့၍ မပြီး၊ သနား၍မပြီး တတမ်းတတနှင့်သာ ရှိတော့သည်။ မိဘ သေဆုံးသွား၍ တလလောက် လွမ်းနေသော သားသမီးများ မရှိသလောက်ပင် ဖြစ်သည်။ နာတာရှည် မိဘများဖြစ်ခဲ့လျှင် တာဝန်ကြီးတခု ပေါ့သွားသည်ဟုပင် တွက်တတ်ချေသည်။ မိဘ မသာ လာကြသော ဧည့်သည်များအား ပြုံးပြုံးရွှင်ရွှင် ဧည့်ခံနိုင်ကြပေသည်။ ဤဖြစ်ရပ်သည် တရားသဘော သိမြင်နေ၍လည်း ဖြစ်နိုင်ပါသည်။ သို့ရာတွင် တရားသဘော သိ၍ ပြုံးနိုင်သူထက် အချစ်ခေါင်နည်း၍ ပြုံးနိုင်သူက ပို၍ များပေသည်။ သားသမီး မကျန်းမာ၍ သုံးလ လေးလလောက် အအိပ်ပျက်သည်ကိုလည်း ပင်ပန်းသည်မထင်၊ အစားပျက်သည့်အတွက်လည်း အားနည်းသည်ဟု မမှတ်၊ အလုပ်ပျက်သည်ကိုလည်း ဆုံးရှုံးသည်ဟူ၍ မတွက်၊ ငွေကုန်သည်ကိုလည်း လျော့သည်ဟူ၍ မမြင်၊ သားသမီး ကျန်းမာဖို့သာလျှင် စိတ်ကတွေး၍ မအေးနိုင်ရှိကြသည်မှာ မိဘတိုင်း

ပင်ဖြစ်သည်။ **သား**သမီး ကျန်းမာဖို့ဆိုလျှင် ဘာကိုပင် လုပ်ရလုပ်ရ ဝန်မလေးကြချေ။ မိဘအတွက် သားသမီးတို့က သုံးရက်လောက် အိပ်ရေးပျက်လိုက်ရလျှင် ပြဿနာကြီးဖြစ်လေတော့သည်။ သုံးရက်လုံးလုံး တမှေးမှ မအိပ်ရဘူး၊ ခေါင်းထဲက မူးနောက်နောက် ဖြစ်နေပြီ၊ ဆရာဝန်ကတောင် လူနာ့ထက် ခင်ဗျားက အရေးကြီးတယ်လို့ ပြောသွားတယ်၊ ပြောရတော့လည်း ငရဲကြီးအုံးမှာ၊ အမေကလည်း အစားဆို ဘာတခုမှ မဆင်ခြင်ဘူး၊ မတည့်တာမှ ရွေးစားချင်တယ်၊ မနေ့က ဆရာဝန်ကို တခေါက်ထဲနဲ့ ၇၅ ကျပ်ရှင်းလိုက်ရဘယ် စသည်ဖြင့် အပြစ်တင်လာကြသည်။ အစစအရာရာ တန်ဖိုးထားလာကြသည်။ အရှုံးအမြတ် တွက်လာကြသည်။

မိဘ၏ ရောဂါသက်ကလေးများ လေးငါးလလောက် ရောက်လာလျှင် အိပ်ရာကသာ မထနိုင်တာ၊ အစားကတော့ စားနိုင်တယ်၊ မနက်ကများ ဆိတ်သားစွပ်ပြုတ် တပန်းကန်ကြီး ကုန်ရော၊ ပြောတော့လည်း မကြိုက်ဘူး၊ ဆေးထိုးလို့ ခံနေတာနဲ့ တူပါတယ်၊ စားပုံ ကြည့်ရတော့ မပြောကောင်း ပြောကောင်း ဖုတ်သက်ဝင်နေသလား မသိဘူး၊ ဆရာပွားခေါ် ကြည့်ပါအုံး စသည်ဖြင့် သားတွေ သမီးတွေ စုပေါင်း၍ ခုံဖိနပ် အိပ်ရာအောက် ထိုးသူကထိုး၊ ဩဇာရွက် အမိုးညှပ်သူက ညှပ် ဖုတ်ထုတ်ရန် ကြိုးစားကြလေသည်။ ဝမ်းနည်းဖွယ် ကောင်းလေစွ။

သားသမီးတယောက် လူလားမြောက်ရန် မိဘနှစ်ပါး အအိပ်ပျက်ခဲ့သော ညပေါင်းလည်း မရေမတွက်နိုင်၊ အစား ပျက်ခဲ့ရသော နေ့ပေါင်းလည်း မရေမတွက်နိုင်၊ ကလေးလေးက ခါးကိုကော့ကော့ထိုး၍ တအားငိုနေသဖြင့် ရင်ထဲက တလှပ်လှပ် ဖြစ်ကာ အဖေတလှည့် အမေတလှည့် ချီကာ ပွေ့ကာ ပြုစုခဲ့ရသော မိဘများ၊ ကရုဏာ အပြည့်အဝနှင့် သားသမီးမျက်နှာ တစိမ့်စိမ့်ကြည့်၍ မွေးမြူခဲ့ရသော မိဘများ၊ ရှိမှန်းလည်းမသိ၊ မရှိမှန်းလည်းမသိ ကိုယ်စားချင်တာ ကိုယ်ဝတ်ချင်တာလောက် ကိုယ် သိ၍နားပူနားဆာ လုပ်သဖြင့် မရ အရ ရှာဖွေ၍ သားသမီးဆန္ဒ ဖြည့်ခဲ့ရသော မိဘများ၊ ငါ့သား ငါ့သမီးတွေ လူ့အောက် သူ့အောက် မကျစေရဘူးဟူသောဆန္ဒဖြင့် သားသမီးများ ပညာရေးအတွက် ချော့ကာတမျိုး ခြောက်ကာတဖုံနှင့် ငွေကြေးတွေ အကုန်ခံခဲ့ရသည့် မိဘများ၊ သားသမီးကောင်းစားရေးအတွက် တဘက်သတ် အနစ်နာ ခံခဲ့ရသော မိဘများ၊ သေဝပါးနီးရောက်လုနီးကာမှ ဖုတ်ထုတ်ခံရချေပြီ။

သားသမီးသာလျှင် အားကိုးရာ ရှိသော ထိုအခါတွင် သားသမီးမှ ဘေးဖြစ်ချေပြီ။ အရှုံးအမြတ် တွက်တတ်ကြသော သားသမီးများနှင့် တွေ့ရချေပြီ။ အမျိုးကောင်း သားသမီးများ အထူး သတိထားသင့်ကြသည်။ ဤအဖြစ်မျိုး ငါ့မိဘတွေ ဘယ်တော့မှ မဖြစ်စေရ ဟူသော မြင့်မြတ်သည့် အဓိဋ္ဌာန်ကြီး မွေးသင့်လှသည်။

---

**မှတ်ချက်။** ။ဖုတ်ဆိုသည်မှာ ဝိညာဉ်လောကမှ မကောင်းဆိုးဝါးများကို တင်စား၍ခေါ်သော အမည်ဖြစ်သည်။ ဖုတ်ဝင်နေသည် ဆိုသည်မှာ လူတယောက်သေဆုံးကာနီးတွင် ဖုတ်ကစောင့်လျက် လူသက်ချုပ်သည်နှင့်တပြိုင်နက် ၎င်းက လူသေကိုပူးဝင်၍ လူမမာကဲ့သို့ဟန်ပြုကာ စားသောက်နေခြင်းကိုဆိုပေသည်။ ထိုသူမျိုးကို ၊လူသက်မရှိ၊ ဖုတ်သက်သာရှိသည်ဟု ပြောကြသည်။ ထိုဖုတ်ကောင်ကို ထွက်သွားအောင် ပြုလုပ်ခြင်းကို ဖုတ်ထုတ်သည်ဟုခေါ်သည်။ အင်အားအလွန်ကုန်ခန်းနေပြီဖြစ်သော၊ သေလုနီးပါးရှိနေသော နာတာရှည်လူမမာများကို ဖုတ်သက်ဝင်နေသည်ဟု ထင်တတ်ကြသည်။

ဖုတ်ဝင်သည်ဟူသောစကားမှာ လောကတွင် လွန်စွာဖြစ်တောင့်ဖြစ်ခဲသောကိစ္စဖြစ်သည်။ မည်မျှခက်ခဲသည်ဆိုလျှင် ကိုယ်တွေ့မျက်မြင်ကြုံတွေ့ရသူ ဟဦးဟာလေမှမရှိအောင်ပင် ခက်ခဲပေသည်။

သူများပြောတိုင်း အရမ်းမယုံနှင့်။ပြောသူတို့၏ပညာအရည်အသွေးကို ချင့်တွက်ပြီးမှ ယုံရသည်။ လူမမာက မိဘဖြစ်နေပူ ဖုတ်ထုတ်စဉ်သေလွန်ခဲ့ပါက၊ မာတုဃာတက ပိတုဃာတကကံ ထိုက်တတ်သည်။ သွားမလုပ်လေနှင့်။ထိုလူမမာမျိုး ကုဋ္ဌေတသိန်းလောက်တွင်မှ ဖုတ်ဝင်သူတယောက်ရှိရန် အလွန်ခဲယဉ်းသည်။ ဖြစ်ပတ်သော သဘာဝရှိသည်ဟူ၍ ဆရာသမားများထံကကြားဘူးပါသည်။သို့ရာတွင် ထိုဆရာများကိုယ်တိုင် မတွေ့ မကြုံခဲ့ဘူးချေ။

မိဘအနွံအတာကို ကြာကြာခံရလေလေ၊ ကြာကြာကုသိုလ်ရလေလေ၊ ကံထူး၍ အမိနာတာရှည်၊ အဖနာတာရှည်များကို ပြုစုခွင့်ရသည်ဟု သဘောပေါက်ရန်လိုသည်။ ဆင်းရဲသမျှ၊ ပင်ပန်းသမျှ၊ ကုန်ကျသမျှ ကောင်းဖို့ချည်းသာဖြစ်သည်။ မညည်းမညူနှင့်။ ရောဂါပျောက်သည်၊ မပျောက်သည် အပထား၊ ပျောက်အောင်ကုသမည်ဟု စိတ်နှလုံး ခိုင်ခိုင်မွေး၍ မိဘကိုပြုစုကြပါလေ။

ငွေရေး ကြေးရေး စီးပွားရေးနှင့် ပတ်သက်လာလျှင်လည်း မိဘအတွက် ငွေကြေး အနည်းငယ်လောက် ထောက်ပံ့ရသည်ဆိုလျှင်ပင် ငွေကြေးရှာဖွေရသည်မှာ မလွယ်ကူကြောင်း၊ အရင်တုန်းကနှင့် မတူတော့ကြောင်း၊ အဖွေ့မြေး အမေ့မြေးတို့အတွက် ကျောင်း စရိတ်ကလည်း ကြီးလေးလျက်ရှိကြောင်း အစစအရာရာ ချွေတာသုံးစွဲဖို့ သင့်ကြောင်း စသည်များဖြင့် ပေးသမျှ ငွေကလေး မဖြစ်စလောက်ကို မထိဝံ့ မတို့ဝံ့ လောက်အောင်ပင် တန်ဖိုး သတ်မှတ်ကြလေတော့သည်။

သားသမီး မရှိသော သားသမီးများက ဤကဲ့သို့ ပြုမူသည်ဆိုလျှင် ကိုယ်ချင်းစာစရာမရှိသေး၍ ခံသာသေးသည်။ သားသမီးတွေရှိပါလျက်နှင့် ငါ့အဖေ ငါ့အမေတို့သည် ငါ့သား ငါ့သမီးလေးများကို ငါချစ်သကဲ့သို့ ငါ့ကို ချစ်ကြသူများပါ တကားဟူ၍မျှ မစဉ်းစားတတ်ကြသည်မှာ ဝမ်းနည်းဖွယ် ကောင်းလှချေသည်။ ကိုယ့်မိ ကိုယ့်ဖကို ရှိသေစွာ လုပ်ကျွေးပြုစုခဲ့သော အစဉ်အလာကောင်းကြီးကို ကိုယ်ဖျက်ဆီးခဲ့လျှင် ကိုယ့်သား ကိုယ့်သမီးကလည်း ကိုယ့်နည်းအတူ လိုက်မည်ကို စဉ်းစားသင့်ပေသည်။ ကိုယ့်အလှည့်ကြုံခါမှ နောင်တရနေ၍ မပြီးချေ။

ထို့ကြောင့် အမျိုးကောင်းသား၊ အမျိုးကောင်း သမီးတို့သည် ဤမင်္ဂလာတရားသည်ကား လူတိုင်း ဖြည့်ကျင့်နိုင်သော မင်္ဂလာတရားမဟုတ်၊ ငါ့မှာ ပါရမီထူး၍ ကြုံတွေ့ရသော မင်္ဂလာတရားကြီး ဖြစ်ပေသည်။ လသာခိုက် ဗိုင်းငင်ဆိုသကဲ့သို့ မိဘရှိသော အခွင့်အခါ၌ ဤမင်္ဂလာကြီးကို ငါ အရယူတော့အံ့။ ငါ့အတွက် အဘက်ဘက်မှ အနစ်နာ ခံခဲ့ကြသော ငါ့မိဘတို့တွက် ကျရောက်လာသော တာဝန်ကို ကျေပွန်အောင် ငါထမ်းတော့အံ့။ ဘယ်လင် ဘယ်သား၊ ဘယ်မယားကမှ ငါ့မိဘလောက် အရေးမကြီး။ ငါ့ကို စိတ်ချမ်းသာစေခဲ့သော မိဘတို့အား ပြန်၍ စိတ်ချမ်းသာခြင်းကို ငါပေးအံ့ ဟူသော အဓိဋ္ဌာန်ဖြင့် မိဘတို့အား ကျွေးမွေးပြုစုကြကုန်ရာသတည်း။

## ဆောင်ရွက်စီမံ

မိဘတို့ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ ကုသိုလ်ရေးစသော လုပ်ငန်းရပ်များတွင် ကိုယ်တိုင်ပါဝင်၍ ကူညီဆောင်ရွက်ရမည်ဟု ဆိုလိုသည်။ ဤဆောင်ရွက်စီမံ ဟူသော အချက်

သည် သားသမီးများအတွက် အလွန် ကျေးဇူး ကြီးမားသည်။ ယခုခေတ် အခေါ်ဖြင့် ပြောရလျှင် လက်တွေ့ အလုပ်ခွင် သင်တန်းပင် ဖြစ်ပေသည်။ မိဘတို့၏ လုပ်ငန်းဆောင်တာ အဖြာဖြာတို့ကို ကိုယ်တိုင် ကျွမ်းကျင်ပိုင်နိုင် ထားခြင်းဖြင့် မိဘမျက်နှာ လွှဲသောအခါမှာလည်း လုပ်ငန်းများ အရှိန် မပျက် ဆက်လက်လည်ပတ်နိုင်ပေလိမ့်မည်။ မိဘတို့အနေနှင့်လည်း ဤကိစ္စ ကို အလေးအနက် စဉ်းစား၍ မိမိတို့ သားသမီးများကို အလုပ်ခွင်နှင့် အံဝင်ခွင်ကျဖြစ်အောင် ကြိုတင်စီမံထားသင့်ကြ၏။ ခေတ်မီသော မိဘများ သည် မိမိတို့၏ ဖောက်သည် မိတ်ဆွေသင်္ဂဟများကို မိမိတို့၏ သားသမီး များနှင့် တရင်းတနှီးဖြစ်သွားအောင် ဆက်သွယ်စီမံထားလေ့ ရှိကြသည်။ လုပ်ငန်း၏ အမည်ကိုပင် ဦးဖြူနှင့်သားများ ရောင်းဝယ်ရေး လုပ်ငန်း စသည်ဖြင့် သားသမီးများကို အလုပ်ခွင်သို့ ပို့ခဲ့ကြပေသည်။ အလွန် ကောင်းသော စနစ်ဖြစ်သည်။

သားတို့ရုပ်ရည် သီတာ မည်သား ရေကြည် ချမ်းမြ တပေါက်ကျက မိဘတို့ဝမ်း ငြိမ်းစကမ်းဟူသော စကားသည် သားသမီးများ၏လုပ်ဆောင် မှု အကောင်းလေးတခုလောက် မြင်တွေ့လိုက်ရလျှင် မိဘများမည်မျှအားရ ကျေနပ်သည်ကို သရုပ်ဖော်သော စကားဖြစ်ပေသည်။ မိဘတို့ အနေဖြင့် မိမိတို့၏ အလုပ်ခွင်တွင် သားသမီးများ စိတ်ပါလက်ပါဝင်ရောက်လာသည် ကို လွန်စွာ အားရ နှစ်သက် ရှိကြသည်။ သားသမီးတို့၏ ဆောင်ရွက်ချက် တွင်ကျယ်သည်၊ မတွင်ကျယ်သည် အပထား။ အရာရောက်သည်၊ မရောက် သည် အပထား၊ လုပ်ဖော်ကိုင်ဖော်ရသည်ကိုပင်လျှင် အလွန် ကြည်နူး နှစ်သိမ့်ကြလေသည်။ အသုံးဝင်အရာရောက်လျှင်မူကား ဆိုဖွယ်ရာ မရှိတော့ ချေ။ ဝမ်းမြောက်၍ မဆုံး၊ ဂုဏ်ယူ၍ မဆုံး တပြုံးပြုံးတရွှင်ရွှင်ရှိနေကြ တော့မည်သာတည်း။

မိဘတို့စိတ်နှလုံး ချမ်းမြေ့သွားအောင် ဤနှယ် ဆောင်ရွက်ကြသော သားသမီးများကား ရတနာမည်သော သား၊ ရတနာမည်သော သမီးများ ဖြစ်ကြပေသည်။ မွေ့ရကျိုးနပ်သော သားသမီး၊ ချစ်ရကျိုးနပ်သော သား သမီးများ ဖြစ်ပါပေသည်။ မိဘနှစ်ပါး မျက်နှာလွှဲသည်နှင့် တပြိုင်နက် ကိုယ့်မိဘတွေက ဘယ်သူ့ကို ဘယ်လောက်ပေးစရာရှိသည်၊ ဘယ်သူ့ထံက ဘယ်လောက်ရစရာရှိသည်။ ဘယ်သူနှင့်ဘယ်ကဲ့သို့ အဆက်အသွယ်ရှိသည်။ အလုပ်ခွင်ကို မည်ကဲ့သို့ စီမံဖန်တီးထားသည်ကို မသိကြသော သားသမီး

များကား ဘယ်တော့မှ ကြီးပွားမည့်သူများမဟုတ်ကြချေ။ ထို့ကြောင့် ဆင်ခြင်တုံတရားရှိကြသော သားသမီးတို့သည် မိဘနှစ်ပါး ထင်ရှားရှိစဉ် ပင်လျှင် မိဘ၏အလုပ်ခွင်သို့ ထိထိရောက်ရောက်ပါဝင်ဆောင်ရွက်၍ မိမိလည်း အလုပ်ခွင်ကို ကျွမ်းကျင်လိမ္မာစေရန်၊ မိဘနှစ်ပါးလည်း စိတ်ချမ်းသာစေရန် ဆောင်ရွက်သင့်ကြပေသည်။

## မွေခံထိုက်စေ

မိဘတို့ရှာဖွေထားခဲ့သောပစ္စည်းများကို နိုင်ငံဥပဒေများအရ အချိုးကျ ပိုင်ဆိုင်ခွင့်ရကာမျှဖြင့် အမွေခံထိုက်သည်ဟု မဆိုနိုင်ချေ။ မိဘတို့စိတ်နှလုံး ချမ်းမြေ့အောင် သားသမီးတို့ ဝတ္တရားငါးပါးနှင့် အညီ လိုက်နာခဲ့ကြသော သားသမီးများသာလျှင် အမွေ ခံထိုက်ပေသည်။ သားသမီးတို့ ဝတ္တရား မကျေပွန်သူ၊ မိဘတို့ စိတ်နှလုံး မချမ်းမြေ့အောင် အပူတိုက်ခဲ့သော သားဆိုး သမီးဆိုးတို့သည် အမွေခံထိုက်သူများ မဟုတ်ကြချေ။ အမွေခံထိုက်အောင် မကျင့်သုံးခဲ့ပါပဲလျက် ခံယူသုံးစွဲရသော အမွေသည် ဘယ်သောအခါမှ ကောင်းကျိုးချမ်းသာ မဖြစ်စေနိုင်။ တည်လည်း မတည်မြဲနိုင်။ တနည်း မဟုတ် တနည်းဖြင့် ကုန်တော့သည်၊ ပျက်တော့ သည်သာ တည်း။

အမွေခံထိုက်အောင် ကျင့်သုံးပြီးမှ အမွေခံရသူ သားသမီးများမှာမူကား ရရှိလာသော အမွေအနှစ်တို့သည် ယုတ်သည်၊ လျော့သည်၊ ပျက်စီးသည် မရှိပဲ ဆတက်ထမ်းပိုး နေ့တိုင်းတိုး၍ ကောင်းကျိုး ချမ်းသာ တို့ဖြင့် ပြည့်စုံကြတော့သည်သာတည်း။

ထို့ကြောင့် မိဘတို့၏ အမွေကို ခံထိုက် စံထိုက်အောင် ကြိုးစားကြ ကုန်ရာသည်။

## ၅။ မှုစေ၍

မိဘနှစ်ပါး ကွယ်လွန်ခဲ့လျှင် ကုသိုလ်ကောင်းမှုများပြု၍ အမျှအတန်း ပေးဝေရသည်။ အထူးသဖြင့် ဆွမ်း ဒါန၊ သင်္ကန်း ဒါန၊ ထီး ဖိနပ် ဒါန၊ ကျောင်းဒါန မျိုးစုံတို့ဖြင့် အမျှပေးဝေရသည်။ ကျောင်း ဒါန ဆို၍ ကျောင်းကြီး ဆောက်ရမည်ဟု ဆိုသည် မဟုတ်ပါ။ ဆောက်နိုင်လျှင်

ဆောက်သင့်ပါသည်။ ကိုယ်တိုင်မဆောက်နိုင်လျှင် စုပေါင်းဒါနများတွင် ကုသိုလ်ပါဝင်၍ အမျှပေးဝေနိုင်ပါသည်။ ရက်လည် ဆွမ်းသွတ်ပြီးလျှင် ပြီးရောဟု သဘောမထားသင့်ကြ။ ကုသိုလ်ကောင်းမှုပြုတိုင်း ပြုတိုင်း မိဘနှစ်ပါးကို အမည်တပ်၍ အသောအချာ အမျှဝေပါလေ။

အမျှဝေခြင်းနှင့် ပတ်သက်၍ ဗုဒ္ဓဘာသာဝင်တိုင်း သိကြပြီး ဖြစ်၍ အကျယ်မဆိုတော့ပြီ။

## စောင့်လေမျိုးနွယ်

မိဘတို့၏ အမျိုးအနွယ်ကို မပျက်မစီးရအောင် ထိန်းသိမ်းစောင့်ရှောက်ရသည်။ မိဘတို့ ကျင့်သုံးခဲ့သော ကိုယ်ကျင့်တရား၊ မိဘတို့ကိုးကွယ်ခဲ့သော ဘာသာ၊ မိဘတို့ လိုက်နာခဲ့သော ဓလေ့ထုံးတမ်း၊ မိဘတို့ နေထိုင်ခဲ့သော တိုင်းပြည် စသည်တို့ကို မပျက်မစီးအောင် ထိန်းသိမ်း စောင့်ရှောက်ခြင်းသည် အမျိုးအနွယ် စောင့်ခြင်းပင် ဖြစ်သည်။

ယခုအခါ မြန်မာ့နည်း၊ မြန်မာ့ဟန်၊ မြန်မာ့ယဉ်ကျေးမှုများ အားနည်းလျက် ရှိပေသည်။ ကိုယ့်လူမျိုး၏ ယဉ်ကျေးမှု ဓလေ့ ထုံးတမ်းများကို လေးစားကြရန် အထူးကြိုးစားဖို့ သင့်ပေသည်။ မြန်မာတို့၏ အခြေခံ ယဉ်ကျေးမှုများကို သတိကြီးစွာထား၍ ထွန်းကားတိုးတက်အောင် ပြုလုပ်သင့်ပေသည်။ ခက်နေသည်မှာ ကိုယ့်မိဘရိုးရာ မြန်မာ့နည်း မြန်မာ့ဟန်ကိုတော့ အသုံးပြုရမှာရှက်သည်။ မိမစစ် ဘမစစ်တို့၏ အမူအရာကိုတော့ အသုံးပြုရမှာ မရှက်၊ မြန်မာပီပီ လုံလုံလဲ့လဲ့ ယဉ်ယဉ်ကျေးကျေး ဝတ်ရမှာကိုတော့ ရှက်သည်။ ဗိုက်ပေါ်၊ ကျောပေါ်၊ ပေါင်ပေါ် ဝတ်ရမည်ကိုတော့ မရှက်၊ ကိုယ့်လူမျိုးယဉ်ကျေးမှုကိုတော့ မသုံးချင်၊ သူတပါး လုပ်တာမှ အကောင်းထင်ကြသည်။ ကြာလျှင် နိုင်ငံပါပျက်ချေတော့မည်။

## လူမျိုးနှင့် တိုင်းပြည်ဆိုသည်မှာ အဘယ်နည်း

လူမျိုးနှင့်တိုင်းပြည်၊ တိုင်းပြည်နှင့်လူမျိုး ဟူ၍ အခေါ်အပြောများကြသည်။ လူမျိုးနှင့်တိုင်းပြည်ဆိုသည်ကိုမူ အသေအချာစိစစ်သူနည်းပါးလှ၏။ မြန်မာအစ တကောင်းက ဆိုသည့်အတိုင်း လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင်ကျော်ဆီသို့ မှန်းဆ၍ကြည့်လိုက်လျှင် တိုခေတ်က ယခုမြန်မာ

နိုင်ငံဟု ခေါ်သော ဤမြေကြီးပေါ်တွင် ပျူလူမျိုး၊ ကမ်းယံလူမျိုး၊ သက်လူမျိုး၊ မွန်လူမျိုး၊ မြန်မာလူမျိုး စသည်ဖြင့် လူမျိုးအသီးသီး ရှိခဲ့ကြပေသည်။ ထိုလူမျိုးတို့အနက်က အဘယ်လူမျိုးများ ယခုထက်တိုင်အောင် ကျန်ရှိနေပါသနည်းဟု မေးလျှင် မွန်၊ မြန်မာတို့သာ ကျန်တော့သည်။ ပျူ၊ ကမ်းယံ၊ သက်တို့ မရှိတော့ပြီ ဟူသော အဖြေကို လူတိုင်းပေးကြပေလိမ့်မည်။ သို့ဖြစ်လျှင် အသက် နှစ်ထောင်ကျော်ရှည်သော မွန်၊ မြန်မာများ ရှိကြသလား မေးလျှင် မရှိဟူ၍သာ ဖြေကြပေလိမ့်မည်။

မှန်၏။ အသက် နှစ်ထောင်ကျော် မဆိုထားဘိ၊ အသက်နှစ်ရာကျော် မွန် မြန်မာများပင် မရှိပါချေ။ ထိုခေတ်က ပျူလူမျိုး၊ ကမ်းယံလူမျိုး၊ သက်လူမျိုးများ သေဆုံး၍ ကုန်ကြပြီဖြစ်သကဲ့သို့ ထိုခေတ်က မွန်လူမျိုး၊ မြန်မာလူမျိုးများလည်း သေဆုံး၍ ကုန်ခဲ့ကြလေပြီ။ သေဆုံး၍ ကုန်ကြပြီချင်း အတူတူဖြစ်ပါလျက် မွန် မြန်မာများသာ ကျန်တော့သည်ဟူသော အဖြေသည် အဘယ့်ကြောင့်ဖြစ်ပေါ်လာခဲ့သနည်း။ ဖိုး ငမဲ နှစ်ယောက်တွဲ သေခဲ့ပြီဖြစ်ပါလျက် ငမဲ အဘယ့်ကြောင့် ကျန်သည် ဖြစ်ရပါသနည်း။ လူမျိုးဆိုသည်မှာ ဤ သုံးဆယ့်နှစ် ကောဋ္ဌာသ အစုအဝေးကြီးတွေကို ခေါ်သည်မဟုတ်ပါ။ ဤ သုံးဆယ့်နှစ် ကောဋ္ဌာသ အစုအဝေးကြီးတွေမှာ အနှစ်တရာထက် ပို၍ တည်နိုင်ခြင်း မရှိကြပါ။ လူမျိုးနှင့် လူသားကို ခွဲခြား၍သိဖို့ လိုသည်။

လူမျိုးဆိုသည်မှာ လူသားကို ဆိုသည်မဟုတ်။ လူသားတို့ လိုက်နာကျင့်သုံးနေသော ယဉ်ကျေးမှု ဓလေ့ ထုံးတမ်းကို ဆိုပေသည်။ လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင်ကျော်က ပျူ၊ ကမ်းယံ၊ သက်လူမျိုးတို့ လိုက်နာကျင့်သုံးခဲ့ကြသော ယဉ်ကျေးမှု ဓလေ့ ထုံးတမ်းတွေ ပျောက်ကွယ်ခဲ့ပြီ။ မွန် မြန်မာဆိုသူတို့၏ ယဉ်ကျေးမှု ဓလေ့ ထုံးတမ်းသာလျှင် ကျန်ရှိပေတော့သည်။ မွန် မြန်မာဆိုသူတို့ လိုက်နာကျင့်သုံးခဲ့ကြသော ယဉ်ကျေးမှု ဓလေ့ ထုံးတမ်းများ ကျန်ရှိနေသည်ကိုပင်လျှင် မွန် မြန်မာလူမျိုးများ ကျန်ရှိနေသည်ဟု ဆိုရခြင်း ဖြစ်ပေသည်။

ဤသို့ဆိုလျှင် မွန် မြန်မာလူမျိုးများ အဓွန့်ရှည်အောင် တည်ရန် ဘာလုပ်ရမည်ကို သဘောပေါက်လောက်ပေပြီ။

နိုင်ငံဆိုသည်မှာလည်း အဘယ်အရာကို ခေါ်ပါသနည်း။ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်ကြာ၊ တည်ပါစေဟု ကြွေးကြော်

ဆုတောင်းလေ့ ရှိကြသည်။ ဤမြေကြီးကိုသာ မြန်မာနိုင်ငံဟု ခေါ်ရလျှင် ဤကြွေးကြော်သံမျိုး၊ ဤဆုတောင်းမျိုးမှာ ကိစ္စပိုလှချေသည်။ မလိုအပ်သောအလုပ် ဖြစ်ပေသည်။အဘယ့်ကြောင့်ဆိုသော် ဤမြေကြီးသည်အဘယ်အရပ်မှ ရွှေ့ပြောင်းသွားလိမ့်မည် မဟုတ်။ ဘယ်သောအခါမှ ပျက်စီးမည်လည်းမဟုတ်။ ကမ္ဘာချဉ်းအောင် တည်နေမည် ဖြစ်သောကြောင့်ပေတည်း။ သူ့အလိုအလျောက် ကမ္ဘာချဉ်းအောင် တည်နေမည့် ဤမြေကြီးကို အဘယ်ကြောင့်အစွန့်ရှည်ကြာတည်အောင် ကြိုးစားနေကြလေသနည်း။

ဤမြေကြီးကို မြန်မာနိုင်ငံဟု ခေါ်ဆိုနေကြခြင်းမှာ ဤမြေကြီးပေါ်၌ တည်နေကြသော လူသားတို့သည် မြန်မာဟု ခေါ်ကြသော ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို လိုက်နာ ကျင့်သုံးနေကြသောကြောင့် ဖြစ်ပေသည်။ အကယ်၍ ဤမြေကြီးပေါ်၌ နေကြသော လူသားတို့သည် မျက်စိတမှိတ်အတွင်း မြန်မာတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းကို အားလုံး စွန့်ပယ်၍ တမျိုးတခြားဖြစ်သော ယဉ်ကျေးမှု ဓလေ့ထုံးတမ်းကို ကျင့်သုံးလိုက်ကြလျှင် မြန်မာနိုင်ငံဟူသော အမည်သည် ထိုမျက်စိတမှိတ် အတွင်းမှာပင် ပျောက်ကွယ်သွားပေလိမ့်မည်။

လူမျိုးနှင့် တိုင်းပြည် ဆိုသည်မှာ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများပင် ဖြစ်ချေသည်တကား။

## မြန်မာ့ယဉ်ကျေးမှု

ဤနေရာတွင် မြန်မာ့ ယဉ်ကျေးမှုကို ဖော်ပြ လိုပေသည်။ မြန်မာ့ယဉ်ကျေးမှုသည် အလွန်အထက်တန်းကျ၏။ အလွန်ခေတ်မီ၏။ အလွန်မြတ်နိုးဖွယ်ကောင်း၏။ အလွန်သဘာဝကျ၏။ ကိုယ့်သမီးမို့ ပြောတာမဟုတ်ပါဘူး၊ သူကြီးနှင့်မှ တော်တယ်ဆိုသကဲ့သို့ ကိုယ့်ငါးချဉ် ကိုယ်ချဉ်သည်မဟုတ်ပါ။ ဘယ်ယဉ်ကျေးမှုဓလေ့ထုံးတမ်းတွေနှင့်ပင် ယှဉ်ယှဉ် အနိုင်ရမည့် ယဉ်ကျေးမှုမျိုးဖြစ်ပါသည်။ လက်ဝယ်ရရှိနေသော လူသားတို့ မပြည့်ဝမှုကြောင့် မြန်မာ့ယဉ်ကျေးမှုများ အောက်ကျနောက်ကျသို့ ရောက်ရခြင်း ဖြစ်ပေသည်။

ယဉ်ကျေးမှု ဓလေ့ထုံးတမ်းပေါင်း များစွာအနက်မှ ဥတု၊ ရတု၊ ရာသီနှင့် ပတ်သက်သော ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ စာပေနှင့် ပတ်

သက်သော ယဉ်ကျေးမှု ဓလေ့ထုံးတမ်း၊ လူမျိုးရေးနှင့် ပတ်သက်သော ယဉ်ကျေးမှု ဓလေ့ထုံးတမ်း (၃) မျိုးလောက်ကို ဖော်ပြလိုသည်။

ဥတု၊ ရတု၊ ရာသီနှင့်ပတ်သက်သော ဓလေ့ထုံးတမ်းများကို မြန်မာ့ လောကဓာတ်၏ သဘာဝအရှိကို သိဖို့ ပထမလိုအပ်ပေသည်။

၁။ တနှစ်လျှင် ရာသီအားဖြင့် (၁၂) ရာသီ ရှိသည်။ တရာသီ လျှင် ရက်ပေါင်း (၃၀) ကျော်ကျော်လေး ရှိသည်။

၂။ တလလျှင် ရက်ပေါင်း ၂၉ ရက်ခွဲရှိသည်။

၃။ လနှင့် ရာသီကိုညှိ၍ (၂၉) ရက်တလ၊ (၃၀) ရက်တလဖြင့် ရေတွက်သည်။ ထိုလဖြင့် ရေတွက်ခြင်းသည် ရာသီကို မမီသဖြင့် တနှစ် (၁၂) ရာသီ၊ ရက်အားဖြင့် ၃၆၅ ရက်ခွဲ ပြည့်အောင် ဝါထပ်ရက်ငင်လုပ်၍ ညှိနှိုင်းပေးရသည်။

နားမလည်သူတို့က အလွန်အလုပ်ပိုသည်ဟု ထင်ကြသည်။ အလုပ်မပိုချေ။ အလွန်အကျိုးကျေးဇူးများသည်။ လပြည့်ဆိုလျှင် လပြည့်သည်။ လကွယ်ဆိုလျှင် လကွယ်သည်။ ရက်ကိုသိရုံဖြင့် လ ဘယ်သို့ရှိသည်ကို သိနိုင်သည်။ ပြက္ခဒိန်မရှိသော်လည်း ပန်းကိုကြည့်ရုံနှင့် လကိုသိနိုင်သည်။ မြန်မာတို့၏ သင်္ကြန်ကျ တနှစ်ကုန်တော့မည်ဆိုလျှင် နှစ်အိုနှစ်ဟောင်းကြီး၏အသွင်အပြင်သည် လောကဓာတ်တခုလုံးတွင် ပေါ်လွင်လာတော့သည်။ လေက တဖြူးဖြူး၊ ဖုံက တထောင်းထောင်း ရွက်ဟောင်းတွေကြွေခဲ့ပြီဖြစ်၍ သစ်ပင်တွေကလည်း အရိုးနှင့်ပြိုင်းပြိုင်း ငြိးငွေ့စဖွယ် ဖြစ်လာတော့သည်။ နှစ်သစ်ဆန်းသည် ဆိုလျှင်ပင် လောကဓာတ်တခုလုံး ကြည်လင်၍ လာပေသည်။ သစ်ပင်ကြီးငယ်တို့မှာလည်း စိမ်းစိုသော ရွက်သစ်ရွက်နု ဝေဝေဆာဆာဖြင့် သာယာလှတော့သည်။ တကယ်သစ်ဆန်းနေသော လောကဓာတ်ကို မြင်ရပေသည်။

နှစ်ဟောင်း ဆိုလျှင်လည်း အဟောင်းတို့၏ အသွင်အပြင် ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား၊ နှစ်သစ်ဆိုလျှင်လည်း နှစ်သစ်တို့၏အသွင်အပြင် ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား မြင်ရခြင်းသည် မြန်မာ့ယဉ်ကျေးမှု၏ အနှစ်သာရ မဟုတ်ပါလား။ အများတကာ ဦးထိပ်ထားနေကြသော ဇန်နဝါရီ (၃၁) ရက်စသော လ များသည် တနှစ်လျှင် (၃၆၅) ရက်နှင့်တော့ ကိုက်ပါ၏။ ကိုက်သည် ဆိုသော်လည်း လေးနှစ်

တကြိမ်၊ ဖေဖော်ဝါရီလတွင် တရက်တိုးရသေးသည်။ လဆန်း ဆိုသော်လည်း ဆန်းချင်မှဆန်းမည်၊ လကွယ်ဆိုသော်လည်း လရှိချင်ရှိမည်။ ဒီဇင်ဘာ နှစ်ဟောင်း ဆိုသည်မှာလည်း မဟောင်းသေး၊ ဇန်နဝါရီ နှစ်သစ်မှာလည်း တကယ်မသစ်သေးချေ။ သူတပါးယဉ်ကျေးမှုကို ပုတ်ခတ်လို၍ ဖော်ပြနေခြင်း မဟုတ်ပါ။ လူငယ်တွေ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ၏ တန်ဖိုးကို သိစေလို၍ ဖြစ်ပေသည်။

## စာပေနှင့်ပတ်သက်သော ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ

မြန်မာ့စာပေ၏ အက္ခရာ အစီအစဉ်မှာ အလွန် သဘာဝ ကျသည်။ အသံကြားရုံနှင့် အက္ခရာဖြင့် အမှတ်အသား ပြုလုပ်နိုင်သည်။ စာလုံးပေါင်းတွေ သီးသန့် ကျက်နေစရာမလို။ အက္ခရာ ထားသိုပုံ အစီအစဉ်များအလွန်ကောင်း၏။ ပထမ အက္ခရာ ငါးလုံးကို သေသေချာချာ အသံထုတ်ကြည့်ပါ။

က-ခ-ဂ-ဃ-င (က ကြီး၊ ခ ခွေး၊ ဂ ငယ်၊ ဃ ကြီး၊ င ဟုမဖတ်နှင့်၊ အသံထွက်အတိုင်း ဆိုပါ။) ၎င်း က-ခ-ဂ-ဃ-င ဆိုသော အသံသည် အာစောက် တနေရာတည်းမှ အစဉ်လိုက် ထွက်ပေါ်လာသော အသံများ ဖြစ်သည်။ ထိုနေရာမှ နောက်ထပ်အသံများ ထွက်ပေါ်လာရန် မရှိတော့ပြီ။ လျှာဖျားသို့ ပြောင်းကြစို့။

လျှာဖျားမှ စ-ဆ-ဇ-ဈ-ည ဟူသော အသံများ အစဉ်လိုက်ထွက်လာမည်။ ထိုနေရာမှ နောက်ထပ်အသံများ ထွက်ပေါ်လာရန် မရှိတော့ပြီ။ လျှာလယ်သို့ ပြောင်းကြစို့။

လျှာလယ်မှ ဋ-ဌ-ဍ-ဎ-ဏ၊ တ-ထ-ဒ-ဓ-န ဟူသော အသံများ အစဉ်လိုက် ထွက်လာမည်။ ထိုနေရာမှ နောက်ထပ်အသံများ ထွက်ပေါ်လာရန် မရှိတော့ပြီ။ နှုတ်ခမ်းဖျားသို့ ပြောင်းကြစို့။

နှုတ်ခမ်းဖျားမှ ပ-ဖ-ဗ-ဘ-မ ဟူသော အသံများ အစဉ်လိုက်ထွက်လာမည်။ ထိုနေရာမှ နောက်ထပ်အသံများ ထွက်ပေါ်လာရန်မရှိတော့ပြီ။ တနေရာတွင် သံစဉ်ကုန်မှ တနေရာသို့ ပြောင်းသည်။ ဟိုရောက် သည်ရောက် မဟုတ်ချေ။

သူတပါးကို ရှုတ်ချလို၍ မဟုတ်ပါ။ ကိုယ့်ယဉ်ကျေးမှု တန်ဖိုးကို သိရန် ကမ္ဘာသုံး အင်္ဂလိပ်စာ အက္ခရာကို လေ့လာကြည့်ပါမည်။

ပထမဆုံး အေ-ဟူသော အက္ခရာသည် လည်ချောင်းမှ ထွက်လာသော အသံဖြစ်သည်။ အေ-ဟူသော အက္ခရာနောက်တွင် ဤနေရာမှ အသံထွက်ရန် အက္ခရာများ ကျန်ရှိသေးပါလျက် ဘီ-ဟူ၍ နှုတ်ခမ်းဖျားသို့ ပြောင်းသွား ပြန်သည်။ ဘီ-ဟူသော နှုတ်ခမ်းဖျားမှ ထွက်ပေါ်ရန် အသံမကုန်သေးမီ စီ-ဟူ၍ လျှာဖျားသို့ ပြောင်းသွားပြန်သည်။ စီ-ဟူသော လျှာဖျားမှ ထွက်ပေါ်ရန် အသံမကုန်သေးမီ ဒီ-ဟူသော လျှာလယ် အရပ်သို့ ပြောင်းရွှေ့ သွားပြန်သည်။ ဒီ-ဟူသော လျှာလယ်မှ ထွက်ပေါ်ရန် အသံမကုန်သေးမီ အီး-ဟူသော အေသံထွက်ခဲ့သော လည်ချောင်းအရပ်သို့ ပြန်လည်ရောက်ရှိသွားပြန်သည်။ ပရမ်းပတာနိုင်လှ၏။ ဤမျှဆိုလျှင်ပင် မြန်မာတို့ အသုံးပြုသော အက္ခရာစာပေသည် မည်မျှ ပြည့်စုံ ကောင်းမွန်သည်ကို သဘောပေါက်လောက်ပေပြီ။

## လူမှုရေးနှင့်ပတ်သက်သော ဓလေ့ထုံးတမ်းများ

ချစ်စရာကောင်းလှသော ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများထဲမှ အနည်းငယ်လောက်ပဲ ဖော်ပြလိုပေသည်။ နှစ်သစ်ကူးတော့မည် ဆိုလျှင် နှစ်ဟောင်းက ရှိခဲ့သော ပြင်ပ အညစ်အကြေး၊ အတွင်းစိတ်ဓာတ်အညစ်အကြေးကို နှစ်သစ်သို့ ပါမသွားအောင် ကြိုတင်၍ ဆေးလျှော်ရသည်။ ပြင်ပ အညစ်အကြေးများ ကင်းစင်ရန်အတွက် အိမ်တွင်းအိမ်ပြင် သန့်ရှင်းခြင်း၊ ခေါင်းလျှော်ခြင်း၊ ရေချိုးခြင်း၊ သူတပါးတို့အားလည်း ရေဖြင့် သန့်ရှင်းစင်ကြယ်စေခြင်းများ ပြုလုပ်ကြသည်။

အတွင်းစိတ်ဓာတ် အညစ်အကြေးကို ပယ်ရှားရန် ကန်တော့ကြသည်၊ တောင်းပန်ကြသည်၊ ဝန်ချကြသည်၊ အပြစ်ကြီး အပြစ်ငယ်ရှိလျှင် ခွင့်လွှတ်ပါဟု ကန်တော့ခြင်း၊ တောင်းပန်ခြင်း၊ ဝန်ချခြင်းဖြင့် တဘက်သားက မိမိအပေါ်၌ ရှိနေသော အမျက်ဒေါသကို သန့်ရှင်းသွားစေသည်။ မိမိကိုယ်ကိုလည်း တဘက်သားအပေါ်၌ ရှိသော အမျက်ဒေါသကို သန့်ရှင်းသွားစေသည်။

သီတင်းကျွတ်ပြီဆိုပြန်လျှင် ဆရာသမား မိဘဘိုးဘွား သက်ကြီးဝါကြီးတို့အား ဝတ္ထုပစ္စည်းများဖြင့် လည်းကောင်း၊ လက်အုပ်ချီ၍လည်းကောင်း ရှိခိုးကန်တော့ကြပြန်သည်။ ကာယကံမေတ္တာဖြင့် ကန်တော့ကြပြီးနောက် ဝစီကံ မေတ္တာဖြင့် ကံသုံးပါးတို့တွင် တပါးပါးသောကံနှင့် ပြစ်မှားကျူးလွန်မိသောအပြစ် ရှိလျှင် သည်းခံခွင့်လွှတ်ပါဟု မြွက်ဆို တောင်းပန်ကြသည်။ ကန်တော့ခံသူများကလည်း သာဓုခေါ်၍ ဘေးကင်းပါစေ၊ ရန်ကင်းပါစေ စသည်ဖြင့် ဆုပေးကြသည်။ (တဘက်သားက လာရောက်ကန်တော့ပါလျက် ဝစီကံမေတ္တာ ပြန်၍ မပြုပဲ မလှုပ်မယှက် ငြိမ်ငြိမ်ကြီး နေခြင်းသည် ယဉ်ကျေးသော အမူအရာမဟုတ်။) ဆုပေးပြီးသောအခါ မင်းတို့တွေအပေါ် ငါ ကျူးလွန်ပြစ်မှားခြင်းရှိလျှင် သည်းခံကြပါဟု ပြန်၍တောင်းပန်ကြသည်။ အလွန် ကြည်နူးဖွယ် ကောင်းလှ၏။

တဦးနှင့်တဦး တွေ့ကြသောအခါ ကျန်းမာပါရဲ့လားဟု မေးကြသည်။ အလွန် ကျက်သရေရှိသည်။ ကျန်းမာခြင်းသည် အမြတ်ဆုံးသော လာဘ်ကြီးတခု ဖြစ်သည်။ ထိုအမြတ်ဆုံးသော လာဘ်ကြီးနှင့် တွေ့ကြပါစေဟူသော မေတ္တာစေတ် အပြည့်အဝပါသော နှုတ်ခွန်းဆက်စကားပင် ဖြစ်၏။ အနာရောဂါကင်းရန် လူတိုင်းလူတိုင်းပင် လိုလားကြသည်ဖြစ်ရကား ကျန်းမာကြရဲ့လားဟူသော စကားသည် အလွန် သင့်မြတ်လှ၏။

ဘယ်ဈေးသည်ထံပဲ သွား၍ ဝယ်ဝယ် မြန်မာဈေးသည် မှန်လျှင် ရောင်းသူက အနည်းငယ်လောက်တော့ ဒါနပြုလိုက်ကြသည်။ တနည်းအားဖြင့် အပိုကလေး ပေးလိုက်ကြသည်။ ပြတ်ပြတ်တောင်းတောင်းတိတိရိရိ မဖြစ်စေရ။ အနည်းငယ်လောက်ပဲဖြစ်ဖြစ် အပိုကလေး ပေးလိုက်ကြသည်သာ။ ဤချစ်စရာ အမူကလေးကို အဆစ်ဟု ခေါ်ပေသည်။

ထမင်းပွဲ ထိုင်ကြသောအခါ ဂုဏ်ကြီးဂုဏ်ငယ် မရွေးချယ်ပဲ အသက်အရွယ်ကြီးသူကို ဦးစားပေးရသည်။ ဟင်းခွက်ကို အသက်ကြီးသူက အရင်ဆုံးစ၍ ခပ်ရသည်။ အသက်ကြီးသူပြီးမှ ကျန်လူများ စားကြရသည်။ အကယ်၍ အသက်ကြီးသူက ဟင်းခွက်ကို ခပ်ယူ စားသုံးခြင်းမပြုသေးလျှင် တစုံတယောက်က တိုကြီးသူ ပန်းကန်ထဲသို့ ဟင်း အနည်းငယ်လောက် ခပ်၍ ထည့်ရသည်။ ဤချစ်စရာ အမူကလေးကိုတော့ ဦးချသည်ဟု ခေါ်ပေသည်။

ဤပျလောက် ဖော်ပြလျှင် သင့်လျော်လောက်ပေပြီ။ မိမိတို့၏ မိခင် ဖခင်ဖြစ်ကြသော မွန် မြန်မာတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ ကွယ်

ပျောက်မသွားရန် သားသမီးတိုင်းတွင် တာဝန်ရှိပေသည်။ ဤတာဝန်ကို ကျေပွန်အောင် ထိန်းသိမ်း၍ အမျိုးအနွယ်ကို စောင့်ကြရမည်။

အထူးသဖြင့် မိမိအတွက်ကြောင့် မိဘနှစ်ပါးနှင့် ဆွေမျိုး မျိုးမျိုးဂုဏ်သိက္ခာ မထိခိုက်စေရန်၊ မိမိအတွက် မိမိ မိဘနှင့် ဆွေမျိုးညာတိများ လူထဲမတိုးဝံ့လောက်သော အဖြစ်သို့ မရောက်ရန် သတိပြုရမည်။ မွေးချင်းသားချင်းများက တို့အမျိုးထဲ ဒါမျိုးမရှိပေါင်တော်၊ ဒင်းကျမှ ဖြစ်ရပလေတယ် ဆိုသော မွေးချင်း သားချင်းကတောင် မွေးချင်းသားချင်း မတော်ချင်လောက်သော အဖြစ်မျိုးသို့ မရောက်စေရ။

မိဘထက် လွန်မြတ်သော သားသမီး၊ မိဘနှင့် တန်းတူဖြစ်သော သားသမီး၊ မိဘအောက် ယုတ်ညံ့သော သားသမီးဟူ၍ သားသမီး သုံးမျိုးသုံးစားရှိပေသည်။ မိဘနှစ်ပါးအား မူလအခြေအနေထက် သာလွန်အောင်ထား၍ ပြုစုနိုင်ခြင်း၊ မိဘတို့ လိုက်နာကျင့်သုံးခဲ့ကြသော ဘာသာ၊ သာသနာနှင့် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို တိုးတက် ထွန်းပြောင်အောင် စွမ်းဆောင်နိုင်ကြခြင်း၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး အရေးမှန်သမျှတွင် မိဘတို့လက်ထက်ကထက် သာလွန်၍ ကြီးမြင့်ကြခြင်း ဟူသော ဂုဏ်ထူးဝိသေသရှင် သားသမီးများအား အတိဇာတ (မိဘထက် လွန်မြတ်သော သားသမီးများ)ဟူ၍ ခေါ်ဆိုရပေသည်။ သားထူးသားမြတ် သားမြင်တိုင်းနှင့် မနိုင်းအပ်သော သားရတနာ။ သမီးထူး သမီးမြတ်၊ သမီးမြင်တိုင်းနှင့် မနိုင်းအပ်သော သမီးရတနာ မည်ပေသည်။မိဘတို့အတွက် ပွေးရကျိုးနပ်သော၊ ချစ်ရကျိုးနပ်သော သားသမီးများပါပေတည်း။

မိဘနှစ်ပါးအား မူလ အခြေအနေမပျက်အောင် ထား၍ပြုစုနိုင်ခြင်း၊မိဘတို့လိုက်နာ ကျင့်သုံးခဲ့သော ဘာသာ၊သာသနာနှင့် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို မပျောက်မပျက်အောင် စောင့်ရှောက် ထိန်းသိမ်းနိုင်ခြင်း၊ ပညာရေး စီးပွားရေး လူမှုရေး အရေးမှန်သမျှတွင် မိဘများကဲ့သို့ ဆက်ခံနိုင်ခြင်း၊အမျိုးအနွယ် အစဉ်အဆက် မပျက်ရအောင် ထိန်းသိမ်းနိုင်ခြင်း ဟူသော အစဉ်လိုက် သားသမီးများကို အနုဇာတဟုခေါ်ပေသည်။မျိုးနွယ်စဉ်ဆက် မပျက်အောင် ထိန်းသိမ်းနိုင်သဖြင့် ချီးမွမ်းထိုက်ပါ၏။ကောင်းမြတ်သော သားသမီးများပါပေတည်း။

မိဘ အကျင့်ကောင်းသူဖြစ်ပါလျက် မိမိကျကာမှ အယုတ်တမာ ဖြစ်ရခြင်း၊ မိဘက လူချမ်းသာတွေ ဖြစ်ခဲ့ပါလျက် မိမိကျကာမှ လူပွဲဖြစ်ရခြင်း၊

မိဘတို့က ပညာရှိသူတွေ ဖြစ်ခဲ့ပါလျက် မိမိကျမှ ပညာမဲ့ရခြင်း၊ မိဘတို့က ဗုဒ္ဓဘာသာ မြန်မာဖြစ်ပါလျက် မိမိကျမှ တမျိုးတခြား ဖြစ်ရခြင်း ဟူသော မိဘရိုးရာ အစဉ်အလာကို ဖျက်ဆီးကြသော သားသမီးများကို အဝဇာတ=ယုတ်ညံ့သော သားသမီးများဟု ခေါ်ပေသည်။

၎င်းအပြင် မိဘနှစ်ပါးကို နေ့ရှိသမျှ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်အောင် အမြဲအပူတိုက်၍ နှိပ်စက်နေကြသော သားသမီးများ၊ တဆွေလုံး တမျိုးလုံး အရှက်တကွဲအကျိုးနည်းဖြစ်အောင် မိုက်မဲကြသော သားသမီးများသည်လည်း အဝဇာတမည်ပေသည်။ သားဆိုး သားယုတ်၊ သမီးဆိုး သမီးယုတ်များပေတည်း။ ၎င်းတို့ လူ့ဘဝ ရောက်လာကြခြင်းသည် မိဘနှစ်ပါး ဆွေမျိုးများနှင့် နီးစပ်ရာ ပတ်ဝန်းကျင် အားလုံး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ဖို့သာတည်း။

ဤဖော်ပြခဲ့သော သားသမီး သုံးမျိုး သုံးစားတွင် ငါသည် အဘယ် အဆင့်က သားသမီးမျိုး ဖြစ်သနည်းဟူ၍ မိမိကိုယ်ကို မိမိ လေးလေးနက်နက် စိစစ်သင့်သည်။ အကယ်၍ ယုတ်ညံ့သော အဝဇာတ သားသမီးဖြစ်နေခဲ့လျှင် အစဉ်လိုက်သော အနုဇာတ သားသမီးဖြစ်အောင် ကြိုးစားကြရမည်။ အနုဇာတ သားသမီးဖြစ်လျှင် လွန်မြတ်သော အတိဇာတ သားသမီးဖြစ်အောင် ကြိုးစားကြရမည်။ အတိဇာတ သားသမီးဖြစ်လျှင်မူ မိမိကိုယ်ကို မိမိ ဝမ်းမြောက်စွာဖြင့် မြင့်သည်ထက်မြင့်၊ မြတ်သည်ထက် မြတ်အောင် ကြိုးစားရမည်။

သားသမီးတို့ ကျင့်သုံးရမည့်ဝတ္တရား(၅)ပါးနှင့် သားသမီး (၃)မျိုးကို ဖော်ပြပြီးပေပြီ။ မိမိတို့အား ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သစ်မှ ယုယ ပိုက်ထွေးမွေးခဲ့ကြသော အနန္တကျေးဇူးရှင် မိခင်ဖခင်တို့အား မိမိတို့က ကျွေးမွေးပြုစုရမည့်အလှည့်သို့ရောက်ခါမှ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲမဖြစ်ရအောင်၊ သားမျက်နှာကြည့်ရ၊ ချွေးမမျက်နှာကြည့်ရ၊ သမီးမျက်နှာကြည့်ရ၊ သမက်မျက်နှာကြည့်ရ မဖြစ်ရအောင် အစစအရာရာ လိုလေသေးသည်ဟူ၍ မရှိရအောင် အတတ်စွမ်းနိုင်ဆုံး ကျွေးတို့ကျွေးကြရမည်၊ မွေးတို့ မွေးကြရမည်၊ အမယ်ကြီး အဘိုးကြီး ကျီးစောင့် ငှက်စောင့် မဖြစ်စေရ။ ဘုရားတဆူ ဂူတလုံးသွင် စိတ်ကထင်၍၊ မာတာပီတု ဥပဋ္ဌာန မင်္ဂလာကို ဖြည့်ကျင့်ကြကုန်ရာသည်။

# ၁၂။ ပုတ္တ ဒါရဿ သင်္ဂဟ မင်္ဂလာ

သားသမီးတို့အား ချီးမြှောက်ထောက်ပံ့ရခြင်းသည် မင်္ဂလာမည်၏။

ဇနီးမယား သမီးသားတို့အား စီးပွားဥစ္စာ အလိမ္မာတို့ဖြင့် ကောင်းစွာ စောင့်ရှောက် ချီးမြှောက်ရခြင်းသည် မင်္ဂလာမည်၏။ သမီးနှင့် သား ကြင်မယားကို သားသမီးဝတ် မယားဝတ် မချွတ်စေလို မေတ္တာပို၍ သင်္ဂြိုဟ်ထောက်ပံ့ရခြင်းသည်လည်းကောင်း ဟူ၍ လယ်တီဆရာတော်ဘုရားကြီးက ဤမင်္ဂလာကို ဖွင့်ဆိုတော်မူခဲ့သည်။

မိဘ လုပ်သူများက သားသမီးတို့ကို လည်းကောင်း၊ လင် လုပ်သူက မယားကိုလည်းကောင်း၊ မယားလုပ်သူက လင်ကိုလည်းကောင်း မိမိတို့ဆိုင်ရာ ဝတ္တရားဖြင့် တဦးနှင့်တဦး စိတ်ရောကိုယ်ပါ ကျန်းမာ ချမ်းသာအောင် ဆောင်ရွက်ကြခြင်းသည် ချီးမြှောက်ထောက်ပံ့ခြင်း မည်ပေသည်။ ဤသို့ ချီးမြှောက်ထောက်ပံ့ခြင်းသည် မိသားစုအားလုံး ခုရော နောင်ပါ ချမ်းသာ စီးပွားများခြင်း၏ အကြောင်းဖြစ်၍ မင်္ဂလာမည်ပေသည်။

ဤမင်္ဂလာသည် မိဘက သားသမီးများအတွက် လိုက်နာဆောင်ရွက်ရန်၊ လင်က မယားအတွက် လိုက်နာ ဆောင်ရွက်ရန်၊ မယားက လင့်အတွက် လိုက်နာဆောင်ရွက်ရန် ကိုယ့်ဝတ္တရားနှင့်ကိုယ် ကျင့်သုံးကြရမည့် မင်္ဂလာဖြစ်သည်။ ထိုဝတ္တရားများကို မြတ်စွာဘုရားရှင်က သိင်္ဂါလ သုတ်မှာပင် ဟောကြားတော်မူခဲ့ပေသည်။ ထိုအချက်များကို သင်္ဂဇာ ဆရာတော်က အောက်ပါအတိုင်း အကျဉ်းချုပ် လင်္ကာ သီကုံးထားပေသည်။

## မိဘဝတ်ငါးပါး

မကောင်းမြစ်ထား၊ ကောင်းရာ ညွှန်လတ်၊ အတတ်သင်
စေ၊ ပေးဝေ နှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊
ဖခင် မယ်တို့တာ။

## လင့်ဝတ်ငါးပါး

မထိမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊
မြတ်နိုးကြင်၊ ငါးအင် လင်ကျင့်ရာ။

# မယားဝတ်ငါးပါး

အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိစ္ဆာ ကြဉ်ရှောင်၊ လျော်အောင် ဖြန့်ချိ၊ ပျင်းရိမမူ၊ ဝတ်ငါးဆူ၊ အိမ်သူ ကျင့်အပ်စွာ။

## မိဘဝတ်ငါးပါး

### ၁။ မကောင်းမြစ်တား

လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိန္နင့်ဘ ဆိုသည့်အတိုင်း၊ လက်ဦးဆရာသမားများဖြစ်ကြသော မိဘသည် သားသမီးအတွက် အလွန် အရေးကြီးသည်။ ငယ်ရွယ်စဉ်အခါကပင်လျှင် မကောင်းမှုများ မစွန်းရ မငြိရအောင် ဆုံးမသွန်သင်ရမည်။ သားသမီးတွေ မကောင်းမှုများကို မပြုမလုပ်ရအောင်၊ မကောင်းသော စကားများကို မပြောအောင်၊ မကောင်းသော အကြံကို မကြံအောင် အမြဲတမ်း တားမြစ်ဆုံးမ ရသည်။သားသမီးများအား မကောင်းမှုတို့နှင့် မငြိမစွန်းရအောင် ဆုံးမခြင်း၊ တားမြစ်ခြင်း မပြုခဲ့သော မိဘတို့သည် သားကို ငယ်က မဆုံးမ၊ မိဘတလီ ရန်သူမည်၏ ဆိုသည့် အတိုင်း သားသမီးတို့ အတွက် ကြီးစွာသော ရန်သူကြီးပါပေတည်း။

သားသမီးများအား ဘဝတခုလုံး အောက်ကျနောက်ကျအညွန့်တုံး၊အစတုံးဖြစ်အောင် နှိပ်စက်ခဲ့ကြသော လက်သည် တရားခံကြီးများပါပေတည်း။ သားသမီး မကောင်း၊ မိဘခေါင်း ဟူသည့်အတိုင်း သားသမီးတွေမကောင်းကြခြင်းအတွက် တာဝန်ရှိကြသော မိဘများ ပါပေတည်း။ ဤနေရာ၌ မိဘတို့၏ အဆုံးအမကို မနာယူသော ရန်သူမျိုး ငါးပါး အပါအဝင် သားဆိုး သမီးဆိုးများလည်း ရှိကြပေသေးသည်။ ၎င်းတို့အတွက်မှာမူ မိဘတို့၏ အပြစ်ဟု မဆိုသာချေ။ ဆုံးမ မရသော သားသမီး အများအပြားပင် ရှိနေပေသည်။ ဆုံးမပဲ့ပြင်လျှင် ရနိုင်ကောင်းပါလျက် ဆုံးမခြင်းမပြု၍သော်လည်းကောင်း၊ ဆုံးမပုံ အချိုးမကျ၍ သော်လည်းကောင်း ပျက်စီးကြရသော သားသမီးများအတွက်သာလျှင် မိဘ၌ တာဝန်ရှိပေသည်။

ထိထိရောက်ရောက် ဆေးဝါးကုသလျှင် အနာပျောက်ကင်းနိုင်ကောင်းသော အခြေရှိပါလျက် ဆေးကုသမှု ပေါ့လျော့ခြင်းကြောင့် သေဆုံး

ရသော လူနာ့အတွက် ဆရာတွင်တာဝန်ရှိချေသည်။ သေမည့်လူနာအတွက် ဆရာနှင့် မဆိုင်ချေ။

သားသမီးဆုံးမရာ၌ မရတော့ဘူးဟူ၍ အလွယ်တကူ လက်လျှော့ခြင်း မပြုသင့်ပေ။ မိမိတယောက်တည်းနှင့် မတတ်နိုင်လျှင် ပညာရှိသူများနှင့် တိုင်ပင်ဆွေးနွေး၍ ဆုံးမပဲ့ပြင်ပေးရမည်။ အစကချစ်စနိုးနှင့် အလိုလိုက်၊ ကိုယ်မကြိုက်ခါမှ အပြစ်တင်၊ စိတ်ကြည်လင်နေတုန်းတော့ ဘာပဲလုပ်လုပ် အကောင်း၊ ဘယ်လောက်ပဲအပြစ်ကြီးပြီး မငြင်ငြို၊ စိတ်တိုကာမှ မဖြစ် စလောက်အပြစ်နှင့် တအားရိုက်ဆိုလျှင် ဘယ်သားသမီးမှ ဆုံးမရတော့မည် မဟုတ်ပေ။ ရိုက်သင့်မှ ရိုက်ရသည်၊ ဆဲသင့်မှ ဆဲရသည်၊ ဆိုသင့်မှ ဆိုရသည်။ ကြောင်းကျိုးပြ၍ ရှင်းနိုင်သမျှရှင်းပြရမည်။ လူတော်လူကောင်း များနှင့်ချစ်ချစ်ခင်ခင်ရှိအောင် ဆက်သွယ်ပေးရသည်။ လူဆိုးလူမိုက်တို့နှင့် ဝေးအောင် ခွာပေးနိုင်ရမည်။ သားကဲ့ သမီးကဲ့လည်း ခတ်တတ်ဖို့လိုသည်။ မွေးရုံသာမွေးတတ်၍ မဆုံးမတတ်ဘူးဆိုလျှင်တော့ ကောင်းမည်မဟုတ်ပေ။ နာမည်လှလှလေးတွေ ပေးထားရုံမျှဖြင့် သားသမီးများ အထက်တန်း ရောက်မည်မဟုတ်။ မကောင်းတဲ့နေရာ မသွားအောင်၊ မကောင်းတဲ့လူနှင့် မပေါင်းအောင်၊ မကောင်းတာ မလုပ်ရအောင်၊ မကောင်းတာ မပြောရအောင်၊ မကောင်းတာမကြံရအောင် နည်းမျိုးစုံနှင့် တားမြစ်ဖို့လိုအပ်ပေသည်။

## ၂။ ကောင်းရာညွှန်လတ်

သားသမီးများအား အတတ်ကောင်း၊ပညာကောင်း၊အကျင့်ကောင်းနှင့် ပြည့်စုံအောင် လမ်းညွှန်ပြသနိုင်ရမည်။ ဟိုဟာမလုပ်ရ၊ ဒီဟာမလုပ်ရ၊ ဟိုလူ့မပေါင်းရ၊ ဒီလူ့မပေါင်းရ၊ ဟိုမသွားရ၊ ဒီမလာရ တားမြစ်နေရုံဖြင့် မပြည့်စုံသေးချေ။ ဟိုဟာမလုပ်ရ ဒီဟာမလုပ်ရဆိုလျှင် ဘယ်ဟာလုပ်ရမည်နည်း။ ဟိုလူမပေါင်းရ၊ ဒီလူမပေါင်းရဆိုလျှင် ဘယ်သူ့ကိုပေါင်းရမည်နည်း။ ဟိုမသွားရ ဒီမလာရဆိုလျှင် ဘယ်သွားလို့ ဘယ်လာရမည်နည်း။ အစားထိုးပေးဖို့လိုသည်။ အစားထိုးမပေးနိုင်၍မဖြစ်။ မကောင်းသောအလုပ်နေရာတွင် ကောင်းသောအလုပ်ကို အစားထိုးပေးရမည်။ ထို့နည်းအတူ မကောင်းမှုအစား ကောင်းမှုကို အစားထိုးပေးရမည်။ ဤကဲ့သို့ အစားထိုးပေးခြင်းကို ကောင်းရာညွှန်ပြသည်ဟု ဆိုပေသည်။ ဘယ်အတတ်

သင်၍ ဘယ်ပညာဆည်းပူးရမည်စသည်များကို လမ်းညွှန်ရာ၌ သားသမီးတို့၏ ဆန္ဒကိုလည်း အလေးထားရသည်။ ငါမွေးထားတာ၊ ငါခိုင်းတဲ့အတိုင်း ဖြစ်ရမယ်၊ ငါ့ကျောင်းနေ ငါ့စာအံရမယ် ဆိုသကဲ့သို့ မဆင်မခြင် ဇွတ်အတင်းမပြုလုပ်ရ။ ကိုယ်တိုင်ကမစွမ်းနိုင်လျှင် စွမ်းနိုင်သောပညာရှိ၏ အကူအညီဖြင့် ဆောင်ရွက်ရမည်။

သားသမီး ဆုံးမတာ ဆရာခေါ်ရအုံးမှာလားဟု မငေါ့ပါနှင့်။ ကိုယ်မတတ်လျှင် တတ်သူခေါ်ရပါလိမ့်မည်။ သားသမီးတွေ ဒုက္ခရောက်ခါမှ အစားပျက်၊ အအိပ်ပျက်ဖြစ်ခါ ဒူးနှင့် မျက်ရည်သုတ်နေရခြင်းထက် ဆရာခေါ်ရခြင်းက သက်သာပေသည်။ အနာထပိဏ်သဌေးကြီးသည် အပျော်အပါးကြိုက်လှသော ကာလမည်သော သားမိုက်ကိုဆုံးမ၍ မရနိုင်သဖြင့် မြတ်စွာဘုရားနှင့် ရင်းနှီးအောင် ငွေကုန်ကြေးကျခံ၍ စီစဉ်ခဲ့လေသည်။ ကာလလုလင်နှင့် မြတ်စွာဘုရား ရင်းနှီးသည်နှင့်တပြိုင်နက် ကာလလုလင်၏ အမိုက်ဇာတ်ကြီး အပြီးတိုင် ချုပ်ငြိမ်းခဲ့လေသည်။ ယခုခေတ်မိဘများ ဤနည်းကို အတုယူသင့်သည်။

ညွှန်ပြသောလမ်းသည် လမ်းကောင်းလမ်းမှန်ဖြစ်သော်သည်း ညွှန်ပြပုံမကောင်းလျှင် လိုက်နာချင်ကြမည်မဟုတ်။ တခါပြောနှင့် မရကောင်းလားဟု စိတ်မဆိုးပါနှင့်။ မိမိတို့ငယ်စဉ်ကလည်း တခါပြောနှင့်မရခဲ့သည်ကိုပြန်၍ အောက်မေ့သင့်သည်။ တခါပြောနှင့်မရလျှင် နှစ်ခါပြောရမည်။ မပြတ်မလပ် ထပ်ခါထပ်ခါပြောရမည်။ စိတ်ရှည်လက်ရှည်နှင့်ဆုံးမနိုင်ရမည်။ ငါ့လောက်ပြောတာ ငါပဲ၊ ငါ့စကား ဘယ်တော့မှ နားမထောင်ဘူး၊ ငါ့စကားဘယ်ကြားမှ မညှပ်ဘူး၊ နင်တို့တတွေ အားလုံးသေယင်လည်း အေးတယ်၊ တလမ်းထဲလွှမ်းရုံပဲ၊ နင်တို့မသေ ငါပဲသေချင်တယ်စသည့် အပြောမျိုးနှင့်တော့ ဘယ်သားသမီးမှ လိမ္မာလိမ့်မည် မဟုတ်ပေ။

## ၃။ အတတ်သင်စေ

အတတ်ပညာသင်ကြားပေးရမည်။ ပညာတတ်သားသမီးတွေဖြစ်အောင် လုပ်ဆောင်ပေးရမည်။ လောကလူ့ဘောင်တွင် ရှာတတ်ဖွေတတ် နေ့တတ်ထိုင်တတ်ဖြစ်အောင် စီမံပေးရမည်။ ဘဲ့ချို့သားသမီးများ အကျင့်စာရိတ္တကောင်းသော်လည်း ဘေးရန် ကင်းအောင် မနေတတ်၊ မထိုင်တတ်ကြ။

ဘေးရန်ကင်းအောင် နေတတ်ထိုင်တတ်သော်လည်း စီးပွားမရှာတတ်ကြ။ ဤသို့ဖြစ်ရခြင်းသည် မကောင်းမှုတို့ကိုတားမြစ်ခြင်း၊ ကောင်းမှုတို့ကို ညွှန်ပြ တိုက်တွန်းခြင်း၊ အတတ်ပညာ သင်ပေးခြင်းဟူသော အချက်သုံးချက် မပြည့်စုံသောကြောင့် ဖြစ်ပေသည်။

သားသမီးများအား စီးပွားဥစ္စာ ရှာဖွေရန် အတတ်ကောင်း ပညာ ကောင်းတခုခုကို ထိထိရောက်ရောက်ဖြစ်အောင် သင်ပြပေးရမည်။ ဘာလို အတတ်ပညာတွေ သင်ပေးရမယ်ဆိုသောအချက်မှာ မိဘတို့၏အရည်အသွေး ပင်ဖြစ်သည်။ သားသမီးတို့၏ ကာယစွမ်းရည်၊ ဉာဏစွမ်းရည်၊ ကာလ ဒေသ၏ အခြေအနေတို့သည် မည်သည့်အတတ်ပညာ သင်ပေးရမည်ကို အဆုံးအဖြတ်ပေးမည့်အရာများပင် ဖြစ်သည်။ **မျက်မမြင် နဲ့သင်ရသည်** ဟူသောစကားပုံရှိခဲ့သည်။ ဤစကားပုံ၏ အဓိပ္ပာယ်မှာ မိမိတို့သားသမီး များအခြေအနေကိုကြည့်၍ အတတ်ပညာ သင်ပေးပါဟုဆိုလိုပေသည်။

ဤနေရာတွင် ပညာရှိများကိုပင် အားကိုးဖို့လိုအပ်သည်။ ကျွန်တော့် သား ဘာလုပ်ပေးရယင် ကောင်းမလဲ စသည်ဖြင့် ပညာရှိမိတ်ဆွေသင်္ဂဟ များနှင့် ဆွေးနွေးမေးမြန်းသင့်သည်။ ဤသို့ ဆွေးနွေးခြင်းဖြင့် အကျိုးရှိ သွားသူကို တွေ့ရဘူးသည်။ အကြံပေးသူမှာ ဦးအေးဟူသော ပုဂ္ဂိုလ် တယောက် ဖြစ်ပါသည်။ ၎င်းသည် စီမံခန့်ခွဲရေး အတတ်ပညာ၊ စာရင်း အင်း အတတ်ပညာ၊ ရောင်းဝယ်ရေးအတတ်ပညာ တို့ကို အထူးကျွမ်းကျင် သူတဦး ဖြစ်ပေသည်။ တနေ့တွင် ဦးအေးနှင့် ဆွေမျိုးနီးစပ်တော်သူ ကုန် သည်ကြီးတယောက်က သူ့သားနှစ်ယောက်စလုံး ဆယ်တန်းလည်းမအောင်၊ မည်မည်ရရလည်း ဘာမှမလုပ်တတ်သဖြင့် အခက်ကြုံနေကြောင်း၊ ဘယ်လို လုပ်သင့်တယ်ဆိုတာကို အကြံပေးစေလိုကြောင်း ပြောကြား လာသည်။ ဦးအေးက ဒီလိုဆိုယင် ကလေးနှစ်ယောက် ကျွန်တော့်ထံ လွှတ်လိုက်ပါ၊ အိမ်မှာ တရက် နှစ်ရက်လောက် ခေါ်ထားပြီးတော့ စုံစမ်းကြည့်ပါအုံးမယ် ဟု ပြော၍ လူငယ်နှစ်ယောက်ကို အိမ်ခေါ်ထားလေသည်။ နှစ်ရက် သုံး ရက်ရှိသောအခါ လူငယ်များ၏ ဖခင်ကိုခေါ်၍ ခင်ဗျားသားနှစ်ယောက် စလုံးက ပညာရေးကိုတော့ ဝါသနာမပါဘူး၊ ဒါပေမယ့် ကောင်းတဲ့ အချက်တခုတော့ ကျွန်တော်တွေ့ရတယ်၊ ဘာလဲဆိုတော့ အလုပ်ကို ဖိဖိ စီးစီး လုပ်တတ်တဲ့ စိတ်ထားရှိတယ်။ကျွန်တော် အကြံပေးရမယ်ဆိုယင်တော့ မုံရွာက သူတို့ ဦးလေးပွဲရုံကို တနှစ်တဝါလောက် လွှတ်ထားယင်ကောင်း

မယ် ဟု နှစ်ဦးသဘောတူ တိုင်ပင်ကြ၍ ကလေးနှစ်ယောက်ကို မုံရွာသို့ လွှတ်လိုက်သည်။

ကလေးများမရောက်မီ အကြောင်းအရာ အပြည့်အစုံလည်း စာဖြင့် အကြောင်းကြားထားလိုက်သည်။ လူငယ်များ မုံရွာရောက်၍ လေးငါးလ ရှိသောအခါ နှစ်ယောက်စလုံး ပြန်လာကြတော့သည်။ ရောက်လျှင်ရောက် ချင်း သူတို့ အဖေက ဦးအေးထံလွှတ်သဖြင့် ဦးအေးအိမ်သို့ နှစ်ယောက် သား ရောက်ရှိလာကြပြီးလျှင် ဦးအေးက မေးသောအခါ သူတို့က မနက် အစောကြီး ထကြရကြောင်း၊ ညမှာလည်း ကိုးနာရီ ဆယ်နာရီထိုးမှအိပ်ရ ကြောင်း၊ အလုပ်မှန်သမျှ အကြမ်းအနုမရွေး သူတို့ချည်းသာ လုပ်ကြရ ကြောင်း၊ အားချိန် နားချိန်ဟူ၍ မရှိတော့ကြောင်း၊ ထမင်းကျွေးတာ မုန့်ကျွေးတာကလွဲ၍ ပိုက်ဆံဆို၍ တပြားမှမရကြောင်းများကို နာကျည်း စွာ တိုင်ကြား၍ မုံရွာတွင် မနေလိုတော့ကြောင်း ပြောကြတော့သည်။

ဦးအေးက ဟာ ဟု လက်ခုပ် လက်ဝါးတီးလျက် ဒီလိုဆိုသိပ်ကောင်း တာပေါ့၊ သိပ်ဝမ်းသာစရာကောင်းတယ်၊ မင်းတို့အတွက် ဒီ့ထက်ကောင်း တဲ့ နေရာမရှိဘူး၊ ငါ့တူများ စိတ်ကူးမလွဲနဲ့၊ မုံရွာကိုပဲပြန်သွားကြကွာ ဟု အားရပါးရ ပြောတော့သည်။ လူငယ်နှစ်ယောက်က ယီးတီးယားတားဖြင့် အံ့အားသင့်လျက် ရှိနေရာ ဒီမှာကွ ဦးလေးပြောမယ်၊ အလုပ် မှန်သမျှ အကြမ်းအနုမရွေး မင်းတို့ချည်း လုပ်ရတယ်၊ အားချိန် နားချိန်လည်း မရှိ ဘူးဆိုတာ အလွန်ကောင်းတဲ့အချက်ကွ၊ ဒါမှ လုပ်ငန်းတွေ အကုန်လုံး ကျွမ်းကျင်တော့မပေါ့၊မလုပ်ယင် မကျွမ်းကျင်ဘူး၊မတတ်ဘူး၊ အပင်ပန်းခံမှ အလုပ်ကျွမ်းကျင်မယ်၊ အလုပ်ကျွမ်းကျင်မှ ကြီးပွားမှာပေါ့၊ ငါ့စကားကို သေသေချာချာ နားထောင်စမ်းပါ၊ ပြီးတော့ အားချိန် နားချိန် မရှိဘူးဆို တာကလည်း ပိုကောင်းတယ်၊ လူငယ်လေးတွေအားနေယင် ပျက်စီးကုန်မှာ ပေါ့၊ နောက်ပြီးတော့ ပိုက်ဆံတပြားမှ မပေးဘူးဆိုတာက အကောင်း တကာ့ အကောင်းဆုံးပဲကွာ၊ ငွေကို အကျိုးရှိအောင်မသုံးတတ်တဲ့ အရွယ် မှာ ငွေတွေပေးထားတာဟာ အဆိပ်ကျွေးတာနဲ့ အတူတူပဲကွ၊ မင်းတို့လက် ထဲ ငွေများများ ပေးထားမယ်ဆိုယင် မင်းတို့နှစ်ယောက်လုံး အရက်သမား ယင်လည်း ဖြစ်မယ်၊ ကစားသမားယင်လည်း ဖြစ်မယ်၊ ကာလသားရောဂါ ယင်လည်း ရမယ်၊ ဒါတွေမဖြစ်ဘူးပဲ ထားပါအုံး၊ နောက်ဆုံး မင်းတို့နှစ်

ယောက်စလုံး အလုပ်မလုပ်ချင်တဲ့ လူပေါကြော့တွေတော့ မုချဖြစ်မှာပဲ၊ လူငယ်ငယ်လေးမှာ အလုပ် များများလုပ်ရပြီး ငွေနည်းနည်းရတယ် ဆိုတာ လူကြီးဖြစ်လာတဲ့အခါမှာ အလုပ်နည်းနည်းလုပ်ရပြီး ငွေများများ ရမယ့် အကြောင်းပဲဆိုတာ တသက်လုံး မှတ်ထားကြဟု ဆုံးမ၍ မုံရွာသို့ ပြန်လှတ်လိုက်ပါသည်။ လူငယ်နှစ်ယောက်စလုံးပင် ယခုအခါ ကြီးပွားလျက် ရှိနေကြပေသည်။

အတတ်ပညာ သင်ကြားရာတွင် အတတ်ပညာကို အသုံးပြုချင်အောင် အသုံးပြုတတ်အောင် ပဲ့ပြင် လမ်းညွှန်ပေးဖို့လည်း လိုအပ်ပေသည်။ အချို့ မိဘများက သားသမီးများကို ပညာတတ်အောင် သင်ကြားပေးသည်၊ သို့ရာတွင် အလုပ်ခွင်သို့ ရောက်အောင် ပို့ပေးလေ့ မရှိကြချေ။ အလုပ်ခွင်သို့ ရောက်အောင် ပို့ပေးသင့်သည်။

ဘုရားလက်ထက်တော်အခါက သမားတော်ကြီး ဇီဝက၏ အလောင်း အလျာဖြစ်သော လုလင်ပျိုသည် တက္ကသိုလ်ပြည်သို့ သွား၍ ဆေးအတတ်ကို သင်ယူခဲ့လေသည်။ အတတ်ပညာစုံ၍ ပြန်တော့မည်ဟု ဆရာကြီးကို ကန်တော့သောအခါ တက္ကသိုလ် ဆရာကြီးက ဇီဝက လုလင်အား လမ်း ရိက္ခာအတွက် ဆန်တခွက်သာ ပေးလိုက်လေသည်။ တက္ကသိုလ်ပြည်နှင့် ရာဇဂြိုဟ်ပြည်မှာ ယူဇနာ များစွာ ကွာဝေးသည်။ ဇီဝက လုလင်မှာ လမ်းတွင်ပင် ရိက္ခာပြတ်လေတော့သည်။ မတတ်သာတော့သော ထိုအခါ၌ မိမိတတ်သော ဆေးပညာနှင့် လမ်းရိက္ခာ ရှာရလေတော့သည်။ လမ်း ရိက္ခာရှာယင်း ဖြင့် လမ်း ရိက္ခာတင်သာမက များစွာသော စည်းစိမ်ဥစ္စာတို့ကိုပင် ရခဲ့လေ သည်။ တက္ကသိုလ် ဆရာကြီးသည် ဇီဝက လုလင်အား ဆေးပညာ၏ အကျိုးကို လက်တွေ့ သိစေလိုသဖြင့် မိမိတပည့်အား အလုပ်ခွင်သို့ မရောက် ရောက်အောင် ဆန်တခွက်သာ ပေးလိုက်ခြင်း ဖြစ်ပေသည်။ မိဘများ ပြည့်စုံလွန်းလျှင်လည်း သားသမီးများ လူစ တုံးတတ်သည်။ အလွယ်ကြိုက်၊ အချောင်ကြိုက် လူပေါကြော့ကလေးတွေ မဖြစ်အောင် အတတ်ပညာ သင်ကြားပေးပြီးနောက် အလုပ်ခွင်သို့ ရောက်အောင် ပို့ဆောင်ကြရမည်။

## ၄။ ပေးဝေနိုးရင်း

သားသမီးများသည် မကောင်းသည်ကိုလည်း ရှောင်တတ်ကြပြီ။ကောင်း ရာကိုလည်း လိုက်နာတတ်ကြပြီ။အလုပ်အကိုင်ကိုလည်း လုပ်တတ်ကိုင်တတ်

ရှိကြပြီ။ အရင်းအနှီး ထုတ်ပေးရန်သာ လိုဘော့သည်။ အရင်းအနှီး ထုတ်ပေးရန် လိုသည်ဆိုရာ၌ မိဘတို့၏ စီးပွားရေးကိုလိုက်၍ ကျင့်သုံးရပေမည်။ အရင်းအနှီး ထုတ်ပေးနိုင်သော မိဘကား ရှာမှရှား၏။ဥစ္စာစီးပွား မရှိလျှင် အရင်းအနှီး ထုတ်ပေးနိုင်မည် မဟုတ်ချေ။ ယင်းသို့ ဥစ္စာပစ္စည်း အရင်းအနှီး ထုတ်မပေးနိုင်သဖြင့် ငါတို့သည် မိဘဝတ္တရား ငါးပါးနှင့် မပြည့်စုံတော့ပြီဟု ဝမ်းနည်း ကြေကွဲ မဖြစ်သင့်။ အတတ်ပညာ အလိမ္မာသည် ဥစ္စာပစ္စည်းထက် ပို၍ မြင့်မြတ်သည် မဟုတ်ပါလော။ အတတ်ပညာ အလိမ္မာနှင့် စာလျှင် ဥစ္စာ စီးပွားဆိုသည်မှာ တန်ဖိုးမဟုတ်ပါ။ သားသမီး များကို အလုပ်ခွင်သို့ ရောက်အောင် ပို့လိုက်ဖို့သာ လိုပါသည်။ တက္ကသိုလ် ဆရာကြီးက ဇီဝက လုလင်အား လမ်းရိက္ခာ ယုံလောက်အောင် မပေးလိုက် ခြင်းသည်ပင်လျှင် အရင်းအနှီး ပေးလိုက်ခြင်း မည်ပေသည်။ ဤအချက်ကို လေးလေးနက်နက် စဉ်းစားသင့်လှသည်။

## ၅။ ထိမ်းမြားခြင်းလျှင်

သားသမီးတွေ အရွယ်ရောက်လာလျှင် သင့်လျော်သော အိမ်ထောင် ဘက်ဖြင့် ထိမ်းမြားပေးရန် တာဝန်လည်း ရှိချေသေးသည်။ များစွာသော မိဘတို့သည် သားသမီးများ အိမ်ထောင်ပြုသည်ကို မလိုလားကြချေ။ချစ်၍ မဝ စိတ်မချကြ။ ရာကျော်သက်တိုင် မိမိတို့နှင့် အတူတကွသာ နေကြစေ လိုသည်။ သို့လျှင်တစေ မနေသာသော ကိစ္စတရပ် ဖြစ်ပေသည်။ တား ဆီးမရသောကိစ္စကို ဇွတ် အတင်း တားဆီးနေခြင်းမပြုပဲ အကောင်းဆုံး ဖြစ်အောင် ကြိုတင်၍ စီစဉ်ထားသင့်ကြသည်။ကိုယ့်သား ကိုယ့်သမီးများနှင့် စိတ်တူကိုယ်မျှ ရှိကြမည့် အိမ်ထောင်ဘက်များကို ကြိုတင် စဉ်းစား ရွေး ချယ်ထားသင့်သည်။ သားသမီးများကို အိမ်ထောင်ရေးနှင့် ပတ်သက်၍ သွန်သင် ဆုံးမထားဖို့ သင့်သည်။ သားကဲ သမီးကဲကိုလည်း ခတ်ရသည်။ ကိုယ်က ကလေးလို ထင်နေသော်လည်း သူတို့က ကလေးစိတ် မရှိသည်ကို သိရှိတတ်ရမည်။ သမီးက ကလေးစိတ်ပဲ၊ ယောကျ်ားစိတ်ပဲ၊ ကြည့်ပါ လား ကြွပ်ဆတ်ဆတ်နဲ့ဟု ပြောတတ်ကြသည်။ အရွယ်ရောက်မည်ကို စိုးရွံ့သော စကားများပင် ဖြစ်ပေသည်။ မိဘနှင့်နေသောအခါ ကလေး စိတ်ဖြစ်မည် မှန်သော်လည်း မိဘနှင့် မနေသောအခါ လူကြီးစိတ် ဖြစ်မည်ကို ပါးနပ်သော မိဘများက သိကြသည်။

သမီးများကို ယောကျ်ားကလေးများ၊ ယောကျ်ားကြီးများဖြင့် အမှုမဲ့ အမှတ်မဲ့ လွတ်မထားရ။ ဝင်လိုက် ထွက်လိုက်၊ တွဲတွဲ တွဲတွဲ သွားလိုက်၊ ပုတ်လိုက်ခတ်လိုက်၊ ပေးလိုက် ယူလိုက်၊ ခနိုးခနဲ့ ပြောလိုက် စသော အနေအထိုင် အပြုအမူများကို ခွင့်မပြုရ။ ကုန်ကုန်ပြောရလျှင် သမီးရေးနှင့် ပတ်သက်၍ ယောကျ်ားသားနှင့် မဆိုထားဘို့၊ မိန်းမချင်းသော်မှ မယုံစားသင့်၊ အောင်သွယ်တတ်သည်၊ သင်ပေးတတ်သည်။ သမီးတကောင် နွားတထောင်ဆိုသကဲ့သို့ ထိန်းသိမ်းရန်လည်း အလွန်ခက်သည်။ မထိန်းသိမ်း၍လည်း မဖြစ်ချေ။ ထိန်းသိမ်းရမည် ဆိုရာ၌ သားသမီးများကို စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်အောင် ကျဉ်းကျပ်နေအောင် မလုပ်သင့်။ အလိမ္မာနှင့် ပညာကို များများ သုံးရသည်။

အစကတော့ ကိုယ့်သားသမီးကို စည်းနဲ့ကမ်းနဲ့ မထိန်းသိမ်း၊ မတော်တာမြင်ရ ကြားရသူတို့က စေတနာနှင့် သတိပေးပြန်တော့လည်း မကြိုက်။ လိုက်ပြေးပြီးကာမှ ဇွတ် ခွဲ၊ ဇွတ်ဖျက် အကြမ်းဖက်၍ အမှားပေါ် အမှားဆင့်ပြီး မဖြစ်သင့်တာတွေ ဖြစ်ကုန်ကြတော့သည်။ စနစ်တကျ မထိန်းသိမ်းခဲ့ပါပဲလျက် အရေးကြုံခါမှ အမွေပြတ် ကြော်ငြာ၍လည်း အကျိုးရှိမည်မဟုတ်ချေ။ သားကဲ၊ သမီးကဲကိုကြည့်၍ ဟန်ပုံ မပေါ်လျှင် ခပ်သုတ်သုတ် အိမ်ထောင်ချပေးဖို့ လိုသည်။ တို့က ဒါမျိုး မလုပ်တတ်ဘူး၊ ရှာမပေးတတ်ဘူးဟု ကိုယ့်အ သည်ကိုပင်လျှင် ဂုဏ်ထူးကြီးတရပ်သဖွယ် ပြောဆိုတတ်ကြသည်။ ကိုယ့်အတွက်တော့ရှာတတ်၍ သူတို့အတွက် မရှာတတ်ဘူးဆိုသည်မှာ ဂုဏ်ရှိသည့်အလုပ် မဟုတ်ပေ။ ဒုက္ခရောက်ကြသော မိန်းကလေးများအနက် နဂိုက ဉာဉ်မကောင်း၍ ဒုက္ခရောက်ရသောမိန်းကလေးများလည်း ရှိကြပေသည်။ သို့ရာတွင် မိဘ အုပ်ထိန်းမှုညံ့၍ ဒုက္ခရောက်ရသူများကပို၍ များပေသည်။

သားသမီးများအတွက် အိမ်ထောင်ဘက်ရွေးချယ်ရာတွင် ဆင်စီး၍မြင်းရံသည်ကို မိဘတိုင်း မြင်လိုကြသည်။ ထို့ကြောင့် သားသမီးများ ဆင်စီး၍ မြင်းရံအောင် ကြိုးစားကြသည်။ သို့ရာတွင် ကိုယ့်သားကိုယ့်သမီးများကဆင်စီးချင်သည် မစီးချင်သည်၊ မြင်းရံချင်သည် မရံချင်သည်ကိုမူ သိအောင် မကြိုးစားကြချေ။ ဆင်မစီးချင်သော သားသမီးများ ဆင်းစီးခိုင်း၍ ဖြစ်မည်လား၊ မြင်းမရံချင်သော သားသမီးကို မြင်းရံချင်၍ ဖြစ်မည်လား၊ ငါ့ထမင်းစ[illegible]တဲ့ဟာတွေ၊ ငါထားသလို နေရမည်ဆိုလျှင် ကိုယ့်ဒုက္ခကိုယ်

ရှာခြင်းပင် ဖြစ်ပေသည်။ ကိုယ်ကြိုက်တာကို သူတို့ကြိုက်တာဖြစ်အောင် ကြိုးစားနိုင်လျှင် ကြိုးစား၊ မကြိုးစားနိုင်လျှင် သူတို့ကြိုက်တာကိုပဲ ကိုယ်ကြိုက်နိုင်အောင် ကြိုးစားဖို့ရှိတော့သည်။

ရှေးနောက် ကြောင်းကျိုးမဆင်ခြင်ပဲ အချစ်ကြီးတော့ အမျက်ကြီးတယ်၊ အသက်နဲ့ လူလုပ်တာမှတ်ဖူး၊ အရှက်နဲ့ လူလုပ်တာစသည်ဖြင့် တယူသန် တဘက်သတ်ဖြစ်နေလျှင် ဘယ်သောအခါမှကောင်းမည်မဟုတ်၊ဤကိစ္စကိုကြိုတင်၍ အကောင်းအဆိုး ဆုံးဖြတ်ရန် ခဲယဉ်းလှသည်။ တချို့မိဘများက ကျကျနန ရွေးချယ် ပေးစားထားသော်လည်း ကိုးရိုးကားရား ဖြစ်တတ်သည်။ သူတို့ဘာသာ သူတို့ရှာလာတာကပဲ ဟုတ်တုတ်တုတ်ဖြစ်နေတာမျိုးရှိကြသည်။

သားသမီးများ၏ အိမ်ထောင်ဘက်ရွေးချယ်ရာတွင်–

၁။ စိတ်သဘောတည်ကြည်၍ ကိုယ်ကျင့်တရား ပြည့်ဝသူ၊

၂။ ကျန်းမာသန့်ရှင်း ရောဂါကင်းသူ၊

ဤနှစ်ချက်ကို အဓိကထားသင့်သည်။ ဤနှစ်ချက်ပြည့်စုံလျှင် ဆင်စီး၍ မြင်းမရံနိုင်သော်လည်း ဆင်နင်း၍ မြင်းကန်ခံရသည့်အဖြစ်မှ လွတ်ပေပြီ။ အခြားအချက်တွေပါ ပြည့်စုံသည်ဆိုလျှင်တော့ ဆိုဖွယ်ရာမရှိတော့ချေ။ ချောလည်းချော၊ လှလည်းလှ၊ ပညာလည်းတတ်၊ ဥစ္စာလည်းရှိစေဦးတော့၊ကိုယ်ကျင့်တရားမကောင်းသူ၊ရောဂါရှိသူဖြစ်နေလျှင် ဆင်ထင်ထား၊ ဆိတ်ပင် စီးရမည်မဟုတ်ချေ။

အချို့မိဘများသည် မိမိတို့၏သားများအား သူတို့မယားများ အပေါ် အနိုင်ရကြစေရန်၊ ယောက္ခမ ယောက်ဖတို့ကို မယုံစား၊ မကိုးစားကြရန် မိမိတို့၏ သမီးများအား လင်သားများအပေါ် အနိုင်ရကြစေရန်၊ ယောက္ခမများ၊ ယောက်မများကို မယုံစားမကိုးစားကြရန် နည်းပေးလမ်းပြ ပြုတတ်ကြသည်။ အလွန်မှားသော အချက်ဖြစ်သည်။နှစ်ဦး နှစ်ဘက် မိဘဆွေမျိုးများအားလုံး စိတ်ချမ်းသာမည့် အချက်များကိုသာ နည်းပေးလမ်းပြ ပြုလုပ်သင့်သည်။

မိဘတိုင်း သားသမီးတို့အပေါ် ဆောင်ရွက်ရမည့်ဝတ္တရား ငါးမျိုးအနက် ဤထိမ်းမြားခြင်းဟူသော ဝတ္တရားသည် ဆောင်ရွက်ရန် အခက်ခဲဆုံးပင်ဖြစ်ပေသည်။ ခက်သော်လည်း ဆောင်ရွက် ရမည်ပင် ဖြစ်ရကား

ကြိုကြိုတင်တင် အမြင်ကျယ်ကျယ်နှင့် သူ့အကြိုက် ကိုယ့်အကြိုက် လိုက်ဖက်အောင်ညှိနှိုင်း၍ သမီးကညာ အခါမလင့်၊ သားရတနာ အခါမလင့်ဆိုသည့်အတိုင်း အိမ်ထောင်ဘက် ရွေးချယ်ပေးကြရမည်။

မိဘဖြစ်သူတို့က သားသမီးတို့အပေါ်၌ လိုက်နာဆောင်ရွက်ပေးရမည့် မိဘတို့ဝတ်ငါးပါးကို ဖော်ပြပြီး၍ အဖဖြစ်သူ အိမ်ရှင်က အမိဖြစ်သူ အိမ်ရှင်မအပေါ်၌ လိုက်နာဆောင်ရွက်ရမည့် လင့်ဝတ္တရားငါးပါးကို ဖော်ပြဦးမည်။

## လင့်ဝတ်ငါးပါး

### ၁။ မထီမဲ့ကင်း

လင်ဖြစ်သူသည် မိမိ၏ အိမ်သူသက်ထားအား ငါ့အစိုးရသော ငါ့မယားသာတကားဟူ၍ မလေးမစားမပြုအပ်။ မထီမဲ့မြင် မပြုအပ်။ အထင်သေးအမြင်သေး သဘောမထားအပ်။ ရှေးဘဝကရေစက်ကြောင့် အတူတကွစုံဖက်လာရသော ဆိုးတူကောင်းဖက် ဘဝကြင်ဖော်ဖြစ်သည်ကို အမြဲသတိရှိနေသင့်သည်။ မိမိ၏**သား**မယားအား ပြောဆိုဆက်ဆံရာတွင် ယဉ်ယဉ်ကျေးကျေးနှင့် အလေးဂရုပြု၍ ဆက်ဆံရမည်။ မင်းတို့မိန်းမတွေက နေရာတကာ မပါစမ်းပါနဲ့ စသည့် ပစ်ပစ်ခါခါ ပြောနည်းမျိုးမပြုသင့်။ မိမိတို့၏ အိမ်ရှင်မအား တိုင်ပင်ရန်ရှိသည်တို့ကို တိုင်ပင်ရမည်။ အိမ်ရှင်မတို့ထံမှ အကြံကောင်းရတတ်သည်။ အားနည်းသော မိန်းမသားဆိုရာ၌ ကာယအားကိုသာ ဆိုလိုသည်။ ဉာဏအားအနေနှင့် ယောကျ်ားတို့ထက် ထက်မြက်သော အမျိုးသမီးပေါင်းများစွာ ရှိကြပေသည်။ အိမ်ရှင်မ စီမံခန့်ခွဲမှုကောင်းလှ၍ တင့်တောင့်တင့်တယ်ဖြစ်နေကြသော အူလယ်လယ်ယောကျ်ားအများအပြားပင် ရှိကြသည်။

အရာဝတ္ထုတို့သည် သူ့နေရာနှင့်သူ တန်ဖိုးရှိကြသကဲ့သို့ လူသားတို့သည်လည်း သူ့နေရာနှင့်သူ တန်ဖိုးရှိကြပေသည်။ တလင်းပြောင်ပြောင်တွင် အမှိုက်သရိုက် အညစ်အကြေးများသည် အနှောင့်အယှက် ဖြစ်သော်လည်း လယ်မြေ ယာမြေများတွင် အကောင်းဆုံးသော မြေဩဇာများဖြစ်ကြသည်။ အမှိုက်သရိုက်သော်မှလည်း သူ့နေရာနှင့်သူ တန်ဖိုးရှိသေးလျှင် လူသားဖြစ်ကြသော အမျိုးသမီးတို့မှာ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ မင်းတို့မိန်းမတွေ နေရာတကာ မပါစမ်းပါနဲ့၊ မင်းတို့က နေရာ

တကာနားမလည်ပဲ ပါကြတယ်။ ဒါက မိန်းမတွေနဲ့ မဆိုင်ဘူး၊ မင်းတို့ နားမလည်ဘူးဟု မပြောအပ်။ ဤအိမ်ထောင်စု၏ ပြဿနာကို ဤအိမ်ရှင်မသည် အဘယ့်ကြောင့် မဆိုင်ပဲရှိချေအံ့နည်း။

ကြက်မ တွန်လို့ မိုးမလင်းဘူး၊ ကြက်ဖတွန်မှ မိုးလင်းတယ် စသည်ဖြင့် အချောင်ဂုဏ်ယူတတ်သော ယောကျ်ားများလည်း ရှိကြသေးသည်။ စင်စစ်မှာ ကြက်ဖတွန်၍ မိုးလင်းသည်မဟုတ်ပဲ မိုးလင်းကာနီးမှ ကြက်ဖများ တွန်ကြခြင်းသာ ဖြစ်ပေသည်။ မိန်းမဖျက်၍ ပြည်ပျက်ဆိုသည်မှာ မိန်းမတို့ကိုအပြစ်တင်သော စကားမဟုတ်ချေ။ မိန်းမတို့၏ စွမ်းအားကို ဖော်ပြသော စကားဖြစ်ပေသည်။

အချို့ယောကျ်ားများသည် မိမိတို့၏သားမယားများအား စိတ်အခန့်မသင့်သောအခါတိုင်း ကိုယ်ထိလက်ရောက် ရိုက်ပုတ်လေ့ရှိကြသည်။ အလွန်အကျံ့ရိုက်သူများပင် ရှိကြသည်။ တရားနှင့်မညီသော အလုပ်ဖြစ်ချေသည်။ ကိုယ်ချင်းစာနာတတ်ဖို့ လိုသည်။ မိမိမွေးသော သမီး၊ မိမိနှမ စသည်များကို ၎င်းတို့၏ လင်ယောကျ်ားများက ရိုက်ပုတ်ညှဉ်းဆဲနေသည်ကို မြင်တွေ့ရလျှင် မိမိ၏စိတ်တွင် အဘယ်သို့ခံစားရမည်ကို ချင့်တွက်သင့်သည်။ ဘယ်သောအခါမှ ကိုယ်ထိလက်ရောက် မရိုက်ပါ၊ မပုတ်ပါနှင့်။ တချို့ယောကျ်ားများက မရိုက်မပုတ်ကြသော်လည်း ပန်းကန်ခွဲ၊ အိုးခွဲ၊ ဟိုဟာဖျက် သည်ဟာဖျက် လုပ်တတ်ကြသည်။ နောက်ဆုံးစာရင်းချုပ်သောအခါ ကိုယ်ပဲ ပူရတော့သည်။ ဘာအကျိုးမှ မရှိသော သက်သက်မိုက်မဲမှုပင် ဖြစ်သည်။

ရုန့်ရင်းကြမ်းတမ်းသော နည်းများကို ဘယ်တော့မှ မသုံးပါနှင့်။ ယဉ်ကျေးသော နည်းဖြင့်သာလျှင် ပဲ့ပြင် ဆုံးမပါ။ အစွမ်းကုန် သည်းခံ၍ ဆုံးမပါ။ ဘယ်လိုမှ ဆုံးမ မရသော မိန်းမဆိုး မိန်းမမိုက်ဖြစ်လျှင်မူကား တန်းတန်းစွဲ လုပ်မနေတော့ပဲ သံယောဇဉ် တခါတည်း ဖြတ်လိုက်ပါလေ။

## ၂။ အပ်နှင်းဥစ္စာ

အိမ်ရှင်မလက်၌ ရှိသော ငွေတကျပ်သည် အိမ်ရှင့်လက်၌ ရှိသော ငွေ တဆယ်ထက် တန်ဖိုး ရှိလေသည်။ ပစ္စည်းစုဆောင်းသိမ်းဆည်းရာ၌ မိန်းမနှင့် ယောကျ်ားစေ့စပ်ပုံခြင်း မတူချေ။ မိန်းမကပို၍ စေ့စပ် သေချာသည်။

ထို့ကြောင့် ရှာဖွေရရှိလာသော စီးပွားဥစ္စာကို အိမ်ရှင်မလက်သို့ အားလုံး အပ်လိုက်ခြင်းဖြင့် သိမ်းဆည်း စုဆောင်းရမည်။ ရသမျှ တပြားမကျန် မိန်းမလက် အကုန်အပ်ရတာပဲ၊ မိန်းမရှိသေ၊ အသက်ရှည်၊ မိန်းမရှိခိုး၊ သွားမကျိုးဆိုတဲ့ လူစားပဲ စသည်ဖြင့် သူများအပြစ်တင်မည်ကိုမကြောက်ပါနှင့်။ ကိုယ့်ပစ္စည်း ကိုယ့် သားမယားလက် မအပ်၍ ဘယ်သူ့ထံအပ်ရမည်နည်း။ ကိုယ့်မိန်းမ ကိုယ်မရှိသေလို့ ဖနောင့်နှင့်ပေါက်နေရမည်လား။ အစမှ အနိုင်မယူချင်ပါနှင့်။ ထိုက်တန်သလောက် အရိုအသေပြုခြင်းသည် ယဉ်ကျေးမှုပင် ဖြစ်ပေသည်။ ကိုယ့်တာဝန်ကို ကျေရမည်။ တာဝန်မထမ်းဆောင်တတ်လျှင် တာဝန် ထမ်းဆောင်တတ်အောင် သင်ပြ ပေးရမည်။ တာဝန် မထမ်းဆောင်တတ်ဖူးဟု တာဝန်မပေးပဲ မနေသင့်။ တာဝန် မပေးလျှင် ဘယ်တော့မှ တာဝန် ထမ်းဆောင် တတ်တော့မည်လည်း မဟုတ်။ တာဝန်မထမ်းဆောင်တတ်လျှင် တသက်ပတ်လုံး ဆင်းရဲကြတော့မည်သာတည်း။

ယောကျ်ားဆိုသည်မှာ အသုံးအဖြုန်းလွယ်သည်။ ပစ္စည်းကို မခိုမင်တတ်ကြချေ။ ယောကျ်ား ထိန်းသိမ်းလျှင် မကုန်တန်တာတွေပါ ကုန်ကြတော့သည်။ ထို့ကြောင့် ရှာဖွေရလာသော စီးပွားဥစ္စာကို အိမ်ရှင်မလက်သို့ ခပ်သွက်သွက်အပ်လိုက်ကြပါလေ။

## ၃။ မိစ္ဆာမမှား

ကိုယ့်သားမယားမှလွဲလျှင် တပါးအမျိုးသမီးတို့နှင့် မှားယွင်း ဖောက်ပြန်ခြင်း မရှိအောင် ထိန်းသိမ်းရမည်။ တို့က အတောင်နှစ်ဆယ်ဝတ် မင်းယောကျ်ား၊ လှေကား သုံးထစ်ဆင်းယင် လူပျိုဖြစ်တယ်ဟူသော စကားကို အကာအကွယ်ယူ၍ထင်ရာမလုပ်သင့်။ ပုဆိုးရှည်ရှည်ဝတ်ထားရုံမျှဖြင့် ကိုယ်ထင်တာ ကိုယ်လုပ်နိုင်ခွင့် ရှိသယောင်ယောင် ပြောတတ်ကြသည်။ မိမိ အိမ်ရှင်မအား သူတပါးက စော်စော်ကြည့်တာ မခံချင်သလို အိမ်ရှင်မကလည်း ကိုယ့်အိမ်သား သူများ ကြည့်တာ ခံချင်မည် မဟုတ်ချေ။

မိန်းမသားဘဝတွင် မိမိ၏လင်ယောကျ်ား အငယ်အနှောင်းထားခြင်းနှင့် တူသော တခြားသော စိတ်ဆင်းရဲမှုမျိုး မရှိချေ။ အားနည်းသူမို့မပြောဝံ့

မဆိုင့် ကြိတ်၍မှိတ်၍ ဒူးနဲ့ မျက်ရည် သုတ်နေရသည်။ မိမိသား မယား ဤကဲ့သို့ စိတ်ဆင်းရဲခြင်း ဖြစ်နေရလျှင် ဘယ်နည်းနှင့် ကောင်းတော့မည်နည်း။

ဤမိတ္တာမမှား ဟူသော အချက်မှာ သူတပါးသားမယားများကိုသာ ဆိုသည်ဟု ဆင်ခြေမလဲပါနှင့်။ ကိုယ့်အိမ်သူမှလွဲလျှင် ဘယ်အမျိုးသမီးနှင့်မှ ရောနှောဆက်စပ်ခြင်းမပြုသင့်။ မိန်းမသားတွေကိုတော့ ဣတ္ထိဝဂ်၊ နဒီဝဂ် မြစ်မှန်သမျှ ကောက်ကွေ့ ကြသကဲ့သို့ မိန်းမမှန်သမျှ မရိုးသား။ လှေနဲ့မြင်း စီးနင်းသူနောက် တကောက်ကောက်၊ မိန်းမဆိုတာ ဆောင်းလေပမာညီ စသည်ဖြင့် နှိမ့်နှိမ့်ချချပြောလျက် မိမိတို့ ကိုယ်တိုင်ကမူ ဘာမျှစောင့်စည်းခြင်း မရှိကြသည်မှာ အလွန် တဘက်သတ်ကျသော အလုပ်ဖြစ်သည်။

ယောကျ်ားတိုင်း ယောကျ်ားတိုင်း သမီးရည်းစား ဘဝတွင် ကိုယ့်ရည်းစားကလွဲလျှင် ရှိသမျှ မိန်းမတွေ ယောကျ်ားထင်သည်၊ လင်မယားဖြစ်တာနှင့်တပြိုင်နက် ကိုယ့်မိန်းမကို ယောကျ်ားထင်သည် ဟူသော စာတန်းကလေးတခု ဖတ်ဘူးရသည်။ ယောကျ်ားများ၏ မဖျောင့်ရိုနိုင်သော သဘောပေတည်း။ ဤအတိုင်းသာဆိုလျှင် နဒီဝဂ် ဆိုသည်နှင့် ဘာထူးခြားသေးသနည်း။ နှုတ်ခမ်းပဲ့ခြင်း မီးမှုတ်သကဲ့သို့ အပြစ်ရှိသူချင်း အပြစ်တင်နေခြင်းသာ ဖြစ်ပေသည်။ အပြစ်ရှိသူချင်း အပြစ်တင်နေတာမျိုး မဖြစ်ရအောင် မိမိကိုယ်တိုင်က အပြစ်ကင်းအောင် ကိုယ့်အိမ်သူမှ လွဲလျှင် ကျန်သမျှ ဖွဲ့ဆန်ကွဲမှတ်ကြကုန်ရာသည်။

## ၄။ ဝတ်စားဆင်ယင်

လှချင်သည်၊ ချီးမွမ်းခံချင်သည်၊ပြုစုယုယခံချင်သည်၊ဤကား မသဘာဝပေတည်း။ အိမ်ရှင် ယောကျ်ားတိုင်း ဤသုံးချက်ကို ကွက်ကွက်ကွင်းကွင်း မြင်ဖို့လိုသည်။ မိမိ၏အိမ်ရှင်မအတွက် ကိုယ့်အခြေအနေနှင့် လိုက်ဖက်အောင် အဝတ်တန်ဆာများ ဝယ်ပေးရသည်။ ဤသို့ပေးရာ၌ လူကြုံပါးသောနည်းကို မသုံးရ။ ကိုယ်တိုင်ဝယ်၊ ကိုယ်တိုင် ပေးရမည်။ အဝတ်ခိုင်းပြီးလျှင် စေ့စေ့စပ်စပ်ကြည့်ရှုရမည်။ မယားအမွမ်းတင်သည်။ မယားအသားပေးသည်ဟု သူတပါးပြောသည်ကို မရှက်ပါနှင့်။ အစက အသားပေးချင်၊ အမွမ်းတင်ချင်၍ ရှာထားခဲ့သည်ပင် မဟုတ်ပါလား။ လက်ထဲရောက်ခါမှ

ကမောက်ကမ မလုပ်ပါနှင့်။ ဤကဲ့သို့ အဝတ်အစားများ ဝယ်ပေးသော အခါ အိမ်ရှင်မများ အလွန် အားရဝမ်းသာ ရှိကြသည်။

ဒီလုံချည်က ကို ဝယ်လာတာလေ၊ လုံချည်တွေ ရှိပါတယ် ယ်ခဲ့ ပါနဲ့ ပြောရက်သားနဲ့ ဝယ်လာတာဟူ၍ သူ့အပေါင်းအသင်း ရောင်းရင်း များရှေ့တွင် ဂုဏ်ယူပေလိမ့်မည်။ ကိုယ့်လင်သား၏အချစ်ကို သိရသဖြင့် တစိမ့်စိမ့် တွေးကာ တွေးကာ နှစ်သိမ့် ကြည်နူး နေပေလိမ့်မည်။ အခါအား လျော်စွာ ဝတ်ကောင်းစားလှများ ဝယ်ပေးရမည်ဆို၍ စားဖို့ မကျန် အောင်လည်း လုပ်မပစ်ရ။ နိုင်းနိုင်းချိန်ချိန် သုခမိန် ဖြစ်ရမည်။ အဝတ် အစားတော့ ဝယ်ပေးပါရဲ့ တဘုံးဘုံး ရိုက်နေမည် ဆိုလျှင်လည်း တော်မည် မဟုတ်ချေ။ ထို့ကြောင့် မြတ်စွာဘုရားက မြတ်နိုးကြင်နာရမည်ဟု ငါးခု မြောက် ဖြစ်သောလင့်ကျင့်ဝတ္တရားကို ဆက်လက် ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပေသည်။

## ၅။ မြတ်နိုးကြင်

ကိုယ့်ဇနီး ကိုယ် မြတ်နိုးကြင်နာမှု ရှိရသည်။ ကိုယ့်တမျက်နှာ တရွာ ထင်သော ကိုယ့်ချစ်သူအား စိမ်းစိမ်းကားကား ရက်ရက်စက်စက် မလုပ်ရ၊ မပြောရ၊ သက်ညှာရသည်။ နေထိုင် မကောင်းသော အခါမှာလည်း ကြင် ကြင်နာနာ ယုယုယယ ပြုစုရသည်။ လင်ယောကျ်ားက ကြင်ကြင်နာနာ ယုယုယယပြုစုခြင်းသည် ဇနီးသည် လူမမာအတွက် ဆရာဝန် တိုက်ကျွေး သော ဆေးထက်ပင် အကျိုးအာနိသင် ထက်မြက်ပေသည်။ ကိုယ်ချစ်၍ ယူလာသော ကိုယ့်မယားကို ကိုယ် မပြုစုလျှင် ဘယ်သူလာ၍ ပြုစုမည်နည်း။ ကိုယ်က မကြင်နာလျှင် ဘယ်သူက လာ၍ ကြင်နာမည်နည်း။ သူတပါးက ကြင်နာပေးပါမည်ဆိုလျှင်ကော ခွင့်ပြုနိုင်မည်လား။ သူများတကာက ကြင် နာမှုကိုလည်း သဘောမတူနိုင်၊ ကိုယ်တိုင်ကလည်း မကြင်နာဆိုလျှင် သင့် တော်မည် မဟုတ်ချေ။ ထို့ကြောင့် ကိုယ်တိုင်ကိုယ်ကျ ယုယုယယ ပြုစုရ မည်။ ယုယုယယ ပြုစုရမည်ဆိုသဖြင့် ပလူးပလဲလည်း လုပ်မနေကြနှင့်။

ကျန်းကျန်းမာမာ ရှိစဉ်မှာလည်း ဇနီးဖြစ်သူ စိတ်ချမ်းသာအောင် ကြင်နာမှုလေးများ ပြုရသည်။ အလုပ်အကိုင် ပင်ပန်းနေလျှင် အပန်းပြေ အောင် ပြုစုရသည်။ အလုပ်လုပ်ချိန် များလွန်းလျှင် အနားယူရန် ပြော ရသည်။ ဤနှယ် ကြင်နာယုယခြင်းဖြင့် တဘက်သားတွင် အလိုလို အမော

ပြောတော့သည်။ မိန်းမသည် ယောကျ်ား၏ အလုပ်အကျွေး ဖြစ်သည်ဟူ၍ တဘက်သတ် သဘောမထားရ။ လင်ယောကျ်ားသည်လည်း မိန်းမ၏အလုပ် အကျွေးပင် ဖြစ်စေရမည်။ ဘုန်းကြီးဟာတော့ ပေးလား ကမ်းလား၊ ဒကာမဟာတော့ မူးတင်းပဲတင်း ဆိုသကဲ့သို့ ကိုယ့်အလှည့်ရောက်လာသော အခါ ကတ်ကတ် သတ်သတ် မလုပ်ရ။ လင်နှံမယား မျှတသော အပေးအယူ ဖြင့် ကြည်ကြည်ဖြူဖြူရှိမှ သာယာစိုပြည်သော အိမ်ထောင်ဖြစ်မည်။ လင်နှံ မယား လျှာနှံ့သွားဟူသောစကားကို လက်ကိုင်ပြု၍ တကျက်ကျက် လုပ်နေ ကြလျှင် ဘယ်သောအခါမှ အိမ်ထောင်ရေး သာယာစိုပြည်ကြမည်မဟုတ်။

တို့က မိန်းမ ဂရုစိုက်တာမှတ်ဘူး စသော အပြောမျိုးဖြင့် ဟန်ကြီးပန် ကြီးမပြောရ။ ထဘီပုံနားက မခွာနိုင်သူများပီပီ ပြောကြဆိုကြရမည်။ ကြင် နာရမည်ဆို၍လည်း ထမင်း ဝါးခွံ့နေတာမျိုးလည်း မဖြစ်သင့်။ တန်ဆေး လွန်ဘေး ဟူသော စကားနှင့်အညီ ဆဆဝါးဝါး ကျင့်သုံးရမည်။ အလို လိုက် အမိုက်စော်ကား၊ ခွေးလေး အရောဝင် ပါးရက် နားရက်၊ ငပိဖုတ် မျက်နှာသာပေး ရွှေရေးပန်းကန်တက် ဆိုသကဲ့သို့ ကြင်နာလွန်ကဲ၍ ထိန်း မရ သိမ်းမရ မဖြစ်အောင်လည်း သတိပြုရမည်။ ဤသည်မှာ အဖဖြစ် သော အိမ်ရှင်ယောကျ်ားတို့က အမိဖြစ်သော အိမ်ရှင်မတို့အပေါ်၌ ကျင့် သုံးရမည့် ဝတ္တရားတို့ပေတည်း။

## မယားဝတ်ငါးပါး

ဤမင်္ဂလာတရားတွင် မိခင်လုပ်သူ အိမ်ရှင်မက လိုက်နာကျင့်သုံးရမည့် အချက်များလည်း ပါဝင်ပေသည်။ အိမ်ရှင်မများ၏ ဝတ္တရားဖြစ်သော မယားဝတ် ငါးပါးကို ဖော်ပြဦးမည်။

### ၁။ အိမ်တွင်းမှု လုပ်

အိမ်တွင်း အိမ်မှုရေးရာ မှန်သမျှကို ဖိဖိစီးစီး သေသေသပ်သပ် လုပ် ကိုင်တတ်ဖို့ လိုသည်။ ချက်ရေးပြုတ်ရေးတွင်လည်း ဘယ်ဟင်း ဘယ်လို ချက်ရမည်၊ ဘယ်ဟင်း ဘယ်လို ကြော်ရမည်၊ ဘယ်ဟာ ဘယ်လို ပြုတ်လို့ ဘယ်ဟာ ဘယ်လို သုပ်ရမည် စသော ချက်ခန်း ပြုတ်ခန်း များကိုလည်း ကျွမ်းကျင် လိမ္မာဖို့ လိုသည်။ ငွေကြေး တတ်နိုင်၍ ကိုယ်တိုင် မလုပ်ကိုင်ရ သော်လည်း စီမံခန့်ခွဲနိုင်စွမ်းရှိအောင် ကျွမ်းကျင်လိမ္မာဖို့ လိုသည်။ အစား

အသောက်သည် နေ့စဉ် နေ့တိုင်း တနေ့ အနည်းဆုံး နှစ်ကြိမ် အသုံးပြုနေရသောအရာ ဖြစ်ပေသည်။ မိသားစုအားလုံး ကာယ သုခ၊ စိတ္တသုခနှင့် ပြည့်စုံကြရန် စားခန်းသောက်ခန်း အချိုးကျဖို့ လိုသည်။ စရိတ် အကုန်အကျ အနည်းဆုံးနှင့် အရသာရှိအောင် စားဖွယ်သောက်ဖွယ်များကို ဖန်တီးပေးသော အိမ်ရှင်မသည် ရတနာမည်သော အိမ်ရှင်မပင် ဖြစ်ပေသည်။

အိမ်ရှင်မတဦး၏ အိမ်မှုရေးရာ စီမံခန့်ခွဲရာ၌ ကျွမ်းကျင်လိမ္မာသည်နှင့် အမျှ မိသားစုအားလုံး ကျန်းမာပျော်ရွှင် အစဉ် လန်းဆန်းလျက် ရှိကြလိမ့်မည်။ တအိမ်ထောင်လုံးရှိ စားရေးဝတ်ရေး နေထိုင်ရေး ကိစ္စရပ်များ စည်းမဲ့ကမ်းမဲ့ ပရမ်းပတာရှိ၍ နေခြင်းသည် အိမ်ရှင်မ၏ စီမံခန့်ခွဲမှုညံ့ဖျင်းသောကြောင့်ပင် ဖြစ်ပေသည်။ မိသားစုအားလုံး ပဲ့ကနင်း ဦးကထောင်၊ ဦးကနင်း ပဲ့ကထောင်၊ သူ့ပြောမရ ငါ့ပြောမရ တဆူဆူတပူပူ ဖြစ်ကြခြင်းသည်လည်း အိမ်ရှင်မ၏ အိမ်တွင်းရေးရာ စီမံခန့်ခွဲမှု မကောင်းခြင်းကြောင့်သာ ဖြစ်ပေသည်။

အိမ်မှုကိစ္စကို သေးသေးငယ်ငယ်ဟု မထင်မှတ်သင့်။ အလုပ်ပမာဏ၊ တန်ဖိုးပမာဏနှင့် ကြည့်လျှင် သေးသေးငယ်ငယ်ပင် ဖြစ်သော်လည်း အကျိုးသက်ရောက်မှု ပမာဏနှင့်ကြည့်လျှင် ကြီးကျယ်သောကိစ္စ ဖြစ်ပေသည်။ လူသားမှန်သမျှ ကြီးသူ ငယ်သူမရွေး၊ အိမ်မှု ကိစ္စနှင့် မကင်းနိုင်ကြ။ နိုင်ငံ အုပ်ချုပ်နေသော ခေါင်းဆောင်ကြီးများပင် ဖြစ်သော်လည်း အိမ်မှုရေးရာများနှင့် နေ့စဉ်အမြဲ တွေ့ထိလျက် နေရသည်သာ ဖြစ်သည်။ အိမ်မှုရေးရာ စိတ်မချမ်းသာရလျှင် အလုပ်ခွင်မှာလည်း ကောင်းတော့မည် မဟုတ်။ စားရေးလည်း အချိုးမကျ၊ ဝတ်ရေးလည်း အချိုးမကျ၊ နေရေးလည်း အချိုးမကျ ဖြစ်နေရသော လင်ယောကျ်ားသည် မည်သည့်နည်းနှင့်မှ အလုပ်ခွင်၌ ရွှင်လန်းတော့မည်မဟုတ်။ အလုပ်ခွင်၌ စိတ်မရွှင်လန်းလျှင် လုပ်ငန်းများ မှားယွင်းတော့မည်သာတည်း။ နေ့စဉ် တွေ့ထိနေရသော အရာဖြစ်၍ စိတ်ဓာတ်ခိုင်ခိုင်ဖြင့် ခံနိုင်ရန် ခဲယဉ်းလှသည်။ စိတ်ထောင်းတော့ကိုယ်ကြေသည် ဆိုသကဲ့သို့ ကိုယ်ကြေရုံသာမဟုတ်၊ စိတ်ထောင်းလျှင် အလုပ်ပါ ကြေပေလိမ့်မည်။ စိတ်ပျိုမှ ကိုယ်နုသည်ဆိုသည့်အတိုင်း မိသားစုအားလုံး စိတ်ပျို၍ ကိုယ်နုရလေအောင် အိမ်ရှင်မသည် အိမ်တွင်းရေးရာ အဖြာဖြာတို့ကို သေချာကျနစွာ စီမံလုပ်ကိုင်ကြရမည်။

## ၂။ သိမ်းထုပ်သေချာ

အိမ်ရှင်ယောကျ်ားဖြစ်သူက စီးပွားဥစ္စာများ ပေးအပ်ခြင်းသည် ထင်သလို သုံးဖြုန်းပစ်ရန်မဟုတ်ချေ။ အိမ်မှုရေးရာများအတွက် စည်းကမ်းတကျ သုံးစွဲ၍ သိမ်းဆည်းစုဆောင်းရန် ပေးအပ်ခြင်းဖြစ်ပေသည်။ အိမ်ရှင်မ မလိမ္မာလျှင် ဘယ်ဟာကမှ အချိုးမကျ။ ထို့ကြောင့် ပညာရှိများက ဥစ္စာဖို့ စဖို့ကဟု ဆိုကြခြင်းဖြစ်သည်။ အသုံးနှင့်အဖြုန်းကို ခွဲခြားနားလည်ရမည်ဟူသော စကားကို အများသိပြီးသား စကားလုံးဟူ၍ မထိမဲ့မြင်မပြုရ။ အများသိသော်လည်း ကိုယ်မသိလို့ ခက်ပေသည်။ အများသိရုံနှင့် ကိစ္စမပြီး၊ ကိုယ်သိမှ ကိစ္စပြီးမည်။ အသုံးမဟုတ်လျှင် အဖြုန်းပင်ဖြစ်၍ နောက်ဆုံး အရှုံးနှင့် အဖတ်တင်ကတတ်သည်။

မတော်တာ အတုမခိုးရ။ မတော်တာမပြိုင်ရ။ မတော်တာ အတုခိုး၍ မတော်တာပြိုင်လျှင် အကျိုးပျက်စီးဖို့သာ ဖြစ်ပေသည်။ သူများဝတ်နေသော်လည်း ကိုယ့်ရှိသော ငွေကြေးပမာဏနှင့် မမျှတလျှင် မဝတ်ချင်ပါနှင့်။ ဒီရုပ်ရှင်ကား မကြည့်လိုက်ရပြီဟု ဝမ်းနည်းရန်မလိုပါ။ နောက်ထပ်ပို၍ ကောင်းသောရုပ်ရှင်ကားတွေ လာကြမည်သာ ဖြစ်ပါသည်။ ရသမျှလေး အကျိုးရှိအောင် စိစိစစ်စစ်သုံး၍ ပိုသမျှကို စုသင့်သည်ကိုစု၊ လှူသင့်သည်ကို လှူရမည်။

## ၃။ မိစ္ဆာကြဉ်ရှောင်

မိမိအိမ်ရှင် လင်ယောကျ်ားမှတပါး အခြားယောကျ်ားတို့နှင့် ဖောက်ပြားကျူးလွန်ခြင်းမပြုရ။ ပုထုဇဉ် မှန်သမျှအတွက် အရေးကြီးသောကိစ္စဖြစ်သည်။ ပုထုဇဉ်မှန်သမျှ လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ ကာမဂုဏ်အာရုံကို မက်မောကြသည်သာ ဖြစ်သည်။ ထူးခြားသည်မှာ လူသားများက စည်းနှင့်ကမ်းနှင့် မက်မောသည်။ တိရစ္ဆာန်များက စည်းမဲ့ ကမ်းမဲ့ မက်မောသည်။ လူသားများက အရှက်အကြောက်ဖြင့် မက်မောသည်။ တိရစ္ဆာန်များက အရှက်အကြောက်မရှိ မက်မောသည်။ ကာမဂုဏ်အာရုံကို စည်းမဲ့ကမ်းမဲ့ မက်မောသည်၊အရှက်အကြောက်မရှိ မက်မောသည်ဆိုသည်မှာ တိရစ္ဆာန်တို့သဘောပင်ဖြစ်သည်။ လူသားဖြစ်ပါလျက် အရှက်မရှိ၊ အကြောက်မရှိ၊ စည်းမရှိ၊ ကမ်းမရှိဖြစ်လျှင် တိရစ္ဆာန်နှင့် မထူးတော့ပေ။

တခြား ယောကျ်ားတွေနှင့် ထွေးရောယှက်တင်မနေပါနှင့်။ ယဉ်ကျေးဖွယ်ရာ ဣန္ဒြေသိက္ခာရှိရှိ အမျိုးကောင်းသမီးပီပီ ဆက်ဆံတတ်ရမည်။ အရောဝင်တော့ အရိုအသေတန်သည်။ ဘယ်မျှလောက် အရောဝင်လျှင် ဘယ်မျှလောက် အရိုသေတန်သည်ကို အရောဝင်ဘူးသူတိုင်း သိကြပေလိမ့်မည်။

မိမိ၏အမှားကြောင့် မိမိ၏ မိဘမျိုးနွယ်များ၊ သားသမီးများ၊ မိတ်ဆွေသင်္ဂဟများ လူတောမတိုးအောင် မပြုရ။ ရှေ့နောက် မြော်မြင် ဆင်ခြင်စဉ်းစားတတ်ရသည်။ အမျိုးသမီးမှန်လျှင် အပေါင်းအသင်းလည်း ဆင်ခြင်ရသည်။အသွားအလာလည်း ဆင်ခြင်ရသည်။မတော်သူပေါင်း၍ မကောင်းရာသွားသောအလေ့သည် ပျက်စီးခြင်း၏ အကြောင်းပင်ဖြစ်သည်။

များသောအားဖြင့် အိမ်ရှင်ယောကျ်ားတို့က အုပ်ထိန်းမှု ညံ့ဖျင်းသူများ၊ အိမ်မှုရေးရာများကို တာဝန်မကျေပဲ ပေါ့ပေါ့စား၊ ပေါ့ပေါ့နေသူများ အားလုံးလိုလိုပင် ဤပြစ်မှုကို ကျူးလွန်တတ်ကြသည်။ ထို့ကြောင့် ပေါ့ပေါ့စား ပေါ့ပေါ့နေမလုပ်ပါနှင့်။ အိမ်မှုကိစ္စကို လေးလေးပင်ပင်ဆောင်ရွက်ပါ။ မှားယွင်းသော ဤပြစ်မှုမျိုးကို မကျူးလွန်မိအောင် ထိန်းသိမ်းပါ။ စိတ်ကို အလိုမလိုက်ပါလေနှင့်။

## ၄။ လျော်အောင်ဖြန့်ချီ

လင်နှင့်မယား သူ့ဘက်ကိုယ့်ဘက်၊သူ့အမျိုး ကိုယ့်အမျိုး၊သူ့မိဘကိုယ့်မိဘ မျှမျှတတရှိရသည်။တဘက်စောင်းနင်းမပြုရ၊ကိုယ့်အမေဘက်ကတမျိုး၊ သူ့အမေဘက်ကတဖုံ၊ ကိုယ့်မွေးချင်းတွေ တပြုံလုံးအိမ်ပေါ်တင်၊ လင်ဆွေလင်မျိုးမဝင်ရဆိုလျှင် ကောင်းမည်မဟုတ်။ကိုယ့်မိဘထံ ဝင်သွားတပိဿာပို့တော့ တိတ်တိတ်ပုန်း၊ ယောက္ခမအိမ် ငါးပိချက်တပန်းကန်ပို့တော့ ထဘီသုံးခါပြင်ဝတ်ဆိုသကဲ့သို့ လင့်ဆွေ လင်မျိုးတွေ ထောက်ပံ့ရတာကိုတော့ ထင်ထင်ရှားရှား၊ကိုယ့်သွေးကိုယ့်သားကို များများထောက်ပံ့ရတာကိုတော့ တိတ်တိတ်ပုန်း စသော မမျှမတ မဖွယ်မရာ ပြုလုပ်ကြသော အိမ်ရှင်မများ အတော်များများ ရှိပေသည်။

လင်ရယ် မယားရယ်မှ ဖြစ်လာလျှင် မကောင်းရာမကောင်းကြောင်းတွေ ပါလိမ့်မည်ကိုလည်း ကြိုတင်သိဖို့လိုသည်။ အိမ်ရှင်မတိုင်းသည် မိမိကိုယ်ကို မြင့်မြတ်သော အိမ်ရှင်မဖြစ်သည်၊ ယုတ်ညံ့သော အိမ်ရှင်မ ဖြစ်သည်ကို ဤကျောက်အောင် ဖြန့်ချိဟူသော ကျင့်ဝတ်ဖြင့် တိုင်းတာ နိုင်ပေသည်။ တော့ညိကာ၊ တော့နှမကာ၊ တော့အမေကာ၊ တော့အဖေကာဟူသော ဝေါဟာရ များသည် ဝစီကံ မေတ္တာမရှိသော မိန်းမတို့၏နှုတ်မှ ထွက်နေကျ စကား များ ဖြစ်သည်။

ကျွန်မအဖေရင်း အမေရင်းလို သဘောထားပါတယ်၊ သူတို့ကသာ သားသမီးလို သဘောမထားနိုင်တာပါ။ ကျွန်မက မွေးချင်းအရင်းအချာပဲ သဘောထားပါတယ်၊ ကျော သား ရင် သား မခွဲပါဘူး၊ တိုက်ပါများ သစ်ငုတ်တောင်နဲ့ ဆိုသလို ကြာတော့ ကျွန်မလည်း မခံနိုင်တော့ဘူးပေါ့၊ ကျွန်မတို့က ဘွင်းဘွင်းနဲ့ရှင်းရှင်းပဲ၊ ဟန်မဆောင်တတ်ဘူး၊ ပလီပလာ မလုပ်တတ်ဘူး၊ ကျွေးစရာရှိ ကျွေးလိုက်တာပဲ၊ ပေးစရာရှိ ပေးလိုက်တာပဲ၊ မောင်မောင် ဘဘ လုပ်မနေနိုင်ဘူးစသည့် စကားများသည် မိမိ၏အတွင်း စောက်ခံကို ဖော်ပြသောစကားများပင် ဖြစ်ပေသည်။ မောင်မောင် ဘဘ မပြောတတ်ဘူးဆိုသော်လည်း ကိုယ်ကတတ်ချင်သူနှင့်တော့ တတ်ကြသည်က သာများပေသည်။ မောင်မောင် ဘဘ မပြောတတ်ကြခြင်းမှာ ပြောချင် သောစိတ်မရှိ၍ မပြောတတ်ကြခြင်းသာ ဖြစ်ပေသည်။ မောင်မောင် ဘဘ ပြောသင့်သောအခါ ပြောကြရမည်၊ ပြောတတ်အောင် ကြိုးစားသင့်ကြ သည်။

ယောက္ခမများသည် ငါ့လင်၏ အနန္တ ကျေးဇူးရှင်များ ဖြစ်ကြပါ ကလား၊ ဤမိခင် ဖခင်များ အပေါ်၌ ကျွေးမွေး ပြုစုရန် ငါ့လင်တွင် တာဝန်ကြီး ရှိနေပါကလား၊ ငါ့လင်၏ တာဝန်သည် ငါ့တာဝန်ပဲ မဟုတ် ပါကလား၊ ငါ့လင်သည် သူ၏မွေးချင်း သားချင်းများအပေါ်၌ စောင့် ရှောက်ရန် တာဝန်ရှိသူပါတကား၊ ငါ့လင်၏ တာဝန်သည် ငါ့တာဝန်ပင် ဖြစ်ပါကလား ဟူသော မြင့်မြတ်သည့် သမာ သမတ်စိတ်များ မွေးရမည်။ သူတို့ မကောင်းသော်လည်း ကိုယ်ကောင်းအောင် ကြိုးစားရမည်၊ ကိုယ် ကောင်းလျှင် သူတို့လည်း ကောင်းကြပေလိမ့်မည်။

သူတပါး၏ စေတနာကို မစိစစ်ပဲ မိမိ၏ စေတနာကို မိမိရရစစ်ပါ။ ကိုယ့်စေတနာ ကိုယ်သိအောင် ကြိုးစားပါ။ ကိုယ့်စေတနာမှ ကိုယ်မသိနိုင်ဘူးဆိုလျှင်တော့ အပါယ်သွားဖို့သာ ပြင်ပေတော့။

## ၅။ ပျင်းရိမှု

မိန်းမပျင်းတော့ ခြေဆင်းသည်၊ ယောကျ်ားပျင်းတော့ ကျောခင်းသည်။ မိန်းမပျင်းနှင့် ယောကျ်ားပျင်းကို မြင်ရုံနှင့် သိနိုင်သော ရှေးကစကားဖြစ်သည်။ အိမ်မှုကိစ္စ ဆောင်ရွက်ရမည်ကို မပျင်းပါနှင့်။ အလုပ်ကို အကြွေးမထားပါနှင့်။ သူ့အခါနှင့်သူ ပြီးအောင် လုပ်ရမည်။ သွက်သွက်လက်လက် ချက်ချက် ချာချာ လုပ်ရမည်။ ဖင့်ဖင့်နွေးနွေး ငြိုးငြိုးငွေ့ငွေ့ မလုပ်ရ။ ကိုယ်လုပ်ရမည့်တာဝန်သည် ကိုယ်လုပ်မှပဲပြီးသည်။ ကိုယ်မလုပ်ပဲ ပြီးမည်မဟုတ်။ လုပ်ရမည့်တာဝန်သည် ပျင်းလျှင်လည်း လုပ်ရလိမ့်မည်။ မပျင်းလျှင်လည်း လုပ်ရလိမ့်မည်။ ပျင်းပျင်းနှင့်လုပ်လျှင် ပင်ပင်ပန်းပန်းလည်း လုပ်ရလိမ့်မည်။ ပြီးပြန်တော့လည်း ကောင်းမည် မဟုတ်။ စိတ်ပါလက်ပါလုပ်လျှင် သက်တောင့်သက်သာ လုပ်ရသည်။ ပြီးတော့လည်း ကောင်းသည်။ အပျင်းကိုမွေးထားလျှင် အကျင့်စွာရိတ္တပါပျက်တတ်သည်။ အပျင်းဆိုသည်မှာ အလွန် အန္တရာယ်ကြီးသော အရာဖြစ်သည်။ ပျင်းပျင်းရှိတာနဲ့ ဟိုသွား ဒီသွား၊ ဟိုဟာလုပ် ဒီဟာလုပ်၊ ဟိုလူနဲ့ပေါင်း၊ ဒီလူနဲ့ပေါင်း၊ ဟိုပြော သည်ပြောနှင့် ငါးပါးမှောက်သူတွေ များလှချေပြီ။

အိမ်ရှင်မ တယောက်ပျင်းလျှင် တအိမ်လုံး ဒုက္ခရောက်တတ်သည်။ စားချိန် မစားရ၊ စားရပြန်တော့လည်း ကမောက်ကမ၊ ဝတ်ချိန် မဝတ်ရ၊ ဝတ်ရပြန်တော့လည်း ကမောက်ကမ၊ တအိမ်လုံး ရှုပ်ယှက်ခတ် ဗရပွနှင့် နေစရာ ထိုင်စရာမရှိအောင် ဖြစ်ကြတော့သည်။ အိမ်မှုရေး မသာယာသော ထိုမိသားစုသည် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးအရေးမှန်သမျှ ဆုံးရှုံးကြတော့သည်။

ပျင်းရိသော အိမ်ရှင်မသည် မိသားစုအားလုံး၏ သေမင်းပင် ဖြစ်သည်။ ချမ်းသာတာ၊ ဆင်းရဲတာအပထား၊ အိမ်ထဲဝင်သွားလိုက်လျှင် ပျင်းရိသော အိမ်ရှင်မနှင့် ဝီရိယရှိသော အိမ်ရှင်မတို့၏ ခြားနားခြင်းကို မြင်နိုင်ပေသည်။

အိမ်ထောင်မှ ပြုပြီဆိုလျှင် မပျင်းပါလေနှင့်။

ဤဖော်ပြခဲ့သော ဝတ္တရား ငါးပါးနှင့် ပြည့်စုံသော အိမ်ရှင်မသည် မင်္ဂလာ အိမ်ရှင်မ ဖြစ်ပေသည်။

မိဘက သားသမီးကိုလည်းကောင်း၊ အိမ်ရှင်ယောကျ်ားက အိမ်ရှင်မကို လည်းကောင်း၊ အိမ်ရှင်မက အိမ်ရှင်ယောကျ်ားကို လည်းကောင်း ကဦးနှင့် တဦး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာအောင် ဆောင်ရွက်ပေးရသည်။ ကိုယ့် ဝတ္တရားနှင့် ကိုယ်ကျေပွန်ကြသော အိမ်ထောင်စုသည် အလွန်ကျက်သရေ ရှိလှသည်။ ကျက်သရေရှိသော မိသားစုဖြစ်အောင် ဤပုတ္တဒါရဿ မင်္ဂလာ ကို ကောင်းစွာ ဖြည့်ကျင့်သင့်ကြပေသည်။

## ၁၃။ အနာကုလာ စ ကမ္မန္တာ မင်္ဂလာ

နှောင့်ယှက်ခြင်းမရှိသော အလုပ်သည် မင်္ဂလာမည်၏။

နှောင့်ယှက်ခြင်း၊ ကန့်ကွက်ခြင်း၊ တားဆီးခြင်း၊ ဖျက်ဆီးခြင်း၊ အဟန့် အတား ပြုခြင်းတို့သည် ပြီးလိုသော ကိစ္စကို မပြီးစီးစေသော သဘော အားဖြင့် အနက်အဓိပ္ပာယ်တူမျှကြပေသည်။ လုပ်ငန်းတခုဆောင်ရွက်ရာ၌ မပြီးစီးအောင် အကျိုးပြုကြသော အရာများ၏ အမည်များပေတည်း။ ရည်မှန်းချက်ပန်းတိုင်သို့ အရောက်သွားရာ၌ အနှောင့်အယှက်အဖျက်အဆီး မတွေ့ရခြင်းသည် အနှောင့်အယှက်မရှိသော အလုပ်ပင်ဖြစ်သည်။ အနှောင့် အယှက်မရှိသော အလုပ်သည် ခုရော နောင်ပါ ချမ်းသာ စီးပွားများ ခြင်း၏ အကြောင်းဖြစ်၍ မင်္ဂလာမည်ပေသည်။

နှောင့်ယှက်သည်ဆိုရာ၌ သူတပါးတို့က မိမိကို နှောင့်ယှက်ခြင်း၊ မိမိ ကိုယ်ကို မိမိပင်လျှင် နှောင့်ယှက်ခြင်း၊ မိမိက သူတပါးကို နှောင့်ယှက် ခြင်းဟူ၍ နှောင့်ယှက်ခြင်း အမျိုးမျိုးရှိရာတွင် သူတပါးက နှောင့်ယှက် ခြင်းသည် မိမိလုပ်ဆောင်မှုကြောင့်ပင်လျှင် သူတပါးက နှောင့်ယှက်ခြင်း၊ သူတပါးက အကြောင်းမဲ့သက်သက် နှောင့်ယှက်ခြင်းနှစ်မျိုး ရှိပေသည်။

သူတပါးက အကြောင်းမဲ့လာရောက်နှောင့်ယှက်ခြင်းသည် မိမိတာဝန် မဟုတ်ပေ။ ဘေးမရှိအောင်ရှောင်တတ် တိမ်းတတ်သာ လိုပေသည်။ မိမိ လုပ်ငန်းကပင်လျှင် သူတပါးကို အနှောင့်အယှက် ဖြစ်စေသဖြင့် သူတပါး တို့က တုံ့ပြန်နှောင့်ယှက်ခြင်းသည် မိမိ၌ တာဝန်ရှိပေသည်။ မည်သူမဆို မိမိကို အနှောင့်အယှက်ဖြစ်လာလျှင် မနိုင်လျှင်သာ ခံကြမည်။ နိုင်လျှင် တုံ့ပြန်ကြမည်သာတည်း။ ထို့ကြောင့် မိမိလုပ်ငန်းတွင် အနှောင့်အယှက် ကင်းလိုသော သူတိုင်း မိမိလုပ်ငန်းက သူတပါးကို အနှောင့်အယှက် မဖြစ် အောင် ဆင်ခြင်ကြရမည်။ မိမိလုပ်ငန်းက ဟူသော စကားမှာ မိမိ၏လုပ်ပုံ ကိုင်ပုံ ပြောပုံ ဆိုပုံ ကြံစည်ပုံ စသည်တို့ ဖြစ်ကြပေသည်။

ပွဲလမ်းသဘင် ကြည့်ရှုသောအခါ ထိုင်နေသူများရှေ့တွင် ကိုယ်ကသွား၍ မတ်တတ်ရပ်မည် ဆိုပါက ထိုင်နေသူများက ငြိမ်နေကြတော့မည် မဟုတ် ချေ။ ဆဲသော်လည်း ဆဲကြလိမ့်မည်။ ဆိုသော်လည်း ဆိုကြလိမ့်မည်။ ခဲနှင့် သော်လည်း ပေါက်ကြလိမ့်မည်။ သူများနည်းတူ ထိုင်ကြည့်လျှင်မူကား ဘာပြဿနာမျှ မဟုတ်ချေ။ ထို့ကြောင့် ပွဲကြည့်သောအခါ အများနည်းတူ ထိုင်ကြည့်ခြင်းသည် အနာကုလ ကမ္မန္တမင်္ဂလာ မည်ပေသည်။

ကိုယ့်အိမ် သန့်ရှင်းရေးအတွက်အမှိုက်လှည်းရာတွင် ဖုံတကောင်းကောင်း ထနေမည် ဆိုပါက လေအောက်က မလွတ်ကင်းသူများအတွက် အနှောင့် အယှက် ဖြစ်ပေလိမ့်မည်။ ၎င်းတို့ကို အနှောင့်အယှက်ဖြစ်လျှင် ၎င်းတို့က လည်း မိမိ၏ အမှိုက်လှည်းခြင်းကို အနှောင့်အယှက် ပေးကြပေလိမ့်မည်။ ရေဖျန်းပြီးမှ လှည်းမယ်၊ ဖြည်းဖြည်းသာသာ လှည်းမယ်၊ သူတို့အိပ်ရာက မထမီ စောစောက၍ လှည်းမည်ဆိုလျှင် ပြဿနာပေါ်မည် မဟုတ်ချေ။ ထို့ကြောင့် အမှိုက်လှည်းရာတွင် ရေဖျန်းပြီးမှလှည်းခြင်း၊ ဖြည်းဖြည်း သာ သာ လှည်းခြင်း၊ စောစောက၍လှည်းခြင်းသည် အနာကုလ ကမ္မန္တ မင်္ဂလာ မည်ပေသည်။

မီးဖိုချောင်က ကြက်သွန်၊ ငရုတ် အရမ်းမဲ့ကြော်လျှင် အိမ်နီးချင်း လူ မမာများအား အနှောင့်အယှက် ဖြစ်ပေလိမ့်မည်။ အညာဒေသတွင် အကြော်အလှော် လုပ်တော့မည်ဆိုလျှင် ညှော်ကြော်မည်ဟူ၍ အိမ်နီးချင်း များကို အသိပေးရသည်။ ဤညှော်ကြော်မည်ဟူသော စကားသည်လည်း အနာကုလ ကမ္မန္တ မင်္ဂလာ မည်ပေသည်။

သူတပါး အိပ်ချိန်မှန်းမသိ၊ နားချိန်မှန်းမသိ ရေဒီယို ကက်ဆက် တကြော်ကြော်ဖွင့်နေခြင်း၊ အော်ကြီးဟစ်ကြီး ပြောဆိုရယ်မော ဆူညံနေခြင်းများသည်လည်း ဤမင်္ဂလာပျက်ခြင်းပင် ဖြစ်ပေသည်။ အားနာ၍ ဖွင့်မပြောသော်လည်း လူဖြစ်ပြီး လူသိမသိဘူး၊ ရိုင်းစိုင်းတယ်ဟူ၍ အချင်းချင်း တီးတိုးပြောကြမည်မှာတော့ အမှန်ပင်ဖြစ်သည်။

ရွာကျော် ရပ်ကြား အယုတ်တမာ ဆဲကြဆိုကြ၊ မကြားဝံ့ မနာသာ အော်ကြီးဟစ်ကြီး ရန်ဖြစ်ကြ၊ တဘိုးဘိုး တအိုးအိုးနှင့် လင်မယားချင်း သတ်ကြ စသော လုပ်ပုံ ကိုင်ပုံများမှာလည်း ကြားရသူ မြင်ရသူအတွက် တစက်ကမှ မကောင်းချေ။ အချို့ သန်းခေါင် သန်းလွဲပင် တဝုန်းဝုန်း တဒိုင်းဒိုင်း လင်မယား ကရန်ဖြစ်ကြသည်မှာလည်း အလွန်မကောင်းသော အလုပ်ပင်ဖြစ်သည်။ ကိုယ့်လင်မယား ရန်ဖြစ်တာ သူတို့နှင့် ဘာဆိုင်တုန်းဟု မတွက်ပါနှင့်။ မိမိတို့လုပ်ပုံ ကိုင်ပုံ သူတပါးမမြင်ရ မကြားရဘူးဆိုလျှင် မဆိုင်ဘူး တွက်နိုင်ပါသည်။ ကြားရ မြင်ရမည်ဆိုလျှင်တော့ ဆိုင်ပေလိမ့်မည်။ မောင်နှင့်အစ်မ၊ သားနှင့်အမိ မျက်နှာ မကြည့်ဝံ့ လောက်အောင် ရှုန့်ရင်းသော စကားကို ကြားရသူတိုင်း စိတ်ချမ်းသာကြမည် မဟုတ်ချေ။

ကိုယ့်မိသားစုအရေး အိုးအိုး ကောင်းကောင်း၊ တိုးတိုးတိတ်တိတ် ဆောင်ရွက်သင့်သည်။ ရွာကျော်ရပ်ကြား အော်လျှင် ကိုယ့်မိသားစုသာလျှင် နစ်နာမည်ဖြစ်သည်။ တယူယူ တပူပူ မလုပ်ပါနှင့်။

အနာဂတ်ကုလ မင်္ဂလာ ပျက်ကွက်သော မွေးမြူရေးသမားများလည်း အလွန်များလှသည်။ မိမိစီးပွားရေးအတွက် တိရစ္ဆာန်များကို မွေးမြူထားသည် ဖြစ်ပါလျက် ကိုယ့်ခြံကိုယ့်မြေနှင့် စနစ်တကျ ထိန်းသိမ်းမထားပဲ ပေါက်လွှတ်ပစ်ထား၊ လွှတ်ကျောင်းထားသဖြင့် တိရစ္ဆာန်များက ဟိုခြံဝင်၊ သည်ခြံထွက်၊ ဟိုပန်းပင်စား၊ သည်ပန်းပင်နင်း စသည်ဖြင့် နိုးပ်သူ မှန်သမျှကို မသက်မသာဖြစ်အောင် နှိပ်စက်ကြလေသည်။ ခွေးကိုက်တတ်သောခွေး၍ အိမ်ရှေ့ လွှတ်ထားခြင်း၊ ခွေးဆော့ ခွေးပုံကြီးမွေးပြီး မထိန်းသိမ်းပဲ ထားသဖြင့် လမ်းသွား လမ်းလာများ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ရခြင်းသည်လည်း အနာဂတ်ကုလ ကမ္ဘာ့ မင်္ဂလာပျက်ခြင်းပင် ဖြစ်သည်။

ကောင်းသော အလုပ်ပင်ဖြစ်စေ၊ သူတပါးကို အနှောင့်အယှက် မဖြစ်အောင် ဆင်ဆင်ခြင်ခြင်လုပ်ရသည်။ ကိုယ့်ကြောင့် သူတပါး အနှောင့်

အယှက် မဖြစ်စေရ။ ကောင်းသော အလုပ်ကြောင့်ပင်လျှင် သူတပါးကို အနှောင့်အယှက်မဖြစ်စေရန် ဆင်ခြင်ရသေးလျှင် မကောင်းသော အလုပ်မှာ မူကား ဆိုဖွယ်ရာမရှိတော့ချေ။

ဘယ်နေ့ မနက်စောစော သွားမည်ဟု ချိန်းဆိုထားပါလျက် လုံ့လမရှိ၊ ဝီရိယမရှိ အိပ်ရာက မထသဖြင့် အတူသွားဖော် သွားဖက်များ အနှောင့်အယှက် ဖြစ်ကြခြင်း၊ အတူသွားမည့်သူများက ပြင်ပြီး ဆင်ပြီး အသင့်ရှိနေပါလျက် မိမိက အိပ်ရာထ နောက်ကျ၍ နိုးနိုးချင်း အိမ်သာတက်၊ ရေချိုး၊ မပြီးနိုင်မစီးနိုင်၊ အလှပြင်၊ မတော်လို့ စောင့်နေရသော်လည်း စောင့်နေရသူများ မည်မျှစိတ်ဆင်းရဲမည်ကို ဆင်ခြင်သင့်သည်။ အလုပ် တခု အတွက် ဘယ်နေ့ ဘယ်အချိန် ဘယ်နေရာဟု အချိန်းအချက် လုပ်ထားပြီးပါလျက် တဘက်သားက ကိုယ့်လာ၍ သတိပေး နှိုးဆော်နေရခြင်း၊ ကိုယ့်ကို စောင့်နေရခြင်းများသည် အလွန် မင်္ဂလာမရှိသော အလုပ်များဖြစ်ချေသည်။ အလုပ်လုပ်လျှင် လုပ်ဖော်ကိုင်ဖက်များ၊ ကိုယ့်ကြောင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ မဖြစ်စေရ။ ခရီးသွားလျှင် သွားဖော်သွားဖက်များ ကိုယ့်ကြောင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ မဖြစ်စေရ၊ ဘာပဲဖြစ်ဖြစ်၊ ဘာပဲ လုပ်လုပ် ကိုယ့်ကြောင့် တဘက်သားတွင် အနှောင့်အယှက် မဖြစ်ခြင်းသည် အလွန် ကောင်းမြတ်ပေသည်။

အနှောင့်အယှက် ကင်းသော အလုပ်ဆိုသည်မှာ–

၁။ အချိန်ကာလနှင့်ညီအောင်ပြုလုပ်ခြင်း၊
၂။ သင့်လျော်အောင် ပြုလုပ်ခြင်း၊
၃။ မပျင်းရိခြင်း၊
၄။ ထကြွလုံ့လရှိခြင်း၊
၅။ အလုပ်ကို မဖျက်ဆီးခြင်း

စသော အချက် ငါးမျိုးပင် ဖြစ်ကြောင်းကို မင်္ဂလတ္ထ ဒီပနီတွင် ညောင်ကန် ဆရာတော် ဘုရားကြီးက ဖော်ပြထားသည်။

အချိန်ကာလနှင့် ညီအောင် ပြုလုပ်ခြင်း ဆိုသည်မှာ မိုးလွန်မှထွန်ချ၊ သူခိုးပြေးမှ ထိုးကွင်းထ၊ လူမိုက်နောက်မှ အကြံရ ဟူသကဲ့သို့ လုပ်ရမည့် အချိန်တွင် မလုပ်လိုက်ရခြင်းမျိုး မရှိအောင်၊ လုပ်သင့်သည့်အချိန်ကို လုပ်ကိုင်ခြင်း၊ ပြီးစီးသင့်သည့်အချိန်ကို ပြီးစီးစေခြင်းများပင် ဖြစ်ပေသည်။

သင့်လျော်အောင် ပြုလုပ်ခြင်း ဆိုသည်မှာ အလုပ်ကို စေတနာဖြင့် ပြုလုပ်ခြင်း၊အစမှအဆုံးတိုင်ပြီးစီးအောင်ပြုလုပ်ခြင်း၊တပိုင်းတစချန်မထားပဲ တပါတည်းပြီးအောင်ပြုလုပ်ခြင်း၊ ချွတ်ယွင်းချက်မရှိအောင်သေသေသပ်သပ် ပြုလုပ်ခြင်းများပင်ဖြစ်သည်။

အလုပ်ကို မဖျက်ဆီးခြင်း ဆိုသည်မှာ လုပ်ငန်းကို စာရင်းနှင့် အင်းနှင့် သေသေချာချာ လုပ်ကိုင်ခြင်း၊ 'ပရဆေးဆိုင် ဆင်ဝင်လို့ နင်းသလို၊ ဘယ်သင်း ဘယ်အမြင်မှန်း မသိတော့ဘူးဘုရား.... လေး၊ ကိုယ်တော်ရေ' ဟူသော လူရွှင်တော်၏ ဘုန်းကြီးပျံပို့ချင်းကဲ့သို့ လုပ်ငန်းတခုလုံး စာရင်း မရှိ အင်းမရှိ၊ ဘယ်ကရှုံးလို့ ဘယ်က မြတ်မှန်းမသိ၊ ကိုယ့်ဟာ ကိုယ့်ဟာ မှန်းမသိ၊ သူ့ဟာ သူ့ဟာမှန်း မသိ၊ ဘယ်နေရာက ဘယ်လောက်ကုန်လို့၊ ဘယ်နေရာက ဘယ်လောက် ရမှန်းမသိ၊ ရှုပ်ယှက်ခတ် ဗရပွ ဖြစ်နေခြင်း သည် လုပ်ငန်းကို ဖျက်ဆီးခြင်းပင် ဖြစ်သည်။

'အရင်လို လက်ရာ မကောင်းတော့ဘူး၊ အချိန် မမှန်တော့ဘူး၊ ဈေး နှုန်းလည်း ကြီးလာပြီ၊ စီးပွားတက်လာလို့ ဘဝင်မြင့်လာပြီ' ဟူသော အလုပ်၏ ဂုဏ်သိက္ခာကျဆင်းအောင် ပြုလုပ်ခြင်းသည်လည်း လုပ်ငန်းကို ဖျက်ဆီးခြင်းပင် ဖြစ်ပေသည်။ ထိုအခြင်းအရာများသည် မိမိလုပ်ငန်းကို မိမိကပင်လျှင် အနှောင့်အယှက်ပြုခြင်းဖြစ်ပေသည်။ ထို့အပြင် 'အသောက် အစား အကစားနှင့် အကြွား အဝါ အလိမ္မာတွက် စီးပွား ပျက်အောင် နှောင့်ယှက်ခြင်းမရှိကုန်သော အမှုတို့သည်လည်းကောင်း' ဟူ၍ ဤ အန ကုလ မင်္ဂလာကို လယ်တီဆရာတော်ဘုရားကြီး အနက် ဖွင့်ဆိုတော်မူခဲ့သည့် အတိုင်း အသောက်အစားကြီးခြင်း၊ အကစားကြူးခြင်း၊ အပျော်အပါး ကြူးခြင်း၊ အကြွားအဝါများခြင်း၊ ကိုယ်ကျင့်တရား ပျက်ခြင်းများသည် ကြီးပွားချမ်းသာခြင်း အတွက် အလွန် ကြီးကျယ်သော အနှောင့်အယှက် များပင်ဖြစ်သည်။

ပြင်ပ အနှောင့်အယှက်တို့ မည်သည် မည်မျှ ကြီးကျယ်သော်လည်း ရည်ရွယ်ချက်တခုလုံး ပျက်စီးသွားအောင် ဖြစ်ရန် မလွယ်ကူချေ။ မိမိ၏ လုပ်ကိုင်မှုအမှား၊ ပြောဆိုမှုအမှား၊ ကြံစည်မှု အမှားဟူသော မိမိ၏ချွတ် ယွင်းချက်များကသာလျှင် ရည်ရွယ်ချက်တခုလုံးကိုပျက်စီးအောင် အနှောင့် အယှက် ဖြစ်နိုင်ပေသည်။ သံကိုသံဖျက် သံချေးတက် ဟူသကဲ့သို့ ကိုယ့်လုပ်

နှင်းကိုမဖျက်မိရန် အရေးကြီးလှသည်။ ဘယ်သူ မပြု မိမိမှု၊ သူ့ကြောင့်တခက်၊ ငါ့ကြောင့်က နှစ်ခက်ဆိုသော ကိုယ့်ကိုယ်ကို ဖျက်၍ပျက်ကြသည့် စာရင်းတွင် ကိုယ်မပါဝင်ရန် ကြိုးစားကြရမည်။

'သတိတမာန် ဥာဏ်မြေကတုတ် ပညာစွန်း ချွန်းကဲ့သို့အုပ်' ဆိုသကဲ့သို့ အစစအရာရာ သတိ ပညာ အလိမ္မာတို့ဖြင့် မိမိလုပ်ငန်းကို မိမိကိုယ်တိုင်က မဖျက်မိအောင် အသိရှိကြကုန်ရာသည်။

အနုကုလ ကမ္မန္တ မင်္ဂလာ ဤမျှဖြင့် ပြည့်စုံလောက်ပေပြီ။

# ၁၄။ ဒါန မင်္ဂလာ

အလှူ ပေးရခြင်းသည် မင်္ဂလာ မည်၏။

လှူဒါန်း ပေးကမ်းခြင်းကို ပါဠိ ဘာသာဖြင့် ဒါနဟု ခေါ်ပေသည်။ ပါဠိဘာသာဆိုသော်လည်း ဒါနသည် မြန်မာစကားအဖြစ်သို့ ရောက်ရှိ၍ နေပေသည်။ ပေးကမ်းခြင်း အောင်စေရာသည် ဟူသကဲ့သို့ ပေးကမ်းခြင်းသည် ရိုင်းစိုင်းသူကို ယဉ်ကျေးစေသည်။ မုန်းသူကို ချစ်စေသည်။ ခုရော နောင်ပါ ချမ်းသာကောင်းကျိုးကိုပေးစွမ်းနိုင်သောကြောင့် မင်္ဂလာ မည်ပေသည်။

သဒ္ဓါ လှူမျိုး တကြိမ် ပျိုးက ကောင်းကျိုး သင်္ချေ ရနိုင်ပေ၏ ဆိုသည့်အတိုင်း ဒါနသည် တကြိမ်စိုက်ပျိုးကာမျှဖြင့် အသင်္ချေအနန္တသော ကောင်းကျိုး ချမ်းသာတို့ကိုရနိုင်ပေသည်။ ဒါနဟူသည် ပုဂ္ဂလိကဒါန၊ သံဃိကဒါနဟူ၍အလှူခံပုဂ္ဂိုလ်အားဖြင့်(၂)မျိုး၊ ဝဋ္ဋနိဿိတ ဒါန၊ ဝိဝဋ္ဋနိဿိတ ဒါနဟူ၍ ဝဋ်ဆင်းရဲကိုမှီခြင်း၊ မမှီခြင်းအားဖြင့်(၂)မျိုး၊ အာမိသဒါန၊ ဓမ္မဒါနဟူ၍လှူဖွယ် တန်းရာအားဖြင့်(၂)မျိုး၊ ဟီနဒါန၊ မဇ္ဈိမဒါန၊ ပဏီတဒါနဟူ၍ အယုတ် အလတ် အမြတ်အားဖြင့် (၃)မျိုး၊ ဝတ္ထုဒါန၊ စေတနာဒါနဟူ၍ အလှူဝတ္ထုနှင့်စေတနာအားဖြင့်(၂)မျိုးစသည်ဖြင့် ဒါနအမျိုးမျိုးရှိပေသည်။ တရားကိုယ်အားဖြင့် အလောဘတရားပင် ဖြစ်ပေသည်။

အလောဘဟူသည် လောဘကို သတ်သော တရားဖြစ်သည်။ လောဘကို သတ်သော တရားဖြစ်သည်ဆိုရုံနှင့် ဒါနတရားသည် မည်မျှအရေးပါသည် ကို သိနိုင်လောက်ပေပြီ။

ဒါနသည် ယခုဘဝ နောင်ဘဝ နှစ်မျိုးလုံး အကျိုး ခံစားရသော တရားဖြစ်သည်။ နောင် ဘဝမှ သာလျှင် အကျိုး ခံစားရသော တရား မဟုတ်ချေ။ ဒါနပြုစဉ်အခါ၌ ပထမဆုံး ဖြစ်ပေါ်လာသော ပထမဇော စေတနာသည် ယခုဘဝမှာပင် အကျိုးပေးလျက်ရှိနေပေသည်။ သို့ရာတွင် ၎င်း ပထမဇောစေတနာက မင်းတို့တတွေ ခုလိုစားသောက် နေထိုင်နိုင်တာ ငါဆောင်ရွက်ပေးနေတာဟု သူက လာရောက်ပြောဆို အသိပေးသော သဘာဝမဟုတ်သဖြင့်သာ ဒါနရှင်များက မသိကြခြင်းဖြစ်ပေသည်။

ဒါနကို အနုဂါမိက ဥစ္စာဟု ခေါ်သည်။ သွားလေရာ အရိပ်ပါသကဲ့သို့ ဘဝများစွာ သံသရာ၌ နိဗ္ဗာန်ရသည့်တိုင် လိုက်ပါစောင့်ရှောက်တတ်သောကြောင့် ယင်းသို့ခေါ်ခြင်း ဖြစ်ပေသည်။လောကတွင် လှူဒါန်းပေးကမ်း၍ ပွဲသွားသည်ဟူ၍မရှိချေ။ လှူဒါန်းပေးကမ်းသဖြင့် ဆတက်ထမ်းပိုး တိုး၍လာသူများသာရှိပေသည်။ ဒါနကြောင့် အပြစ်ရှိရိုး ထုံးစံမရှိချေ။ ဒါနလုပ်ပုံလုပ်နည်း မကောင်းသဖြင့်သာ အပြစ်ရှိတတ်ချေသည်။

ဆွမ်းကျွေးလို့၍ ကြက်သတ်မည်ဆိုလျှင် အပြစ်ရှိသည်သာ ဖြစ်သည်။ ထိုအပြစ်သည် ဆွမ်းကျွေးခြင်း ကြောင့်မဟုတ်ပဲ ကြက်သတ်ခြင်းကြောင့် သာ ဖြစ်ပေသည်။ ဤနေရာတွင် ဒါနကြောင့် သီလမပျက်ကြဖို့ သတိပြု စေလိုသည်။ ဒါနကြောင့် သီလ ပျက်လျှင် ဂုဃိုလ် တပဲ ငရဲ တပိဿာ ဆိုသကဲ့သို့ ဒါနအကျိုး ခံစား နိုင်သော သုဂတိ ဘုံသို့ရောက်နိုင်တော့ မည် မဟုတ်ချေ။

တချို့ ဒါနကို သံသရာရှည်သည်ဟု ပြောလေ့ရှိကြသည်။ အမြင်မစုံ၍ ပြောခြင်းဖြစ်သည်။ ဒါနကြောင့် သံသရာမရှည်ချေ။ သံသရာက ကိုယ်ရှည် ချင်၍ ရှည်ရခြင်းဖြစ်သည်။ ကိုယ်ရှည်ချင်လို့ ရှည်ရသည်ကို ဒါနလွဲချ၍ မသင့်။ မန္တလေးသို့အမြဲသွားနေသော မော်တော်ကားကို ဒီကားက မန္တလေးကိုသာသွားတာပဲ ဟု မပြောအပ်။ ယာဉ်မောင်းသူက မန္တလေးကိုချည်း မောင်းသောကြောင့် မန္တလေးသို့သာ သွားနေခြင်းဖြစ်သည်။ ဒါနတရား သည် ဒါနရှင်၏ လိုအင်ဆန္ဒကို ဖြည့်စွမ်းပေးသော သဘောရှိသည်။ ဒါနရှင်က သံသရာရှည်ချင်လျှင် ရှည်ကြရမည်။ တိုချင်လျှင် တိုကြရမည်။ ဒါနရှင်အကြိုက် ဒါနက လိုက်လိမ့်မည်။

ဒါနသည် သေးငယ်သော ကုသိုလ်တရားမဟုတ်။ အလွန်ကြီးကျယ်မြင့်မြတ်သောကုသိုလ်တရားဖြစ်သည်။ ဘုရားသာသနာတော်ကြီး၏ ရေသောက်မြစ်ဖြစ်သည်။ ယနေ့ တကာ၊တကာမတော့က ဆွမ်း၊သင်္ကန်း၊ ကျောင်း၊ ဆေးဟူသော ဒါနဝတ်ကြီး ဖျက်လိုက်လျှင် နက်ဖြန် သာသနာ ပျက်သွားနိုင်သည်။ ဒါနကိုပယ်ခြင်းသည် သာသနာကို ဖျက်ဆီးခြင်းပင် ဖြစ်သည်။ ခြွေမှုရှိသည်၊ သူ့လက်လာမှ ကိုယ့်လက်လာသည်၊ အသွားရှိမှ အပြန်ရှိသည်ဟူသော စကားတို့သည် ဒါန၏ သဘာဝ အမှန်ကို ဖော်ပြသော စကားရပ်များဖြစ်ပေသည်။ ထို့ကြောင့် အခွင့်ကြုံလျှင် ဒါနကိုလက်မလွှတ်စေရ၊ အနည်းငယ်မျှပင်ဖြစ်စေ လှူဒါန်းရမည်။

## ဒါနနှင့် ပကာသန

အချို့ကဒါနကို ပကာသနမပါစေနှင့်ဟု ပြောတတ်ကြသည်။ သဘာဝ မသိကြ၍ ပြောခြင်းသာ ဖြစ်သည်။ ဤလောကသည် ပကာသနလောကသာဖြစ်သည်။ ပကာသနလောကဖြစ်၍ ဘာပဲလုပ်လုပ် ပကာသနမပါလျှင် မပြီးချေ။ ပကာသနတွေ အလွန်အကျံဖြစ်မသွားရန်သာ အရေးကြီးသည်။ ဒါနတွင် ပကာသန ပါသင့်သည်၊ မပါသင့်သည် ဆိုသည်မှာ အလှူပေးပုဂ္ဂိုလ်၏ အနေအရင့်လိုက်၍ဆုံးဖြတ်မှ မှန်ကန်လိမ့်မည်။

ပကာသနဆိုသည်မှာ ထင်ရှားအောင်ပြုလုပ်သော အဆောင်အယောင်အခမ်းအနားကို ဆိုလိုသည်။ ပကာသနမပါပဲ စိတ်ဓာတ် ကြည်လင်နိုင်စွမ်းရှိသောအလှူရှင်ဖြစ်လျှင်မူကား ပကာသနမလိုတော့ချေ။ သို့ရာတွင် ၎င်းအတွက် ပကာသနမလိုအပ်စေကာမူ ကြားမြင်ရသူအခြားပုဂ္ဂိုလ်များ ဝမ်းမြောက်ကြည်ညိုဖြစ်ကြရန် ပကာသန လိုအပ်သေးသည်သာတည်း။ စကားမှ ဆိုရသော်လည်း ပကာသနမပါပဲ စိတ်ဓာတ် ကြည်လင်နိုင်စွမ်းရှိသူ ဆိုသည်မှာ 'ရောကုဋ္ဌေ ရှာဖွေပတ်နှောက် တယောက်ရဲရဲ တွေ့ဖူးခဲ၏' ဆိုသကဲ့သို့ ရှာမှရှားသော ပုဂ္ဂိုလ်မျိုးပင် ဖြစ်သည်။

ရွှေတိဂုံ စေတီတော်ကြီးနှင့် ရွှာဘေးက ဘုရားငုတ်တိုကို စေဟန္တာ အတူထား၍ ဘယ်သူများ ကြည်ညိုနိုင်ကြပါသနည်း။ ပကာသနပါမှ ဒါနအကျိုးများမည်ဖြစ်၍ လိုအပ်သလောက် ပါမှ သင့်လျော်ပေမည်။ ပကာသန မလိုချင်ပါဘူး၊ ဂုဏ် မလိုချင်ပါဘူး ဆိုသူများလည်း ရှိကြပေသည်။ ထိုသူများကို ချဉ်းကပ်၍ လေ့လာကြည့်လျှင် ပကာသန မလိုချင်ဘူး ဆိုသူ

များသည် ပကာသန မလိုချင်သူဟူသော ပကာသနကို အလိုရှိသူဖြစ်ကြောင်း တွေ့ရပေလိမ့်မည်။ ထိုနည်းအတူ ဂုဏ်မလိုချင်ပါဘူးဆိုသူကို ချဉ်းကပ်လေ့လာကြည့်လျှင်လည်း ဂုဏ် မလိုချင်သူဟူသော ဂုဏ်ကို အလိုရှိသူဖြစ်ကြောင်း တွေ့ရပေလိမ့်မည်။

ပုထုဇဉ် လောကတွင် ပကာသန မလိုချင်ပါဘူး၊ ဂုဏ် မလိုချင်ပါဘူးဟူသောစကားများသည် စင်စစ် ရယ်ဖွယ်ရာသာလျှင် ဖြစ်ပေသည်။ မာနတန်းလန်းရှိနေသော သတ္တဝါသည် အဘယ့်ကြောင့် ဂုဏ်နှင့် ပကာသနကို အလိုမရှိပဲ ရှိချေအံ့နည်း။ သူတော်ကောင်းများအနေဖြင့် မဟုတ်မမှန်သော ဂုဏ်ကိုသာ အလိုမရှိကြချေ။ ဟုတ်မှန်သောဂုဏ်ကို မူကား များသောအားဖြင့် အလိုရှိကြသည်သာ။

မိမိ၏ စေတနာကို အမှန်အတိုင်း မိမိသိရန် အလွန်ခက်သည်။ ကိုယ့်စိတ်က ကိုယ့်ကိုယ်ကို လှည့်စားတတ်သည်။ ကိုယ့်စေတနာကိုယ် အသိခက်ကြောင်းနှင့် စပ်လျဉ်း၍ ကြားခဲ့ရဘူးသည်မှာ သင်္ဂဇာ ဆရာတော်ဘုရားလက်ထက်က အကြောင်းအရာ တခုပင် ဖြစ်ပေသည်။

တနေ့သောအခါ တကာတယောက်က သင်္ဂဇာ ဆရာတော်ဘုရားထံ လာရောက်၍ တပည့်တော် တနေ့က ကျွဲပေါ် နားနေသောဗျိုင်းကို ဒူးလေးနှင့်ပစ်ရာ ဗျိုင်းမမှန်ပဲ ကျွဲမှန်၍ ကျွဲ သေခဲ့ပါသည်။ တပည့်တော်မှာ ပါဏာတိပါတကံ ထိုက်ပါသလားဟု လျှောက်ထားမေးမြန်းရာ ဆရာတော်က ပါဏာတိပါတကံ ထိုက်သည်ဟု ဖြေကြားခဲ့လေသည်။ လျှောက်ထားသူက အဖြေကို မကျေနပ်၍ တပည့်တော်က ကျွဲကို သေစေလိုတဲ့ စေတနာ မရှိပါဘူး၊ ဗျိုင်းကို ရည်မှန်းပြီး ပစ်တာပါ၊ ကျွဲကို မတော်တဆ မှန်သွားခြင်းဖြစ်ပါတယ်ဟု ပြန်လည် လျှောက်ထားရာ၊ ဆရာတော်က မတော်တဆ ဆိုပေမယ့် ပါဏာတိပါတာကံ ထိုက်တာပဲ၊ပါဏာတိပါတာကံကတော့ မလွတ်ဘူး။ ထိုအခါ တကာလုပ်သူက အထူး မကျေမနပ်ဖြစ်ကာ 'အစေတကံ ကဿပါပံ နဟောတိ' (စေတနာမရှိသောသူအား မကောင်းမှု မဖြစ်ချေ) လို့မြတ်စွာဘုရား ဟောကြားတော်မူခဲ့တယ် မဟုတ်လား ဘုရား၊ တပည့်တော်က ကျွဲကို သေစေလိုတဲ့ စေတနာ ရှိမှမရှိပဲ ပဲ။ ဆရာတော်က မင်းတို့သိဒယောင်ကား တက်ယောင်ကားတွေနဲ့ ပြောရတာ တယ် ဝန်လေးတာပဲ၊ ကဲကဲ မင်းကို ငါမေးမယ်၊ မင်းမှာ သားသမီး ရှိသလား။ ရှိပါတယ်ဘုရား၊ အေး ဟုတ်ပြီ၊ မင်းမှာ သားသမီးရှိတယ်ဆိုယင် အဲဒီကျွဲပေါ် နားတဲ့ ဗျိုင်းဟာ ကျွဲပေါ် မနားပဲ မင်းသား မင်းသမီးတွေအပေါ် နားမယ်ဆိုယင် မင်း ပစ်

မလား၊သေသေချာချာ စဉ်းစားစမ်း၊ ဒီဗျိုင်း မင်း သား သမီး အပေါ်မှာ နားနေတာဆိုယင် မင်း ဘယ်နည်းမှ မပစ်ဘူး၊ ဘာကြောင့်ဆိုယင် မတော် ငါ့သားလေး မှန်ချေရဲ့၊ ငါ့သမီးလေး မှန်ချေရဲ့လို့ ကိုယ့်သားသမီးကို ငဲ့မှာပဲ ဖြစ်တယ်။ မင်းဟာ ကျွဲရဲ့အသက်ကို လုံးလုံး ငဲ့ကွက်ခြင်း မရှိဘူး၊ ကျွဲရဲ့ အသက် ငဲ့ကွက်ခြင်း မရှိတာဟာ မင်းရဲ့ အကုသိုလ် စေတနာပဲ၊ ဒါ့ကြောင့် ပါဏာတိပါတကံ ထိုက်တယ်ဟု အဆုံးအဖြတ် ပေးတော်မူခဲ့လေသည်။ ပညာရှိစကားများ မှတ်သားဖွယ်ရာ ကောင်းလေစွ။

ပကာသနလို–မလိုကို ကိုယ့်စေတနာ ကိုယ်သိအောင် စိစစ်ပြီးမှဆုံးဖြတ်ဖို့ သင့်ပေသည်။ ဘယ်အရာပဲဖြစ်ဖြစ် အဆောင် အယောင် အခမ်းအနားဆို သည်မှာ စိတ်ကို တက်ကြွစေသော သဘောရှိသည်။ သို့ဖြစ်၍ ဘာအလုပ်ပဲ လုပ်လုပ် ထိုက်တန်သော အဆောင် အယောင် အခမ်းအနား ပါမှပင် ကောင်းသည်၊ ပကာသနတွေပဲဟု လွယ်လွယ် အပြစ်မတင်ပါနှင့်။

ဘုန်းကြီးပျံတော်မူလျှင် ဘုန်းကြီးပျံတော်မူတာ ပီသအောင် အဆောင် အယောင် အခမ်းအနားဖြင့် သင်္ဂြိုဟ်ရမည်။ ဆရာတော် သမားတော်ကြီး တပါးပျံလွန်တော်မူသည်ကို ဖျာနှင့်လိပ်၍ ပစ်လိုက်ရမည်လား။ ညှော်သည် သေသလို ဆွဲချလိုက်ရမည်လား။ စက္ကူမီးရှို့သည်ဟု မဖွယ်မရာ မပြော ပါနှင့်။ ဘုန်းကြီးပျံပွဲ တပွဲ ကျင်းပလျှင် ဆိုင်းသမားတွေ ထမင်းစားရ သည်။ ဇာတ်သမားတွေ ထမင်းစားရသည်၊ အနုပညာ ပန်းချီဆရာများ ထမင်းစားရသည်၊ အလုပ်သမားတွေ ထမင်းစားရသည်၊ ပွဲလာကြသူတွေ ပျော်ကြပါးကြရသည်၊ လှူဒါန်းသူတွေ ကုသိုလ်ရကြသည်၊ ဘာမှအလကား မဖြစ်၊ အကျိုးရှိသည်သာ ဖြစ်သည်။ အကျိုးကို မြင်အောင် မကြည့်နိုင်၍ စက္ကူမီးရှို့သည်ဟု ပြောကြခြင်းဖြစ်သည်။

ရေပက်သည့်ကလေးတွေမရှိလျှင် သင်္ကြန်ပွဲပျက်တော့မည်။ ကလေးတွေ ရေပက်ကြ၍ သင်္ကြန်ပွဲတော် ယနေ့တိုင် ရှိနေခြင်း ဖြစ်ပေသည်။ စက္ကူနှင့် ဝါးကို အံ့လို့မဆုံး လုပခမ်းနားအောင် လုပ်ဟတ်သော မြန်မာ အနုပညာ တခု ယနေ့တိုင် မပျက်သေးပဲ တည်ရှိ နေခြင်းသည် ဘုန်းကြီးပျံပွဲတို့၏ ကျေးဇူးပင် ဖြစ်ပေသည်။

တိုက်ကြီးဆောက်ပြီး ဘာကြောင့် ဆေးသုတ်ရပါသနည်း၊ နေဖြစ်လျှင် ပြီးသည် မဟုတ်ပါလား။ ပွဲလမ်းသဘင်အခမ်းအနားဟူ၍ မရှိလျှင် အိမ်မှာ ဝယ်ထားသော အဝတ်အစားများကို သယ်နေရာသွား၍ဝတ်ကြမည်နည်း။ ပွဲလမ်းသဘင် အခမ်းအနားတွေဟာ အပိုတွေဟု ဆိုခဲ့လျှင် အိမ်တွင်ရှိသော

အဝတ်တန်ဆာအားလုံးကို မီးပုံရှို့ပစ်ဖို့သာ ရှိတော့သည်။ မကောင်းသော အဆောင်အယောင် အခမ်းအနားသည် မကောင်းသော စိတ်ကို တက်ကြွစေ၍၊ ကောင်းသော အဆောင်အယောင် အခမ်းအနားသည် ကောင်းသော စိတ်ကို တက်ကြွစေသည်။ မကောင်းသော အဆောင်အယောင် အခမ်းအနား မဖြစ်ရန်သာလျှင် လိုသည်။ ကောင်းသော အဆောင် အယောင် အခမ်းအနားကိုမူကား လုပ်ကိုင်ကြရမည်ဖြစ်ပေသည်။

သားရှင်ပြုရာ၌ ရှင်လောင်းကလေးတွေကို လှလှပပ ပြင်ဆင်ထားခြင်း၊ သံဃာစင်ကို လှလှပပ ပြင်ဆင်ထားခြင်း၊ လှူဖွယ် ဝတ္ထုများကို လှလှပပ ပြင်ဆင်ထားခြင်း၊ အလှူမဏ္ဍပ်ကို လှလှပပပြင်ဆင်ထားခြင်း၊ ဗျော စည် များ တီးခြင်း စသည်တို့သည် ရှင်ပြုပွဲတခုအတွက် ကောင်းသော အဆောင် အယောင် အခမ်းအနားတခုပင် ဖြစ်ပေသည်။ အလှူရှင်တို့၏ စေတနာကို ထက်သန်ရွှင်လန်းစေသည်။ သေအံ့မူးမူးတွင် ရှင်လောင်းကလေးတွေ အာရုံ ထဲ ထင်လာသည်ဖြစ်စေ၊ အလှူဝတ္ထု ပစ္စည်းတွေ အာရုံကဲ ထင်လာသည် ဖြစ်စေ၊ အလှူမဏ္ဍပ်ကြီး အာရုံထဲ ထင်လာသည်ဖြစ်စေ၊ စည်သံ ဗျောသံ တွေ အာရုံထဲထင်လာသည်ဖြစ်စေ ထိုအာရုံ ခပ်သိမ်းသည် ကောင်းသော အာရုံများသာတည်း။ အဘိဓမ္မာစကားနှင့် ပြောရလျှင် ထိုစိတ်များသည် အညံ့ဆုံး မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ်များပေတည်း။ အခြားမဲ့ဘဝ၌ ကြီးကျယ်သော လူ့ချမ်းသာ နတ်ချမ်းသာကို ပေးစွမ်းနိုင်ကြပေသည်။ သေအံ့မူးမူး အာရုံထဲ ထင်လာခြင်းဖြင့် အခြားမဲ့ဘဝ၌ လူ့ချမ်းသာ နတ် ချမ်းသာကို ပေးစွမ်းနိုင်သော ပကာသနသည် အဘယ့်ကြောင့် မလိုအပ်သော ပကာသနဖြစ်ချေအံ့နည်း။ လိုအပ်သည်သာတည်း။ သို့ဖြစ်၍ အလှူဒါန ပြုကြ သောအခါ ပကာသနဟု ခေါ်ဆိုကြသော အဆောင်အယောင် အခမ်း အနားတို့ကို သင့်လျော်အောင် ချိန်ဆ၍ ပြုလုပ်သင့်ကြပေသည်။

## ဝဋ်ဆင်းရဲကင်းရန် အာရုံပြုပါ

ဝဋ်ဆင်းရဲကိုမှီသော အလှူနှင့် ဝဋ်ဆင်းရဲကို မမှီသော အလှူဟူ၍ ရည်မှန်းချက်အရ အလှူနှစ်မျိုးရှိပေသည်။ အလှူ၏ကောင်းမှုကြောင့် လူ့ စည်းစိမ်၊ နတ်စည်းစိမ်၊ လူချမ်းသာ နတ်ချမ်းသာတို့ကို ရည်မှန်း၍ လှူဒါန်း သောအလှူမျိုးသည် ဝဋ်ဆင်းရဲကိုမှီသော အလှူဖြစ်ပေသည်။ ဝဋ်ဆင်းရဲ ချုပ်ရာနိဗ္ဗာန်သို့ မျက်မှောက်ပြုလိုသော စိတ်ထားဖြင့် လှူဒါန်းသော အလှူ မျိုးသည် ဝဋ်ဆင်းရဲကိုမမှီသော အလှူဖြစ်ပေသည်။

လူ့စည်းစိမ်၊ နတ်စည်းစိမ်ဆိုသည်မှာ အကြီးဆုံး အမြတ်ဆုံးသော လူမင်း နတ်မင်းပင် ဖြစ်သော်လည်း အိုဘေး၊ နာဘေး၊ သေဘေးကမလွတ်ကြချေ။ အိုရဦးမည်၊ နာရဦးမည်၊ သေရဦးမည်သာတည်း။ အိုတာ၊ နာတာ သေတာပါသမျှ ဘယ်ဟာကမှ မကောင်းချေ။ အိုရုံ နာရုံ သေရုံမျှသာ မက မအိုမီ မနာမီ မသေမီမှာလည်း ချစ်သူ ချစ်စရာ အာရုံတို့နှင့်ကွဲရ၊ မုန်းသူ မုန်းစရာ အာရုံတို့နှင့်တွဲရ၊ လိုအင်ဆန္ဒ မပြည့်ဝစသော အနန္တ ဒုက္ခတွေလည်းရှိချေသေးသည်။ ထိုကြောင့် လူ့စည်းစိမ် နတ်စည်းစိမ်၊ လူ့ချမ်းသာနတ်ချမ်းသာကို တောင့်တ၍လှူဒါန်းသောအလှူကို ဝဋ္ဋဆင်းရဲကို မှီသော အလှူဟူ၍ ခေါ်ဆိုခြင်းဖြစ်ပေသည်။

နိဗ္ဗာန်တရားသည် ဆင်းရဲခပ်သိမ်းကင်းငြိမ်းရာ ဖြစ်ခြင်းကြောင့် နိဗ္ဗာန်ကိုရည်မှန်း၍ လှူဒါန်းသောအလှူကို ဝဋ္ဋဆင်းရဲကို မမှီသောအလှူဟူ၍ ခေါ်ဆိုခြင်းဖြစ်ပေသည်။ လှူကြ တန်းကြသောအခါ မိမိအကျိုးစီးပွားကို မရည်မှန်းပဲ အလှူခံပုဂ္ဂိုလ်တို့၏ အကျိုးစီးပွားကို ရည်မှန်း၍ လှူဒါန်းသည်မှာလည်း အလွန်မြင့်မြတ်လှပေသည်။ သံဃာတော် များကို ဆွမ်းလှူသောအခါ ဤဆွမ်းဘုဉ်းပေးတော်မူကြသော အရှင်မြတ်တွေ ကျန်းမာချမ်းသာစွာဖြင့် စာပေသင်ကြားနိုင်ကြပါစေ၊ တရားအားထုတ်နိုင်ကြပါစေ၊ ဘုရားပုထိုးတည်ဆောက်သောအခါ၊ ဘုရားရုပ်ပွားတော်များ လှူဒါန်းသောအခါ ဤ ဘုရားပုထိုးရုပ်ထုတော်များကို ပန်း ရေချမ်း ဆီမီး စသည်တို့ဖြင့် လှူဒါန်းပူဇော်ခြင်းဖြင့်လည်းကောင်း၊ သန့်ရှင်းရေးစသော ဝေယျာဝစ္စများကို ဆောင်ရွက်ခြင်းဖြင့် လည်းကောင်း၊ လက်အုပ် ချီမိုး ရှိခိုး ခြင်း ဖြင့်လည်းကောင်း သတ္တဝါတွေ ကုသိုလ်မှုများ ပြုလုပ်နိုင်ကြပါစေ၊ ထိုကုသိုလ်မှုကို ပြုကြသောသတ္တဝါများအားလုံး လူနတ်နိဗ္ဗာန် သုံးတန်သောချမ်းသာကို ရကြပါစေ။ ဇရပ် တန်ဆောင်း ဂူကျောင်း ပြာသာဒ်များ ဆောက်လုပ်ကြသောအခါ ရဟန်းရှင်လူ မည်သူမဆို ဤအရိပ်အာဝါသအတွင်း ချမ်းသာစွာခိုလှုံနိုင်ကြပါစေ စသည်ဖြင့် အလှူခံပုဂ္ဂိုလ်တို့၏ အကျိုးစီးပွား သက်သက်ကိုသာ ရည်မှန်း၍ ရက်ရက်စွန့်လွှတ်လှူဒါန်းသော အလှူမျိုးသည်လည်း ဝဋ္ဋဆင်းရဲကို မမှီသော အလှူမျိုးပင် ဖြစ်ပေသည်။

မိမိအကျိုးအတွက် အာရုံမပြုသင့်ဟုဆိုသဖြင့် မိမိအကျိုးကို အာရုံမပြုလျှင် မိမိအတွက် အကျိုးမရတော့ပြီဟူ၍ မမှတ်သင့်။ မိမိအကျိုးမမျှော်ကိုးသဖြင့် ပို၍ပင်ရရှိပေလိမ့်မည်။ လူ့ချမ်းသာ နတ်ချမ်းသာဆိုသည်မှာ

အလှူရှင်များအတွက် ရည်မှန်းသည်ဖြစ်စေ၊ မရည်မှန်းသည် ဖြစ်စေ၊ မုချ ဆတ်ဆတ်ရရှိမည်သာ ဖြစ်ပေသည်။ နိဗ္ဗာန်ချမ်းသာမှာမူကား ရည်မှန်း တောင့်တမှသာလျှင်ရရှိနိုင်ပေသည်။ သို့ဖြစ်၍လှူကြတန်းကြရာတွင်ဝဋ်ဆင်းရဲ ကို အာရုံမပြုပဲ ဝဋ်ဆင်းရဲကင်းရန်ကိုသာလျှင် အာရုံပြုသင့်ပေသည်။

စကားစပ်မိသဖြင့် စေတီရုပ်ပွားတည်ထားခြင်းနှင့် ပတ်သက်၍ ရှင်းလင်း ဖွယ်ရှိပေသေးသည်။ စေတီရုပ်ပွားတည်ထားရာ၌ အလှူရှင်သည် မည်သူ့ကို ပေးလှူပါသနည်း၊ မည်သူတို့သည် အလှူခံပုဂ္ဂိုလ် ဖြစ်ပါသနည်း ဟူသော ပြဿနာဖြစ်သည်။ စေတီရုပ်ပွားတည်ထားရာ၌ အလှူခံပုဂ္ဂိုလ်ကား သတ္တဝါ အနန္တပင် ဖြစ်ပေသည်။ စေတီရုပ်ပွားတော်တဆူ တည်ထားလိုက်လျှင် တည် ရှိနေသမျှ ကာလပတ်လုံး ထိုစေတီတော်ရုပ်ပွားတော်တို့ကို သဒ္ဓါတရား ရှိသူများအားလုံး ပန်းကပ်ခြင်း၊ ရေချမ်းကပ်ခြင်း၊ ဆီမီး ပူဇော်ခြင်း၊ လက်အုပ်ချီမိုး ရှိခိုးခြင်း၊ ပေါမိယဂ်ဏ၊ စေတိယင်္ဂဏပယ်များပြုကြခြင်းဖြင့် အတိုင်းမသိသော ကုသိုလ်တရား ရရှိကြပေလိမ့်မည်။

ထို့ကြောင့် စေတီရုပ်ပွား တည်ထားခြင်း၊ ဟောင်းနွမ်းပျက်စီးသည် များကို ပြင်ဆင်ပွမ်းမံခြင်းစသော အလှူသည် ကုသိုလ်တရားကို ပေးလှူသော အလှူဖြစ်ပေသည်။ လူ နတ် နိဗ္ဗာန်သုံးတန်သော ချမ်းသာကို ပေးလှူသည် မည်ပေသည်။ သို့ဖြစ်၍ စေတီတော် ရုပ်ပွားတော်များ အသစ်တည်ဆောက် ခြင်း၊ ဟောင်းနွမ်းယိုယွင်း ပျက်စီးသည်များကို ပြင်ဆင်ခြင်၊ ရွှေသင်္ကန်း ကပ်ခြင်း၊ ပုန်သင်္ကန်းကပ်ခြင်း၊ ထီးတော်၊ စိန်ဖူးတော်များတင်ခြင်းဖြင့် ကုသိုလ်ပဒေသာပင်ကြီးများ စိုက်ပျိုးကြကုန်ရာသည်။

## အလှူရေစက် လက်နဲ့မကျ

အနည်းငယ်မျှပင်ဖြစ်ဖြစ် ဒါနကုသိုလ်ဖြစ်မိအောင် ပြုသင့်ကြပေသည်။ ကုသိုလ်ကောင်းမှုကို အနည်းငယ်မျှသာဟူ၍ အထင်သေးအမြင်သေး မဖြစ် သင့်။ ပန်းပွင့်လှူရသော အကျိုး၊ ရေတခွက်လှူရသောအကျိုး၊ ထမင်း တဇွန်း တယောက်မ လှူရသောအကျိုးသည်ပင်လျှင် အတိုင်းမသိ ကြီးမား လှ၏။ 'ကုသိုလ်သဘော အလယ်ဇောကို ရှင်မောအားလုံး ဟောမဆုံးတည့်' ဟူသည့်အတိုင်း ကုသိုလ်ကောင်းမှုတခု၏အကျိုးကို ကုန်စင်အောင် မြတ်စွာ ဘုရားများပင် မဟောနိုင်ချေ။

တောင်သူလယ်သမားသည် မျိုးစေ့များကိုကြဲချစိုက်ပျိုးရာ၌ ကောင်းစွာထွန်ယက်ပြီးသော လယ်ယာမြေကောင်းကို ရွေးချယ်စိုက်ပျိုးသကဲ့သို့ လယ်ယာမြေကောင်းနှင့်တူသော သီလအယူ စင်ဖြူသော သူတော်ကောင်းတို့ကို ရွေးချယ်လှူဒါန်း သင့်ပေသည်။ ကိုယ်တိုင်မရွေးချယ်တတ်လျှင် ပညာရှိများသို့ချဉ်းကပ်၍ မေးမြန်းရွေးချယ် သင့်ပေသည်။ စိုက်ပျိုးသူတဦးအတွက် မျိုးစေ့ကောင်းမွန်ရုံနှင့် ပြည့်စုံပြီဟု မမှတ်သင့်။ ရေလောင်းရန်နှင့် မြေကောင်းရန်လည်း လိုပေသည်။ ထိုနည်းအတူ ဒါနပြုရာတွင် အလှူခံပုဂ္ဂိုလ်ကောင်းရန်နှင့် စေတနာသုံးတန် ထက်သန်ညီမျှရန် လိုပေသည်။ သုံးမျိုးသုံးလီစုံညီမှ အမြတ်ဆုံးဖြစ်သောအကျိုးကို ရမည်။

ဒါနကုသိုလ်သည် ရောက်ရာဘဝ မျက်နှာမငယ်ရအောင် အစားဆင်းရဲ၊ အဝတ်ဆင်းရဲ၊ အနေဆင်းရဲမျိုးနှင့် မတွေ့ရအောင် အမြဲထောက်ပံ့ပေးသော သဘောရှိသည်။ ထို့ကြောင့် ဒါနကို ဥစ္စာဟု ခေါ်ဆိုခြင်း ဖြစ်သည်။ ထိုဥစ္စာသည် မီးလောင်မည်ကိုလည်း မပူရ၊ လုယူမည်ကိုလည်း မစိုးရ၊ ရေမျောမည်ကိုလည်း မကြောက်ရချေ။ ဥစ္စာစုထိုက်သူဖို့၊ ကုသိုလ်မှုပြုသူဖို့ ဆိုသည့်အတိုင်း ကိုယ်သာလျှင်ပိုင် များမဆိုင်သော ကိုယ်ပိုင်ဥစ္စာဖြစ်ပေသည်။မျက်မြင်လောက ရှိနေကြသော တိုက်တာ မိုးမြေ၊စိန် ရွှေ ငွေဟူသော ဥစ္စာတို့ဖြင့် ရာကုဋေ မည်မျှများသော်လည်း တနေ့ကျလျှင် အကုန်ထားခဲ့၍ သွားကြရမည်သာ အမှန်ဖြစ်ချေသည်။

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်ကောသလ္လ မထေရ်မြတ်က ကိုယ့်ပစ္စည်းကိုယ်နှမြော စောစောက သိမ်း၊ ကိုယ်မသိမ်းလို့ သူများယူ မပူပါလေနှင့်၊ ထုပ်မယ့်ထုပ် လုံအောင်ထုပ်၊ သိမ်းမယ့်သိမ်း လုံအောင်သိမ်း၊ ယူမယ့်ယူ ပါအောင်ယူ ဟူ၍ ဟောတော်မူခဲ့သည့်အတိုင်း သာသနာတော်ကြီးနှင့် တွေ့ကြသောအခါဖြစ်၍ အလှူရေစက် လက်နှံမကွာ လှူကြကုန်ရာသည်။

## ရှင်ပြု မင်္ဂလာ

ဗုဒ္ဓဘာသာ မြန်မာတို့တွင် အနည်းဆုံး တသက်တခါ သားရှင်ပြုမင်္ဂလာ ပြုလုပ်နိုင်မှ သာသနာ့ အမွေရသည်ဟု ယုံကြည်ကြပေသည်။ မှန်ကန်သော ယုံကြည်မှု၊ ကောင်းသော ယုံကြည်မှုဖြစ်ပါ၏။ မိမိရင်၌ ဖြစ်သောသား၊ သူတပါးရင်၌ ဖြစ်သောသား တို့ကို သာသနာ့ ဘောင်သို့ ပို့ဆောင်ခြင်း ဟူသော ရှင်ပြုမင်္ဂလာပွဲ ဆင်နွှဲရာ၌ ဘုရားအမှူးရှိသော သံဃာတော်

အရှင်မြတ်တို့အား တတ်စွမ်းသမျှ လှူဖွယ်တန်းရာများ ဆက်ကပ်လှူဒါန်းခြင်း၊ မိတ်ဆွေသင်္ဂဟတို့အား ဖိတ်ကြား၍ ကျွေးမွေး ဧည့်ခံ လှူဒါန်းခြင်းများဖြင့် တခမ်းတနား ပြုလုပ်လေ့ ရှိကြပေသည်။ အဖိုးတန်သော အစဉ်အလာကောင်းကြီးပါပေတည်း။

သို့ရာတွင် လုပ်ပုံကိုင်ပုံကောင်းရန် အရေးကြီးလှပေသည်။ ဝန်နှင့်အား မြှားနှင့်လေး ဆိုသကဲ့သို့ မိမိလက်နိုင် ခြေနိုင်သာလျှင် လုပ်ကိုင်သင့်ပေသည်။ သူတပါးထံမှ လာဘ်ကို မျှော်ကိုး၍ ပြုလုပ်ရန် မသင့်ချေ။ ဘယ်ဇာတ်ထည့်ပါ၊ ဘယ်ဆိုင်းထည့်ပါ ဟူသော ကာလသားများမြှောက်ပေးသည်ကိုလည်း နားမယောင်သင့်ချေ။ မနိုင်ဝန်ထမ်းလျှင် အပရ စေတနာ ပျက်တတ်သည်။ အပရစေတနာပျက်ရုံသာ မဟုတ်၊ မှားပါပေါ့ ဟူသော ဒေါသစိတ်ပင် ဖြစ်တတ်ချေသည်။

မဏ္ဍပ်ကြီးတွေ ဆောက်လိုက ဆောက်နိုင်သည်။ ဆိုင်းတွေ ဝိုင်းတွေ ကည့်လိုလျှင်လည်း ထည့်နိုင်သည်။ ဆင်တွေ မြင်းတွေ အခမ်းအနားတွေနှင့် ရှင်လောင်းလှည့်လိုလျှင်လည်း လှည့်နိုင်ပေသည်။ စွမ်းအားပြည့်စုံလျှင် အပြစ်မရှိချေ။ စွမ်းအား မရှိလျှင်မူကား အပြစ်ချည်းသာလျှင် ဖြစ်တော့သည်။

အလှူပွဲပြုလုပ်ရာတွင် ဧည့်ခံကျွေးမွေးရေး ကိစ္စများကို ကိုယ်တိုင်ကိုယ်ကျ လုံးပမ်းလျက် ပဓာန အလုပ်ဖြစ်သော ရှင်လောင်းများကို ရှင်သာမဏေပြုသောအခါမှာမူ သူတပါးတို့နှင့် လွှဲထားတတ်ကြသည်။ ဤနှယ် မပြုသင့်ချေ။ရှင်သာမဏေပြုရေးကိစ္စတွင် အစစအရာရာ ကိုယ်တိုင်ပါဝင်ဆောင်ရွက်သင့်သည်။မရောင်ရာဆေးလူး၊မမူးသူ နှာနှပ် ဆိုသကဲ့သို့ မဖြစ်ရအောင် အလှူပွဲတွင် ရှင်ပြုသော အခမ်းအနားကို ကျကျနနပြုလုပ်သင့်ကြပေသည်။ ရှင်ပြုမင်္ဂလာကို ပြီးလျှင်ပြီးရောဟု မလုပ်သင့်။ ရှင်လောင်းများကို ဆရာကောင်းသမားကောင်းတို့ထံတွင် အနည်းဆုံးတလကျော် ကြိုတင်၍ ရှင်သာမဏေနှင့် ဆိုင်ရာများကို လေ့လာ ဆည်းပူးစေသင့်သည်။ ယင်းသို့ မပြုလုပ်ခဲ့လျှင် သားများကို ချီးမြှောက်ရာမရောက်တော့ပဲ ကြုံကြုံဖန်ဖန်နှိပ်စက်ရာ ရောက်တတ်သည်။

ဒါနကြောင့် သီလမပျက်ကြရန်လည်းအရေးကြီးလှ၏။ဘာသာရေး လုပ်ငန်းများလုပ်ရာတွင် အများလုပ်၍ လုပ်ရတာမျိုးမဖြစ်စေပဲ အစစအရာရာ ကိုယ်ပိုင်အသိဉာဏ်လေးပါဖို့ လိုပေသည်။ မလှူမီကပင် ကြိုတင်၍ ငါးပါး၊

ရှစ်ပါးသီလ တရားကို များများကြီးဆောက်တည်သင့်ပေသည်။ ဒါနနှင့်ဆိုင်ရာ၊ သီလနှင့်ဆိုင်ရာ တရားများကို များများကြီး နာကြားသင့်သည်။ စိတ်ကို ကြည်ကြည်လင်လင်ဖြစ်အောင် ကြိုးစားရမည်။ ယင်းသို့အစီအစဉ်ကျကျပြုလုပ်မှ ဘုရားအလိုတော်ကျ ဖြစ်လိမ့်မည်။ အလှူရှင်များ အတွက် ကုန်ကျိုးနပ်၍ မြတ်ကြပေလိမ့်မည်။

ပုန်းထောင်းယာစကာ၊ ခံရောက်လာသော်၊ သဒ္ဒါသုံးဝ၊ ထက်သန် လှုစေ၊ ပေးစွန့်ကြသည် လှူရဲစေ။ ·

နောင် သံသရာ၊ ရိက္ခာအတူ၊ ကံကျွေးဟူသည်၊ အလှူဆိုက၊ မဆုတ် ကြနှင့်၊ ရဲလှုပါစေ၊ တံစက်အောက်တွင်၊ ခံသောက်ရေအိုး၊ ကျကြိမ် တိုးက၊ ပြည့်ရသည်သာ၊ ထုံးဟောင်းစာကို ထောက်ပါလေ။

(ရှင်မဟာရဋ္ဌသာရ)

## ၁၅။ ဓမ္မ စရိယာ မင်္ဂလာ

တရားတော်ကို ကျင့်သုံးခြင်းသည် မင်္ဂလာမည်၏။

ဤမင်္ဂလာ၌ တရားတော်ဆိုသည်မှာ ကိုယ်ကျင့်တရားကို အဓိက ဆိုပေသည်။ ကိုယ်မှု နှုတ်မှု စိတ်မှုတို့တွင် အပြစ်ကင်းစေခြင်းကို တရားတော်ကို ကျင့်သုံးခြင်းဟု ခေါ်သည်။ ယင်းသို့ တရား ကျင့်သုံးခြင်းသည် ခုရော နောင်ပါ ချမ်းသာ စီးပွားများခြင်း၏ အကြောင်းဖြစ်၍ မင်္ဂလာ မည်ပေသည်။

တရားကို ကျင်သုံးလေ့ရှိသောသူအား တရားက ပြန်၍ စောင့်လိမ့်မည်၊ကောင်းစွာ ကျင့်သုံးအပ်သော တရားသည် ချမ်းသာခြင်းကို ဆောင်လိမ့်မည်။ တရားကို ကျင့်သောသူသည် မကောင်းသောအဖြစ်သို့ မရောက်နိုင်။ ဤသည်ကား ကောင်းစွာ ကျင့်သုံးအပ်သော တရား၏ အကျိုးပေတည်း။

(ဓမ္မပဒ)

ငရဲနှင့် ဝမ်းစာ နီးရာ လှမ်းရသည်။ အူမတောင့်မှ သီလစောင့်နိုင်မည်၊ ကမ္ဘာမီးလောင် သားကောင်ချနင်း၊ ကိုယ်မချို အမိသော်လည်း သား တော်ခဲ၊ ဆင်လိုက်ရာ ဝါကြီး ဝါငယ် မရွေးနိုင် ဟူသော စကားရပ်များ သည် ဤခေတ် စပိယ ပင်လာကို မကျင့်သုံးနိုင်သူတို့က မိမိကိုယ်ကို အကာ အကွယ် ပြုလုပ်သော စကားရပ်များ ဖြစ်ပေသည်။

ငရဲနှင့် ဝမ်းစာ နီးရာလှမ်းရမည်ဆိုသော ပုဂ္ဂိုလ်များသည် ငရဲဆိုသည် မှာ ကိုယ်နှင့် အတော်ကြီး ဝေးသည်ဟု ထင်မှတ်ကြဟန် ရှိသည်။ ငရဲဆို သည်မှာ အဝေးကြီး မဟုတ်ချေ။ ငရဲဆိုတာ အဝေးကြီးမမှတ်နဲ့၊ နောက် ကျောနားမှာ ကပ်နေတယ် ဟူသော ဆရာကြီး ဦးလှသိန်းစကားကဲ့သို့ ငရဲ ဆိုသည်မှာ စုတိစိတ် နောက်မှာကပ်နေသော ကြောက်စရာ အကုသိုလ် စိတ်ကလေးပင် ဖြစ်ပေသည်။ ဘယ်သင်းက ဝေး၍ ဘယ်သင်းက နီးသည်ဟု မသိကြ၍ ငရဲက ဝေးသည်အထင်နှင့် ပြောမှားကြခြင်း ဖြစ်ပေသည်။ ကိုယ်ကျင့်တရားဆိုသည်မှာ မည်သည့်အကြောင်းနှင့်မျှ မပျက်စကောင်း ပေ။

အူမတောင့်မှ သီလစောင့်နိုင်မည် ဆိုသူတို့သည် ဘယ်တော့များ အူမ တောင့်ကြမည်နည်း၊ အူမ မတောင့်သေးသမျှ သီလမစောင့်ပဲ နေကြတော့ မည်လော။ သမုဒ္ဒရာ ဝမ်းတထွာ ဆိုသကဲ့သို့ အူမကလည်း ကျယ်ဝန်းလှချေ သည်။ သတိထားကြဖို့ သင့်သည်။ အူမတောင့်မှ သီလစောင့်နိုင်သူထက် အူမ မတောင့်ပဲ သီလ စောင့်နိုင်သူက ပို၍ မြင့်မြတ်ပေသည်။

သို့ရာတွင် ယခုခေတ်မှာမူ အူမတောင့်ပါလျက် သီလ မစောင့်ကြ၍ ပို၍ ခက်နေပေသည်။

ကမ္ဘာမီးလောင်သောအခါ သားကောင်ချ၍ နင်းရုံမျှဖြင့် အေးမည် လား။ မအေးနိုင်တော့ အတူတူ ချထားခြင်းက မြတ်ပါလိမ့်မည်။

ကိုယ်မချို အမိသော်လည်း သားတော်ခဲ၊ ဆင်လိုက်ရာ ဝါကြီးဝါငယ် မရွေးနိုင် ဆိုသူတို့သည် အခက်အခဲ ဆင်းရဲဒုက္ခ တွေ့ရသောအခါ ကိုယ် ကျင့်တရား ပျက်တန်လည်း ပျက်ရမည်၊ စည်းကမ်း ဖောက်ဖျက်တန်လည်း ဖေါက်ဖျက်ရမည်ဟု သဘောထားကြဟန် ရှိသည်။

အမျိုးကောင်းသား၊ အမျိုးကောင်းသမီး မည်သည် မည်မျှပင် ဆင်းရဲ ဒုက္ခသို့ ရောက်ရှိနေသော်လည်း ကိုယ်ကျင့်တရားကို အပျက်မခံရ။ ကိုယ် ကျင့်တရား ပျက်ပြီးမှ ရလာသော စီပွားဥစ္စာသည် ဘယ်သောအခါမှ

ကောင်းကျိုးချမ်းသာ ဖြစ်မည်မဟုတ်။ ကိုယ်ကျင့်တရား ပျက်ပြီးမှ စားရမည့်အစာကို မစားချင်ပါနှင့်။ ကိုယ်ကျင့်တရား ပျက်ပြီးမှ ဝတ်ရမည့်အဝတ်ကိုလည်း မဝတ်ချင်ပါနှင့်။ ကိုယ်ကျင့်တရားပျက်ပြီးမှ ဆင်ရသောတန်ဆာကိုလည်း မဆင်ချင်ပါနှင့်။ ကိုယ်ကျင့်တရားပျက်ပြီးမှ ရလာသောရာထူး ဂုဏ်သိန် စည်းစိမ်တို့ကိုလည်း မမက်မောပါနှင့်။ ဘယ်လိုအကြောင်းကြောင့်ပင် ဖြစ်စေ မလုပ်သင့်သော အလုပ်ကို မလုပ်နှင့်။ မပြောသင့်သောစကားကို မပြောနှင့်။ မကြံသင့်သောအကြံကို မကြံနှင့်။ ကိုယ်ကျင့်တရားထက် ပို၍ မြင့်မြတ်သော တန်ဖိုးရှိသောအရာဟူ၍ လောကတွင် မရှိချေ။

ဘယ်သူသေသေ ငတေမာ ပြီးသည်၊ ဘယ်သူ ဖဲရှုံး ရှုံး ငလုံး အတိုးရလျှင်ပြီးသည်ဟူသော အလုပ်မျိုးကို တကိုယ်ကောင်းအလုပ်မျိုးဟု အများကပြောကြသည်။ တကိုယ်ကောင်းအလုပ်ဟု ထင်ကြသည်။ စင်စစ်မှာ တကိုယ်ကောင်းအလုပ် မဟုတ်ချေ။ တကိုယ်မှ မကောင်းသော အလုပ်သာ ဖြစ်ချေသည်။ ကိုယ်ကောင်းဖို့ တခုတည်းကိုသာ ကြည့်လျှင် ကိုယ်လည်း ကောင်းမည်မဟုတ်၊ သူတပါးလည်း ကောင်းမည်မဟုတ်ချေ။ ထို့ကြောင့် ကိုယ်ကောင်းလိုလျှင် သူတပါးလည်း ကောင်းအောင် အားထုတ်ကြရမည်။

## ကိုယ့်ကြောင့် သူတပါး မဆင်းရဲစေနှင့်

ကိုယ့်ကြောင့် သူတပါး မဆင်းရဲအောင် ပြုလုပ်ခြင်းသည် စင်စစ်အားဖြင့် ကိုယ် မဆင်းရဲအောင် ပြုလုပ်ခြင်းပင် ဖြစ်သည်။ မိမိ၏ အလုပ်အကိုင်ကြောင့် တဘက်သား ကိုယ်စိတ်ဆင်းရဲဖြစ်ရခြင်း၊ မိမိပြောဆိုသောစကားကြောင့် တဘက်သား ကိုယ်စိတ်ဆင်းရဲ ဖြစ်ရခြင်း၊ မိမိ အကြံအစည် အတွေးအခေါ် အမြော်အမြင် ဆင်ခြင်ယူဆ ဝါဒရေးရာတို့ကြောင့် တဘက်သား ကိုယ်စိတ်ဆင်းရဲ ဖြစ်ရခြင်းများ မဖြစ်ရအောင် ကိုယ်နှုတ်နှလုံး သုံးပါးလုံးစောင့်စည်းရမည်။ အမှုမဲ့အမှတ်မဲ့ မလုပ်လိုက်ရ။ မပြောလိုက်ရ။ အမှုမဲ့အမှတ်မဲ့ပင်လျှင် တဘက်သား ကိုယ်စိတ်ဆင်းရဲအောင် မပြုသင့်လျှင် တမင်ကလာ ပြုလုပ်ခြင်းမှာမူ ဆိုဖွယ်ရာမရှိချေ။

မြတ်စွာဘုရား လက်ထက်တော်အခါက ပန်းထိမ်ဆရာကြီး တဦးသည် ရဟန္တာ အရှင်မြတ်တပါးအား မိမိအိမ်သို့ ပင့်၍ နေ့စဉ် ဆွမ်း လုပ်ကျွေးလေသည်။ ထိုရဟန္တာ အရှင်မြတ် ဆွမ်း ဘုန်းပေးရန် ရောက်ရှိလာခိုက်

ဖြစ်သော တနေ့သောအခါတွင် မင်းအိမ်မှ လက်ဝတ်ရတနာလုပ်ရန် ပတ္တမြားတလုံးကို လာရောက် ပေးအပ်လေသည်။ ထိုအခါ ပန်းထိမ်ဆရာကြီးသည် အမဲသားကိုင်၍ သွေးပေနေသောလက်ဖြင့် ပတ္တမြားလုံးကို ယူကာ ရဟန္တာ မထေရ်အနားသို့ ထားလျက် မီးဖိုချောင်သို့ ပြန်သွားလေတော့သည်၊ ထိုအခိုက်တွင် ပန်းထိမ်ဆရာ့အိမ်၌ မွေးထားသော ကြိုးကြာငှက်သည် ပတ္တမြားလုံးကို အသားတုံးမှတ်သဖြင့် ကောက်မျိုလိုက်လေသည်။ ပတ္တမြားလုံးကို ကြိုးကြာငှက် မျိုလိုက်သည်ကို မြင်ရသည်နှင့်တပြိုင်နက် ရဟန္တာအရှင်မြတ်သည် ငါသည် ယနေ့ ပျက်စီးခြင်းသို့ ရောက်တော့အံ့ဟု နှလုံး သွင်းမိလေသည်။

ပန်းထိမ်ဆရာ ပြန်ထွက်လာသောအခါ ပတ္တမြားလုံးကို မမြင်သဖြင့် အရှင်ဘုရား ပတ္တမြားလုံး ဘယ်ရောက်သွားသလဲဟုမေးရာ ရဟန္တာအရှင်မြတ်က တကာကြီး၊ ငါလည်း သင်ကဲ့သို့ပင် ပတ္တမြားလုံးကို မမြင်တော့ချေဟု ဖြေကြား၍ ဆိတ်ဆိတ်ပင် နေလေသည်။ အမျိုးမျိုးမေး၍ အဖြေမရသောအခါ ပန်ထိမ်ဆရာသည် မင်းအိမ်က အပ်လာသော ပစ္စည်းဖြစ်၍ အန္တရာယ်ကြီးလှသဖြင့် ပြင်းထန်သော ဒေါသဖြင့် ရဟန္တာအရှင်မြတ်ကို ရိုက်နှက်လေတော့သည်။ ရဟန္တာအရှင်မြတ်တကိုယ်လုံး သွေးချင်းချင်းနီ၍ တုံးလုံးလဲလေသည်။ ထိုအခိုက် ကြိုးကြာငှက်သည် အနီးသို့ပြေးလာ၍ ရဟန္တာကိုယ်မှ သွေးကို လာရောက် စုပ်ယူလေရာ ဒေါသကြီးလှသော ပန်းထိမ်ဆရာသည် ကြိုးကြာငှက်ကိုပါ ရိုက်ပြန်သဖြင့် ကြိုးကြာငှက်ပါ ပွဲချင်းပြီးသေလေတော့သည်။ ထိုအခါ ရဟန္တာက တကာကြီး ကြိုးကြာငှက်သေပြီလားဟုမေးရာ ကြိုးကြာငှက်သေပြီ၊ သင်လည်း ကြိုးကြာငှက်လို သေဖို့သာပြင်ပေတော့ဟု ပြောသည်တွင် ရဟန္တာအရှင်မြတ်က သို့ဖြစ်လျှင် ကြိုးကြာငှက်၏ အစာအိမ်မှ သင့်ပတ္တမြားကိုထုတ်ယူပေတော့ဟု မိန့်တော်မူလေသည်။

ပြောသည့်အတိုင်း ကြိုးကြာငှက်၏ အစာအိမ်ကို ခွဲလိုက်သည်မှ ပတ္တမြားလုံး ပြန်လည်ရရှိလေတော့သည်။

သူတော်ကောင်းတို့၏ သဘောကား မိမိကြောင့် သူတပါး ဆင်းရဲမည် မလိုလားကြချေ။ ထိုရဟန္တာ အရှင်မြတ်ကြီး၏ထုံးကို စံပြု၍ ကိုယ့်ကြောင့် သူတပါးမဆင်းရဲအောင် စောင့်စည်းကြရမည်။ ကိစ္စတခု ငါနှင့်လွတ်လျှင် ကျွတ်ရောဟု မျက်နှာလွှဲ ခဲပစ်မလုပ်ရ။ ပူစရာ ရှိသမျှ ငါပဲပူမည်၊ အေး

စရာရှိသမျှ သူတို့အေးကြပါစေတော့ဟူသော စိတ်ကောင်းမျိုး မွေးနိုင်အောင် ကြိုးစားကြရမည်။

ပညာရှိများ ကဲ့ရဲ့ပြစ်တင်ကြသည့် မကောင်းမှုမှန်သမျှကို အနည်းငယ်မျှဖြစ်စေ မပြုပါလေနှင့်။

**(မေတ္တာသုတ်)**

ပညာရှိသူတော်ကောင်းများက မကောင်းဘူး၊ မတော်ဘူး၊ မသင့်ဘူးဟူ၍ ကဲ့ရဲ့ပြစ်တင်ကြသော မကောင်းမှုမှန်သမျှကို နည်းနည်းကလေးပါပဲ၊ မဖြစ်စလောက်ပါဘူး၊ ကိစ္စမရှိတန်ရာပါဘူး ဟူသော အမှတ်ဖြင့် အနည်းငယ်မျှဖြစ်စေ မပြုလိုက်ပါလေနှင့်။ မြွေပွေးကို ငယ်သည်ဟု အလွယ်မပြုနှင့်ဟု ဆိုသကဲ့သို့ မကောင်းမှုကို နည်းငယ်မျှသာဟူ၍ မပြုလိုက်ပါလေနှင့်။ မကောင်းမှုဟူသည် အနည်းငယ်မျှဟူ၍ မရှိပါချေ။

အိုးရှဲ့ကို စလောင်းနှင့်ဖုံးမည်၊ သံကိုကြွက်စားလျှင် သားကိုစွန်ချီမည်၊ နွားကိုက်တော့ ပါးကိုက်မည်၊ သူကတရားပျက်လျှင် ငါလည်းတရားပျက်မည်ဟူ၍ သူတပါးတရားပျက်သည်ကို အကြောင်းပြု၍ မိမိက တရားမပျက်စေရ။ သူတရားပျက်သည် မပျက်သည်မှာ အရေးမကြီး အရာမဟုတ်၊ ကိုယ်တရားပျက်သည် မပျက်သည်မှာသာလျှင် အရေးကြီး၍ အရာဟုတ်ပေသည်။ သူတော်ကောင်းဆိုသည် သူဟော်မှ ကိုယ်ကောင်းမည် သူမတော်လျှင် ကိုယ်မကောင်းနိုင်ဟူသော သဘောထားမျိုး ဘယ်သောအခါမှ မမွေးပါလေနှင့်။ ရှေးပညာရှိ သူတော်ကောင်းများသည် အသက်ဟူသော အကြောင်းကြောင့်ပင်လျှင် ကိုယ်ကျင့်တရားကို မစွန့်လွှတ်ခဲ့ကြ။ အသက်ထက်ပင်လျှင် ကိုယ်ကျင့်တရားကို မြတ်နိုးကြပေသည်။

ထို့ကြောင့်ပင်လျှင် သူတို့၏ သစ္စာစကားများသည် အံ့ဖွယ်ဘနန်း ယိယိရောက်ရောက် အကျိုးပေးကြပေသည်။ သစ္စာဆိုသည်၊ သစ္စာပြုသည်၊ အဓိဋ္ဌာန်ပြုသည်ဟူသော အလုပ်များသည် ကိုယ်ကျင့်တရားကို အခြေခံရသည်။ ကိုယ်ကျင့်တရားကို အကြောင်းပြုရသည်။ ဘာကိုယ်ကျင့်တရားမျှမရှိပဲ သစ္စာဆိုခြင်း၊ သစ္စာပြုခြင်း၊ အဓိဋ္ဌာန်ပြုခြင်းသည် အသွန်ရယ်ဖွယ်ကောင်းသော အလုပ်ဖြစ်ပေသည်။

ငါးရာ့ငါးဆယ်နိပါတ်တော်တွင် ဇနီးမောင်နှံနှစ်ဦး၊ သားငယ်တဦးနှင့် သရဖုသေ့တဦးတို့၏ ကိုယ်ကျင့်တရားနှင့်ပတ်သက်သော သိမှတ်ဖွယ်ရာများကို တင်ပြပါဦးမည်။

တရံရောအခါ ဇနီးမောင်နှံနှစ်ဦးတို့သည် သားငယ်လေးနှင့်အတူ ထင်းခွေသွားကြရာတွင် သားငယ်ကို မြွေခဲလေတော့သည်။ သားငယ်သည် မြွေဆိပ်ဖြင့် မေ့မြောသွားလေတော့သည်။ ဇနီးမောင်နှံနှစ်ဦးသည် ပျာပျာသလဲ သားငယ်ကို ပိုက်ချီလျက် ၎င်းတို့၏ ဆရာရသေ့ကျောင်းသို့ သွားရောက်ခဲ့လေသည်။ ဆရာရသေ့ကျောင်းသင်္ခမ်းသို့ ရောက်သောအခါ သားငယ်ကို ရသေ့ရှေ့တွင်ချ၍ မြွေခဲလိုက်ကြောင်း လျှောက်ထားလေသည်။ ထိုအခါ ဆရာရသေ့က ကလေးငယ်ကို စမ်းသပ်ကြည့်ရာတွင် ကိုယ်ငွေ့ ပူနွေးနွေးရှိနေသဖြင့် ကလေးမသေသေးကြောင်း သိရ၍ ရသေ့က ငါတို့သည် တောကြီးမျက်မည်းအတွင်း၌ ကလေးငယ်ကိုကုသရန် ဆေးဝါးမရှာနိုင်ချေ။ ငါတို့၌ သစ္စာမှတပါး အခြားမတတ်နိုင်တော့ပြီ။ ကိုယ်စီကိုယ်ငှ သစ္စာပြုရလျှင် မသင့်ပါလောဟု မိန့်ကြားရာ ဇနီးမောင်နှံနှစ်ဦးက သဘောတူကြသဖြင့် ဆရာဒကာ သုံးဦး အစဉ်လိုက် အောက်ပါအတိုင်း သစ္စာပြုကြလေသည်။

ပထမဆုံး ဆရာရသေ့ သစ္စာပြုသည်မှာ ငါရဟန်းပြုခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့လေပြီ။ သို့စဉ်မျှလောက်သော ကာလတို့အတွင်း၌ ရဟန်းပြုစ (၇) ရက်သာလျှင် စိတ်ပါ၍ ယနေ့အထိ နှစ်ပေါင်းများစွာ ကာလပတ်လုံး စိတ်မပါပဲ ရဟန်းတရားကို အားကုတ်နေရသည်။ ဤမှန်စွာဆိုအပ်သော သစ္စာစကားကြောင့် ဤသားငယ်သည် ချမ်းသာပါစေသတည်း။ ဆရာရသေ့ သစ္စာပြုပြီးသောအခါ ဒကာက အောက်ပါအတိုင်း ဆက်လက်၍ သစ္စာပြုပြန်လေသည်။

တပည့်တော်သည် အရှင်ဘုရားအား နှစ်ပေါင်းများစွာ ကိုးကွယ်ဆည်းကပ်လာခဲ့ပါသည်။ ထိုမျှလောက်ကြာအောင် ကိုးကွယ်ဆည်းကပ်လာခဲ့သော်လည်း အစ(၇)ရက် လောက်သာလျှင် အရှင်ဘုရားကို ကြည်ညိုခဲ့၍ ထိုမှနောက် ယနေ့အထိ အနည်းငယ်မျှလောက်ပင် မကြည်ညိုခဲ့ပါ။ မကြည်ညိုပဲလျက်သာလျှင် အရှင်ဘုရားကို ကိုးကွယ်ဆည်းကပ်နေခဲ့ပါသည်။ ဤမှန်စွာဆိုအပ်သော သစ္စာစကားကြောင့် ဤသားငယ်သည် ချမ်းသာပါစေသတည်း။

ဒကာ သစ္စာပြုပြီးသောအခါ ၎င်း၏ဇနီးသည်ကလည်း အောက်ပါအတိုင်း ဆက်လက်၍ သစ္စာပြုပြန်လေသည်။

ကျွန်မသည် ဤလင်ဖြင့် နှစ်ပေါင်းများစွာ ပေါင်းသင်းဆက်ဆံလာခဲ့ပါသည်။ ယင်းသို့ နှစ်ပေါင်းများစွာ ပေါင်းသင်း ဆက်ဆံလာခဲ့သော်လည်း စတင်သောနေ့မှစ၍ ယနေ့အထိ အနည်းငယ်မျှပင် မေတ္တာမရှိပါ။ မေတ္တာမရှိပဲလျက်သာလျှင် ဤလင်နှင့် ပေါင်းသင်း ဆက်ဆံလာခဲ့ပါသည်။ ဤသို့ မှန်ကန်စွာ ဆိုအပ်သော သစ္စာစကားကြောင့် ဤသားငယ်သည် ချမ်းသာပါစေသတည်း။

သုံးဦးသားတို့၏ သစ္စာစကားအဆုံး၌ ကလေးငယ်သည် မြွေဆိပ်များ လျှောကျ၍ လုံးလုံး ကျန်းမာလာကာ ထ၍ လိုင်လေတော့သည်။

ထိုအခါ ရသေ့က အသို့နည်း အံ့သြဖွယ်ရာကောင်းပေစွ၊ သင်တို့သည် ငါ့အား ကိုးကွယ် ဆည်းကပ်လာသည်မှာ နှစ်ပေါင်းများစွာ ရှိလေသည်။ ထိုမျှလောက်သော ကာလပတ်လုံး ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသော ပစ္စည်းလေးပါးကို ဘာတခုမျှ မလိုရအောင် လှူဒါန်းခဲ့ကြသည်။ သို့စဉ် ကြာညောင်းသော ကာလအတွင်း သင်တို့၏ဝတ္တရား ပျက်ကွက်မှုဟူ၍ တခုမျှ မရှိချေ။ ကြည်ညို၍သာ ဤသို့ ပြုခြင်း ဖြစ်ပေသည်ဟု ထင်မိလေသည်။ ငါ့အား မကြည်ညိုမှန်းကို ယခုမှပင် သိရသည်။ မကြည်ညိုပါပဲလျက် အဘယ်ကြောင့် ဤမျှလောက် ဝတ္တရား ကျေကြပါသနည်း။

ထိုအခါ ဒကာလုပ်သူက အရှင်ဘုရား တပည့်တော်တို့ အမျိုးအနွယ်သည် ရသေ့ရဟန်းကို လုပ်ကျွေးလေ့ ရှိကြပါသည်။ တဖန်တုံ ကျောင်းကို ပင့်လှူပြီးကာမှ ဒကာ၏ ဝတ္တရား ပျက်ကွက်ခြင်း မဖြစ်စကောင်းပါ။ ထို့ကြောင့် တပည့်တော်သည် အရှင်ဘုရားကို မကြည်ညိုပါပဲလျက် ကိုးကွယ် ဆည်းကပ် လှူဒါန်းခဲ့ခြင်း ဖြစ်ပါသည်။ တဖန် ဒကာလုပ်သူက အရှင်ဘုရား အသို့နည်း အရှင်ဘုရားကို တပည့်တော်တို့ ကိုးကွယ်ဆည်းကပ်လာခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့လေပြီ။ သို့စဉ်မျှလောက်သော ကာလပတ်လုံး ရဟန်း ကျင့်ဝတ်များ ဖေါက်လွဲဖောက်ပြန် ပြုသည်ဟူ၍ တကြိမ်တခါမျှ ယနေ့အထိ မတွေ့ခဲ့၊ မမြင်ခဲ့ပေ၊ ထို့ကြောင့် သဒ္ဓါတရားဖြင့် ရဟန်းပြုနေသည်ဟု ထင်မိပေသည်။ သဒ္ဓါတရား မရှိမှန်း ယနေ့မှပင် သိရပေသည်။ သို့စဉ်မျှလောက် ကြာညောင်းသော ကာလပတ်လုံး စိတ်မပါပဲလျက် ရဟန်းတံရားကို မပျက်ရအောင် အဘယ်ကြောင့် ကျင့်သုံးနေပါသနည်း။

ထိုအခါ ဆရာရသေ့က ဒကာကြီး ငါသည် ခု ရဟန်းပြု၊ ခု လူထွက်ဟူသော ခဏခဏ ပြောင်းလဲခြင်းကို မနှစ်သက်ပေ။ ဒကာ ဒကာမတွေက

ဤမျှလောက် ဝတ္တရားကျေကျေ ရှိသေနေပါလျက် လူထွက်ရမည် ဆိုသည်မှာလည်း မသင့်ပျော်ပေ။ ငါကဲ့သို့သော ရသေ့ ရဟန်းတို့၏ ဂုဏ်ကျေးဇူးကို ငါ့ကြောင့် မပျက်စကောင်းပေ။ ထိုကြောင့် သို့စဉ်မျှလောက်သော ကာလပတ်လုံး ငါသည် ရဟန်းတရားကို စိတ်မပါ ပါပဲလျက် လူမထွက်ပဲ ကျင့်သုံးခဲ့လေသည်။

ထိုအခါ ဒကာလုပ်သူက ဇနီးဖြစ်သူဘက် လှည့်၍ အသို့နည်းရှင်မ သင်သည် ဤမျှလောက်သော ကာလပတ်လုံး အကြင်လင်မယားအဖြစ် ငါနှင့် ဆက်ဆံပေါင်းသင်းလာခဲ့ရာတွင် တစုံတခုသောအရာတွင်မျှ ဝတ္တရားမပျက်ခဲ့ချေ။ ငါ့အား ချစ်၍ ဝတ္တရားကျေသည်ဟုပင် ငါ ထင်မိခဲ့သည်။ ငါ့အား မချစ်မှန်း ယခုမှပင် သိရတော့သည်။ သို့စဉ်မျှလောက်သော ကာလပတ်လုံး ငါ့အား မချစ် မနှစ်သက်ပါပဲလျက် အဘယ့်ကြောင့် ဝတ္တရားကျေစွာ ဆက်ဆံပေါင်းသင်း နေခဲ့ပါသနည်း။

အရှင့်သား ကျွန်မတို့အမျိုးသည် တလင်ကနှစ်လင် ယူရိုးထုံးစံ မရှိပါ။ ထို့ပြင် သားမယားဟူ၍ ဖြစ်လာလျှင် သားမယားတို့၏ ဝတ္တရားကို ချစ်သည်ဖြစ်စေ၊ မုန်းသည်ဖြစ်စေ ကျေပွန်အောင် ဆောင်ရွက်ရန် တာဝန်ရှိပါသည်။ ထို့ကြောင့် သင့်အား မချစ်ပါပဲလျက် ဤမျှလောက် ကြာသည့်တိုင် ဝတ္တရားမပျက် ဆက်ဆံပေါင်းသင်းနေခဲ့ခြင်း ဖြစ်ပေသည်။

ထိုအခါ ဆရာရသေ့က ရှိစေတော့၊ အကြောင်းမှန် အဖြစ်မှန်ကို ငါတို့အားလုံး သိကြရပေသည်။ ကလေးငယ်လည်း အသက် ချမ်းသာခြင်းရပေပြီ။ ငါသည် ယနေ့မှစ၍ အသက်ဆုံးတိုင်အောင် ရဟန်းတရားကို စိတ်ပါလက်ပါ ကျင့်သုံးတော့အံ့ဟု မိန့်ကြားခဲ့လေသည်။

ဒကာဖြစ်သူကလည်း ဟန်တော့လျက် ဟပည့်တော်သည် အရှင်ဘုရားကို ယနေ့မှစ၍ အသက်ထက်ဆုံး ကြည်ညိုသောစိတ်ဖြင့်သာလျှင် ကိုးကွယ်ဆည်းကပ်ပါတော့အံ့ဟု လျှောက်ထားလေတော့သည်။

ဇနီးဖြစ်သူကလည်း လင်ယောကျ်ားအား ကန်တော့လျက် အရှင့်သားကျွန်မသည် ယနေ့မှစ၍ သက်ဆုံးတိုင်အောင် အရှင့်သားအား မေတ္တာဖြင့်သာလျှင် ပေါင်းသင်း ဆက်ဆံပါတော့အံ့ဟု ဝန်ခံခဲ့လေသည်။

ဤဝတ္ထုငယ်ပါသော သစ္စာစကားတို့ကို သာမန်အားဖြင့် ကြည့်လျှင် ရယ်ဖွယ်ရာ ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ လေးလေးနက်နက် ကြည့်လျှင် မူကား အံ့သြဖွယ် ကောင်းလှသော ၎င်းတို့၏ ကိုယ်ကျင့်တရားကို တွေ့ရှိပေလိမ့်မည်။

ရသေ့ဖြစ်သူသည် စိတ်ထဲမပါသော်လည်း ရဟန်းတို့၏ အကျင့်သိက္ခာကို နှစ်ပေါင်းများစွာ မကျိုးမပေါက်အောင် စောင့်စည်းခဲ့လေသည်။

ဧကာသည် မကြည်ညိုသော်လည်း နှစ်ပေါင်းများစွာ ဝတ္တရားတခုမျှ မပျက်အောင် ကိုးကွယ် ဆည်းကပ်လာခဲ့လေသည်။

ဇနီးလုပ်သူသည် လင်သားအပေါ် မေတ္တာတစက်မျှ မရှိပါပဲလျက် မယားဝတ္တရားကို နှစ်ပေါင်းများစွာ တချက်ကမျှ မပျက်ရအောင် ကျင့်သုံးခဲ့လေသည်။

စိတ်မပါသော်လည်း မိမိတို့ဆိုင်ရာဆိုင်ရာ ကိုယ်ကျင့်တရားများကို တချက်ကမျှ မပျက်ရအောင် နှစ်ပေါင်းများစွာ ကျင့်သုံးနိုင်ခြင်းသည် မည်မျှလောက် အံ့ဩဖွယ်ရာ ကောင်းပါသနည်း။ ထို့ပြင် မိမိ၌ရှိသော ချွတ်ယွင်းချက်ကို ဟုတ်မှန်သည့်အတိုင်း ရဲရဲဝံ့ဝံ့ ဖော်ထုတ်နိုင်ခြင်းသည် မည်မျှလောက် အံ့ဩဖွယ် ကောင်းပါသနည်း။ ဤကောင်းမြတ်လှသော ကိုယ်ကျင့်တရားတို့ကို အခြေခံလျက် ပြုအပ်သော သစ္စာအဓိဋ္ဌာန်သည် အဘယ်ကြောင့် လိုအပ်သော အကျိုးကို မပေးစွမ်းပဲ ရှိချေအံ့နည်း။

ဤမျှဆိုလျှင် ဓမ္မ စရိယ မင်္ဂလာ ပြည့်စုံလောက်ပေသည်။

# ၁၆။ ဉာတက သင်္ဂဟ မင်္ဂလာ

ဆွေမျိုးတို့အား ထောက်ပံ့ကူညီရခြင်းသည် မင်္ဂလာမည်၏။

မောင်နှင့် နှမ၊ ညီနှင့် အစ်ကို၊ တူနှင့် တူမ၊ ဦးလေး ဦးကြီး၊ ဒေါ်ကြီး ဒေါ်ဒွေး၊ အဘိုးအဘွား စသည်ဖြင့် ဆွေမျိုးတို့ကို မိမိစွမ်းနိုင်သမျှ ကုသိုလ်ရသွားကြလေအောင်၊ ပညာရသွားကြလေအောင်၊ အလုပ်ရသွားကြလေအောင်၊ စီးပွားဥစ္စာရသွားကြလေအောင် အကူအညီပေးရခြင်းသည် ဆွေမျိုးတို့အား ထောက်ပံ့ခြင်းပင် ဖြစ်သည်။ ယင်းသို့ မိမိ၏ဆွေမျိုးများ မျိုးများကို ကူညီထောက်ပံ့ရခြင်းသည် ခုရော နောင်ပါ ချမ်းသာ စီးပွားများစေနိုင်သောကြောင့် မင်္ဂလာမည်ပေသည်။

ရှေးရှေးသော ဘဝများစွာက အလှူရေစက်ပြုဘက်များ ဖြစ်ကြခြင်း၊ ချစ်လက်စ ကြင်နာလက်စ ရှိခဲ့ကြခြင်းတို့ကြောင့် ယခုဘဝ ယခုအခါတွင် တဆွေထဲ တမျိုးထဲမှာ တွေ့ကြ ဆုံကြရပေသည်။ ပါရမီကြုံ၍ ဆုံလာကြသော ဆွေမျိုးသားချင်း တဦးပေါ်တဦး ကုသိုလ်ဥစ္စာ အလိမ္မာတို့နှင့် ကောင်းစွာစောင့်ရှောက် ချီးမြှောက်ရခြင်းသည် ယဉ်ကျေးသော လူသားတို့၏ ကျင့်ဝတ်ပင် ဖြစ်သည်။

မခေါ်ချင်လို့ နေရသော်လည်း မတော်ချင်လို့ မနေရ၊ အရေးကြီးတော့ သွေးနီးသည်၊ လူညီနောင်ကျားရှောင်သည်၊ ဆွေမျိုးညီလျှင် ပြည်အစိုးရသည် ဟူသော ဆွေမျိုးစု၏ အနှစ်သာရများအတိုင်း ဆွေချင်း မျိုးချင်း စည်းလုံး ညီညာ ရှိကြမည်ဆိုလျှင် အရာရာ အထက်တန်းကသော နေကြရပေလိမ့်မည်။ ဆွေမျိုးတို့၏ အရိပ်သည် အေး၏ ဟူ၍ မြတ်စွာဘုရား ဟောတော်မူခဲ့သည့်အတိုင်း ဆွေမျိုးတို့၏ အရိပ်ကား အေးလှချေသည်။ ရပ်ထဲရွာထဲ ရမ်းကားတတ်သော ပုဂ္ဂိုလ်များ ရှိတတ်သည်။ ၎င်းတို့တတွေ ရပ်ရွာထဲ ရမ်းရမ်းကားကား ပြုလုပ်သောအခါ ရပ်သူရွာသားများက ရှောင်တိမ်း ပေးလေ့ရှိကြသည်။ ယင်းသို့ ရှောင်တိမ်းပေးသော အခါ လူရမ်းကားများက သူ့ကိုကြောက်၍ ရှောင်တိမ်းသည်ဟု ဘဝင်မြင့်တတ်ကြသည်။ အမှန်မှာ သူမကောင်းသော်လည်း ရပ်ပေါ် ရွာပေါ် ကောင်းကြသော သူ၏ အစ်ကို အစ်မ၊ ဦးကြီး ဦးလေး၊ မွေးချင်း သားချင်းတို့၏ မျက်နှာကြောင့် ခွေးရိုက်ချင် ခွေးရှင် မျက်နှာကြည့်ရသည် ဟူသည့်အတိုင်း သည်းခံခွင့်လွှတ်ကြခြင်းသာ ဖြစ်ပေသည်။ ဆွေမျိုးတို့၏ အရိပ်ကား အေးလှချေသည်။

အလောင်းမင်းတရား ဦးအောင်ဇေယျသည် ရာဇဝင်ပြောင်သော နိုင်ငံပြု ဘုရင် အဖြစ် ရောက်ရှိခဲ့ခြင်းမှာ မွေးချင်းသားချင်း ညီညွတ်မှု၊ အားကောင်းမှုအခြေခံ၍ပင် ဖြစ်ပေသည်။ ဆွေထဲမျိုးထဲ နွတ်သီးကောင်း လျှာပါးများလည်း ရှိတတ်ကြသည်။ ဘယ်ဆွေ ဘယ်မျိုးမှ အားမကိုးဘူး၊ သူစိမ်းကောင်းတော့ ဆွေမတန်ဘူး၊ တို့ကတော့ ဆွေမျိုး မပေါင်းဘူး၊ သူစိမ်းကိုပဲ ပေါင်းတယ်၊ တို့က မျက်နှာမဲ့ဆိုတော့ တို့နဲ့ ဆွေမျိုး တော်တယ်လို့ ပြောရမှာတောင် ရှက်ကြသလား မသိဘူး၊ ဆွေမျိုးတော့ ဒူးမထောက်ဘူး၊ သူစိမ်းကိုပဲ ထိုင်ရှိခိုးမယ် စသည့် အပြောမျိုးဖြင့် ရန်ထောင်တတ်သူများလည်း ရှိကြသည်။

ထိုသူများမှာ ဆွေမျိုးတစုတို့က ဆေးဖော်ကြောဖက် မလုပ်ကြခြင်း၊ ကူညီထောက်ပံ့မှု မရှိကြခြင်းတို့ကြောင့် ဆွေမျိုးအပေါ် စိက်နာကတ်ကြသည်။ ထိုသူများသည် တဘက်သက်ကြည့်၍ စိက်နာနေမည့်အစား မိမိကိုယ်ကိုလည်း ပြန်လည် စိစစ်ကြရန် သင့်သည်။ မိမိ၏ လုပ်ပုံကိုင်ပုံ ပြောပုံဆိုပုံ နေပုံ ထိုင်ပုံတို့ကလည်း ဆွေမျိုး မျိုးများက ဆေးဖော်ကြောဖက်လုပ်ချင်စရာ၊ ကူညီထောက်ပံ့ချင်စရာ ကောင်းရဲ့လားဟုလည်း စဉ်းစားသင့်သည်။ ကိုယ်က နှုတ်သီးကောင်း လျှာပါးနှင့် ကက်ကက် လန်အောင်ရန်တွေ့၍ ပြောမရ ဆိုမရသူ ဖြစ်ခဲ့လျှင် ဘယ်ဆွေဘယ်မျိုးကမှ ဆေးဖော်ကြောဖက်လုပ်ချင်မည် မဟုတ်ချေ။ ဆေးဖော်ကြောဖက် လုပ်ချင်လောက်သော အချက်ရှိမှလည်း ဆေးဖော်ကြောဖက် လုပ်ချင်ပေလိမ့်မည်။

ဆွေမျိုးတော်တယ် ပြောချင်လောက်သော အရည်အချင်းရှိမှ ဆွေမျိုးတော်တယ် ပြောချင်ကြပေလိမ့်မည်။ သူနဲ့ဆွေမျိုးတော်တယ် ပြောလိုက်ရုံမျှဖြင့် မိမိတို့၏ ဂုဏ်ကျက်သရေတွေ ပျက်စီးသွားမယ်ဆိုလျှင် ဘယ်ဆွေဘယ်မျိုးကမှ တော်တယ်၊ စပ်တယ် ပြောချင်ကြမယ် မဟုတ်ပေဘူး။ အကူအညီရယူလိုလျှင် ကူညီချင်အောင်လည်း နေတတ် ထိုင်တတ်ဖို့လိုသည်။ ယဉ်ကျေးသော ကိုယ်အမူအရာ၊ ယဉ်ကျေးသော နှုတ်အမူအရာ၊ ယဉ်ကျေးသော စိတ်အမူအရာရှိသူများအား ဘယ်ဆွေ ဘယ်မျိုးကမှ မကူညီပဲနေမည်မဟုတ်ချေ။ ကူညီရုံမျှမက ရိုသေကြပေလိမ့်မည်၊ ချစ်ကြပေလိမ့်မည်။

ဆွေမျိုးစုထဲတွင် ပြည့်စုံသူများရှိကြသလို မပြည့်စုံသူများလည်း ရှိကြသည်။ ပြည့်စုံသူများက အမှုမဲ့ အမှတ်မဲ့ မနေရ။ မပြည့်စုံသူများကို တတ်စွမ်းသမျှ ကူညီစောင့်ရှောက်ရမည်။ ပြည့်စုံသော ဆွေမျိုးများက မပြည့်စုံသော ဆွေမျိုးများကို အကြင်နာတရားထားကြရမည်။ တချို့သော ပြည့်စုံသူများက မပြည့်စုံသူများကို ထောက်ပံ့ရာတွင် ယိုချည် ကာလည် ဝယ်ပေးလိုက်၊ အတော်ကြာမှ အင်္ကျီတထည်လောက် ဝယ်ပေးလိုက်၊ ဆန်လေးဂယ်ပေးလိုက်၊ ဆီလေး ဝယ်ပေးလိုက်ဖြင့် ပေးတတ်ကြသည်။ ပေးကမ်းရာတွင် အလီလီအစိတ်စိတ်ဖြစ်သောကြောင့်ရသူတို့မှာ ရေစားစားဝါးဝါးမျိုမျိုနှင့် အဖတ်မတင်တော့ချေ၊ ပေးသမျှ ကမ်းသမျှ အကောင်အထည်မပေါ်တော့ချေ။ ဤအချက်ကိုပင် အနိုင်ယူ၍ လူမွဲတအိမ်ထောင် လူချမ်းသာ ဆယ်အိမ်ထောင် မတတ်နိုင်ဘူး၊ ပေးရတာလည်း နားရတယ် မရှိဘူး၊ သူတို့ ပြောင်ပဲ မပြောင်နိုင်ဘူး စသည်ဖြင့် အပြစ်တင်တတ်ကြသည်။ ပေးပုံ ပေးနည်းမဟုတ်၍ ပေးကား ပေးရဲ့ မရ ဖြစ်ကြတော့သည်။

ရှေးက ဆွေထဲမျိုးထဲ ဆင်းရဲသူ တယောက်ရှိလျှင် အကြီးအကဲလုပ်သူက ဦးဆောင်၍ ဆွေမျိုးများကို စုရုံးပြီးလျှင် နွားဝယ်ပေးသူကပေး၊ လှည်းဝယ်ပေးသူကပေး၊ အိမ်ပြင်ပေးသူကပေး၊ မျိုးပေးသူကပေး ဝိုင်းဝန်းညီညာကူညီလေ့ရှိကြသည်။ ခေတ်ခြင်းပင် လူလား မြောက်သွားလေသည်။ အလွန် ချမ်းသာကြွယ်ဝလှသော မြန်မာ့ယဉ်ကျေးမှု အစဉ်အလာပင် ဖြစ်သည်။ ဤကိစ္စမျိုးဆောင်ရွက်ရာတွင် ဆွေမျိုးများသာ မဟုတ်၊ ရပ်ရွာကလည်း ဆိုင်ရာဆိုင်ရာပါလေ့ရှိကြသည်။ ဆင်းရဲသော ဆွေမျိုးတယောက်ကို မထိခလုတ်၊ထိခလုတ်၊ မစိုမပို၊တိုကာပင့်ကာ ပေးကမ်းနေကြမည့်အစား အလုပ်တခုဖြစ်မြောက်အောင် ထိထိရောက်ရောက်ရောက် ဝိုင်းဝန်း၍ အကောင်အထည်ဖော်ပေးရန် သင့်ပေသည်။ သို့မှလည်း ပေးရကျိုးနပ်၍ တဘက်သားတွင် အဖတ်တင်ပေမည်။

ပစ္စည်းဥစ္စာ ထောက်ပံ့ပေးရုံမျှဖြင့် လုံလောက်ပြီဟူ၍လည်း မမှတ်သင့်။ လုပ်ငန်းအရှိန်ရသွားအောင် ဆက်တိုက် မြေတောင် မြှောက်ပေးဖို့လည်း လိုသည်။ တခါလာလည်း ဗိုန်မခေါင်း၊ နှစ်ခါလာလည်း ဗိုန်မခေါင်း ငါ့ချည်း ဝိုင်းအာပူကပ်နေကြတာပဲဟု မတွက်ရ။ ကိုယ့်ဆွေ ကိုယ့်မျိုးထံ အာပူမကပ်လို့ ဘယ်သူ့ထံသွား၍ အာပူကပ်ကြရမည်နည်း။ ဆွေချင်းမျိုးချင်း တဦးနှင့်တဦး ပညာရှိသွားအောင်၊ ကုသိုလ်ရသွားအောင် ကလေးများကို ပညာသင်စရိတ် ထောက်ပံ့ခြင်း၊ လူကြီးများကိုလည်း ကုသိုလ်ကောင်းမှု ပြုလုပ်နိုင်ရန်လည်း အကူအညီပေးခြင်းများ ပြုလုပ်နိုင်ရမည်။

မြတ်စွာဘုရား အလောင်းတော်သည် လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး စရိယသုံးပါးကို ဖြည့်ကျင့်ခဲ့သည်။ စရိယသုံးပါးတွင် ဉာတတ္ထ စရိယဟူသော ဆွေမျိုးတို့၏ အကျိုးငှာကျင့်ခြင်းလည်း ပါဝင်ပေသည်။ဆွေမျိုးတို့၏ အကျိုးအတွက် အသက်ကိုစွန့်ခဲ့ခြင်း၊ ကိုယ်လက်အင်္ဂါစွန့်ခဲ့ခြင်း စည်းစိမ်ဥစ္စာကိုစွန့်ခဲ့ခြင်းဟူသော စွန့်လွှတ်မှုများကို သူတပါးတို့ မကြံစည်ပ၊ မတွေးဝံ့လောက်အောင်ပင် ဖြည့်ကျင့်တော်မူခဲ့လေသည်။ မြတ်စွာဘုရားအလောင်းတော်၏ ကြီးမားလှသော ဆွေမျိုးတို့၏ အကျိုးငှာကျင့်တော်မူခဲ့ခြင်းကို ဆင်ခြင်၍ ငါတို့မှာ အသက်ကိုလည်း မစွန့်ရ၊ ကိုယ်လက် အင်္ဂါကိုလည်း မစွန့်ရ၊ စည်းစိမ်ဥစ္စာ အနည်းငယ်လောက်သာလျှင် စွန့်ရခြင်းဖြစ်သည်။ ဤမြင့်မြတ်သော လုပ်ငန်းကို အဘယ့်ကြောင့် ငါမလုပ်နိုင်ပဲ ရှိရမည်နည်းဟု စိတ်ကိုချိုးမြှောက်၍ ဤမင်္ဂလာကို ဖြည့်

ကျင့်နိုင်အောင် ကြိုးစားသင့်ပေသည်။ တဖက်သား၏အပြစ်ကို ထောက်ပြ၍ တာဝန်ကို မရှောင်လွှဲပါနှင့်။ တဘက်သား၏အပြစ်သည် တဘက်သား အပြစ်သာ ဖြစ်ပါစေ။ တာဝန်ရှောင်လွှဲခြင်းဖြင့် မိမိအပြစ်မဖြစ်ပါစေနှင့်။

သူတို့ မသိတတ်ချင်နေပစေ၊ ကျေးဇူးမတင်ချင် နေပစေ၊ သူတို့ တာဝန်ကျေတာ မကျေတာ ငါ့ကိစ္စမဟုတ်၊ ငါ့တာဝန်ကျေဖို့သာ ငါ့ကိစ္စ ဖြစ်သည်ဟူသော သူတော်ကောင်းစိတ် မွေးဖို့လိုသည်။ ဆွေမျိုးအချင်း ချင်း ကူညီထောက်ပံ့ရာ၌–

၁။ ဒါန = ဝတ္ထုပစ္စည်း ငွေကြေးစသည်တို့ဖြင့် တတ်စွမ်းသမျှ ပေးကမ်းထောက်ပံ့ခြင်း။

၂။ ပေယျဝဇ္ဇ = ချစ်ဖွယ်သော စကားကို ဆိုခြင်း။ မိမိထက် ငယ်သော မွေးချင်းများကို ငါ့တူ ငါ့သားပဲ ဟူ၍ နင်ပဲငဆ မခေါ်ရ၊ မပြောရ။ နားခံသာအောင်ခေါ်ရ ပြောရသည်။ ရွယ်တူများကိုလည်း ရွယ်တူအလျောက်၊ ကြီးသူများကိုလည်း ကြီးသူအလျောက် ယဉ်ကျေးဖွယ်ရာ ခေါ်ရ ပြောရသည်။

၃။ အတ္ထစရိယာ = အကျိုးစီးပွားဖြစ်အောင် ဆောင်ရွက်ပေးရသည်။ လုပ်ငန်းနှင့်ပတ်သက်သည့် လိုအပ်သောအကူအညီများ ပေးရသည်။ လုပ်နည်းကိုင်နည်းအကြံဉာဏ်များ ထောက်ပံ့ရသည်။ မလိမ္မာသည်ကို လိမ္မာအောင်၊ မတတ်သည်ကို တတ်အောင်၊ မသိသည်ကို သိအောင်၊ မယဉ်ကျေးသည်ကို ယဉ်ကျေးအောင် ပဲ့ပြင်ဆုံးမ ပြသပေးရသည်။

၄။ သမာနတ္တတာ = ကိုယ်နှင့် ထပ်တူထပ်မျှ သဘောထားရသည်။ ကိုယ်ချင်းစာရသည်။ အဖက်မတန် သလို ပြောဆိုလုပ်ကိုင်ခြင်းမပြုရ။ အားနည်းသူက စိတ်နာ သွား တတ် သည်။ ဆွေ မျိုး ချင်း တသက်လုံး မေ့မရ နိုင်လောက်အောင် နာကျည်းသွားစေနိုင်သော အမှုမျိုးမပြုရ။

ဤသည်တို့မှာ သင်္ဂဟတရားလေးပါးပင် ဖြစ်ပေသည်။ သင်္ဂဟတရားလေးပါးနှင့်ညီအောင် ကျင့်ကြံ၍ ဘဝပါရမီကြောင့် တော်စပ်လာကြသော ဆွေမျိုးမျိုးများအား မိမိတို့စွမ်းနိုင်သမျှ လိုအပ်သောအကူအညီများဖြင့် ထောက်ပံ့ကြရမည်။

ဆွေဝတ် မျိုးဝတ်ကို ဘယ်လို အကြောင်းနှင့်မျှ မချွတ်မယွင်းစေရ။ အလုပ်တာဝန်တခု ဖြစ်သည်ဟု အမြဲနှလုံးသွင်းရမည်။ လိုတာအကုန်ပေးနေတာပဲဟု အပြောအဆို မှားတတ်သဖြင့် ပေယျာလ ချစ်ဖွယ်သော စကားကိုဆိုရမည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ခြင်း ဖြစ်သည်။ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ တကယ်တမ်းအရေးကြုံလာသောအခါ ဆွေမျိုးက သာလျှင် အနစ်နာ ခံကြပေသည်။သူစိမ်းတရံဆံက အနစ်နာခံသည်ဆိုသည်မှာ ရှာမှရှားပေသည်။

မိမိဝတ္တရားကို ဆောင်ရွက်ရာ၌ တဘက်သား၏ တုံ့ပြန်မှုကို တွေးတောဖွယ်မလို။ ကိုယ့်တာဝန် ကျေပွန်ရန်သာ အရေးကြီးပေသည်။

ဘယ်သူတွေ ဘာပြောပြော ဘာဆိုဆို ကိုယ့်တာဝန် ကျေပွန်လျှင် ဥာတကာ နဥ္စ သင်္ဂဟ မင်္ဂလာမည်ပေသည်။

> နောင်ရင်း ညီရင်း၊ နှယ်မကင်းသား၊ သားချင်းမျိုး ဘော်။ အကျော်ထင်ရှား၊ ဆွေတော်များကို၊ တရားမပျက်၊ မေတ္တာဆက်၍၊ မဖျက်ဆီးမူ၊ ချီးမြှောက်ပူလေ့၊ သူ့ကိုချီးမြှောက်၊ ကိုယ်ဂုဏ်မြောက်၏၊ ယွင်းဘော်အလို၊ ဝန်မတိုနှင့်။
>
> (မဃဒေဝလင်္ကာ)

> ပြောင်းတော့ခရီး၊ လမ်းမကြီး၌၊ ပင်ထီးပညောင်၊ မြစ်တထောင်နှင့်၊ မြားမြောင်ခက်လက်၊ ရွက်လည်းစိပ်စိပ်၊ စေ့စေ့သိပ်လျက်၊ ရိပ်လည်းမှိုင်မှိုင်၊ လေမနိုင်လျှင်၊ ပင်ခိုင်သီးမှည့်၊ အပြည့်ကျေးငှက်၊ စားလျက်သောင်းသဲ၊ မှီဝဲလူဗိုလ်၊ ရိပ်ခိုအများ၊ ခရီးသွားတို့၊နေနားပျော်ရှင်၊ ထိုသစ်ပင်ကား၊ ဝင်လာသသူ၊ ခပ်သိမ်းလူကို၊ ဆာပူငြိမ်းအောင်၊ စီးပွားဆောင်သို့၊ လူဘောင်ကောင်းကြွယ်၊ လူကုန်ကယ်လည်း၊ ထို့နှယ်လည်းကောင်း၊ ဖြစ်တုံရှောင်း၍၊ မျိုးပေါင်းဆွေဝါး၊ လူအများကို၊ သနားကြင်နာ၊ စီးပွားရှာ၍၊ မေတ္တာမကင်း၊ မစခြင်းဖြင့်၊ ထန်ရင်းမှီကိုး ကွယ်စေမင်း။
>
> (လောကသာရပျို့)

# ၁၇။ အနဝဇ္ဇာ ကမ္မ မင်္ဂလာ

အပြစ်မရှိသောအလုပ်သည် မင်္ဂလာမည်၏။တနည်းအားဖြင့် အပြစ်မရှိသောအလုပ်ကို လုပ်ကိုင်ရခြင်း၊ မိမိအလုပ်ကို အပြစ်မရှိအောင် လုပ်ကိုင်ရခြင်းသည် မင်္ဂလာမည်၏။

အပြစ်ဆိုသည်မှာ မိမိသော်လည်းကောင်း၊သူတပါးသော်လည်းကောင်း၊ မိမိ သူတပါး နှစ်ပါးစလုံးကိုသော်လည်းကောင်း ယခုဘဝ၌ စိတ်၏ ဆင်းရဲခြင်း၊ ကိုယ်၏ဆင်းရဲခြင်း ဖြစ်စေသောအမှု၊ နောင်တမလွန်ဘဝ၌ စိတ်၏ ဆင်းရဲခြင်း၊ ကိုယ်၏ ဆင်းရဲခြင်း ဖြစ်စေသောအမှု၊ ခုရော နောင်ပါ စိတ်၏ ဆင်းရဲခြင်း၊ ကိုယ်၏ဆင်းရဲခြင်း ဖြစ်စေတတ်သော အမှုမှန်သမျှသည် အပြစ်မည်၏။ အကျဉ်းအားဖြင့် အပြစ်ဆိုသည်မှာ မလိုလားအပ်သော၊ မကောင်းကျိုးကိုဖြစ်စေတတ်သော အကြောင်းတရားပင် ဖြစ်သည်။

ထိုဆိုအပ်ခဲ့သောအပြစ်တို့နှင့်မငြိမစွန်းသောအလုပ်သည် အပြစ်မရှိသောအမှုမည်၏။ ထိုအပြစ်မရှိသော အလုပ်သည် ခုရော နောင်ပါ ချမ်းသာစီးပွားကို ဖြစ်စေနိုင်သောကြောင့် မင်္ဂလာလည်း မည်ပေသည်။

မိမိဆင်းရဲကြောင်း၊ သူတပါးဆင်းရဲကြောင်းဖြစ်သော မကောင်းသောလုပ်ကိုင်မှု၊ မကောင်းသောပြောဆိုမှု၊ မကောင်းသောကြံစည်မှုများသည် မိမိ၌ မရသေး မရောက်သေးသော သီလ၊ သမာဓိ၊ ပညာနှင့် ရာထူးဂုဏ်သိန် စည်းစိမ်ချမ်းသာ ဥစ္စာပစ္စည်းတို့ကို မရနိုင်စေသောအလုပ်များနှင့်

မိမိ၌ ရရှိပြီးဖြစ်သော သီလ၊ သမာဓိ၊ ပညာနှင့် ရာထူး ဂုဏ်သိန် စည်းစိမ်ချမ်းသာ ဥစ္စာပစ္စည်းပုံ့ကို ဆုံးရှုံးပျက်စီးနိုင်စေသော အလုပ်များသည် အပြစ်ရှိသောအလုပ်များပင် ဖြစ်ပေသည်။

ဤအလုပ်များနှင့် ဆန့်ကျင်ဘက်ဖြစ်သော အလုပ်သည် အပြစ်မရှိသောအလုပ်ပင် ဖြစ်သည်။

အပြစ်ကို အနည်းငယ်မျှသာ တကားဟူ၍ မထိမဲ့မြင် မပြုရ။ မီးပွားကလေးသည် လည်းကောင်း၊ မီးတောက်ကြီးသည်လည်းကောင်း တရွာလုံးတမြို့လုံးကို ပြာကျအောင်လောင်ကျွမ်းရာ၌ အတူတူပင်ဖြစ်ကြသည်။ မီးပွား

ကလေးက စတာဖြစ်၍ နည်းနည်းပဲလောင်လိမ့်မည်၊ မီးတောက်ကြီးကစမှ များများလောင်လိမ့်မည်ဟူ၍ မရှိချေ။ မီးသည် အကြီး အငယ် မရွေး ဖျက်ဆီးနိုင်စွမ်းရှိကြသည်သာတည်း။ ထိုမျိုးပမာအပြစ်မှန်သမျှသည် အကြီး အငယ် မရွေး၊ ကြီးမားသော မကောင်းကျိုးကို ပေးစွမ်းနိုင်ကြသည်သာတည်း။

ကာယကံ မကောင်းမှု၊ ဝစီကံ မကောင်းမှု၊ မနောကံ မကောင်းမှုများတွင် မပါဝင်ကြသော်လည်း မိမိလုပ်ကိုင်နေသော အလုပ်၏ ဆုတ်ယုတ်ပျက်စီးကြောင်းဖြစ်သော လုပ်ပုံ ကိုင်ပုံ၊ ပြောပုံ ဆိုပုံ၊ ကြံပုံ စည်ပုံတို့သည်လည်း ဤမင်္ဂလာတရားအရ အပြစ်ရှိကြသည်သာတည်း။

လုပ်ငန်းဆောင်တာများ လုပ်ကိုင်ရာ၌ အချိန်နှင့်အခါနှင့် မပြီးစီးခြင်း၊ မသပ်ရပ် မသေချာ လက်ရာ မကောင်းခြင်း၊ စရိတ်စက ကြီးလေးခြင်း၊ ဆက်ဆံရေး မပြေပြစ်ခြင်းတို့သည်လည်း အပြစ်ရှိသော အချက်များပင် ဖြစ်သည်။ မိမိလုပ်ကိုင်ရမည့် လုပ်ငန်းများကို သူ့အချိန် သူ့အခါနှင့် ပြီးစီးအောင်လုပ်ရသည်။ အပျင်းမထူရ။ မမေ့မလျော့ရ။ လုပ်ကိုင်ရာတွင်လည်း လက်စလက်န သေသေသပ်သပ်ရှိရသည်။ ဖြစ်ကတတ်ဆန်းတော်ကျေ တန်းကျေ မသေမချာ မလုပ်ရ။ သုံးစွဲသူများ စိတ်ချမ်းသာစွာ သုံးစွဲနိုင်ကြပါစေဟု စေတနာထားတတ်ရမည်။ မိမိနှင့်ဆက်သွယ်သူက ဒီဆိုင်ဝယ်မိတာ၊ ဒီလူနဲ့ ဆက်ဆံမိတာ ငါးပါးမှောက်တာပါပဲ စသော အထင်မျိုး မရောက်စေအောင် သတိပြုရမည်။

စျေးသည် တယောက်အတွက် မိမိဆိုင်က ကုန်ပစ္စည်းရောင်းလိုက်ရရုံမျှဖြင့် အောင်မြင်ပြီဟု မမှတ်ရ။ ဝယ်သူက ဝယ်ယူပြီးသည့်နောက် ကျေနပ်နေစေရမည်။ အလုပ်သမား တယောက်အတွက် ဆက်သွယ်သူနှင့် အလုပ်ဖြစ်ခါမျှနှင့် အောင်မြင်ပြီဟု မမှတ်ရ။လုပ်ကိုင် ဆောင်ရွက်ပြီးသည့်နောက် ဆက်သွယ်သူက ကျေနပ်နေစေရမည်။ အလုပ်အကိုင် ကောင်းနေရုံမျှနှင့်လည်း ပြည့်စုံပြီဟု မမှတ်ရ။ ဆက်ဆံရေး ပြေပြေပြစ်ပြစ်ရှိဖို့လည်း လိုအပ်သည်။ ဆက်ဆံရေး မပြေပြစ်၊ မကောင်းမွန်လျှင် မရှိလို့သုံး နှလုံးနာနာ ဆိုသကဲ့သို့ ဖောက်သည်များ နှလုံးနာကြလိမ့်မည်။ အပြိုင်တဦး ပေါ်လာသည်နှင့် တပြိုင်နက် မိမိကိုလှည့်၍ပင် ကြည့်ကြလိမ့်မည် မဟုတ်ချေ။ စျေးဆိုင် တဆိုင်အတွက် ကုန်ပစ္စည်း အမျိုးကောင်းသော်လည်း ဆက်ဆံရေး

မကောင်းလျှင် ရောင်းရလိမ့်မည်မဟုတ်ချေ။ ဘယ်ဆိုင်မှ မရှိသောကြောင့် မတတ်သာ၍ ဝယ်ယူသွားရသော်လည်း နောက်တခါ ဤဆိုင်နားသီတော့မည် မဟုတ်။

ရရှိလာသောအခွင့်အရေးကို ဘယ်သောအခါမှ ကိုယ်ကျိုးအတွက်ချည်း မသုံးရ။ သူ့ဖို့ကိုယ့်ဖို့ ဖို့နှစ်ဖို့ ထားရသည်။ မြင်းလှည်းသမားတယောက်အတွက် တခါတရံ ခရီးသည်ကလည်း အလွန်အရေးကြီးနေသည်၊ နေကလည်း အလွန်ပူနေသည်။ ဝန်ထုပ်ဝန်ပိုးကလည်း မနိုင်မနင်း ဖြစ်နေသည်၊ အခြားအပို မြင်းလှည်းဟူ၍လည်း တစင်းမှမရှိ ဟူသော အခွင့်အရေးမျိုး ကြုံရတတ်သည်။ ထိုအခွင့်အရေးကို ကိုယ်ကျိုးအတွက်ချည်း သုံး၍ တကျပ်တန်သော ခရီးကို တဆယ်တောင်းခြင်းမျိုးသည် ရေကြီးသော အလုပ်မဟုတ်စေကာမူ လူသားတို့၏ ကျင့်ဝတ် ပျက်စီးသဖြင့် အပြစ်ရှိသည်သာဖြစ်ပေသည်။

ဈေးဆိုင်တခုတွင် ဆိုင် ပရိဘောဂများ၊ ကုန်ပစ္စည်းများ ဘားပုံ သိုပုံ မကောင်းခြင်း၊ သူ့နေရာနှင့်သူ သပ်သပ်ရပ်ရပ် မရှိခြင်း၊ အခါရာသီနှင့် မလျောက်ပတ်သောကုန်ပစ္စည်းများကို ရှေတန်းတင်ထားခြင်း၊လူကြိုက်များသော ကုန်ပစ္စည်းများကို မထားပဲ လူကြိုက်နည်းသော ကုန်ပစ္စည်းများကို ထားခြင်း၊ ကုန်ပစ္စည်း အမျိုးအစား မမှန်ခြင်း၊ ဈေးနှုန်းမမှန်ခြင်း၊ အရောင်းအဝယ်နှင့် ပတ်သက်သော စာရင်း အင်း မှတ်စုမှတ်တမ်းများ ပြည့်ပြည့်စုံစုံ မထားရှိခြင်း၊ လုပ်ငန်းကို မကျွမ်းကျင်ခြင်း၊ လုပ်ငန်း၌ စိတ်ဝင်စားမှု မရှိခြင်းတို့သည်လည်း အပယ်လားကြောင်း ဖြစ်သော မကောင်းမှုများ မဟုတ်သဖြင့် အပြစ်မရှိဟု မထင်မှတ်ရ၊ ကြီးပွားချမ်းသာကြောင်းကိုဖျက်ဆီးတတ်သော သဘောဖြစ်၍ ဤမင်္ဂလာ တရားတော်အရ အပြစ်ရှိသည်သာတည်း။

မှန်၏။ မြတ်စွာဘုရားသည် အနဝဇ္ဇာနိ ကမ္မာနိ ဟူသော ဤမင်္ဂလာ၌ အပြစ်ဟူသော အချက်ကို မည်မျှလောက် အတိုင်းအတာသို့ ရောက်မှ ဖြစ်သည်ဟူ၍ ဟောကြားတော် မမူခဲ့ချေ။ အပြစ်မြောက်အောင် ပြုလုပ်သော အတိုင်းအတာကို မဟောကြားခဲ့ချေ။ မြတ်စွာဘုရားတို့၏ မဟောကြားခဲ့ခြင်းသည် မေ့လျော့နေ၍ မဟောကြားခဲ့ခြင်းဟူ၍ မရှိချေ။ ဟောရန်မလိုအပ်၍ မဟောကြားခဲ့ခြင်းသာ ဖြစ်ပေသည်။

ဤစကားသည်လည်း မှန်၏။ သူ့အသက်ကို သတ်ခြင်းဟူသော အပြစ်၌ အသက်ရှိသည်လည်း မှန်စေ။ သက်ရှိသတ္တဝါဟု အမှတ်ရှိသည်လည်း ဖြစ်စေ၊ သေစေလိုသော စေတနာလည်း ရှိစေ၊ သေစေရန် ပြုလုပ်သည်လည်း ဖြစ်စေ၊ သေလည်း သေစေ ဤသို့ အင်္ဂါ(၄)ချက် ညီညွတ်လျှင် သူ့အသက် သတ်ခြင်းဟူသော ပြစ်မှုမြောက်သည်ဟု ဟောကြားတော်မူခဲ့ပေသည်။

ခိုးခြင်းဟူသော အပြစ်၌ ပိုင်ရှင်ရှိသောပစ္စည်းလည်း မှန်စေ၊ ခိုးယူလိုသော စေတနာလည်း ရှိစေ၊ နေရာမှ ရွှေ့စေ၊

ဤအင်္ဂါတို့နှင့်ညီညွတ်လျှင် ခိုးခြင်းဟူသော ပြစ်မှုမြောက်သည်ဟု ဟောကြားတော်မူခဲ့ပေသည်။

ဤမင်္ဂလာ တရား၌ ယင်းသို့ အတိုင်းအတာ မထားခဲ့သဖြင့် အနည်းငယ်မျှလောက်ပင် ဖြစ်သော ဆုံးရှုံးပျက်စီးခြင်းကို ဖြစ်စေနိုင်သော အမှုသည်ပင် အပြစ်ဟူ၍ ယူရမည်။ ယုတ်စွအဆုံး အဝတ်အစား အသစ်ကို ဝတ်၍ တွေ့ရာနေရာ မဆင်မခြင်ထိုင်ခြင်း၊အိပ်ခြင်းသည်ပင် အပြစ်ဖြစ်တော့သည်။အခြားအခြားသော မင်္ဂလာ တရားတော်တို့ကိုလည်း ဤနည်းအတူ သဘောကုန်စင်အောင် ယူသင့်ပေသည်။

ကျောင်းသားတယောက်အတွက် ကျောင်းမှန်မှန်မတက်ခြင်း၊ တက်ပြန်လျှင်လည်း စိတ်ပါလက်ပါ မလေ့လာ မဆည်းပူးခြင်း၊ အသုံးပြုနေသော စာအုပ်စာတမ်းများကိုလည်း ရှိရှိသေသေ ကိုင်တွယ်အသုံးပြုမှု မရှိခြင်း၊ လက်ရေးလက်သား မကောင်းခြင်း၊ ကျောင်းသားကောင်းတို့၏ အမူအရာ မရှိခြင်း၊ ကျောင်းစည်းကမ်း မရှိသေခြင်းများသည် လည်းကောင်း၊

အလုပ်သမားတယောက်အတွက် အလုပ်ချိန်နောက်ကျခြင်း၊ အလုပ်စည်းကမ်း ပျက်ကွက်ခြင်း၊ အကြီးအကဲ၏ ရှေ့တွင်တမျိုး၊ ကွယ်ရာ တမျိုး ပြုကျင့်ခြင်း၊ မိမိလုပ်ကိုင်နေသော လုပ်ငန်းအပေါ် စေတနာမထားခြင်းသည်လည်းကောင်း ဤမင်္ဂလာတရားအရ အပြစ်ရှိသည်သာတည်း။

အဝတ်အစား ဝတ်ရာမှာလည်း သူ့နေရာနှင့်သူ ဝတ်ရသည်။ ညအိပ်တော့ ညဝတ်ညစား၊ အိမ်နေတော့ အိမ်ဝတ်အိမ်စား၊ အပြင်ထွက်တော့ အပြင်ထွက်အဝတ်အစား၊ ပွဲလမ်းသဘင် အခမ်းအနား သွားလျှင် ပွဲလမ်းသဘင်အခမ်းအနားနှင့် သင့်လျော်သော အဝတ်အစား စသည်ဖြင့် ခွဲခွဲ

ခြားခြား အသုံးပြုရသည်။ အလွန်ပေါများ နေပြီကောဟူ၍ မရှိမသေ အသုံးမပြုသင့်။ ပေါများနေသော်လည်း စည်းနှင့် ကမ်းနှင့်သာ အသုံး ပြုရမည်။ အဝတ်သစ် အစားသစ်များဝတ်၍ ညအိပ်ခြင်း၊ ဝတ်ကောင်း စားလှများကို ဝတ်ဆင်လျက် တွေ့ကရာထိုင် တွေ့ကရာ လုပ်ခြင်းများ မပြုရ။ ဒူးနေရာဒူး တော်နေရာတော်ဆိုသကဲ့သို့ သူ့နေရာနှင့်သူ လိုက်ဖက် အောင် ဝတ်စားဆင်ယင်ရသည်။

ဧည့်သည်လုပ်၍ သွားသောအခါတွင်လည်း ဧည့်သည်ပီပီ နေတတ် ထိုင်တတ် စားတတ် သောက်တတ် ရှိရသည်။ နေပုံ ထိုင်ပုံ စားပုံ သောက် ပုံ မယဉ်ကျေးလျှင် အိမ်ရှင်က အထင်သေးသွားတတ်သည်။ ထမင်းပွဲတွင် ဟင်းခွက်ထဲ လက်နှင့်နှိုက်၊ ပေကျံနေသောလက်ဖြင့် ဇွန်းကိုကိုင်၊ ထမင်း စားယင်း စကားတွေဖောင်လောက်အောင်ပြော၊ ဖိတ်တဝက် စင်တဝက်နှင့် စား၊ လက်ပေကြီးနှင့် သောက်ရေခွက်ကိုင်၊ ပလုတ်ပလောင်းနှင့် ပလုတ်ကျင်း ပြီးလျှင်ဝေါကနဲ ဝေါကနဲနှင့် တအားထွေး၊ လူရှေ့ သူရှေ့ သွားကြားထိုး၊ တဘက်သားစားနေစဉ် သလိပ်ဟက် ဟူသော မဖွယ်မရာစားပုံ သောက်ပုံ လုပ်ပုံတို့မှာ အတူစားသူတို့အတွက် အလွန်စိတ်ဆင်းရဲခြင်း ဖြစ်တတ်ချေ သည်။ အပယ်လားကြောင်း မကောင်းမှုကြီးများ မဟုတ်ကြစေကာမူ ဆွေရောမျိုးပါ အထင်သေး အမြင်သေး ခံရတတ်ချေသည်။

အရက်သေစာ သောက်စားမှု အပြစ်ရှိသည်မမှတ်သင့်။ ကွမ်းစား ဆေးသောက် လွန်ကဲခြင်းများသည်လည်း အပြစ်ရှိသည်သာတည်း။ ရှေးက ကွမ်းစားသည်ဆိုသည်မှာ တနေ့လျှင် တကြိမ်၊ နှစ်ကြိမ်ထက် မများကြ။ စားရာမှာလည်း အပျင်းပြေစားသည်မဟုတ်၊ ဆေးအမှတ် ဝါးအမှက်နှင့် စားသုံးကြခြင်း ဖြစ်သည်။ အစာစားပြီးလျှင် အစာပိတ်ဟူ၍ စားကြသည်။ နောက်ထပ် အာအစာမှစားရန် မလိုတော့အောင် ပိတ်လိုက်ခြင်းဖြစ်သည်။ ကွမ်းရွက်၊ ကွမ်းသီး၊ ရှားစေး၊ ထုံး၊ ဆေးရွက်ကြီးတို့သည် အစာကြေ သည်၊ သလိပ်ကြေသည်၊ သွားရောဂါကင်းသည်၊ ခံတွင်းရှင်းသည်၊ ထို အကျိုးအတွက် စားသုံးကြခြင်း ဖြစ်သည်။ ယခုအခါမှာမူ ယခင်ကဲ့သို့ ကွမ်းတယာပြီးတယာ ပလုတ်ပလောင်းစား၊ အန္တရာယ် ဖြစ်စေတတ်သည့် ပုလင်းဆေးခေါ်သည့် ဆေးများကို အဆမတန်ထည့်၊ တွေ့ကရာနေရာ ဟဗျစ်ဗျစ်နှင့်ထွေး၊ စည်းမဲ့ ကမ်းမဲ့ ဖြစ်ကြတော့သည်။ ၎င်းတို့လျှာတွင် ဆားပေါ့လို့ ပေါ့မှန်းမသိ၊ ငန်လို့ ငန်မှန်းမသိ၊ ချိုလို့ ချိုမှန်းမသိ၊ ချဉ်လို့ ချဉ်မှန်းမသိအောင် ခံတွင်းပျက်ကြတော့သည်။

ဆေးလိပ်သောက်ရာမှာလည်း လွန်လွန်ကဲကဲသောက်၊အဖိုးတန်ဆေးလိပ် တွေသောက်၊ ကျန်းမာရေးလည်းရှုံး၊ စီးပွားရေးလည်းရှုံး၍ နောက်ဆုံး လူမှုရေးပါ ရှုံးရတော့သည်။ ဘာအကျိုးစီးပွားမှ မဖြစ်သည့်အပြင် ငွေ ကုန်၍ ရောဂါရသော ဤကွမ်းစား၊ ဆေးလိပ်သောက်ခြင်းများကိုလည်း ဆင်ခြင်သင့်သည်။

## အကျိုးပေးသော အလုပ်ကို အားစိုက်ပါ

စက်မှုလက်မှု လုပ်ငန်းများ၊ အရောင်းအဝယ်လုပ်ငန်းများဖြင့် စီးပွား ရေး တိုးတက်နေသူများ အများအပြား ရှိကြပေသည်။ ထိုတိုးတက်လာသူ အများအပြားထဲမှ အများအပြားသော သူတို့သည် မိမိအကျိုးပေးသော အလုပ်ကို ကောင်းသည်ထက်ကောင်းအောင် ပြည့်စုံသည်ထက် ပြည့်စုံ အောင် အားစိုက်၍ တိုးချဲ့မွမ်းမံရမည့်အစား အလုပ်နှင့် မပတ်သက်သော အိမ်ကြီးကြီးဆောက်ရန်၊ထည်ဝါသော အိမ်ထောင် ပရိဘောဂများ ဝယ် ရန်၊ ဝတ်ကောင်းစားလှများ ဝယ်ရန် လုံးပမ်းကြတော့သည်။ လုပ်ငန်းကို ဆက်လက် တိုးချဲ့ရကောင်းမှန်းပင် မသိကြချေ။ ဆက်လက် မတိုးချဲ့သည်နှင့် တပြိုင်နက် လုပ်ငန်း၏ တိုးတက်မှု ရပ်လေတော့သည်။

အတော်လေး ကြီးပွားနေသော ဆိုင်တဆိုင် တွေ့ရဘူးသည်။ ၎င်းဆိုင် မှာ အကွက်ကောင်း နေရာကောင်းတွင် ရှိနေသဖြင့် နေ့စဉ်နေ့တိုင်း တွင် တွင်ကျယ်ကျယ် ရောင်းချရ၍ အမြတ်အစွန်းများ ရရှိနေပေသည်။ ၎င်း ဆိုင်တွင် အသုံးပြုနေသော ဗီရိုကြီးမှာ အလွန် အိုမင်း ဟောင်းနွမ်းလျက် မြင်မကောင်း ရှုမကောင်းအောင်ပင် ရှိနေတော့သည်။ ဤဗီရိုကြီးကို ပြင် ရန် လက်သမားဆရာတယောက်နှင့် တွက်ချက်ကြသောအခါ ၃၀၀ ကျပ် လောက် ကုန်မည်ပြော၍ ဈေးများသည်ဟု ဆိုကာ ဗီရိုကြီး မပြင်တော့ ချေ။နေ့စဉ် ဝင်ငွေပေးနေသော ဤဗီရိုကြီးကို ဈေးများသည်ဆိုကာ ၃၀၀ ကျပ် ကုန်မည်စိုး၍ မပြင်ခဲ့သော ထိုဆိုင်ရှင်သည် နောက် တပတ်လောက် အတွင်း ၃၀၀ ကျပ်ကျော် တန်သည့် ဝတ်စုံနှစ်စုံ သူ့သမီးများအတွက် ဝယ်ခဲ့လေသည်။ငွေရသောလုပ်ငန်းကို တိုးချဲ့ မွမ်းမံရန် လက်တွန့်သလောက် အပျော်အပါးနှင့် အမော်အကြွားကို ရက်ရောလှပေသည်။ ထိုဆိုင်ရှင်သည် အကယ်၍သာ မိမိလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်ရာ၌ ရက်ရောခဲ့လျှင် ထို့ထက်

အဆပေါင်းများစွာ ကြီးပွား တိုးတက်နိုင်ပေသည်။ ဤဖြစ်ရပ်မျိုး မြန်မာတို့ဘွင် အလွန်များသည်။ သတိထားဖို့ လိုအပ်ပေသည်။

ဝင်ငွေရသည့် လုပ်ငန်းကို မွမ်းမံရသည်။ ဝင်ငွေရသည့်အလုပ်ကို အားစိုက်ရသည်။ အလုပ်ခွင်ကို တနေ့ထက်တနေ့၊ တလထက်တလ၊ တနှစ်ထက်တနှစ် အခြေအနေ တိုးဘက် ပြောင်းလဲလာအောင် ကြိုးစားရမည်။ မနှစ်ကထက် ဒီနှစ်အခြေအနေ ပုချ တိုးတက်ရမည်။ မနှစ်က အင်သားစားပွဲ သုံးခဲ့ရလျှင် ဒီနှစ် ကျွန်းသားစားပွဲ သုံးနိုင်အောင် ကြိုးစားရမည်။ တခါလာလည်း မပြောပုဆိုး၊ နှစ်ခါလာလည်း မပြောပုဆိုး ကိုသလို မဖြစ်စေရ။

လုပ်ငန်းကို တိုးချဲ့ရမည်ဆိုသဖြင့် မဆိုင်ရာကို မတိုးချဲ့သင့်ပေ။ မိမိလုပ်ငန်းနှင့် ဆိုင်ရာဆိုင်ရာကိုသာ တိုးချဲ့သင့်ပေသည်။ ကမင်းကိုင်ဖြင့် တိုးတက်ကြီးပွားလာသဖြင့် မော်တော်ကား တောင်၍ ပျက်စီးသူများလည်း မနည်းပေ။ မိမိလက်ရှိ လုပ်ငန်းနှင့် မဆက်စပ်သောအလုပ်၊ မိမိမကျွမ်းကျင်သောအလုပ်ကို သူများတကာ အပြောကောင်းတာနှင့် နားမယောင်ပါနှင့်။ သူများတကာ ဟုတ်သော်လည်း ကိုယ့်အတွက် ဟုတ်ချင်မှ ဟုတ်ပေမည်။ အထူး သတိပြုရန်မှာ လူတယောက် အကုသိုလ် ဝင်လာ၍ စီးပွားပျက်စီးတော့မည် ဆိုလျှင် အကျိုးပေးနေသော မိမိစီးပွားရေး လုပ်ငန်းကို အထင်သေး အမြင်သေး ဖြစ်လာတတ်သည်။

မိမိလက်ထဲ စုဆောင်းမိသော ငွေထုပ်ကြီးကို ကြည့်၍ ငါးပြား ဆယ်ပြားနှင့် စကားပြောရသည်၊ တမတ်ဖိုးကို ငါးမူးဖိုးကို အလုပ်ကြီး လုပ်နေရသည်ဟု အကျိုးပေးနေသောမိမိလုပ်ငန်းကို အထင်သေးအမြင်သေးဖြစ်လာတော့သည်။ မိမိလက်ဝယ် ရှိသော ထိုအကုပ်ကြီးသည် ငါးပြားဆယ်ပြား၊ တမတ်ငါးမူးက ရလာသည်ကိုလည်း မေ့လျော့သွားတော့သည်။

မော်တော်ကားတစင်း ဝယ်လိုက်စမ်းပါဗျာ၊ ငါးသောင်းလောက်ဆိုရပါတယ်၊ ရန်ကုန် တခေါက်ဆို ၂၀၀၀ ကျပ်လောက် ရတာပဲ၊ စရိတ်က ငါးရာ ကုန်တော့မပေါ့ဗျာ၊ အနည်းဆုံး တခေါက် ၁၅၀၀ ကျပ်တော့ ကျန်တာပဲ၊ တလ ဆယ်ခေါက်ဆိုတော့ ၁၅၀၀၀ ကျပ်တော့ ရတာပဲဗျ။ အနည်းဆုံး တလ ၁၀၀၀၀ ကျပ်ပဲ ထားပါအုံးဗျာ၊ ငါးလရှိယင် ခင်ဗျားကားဖိုး ကျေရောပေါ့။ ကိုင်း ငါးလမဟုတ်တောင် တနှစ်ဆို ကျေရောပေါ့၊ ခင်ဗျားကားကို လွှင့်တောင်ပစ်နိုင်သေးတယ် ဟူသော သူတပါး တိုက်တွန်းမှုကို အားကျ၍ မော်တော်ကား ထောင်လိုက်ဟု ရှိသမျှ ရွှေတို

ငွေစပါ ဟက်ဟက်စင် ပြောင်သည့်အပြင် နောက်ဆုံးသမီးပါ ပါသွားလေတော့သည်။

ထို့ကြောင့် မရှူးပညာရှိတို့က အဖျားတက် အမှည့်စားရနိုးနိုး၊ ငါးပွက်ရာ ငါးစာမချနှင့်၊ ဝမ်းဘဲ ဟသ်ာ ချောင်းကိုပစ်လို့ မြစ်ကိုရှာ၊ ရေသာများ၍ ငါးမနေတွေ့၊ စီးပွားရေးမှာ အားဟောင်းပစ်လို့ အသစ်ရှာ၊ နေရာများ၍ ကြွားမစေ့ဟူ၍ သတိပေးစကား ထားခဲ့ကြခြင်း ဖြစ်ပေသည်။

## ရောယောင် နောက်လိုက် မလုပ်ပါနှင့်

ဘာလုပ်ငန်းကိုပဲလုပ်လုပ် ကိုယ်ပိုင် အသိ ကိုယ်ပိုင် ဆုံးဖြတ်ချက်နှင့် လုပ်ရမည်။ မိမိ လုပ်ကိုင်နေသော အလုပ်သည် သူတပါးလုပ်နေ၍ လုပ်ရသော အလုပ်မျိုးမဟုတ်စေရ။ လုပ်သင့် လုပ်ထိုက်၍ လုပ်ရသော အလုပ်မျိုးသာဖြစ်စေရမည်။ လုပ်သင့်လုပ်ထိုက်သော အလုပ်ဖြစ်လျှင် သူတပါးမလုပ်သော်လည်း လုပ်ရဲရမည်။ မလုပ်သင့် မလုပ်ထိုက်သော အလုပ်ဖြစ်လျှင် မလုပ်ရ။ သူတကာ ယောင်လို့ယောင် အမှောင် တောင်မှန်း မြောက်မှန်းမသိဆိုသကဲ့သို့ ကိုယ့်အသိ ကိုယ့်ပညာ ကိုယ့်ဆုံးဖြတ်ချက် မပါပဲ သူတကာလုပ်ပုံကိုင်ပုံကြည့်၍ ရောယောင်နောက်လိုက် လုပ်နေသော လူစားမျိုးသည် ဘယ်တော့မှ မကြီးပွားချေ။

လူဆိုသည်မှာ ကိုယ်ပိုင်အသိ၊ ကိုယ်ပိုင်ပညာ၊ ကိုယ်ပိုင်ယုံကြည်ချက်၊ ကိုယ်ပိုင် ဆုံးဖြတ်ချက် ရှိရသည်။ သို့မှလည်း လူပီသသည်။ အငြိမ့်ပွဲတွင် ရယ်ရွှင်ဖွယ်လုပ်ရသော လူရွှင်တော်တများသူကြီးကဲ့သို့ တရားလိုပြောတာလဲ မှန်တန်ပါနဲ၊ တရားခံပြောတာလဲ ဟုတ်တုတ်တုတ်၊ ကျွန်တော် ဘယ့်နှယ်လုပ်ရမလဲပါ ဆိုသကဲ့သို့ မဖြစ်စေရ။ သူများတကာ အပြောရောင်ဝတ်နေကြ၍ မိမိပါ အနီရောင်ပဝတ်ရဲဘူးဟူသော အဖြစ်မျိုးမရှိစေရ။ သူတပါးပြောသော်လည်း ပြောသင့်မှပြောမည်။ သူတပါးမပြောသော်လည်း ပြောသင့်လျှင် ပြောမည်။ မိမိနှင့်လိုက်ဖက်သည်၊ မလိုက်ဖက်သည်ကိုဆန်းစစ်ပြီးမှကိုယ့်ကိုယ်ကို ဆင်ခြင်ရမည်။ မိမိနှင့်လိုက်ဖက်သည်မလိုက်ဖက်သည်ကိုမဆန်းစစ်ပဲ သူများလိုဝတ်မှလှမည်၊ သူများလိုဆင်မှယဉ်မည် အထင် ရောက်ကာ၊ ဖြူဖြူတုတ်တုတ်ကလေးတွေကြည့်၍ အနက်ခြောက်က အကျီလက်တိုဝတ်မည်ဆိုလျှင် လူတောထဲ အထုပ်ဖြေပြသကဲ့သို့ ရှိပေလိမ့်မည်။ ထို့ကြောင့် ရောယောင် နောက်လိုက် မလုပ်ပါနှင့်။

# ဟန်မဆောင်ပါနှင့်

ဟန်ဆောင်ခြင်းသည်လည်း အပြစ်ရှိသော လုပ်ငန်းပင်ဖြစ်သည်။ မသိပဲ သိဟန်မဆောင်ပါနှင့်။ မရှိပဲ ရှိဟန်မဆောင်ပါနှင့်။ မသိပဲ သိဟန်ဆောင်ခြင်း၊ မရှိပဲ ရှိဟန်ဆောင်ခြင်းကို ကြွားသည်ဟု ခေါ်ကြပေသည်။ ဟန်ဆောင်သည်ဆိုခြင်း၏ အဓိပ္ပာယ်မှာ တကယ်မဟုတ်ပါပဲလျက် တကယ်ဟုတ်လေဟန် အတုအယောင်ပြုလုပ်သောအရာဖြစ်၍ ဘာမှအနှစ်သာရ မရှိချေ။

ဘုန်းကြီးပျံပွဲမျာတွင် တွေ့မြင်ရသော ပြာသာဒ် တလား လောင်တိုက်ဟူသော အဆောက်အအုံကြီးများကိုကြည့်လျှင် ရွှေရောင်တွေက တပြောင်ပြောင်၊ ငွေရောင်တွေကတဝင်းဝင်းနှင့် နတ်ဘုံနတ်နန်းအလားပင် ထင်မှားဖွယ်ရာ ကောင်းလှသည်။ ဘုန်းကြီးပျံပွဲတော် တခုလုံးတွင် တွေ့မြင်ရသော အံ့သြစဖွယ် ထိုဘုံနန်းပြာသာဒ်ကြီးများအတွက် ကုန်ကျခဲ့သော ငွေသည် သောင်းနှင့်ချီ၍ရှိပေသည်။ သောင်းနှင့်ချီ၍ကုန်ကျခဲ့သော ထို ဘုံနန်းပြာသာဒ်ကြီးများသည် လေး ငါးရာ လောက်သာ ကုန်ကျသော သုံးပင်တဲမျှလောက်ပင် လေမိုးဒဏ်ကို မခံနိုင်ကြချေ။ တကယ့် အရာနှင့် ဟန်ဆောင်မှုသည် ဤမျှလောက်ပင် ခြားနားပေသည်။

အရာရာဟန်လုပ်ရသည်မှာ တန်ဖိုးကြီးမားလှ၏။ ဟန်လုပ်၍ အကျိုးမရသည့်အပြင် ဟန်ဆောင်မှုပေါ်သွားလျှင် အရှက်ပင် ကွဲတတ်ချေသည်။ ကိုယ့်ရှိသမျှနှင့် သန့်သန့်ရှင်းရှင်းအလှပြင်သင့်သည်။ ရှိသမျှနှင့်ပင် ကျေနပ်သင့်သည်။ သူတပါးပစ္စည်းငှား၍ အလှမဆင်ချင်ပါနှင့်။ သူတပါးပစ္စည်းငှား၍ အလှ ဆင်ရခြင်းသည် ဘုန်းကြီးပျံ အဆောက်အအုံကြီးများနှင့် တူပါသည်။

နေရာတကာ သိယောင်ကား တတ်ယောင်ကား မလုပ်ပါနှင့်။ မသိလျှင် မသိကြောင်း၊ မတတ်လျှင် မတတ်ကြောင်း ရဲရဲဝံ့ဝံ့ ဝန်ခံပါ။ မသိတာ သိအောင်၊ မတတ်တာ တတ်အောင် ရဲရဲဝံ့ဝံ့ သင်ယူပါ။ လုပ်သင့်လုပ်ထိုက်သော အလုပ်ကို ရဲရဲဝံ့ဝံ့ လုပ်နိုင်သော စိတ်ဓာတ်သည် အာဇာနည်စိတ်ဓာတ် ဖြစ်ပေသည်။ မိမိ၌မရှိပဲနှင့် ရှိဟန် ဆောင်ရခြင်း၊ မသိပဲနှင့် သိဟန်ဆောင်ရခြင်းသည် ရိုးရိုးသားသားကြိုးစားရခြင်းထက် အဆပေါင်းများစွာ ပို၍ခက်ခဲပေသည်။

ထို့ကြောင့်– ရှိဟန်မဆောင်ပါနှင့်၊ ရအောင်ရှာပါ။
သိဟန် မဆောင်ပါနှင့်၊ တတ်အောင် သင်ပါ။

# မကောင်းမှုနှင့် အပျင်းမဖြေပါနှင့်

အားလပ်သောအခါ မကောင်းမှုနှင့် အပျင်းဖြေလေ့ ရှိကြသည်။ သောက်စား မူးယစ်၍ အပျင်းဖြေခြင်း၊ လောင်းကစား၍ အပျင်းဖြေခြင်း မှားယွင်းသော ကာမဂုဏ်နှင့် အပျင်းဖြေခြင်းစသော မကောင်းမှုများနှင့် အပျင်းဖြေလေ့ရှိကြခြင်းသည် အလွန် မှားယွင်းသော အလုပ်များ ဖြစ်ပေသည်။ ခဏတာ အပျင်းပြေမှု အတွက် တသက်လျာ နစ်နာရမည့် လုပ်ငန်းမျိုးပင်ဖြစ်သည်။

ဤနေရာတွင် အပန်းဖြေခြင်းနှင့် အပျင်းဖြေခြင်းကိုလည်း ခွဲခြားရန် လိုအပ်ပေသည်။ အဘယ်ကြောင့်ဆိုသော် အပန်းဖြေမှုကို အကြောင်းပြု၍ အပျင်းဖြေမှုကို ပြုလုပ်နေကြသောကြောင့်ဖြစ်သည်။ အပျင်းသည်ဖြေ၍လို့ ပြေရိုးထုံးစံမရှိချေ။ ဖြေ၍ပြေလို့ ထုံးစံမရှိသော အပျင်းကို ဖြေနေကြသည်မှာလည်း မြစ်ကိုအလျားလိုက် ကူးသကဲ့သို့ဖြစ်ပေသည်။

တချို့မှာ ထိုလက်ပိုက်ထိုးသော သူတပါးကိုညှဉ်းဆဲခြင်း၊ သတ်ဖြတ်ခြင်း၊ ဒုက္ခပေးခြင်းတို့ဖြင့် အပျင်းဖြေခြင်းပြုလေ့ရှိကြသည်။ သူတပါးကို သတ်၍ပျော်ကြသည်။ သူတပါးကိုညှဉ်းဆဲ၍ပျော်ကြသည်။ သူတပါးကို ဒုက္ခပေး၍ပျော်ကြသည်။ မိမိ၏ ခဏတာမျှအပျင်းပြေရန်၊ ပျော်ရွှင်ရန် အတွက် လက်နက်ကြီးငယ်တွေနှင့် တိရစ္ဆာန်များကို လိုက်လံ၍ နှိပ်စက် ညှဉ်းပမ်းလေ့ရှိကြသည်။ ခံရရှာသူ တိရစ္ဆာန်များ၏ ဘဝကား အလွန် နစ်နာလှသည်။ သနားစဖွယ်ကောင်းလှသည်။ ကြေကွဲစဖွယ် ကောင်းလှ သည်။ ရင်နင့်စဖွယ် ကောင်းလှသည်။ လူသားတို့သည် သတ္တဝါများ၏ ခဏ တာမျှ သာသာကလေး အကင်း အပျင်းတော်ပြေကြစေရန် ကြောက်ရွံ့ခြင်း ကြီးစွာဖြင့် ပြေးကြလွှားကြရရှာသည်။ အသည်းဆတ်ဆတ်ခါအောင် အနာ တရဖြစ်ကြရသည်။ ဆွေကွဲမျိုးကွဲ သားကွဲမယားကွဲ ဖြစ်ကြရသည်။ သွေးသံ ရဲရဲဖြင့် သေပွဲဝင်ကြရရှာသည်။ အဖြစ်ဆိုးလှပေ၏။ ခံရသူ တိရစ္ဆာန်တို့ အတွက် ကိုယ်ချင်းစာဖို့သင့်လှ၏။ သူတပါး နှိပ်စက်ညှဉ်းပန်းရမှ အပျင်း ပြေသော ဝါသနာ၊ သူတပါးကို သတ်ဖြတ်ရမှ ပျော်ပတ်သော ဝါသနာ၊ သူတပါးတွေ သွေးသံရဲရဲနှင့် သေပွဲဝင်အောင် ပြုလုပ်ရမှ သဘောကျသော ဝါသနာများကား ကြောက်မက်ဖွယ် ကောင်းလေစွ။

မကောင်းမှုသည် အကျိုးမပေးမီကာလတွင် ပျားရည်ကို လျက်ရသကဲ့သို့ ချိုမြမြလေးရှိပေသည်။ အကြင်အခါ၌ မကောင်းမှုသည် အကျိုးပေး၏။ ထိုအခါ၌ ကြီးစွာသော ဆင်းရဲခြင်းသို့ ရောက်ရ၏။

အကြင်သူသည် မိမိ၏ချမ်းသာကို ရှာအံ့ဟူ၍ မိမိကဲ့သို့ပင် ချမ်းသာခြင်းကို အလိုရှိကြကုန်သော သတ္တဝါတို့ကို လက်နက်ဖြင့် ညှဉ်းဆဲ၏။ ထိုသူသည် နောင်အခါ၌ ချမ်းသာခြင်းကို မရနိုင်ပေ။

အလုံးစုံသော သတ္တဝါတို့သည် ဘေးအန္တရာယ်ကို ထိတ်လန့်ကြကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် မိမိအသက်ကို ချစ်ကြကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ သတ္တဝါတို့ကို သတ်ဖြတ်ညှဉ်းဆဲခြင်းမပြုရာ။

(ဓမ္မပဒ)

ထို့ကြောင့် မကောင်းမှုနှင့် မပျော်ချင်ပါနှင့်။ မကောင်းမှုနှင့် အပျင်းမဖြေပါနှင့်။

## အားမငယ်ပါနှင့်

စိတ်အား ငယ်တတ်ခြင်း၊ စိတ်အားလျော့ခြင်းသည်လည်း ဤမင်္ဂလာတရားတော်အရ အပြစ်ရှိသော အလုပ်ပင်ဖြစ်ပေသည်။ စီးပွားရေးလုပ်ငန်းအဆင်မပြေသောအခါ လူတိုင်းလိုလိုပင် အားငယ်တတ်ကြသည်။ ဘာလုပ်ရ၍ ဘာကိုင်ရမည် မသိ၊ ဘဲဥအခရှာမရသကဲ့သို့ ယောင်အအ ဖြစ်သွားတတ်သည်။ လူတောတိုးရန် မရဲမဝံ့နှင့် ခပ်ဆွံ့ဆွံ့ဖြစ်သွားပါပါသည်။ နဂိုကရှိနေသော အကြံကောင်း အစည်ကောင်းလေးများပင် အစရှာမရတော့ချေ။ ဤသည်ကား စီးပွားရေး အဆင်မပြေသူပိုင်း များသောအားဖြင့် တွေ့ကြုံကြရသော ဓမ္မတာသဘောပင် ဖြစ်ပေသည်။

စိတ်ညစ်ညစ်ရှိတိုင်း မိမိဒုက္ခကို တွေ့ကရာလူ လျှောက်ပြောတတ်ကြသည်။အလွန်လွဲမှားသောအလုပ်ဖြစ်၏၊တကယ်မလိုအပ်ပဲ မိမိ၏ဆင်းရဲဒုက္ခကိုသူတပါးတို့အား မပြောသင့်။ ပြောခြင်းဖြင့် အကူအညီ မရသည့်အပြင် အထင်အမြင်ပင်သေးသွားတတ်ချေသည်။ထိုအချိန်မျိုးတွင် အနေကောင်းဖို့

လိုသည်။ သိက္ခာရှိရှိ ပြောဖို့ ဆိုဖို့လိုသည်။ ကိုယ်အနေ မတတ်သော ကြောင့်ပင် သူတပါးက အထင်သေးသွားတတ်သည်။ အထင်သေးသွားလျှင် အလုပ်လုပ်ရန် မလွယ်။

မြင်တွေ့နေရသော တိုက်ကြီး တာကြီးတွေ၊ စက်ရုံ အလုပ်ရုံကြီးတွေ၊ သင်္ဘောတွေ လေယာဉ်ပျံတွေ၊ထိုထိုအဆောက်အအုံကြီးတွေကြောင့်လူဟူ၍ ဖြစ်ပေါ်လာသည် မဟုတ်။ လူ့ကြောင့် ထိုထိုပစ္စည်းတွေဖြစ်ပေါ်လာခြင်း ဖြစ်ပေသည်။လူရှိလျှင် ဘာအားငယ်ရန်ရှိပါသနည်း။ စီးပွားရေး အကျပ် အတည်းဆိုသည်မှာ သာပန်အားဖြင့် စိတ်ပျက်အားငယ်ဖွယ်ရာဟု ထင်ရ သော်လည်း တကယ်မှာမူ မိမိအတွက် အစွမ်းပြရမည့်အခွင့်ကောင်းကြီးပင် ဖြစ်သည်။

အရင်အလုပ် အရင်လုပ်ပါ၊ နောက်အလုပ် နောက်လုပ်ပါ။

လှိုင်းကြီး လှေအောက်၊ တောင်ကြီး ဖဝါးအောက်။

အနေကောင်း တသက်၊ အကြံကောင်း တချက်။

ကြက်ကန်းစပ်လှို့ ဂွကျတ်အောင် နိုင်သေးသည်။

တနေ့တလံ ပုဂံဘယ်ပြေးမလဲ။

ကြိုးစားက ဘုရားဖြစ်နိုင်သည်။

မေးပါများ စကားရသည်။ သွားပါများ ခရီးရောက်သည်။

ခရုမှာအဆန်နဲ့၊ လူမှာ အကြံနဲ့။

လူမတတ်တော့ လက်ဖက်ထုပ် တတ်လိမ့်မည်

ဟူသော စကားများသည် အခက်အခဲအကျပ်အတည်းတို့မှ လွတ်မြောက် ရန် ရုန်းကန်လျက် ရှိကြသူတို့အတွက် ရှေးပညာရှိများ ထွန်းညှိခဲ့သော မီးရှူးတန်ဆောင်ပင် ဖြစ်သည်။

အလုပ်တခုကိုသာ ရွေးလုပ်ပါ။ကြိုးကြိုးစားစားနှင့်ရိုးရိုးသားသားလုပ် ပါ။ ရေကူးကို ကုန်းပေါ်တွင် သင်၍မရ။ ရေကူးတတ်လိုလျှင် ရေထဲ ဆင်း၍သင်ရသည်။ ရေထဲမဆင်းပဲ ကုန်းပေါ်တွင် ရေကူးသင်တန်းကျောင်း ကြီးဆောက်၍ ရေကူးတဲ့အခါ လက်ကို ဘယ်လိုထားရမယ်။ ခြေကို ဘယ်လို ထားရမယ်။ ခါးကို ဘယ်လိုထားရမယ် စသည်ဖြင့် အသေးစိတ်၍ ဘယ် လောက်ပင်သင်သင်၊ ဘယ်လောက်ပင်ပြပြ ရေထဲဆင်းသည်နှင့်တပြိုင်နက် မုချရေနစ်မည်သာဖြစ်သည်။ အကျပ်အတည်းတွေ့နေလျှင် အလုပ်တခုကို

ထိထိရောက်ရောက် စ၍လုပ်လိုက်ပါ။ အလုပ်နှင့် အဖြေရှာမှ ပြေလည်ပေမည်။ အလုပ်ခွင်သို့ လက်တွေ့ မဆင်းပဲ ဟိုတွေး သည်ကြံ လုပ်နေမည်ဆိုလျှင် ကုန်းပေါ် ရေးကူးသင်သကဲ့သို့ အောင်မြင်မည် မဟုတ်ချေ။

ဘယ်သောအခါမှ အား မငယ်ပါနှင့်။ လုပ်ငန်းတွင် အခက် အခဲ အကျပ်အတည်းတွေ့လျှင်လည်း အားငယ်တတ်ပေသည်။ အပြေးသမား တယောက်၏အင်အားသည် ခြေတလှမ်းပြေးတိုင်း၊ခြေကလှမ်းပြေးတိုင်း အင်အားလျော့၍ လျော့၍ သွားပေသည်။အင်အားလျော့သွားတိုင်း သွားတိုင်း ပန်းတိုင်နှင့်နီးလာခြင်း၏သဘောပင် ဖြစ်သည်။ပန်းတိုင်နှင့်နီးလေ မောလေ ပင်ဖြစ်သည်။ အားမငယ်ပါနှင့်။ အောင်မြင်ပါတော့မည်။ တာထွက်စကဲ့သို့ ရွှင်ရွှင်လန်းလန်း သန့်သန့်စွမ်းစွမ်း မရှိတော့ခြင်းသည်ပင် လျှင် အောင်မြင်ခြင်း၏ အတိတ်နိမိတ်ဖြစ်ပါသည်။

ပန်းတိုင်နားနီးလေ မောလေဟူသောစကားကို မလွတ်တမ်း လက်ကိုင်ထားပါလေ။

## အခက်အခဲကို မကြောက်ပါနှင့်

အခက်အခဲဆိုသည် အလုပ်၏ တန်ဖိုးဖြစ်သည်။ 'ခင်ဗျား အင်္ကျီစက လေးတောင်ထဲပေးထားတာ၊ ခင်ဗျားက လက်တံကြီးကရှည်၊ ဝကလည်းဝ၊ ဒီအထဲ အိတ်နှစ်ဖက်တပ်ချင်တယ်ဆိုတော့ မနည်းကြံဖန်ပြီး ချုပ်ရတာ ပေါ့' ဟူသော စက်ချုပ်ဆရာ၏အပြော၊

'အမလေး၊ ခင်ဗျားမော်တော်ကားက၊ လေးပင်တွေ ဂွိုင်းသောတွေ ဘယ်တုန်းကမှ အမဲဆီနဲ့ မတွေ့ဖူးဘူးထင်ပါရဲ့၊ဖြုတ်လိုက်ရတာ ကောင်လေး သုံးယောက် နှစ်ရက်ကုန်သွားတာပဲ၊ အောက်ပိုင်းကလည်း ဖြစ်သလိုလုပ်ထားတာပဲ၊ ဒီအခြေအနေရောက်အောင် ကျွန်တော်မနည်းကို ကြိုးစားရပါတယ်' ဟူသော ကားပြင်ဆရာ၏ အပြော၊

'သစ်မြစ်ဆိုပေမယ့် လွယ်လွယ်တူးလို့ ရတဲ့အမြစ်မျိုး မဟုတ်ဘူး၊ မေခမေလိခ ဟိုဘက်ကို အဝေးကြီးသွားရသေးတယ်၊ တောကလည်း သိပ်နက်တာ၊ ညကျတော့လည်း သစ်ပင်ပေါ် တက်အိပ်ရတာ၊ တောကောင်တွေက သိပ်ပေါတာပဲ' ဟူသော ဆေးမြစ်ရောင်းသူ၏ အပြော၊

'ခုအတိုင်းဆိုယင် ခင်ဗျားအမှုက မနည်းကြိုးစားရမှာ၊ သူတို့ဘက်က သက်သေတွေကလည်း တော်တော်ခိုင်မာနေတယ်၊ ဥပဒေအချက်အလက် တွေကို အသေးစိတ် လေ့လာပြီး လုပ်ရမှာ၊ အလွယ်နဲ့တော့ မရနိုင်ဘူး' ဟူသော ရှေ့နေ၏အပြော၊

'အရင်စျေးနဲ့တော့ မရတော့ဘူး၊ ဂိတ်တွေကလည်း အရှာအဖွေ သိပ်ထူ တယ်၊ မြို့ပေါ်မှာလည်း ရဲနဲ့ပါတီကောင်စီပေါင်းပြီးတော့ ပိုက်စိပ်တိုက် ပြီး တဖမ်းထဲဖမ်းနေတာပဲ၊ မျက်နှာသိမို့ နည်းနည်းပါးပါးရခဲ့တာ၊ လမ်း တလျှောက်လုံး ကြောက်လိုက်ရတဲ့ဖြစ်ခြင်း၊ မရှိလို့လုပ်စားရတာ ဒီတခါ လောက် စိတ်ပျက်တာတော့ မရှိပါဘူး' ဟူသော မှောင်ခို စျေးသည်၏ အပြော၊

'သူတို့ဘက်က ဂိုလီကလည်း သိပ်ကောင်းတာပဲ၊ ဘက်နှစ်ယောက်က လည်း တော်တော့ကို တောင့်တယ်၊ ညာတောင်ပံကကောင်ကလည်း အပြေး သန်လိုက်တာ မပြောပါနဲ့တော့၊ ရှေ့တန်းရော နောက်တန်းရော တော်တော့ ကိုစေ့တဲ့အသင်း၊ ပထမပိုင်းတုန်းက ပရိသတ်က တို့အသင်းကို သွားပြီလို့ကို မှတ်ချက်ချထားတာ၊ ဒီတပွဲတော့ တော်တော့ကို ပင်ပန်းပါတယ်၊ အနိုင် ရပေမယ့် မသက်သာလှဘူး' ဟူသော အနိုင်ရ ဘောလုံးအသင်း၏ အပြော တို့သည် မိမိတို့၏အလုပ်ကို အရောင်တင်ခြင်း၊ အလုပ်၏ဂုဏ်ကို ထုတ်ဖေါ် ခြင်းပင် ဖြစ်ပေသည်။

မှန်ပေသည်။ အလုပ်တခုကို အခက်အခဲ ဖြင့်သာလျှင် တန်ဖိုးဖြတ်ရ သည်။ အခြားသော အချက်တို့ဖြင့် အလုပ်ကို တန်ဖိုးဖြတ်၍ မရချေ။ အခက်အခဲနည်းလျှင် အလုပ်တန်ဖိုးနည်း၍၊ အခက်အခဲများလျှင် အလုပ် တန်ဖိုးများသည်။ အခက်အခဲ ကြီးလေလေ၊ အလုပ်တန်ဖိုးကြီးလေလေပင် ဖြစ်သည်။

ထို့ကြောင့်အခက်အခဲဆိုသည်မှာအလုပ်၏တန်ဖိုးဖြစ်သည်ဟူသောဥပဒေ သကို ရရှိနိုင်ပေသည်။ အလုပ်ကိုအခက်အခဲဖြင့်တန်ဖိုးဖြတ်ရသကဲ့သို့လူသား အချင်းချင်း တန်ဖိုးဖြတ်ရာတွင် ရုပ်ဆင်းသဏ္ဍာန်ဖြင့် သော်လည်းကောင်း၊ အတတ်ပညာဖြင့်သော်လည်းကောင်း၊ စီးပွားရေးဖြင့်သော် လည်းကောင်း တန်ဖိုးဖြတ်လို၍ မရနိုင်ပေ။ ရုပ်လှသော်လည်း တန်ဖိုးမရှိသော အလုပ်ကို လုပ်ကိုင်နေလျှင် တန်ဖိုးမရှိသူသာ ဖြစ်မည်။ အောက်တန်းစာရေးလုပ်နေ သော ဘီအေသည် အောက်တန်းစာရေး တန်ဖိုးမျှသာရှိသည်။ မန်နေဂျာ

လုပ်နေသော ဘီအေသည် မန်နေဂျာတန်ဖိုးရှိသည်။ ဘာမှမလုပ်သော ဘီအေသည် ဘာမှ တန်ဖိုးမရှိချေ။

လူသားတို့၏ တန်ဖိုးသည် ၎င်းတို့လုပ်ကိုင်နေသော အချက်သာဖြစ်သည် ဟူသော ဥပဒေသ တခုကိုလည်း ထပ်မံရရှိနိုင်ပေသည်။ သို့ဖြစ်၍ အလုပ်ဟူသည် လူ့တန်ဖိုးဟူသော၊ လူသိများသော ဥပဒေသတခုကို အခိုင်အမာ ထပ်ဆင့်၍ အတည်ပြုနိုင်ကြပေပြီ။ အထက်ပါအချက်များကို ကြောင်းကျိုး ဆက်စပ်၍ဥပဒေသတခု ထပ်မံထုတ်ပြရမည်ဆိုလျှင်–

အလုပ်ဟူသည် လူ့တန်ဖိုး

အခက်အခဲဟူသည် အလုပ်၏ တန်ဖိုး

ထို့ကြောင့် အခက်အခဲဟူသည် လူ့တန်ဖိုး ဟူ၍ ဥပဒေသအသစ်တခု ထပ်မံ ရရှိနိုင်ပေသည်။

အခက်အခဲဆိုသည်မှာ လူ့တန်ဖိုး ဆိုသဖြင့် အခက်အခဲ ကြီးလေလေ၊ လူ့တန်ဖိုးကြီးလေလေ ဖြစ်ပေသည်။ သို့ဖြစ်၍ တန်ဖိုးကြီးလိုသော သူတို့ အခက်အခဲကြီးများနှင့် တွေ့အောင် ကြိုးစားကြပါကုန်ဟု တိုက်တွန်းလိုက် ပါသည်။

အထက်ပါဥပဒေသတို့အရ အခက်အခဲဆိုသည်မှာ ကြောက်စရာ မဟုတ် ကြောင်း သဘောပေါက်နိုင်လောက်ပေပြီ။ မုဆိုးကြီးတယောက်၏ ဘော ကြီးမျက်မည်း၊ တယောက်ထီးထီး ကျားကြီးနှင့်တွေ့၍ အသက်ဘေးမှလွတ် အောင်ရုန်းခဲ့ရပုံ၊ ကျားကြီးဘေးကလွတ်ပြီးနောက် မြွေကြီးနှင့်ထပ်တွေ့ရပုံ၊ မြွေကြီးနှင့်လွတ်ရန် ပင်ပန်းကြီးစွာ ပြေးနေဆဲ ဆင်အုပ်ကြီးတဲ ပျောက်သွား ပုံစသော စကားတို့ကို နားထောင်ရသူများသည် အဘယ်မျှ စိတ်ဝင်စား စရာ ကောင်းပါသနည်း။ ပြောရသူမှာလည်း အဘယ်မျှ အရသာ ရှိပါ သနည်း။

ထို့နည်းအတူ စစ်သားတယောက်၏ သူတို့တပ်စိတ်ကလေးကို ရန်သူတော့ က ဝိုင်းထားပုံ၊ သူတို့တွင် စားနပ်ရိက္ခာများ ပြတ်လတ်နေပုံ၊ ဒီအထဲ လေကြီးမိုးကြီးကျလာ၍ ဒုက္ခရောက်ပုံ၊ ရှိသမျှအင်အားစုကိုသုံး၍ အမျိုး မျိုးသော နည်းပရိယာယ်ဖြင့် ရန်သူတပ်ကြီးကို ဖြိုခွင်းပစ်လိုက်ပုံ များကို ပြောရသောအခါ ကြားရသူရော ပြောရသူပါ အဘယ်မျှ အရသာ ရှိပါ သနည်း။

ထို့ကြောင့် အခက်အခဲမှန်သမျှကို စိတ်ဝင်စားဖွယ်ရာ၊ နှစ်သိမ့်ဖွယ်ရာ ဆေးကောင်းတခွက်ဟု မှတ်ယူသင့်ပေသည်။ ဝတ္ထု စာအုပ်များ၊ ရုပ်ရှင် ဇာတ်လမ်းများမှာလည်း ဇာတ်လိုက် မင်းသား မင်းသမီးတို့ အခက်အခဲ များနှင့်တွေ့ရပုံ၊ ကျော်လွှန်ရပုံတို့ကို အဓိကထား၍ ရေးသားကြရသည်။ အခက်အခဲ မပါ၊ ဒုက္ခဆင်းရဲ မပါ၊ လုံ့လဝီရိယစွမ်းအား မပါသော ကောင်ကလေးကလည်း အလွန်ချော၊ အလွန်လှ၊ အလွန် ပညာတက်သည်။ ကောင်မလေးကလည်း အလွန်ချော၊ အလွန်လှ၊ အလွန် ပညာတက်သည်။ သူတို့မိဘများကလည်း နှစ်ဘက်စလုံး အလွန်ချမ်းသာကြသည်။ သူတို့နှစ်ဦး ကလည်း တယောက်နှင့်တယောက် အလွန်ချစ်ကြသည်။ မိဘများကလည်း အလွန်သဘောတူကြသည်။ သူတို့တွင် အားလုံး ရေကန်အသင့် ကြာအသင့် ပင်ဖြစ်သည်။ ထိုဇာတ်လမ်း ရုပ်ရှင်ရိုက်လျှင်ကော အဘယ်သူ ကြည့်ကြ မည်နည်း။ ဝတ္ထုစာအုပ်ယုတ်လျှင်အဘယ်သူ ဖတ်ကြမည်နည်း။ အခက်အခဲ မရှိသောဘဝသည် နှစ်ပြားမျှ တန်ဖိုးမရှိချေ။

အောက်က ကြည့်နေကြသူများလို ကြောက်ရွံ့ထိတ်လန့်နေလျှင် ကောင်း ကင်ဘားကစားသူ ရှိတော့မည်မဟုတ်ပေ။

အခက်အခဲကိုကွန်းလှန်နေရခြင်းသည် တွေးကြံနေရသလောက် ကြောက် ဖွယ်မကောင်းပါ။ အခက်အခဲကို တွေး၍ မကြောက်ပါနှင့်။ ဒုက္ခကြီးတခု ဖြစ်လာလျှင် မကောင်းဘူးဆိုရမည်ဖြစ်သော်လည်း ထိုဒုက္ခကြီးသည် ဒုက္ခ ငယ်ကလေးပေါင်း များစွာကို ရှင်းလင်း သွားအောင်လည်း ပြုလုပ်ပေး တတ်သည်။ အခက်အခဲ တွေ့သောအခါ ပညာရှိ များနှင့်လည်း နှီးနှော တိုင်ပင် ရသည်။ ပညာရှိများကပေးသော အကြံဉာဏ်ကိုလည်း လိုက်နာ ကျင့်သုံးရသည်။ အရာဝတ္ထုပစ္စည်းကို ကိုယ် မ မ နိုင်ကာမျှဖြင့် သူတပါး မ မ နိုင်တော့ဘူးဟုမမှတ်ပါနှင့်။ ဝန်ချီစက်နှင့်မလျှင် အလွယ်လေးနှင့်ပင် မ နိုင်ပေသည်။

## အောင်မြင်ခြင်း

အောင်မြင်ခြင်းဆိုသည်မှာ မိမိရည်မှန်းထားသော လုပ်ငန်းဆောင်တာ များ ရည်မှန်းသည့်အတိုင်း ပြီးစီးပြည့်စုံခြင်းကို ခေါ်ပေသည်။ ဘာရည် ရွယ်ချက်မှ မရှိသောသူအတွက် အောင်မြင်ခြင်းဟူသော စကားလုံးသည် အဓိပ္ပာယ်မရှိချေ။ ရည်မှန်းချက်ကြီးမားသည်နှင့်အမျှ အခက်အခဲဟူသော အဟန့်အတားများ ကြီးမားရလေသည်။ ရည်မှန်းချက် မရှိသော သူများ

အတွက် အခက်အခဲ အဟန့်အတားဟူ၍လည်း မရှိချေ။ အနှောင့်အယှက် အခက်အခဲ အဟန့်အတားမရှိပဲ အောင်မြင်ခြင်းသို့ ရောက်ပါမူ ကောင်းလေစွဟူသော အကြံသည် လောကတွင် မကြံစည်အပ်သော အရာဖြစ်ပေးသည်။ အဘယ့်ကြောင့် ဆိုသော် အနှောင့်အယှက် အခက်အခဲ အဟန့်အတား ဟူသော အရာများသည် အောင်မြင်ခြင်းသို့ သွားရာ တကြောင်းတည်းသော လမ်းခရီးဖြစ်သောကြောင့်ပေတည်း။

အခက်အခဲ ကြီးလေလေ အောင်မြင်ခြင်း ကြီးလေလေ ဖြစ်သည်။ အောင်မြင်ခြင်း၏အရွယ်အစားကို အလေး၊ တင်းတောင်း၊ ကိုက်၊ ပေ၊ မီတာစသည်များဖြင့် တိုင်းတာ၍ မရချေ။ အခက်အခဲ ဟူသော အရာနှင့်သာ တိုင်းတာ၍ရပေသည်။ အစောင့်မရှိသောဂိုးပေါက်၌ တနာရီ ဘောလုံး အကြိမ်ရေ တစ်ရာ ကန်သွင်းသော်လည်း မည်သူကမှ လက်ခုပ် တီးကြမည် မဟုတ်ချေ။အနိုင်ရရှိသော ဘောလုံး အသင်းတိုင်းသည် တဘက်အသင်းကို ချီးမွမ်းလော့ရှိကြပေသည်။တဘက်အသင်းသည် တကယ်တော်သော၊တကယ် ကောင်းသော အသင်းဖြစ်မှ အနိုင်ရသောအသင်းသည် ဂုဏ်ရှိမည် မဟုတ် ပါလော။

ကျား၊ ခြင်္သေ့ကို ဓားမြှောင် တချောင်းတည်းဖြင့် အနိုင် ယူနိုင်ခဲ့ခြင်းသည် စင်စစ် ဂုဏ်ယူဖွယ်ပင် ဖြစ်ပေသည်။ သို့ရာတွင် ထို ဓားမြှောင်ဖြင့် ကြောင်ငယ်ကလေးကို အနိုင်ယူခဲ့သည် ဆိုပါက ရှက်ဖွယ်လိလိသာ ဖြစ်ပေသည်။

အခက်အခဲ အဟန့်အတားတိုင်းသည် ၎င်းတို့ကို ကျော်နင်းရန် နည်းလမ်းများရှိသည်သာတည်း။ ကျော်နင်းရန်နည်းလမ်းမရှိသော အခက်အခဲ အဟန့်အတားဟူ၍ လောကတွင်မရှိချေ။ ထိုနည်းလမ်းကို မသိကြခြင်းနှင့် သိသော်လည်း မလိုက်နာခြင်းတို့ကြောင့်သာလျှင် အခက်အခဲတွင် ကျဆုံးရခြင်းဖြစ်ပေသည်။

တိကျသော ရည်မှန်းချက်သည် အခက်အခဲကို ဖြေရှင်းပေးနိုင်သည်။ ထို့ကြောင့် တိကျသောရည်မှန်းချက် ရှိရန်လိုပေသည်။ တိကျသော ရည်မှန်းချက်ရှိမှလည်း အောင်မြင်ခြင်းဆိုသည်မှာအဓိပ္ပာယ်ရှိမည်။ ထို့ကြောင့် အောင်မြင်ခြင်းကို အလိုရှိသော လူသားမှန်သမျှတို့သည် အကြီး အငယ် အရွယ်မရွေး မိမိတို့နှင့်ထိုက်တန်သော ရည်မှန်းချက်များ ရှိသင့်ကြပေသည်။

# ဝန်မတိုပါနှင့်

မိမိအလုပ်နှင့် ထပ်တူလုပ်ငန်းတခု အပြိုင်ပေါ်လာသဖြင့် မည်သည့်အခါမှ စိတ်မထိခိုက်ပါနှင့်။ ကိုယ်လုပ်နေကျအတိုင်းသာ ပုံမှန်လုပ်ကိုင်ပါ။ အထည်ရောင်းနေစဉ် အနီးအနား အထည်ဆိုင်တခု တိုးလာ၍ အပြိုင်ပေါ်လာပြီ၊ အနှောင့်အယှက် ပေါ်လာပြီဟူ၍မတွက်ပါနှင့်။ အကူအညီတဦး ပေါ်လာသည်ဟုတွက်ပါ။ အဖေါ်တဦး တိုးလာပြီဟုတွက်ပါ။ အထည်ဆိုင်တခုအတွက် အလားတူ အထည်ဆိုင်တွေများလေ ကောင်းလေဖြစ်သည်။ ကားပစ္စည်းဟောင်း အရောင်းဆိုင်မရှိသောနေရာတွင်တဆိုင်တည်း ထီးထီးဖွင့်လှစ်ထားခြင်းထက် ကြက်တန်းလို၊ မြေနီကုန်းလို ကားပစ္စည်းဆိုင်တွေ ကြိတ်ကြိတ်တိုးနေသော နေရာတွင် ဖွင့်လှစ်ရခြင်းက ပို၍ရောင်းရလိမ့်မည်။

ဝယ်သူသည် သူအလိုရှိသော ပစ္စည်းများကို စိတ်တိုင်းကျ ရွေးချယ်ရန် ဝယ်ယူရန် ရောင်းသူ အများအပြား ရှိရာသို့သာ စိတ်ညွတ်သည်။ ဆိုင်များလျှင်ဈေးနှုန်းသက်သာလိမ့်မည်ဟူ၍လည်း ယူဆသည်။ တဆိုင်မကောင်း တဆိုင်ပြောင်းနိုင်သည်။ တဆိုင်မရှိ တဆိုင် ရှိလိမ့်မည်ဟူ၍ ရောင်းသူအများအပြားရှိရာသို့ လာလေ့ရှိကြသည်။

အကူတဦးပေါ်လာလျှင် ဝမ်းမြောက်စွာ ကြိုဆိုရမည်။ သူက အကူအညီတောင်းလျှင် ရိုးရိုးသားသား စေတနာနှင့် ပေးရမည်။ သမုဒ္ဒရာရေ ဘယ်သူသောက်လို့မှ မကုန်ဘူးဟူသော စကားကို သတိပြုပါ။ ဘယ်သောအခါမှ သူတပါးပျက်စီးကြောင်းကို မကြံပါနှင့်၊ ပြောပါနှင့်၊ မလုပ်ပါနှင့်။ ကိုယ့်အလုပ်ကိုသာ တနေ့ထက်တနေ့ ကောင်းသည်ထက် ကောင်းအောင်၊ ကိုယ့်အဆင့်ကိုသာ တနေ့ထက်တနေ့ မြင့်သည်ထက်မြင့်အောင် ကြိုးစားပါ။ သူတပါးပြုတ်သွားရန် မရည်ရွယ်ပါနှင့်။ ကိုယ် တိုးတက်ရန်သာ ရည်ရွယ်ပါ။ ဉာဏ်ချင်း တူလျှင် ဝီရိယဖြင့် အနိုင်ယူရမည်။ ဝီရိယချင်းတူလျှင် ဉာဏ်ဖြင့် အနိုင်ယူရမည်။ ဉာဏ်ချင်း ဝီရိယချင်း တူလျှင် စေတနာကောင်းဖြင့် အနိုင်ယူရမည်။ အရှုံးမရှိသော တိုက်ပွဲပင် ဖြစ်ပေသည်။

သူတပါး တိုးတက်လာလျှင် အကျိုးမဲ့ ဝန်တိုနေမည့်အစား ဘာ့ကြောင့် တိုးတက်သည်ကို လေ့လာ၍ အတုယူရမည်။ အတုလိုက်၍ မရနိုင်လျှင် တော်ပေစေ၊ ကောင်းပေစေ ဟူ၍ မုဒိတာစိတ် ဖြစ်အောင် ကြိုးစားရမည်။ မုဒိတာစိတ် မဖြစ်မချင်း ကြိုးစားရမည်။ အထူး အရေးကြီးသော

လုပ်ငန်းတခု အဖြစ် သတ်မှတ်၍ကြိုးစားရမည်။ မုဒိတာစိတ်ဖြစ်အောင် တကယ် အားထုတ်သောအခါ တကယ် ခက်ခဲကြောင်းကို သိရလိမ့်မည်။ ခက်ခဲသည်ဟု စိတ်မလျှော့ပါနှင့်။ လေ့ကျင့်လျှင် ရနိုင်ပါသည်။

ကိုယ်လို သိသွားမှာ၊ ကိုယ်လို တတ်သွားမှာ မစိုးရိမ်ပါနှင့်။ မကြောင့်ကြပါနှင့်။ သူတပါးမသိသော အရာ သင်ပြပေးရလျှင် ကျန ကုန်စင်အောင် သင်ပြပေးပါ၊ ဆရာစား မချန်ပါနှင့်။ ကျေးဇူးသိသည် မသိသည်မှာ သူ့ကိစ္စ ဖြစ်ပါသည်။ သူ့ကိစ္စကို ကိုယ့်ကိစ္စ မလုပ်ပါနှင့်။ ကိုယ့်ကိစ္စကိုသာ ကိုယ့်ကိစ္စ လုပ်ပါ။

စေတနာသည် အလကားဖြစ်ရိုး မရှိပါ။ ကိုယ့်စေတနာ ကိုယ့်ထံသာ ပြန်ကာ လာလိမ့်မည် ဆိုသကဲ့သို့ ကိုယ့်စေတနာ ကိုယ့်ထံ ပြန်လာပါလိမ့်မည်။ သူ့စေတနာက သူ့ထံ သွားပါလိမ့်မည်။ အကျိုးမဲ့ ဝန်မတိုပါလေနှင့်။

သက္ကပဥ္စသုတ်၌ မြတ်စွာဘုရားအား သိကြားမင်းက ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ နတ် လူစသောသတ္တဝါတို့သည် အမျက် မုန်းမာန် ကင်းလိုကုန်သည်၊ ဒဏ်မရှိလိုကုန်သည်၊ ဘေးရန်မရှိလိုကုန်သည်၊ ရန်သူမရှိလိုကုန်သည်၊ နှလုံး မသာယာ မရှိလိုကုန်သည် ဖြစ်ကြပါကုန်၏။ သို့ရာတွင် ထို နတ် လူ စသောသတ္တဝါတို့သည် အမျက်မုန်းမာန် ရှိကြကုန်သည်၊ ဘေးရန် ရှိကြကုန်သည်၊ ရန်သူ ရှိကြကုန်သည်၊ နှလုံး မသာယာ ရှိကြကုန်သည် ဖြစ်ကြရပါကုန်၏။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား အဘယ်ကြောင့် ထိုသို့ ဖြစ်ကြကုန်ပါသနည်း။

ထိုအခါ မြတ်စွာဘုရားက နတ်တို့အရှင် သိကြားမင်း ဣဿာ မစ္ဆရိယ ဟူသော ငြူစူခြင်း၊ ဝန်တိုခြင်းများကြောင့် ထိုသတ္တဝါတွေ၌ အမျက်မုန်းမာန် ရှိကြကုန်သည်၊ ဘေးရန် ရှိကြကုန်သည်၊ ရန်သူ ရှိကြကုန်သည်၊ နှလုံး မသာယာ ရှိကြကုန်သည် ဖြစ်ကြလေကုန်၏ဟု ဖြေကြားတော်မူခဲ့လေသည်။

ငြူစူခြင်း၊ ဝန်တိုခြင်းသည် စိတ်ဆင်းရဲမှု၊ ကိုယ်ဆင်းရဲမှု၏ အကြောင်းရင်းပေတည်း။

# ငါးပွက်ရာ ငါးစာမချနှင့်

အလုပ်တခုကို လုပ်ပြီဆိုလျှင် ငန်းတိုက်၍ စွဲစွဲမြဲမြဲ လုပ်ရသည်။ အခုန်အပျံ အကျော်အလွှား မလုပ်ရ။ လုပ်ငန်းကို စောက်ချ၍ လုပ်ကိုင်ခြင်းသည် အောင်မြင်ခြင်းအတွက် အခြေခံဖြစ်ပေသည်။ ဘယ်အလုပ်ကိုပင် လုပ်လုပ် အရင့်အရင်သော လုပ်ဆောင်ချက်တို့သည် နောက်နောင်သော လုပ်ဆောင်ချက်တို့ကိုအထောက်အကူဖြစ်စေရမည်။ အရင်ကြိုးစားမှုနှင့် နောက်ကြိုးစားမှုတို့ ပည် ရှေ့နှင့်နောက် ကွင်းဆက်ဖြစ်၍နေစေရမည်။ အရင် ကြိုးစားမှုက တသီးတခြား၊ နောက်ကြိုးစားမှုက တသီးတခြားဖြစ်၍ မနေစေရ။ အလုပ်တခုကို ငန်းတိုက်၍ လုပ်ကိုင်ခြင်းသည် အရင်ကြိုးစားမှုနှင့် နောက်ကြိုးစားမှုကို ကွင်းဆက်ဖြစ်စေသော အကြောင်းဖြစ်သည်။

စာမေးပွဲအကြိမ်ကြိမ်ကျရှုံးနေကြသော လူငယ်များသည် သင်ခန်းစာကို ငန်းတိုက်၍ မလေ့လာသောကြောင့် ဖြစ်ပေသည်။ စာမျက်နှာ တစ်ရာပါသော စာအုပ်ကို ပဌမနှစ် ငါးဆယ်ပိုင်လျှင် ဒုတိယနှစ် အဘို့က် စာမျက်နှာ ငါးဆယ်သာ လိုပေတော့မည်။ ဒုတိယနှစ်အတွက် စာမျက်နှာ သုံးဆယ်ပိုင်လျှင် တတိယနှစ်အတွက် စာမျက်နှာ နှစ်ဆယ်သာ လိုပေတော့မည်။ မခုန်မပျံ မကျော်မလွှား စိတ်အေး လက်အေးဖြင့် နေ့စဉ် အချိန်မှန် ငန်းတိုက်၍ ကြိုးစားမည်ဆိုလျှင် စာမေးပွဲတွေ ဘယ်ပြေး၍ လွတ်ကြမည်နည်း။

ဤနေရာတွင် စိတ်အေးလက်အေးဟူသော စကားကို အထူးသတိပြုရန် လိုပေသည်။ အောင်ချင်ဇော တတ်ချင်ဇော များလွန်းလျှင် စိတ်အေး လက်အေး ရှိတော့မည် မဟုတ်ချေ။ အရင်ခြေတလှမ်းမြဲမှ နောက်ခြေတလှမ်း တက်သကဲ့သို့ စာတရွက်ပြီးမှ တရွက် အစဉ်လိုက် ငန်းတိုက်၍ လေ့လာဆည်းပူးရမည်။ သင်ခန်းစာတွေ မကုန်မည်ကို မပူလေနှင့်၊ အရေးမကြီးလေနှင့်။ သင်ခန်းစာကုန်သည်၊ မကုန်သည်က ပမာဏမဟုတ်။ ကုန်သမျှ ပိုင်ပိုင်နိုင်နိုင် မိမိရရ ရှိရန်သာ ဖြစ်သည်။ အသိမပိုင်ပဲ သင်ခန်းစာ ကုန်ခြင်းမျိုးသည် မီးနှင့် ရှို့ပစ်သော ကုန်ခြင်းမျိုးသာ ဖြစ်ပေသည်။ ဖြတ်လမ်းက လိုက်၍ အောင်မြင်ခြင်းသို့ ရောက်ရိုးထုံးစံမရှိ၊ ဖတ်စရာရှိသမျှ အကုန်ဖတ်၊ မှတ်စရာရှိသမျှ အကုန်မှတ်၊ ရေးစရာရှိသမျှ အကုန်ရေး၊ တွက်စရာရှိသမျှ အကုန်တွက်ဆိုလျှင် လှိုင်းကြီး လေအောက် တောင်ကြီး ဖဝါးအောက် ဟူသကဲ့သို့ စာမေးပွဲတွေ ဝီရိယ အောက်သို့ ပြားပြားဝပ်အောင်

ကျရောက်လေတော့သည်။ သူများတကာဖြစ်ပါလျက် အဘယ့်ကြောင့် ငါ မဖြစ်ရမည်နည်း ဟူသော မာန်ဖြင့် ကြိုးစားလျှင် အဘယ် အရာတွင် မအောင်ဟု ရှိချေအံ့နည်း။ ချိကတည်းက ယဥ်သကို သိုသကဲ့သို့ အစ ကတည်းက ပျော့တော့တော့ စိတ်မပါတပါဆိုလျှင် ဘာအကျိုးမျှ ရမည် မဟုတ်ချေ။

ငါးများနေသူသည် ဤနေရာတွင် တနာရီကျော်ကြာခဲ့ပြီဖြစ်၍ နောက် တနေရာတွင် တနာရီကြာတော့မည်မဟုတ်ဟု မဆိုနိုင်ချေ။ ထို့အပြင် မနေ့က တနေ့လုံးကြာခဲ့သဖြင့် ယနေ့တနေ့လုံး ကြာတော့မည် မဟုတ်ဟူ၍လည်း မဆိုနိုင်ချေ။ ယခင်ကြိုးစားမှုသည် နောက်ကြိုးစားမှုကို မည်သို့မျှ အကျိုး မပြုနိုင်။ ဟိုနားငါးပွက်လျှင် ဟိုနားငါးများချလိုက်၊ ဒီနားငါးပွက်လျှင် ဒီနားငါးများချလိုက်၊ အရင်လုပ်ဆောင်ချက်က တသီးတခြား၊ နောက်လုပ် ဆောင်ချက်က တသီးတခြားဖြစ်သော၊ မသေမချာ မရေမရာ ပြုလုပ်ခြင်း ကို ငါးပွက်ရာ ငါးစာချသည်ဟု ဆိုကြပေသည်။ ကမ်းလုံးပြည့်မျှသော ပိုက်ကြီးများဖြင့် ငန်းဟိုက်၍ဆွဲလာသောအခါ ပိုက်နယ်အတွင်းရှိ ငါးများ တဖြည်းဖြည်း နေရာ ကျုံ့၍ ကျုံ့၍ နောက်ဆုံး ပိုက်ယဲ အရုန်ရောက်ကြ တော့သည်။ ပိုက်ကြီးကိုတခါဆွဲလိုက်တိုင်း ဆွဲလိုက်တိုင်း အကျိုးကျေးဇူး များ ဆက်၍ဆက်၍သက်ရောက်လာတော့သည်။ ပထမဆွဲခြင်းသည် ဒုတိယ ဆွဲခြင်းကို လည်းကောင်း၊ ဒုတိယဆွဲခြင်းသည် တတိယဆွဲခြင်းကို လည်း ကောင်း တဆင့်ထက်တဆင့် ဆက်ကာ ဆက်ကာ အထောက်အကူပြုတော့ သည်။ ငန်းတိုက်၍ လုပ်ဆောင်ခြင်းသည် အစပထွင် ခက်ခဲမယောင်ယောင်၊ အချိန်ကြာတော့ မယောင်ယောင် ရှိသော်လည်း ကြာလေ ကြာလေ လွယ်လွယ်လာ၍၊ ကြာလေကြာလေ အားကောင်းသန်စွမ်း၍ မြန်မြန်လာ လေ ဖြစ်ပေသည်။ အချိန်ကြာလေ အမှန်ကောင်းလေဖြစ်၍ ပန်းဝင်လေ တော့သည်။ အရင်လို လမ်းအိုလိုက်ဆိုသည်မှာ ဤလုပ်မျိုးကို ဆိုလိုသည်။

ငါးပွက်ရာ ငါးစာချသကဲ့သို့ ဒီလိုလုပ် ဟုပ်ဖုန်းနှီး၊ ဒီလိုကြံ ဟန်နိုးနိုး နှင့် ယောင်ယောင်ဝါးဝါး ပြုလုပ်ခြင်းသည် အောင်မြင်တိုးတက်ရေးကို အဟန့်အတား ဖြစ်စေသောကြောင့် အပြစ်ရှိသောအလုပ်ပင် ဖြစ်ပေသည်။

ဤအနဝဇ္ဇာနိ ကမ္မာနိ မင်္ဂလာတွင် ခုရော နောင် လောက နှစ်ဝစလုံး ကိုယ် စိတ် ဆင်းရဲခြင်း ဖြစ်စေမည့် မကောင်းမှု မှန်သမျှနှင့် အပယ်လား ကြောင်း မဟုတ်သော်လည်း မိမိဟို့ရည်မှန်းချက်ကို ပျက်စီးစေမည့် အကျိုး ပေးသောအလုပ်ကို အားစိုက်၍မလုပ်ခြင်း၊ ရောယောင်နောက်လိုက် လုပ်

လေ့ရှိခြင်း၊ ပန်ဆောင်ခြင်း၊ မကောင်းမှုနှင့် စိတ်ကိုဖျော်ဖြေခြင်း၊ အား ငယ်တတ်ခြင်း၊ အခက်အခဲကိုကြောက်ခြင်း၊ ရည်မှန်းချက်မရှိခြင်း၊ ဝန်တို ခြင်း၊ ငါးပွက်ရာ ငါးစာချခြင်းများ သည်လည်း အပြစ်မည်တော့ သည် သာတည်း။

အထက်တွင်ဖော်ပြခဲ့သော မိမိလုပ်ငန်းကို ပျက်စီးစေမည့် အပြစ်မှန်သမျှ ကင်းရှင်းရခြင်းသည် အနဝဇ္ဇ ကမ္မ မင်္ဂလာမည်ပေသည်။

# ၁၇။ အာရတိ မင်္ဂလာ

မကောင်းမှုကို ဝေးရာက ရှောင်ကွင်းရခြင်းသည် မင်္ဂလာ မည်၏။

မကောင်းမှုကို ဝေးရာက ရှောင်ကွင်းရခြင်း ဆိုသည်မှာ မကောင်းမှုနှင့် မတွေ့အောင် ရှောင်ကွင်းခြင်း၊ မကောင်းမှု ဖြစ်နိုင်လောက်သော အရပ် ဒေသ၊ အပေါင်းအသင်း၊ အလုပ်အကိုင်တို့ကို ရှောင်ကွင်းခြင်း၊ မိမိကိုယ်ကို မကောင်းမှုတို့နှင့် အနီးကပ် မချဉ်းကပ်စေရန် ပြုလုပ်ခြင်းသည် မကောင်း မှုကို ဝေးရာက ရှောင်ကွင်းခြင်းပင် ဖြစ်သည်။ မကောင်းမှုကို ဝေးရာက ရှောင်ကွင်းရခြင်းသည် မကောင်းမှုတို့နှင့် စပ်လျဉ်းခြင်း၊ ဆက်နွယ်ခြင်း မရှိသဖြင့် မကောင်းမှု မဖြစ်နိုင်ချေ။ မကောင်းမှုမဖြစ်နိုင်ခြင်းသည် ခုရော

မှတ်ချက်။ ။သုံးဆယ့်ရှစ်ဖြာ မင်္ဂလာကရား ရေတွက်ရာ၌ မာတာပိတု ဥပဋ္ဌာန မင်္ဂလာတပါးကို အမိလုပ်ကျွေးရခြင်းတပါး၊ အဖ လုပ်ကျွေးရခြင်းတပါးဟု နှစ်ပါးခွဲ၍ ရေတွက် ပြီးလျှင် အာရတိမင်္ဂလာ ဝိရတိမင်္ဂလာနှစ်ပါးကို အာရတိ ဝိရတိ မင်္ဂလာဟူ၍ တပါးတည်းအဖြစ်ပေါင်း၍ ရေတွက်ကြသော အာစရိယ ဝါဒများသည်လည်း ရှိပေသေးသည်။

ဤမင်္ဂလာစာအုပ်တွင် မာတာပိတုဥပဋ္ဌာနမင်္ဂလာကို တပါး တည်းအဖြစ်လည်းကောင်း၊အာရတိ ဝိရတိ အာရတိ မင်္ဂလာ ဝိရတိမင်္ဂလာဟူ၍ နှစ်ပါးခွဲ၍လည်းကောင်း ရေတွက်မည်။

နှောင်ပါချမ်းသာ စီးပွား များခြင်း၏ အကြောင်းဖြစ်၍ မင်္ဂလာ မည်ပေသည်။

မကောင်းမှု မဖြစ်အောင် အတွေ့ကို ရှောင်ရန်ဆိုသည်မှာ အပြောလွယ်သလောက် အလုပ်ခက်လှသည်။ မက်မောသည့် အာရုံဝတ္ထုနှင့် တကယ်တမ်း နှပ်ဖူးတွေ့ ဒူးတွေ့ တွေ့ကြသောအခါ မလွန်မကျူးမိအောင် ရှောင်ကွင်းနိုင်ဖို့ ဆိုသည်မှာ မည်မျှ ခက်ခဲသည်ကို မက်မောသည့် အာရုံဝတ္ထုနှင့် နှပ်ဖူးတွေ့ ဒူးတွေ့ တွေ့ဖူးသူတိုင်း သိကြပေသည်။ တကယ်ပကြိုက်နေသေးသော၊ တကယ် မမက်မောသေးသော အာရုံဆိုလျှင်တော့ ချုပ်တီး နိုင်ကြပေလိမ့်မည်။ တကယ်အကြိုက်နှင့် တွေ့သောအခါမှာမူ တကယ်မလွယ်ကူတော့ပေ။

စိတ်သာရှင်စေ၊ ဘုရားဟော၊ ကိုယ့်စိတ်သာ ကိုယ်ပမာနပါ ဟူသော စကားဖြင့် အရဲကိုးတတ်ကြသည်။ လောကဓံ သဘာဝ နားမလည်ကြသော ဤလူစားများသည် ချက်ချင်းပင် အမှားကြီး မှားကြလေတော့သည်။ မိမိကိုယ်ကို မကောင်းမှုနှင့် အနီးအစပ် မချဉ်းကပ်မိအောင် ဝေးဝေးက ရှောင်ကြတိမ်းကြရမည်။ ကိုယ့်ကိုယ်ကိုအထင်ကြီး၍ ရီးတီးယားကားနှင့်ချဉ်းကပ်မိလျှင် မစွန်းရင်းကလည်းရှိ၊ ကန်စွန်းခင်းကလည်းငြိဆိုသကဲ့သို့ မှောက်မှောက်မှားမှား ဖြစ်ရတတ်ချေသည်။ မကောင်းမှုကို သွား၍ မစပါနှင့်။ မမြည်းချင် မစမ်းချင်ပါနှင့်။ မကောင်းမှုကို သွား၍စလိုက်မိပြီ၊ မြည်းလိုက် စမ်းလိုက်မိပြီဆိုလျှင် မြွေပွေးကိုင်ရသည်က သက်လာပေလိမ့်မည်။

အရက်သမားဘဝ၊ ဘိန်းစားဘဝ၊ ဘိန်းဖြူသမားဘဝ၊ ကစားသမားဘဝ၊ ကာလသား ရောဂါသည်ဘဝ၊ လူမိုက်လူဆိုးဘဝဖြင့်လူညွန့်လူစ တုံး၍ လူ့ဘဝ ဆုံးရှုံးနေသူများသည် မကောင်းမှုကို သွား၍ စလိုက်ကြသူများ၊ မြည်းလိုက်ကြသူများ၊စမ်းလိုက်ကြသူများဖြစ်ပေသည်။ ပထမတခါ အရက်သောက်ခြင်းသည် ဒုတိယတခါ အရက်သောက်ခြင်းသို့ တွန်းပို့လိုက်သည်။ ဒုတိယတခါ အရက်သောက်ခြင်းသည် တတိယတခါ အရက်သောက်ခြင်းသို့ တွန်းပို့လိုက်သည်။ အစရှိနှောင်နှောင်ဆိုသကဲ့သို့ ဤနည်းနှင်နှင်ဖြင့် အမှားဇာတ်ကြီး မီးခိုးမဆုံး မိုးမဆုံးဖြစ်ကြလေတော့သည်။

ဖိုမ နီးစပ်လွန်းလျှင်လည်း မှားတတ်သည်။ အိုးချင်းထား အိုးချင်းထိ၊ ကျိုးချင်းထား ကျိုးချင်းငြိ ဆိုသကဲ့သို့ မှားယွင်းတတ်သည်။ အသက်ချင်း ဘယ်လောက်ကွာကွာ၊ ရုပ်ချင်းဘယ်လောက်ကွာကွာ၊ အဆင့်အတန်းချင်း ဘယ်လောက်ကွာကွာ ကြားပါများတော့ ယဉ်၊ မြင်ပါများတော့လှ ဆိုသကဲ့သို့ မြင်ပါများတော့ အသားမဲတာကိုပင် ညိုချောလေးလို့ထင်၊

သွားခေါ်တာကိုပင် ပြုံးတယ်ထင်၊ မျက်လုံးမှေးတာကိုပင် ကြာကြည့်ကလေး ကြည့်တယ်ထင်တတ်ပေသည်။ မတည့်သောခေတ်ချင်းကိုအနီးအစပ် မချဉ်း ကပ်စေခြင်းသာလျှင် အကောင်းဆုံးဖြစ်ပေသည်။ ဒီလိုတော့မဖြစ်တန်ဘူးလို့ ထင်ပိတာပေါ့၊ ဒီလောကကြီး အလှမ်းကွာတော့လည်း သံသယမဖြစ်ဘူး ပေါ့၊ ကိုယ်ဟာကိုလည်း ဒီလောက် မိုက်မယ်လို့မထင်ဘူး၊ မျက်နှာသာ ခေးနဲ့လှီးပစ်လိုက်ချင်တော့တာပဲ၊ တွေးမိတိုင်း ဝမ်းနည်းတာပါပဲ ဟူသော စကားမျိုး မိမိနှုတ်က မထွက်လိုကြသော မိဘ မောင်ဖွား ဆွေမျိုးများ သည် မိမိတို့၏ သမီး နှမ ညီမ စသည်တို့ကို မတော်သူတို့နှင့်မနီးစပ်အောင် ထိန်းသိမ်းသင့်ကြပေသည်။ လိမ္မာသော အမျိုးကောင်းသား အမျိုးကောင်း သမီးတို့သည် မိမိတို့ကိုယ်တိုင်ကလည်း မိမိကိုယ်ကို မိမိ မမှားသင့်သည်ကို မမှားအောင် အစစအရာရာ သတိကြီးစွာ ရှောင်တိမ်းသင့်ပေသည်။

အရက်မသောက်ဖြစ်ရန် အရက်ရှိရာကိုလည်း ရှောင်ရသည်။ အရက် သမားကိုလည်း ရှောင်ရသည်။ ဘိန်းစား မဖြစ်ရန် ဘိန်းရှိရာကိုလည်း ရှောင်ရသည်။ ဘိန်းစားကိုလည်း ရှောင်ရသည်။ ကစားသမား မဖြစ် အောင် ကစားဝိုင်းကိုလည်း ရှောင်ရသည်။ ကစားသမားကိုလည်း ရှောင် ရသည်။ အာဝေးက ရှောင်ကွင်းခြင်းသည် အလွန် အန္တရာယ်ကင်း၏။ ကျားနှင့် တွေ့ခါမှ အသက်ဆံဖျား ခက်ခက်ခဲခဲရှောင်တိမ်းနေရသည့်အစား ကျားရှိသော နေရာ မသွားပဲ နေခြင်းက ပို၍ ကောင်းပါပေသည်။ မကောင်းမှုနှင့် စိတ်၊ စိတ်နှင့် မကောင်းမှု ထိုနှစ်ခုကို ဝေးနိုင်သမျှ ဝေး အောင်ထားခြင်းသည်သာ အကောင်းဆုံးဖြစ်ပေသည်။

စိတ်ဆိုသည်မှာ မကောင်းမှုနှင့် နေရမှ ပျော်သည်။ မကောင်းမှုကိုမှ နှစ်သက်သည်။ မကောင်းမှုကို အလွန်ကြိုက်သော ထိုစိတ်ကို မကောင်းမှုနှင့် နီးနီးစပ်စပ်ထား၍ စိတ်ချရပါမည်လား။ မကောင်းသော အာရုံကို အဝေး ကြီးကာင်လျှင် ရှေးအရှ မနေမနား ရှာဖွေနေသော ထိုစိတ်သည် သူရှာဖွေ နေသော မကောင်းမှုနားသို့ ရောက်ခါမှ မလွန်မကျူးပဲ နေမည်လား။ လေးလေးနက်နက် သတိပြုသင့်ကြသည်။ ဤလူနှင့် တွေ့လျှင် ဤစကား ပြောမိတော့မည်ဆိုလျှင် ဤလူနှင့် မတွေ့အောင် ရှောင်ခြင်းသည်သာ အကောင်းဆုံးဖြစ်သည်။ ထိုနည်းအတူ ဤနေရာသွားလျှင် ဤအလုပ်ကို လုပ်မိတော့မည် ဆိုပါက ဤနေရာသို့မသွားခြင်းသည်သာ အကောင်းဆုံး ဖြစ်သည်။

နေရာတကာ အရဲမကိုးလေနှင့်။ သူတို့သာ အ လို့၊ ညံ့လို့ ဒီလိုဖြစ်ရတာပါ၊ ငါလိုကောင်က အဝေးကြီးပါဟု မိမိကိုယ် မိမိ အထင်ကြီးလျှင် နှစ်နာသွားတတ်သည်။ မိမိကိုယ်ကို အထင်ကြီး၍ မကောင်းမှုကို သွား၍ စမ်းလိုက်မိသဖြင့် မကောင်းမှုနှင့် ငြိကာ ဘဝဆုံးရှုံးရသူတွေ များလှပေသည်။ မတော်သော နေရာ၊ မကောင်းသော နေရာတွင် လူလည် လူကဲ မလုပ်ခြင်းသည်သာ အကောင်းဆုံးဖြစ်သည်။ မကောင်းမှုကို မပြုမိ မလုပ်မိအောင် မကောင်းမှု ပြုဖော်ပြုဖက်ဖြစ်သော အပေါင်း အသင်းများ၊ မကောင်းမှုရှိသော နေရာများနှင့် လားလားမျှ မတွေ့ရလေအောင် အဝေးက ရှောင်ကြရလိမ့်မည်။ အဝေးက မရှောင်ပဲ သီကာပွတ်ကာ ရှောင်ခဲ့လျှင် နဂိုကမှ ကိုယ်က ပါချင်ချင်၊ သူတို့ကငင်ကြတော့ ငိုချက်ရက်လက်တို့ ဆိုသကဲ့သို့ မကောင်းမှုကို မျိုမိဆို့မိတတ်သည်။

မကောင်းမှုဆိုသည်မှာ လျှပ်စစ် ဓာတ်အားကဲ့သို့ ထိလျှင် ကူးစက်တော့သည်။ ကိုယ့်စိတ်ကို နိုင်ပါတယ်၊ ငါက သူများလို မဟုတ်ပါဘူးဆိုသော လူပါးများ ပုလင်းထိပေါင်း များလှလေပြီ။

ထို့ကြောင့် ရှေးပညာရှိများက ကျားရဲရာ ကြမ္မာမရှိနှင့်၊ ကံယုံ၍ ဆူးပုံမနင်းနှင့်ဟူ၍ မကောင်းမှုကို အဝေးက ရှောင်ကြဖို့ သတိပေးခဲ့ကြလေသည်။

သို့ဖြစ်၍ ခုရော နောင်ပါ ချမ်းသာ စီးပွား အလိုရှိကြကုန်သော သားလိမ္မာ သမီးလိမ္မာများ၊ သားရတနာ သမီးရတနာများသည် မကောင်းမှု ဆိုသမျှကို ယောင်၍မျှ မသီလိုက် မကပ်လိုက်ပါနှင့်။ အာရတိ မင်္ဂလာ လက်ကိုင်ထား၍ ဝေးရာက ရှားကြပါလေကုန်။

## ၁၉။ ဝိရတိ မင်္ဂလာ

မကောင်းမှုကို အထူးရှောင်ကြဉ်ရခြင်းသည် မင်္ဂလာ မည်၏။

မကောင်းမှုကို ရှောင်ကြဉ်ရခြင်း ဆိုသည်မှာ ကျူးလွန်ရမည့် အရာဝတ္ထုနှင့် တွေ့ကြုံနေရပါလျက်နှင့် မလွန်မိ မကျူးမိအောင် မိမိစိတ်ကို ထိန်းသိမ်းယားခြင်း၊ အတွေ့ကိုရှောင်ခြင်း တနည်းအားဖြင့် အလွယ်တကူ ကျူးလွန်နိုင်သည့် အခြေအနေနှင့် တွေ့ကြုံ နေရပါလျက် ကိုယ်ဖြင့် မပြုမိ

အောင်၊ နှုတ်ဖြင့် မပြောမိအောင်၊ မိမိစိတ်ကို ချုပ်တည်း ထိန်းသိမ်းနိုင်ခြင်းသည် အထူးရှောင်ကြဉ်ရခြင်းဟု ဆိုလိုပေသည်။

မကောင်းမှု မပြုမိအောင် အထူးသဖြင့် အတွေ့ကို ရှောင်လိုက်ရခြင်းသည် ခုရော နောင်ပါ ချမ်းသာ စီးပွားများခြင်း၏ အကြောင်းဖြစ်၍ မင်္ဂလာ မည်ပေသည်။

မကောင်းမှုတို့နှင့် မတွေ့ရ မကြုံရအောင် အဝေးက ရှောင်ပါလျက်လည်း အကြောင်းအားလျော်စွာ ပက်ပင်း ရင်ဆိုင် တွေ့ရတတ်ချေသည်။ ယင်းသို့ မရှောင်သာ၍ ရင်ဆိုင်တွေ့သောအခါ မလွန်မိ မကျူးမိအောင် စောင့်စည်း ထိန်းသိမ်းရသည်။ မတွေ့ရအောင် အဝေးကရှောင်ပါလျက်နှင့် ကြုံကြုံဖန်ဖန် လာတွေ့တာ ဒါလောက်တောင်ရှိမှ မထူးတော့ပါဘူးဟူ၍ မလွန် ကျူးလိုက်လေနှင့်၊ မကောင်းမှုဆိုသည်မှာ ကိုယ်အလိုရှိသော ကောင်းကျိုးချမ်းသာကို ဘယ်သောအခါမှ ပေးရိုးထုံးစံမရှိပေ။ ကိုယ်အလိုမရှိသော မကောင်းကျိုးကိုသာလျှင် ပေးတတ်ချေသည်။ သို့ဖြစ်၍ မည်သည့်နည်းနှင့်ဖြစ်ဖြစ် လွတ်အောင် ရှောင်သင့်ပေသည်။

မကောင်းမှုကို မတွေ့၍ ရှောင်ကြဉ်ခြင်းထက် အတွေ့ကို ရှောင်ကြဉ်ခြင်းက ပို၍ မြတ်ပေသည်။ အရက်သမားတယောက်အတွက် အရက်မရှိ၍ မသောက်ပဲ ရှောင်ကြဉ်ရခြင်းထက် ရွှေနား အရက်ခွက် ရှိပါလျက် မသောက်ပဲ နေခြင်းက ပို၍ ခက်ခဲပေသည်။ ဝိရတီ မင်္ဂလာသည် ပုထုဇဉ်များအဖို့ အလွန်ခက်၏။ အထူးသဖြင့် ကျူးလွန်နေကျ ပုဂ္ဂိုလ်များအတွက် အတွေ့ရှောင်ရန် သာ၍ခက်ခဲလှ၏။ ယင်းသို့ ခက်ခဲ ပင်ပန်းစွာ မိမိတို့စိတ်ကို ချုပ်တည်း၍ မကောင်းမှုမှ ရှောင်ကြဉ်ရခြင်း ဖြစ်သောကြောင့် အာရတိ မင်္ဂလာထက် ဤဝိရတီ မင်္ဂလာက ပို၍ မြတ်ခြင်း ဖြစ်ပေသည်။

လက်သမားကောင်း တယောက်အတွက် လက်သမားပညာ ပြည့်စုံကာမျှဖြင့် လက်ရာ ကောင်းလိမ့်မည်ဟူ၍ မမှတ်သင့်။ ဆိုင်ရာဆိုင်ရာ အသုံးပြုရသော လက်နက် ကိရိယာကောင်းရှိမှ လက်ရာကောင်း ဖြစ်နိုင်ပေမည်။ ထိုနည်းအတူ အမျိုးကောင်းသား၊ အမျိုးကောင်း သမီးများ သည် မကောင်းမှုတို့ကို အထူးသဖြင့် ရှောင်ကြဉ်လိုသော စိတ်ရှိကာမျှဖြင့် အောင်မြင်စွာ ရှောင်ကြဉ်နိုင်ပြီဟူ၍ မမှတ်သင့်။ လက်ကိုင်ထားရမည့် တရားကောင်းများရှိမှ မကောင်းမှုတို့ကို အောင်မြင်စွာ ရှောင်ကြဉ်နိုင်ပေလိမ့်မည်။ လက်ကိုင်ထားရမည့် တရားကောင်း ဆိုသည်မှာ မြန်မာဘာသာဖြင့်

အရှက်အကြောက်ဟု ခေါ်သော ဟီရိဩတ္တပ္ပ တရားနှစ်ပါးပေတည်း။ ထိုနှစ်ပါးတွင် အရှက်ဆိုသည်မှာ သူများဝတ်သလို မဝတ်နိုင်၍ ရှက်ခြင်းမျိုး၊ သူများနေသလို မနေနိုင်၍ ရှက်ခြင်းမျိုးတို့ကို ဆိုလိုသည် မဟုတ်ချေ။ အကြောက် ဆိုသည်မှာလည်း တစ္ဆေသူရဲကြောက်သော အကြောက်မျိုး၊ အရိုက်အနှက် အဆဲအဆို ခံရမှာ ကြောက်သည့် အကြောက်မျိုးတို့ကို ဆိုလိုသည်မဟုတ်ချေ။ မကောင်းသော အလုပ်ကို လုပ်ကိုင်ရန်၊ မကောင်းသော စကားကို ပြောဆိုရန် ရှက်ခြင်း၊ ကြောက်ခြင်းတို့ကိုဆိုလိုပေသည်။

ဤင်းတရားနှစ်ပါးသည် နတ်များ အမြဲကျင့်သုံးခြင်းကြောင့် ဒေဝဓမ္မဟူ၍လည်းခေါ်သည်။ ဤလောကကြီးကို ပျက်စီးမသွားအောင် စောင့်ရှောက်တတ်သောကြောင့် လောကပါလ တရားဟူ၍လည်း ခေါ်သည်။ ဤလောကပါလ တရားနှစ်ပါးကို လူသားတွေကျင့်သုံးမှု အနည်းအများကိုလိုက်၍ လူ့လောကကြီးတွင် သာယာ အေးချမ်းမှု အနည်းအများ ဖြစ်ပေါ်လာရပေသည်။ လူ့လောကကြီး သာယာ အေးချမ်းမှု ရှိရန်အတွက် ဤလောက ပါလ တရားနှစ်ပါးကို လူသားတို့ကျင့်သုံးရန် လိုအပ်ပေသည်။

အင်အားကြီးမားသော ခွေးကြီးသည် အင်အားသေးငယ်သော ခွေးလေးတကောင် စားနေသော အစာကို ရဲရဲဝံ့ဝံ့ လု၍ စားနိုင်ခြင်းသည် အရှက်အကြောက် မရှိခြင်းကြောင့်ပင် ဖြစ်သည်။ နိုင်လျှင် နိုင်သလောက် အနိုင့်အထက် ပြုလုပ်ကြခြင်း၊ အင်အားကြီးလျှင် ကြီးသလောက် ငယ်သူတို့ အပေါ် ညှဉ်းဆဲကြခြင်းများသည်လည်း အရှက်အကြောက် မရှိခြင်းကြောင့်ပင် ဖြစ်ပေသည်။ ဤမျှလောက် အင်အားကြီးမားနေသူ ဖြစ်ပါလျက် မဖြစ်စလောက် အငယ်လေး စားနေသော အစာကို လုရှိစားဝံ့ခြင်းသည် တိရစ္ဆာန်လောက၏ လောကပါလ တရားနှစ်ပါး မရှိသောအဖြစ်ကို ဖော်ပြခြင်းပင် ဖြစ်ပေသည်။

အင်အားကြီးသောလူကြီးတယောက်သည်အလွန်အားနည်းသောကလေးငယ်တယောက်နှင့် ဖက်၍ မသတ်ဝံ့ခြင်း၊ အားနည်းသော ကလေးငယ် တယောက်နှင့် ဖက်၍ အပြန်အလှန် အပြိုင်အဆိုင် မဆဲဝံ့၊ မဆိုဝံ့ခြင်းများသည် အရှက်အကြောက် ရှိသောကြောင့်ပင်ဖြစ်သည်။

မိန်းမသားနဲ့ဆိုတော့လည်း ဖက်ပြောရမှာ ခက်တယ်။ ကလေးဆိုတော့လည်း လုပ်လိုက်ရမှာ မမကောင်းဘူး ဟူသောစကားသည် လူ့လောက၏ အရှက်အကြောက်ရှိသော လက္ခဏာပင် ဖြစ်ပေသည်။ အားငယ်သော မိန်းမ

သားနှင့် အားငယ်သော ကလေးကို အားကြီးသူလူကြီးက နိုင်သလောက် မပြုလုပ်ရန် ကာကွယ်ပေးထားသော တရားသည် အရှက်နှင့်အကြောက်ပင် ဖြစ်သည်။

ထို့ကြောင့် အရှက်နှင့်အကြောက်ကို လောကပါလတရားဟု ခေါ်ခြင်းပင် ဖြစ်ပေသည်။

ကျူးလွန်ရမည့် အာရုံဝတ္ထုမကောင်းမှုနှင့် လက်ငင်းပက်ပင်း တွေ့သာ သောအခါ ဤလောကပါလတရားနှစ်ပါးကို လက်ကိုင်ပြု၍ မကျူးလွန် မိအောင် ရှောင်ကြဥ်ရမည်။ အရှက်အကြောက်ကို မိမိ၏ အမျိုးအနွယ်ကို ထောက်၍ လည်းကောင်း၊ မိမိ၏ ပညာအရည်အချင်းကို ထောက်၍ လည်း ကောင်း၊ မိမိ၏ အလုပ်အကိုင်ထောက်၍ လည်းကောင်း၊ မိမိ၏ ဆရာသမား မိဘနှင့်တကွသော အပေါင်းအသင်း ရောင်းရင်းတို့၏မျက်နှာကို ထောက်၍ သော်လည်းကောင်း မကောင်းမှုပြုရန် ရှက်ခြင်း ကြောက်ခြင်းများ ရှိသင့် ကြပေသည်။

၁။ မိမိကိုယ်ကိုထောက်ထား၍ အရှက်အကြောက်ကို ဖြစ်စေခြင်း၊
၂။ မိမိပတ်ဝန်းကျင်ကို ထောက်ထား၍ အရှက်အကြောက်ကို ဖြစ်စေခြင်း၊
၃။ တရားသဘောကို ထောက်ထား၍ အရှက်အကြောက်ကို ဖြစ် စေခြင်း

ဟူသော ထောက်ထားခြင်း သုံးမျိုးဖြင့် ထောက်ထား၍ အရှက် အကြောက် မွေးမြူဖို့ လိုအပ်ပေသည်။ အဘယ်သို့ အရှက်အကြောက်ကို ဖြစ်စေရမည်နည်းဟု ဆိုပါက–

(၁) အသက်ကြီးသူ ဖြစ်ခဲ့လျှင် ငါကား အသက်ကြီးရင့်ချေပြီ။ ငါ၏ အသက်အရွယ်ဖြင့် ဤအမှုကိုပြုရန်၊ ဤစကားကို ပြောရန်၊ ဤအကြံကို ကြံစည်ရန် မသင့်လျော်တော့ချေ။ အကယ်၍ ငါသည် ဤအမှုကို ပြုမိချေအံ့၊ ဤစကားကို ပြောမိချေအံ့၊ ဤအကြံကိုကြံမိချေအံ့၊ ငါ့အောက် ငယ်သူ တို့သည် ငါ့အား အဘယ်သို့လျှင် ရိုသေလေးစားကြတော့ မည်နည်း။ ငါသည် အသက်ကြီးသူနှင့်အညီ ငါ့အောက် ငယ်သူတို့၏ ရိုသေလေးစားမှုကို ရရှိအောင် ငါနေတတ်

ထိုင်တတ်မှု လိုပေသည်ဟု မိမိကိုယ်ကို ထောက်ထား၍ အရှက်အကြောက်ကို ဖြစ်စေခြင်း။

(၂) ငါသည် လူကြီးပိုင်းသို့ ရောက်ရှိလာပေပြီ။ ဤအမှုကို ငါပြုခဲ့ချေသော် ငါနှင့် သက်တူရွယ်မျှ ဖြစ်ကြကုန်သော ငါ့မိတ်ဆွေများ၏ ဂုဏ်သိက္ခာများ ကျဆင်းချေတော့မည်။ ငါ့အားလည်း အမဲရိုးနှုယ် ဟင်းအိုးမှ အားမနာခလေခြင်း၊ နွားအို မြက်နုကြိုက်သည်၊ သောခါနီးမှရိက္ခာယူသည် စသည်ဖြင့် ကဲ့ရဲ့ ပြစ်တင် ကြပေလိမ့်မည်။ ငါ့အောက် ငယ်သူ ငါ့တူ ငါ့သား ငါ့မိတ်ဆွေများသည်လည်း ငါ၏ အမှားကြောင့် မျက်နှာငယ်ကြလေတော့မည်ဟု မိမိပတ်ဝန်းကျင်ကို ထောက်ထား၍ အရှက်အကြောက်ကို ဖြစ်စေခြင်း။

(၃) လောက၌ အသက်ကြီးသူသည် အသက် ငယ်သူတို့အတွက် ရှေ့ဆောင်လမ်းပြ ဖြစ်ပေသည်။ အသက်ကြီးသူက ကိုယ်ကျင့်တရားပျက်လျှင် အသက်ငယ်သူများက ပို၍ ကိုယ်ကျင့်တရား ပျက်ကြပေလိမ့်မည်။ အသက်ကြီးသူသည် မိမိအတွက် လည်းကောင်း၊ မိမိငယ်သားများအတွက် လည်းကောင်း စောင့်စည်းရန် တာဝန်ရှိပေသည်။ ရှေ့ဆောင်နွားလား အဖြောင့်သွားလျှင် နောက်နွားတသိုက်အဖြောင့်လိုက်၏။ ရှေ့ဆောင်နွားလား အကောက်သွားလျှင် နောက်နွားတသိုက် အကောက်လိုက်၏ ဆိုသကဲ့သို့ ရှေ့ဆောင်ဖြစ်သော ငါသည် ဤမကောင်းမှုကို ပြုမိချေလျှင် ထိုလူကြီးတွေတောင် ဤအမှုကို ပြုကြသေးသည်ဟူသော စကားဖြင့် ငယ်သူများ အတုလိုက်၍ လာချေတော့မည် ဟူသော တရားသဘော ကိုထောက်ထား၍ အရှက်အကြောက် ဖြစ်စေခြင်း။

(၁) အကြီးအကဲတယောက် ဖြစ်ခဲ့လျှင် ငါသည် ဤနေရာ၌ အကြီးအကဲပင် ဖြစ်သည်။ ငါသို့သော အကြီးအကဲတယောက်သည် ငယ်သားများကို ဂွင်းထောင်၍ ဖမ်းခြင်း၊ ချောက်ချခြင်း၊ အငိုက်ဖမ်းခြင်း၊ ကိုယ်ကျိုးရှာခြင်း၊ စည်းကမ်း ပျက်ကွက်ခြင်း စသော သေးသိမ် ယုတ်ညံ့သော အလုပ်ကို မလုပ်သင့်ချေ။ အကျိုးမဲ့သောစကား၊ သူတပါး

အကြောင်း မကောင်းစကား၊ ရုန့်ရင်းကြမ်းတမ်းသော စကား၊ မထိတထိ ခနဲ့ခနဲ့ ပြောသောစကား၊ကောက်ကျစ်စဉ်းလဲ သောစကား၊ သေးသိမ်ယုတ်ညံ့သော စကားမျိုးကို မပြောသင့်ချေ။ ကိုယ့်အောက် ငယ်သားများ၏ အပြစ်ကို တေးထားခြင်း၊ မှတ်ထားခြင်း၊မနာလို မရှုစိမ့် ဖြစ်ခြင်း စသော သေးသိမ် ယုတ်ညံ့သောအကြံအစည်မျိုး မကြံစည်သင့်ချေ။ စင်စစ်ငါသည် ဤနေရာ၌ အကြီးအကဲပင်ဖြစ်ပေသည်ဟု မိမိကိုယ်ကို ထောက်ထား၍ အရှက်အကြောက် ဖြစ်စေခြင်း။

(၂) ငါသည် အကြီးအကဲမပီသသော ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့ကို ပြုမိခဲ့ချေလျှင် ငါနှင့် ဆက်နွယ်လျက်ရှိသော ငါ့ထက်ကြီးသူများ၊ ငါနှင့်တူသူများ၊ ငါ့အောက်ငယ်သူများအားလုံး အရှက်ကြီးရှက်ကြပေလိမ့်မည်။ ငါသောင်ရွက်နေသော လုပ်ငန်းတခုလုံးတွင်လည်း ထိခိုက်နစ်နာပေလိမ့်မည်။ ငါပြုအပ်သော မကောင်းမှုသည် ငါတယောက်တည်းကိုသာလျှင် မဟုတ်ပဲ ငါ၏ ပတ်ဝန်းကျင်တခုလုံးကိုပါ ထိခိုက် နစ်နာပေတော့မည်ဟု မိမိပတ်ဝန်းကျင်ကို ထောက်ထား၍ အရှက်အကြောက် ဖြစ်စေခြင်း။

(၃) အကြီးအကဲ ဆိုသည်မှာ အကြီးအကဲတို့ ကျင့်သုံး ရမည့် နာယကဂုဏ် ခြောက်ပါးနှင့် ပြည့်စုံဖို့ လိုအပ်ပေသည်။ အကြီးအကဲ တယောက်ဖြစ်ပါလျက် အကြီးအကဲတို့ ကျင့်သုံးရမည့်နာယကဂုဏ်များမရှိခဲ့လျှင် အကြီးအကဲပီသတော့မည် မဟုတ်ချေ။ငါသည် ငါ့အလုပ်ခွင်နှင့်တကွသော ငါ၏ ငယ်သားများအတွက် တာဝန်ရှိသော ပုဂ္ဂိုလ်ဖြစ်ပေသည်။ ငါ့အောက် ငယ်သူများအား ကိုယ်မှု နှုတ်မှု စိတ်မှု ဆိုးဝါး၊ ဘုရားမကြိုက် အလုံးစုံသော အကုသိုလ် ဒုစရိုက်ကို မလိုက်မမှားရအောင်ထိန်းသိမ်းရန်တာဝန်ရှိပေသည်၊ ယင်းသို့ငယ်သူများအား ထိန်းသိမ်းရန် တာဝန်ရှိပါလျက် မိမိကိုယ်ကို မထိန်းသိမ်းနိုင်ခြင်းသည် မသင့်လျော်ချေ။ အခြား မနေရာ မိုးမလုံသည်က မထောင်းတာ၊ ခေါင်ကမိုးလုံရန် အရေးကြီးသည်။ ရွာတရွာ မီးလောင်ရာတွင် အချို့သော ရွာသူ

ရွာသားများက ဝဋ္ဋသုတ်ပရိတ်ကို ရွတ်ကြလေသည်။ ထို အခါ ကြားသူများက ဝဋ္ဋသုတ် ရွတ်မနေနဲ့တော့၊ ကိုယ့် ပစ္စည်းသာ ကိုယ်သယ်ကြတော့၊ ဒီမီးက ဝတ်အသင်းက စလောင်တဲ့မီးဟု ပြောကြသကဲ့သို့ ဝတ်အသင်းက မီးစ လာလျှင် ရွတ်စရာ ဖတ်စရာ မရှိ ဖြစ်တတ်လေသည်။ ငါ သည် ဝတ်အသင်းက စလောင်သော မီးမျိုး မဖြစ်စေရ။

အရာဝတ္ထုမှန်သမျှ မြေကြီးကိုမှီ၍ တည်နေရသည်။ ထို့ကြောင့် မြေကြီးသည် တည်ငြိမ်ရန် အလွန်အရေးကြီး ပေသည်။ မြေကြီး လှုပ်ရှားခဲ့လျှင် ဘယ်အရာဝတ္ထုမျိုးမှ အငြိမ်နေနိုင်ကြတော့မည် မဟုတ်ချေ။ ထိုနည်းအတူ လုပ် ငန်းတခုတွင် သက်ရှိ သက်မဲ့အရာအားလုံးအကြီးအကဲကိုမှီ၍ တည်နေရပေသည်။ ထို့ကြောင့် အကြီးအကဲ တည်ငြိမ်ရန် အရေးကြီးပေသည်။ အကြီးအကဲမတည်ငြိမ်လျှင် အလုပ်ခွင် တခုလုံး သွက်သွက် လည်တော့မည်သာတည်း။ ထို့ကြောင့် ငါသည် မတည်ငြိမ်သော အကြီးအကဲ မဖြစ်စေရဟု တရား သဘောကို ယောက်ထား၍ အရှက် အကြောက် ဖြစ်စေ ခြင်း။

(၁) သမီးပျိုတယောက်ဖြစ်ခဲ့လျှင် ငါသည် သမီးပျိုတယောက် ဖြစ်ပေသည်။ ငါ့တွင် ရှည်လျားသော အနာဂတ်ကာလ လည်း ရှိပေသေးသည်။ 'ယခု ကောင်းမှ နောင်ကောင်း လိမ့်မည်။ ယခုဆိုး နောင်လည်း ဆိုးလိမ့်ညော်' ဆိုသည့် အတိုင်း ယခု မကောင်းချေက ထို ရှည်လျားသော အနာ ဂတ် ကာလသည် ငါ့အတွက် ကောင်းလိမ့်မည် မဟုတ် ချေ။ ထို့ကြောင့် ငါသည် အကျပ်မဲ့ကြမ်း ပရမ်းပတာ ဆိုသကဲ့သို့ စည်းမဲ့ ကမ်းမဲ့ သွားလာနေထိုင် လုပ်ကိုင်၍ မတော်ချေ။ ငါသည် အထိန်းအသိမ်း မရှိကြသော ယဉ် ကျေးမှု မရှိကြသော အပေါင်းအဖော်များဖြင့် ဆက်ဆံ ပေါင်းသင်း၍ မတော်ချေ။ အမျိုးသမီးဆိုသည်မှာ ကိုယ့် တန်ဖိုး ကိုယ်ဖြတ် ဆိုရသည် ဟူသော စကား အတိုင်း ငါသည်ပင်လျှင် ငါ၏တန်ဖိုးကို ဖြတ်ဆိုရန် တာဝန်ရှိ

ပေသည်ဟု မိမိကိုယ်ကိုထောက်ထား၍ အရှက်အကြောက် ဖြစ်စေခြင်း။

(၂) လောကတွင် သမီးမိုက် တယောက်ကို မွေးမိ၍ ထောင်ရောက်၊ တန်းရောက် ဆေးရုံရောက်ကြရသော မိဘများ၊ လူထဲ မျက်နှာမပြဝံ့လောက်အောင် အရှက်တကွဲ အကျိုးနည်းဖြစ်ကြရသော မိဘများ၊ နှမမိုက်တယောက်အတွက် လူထဲ မျက်နှာမပြဝံ့ဖြစ်ရသော မောင်များ၊ ထောင်တန်းဆေးရုံရောက်ရသော မောင်များ၊ သမီးမိုက် တယောက်အတွက် ကဆွေလုံး တမျိုးလုံး အရှက်တကွဲ အကျိုးနည်းဖြစ်၍ သောက်သောက်လဲ ဒုက္ခရောက်ရသူတွေ အလွန်များလှပေသည်။ ငါ့မိဘ ငါ့မောင်ဖွား၊ ငါ့ဆွေငါ့မျိုးများသည်လည်း ငါမလိမ္မာလျှင် ယင်းကဲ့သို့ပင် အရှက်တကွဲအကျိုးနည်း၍ ဆင်းရဲဒုက္ခရောက်ကြပေတော့မည်။ ထို့ကြောင့် ငါသည် အရာခပ်သိမ်း မစူး မစမ်း မဆင်မခြင်ပြောဆိုလုပ်ကိုင် နေထိုင်၍ မသင့်ချေ။ ငါသည် ဒုက္ခပေးနိုင်သော သမီးဆိုး သမီးမိုက် မဖြစ်စေရ။ မြင်းကောင်းတစီး၊ သမီးကောင်းကယောက်၊ ကျောက်ကောင်းတစေ့ ဆိုသကဲ့သို့ ငါ့မိဘ မောင်ဖွား ဆွေမျိုးများ၏ ကျက်သရေဆောင်ဖြစ်သော သမီးရတနာဖြစ်အောင် ငါကြိုးစားအံ့ဟု မိမိ၏ ပတ်ဝန်းကျင်ကို ထောက်ထား၍ အရှက် အကြောက်ကို ဖြစ်စေခြင်း။

(၃) လောက၌ ဤသို့ ဆင်ယင် ဝတ်စားခြင်း၊ ဤသို့ သွားလာနေထိုင်ခြင်း၊ ဤသို့ ပြောဆိုခြင်း၊ ရွယ်တူ မတူဖြစ်သော ယောကျ်ားများနှင့် ဖက်လှဲတကင်း ဆက်ဆံပေါင်းသင်းခြင်း စသည်များသည် အမျိုးကောင်း သမီးတိုင်း မပြုသင့်သော အရာများဖြစ်သည်။ မင်းသည် စစ်သည် ဗိုလ်ပါရှိမှ တင့်တယ်သည်။ ယောကျ်ားသည် အတတ်ပညာရှိမှ တင့်တယ်သည်။ အမျိုးကောင်းသမီးသည် ကိုယ်ကျင့်တရား ရှိမှ တင့်တယ်သည် ဆိုသည့်အတိုင်း ငါသို့သော

အပျိုစင်သည် ကိုယ်ကျင့်တရား ရှိဖို့ အရေးကြီးသည်ဟု တရားသဘောကို ထောက်ထား၍ အရှက်အကြောက်ဖြစ်စေခြင်း။

(၁) တရားအားထုတ်နေသော ယောဂီ တယောက် ဖြစ်ခဲ့လျှင် ငါသည် သူတော်ကောင်းတရားကို အားထုတ်နေသူ ဖြစ်သည်။ ငါသည် ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို ထိန်းသိမ်းရမည့်သူ ဖြစ်သည်။ ယောဂီ မဟုတ်သူများကဲ့သို့ ဝတ်ချင်သလိုဝတ်၊ စားချင်သလိုစား၊ သွားချင်သလိုသွား၊ ပြောချင်သလိုပြော၊ နေချင်သလိုနေခြင်းမျိုး မပြုသင့်ချေ။ ငါသည် ယောဂီပီသစွာ ယဉ်ကျေးသော ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ် အမူအရာများ ထားရမည်ဟု မိမိကိုယ်ကို ထောက်ထား၍ အရှက်အကြောက် ဖြစ်စေခြင်း။

(၂) ငါတို့လင်မယား တကျက်ကျက် ရန်ဖြစ်နေလျှင်၊ ကျုပ်တို့ထားပါအုံး၊ ယောဂီလင်မယား ခဏခဏ ရန်ဖြစ်နေတာက ခက်တယ်ဟု ပြက်ရယ်ပြုကြပေလိမ့်မည်။ ငါ့နှုတ်က အယုတ်တမာ ထွက်ခဲ့လျှင်၊ အမလေးဟဲ့၊ ဟိုရိပ်သာက ယောဂီတဲ့၊ ဟိုဆရာကြီး တပည့်တဲ့ စသည်ဖြင့် ငါ့ဆရာသမားနှင့် ငါ့ရိပ်သာကိုထိခိုက်ပေတော့မည်။ ငါလုပ်ပုံ ကိုင်ပုံ ပြောပုံ ဆိုပုံ နေရာမကျသဖြင့် ငါ၏ဆရာသမားနှင့် မိတ်ဆွေများသာမက ဘုရား သာသနာတော်ကြီးပါ မျက်နှာငယ်ရချေတော့မည် ဟု မိမိ ပတ်ဝန်းကျင်ကို ထောက်ထား၍ အရှက် အကြောက်ကို ဖြစ်စေခြင်း။

(၃) သူတော်ကောင်းတရား အားထုတ်နေသူသည် သူတော်ကောင်းတရားကို စောင့်ရှောက် ရပေလိမ့်မည်။ သူတော်ကောင်းတရားကို အားထုတ်နေသူကမှ သူတော်ကောင်းတရားကို မစောင့်ရှောက်လျှင် အဘယ်သူက လာ၍စောင့်ရှောက် လိမ့်မည်နည်း။ ငါသည် သူတော်ကောင်းတရားကို အားထုတ်နေသူ ဖြစ်ပေသည်။ သူတော်ကောင်းတရားနှင့်ဆန့်

ကျင်နေ၍ မသင့်လျော်ပေ။ သီလဟူသော ကိုယ်ကျင့်တရား ပျက်သော ငါ့အား၊ အဘယ်မှာ သမာဓိဟူသော စိတ်၏ တည်ငြိမ်မှု ရရှိနိုင်မည်နည်း။ သမာဓိဟူသော စိတ်၏တည် ငြိမ်မှုမရှိသော ငါ့အား ငါ့ရည်မှန်းထားသော ရုပ်နာမ် ကို ထိုးထွင်းသိနိုင်သည့် ပညာသည် အဘယ်မှာ ရရှိနိုင် မည်နည်း။ ငါသည် ရည်မှန်းထားသော ပညာကို ရရှိစေ ရန်အတွက် ဤမကောင်းမှုကို ပြုရန် မသင့်ချေဟု တရား သဘောကို ထောက်ထား၍ အရှက်အကြောက်ဖြစ်စေခြင်း။

ဤသို့လျှင် မိမိနှင့်ဆိုင်ရာ ဆိုင်ရာ ဖြစ်သော အရှက် အကြောက် တရားတို့ကို ဖြစ်စေခြင်းဖြင့် မကောင်းမှုတို့ကို မပြုမိအောင် မိမိကိုယ်ကို ထိန်းသိမ်းနိုင်ကြရမည်။

လူတယောက်၏ ကြံ့ခိုင်သော စိတ်အားသတ္တိကို ဤ ဝိရ တိ မင်္ဂလာက ဖော်ထုတ်ပေးလေသည်။ လူတိုင်း လူတိုင်း မိမိကိုယ်ကို အထင်ကြီးကြစမြဲ ဖြစ်သည်။ ကိုယ်အထင်ကြီး သည့်အတိုင်း မှန်-မမှန်ကို တိုင်းတာရန်အတွက် ဤ ဝိရတိ မင်္ဂလာသည် အကောင်းဆုံးသော ပေတံ ဖြစ်ပေသည်။ **သူတော်ယောင်ယောင် ကြောင်သိတင်းသုံး ကြွက်ကိုမြင် တော့ ဟမြုန်းမြုန်း** ဆိုသကဲ့သို့ ကျူးလွန်ရမည့် အာရုံ ဝတ္ထုနှင့် မတွေ့သောအခါ သူတော်ကောင်း သူမြတ် လောင်းကြီး၊ သဘောဖြူ အူစင်းကြီးဖြစ်၍၊ ကျူးလွန်ရ မည့် အာရုံဝတ္ထုနှင့် တွေ့သည်နှင့် တပြိုင်နက် မဟာတရား ကြောက်စရာ လန့်စရာကြီး ဟုတ်– မဟုတ်၊ လူရှေ့ သူရှေ့ မှာတော့ သဘောဖြူ အူစင်းကြီး၊ လူလစ်တာနဲ့တပြိုင်နက် အယုတ်တမာကြီး ဟုတ် မဟုတ်ကို ဤ ဝိရတိ မင်္ဂလာနှင့် မိမိကိုယ်ကို စစ်ဟမ်း ထုတ်သင့်ကြသည်။

ဤ ဝိရတိ မင်္ဂလာ၌ မကောင်းမှုကို ရှောင်ကြဉ်ရမည်ဆိုရာတွင် ကာယ ကံ မကောင်းမှု၊ ဝစီကံ မကောင်းမှု (၂) မျိုးကို ရှောင်ကြဉ်ရန်သာ အဓိ က လိုရင်း ဖြစ်ပေသည်။ တနည်းအားဖြင့် ပရိယုဋ္ဌာနကိလေသာကိုပယ်ရန် ဖြစ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ကိလေသာ ကင်းပြီး ဖြစ်သော ပုဂ္ဂိုလ်များအတွက် မကောင်းမှုကို အဝေးက ရှောင်ခြင်း၊ အတွေ့ရှောင်ခြင်း

စသည်ဖြင့် ရှောင်ကြဉ်ရန် မလိုသောကြောင့် ဖြစ်ပေသည်။ မှန်၏။ မကောင်းမှုကို ပြုလိုသော စိတ်ရှိသူတို့သည်သာလျှင် မကောင်းမှုကိုရှောင်ကြဉ်ရန် လိုအပ်ပေသည်။

ကာယကံမကောင်းမှု၊ ဝစီကံ မကောင်းမှု နှစ်မျိုးကို ရှောင်ကြဉ်ရန်သာ ပဓာနဖြစ်သည်ဆိုသဖြင့် မနောကံ မကောင်းမှုကို ရှောင်ကြဉ်ရန်မလိုဟု မမှတ်ရ။ စိတ်တွင် မကောင်းမှု ဖြစ်ပေါ်လာကာမျှနှင့် ဤဝိရတီ မင်္ဂလာ မပျက်၊ ကိုယ်မှုဖြင့်လည်းကောင်း၊ နှုတ်မှုဖြင့်လည်းကောင်း၊ နှစ်မျိုးဖြင့်လည်းကောင်း လွန်ကျူးမှုဤဝိရတီမင်္ဂလာပျက်သည်။ စိတ်တွင်မကောင်းမှု ဖြစ်နေသော်လည်း ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း မလွန်ကျူးလျှင် ဤဝိရတီ မင်္ဂလာ မပျက်ဟူ၍ မှတ်ရမည်။

သတ္တဝါတွေ ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်းတို့ဖြင့် အမြဲတစေ တွေ့ကြုံနေကြရသည်မှာ မကောင်းမှုကို မရှောင်နိုင်ကြ၍သာ ဖြစ်သည်။ မကောင်းမှုကို မရှောင်ကြဉ်ကြပဲ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်းကို ရှာဖွေနေကြသူများသည် မစင်ထဲမှ အရသာ ရှာနေသကဲ့သို့သာ ဖြစ်ပေမည်။

သတ္တဝါတို့၏ အကျိုးစီးပွားကို လိုလားတော်မူသော မြတ်စွာဘုရားသည် သတ္တဝါတွေ ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်းမှ ကင်းငြိမ်းကြရန်၊ မကောင်းမှု မှန်သမျှကို အဝေးက ရှောင်ကြဉ်ကြရမည်။ ယင်းသို့ အဝေးကပင် ရှောင်ပါ ကွင်းပါလျက် အကြောင်းအားလျော်စွာ ရင်ဆိုင်ပက်ပင်းတွေ့ကြလျှင်လည်း လွတ်ကင်းအောင် ရှောင်ကြရမည်ဟု ဤဝိရတီမင်္ဂလာကို ဟောကြားတော်မူခြင်း ဖြစ်ပေသည်။ အောင့်နိုင် အကျိုးရှိဟူသော စကားသည် ဤမင်္ဂလာအတွက် အလွန် အသုံးဝင်ပေသည်။ ကိလေသာ မကင်းသေးသူတို့အတွက် အောင့်ထားခြင်းသည် ပထမ အသုံးပြုရသည့် အချက်ဖြစ်ပေသည်။

တောရ ဆောက်တည်နေသော ဒါးမကူး ဆရာတော်ဘုရားကြီးအား အပျိုတော်တဦးက ဖက်လဲတကင်း အတင်းဖျက်ဆီးလေရာ ဆရာတော်ဘုရားကြီးသည် အောင့်ထားရုံမျှဖြင့် မိမိကိုယ်ကို စိတ်မချနိုင်သဖြင့် အနားတွင်ရှိသော သင်စုန်းဓားဖြင့် မိမိပေါင်ကို မိမိ ငါးမွှန်းသလို မွှန်း၍ မသိသာသော ဒဏ်ရာကို နှလုံးသွင်းကာ အပျိုတော်ကို အနိုင်ယူခဲ့လေသည်။ ဆရာတော်ကြီး၏ ဝိရတီ မင်္ဂလာကား အံ့ဩဖွယ် ကောင်းလေစွ။ မကောင်းမှု မှန်သမျှကို ဤနှယ်ပင် ရှောင်ကြဉ်ကြရမည်။

မိုးပြုလျှင် အများနဲ့ဖြစ်သည်။ အများမိုးခါးရေသောက် သောက်မည့်သည့်ဖြင့်လည်း မကောင်းမှုကို မပြုပါလေနှင့်။ အများ မိုးခါးရေသောက်သော်လည်း အချိုကိုသာ သောက်ပါလေ။

ဤဝိရတိမင်္ဂလာကို စစ်ကိုင်းတောင်ရိုး ဝိဇ္ဇောဒါရုံ ဆရာတော်ဘုရား၏ အရဟံ ဂုဏ်တော်အနက်ဖြင့် နိဂုံးချုပ်တော့မည်။

'သောဘဂဝါ=ထိုမြတ်စွာဘုရားသည်။ ဣတိပိ=ဤသို့ အကုသိုလ်တရား မကောင်းမှုများကို မထင်ရှားအောင်၊ မသိအောင်ဟု ပုန်းရှောင်ကွယ်လျှိုး လူသိမည်စိုးသောကြောင့် တိတ်တိတ်ခိုးသော်မှ ပြုတော်မမူသောကြောင့်၊ အရဟံ=အရဟံ မည်တော်မူပါပေသတည်း။ ။

# ၂၀။ မဇ္ဇပါနာ သံယမ မင်္ဂလာ

မူးယစ်စာများကို မသုံးစွဲခြင်းသည် မင်္ဂလာမည်၏။

မူးယစ်စာ ဆိုသည်မှာ အများသိကြပြီး ဖြစ်သော ထန်းရည်၊ အရက်၊ ဘိန်းမဲ၊ ဘိန်းဖြူ စသော မူးယစ် မေ့လျော့ခြင်းကို ဖြစ်စေတတ်သော ဆေးဝါးများကို ဆိုပေသည်။ မသုံးစွဲခြင်းဆိုသည်မှာ မသုံးမိ၊ မစွဲမိအောင် မိမိကိုယ်ကို စောင့်စည်းခြင်းပင် ဖြစ်ပေသည်။ မူးယစ်စာကို မသုံးစွဲခြင်းသည် ခုရောနောင်ပါ ချမ်းသာစီးပွားများ၏ အကြောင်းဖြစ်၍ မင်္ဂလာမည်ပေသည်။

မကောင်းမှုတို့ကို အဝေးက ရှောင်ရမည်။ အထူးသဖြင့် ရှောင်ရမည် ဆိုပြီးပါလျက် မူးယစ်စာများကိုလည်းရှောင်ရမည် ဆိုပြန်သဖြင့် မူးယစ်စာ ဆိုသည်မှာ မကောင်းမှု မဟုတ်လေသလော။ မကောင်းမှုဖြစ်ခဲ့လျှင် အဘယ့်ကြောင့် ဘုရားရှင်က ထပ်ဆင့် ခွဲခြားခဲ့လေသနည်းဟု စဉ်းစားဖွယ်ရာ ဖြစ်လာသည်။ မူးယစ်စာကို စားသုံးခြင်းသည် မကောင်းမှုပင် ဖြစ်ပေသည်။ ဘုရားရှင်က ထပ်ဆင့်ခွဲခြား၍ ဟောကြားတော်မူခဲ့ခြင်းမှာ လူသားတို့ အများဆုံး ကျူးလွန်လေ့ ကျူးလွန်ထ ရှိကြသဖြင့် အထူးတားမြစ်လိုသော ကြောင့် ဖြစ်ပေသည်။

နွားပိုင်ရှင်တဦးသည် သူ၏နွားများကို ထိန်းကျောင်းရန် နွားကျောင်းသားတဦး ငှားရမ်းထားလေသည်။ သူ၏ နွားများတွင် စိုင်ကလေးခေါ် နွားဆိုး နွားသွမ်းတကောင် ပါရှိလေသည်။ စိုင်ကလေးသည် သူ့ခြံ သူ့ရွာများကို ကျူးလွန်ဝင်ရောက် ဖျက်ဆီးလေ့ရှိသဖြင့် နွားရှင်မှာ မကြာခဏ လျော်ရ ပေါ်ရ၊ တောင်းပန်ရဖြင့် နားရသည်မရှိပေ။ ညနေ အချိန်ကန်၍ နွားများ အိမ်ပြန်သောအခါမှာလည်း စိုင်ကလေးမှာ ချောချောမောမော ပြန်လာသည်ဟူ၍ မရှိပဲ ဟိုဝင်သည်ထွက် လုပ်တတ်သည်။ ခြံကဲရောက်ပြန်တော့လည်း အငြိမ်မနေ၊ ဟိုတိုးသည်ဝှေ့နှင့် နွားတွေကို ရုန်းရင်းဆန်ခတ်ဖြစ်အောင် လုပ်တတ်သည်။ ထို့ကြောင့် နွားရှင်မှာ နွားကျောင်းသွားတော့မည်ဆိုလျှင် နွားကျောင်းသားအား နွားတွေဂရုစိုက်ကျောင်းဟေ့၊ စိုင်ကလေးကိုလည်း သတိထား ဟူ၍ မှာရသည်။ ပြန်ရောက်သောအခါမှာလည်း နွားတွေ အစုံအလင် ပြန်ရောက်ပြီလားဟု နွားရှင်ကမေး၍ နွားကျောင်းသားက နွားတွေ စုံစုံလင်လင် ပြန်ရောက်ပါပြီဟု ဖြေသော်လည်း စိုင်ကလေးရော ရောက်ပြီလားဟု ထပ်၍ မေးရပြန်သည်။ နွားတွေအားလုံး ဟူသော စကားတွင် စိုင်ကလေးပါပြီး ဖြစ်သော်လည်း စိုင်ကလေးမှာ နွားများ ပြန်ရောက်သော်လည်း ရောက်လေ့မရှိ၊ ဟိုဝင်သည်ထွက်လုပ်တတ်သော နွားဆိုးနွားသွမ်း ဖြစ်သောကြောင့် ထပ်ဆင့် မေးမြန်းရခြင်း ဖြစ်ပေသည်။ ခြံထဲ နွားတွေအကုန်သွင်းပြီးသော်လည်း စိုင်ကလေးကို ချည်မထားလျှင် ဘယ်နွားမှ ကောင်းကောင်း မနေရတော့ချေ။ ထို့ကြောင့် စိုင်ကလေးကို ခြံထဲသွင်းရုံနှင့် မပြီးပဲ တကောင်ထဲခွဲ၍ ချည်ထားရသည်။

မကောင်းမှုများတွင် မူးယစ်စာ စားသုံးခြင်းဟူသော ပြစ်မှုကို အလွယ်တကူ ကျူးလွန်တတ်ခြင်း၊ သူ့ကို ကျူးလွန်မိပြီဆိုလျှင် သူနှင့်မပြီးတော့ပဲ တခြားပြစ်မှုများကိုပါ ထပ်ဆင့် ကျူးလွန်မိတတ်ခြင်းတို့ကြောင့် ထပ်ဆင့် ခွဲခြား၍ ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပေသည်။

မကောင်းမှုကို ရှောင်ကြဉ်နိုင်ရန်၊ ကောင်းမှုကို ကျင့်သုံးနိုင်ရန် စိတ်ဓာတ် တည်ငြိမ် ရင့်ကျက်မှု လိုအပ်ပေသည်။ စိတ်ဓာတ်တည်ငြိမ် ရင့်ကျက်မှု သာလျှင် မကောင်းမှုတို့နှင့် ကင်းလွတ်အောင် ရှောင်ကြဉ်နိုင်ခြင်း၊ ကောင်းမှုကို ထိထိရောက်ရောက် လုပ်ဆောင်နိုင်ခြင်းများ ဖြစ်နိုင်ပေသည်။ သတ္တဝါတို့၏ စိတ်သည် မူလကပင် တည်ငြိမ်ရင့်ကျက်သော သဘောမရှိပေ။ ဟိုပြေးသည်ရောက် တောက်လျှောက်မနား ပြေးသွားတတ်သည်။ ဖောက်လွဲဖောက်

ပြန်ဖြစ်တတ်သည်။ ထို့ကြောင့်မကောင်းမှုများကိုရှောင်ကြဉ်နိုင်ရန်၊ ကောင်းမှုများကိုကျင့်သုံးနိုင်ရန် စိတ်ကိုတည်ငြိမ်ရင့်ကျက်အောင် နည်းအမျိုးမျိုးနှင့် ပင်ပန်းကြီးစွာ လေ့ကျင့် သင်ကြားပေးရသည်။ ယင်းသို့ ပင်ပန်းကြီးစွာ လေ့ကျင့်သင်ကြားပေးနေစဉ်မှာပင် ဟိုဝင် သည်ထွက်နှင့် ဖောက်လွဲဖောက်ပြန် ဖြစ်တတ်ချေသည်။ စိတ်သည် ဤမျှလောက်ပင် ရိုင်းစိုင်းလှသည်။ နဂိုသဘောက ရိုင်းစိုင်းလှသော ဤစိတ်သည် မူးယစ်စာတည်းဟူသော အဖော်သဟဲနှင့် တွေ့ရပြီဆိုလျှင် အဘယ်ဆိုဖွယ်ရာ ရှိတော့မည်နည်း။ ကျားနှင့်ကြောင် အတောင်တပ်လိုက်သကဲ့သို့ သောက်သောက်လဲအောင် ကြဲတော့မည်သာတည်း။

မူးယစ်စာကို ပညာရှိများက သေရည်ဟူ၍လည်းကောင်း၊ သေစာဟူ၍လည်းကောင်း ခေါ်ကြသည်။ သေတတ်သောအရည်၊ သေတတ်သောအစာဟု ဆိုလိုပေသည်။ မူးယစ်စာများကို သုံးစွဲ၍ မည်မျှမွားယွင်းကြောင်း၊ မူးယစ်စာများကို သုံးစွဲခြင်းကြောင့် မည်မျှ စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်ရကြောင်းများကို သိရှိနိုင်ရန်အတွက် စာတွေပေတွေ ဖတ်နေရန်ပင်မလိုချေ။ ကိုယ့်ရပ်၊ ကိုယ့်ရွာ၊ ကိုယ့်ပတ်ဝန်းကျင်မှာပင် အများအပြား မြင်နိုင် တွေ့နိုင်ပေသည်။

မူးယစ်စာစားသုံး၍ အညွန့်တုံး၊ အစတုံး၊ လူလုံးမလှ၊ အိမ်ထောင်ရေးမှာလည်း သားရော မယားပါ ဆင်းတောင့်ဆင်းရဲ မျက်နှာမွဲနှင့် နေရသူများ၊ လူမှုရေးမှာလည်း သယ်သူကမှမယုံကြည်၊ မလှမကောင်းသာ၍ ဆက်ဆံရသော်လည်း မလေးစား၊ မတော်လို့ နှုတ်ဆက်ကြသော်လည်း စိတ်ကမပါ၊ ထောက်ထားစရာ မျက်နှာရှိတုန်းတော့ ခံသာသေး၏။ ထောက်ထားစရာ မျက်နှာမရှိတာနှင့် တပြိုင်နက် ခွေးလုံးလုံး ဖြစ်ကြတော့သည်။ ကျန်းမာရေးမှာလည်း ဗိုက်ပူနှင့်နံကား အသားအရေက ဖောသွပ်သွပ်၊ မျက်ထောင့်နီနှင့် ကျက်သရေမရှိ၊ ခရိုခယိုင်နှင့် စောစောစီးစီး သေပွဲဝင်သွားသူများကို မြင်နိုင် တွေ့နိုင်ပေသည်။ သုံးစွဲသူသာမက ဆွေရော မျိုးရော သားရော မယားရော မိဘပါမကျန် စိတ်နှလုံး ပူပန်ရသော ဤ မူးယစ်စာသည် အဘယ်မျှ အန္တရာယ်ကြီးသည်ကို သိနိုင်ကြပေသည်။ ဤနေရာ၌ မြန်မာအမျိုးသမီးများမှာ မူးယစ်စာသုံးစွဲလေ့မရှိကြသဖြင့် ဝမ်းမြောက်ရပေသည်။ အချို့ ယောကျ်ားများက မိန်းမတွေဟာ နှာခေါင်းမပါလျှင် မစင် စားကြလိမ့်မည်ဟု ပြောကြသည်။ မိန်းမတွေက နှာခေါင်းမပါမှသာလျှင် မစင်

စားကြပါလိမ့်မည်။ ယောကျ်ားများက နှာခေါင်းပါပါလျက် မစင်စား နေကြ၍ ခက်လှသည်။ ဤမျှလောက် မကောင်းသည်ကို အမြင် အတွေ့ အသိ ဖြစ်ပါလျက် မရှောင်နိုင် မကွင်းနိုင်အောင် ဖြစ်ရခြင်းမှာ နှာခေါင်း ပါပါ လျက် မစင်စားရသည်နှင့် တူလှချေသည်။

ဆေးအမှတ် ဝါးအမှတ် သောက်သုံးသည် ဟူ၍လည်း ဆင်ခြေပေး တတ်ကြသည်။ ဆေးအမှတ် ဝါးအမှတ်လည်း မသုံးစွဲပါနှင့်။ မီးခဲသည် ဆေးအမှတ် ဝါးအမှတ် ကိုင်သော်လည်း ပူမည်သာ ဖြစ်သည်။ မကောင်းမှု ကို ကြံကြံ ဖန်ဖန် အကြောင်းပြခြင်းဖြင့် ကောင်းမှု ဖြစ်မလာချေ။ မကောင်း မှုသည် မကောင်းမှုသာတည်း။

မြန်မာ့ရာဇဝင်တွင် လက်ရုံးရည် နှလုံးရည်နှင့် ပြည့်စုံလှသော တောင်ငူ ဘုရင် တပင်ရွှေထီးနှင့် အင်းဝမင်းခေါင်၏ သားတော် နှလုံးကောင်း၊ လက်ရုံးကောင်းဖြစ်သော မင်းရဲကျော်စွာ ပင်းသားတို့မှာ မူးယစ်စာ သုံးစွဲ မိသဖြင့် ဘုန်းညွန့် ကံညွန့်ကျိုးလျက် သေချင်းဆိုး သေခဲ့ရလေသည်။

လောကတွင် ရှိကြသော ပညာရှိ သူတော်ကောင်းမှန်သမျှ မူးယစ်စာကို တားမြစ်ကြသည်သာ ဖြစ်ပေသည်။ ယင်းသို့ တားမြစ်ခြင်းသည် မူးယစ် သောက်စား ပျော်ပါးနေသူတို့ကို မနာလို ဝန်တို၍ မဟုတ်ချေ။ မူးယစ်စာ ကို သုံးစွဲခြင်းဖြင့် ကောင်းကျိုးချမ်းသာဟူ၍ တစက်မျှမရှိ၊ ဒုက္ခအတိသာ ဖြစ်သောကြောင့် ထပ်ပြန်တလဲလဲ ဟောပြော ဆုံးမ တားမြစ်နေရခြင်း ဖြစ်ပေသည်။ ထို့ကြောင့် မူးယစ်စာကို သောက်လက်စ၊ စားလက်စ၊ သုံး လက်စရှိလျှင် ကြံ့ခိုင်သော စိတ်ထားဖြင့် ယောကျ်ားပီပီ တခါတည်းဖြတ် လိုက်ပါ။ အကောင်းဆုံးသော အရက်ဖြတ်နည်းမှာ အရက်မသောက်ပဲ နေခြင်းပင် ဖြစ်ပေသည်။ စိတ်ကို အလိုမလိုက်ပါနှင့်။ သောက်လက်စ၊ စား လက်စ၊ သုံးလက်စ မရှိသေးဘူးဆိုလျှင်လည်း အနားကိုတောင် မသီလိုက် ပါနှင့်။

သေနှင့်အရက်၊ စီးပွားဖျက်ကို၊ တစက်ကယ်မျှ၊ မသောက်ကြနှင့်၊
ရှောင်ကြပါလေ၊ ရှင်တော်ဟောသည့် အဆိပ်ရေ။

(ရှင်မဟာရဋ္ဌသာရ)

# ၂၁။ အပ္ပမာဒ မင်္ဂလာ

ကုသိုလ်ကောင်းမှုတို့ကို မမေ့မလျော့ခြင်းသည် မင်္ဂလာမည်၏။

ကုသိုလ်ကောင်းမှု ပြုသင့်ပြုထိုက်သော အမှုတို့ကို မေ့လျော့နေ၍ မလုပ်လိုက်ရလေပြီ။ မပြုလိုက်ရလေပြီဟူ၍ မရှိခြင်းသည် မမေ့ မလျော့ခြင်းပင် ဖြစ်ပေသည်။ ထိုသို့ ကုသိုလ်ကောင်းမှု ပြုဖွယ် ကိစ္စတို့၌ မမေ့ မလျော့ခြင်းသည် ခုရော နောင်ပါ ချမ်းသာစီးပွားများခြင်း၏ အကြောင်းဖြစ်၍ မင်္ဂလာ မည်ပေသည်။

သတ္တဝါမှန်သမျှသည် ကုသိုလ်ကောင်းမှု ပြုဖွယ်ကိစ္စတို့၌သာလျှင် မေ့တတ်ချေသည်။ အကုသိုလ်မှု မပြုသင့်သော ကိစ္စတို့၌ မေ့လျော့သည် ဟူ၍ မရှိချေ။ နေ့စဉ် အရက်သောက်နေရာ ဒီနေ့ မေ့လို့ မသောက်လိုက်ရဘူးဟု အရက်သမား လောကတွင် မရှိချေ။ နေ့စဉ် ဘိန်းစားနေကျ၊ ဒီနေ့ မေ့နေလို့ မစားလိုက်ရဘူးဟူ၍လည်း မရှိချေ။ ပြုလုပ်နေကျ မကောင်းမှုကို ယနေ့ မေ့နေ၍ မပြုလိုက်ရပြီဟူသော ပုဂ္ဂိုလ်မရှိချေ။ မကောင်းမှုဆိုသည် ဤမျှပင် သန်စွမ်းအားကောင်းလှသည်။ ထို့ကြောင့် ကုသိုလ်ကောင်းမှု ပြုဖွယ် ကိစ္စတို့ကိုသာ မမေ့ မလျော့အောင် အထူးကြိုးစားကြရသည်။ ယင်းသို့ ကြိုးစားယင်းပင်လျှင် မေ့၍သွားတတ်ချေသည်။

မိမိလုပ်ရမည့် လုပ်ငန်းကို မေ့လျော့နေလျှင် လုပ်ရဲတော့မည်မဟုတ်။ ရှောင်ကြဉ်ရမည့် အလုပ်ကို ရှောင်ကြဉ်ရန် မေ့လျော့နေလျှင် ရှောင်ကြဉ်တော့မည်မဟုတ်။ မေ့လျော့နေသူသည် လုပ်သင့်သော အလုပ်ကို မလုပ်ပဲ သော်လည်း နေလိမ့်မည်။ မလုပ်သင့်သော အလုပ်ကိုလည်း လုပ်လိမ့်မည်။ ယင်းသို့ လုပ်သင့်သော အလုပ်ကို မလုပ်ခဲ့သော၊ မလုပ်သင့်သော အလုပ်ကို လုပ်ခဲ့သော ထိုမေ့လျော့နေသူသည် ဆင်းရဲပေါ် ဆင်းရဲထပ်၍ ဆင်းရဲဇာတ် ဆုံးတော့မည် မဟုတ်ချေ။ ထိုသူ၏ လောကီစီးပွား၊ လောကုတ္တရာ စီးပွားတို့သည် မုချ ပျက်စီးတော့သည်သာတည်း။

ဤလူ့ဘောင်လူ့လောကတွင် မေ့လျော့စရာအကြောင်းတွေကလည်းများလှသည်။ သားရေး သမီးရေး ဆွေမျိုးရေးကြောင့် မေ့ရ၊ လူမှုရေး စီးပွားရေး ကြောင့်မေ့ရ၊ ပျော်လွန်းလို့ မေ့ရ၊ စိတ်ညစ်လွန်းလို့ မေ့ရ၊ တမေ့ထဲသာ

မေ့ကြရတော့သည်။ မေ့စရာအကြောင်းတွေက များ၍ မမေ့အောင် သတိပေးရမည့် တရားက နည်းသောကြောင့် တမေ့ထဲ မေ့ကြရပေသည်။ အစစအရာရာ သတိရှိရသည်။ ဘာမဆို မမေ့အောင် လေ့ကျင့်ထားရမည်။ နမော်နမဲ့မနေ။ ဘယ်နေ့ ဘယ်သွားရမည်၊ ဘယ်အချိန် ဘာလုပ်ရမည်၊ ဘယ်သူနှင့် ဘာကိစ္စ တွေ့ရန်ရှိသည်၊ ဘယ်သူ့ထံက ဘယ်လောက်ရစရာရှိ၍ ဘယ်သူ့ကို ဘယ်လောက် ပေးရန်ရှိသည်ဆိုသော အချက်များကို မှတ်မိ သားမိရှိအောင် ပြုလုပ်ထားရသည်။ ဟာ ခင်ဗျားမြင်မှပဲ သတိရတယ် ဆိုတာမျိုး မဖြစ်စေသင့်။ အမြဲသတိရှိနေသင့်သည်။ သတိမမူ ဂူမမြင်၊ သတိမဆောင် တောင်မမြင် ဟူသော စကားများသည် မေ့လျော့သူအတွက် ဘယ်လောက် တန်ဖိုးကြီးသော လုပ်ငန်းကိုမဆို လုပ်နိုင်တော့မည် မဟုတ်ကြောင်း ဖော်ပြခြင်း ဖြစ်ပေသည်။

ဘာလုပ်မယ်လို့သွားတာ မေ့နေလို့ မလုပ်ခဲ့ရဘူး။ လူကြုံရှိတုန်း ပေးမယ်လို့ဟာ မေ့နေလို့မပေးလိုက်ရဘူး။ အပြန် ယူမယ်လို့ စီစဉ်ထားတာပဲ၊ မေ့နေလို့ မယူခဲ့ရဘူး ဟူသည် တို့သည် အလွန် မင်္ဂလာမရှိသော စကားများဖြစ်ကြသည်။

ဗုဒ္ဓဘာသာတရားတော်တွင် ဤမမေ့မလျော့ခြင်း ဟူသော အပ္ပမာဒတရားသည်အလွန်အရေးကြီး၏။ အဘယ်မျှ အရေးကြီးသည်ဆိုလျှင် ဤသာသနာတော်တခုလုံးကို အပ္ပမာဒ သာသနာဟု ခေါ်ရအောက်အောင် အရေးကြီး၏။ သီလ ဆောက်တည်ကြသောအခါ သီလပေးသောဆရာက ဤသို့ သရဏဂုံသုံးပါးနှင့်တကွသော ငါးပါး၊ ရှစ်ပါး၊ဆယ်ပါးသီလများကို ခံယူဆောက်တည်၍ ပြီးချေပြီ။ မမေ့မလျော့သောတရားနှင့် ပြည့်စုံကြကုန်လော့၊ အပ္ပမာဒေန သမ္ပာဒေထ ဟူ၍ အမြဲကမ်း သတိပေးရသည်။ အဘယ့်ကြောင့်ဆိုသော် သီလခံယူ ဆောက်တည်ထားသည်ကို မေ့လျော့နေလျှင် သီလကျိုးပျက်မည်ဖြစ်သောကြောင့် ပေတည်း။

စကားတခွန်းလောက် ပြောရုံသာ အချိန်ရတော့သည်၊ ရှည်ရှည်လျားလျားပြောရန် အချိန်မရတော့ဆိုလျှင် ထိုအခါ အတိုဆုံးနှင့်လိုရင်းအကျဆုံးဖြစ်သော စကားကိုသာပြောရပေလိမ့်မည်။ စကားတလုံးဆိုလျှင် တလုံးမှန်းမှန်းသိသိ တန်ဖိုးရှိသောစကားတို့ကိုသာလျှင်ပြောရပေလိမ့်မည်။ သဗ္ဗညုတ ဉာဏ်တော်ရှင်ကြီးဖြစ်သော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံဝင်အံ့မူးမူးတွင် တပည့်သာဝကတို့အား နောက်ဆုံးသောဩဝါဒတရား မိန့်ကြား

တော်မူခဲ့သည်မှာ 'အပ္ပမာဒေန သမ္ပာဒေထ' ဟူ၍ ဖြစ်ပေသည်။ တန်ဖိုးအပြည့်အဝရှိသော စကားတော်ပါပေတည်း။ လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ပေးစွမ်းနိုင်သော စကားတော် ပါပေတည်း။

မမေ့လျော့သူတို့လက်၌ရှိသော ဥစ္စာစည်းစိမ်တို့သည် မမေ့မလျော့သောသူများထံသို့သာ စုဝေးရစမြဲဖြစ်သည်။ လူ့ချမ်းသာ ရရှိရေးအတွက် မမေ့မလျော့ရန် အရေးကြီးသည်။ နတ်ချမ်းသာ ရရှိရေးအတွက်လည်း မမေ့မလျော့ရန်အရေးကြီးသည်။ ဗြဟ္မာ့ချမ်းသာ ရရှိရေးအတွက်လည်း မမေ့မလျော့ရန် အရေးကြီးသည်။ နိဗ္ဗာန်ချမ်းသာအတွက်လည်း မမေ့မလျော့ရန်အရေးကြီးသည်။

မြတ်စွာဘုရားက—

မေ့လျော့ခြင်းသည် သေခြင်း၏ အကြောင်းတည်း။
မမေ့မလျော့ခြင်းသည် မသေခြင်း၏အကြောင်းတည်း။
မေ့လျော့သူတို့သည် သေသည်မည်ကုန်၏။ မမေ့မလျော့သူတို့သည်
သေသည် မမည်ကုန်။ ပညာမဲ့၍ မိုက်ကုန်သော သူတို့သည် မေ့
လျော့မှုကို အားထုတ်ကြကုန်၏။ ပညာရှိသော သူတို့သည်ကား
မမေ့မလျော့ခြင်းကို အမြတ်ဆုံး ဥစ္စာကဲ့သို့ စောင့်ရှောက်၏။

မေ့လျော့သူသည် မဖြစ်သေးသော မကောင်းမှုများလည်း ဖြစ်ပေါ်လာတော့သည်။ ဖြစ်ပြီးသော မကောင်းမှုများလည်း ဆတက်ထမ်းပိုးတိုးပွားလာတော့သည်။ မဖြစ်သေးသော ကောင်းမှုများလည်း မဖြစ်လာတော့ပြီ။ ဖြစ်ပြီးသော ကောင်းမှုများသည်လည်း ဆုံးရှုံး ပျက်စီးလေတော့သည်။ အလုံးစုံသော ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ၊ ခုဘဝ နောင်ဘဝ နှစ်ပါးစလုံး ဆင်းရဲခြင်းတို့သည် မေ့လျော့ခြင်းကြောင့်သာလျှင် ဖြစ်ပေါ်လာခြင်းဖြစ်ပေသည်။

ထို့ကြောင့် စာမေးပွဲတိုင်း ဂုဏ်ထူးနှင့် အောင်မြင်လိုကြသော ကျောင်းသားများသည် လည်းကောင်း၊ ရာထူးရာခံ တိုးတက်လိုကြသော အမှုထမ်းအရာထမ်းများသည်လည်းကောင်း၊ ရောင်းပန်း ဝယ်ပန်း ပွင့်လိုသော ဈေးသည်များသည် လည်းကောင်း၊ လုပ်အားခ များများ အလိုရှိကြသော အလုပ်သမားများသည် လည်းကောင်း၊ ပွင့်ဖူးသီးနှံ များများအလိုရှိကြ

သော တောင်သူလယ်သမားများသည် လည်းကောင်း၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို အလိုရှိကြသော ယောဂီ သူတော်စင် အပေါင်းတို့သည် လည်းကောင်း ကုသိုလ်ကောင်းမှု ပြုဖွယ်ကိစ္စ မှန်သမျှကို မမေ့မလျော့ခြင်းဟူသော အပ္ပမာဒ မင်္ဂလာနှင့် ပြည့်စုံအောင် ကြိုးစားကြရမည်။

သင်ယူထားသော အတတ်ပညာကို မေ့သွားခြင်းသည် ရှာဖွေထားသော ဥစ္စာ ပျောက်ဆုံးသွားသည်ထက် နစ်နာပေသည်။ ထို့နည်းအတူ အလုပ်တခု မေ့နေခြင်းသည်လည်း နစ်နာပေသည်။ မမေ့အောင် ကြိုးစားရမည်။ ကိစ္စတခုကို တကယ် စိတ်မဝင်စားလျှင်လည်း မေ့တတ်သည်။ တကယ် စိတ်ဝင်စားသော ကိစ္စဆိုလျှင် တမင်မေ့အောင် ကြိုးစား၍ မရအောင်ပင် အမှတ်ရနေတတ်သည်။ ထို့ကြောင့် အမှုကိစ္စမှန်သမျှကို စိတ်ပါဝင်စားအောင် ကြိုးစားရမည်။

အပ္ပမာဒေန သမ္ပာဒေထ။

## ၂၂။ ဂါရဝ မင်္ဂလာ

အရိုအသေ ပြုခြင်းသည် မင်္ဂလာ မည်၏။

အရိုအသေ ပြုခြင်းဆိုသည်မှာ လူမျိုး အသီးသီး၊ ဘာသာအသီးသီးတို့က မိမိတို့၏ ယဉ်ကျေးမှု ဓလေ့ ထုံးတမ်းများနှင့်အညီ အရိုအသေပြုခြင်းဟု သက်မှတ်ထားကြသော ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာများကို ကျင့်သုံးခြင်းကို ဆိုပေသည်။ အထူးသဖြင့် ဤမင်္ဂလာတရားသည် ဗုဒ္ဓဘာသာ ဖြစ်သော မြန်မာများအတွက် ရေးသားခြင်းဖြစ်၍ မြန်မာတို့ ယဉ်ကျေးမှုအရ ကိုယ်အမူအရာဟူသော ထိုင်၍ ရှိခိုးခြင်း၊ ရပ်လျက် လက်အုပ်ချီခြင်း၊ ဦးညွှတ်ခြင်း၊ နေရာပေးခြင်း၊ ခရီးဦးကြို ပြုခြင်း၊ တစုံတခု အပေးအယူ ပြုသောအခါ နှစ်တောင့်ထွာထက် မဝေးမနီးသော အရပ်မှ နေ၍ လက်နှစ်ဘက်ဖြင့် အပေးအယူပြုလုပ်ခြင်း စသည်များ။ နှုတ်အမူအရာဟု ဆိုအပ်သော အရှင်ဘုရားဟူ၍လည်းကောင်း၊ တပည့်တော်ဟူ၍ လည်းကောင်း သံဃာတော်များနှင့် ပြောရာတွင် သံဃာတော်များနှင့်

ဆိုင်ရာ ယဉ်ကျေးသော ဝေါဟာရများ၊ ဆရာသမား မိဘများနှင့် ပြော သောအခါ ဆရာသမား မိဘများနှင့်ဆိုင်ရာ ယဉ်ကျေးသော ဝေါဟာရ များ စသည့် အမူအရာများသည် အရိုအသေပြုခြင်းပင် ဖြစ်ပေသည်။ ယင်းသို့ အရိုအသေ ပေးရာတွင် ဟန်ဆောင်မှုမာယာ မပါ စိတ်စေတနာ သန့်သန့်ဖြင့် အရိုအသေပြုခြင်းသည် စိတ်အမူအရာဖြင့် အရိုအသေပြုခြင်း ပင် ဖြစ်ပေသည်။ အရိုအသေပြုခြင်းဖြင့် 'ပစာယနကုသိုလ်' ဖြစ်စေခြင်း၊ အရိုအသေခံသူများ၏ မေတ္တာစေတ်ကို ရရှိနိုင်ခြင်းအကျိုး ရှိပေသည်။ ယင်းသို့ ကုသိုလ်နှင့်မေတ္တာ ရရှိခြင်းသည် ခုရော နောင်ပါ ချမ်းသာစီးပွား များခြင်း၏အကြောင်းဖြစ်၍ မင်္ဂလာ မည်ပေသည်။

အရိုအသေပြုမည်ဆို၍ မစူးမစမ်း မဆင်မခြင်တွေ့ရာကို ဦးတင်ရှိခိုးနေ ရန်မဟုတ်ချေ။ အရိုအသေပြုထိုက်သော အနန္တ ငါးပါးနှင့်တကွ မိမိထက် အသက်အားဖြင့် ကြီးသူ၊ ဂုဏ်အားဖြင့်ကြီးသူတို့ကိုသာ အရိုအသေ ပြုရန် လိုအပ်ပေသည်။ အကျဉ်းအားဖြင့် ရိုသေထိုက်သော သူ ဟူသည်မှာ မိမိအား ကုသိုလ်တရားကို ပေးနိုင်သူ၊ အတတ်ပညာပေးနိုင်သူ၊ အသိအလိမ္မာပေးနိုင် သူ၊ ရာထူးဂုဏ်သိန် စည်းစိမ်ကို ပေးနိုင်သူ၊ မိမိတွေ့ကြုံနေရသောဆင်းရဲမှ လွတ်မြောက်နိုင်စွမ်းရှိသူများဖြစ်ကြပေသည်။ ဆိုင်ရာဆိုင်ရာ အကျိုးတရား များရရှိရေးအတွက် အရိုအသေပေးရပေမည်။

အရိုအသေပေးရာတွင် ဒူးနေရာဒူး၊ တော်နေရာတော် ဆိုသကဲ့သို့ ရှိခိုး သင့်သူကို ရှိခိုး၍ ယည်းကောင်း၊ ဦးညွှတ်သင့်သူကို ဦးညွှတ်၍လည်းကောင်း အရိုအသေခံပုဂ္ဂိုလ်နှင့် လိုက်ဖက်အောင် အရိုအသေပေးတတ်ဖို့ လိုသည်၊ တလှေလုံးအကုန် ရေနံသုတ်ရမည်ဆို၍လှေသူကြီးကတော်ပါ သုတ်ခြင်းမျိုး မဖြစ်စေရ။

ရိုသေထိုက်သူကို ရိုသေရန် မရှက်ပါနှင့်။ အရိုအသေပြုရန် ဝန်မလေး ပါနှင့်။ ရက်ရက်ရောရော ရဲရဲရင့်ရင့် အရိုအသေပေးပါ။ သို့ရာတွင် လွန် ကဲ၍ မသွားပါစေနှင့်။ လွန်ကဲသွားလျှင် အမြင်မတော် ဖြစ်တတ်သည်။ ဦးသာဝတို့ ရိုသေလိုက်ပုံများကတော့ လေလည်တာတောင် ခင်ဗျာထူး သည် ဟူသော အဖြစ်မျိုး ရောက်သွားတတ်သည်။

တို့ဟ အထက်လူကို မျက်နှာလို မျက်နှာရမလုပ်တတ်ဘူး၊ ကိုယ့်ထမင်း ကိုယ်စားပြီး အလကား အောက်ကျမခံနိုင်ဘူး၊ သူက အထက်ကဖြစ်တော့

လည်း ငါက ဘာမှုရမှာလဲ၊ ငါ့ဝတ္တရား ငါကျေပြီးတာပဲ စသည့် မာန စကားပြော၍ မာနစိတ်မွေးဟတ်ကြသည်။ ထိုမာနသည် မိမိဆုံးရှုံးမှုအတွက် သင့်သက်သာဖြစ်ချေသည်။ ထို့ကြောင့် ရှေးပညာရှိများက လူ့အောက်ကျို့ လို့လူမပိဘူး၊ ဆင်မကြောက်ယင် ဖိနပ်ဖြစ်တတ်တယ်ဟု သတိပေးခဲ့ခြင်း ဖြစ်ပေသည်။ မိမိအနေဖြင့် ကိုယ်ချင်းစာဖို့ လိုပေသည်။ ကိုယ့်အောက် ငယ်သားများအနက်မှ ကိုယ့်ကို အရိုအသေပေးသူနှင့် မပေးသူ အရည်အချင်းချင်းတူလျှင် ဘယ်သူ့ကိုချစ်မည်နည်း ဆိုသည်ကို တွေးသင့်၏၊ အရိုအသေပေးခြင်းသည် အကြီးအကဲများ၏ မေတ္တာစေတနာကို လွယ်လွယ်နှင့် ရနိုင်သော နည်းပင် ဖြစ်သည်။ ချီးမြှင့်နိုင်သူကို ချဉ်းကပ်မှ ချီးမြှင့်ခံရမည်။ ချီးမြှင့်နိုင်သူကို ချဉ်းကပ်ရာတွင် အရိုအသေမပါပဲ ချဉ်းကပ်၍မရ[illegible]၍နေရာ၌ အထူး သတိပြုရန်ရှိသည်မှာ အရိုအသေပြုရာတွင် ဟန်[illegible]မှု မပါပဲ တကယ် စိတ်ပါ လက်ပါရှိဖို့လည်း လိုအပ်ပေသည်။

## ကြီးစဉ်ငယ်လိုက် ရှိသေပါ

မိဘတိုင်းလိုလို မိမိတို့ တတ်နိုင်သမျှ မိမိတို့၏ သားသမီးများကို ပညာတတ်မြောက်ရန် ကြိုးစားအားထုတ်ကြသည်။ ကျန်းမာရေးနှင့် ပြည့်စုံစေရန်လည်း လုံးပမ်းကြသည်။ တိုက်နှင့် တာနှင့် အိုးနှင့် အိမ်နှင့် အလုပ်နှင့် အကိုင်နှင့် တင့်တောင့်တင့်တယ် ရှိရန်လည်း ကြိုးစားအားထုတ်ကြသည်။ သို့ရာတွင် မိမိတို့၏ သားသမီးများ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ရှိရန် ကြိုးစားအားထုတ်သူများကား အလွန်နည်းပါးလှပေသည်။ ယင်းသို့ မွေးချင်း သားချင်း မိသားစု စည်းစည်းလုံးလုံး ညီညီ ညွတ်ညွတ် ရှိကြရန် လုပ်ဆောင်ခဲ့မှု မရှိခြင်းကြောင့် လူချမ်းသာ ဖြစ်ကြသော သားသမီးများ၊ လူရတတ်ဖြစ်သော သားသမီးများသည် မိဘနှစ်ဦးလွန်သည်နှင့် တရားရုံးသို့ ရောက်ကြလေတော့သည်။ မဆုံးနိုင် မပြီးနိုင်သော အမွေလုပွဲကြီးကို ဆင်နွှဲကြလေတော့သည်။ ညီနှင့်အစ်ကို၊ မောင်နှင့်နှမ မျက်နှာချင်း မဆိုင်နိုင်အောင် ဖြစ်ကြလေတော့သည်။

ပညာတတ်လျှင် ငါ့သား ငါ့သမီးများ ကောင်းစားကြလိမ့်မည်[illegible] ဥစ္စာရှိလျှင် ငါ့သား ငါ့သမီးများ ကောင်းစားကြလိမ့်မည်ဟုသော[illegible] တို့၏ ရည်မှန်းချက်သည် တက်ဘက်စင် လွဲလေတော့သည်။ သား[illegible] စည်းလုံး ညီညွတ်ရေးကို မတွေးမတော၊ ပညာတတ်ရေးနှင့် ဥစ္စာရေး[illegible]များ

ရေးကိုသာ တွေးတောခဲ့ကြသဖြင့် မိသားစု အသိုက်အမြုံပျက်၍ ခုတ်ရာသခြင်း၊ ပြတ်ရာတခြား ဖြစ်လေကြသည်။ မိဘများ အထူးသတိထားသင့်သည်မှာ မိမိတို့၏ သားသမီးများကို ပညာတတ်မြောက်ရေး၊ စီးပွားဥစ္စာပေါများရေးထက် မိသားစု စည်းလုံး ညီညွတ်ရေးက ပို၍ အရေးကြီးသည်ဟူသော အချက်ပင် ဖြစ်ချေသည်။

မိသားစု စည်းစည်း လုံးလုံး ညီညီ ညွတ်ညွတ်ရှိလျှင် ပညာမတတ်လျှင် ရှိစေဦး၊ ဥစ္စာမရှိလျှင် ရှိစေဦး အနည်းဆုံး ရပ်ထဲ ရွာထဲ အကြီးအကဲတော့ ဖြစ်နိုင်သည်။ ဥစ္စာ ပညာ ပြည့်စုံလျှင်မူ အဘယ်ဆိုဖွယ်ရာရှိချေအံ့နည်း။ မိဘက အကြောင်းမသင့်၍ မိသားစု စည်းလုံး ညီညွတ်ရေးကို မဖန်တီးခဲ့လျှင်ရှိစေ၊ ကျိုးကြောင်း မြော်မြင် ဆင်ခြင်တတ်သော သားလိမ္မာ သမီးလိမ္မာများက မိမိတို့၏ အသိဖြင့် မိမိတို့၏ စည်းလုံးညီညွတ်ရေးကို တည်ဆောက် သင့်ပေသည်။ မိဘမရှိလျှင် သားသမီးတွေ ဝါးအစည်းပြေသလို မဖြစ်အောင် စည်းရုံးသင့်ကြသည်။ လူညီနောင် ကျားရှောင်သည်၊ အရေးကြီးတော့ သွေးနီးသည်၊ လက်သည်းဆိတ်တော့ လက်ထိပ်နာသည်ဟူသော စကားများသည် မိသားစု၏ အနှစ်သာရ များပင် ဖြစ်ပေသည်။

နီးဟကျက်ကျက်၊ ဝေးတသက်သက် ဟူသည်မှာ မလိမ္မာသော မိသားစုတို့ အဟက်သာလျှင် ဖြစ်သည်၊ လိမ္မာသော မိသားစုတို့မှာ နီးလျှင်လည်း တသက်သက် ဝေးလျှင်လည်း တသက်သက်သာ ဖြစ်ပေသည်။ မိသားစု စည်းလုံးညီညွတ်ရေးအတွက် အဓိက လိုအပ်သော အချက်မှာ ကြီးစဉ် ငယ်လိုက် ရိုသေမှုပင် ဖြစ်သည်။ ကြီးစဉ် ငယ်လိုက် ရိုသေမှုမရှိသော မိသားစုသည် စည်းလုံးညီညွတ်ရန် မဖြစ်နိုင်ချေ။

ရိုသေမှု မပါသော အချစ်သည် တာရှည်ခံသော ထုံးစံမရှိ။ အချစ်တာရှည်ရန် ရိုသေမှု ရှိဖို့လိုသည်။

'ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနား' ဟူသော ဆုံးမစကားသည် လူတိုင်းသိရှိကြပြီးဖြစ်သော စကားဟောင်း၊ စကားအိုကြီး ဖြစ်ပေသည်။ ဤစကား မကြားဘူးသူ မရှိသလောက်ပင်။ သို့ရာတွင် ရိုးသားလှသော စကားအို၊ စကားဟောင်းကြီးမျှသာတကားဟူ၍ မထိမဲ့မြင် မပြုသင့်။ ညီနှင့်အစ်ကို၊ မောင်နှင့်နှမ မိသားစုအချင်းချင်း ချစ်ကြရာတွင်

ထိုအချစ်များ မပျက်မစီးပဲ အဓွန့်ရှည်ကြာတည်တံ့ရန် ဤစကားထက်ပို၍ တန်ဖိုးရှိသော စကားမရှိတော့ပေ။ ကြီးသူကို ရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနားဟူသော နှုတ်ချိုလှသော စကားအိုကြီး၊ သစ်လွင်လှသော စကားဟောင်းကြီးသည် မိသားစု စည်းလုံးညီညွတ်ရေး၏ မိန့်ရှုးတန်ဆောင်ပင် ဖြစ်သည်။

ကြီးစဉ်ငယ်လိုက် ရိုသေမှုမရှိသော မိသားစုသည် တနည်းမဟုတ် တနည်းနှင့် ပြိုကွဲတော့သည်သာတည်း။ မိသားစု ပြိုကွဲလျှင် နွားကွဲတော့ ကျားဆွဲ ဆိုသကဲ့သို့ မိသားစု တမြုံလုံး လူ့အောက် သူ့အောက် မရောက်သင့်ပဲ ရောက်ကြရတော့သည်။ ကြီးစဉ်ငယ်လိုက် ရိုသေမှုသည် ဤမျှလောက်ပင် အရေးကြီးပေသည်။

ကြီးစဉ်ငယ်လိုက်ရိုသေမှုကို တည်ဆောက်ရန် အရေးအကြီးဆုံးသော သူများသည် အစ်ကိုကြီးနှင့် အစ်မကြီးတို့ပေတည်း။ အစ်ကိုကြီးတော့ အဖအရာ၊ အစ်မကြီးတော့ အမိအရာ ဆိုသကဲ့သို့ အစ်ကိုကြီး၊ အစ်မကြီးများက မိခင်ဖခင်စိတ် မွေးနိုင်ဖို့ အရေးကြီးသည်။ အစ်ကိုကြီး အစ်မကြီးများက မိခင်ဖခင်စိတ် မွေးနိုင်လျှင် ညီငယ် ညီမငယ်များက သားသမီးစိတ် မွေးလာကြလိမ့်မည်။ လူကြီးက လူကြီးပီသမှ လူငယ်က ရိုသေပေလိမ့်မည်။ လူကြီးက လူကြီးလုပ် မလုပ်၊ လူကြီးပြော မပြော၊ လူကြီးကြံ မကြံလျှင် ငယ်သူများက ဘယ်နည်းနှင့်မှ ရိုသေကြမည် မဟုတ်။ ငါလူကြီး ခွက်ကြီးနဲ့ စားမယ်ဆိုသောလူကြီးမျိုးကို ဘယ်လို ငယ်သားမျိုးကမှ ချစ်ကြ ခင်ကြမည်မဟုတ်။

၁။ လုပ်ငန်းဆောင်တာတို့၌ ထကြွလုံ့လဝီရိယ ရှိခြင်း၊ ဦးဆောင်၍ အပင်ပန်းခံခြင်း။

၂။ သူများတကာ နိုးဆော်ကိုက်တွန်း သတိပေးမှု မပြုရပဲ နိုးကြားမှုရှိခြင်း။

၃။ ငယ်သူတို့အား သနားညှာတာတတ်ခြင်း၊ ကြင်နာမှုရှိခြင်း။

၄။ ငယ်သူတို့၏ အပြစ်ကို သည်းခံခွင့်လွှတ်နိုင်စွမ်းရှိခြင်း။

၅။ ရရှိလာသော လာဘ်လာဘ အကျိုးစီးပွားကို လက်ဝါးကြီး အုပ်မထားပဲ မျှမျှတတ ခွဲခြမ်း ဝေဖန်၍ ပေးခြင်း။

၆။ ကြောင်းကျိုးမြော်မြင်၍ ရှေ့နောက် ဆင်ခြင်တတ်ခြင်း။

ဟူသော နာယကဂုဏ်(၆)ပါးနှင့်ပြည့်စုံသော လူကြီးမျိုးကို မိမိတို့မိသားစုကသာမဟုတ်၊ ယူသားအားလုံးကပင် ရိုသေကြပေလိမ့်မည်။ ငယ်သူများ၏

အရိုအသေမခံကြရသော အကြီးအကဲများသည် ငယ်သူများကို မရိုသေကြကောင်းလားဟု အပြစ်မတင်နှင့်။ ငါကကော ရိုသေချင်စရာကောင်းရဲ့လားဟု မိမိကိုယ်ကို စိစစ်သင့်ပေသည်။ မိမိကိုယ်တိုင်ကလည်း ရိုသေချင်စရာကောင်းသူကိုမှ ရိုသေချင်သည် မဟုတ်ပါလား။ ထိုနည်းအတူ ငယ်သားများကလည်း မိမိကဲ့သို့ပင် ရိုသေချင်စရာ ကောင်းသူကိုမှ ရိုသေကြပေလိမ့်မည်ဆိုသည်ကို သိထားသင့်သည်။ ထို့ကြောင့် မိမိကိုယ်ကို ပထမ စိစစ်ချန် လိုအပ်ခြင်း ဖြစ်ပေသည်။ ချွတ်ယွင်းချက်ကို တွေ့အောင်ရှာ၍ ပြုပြင်နိုင်စွမ်း ရှိရမည်။ အမှားကို ဇွတ်စွဲလမ်း၍ မနေရ။ ဘယ်လိုပင် စိစစ်သော်လည်း မိမိချွတ်ယွင်းချက်ကို မတွေ့မမြင်ပဲ ရှိနေလျှင် စိစစ်မှု မပြည့်စုံ၍ပင် ဖြစ်ပေလိမ့်မည်။

ရိုသေလောက်သော ဂုဏ်ရှိပါလျက် မရိုသေတတ်သော ငယ်သားများလည်း ရှိတတ်ပါသည်။ သို့သော် အနည်း အကျဉ်းသာ ဖြစ်ပေသည်။ များသောအားဖြင့်မူ လူကြီးလုပ်သူများက လူကြီးလိုမကြံ၊ လူကြီးလိုမပြော၊ လူကြီးလိုမလုပ်၊ လူကြီးမပီသသောကြောင့် အရိုအသေ ပျက်ကွက်ကြခြင်း ဖြစ်ပေသည်။ လူကြီးဆိုသည်မှာ ငယ်သားနှင့်စကားပြောရာတွင် မထိတထိ ငေါ့တော့တော့ မပြောသင့်၊ ခနိုးခနဲ့မပြောသင့်။ လူရှေ့သူ့ရှေ့ အရှက်တကွဲ အကျိုးနည်းဖြစ်အောင် မပြောသင့်။ တဘက်သား၏ ဂုဏ်သိက္ခာကို လေးစားရသည်၊ အမွှမ်းတင်ပေးရသည်။

လူကြီးတို့ ကျင့်သုံးရမည့် အရည်အချင်းများနှင့် ပြည့်စုံလျှင် မရိုသေပဲ နေကြမည် မဟုတ်ချေ။ မိသားစု ချမ်းသာကြီးပွားရန် စည်းလုံးညီညွတ်ဖို့ လိုသည်။ စည်းလုံးညီညွတ်ရန် ကြီးစဉ်ငယ်လိုက် ရိုသေဖို့လိုသည်။ အချစ်ကိုခိုင်မြဲအောင် ယှဉ်းသိမ်းနိုင်သော အရာသည် ရိုသေမှုပင် ဖြစ်သည်။ ထို့ကြောင့် အချစ်တာရှည်အောင် အရိုအသေနှင့်ထိန်းပါ။

## အရိုအသေ မမှားစေနှင့်

ဤနေရာ၌ စကားမစပ် မြန်မာတို့ အရိုအသေလွဲမှားနေပုံကိုဖော်ပြလိုပေသည်။ မိမိတို့ကိုင်တွယ်အသုံးပြုသော လက်နက်ကိရိယာများကို ရိုသေရမည်ဟူသော ရှေးစကားကို အဓိပ္ပာယ်အယူလွဲလျက် လက်နက် ကိရိယာများကို ပန်းကပ် ရေချမ်းကပ် ပြုလုပ်နေကြသည်ကို တချို့သော ပန်းပဲဖိုများတွင် ယနေ့တိုင် တွေ့မြင်နိုင်သည်။ သူတို့တတွေ ပစ္စည်းကို ရိုသေလိုက်ကြပုံမှာ

ဖားဖိုမှာလည်း ပန်းစည်းနှင့်၊ သနပ်ခါးရေနဲ့ ပက်ထားသဖြင့် သနပ်ခါးပြောက်တွေကလည်း အထပ်ထပ်၊ ဖားဖိုအနီး ဖိနပ်မစီးရ၊ ပေပေါ ခြေမကင်ရ၊ မထိုင်ရ စသဖြင့် အရိုအသေ ကြီးကြပေသည်။ ဖားဖိုမှာ ပန်းစည်းတင်၍ သနပ်ခါးရေပက်ထားသော်လည်း ဖုံတွေက ဒုန်းဒေး၊ ကိုင်တွယ်အသုံးပြုနေသော တူများ၊ ညှပ်များမှာတော့ ဖုံထဲအမှိုက်ထဲ အကုံး အရှုံး။ အမှိုက်သရိုက်များကလည်း အလုပ်ခွင်တခုလုံး ခြေချစရာမရှိ၊ သံတိုသံစကလည်း ရှုပ်ယှက်ခတ် ဗရပွ၊ သူ့နေရာနှင့်သူမဟုတ် အရိုအသေလမ်းလွဲလျက်ရှိသည်။ တကယ်တမ်း ရိုသေသင့်သည်မှာ လက်နက် ကိရိယာတွေကလည်း သန့်သန့်ပြန့်ပြန့် သူ့နေရာနှင့်သူ၊ အလုပ်ခွင်တခုလုံး ပြောင်ပြောင်စင်စင်၊ သန့်သန့်ရှင်းရှင်း အမှိုက်သရိုက်ဟူ၍မရှိ၊ ဖားဖိုကြီးကလည်း သားသား နားနား၊ သပ်သပ်ရပ်ရပ်၊ သံတို သံစများလည်း စနစ်တကျ အစီအရီ သူ့နေရာနှင့်သူ၊ လက်နက် ကိရိယာတွေလည်း ထက်ထက်မြက်မြက်၊ အလုပ်ခွင်တခုလုံး ကျက်သရေဖုံးနေအောင် ဖန်တီးဖို့လိုသည်။ ဖိနပ်ချွတ်ရန် ပန်းကပ်ရန် မလိုပါချေ။

ရှေးက သားအမိ နှစ်ယောက်ရှိရာ အမေလုပ်သူမှာ ခရီးအတော်ကြာသွားရန် ကိစ္စရှိသဖြင့် သမီးတယောက်ထဲထားခဲ့ရမည်ကို စိတ်မချ၍ ငါ့သမီး အစစအရာရာ ပညာကို သုံးပါ၊ စားလည်း ပညာနဲ့စားပါ၊ အိပ်လည်း ပညာနဲ့အိပ်ပါ၊ နေလည်း ပညာနဲ့နေပါ၊ ဘယ်တော့မှ ပညာနဲ့မကင်းပါစေနဲ့ဟု အဆုံးအမ ပေးခဲ့လေသည်။ အဆုံးအမ ပေးပြီးနောက် ခရီးထွက်လေတော့သည်။ အမေခရီးထွက်သည်နှင့်တပြိုင်နက် ကျန်ခဲ့သူ သမီးအလိမ္မာမက ပိခင် စကား မြေဝယ်မကျနားမထောင်လိုက်ပုံမှာ ရွာထဲက ကိုပညာဆိုသူ အမျိုးသားတယောက်ကို ခေါ်၍ အတူအိပ်၊ အတူစား၊ အတူနေပြုလေတော့သည်။

ဝတ္ထုပစ္စည်းများကို ဂါရဝတရားဖြင့် အရိုအသေပေးရန်မလိုချေ။ စည်းကမ်း စနစ်ဖြင့် အရိုအသေပေးရန်သာ လိုပေသည်။

## အချင်းချင်းရိုသေမှ လူ့လောက စိုပြည်မည်

လူ့လောက၏ အေးချမ်းမှု၊ သာယာမှုသည် အချင်းချင်း အပြန်အလှန် ရိုသေမှု အပေါ်၌လည်း တည်ပေသည်။ ကြီးသူများကို ကြီးသူများနှင့် ထိုက်တန်အောင် ရိုသေရမည်။ ရွယ်သူများကို ရွယ်သူများနှင့် ထိုက်တန်အောင် ရိုသေရမည်။ ငယ်သူများကို ငယ်သူများနှင့် ထိုက်တန်အောင်

ရှိသေးရပေမည်။ ကျိုးဘုတ်ရှိသေး၊ ဘုတ်ကျိုးရှိသေး ဆိုသကဲ့သို့ တလှေထဲစီး၊ တခရီးထဲသွား လုပ်ဖော်ကိုင်ဘက်အချင်းချင်းလည်း တဦးနှင့် တဦး အပြန်အလှန် ရှိသေကြရသည်။ ရှိသေခြင်းဖြင့် အချစ်တာရှည်၍ မေတ္တာတရား တိုးပွားလာပေလိမ့်မည်။ အပေါင်းအသင်း သူငယ်ချင်း အချင်းချင်း ဖက်လဲတကင်းမလုပ်ရ။ တွန်းလိုက် ထိုးလိုက် ဆွဲလိုက် ရုန်းလိုက် မလုပ်ရ၊ နှမများ အစ်မများ မိဘများ အမည်ကို ကပ်၍ မစရ။ အကျီစားသန်တော့ ရန်ပါတတ်သည်။ သူငယ်ချင်း အချင်းချင်းလည်း စည်းနဲ့ ကမ်းနဲ့ ချစ်ရသည်။ သူငယ်ချင်းအချင်းချင်း ချစ်လျှင် မိမိတို့ သူငယ်ချင်းချင်းသာ မဟုတ်၊ ကိုယ့် သူငယ်ချင်း၏ မိဘများ၊ အစ်ကို အစ်မများကိုလည်း မိမိတို့၏ မိဘများ၊ အစ်ကို အစ်မများသဖွယ် ရှိသေလေးစားရသည်။ ရှေးက သူငယ်ချင်းများသည် သေသည့် တိုင်အောင် မခွဲကြ။ တဦးနှင့်တဦး အလွန် ကြင်နာကြသည်။ သားစဉ်မြေးဆက်ကိုင်အောင်ပင် ချစ်ကြခင်ကြသည်။ ဤသို့ ချစ်စရှည်ခြင်း၏ အကြောင်းရင်းကို ရှာလျှင် အချင်းချင်း ရှိသေကြ၍ပင် ဖြစ်ပေသည်။

တဦးနှင့်တဦး ရှိရှိသေသေ လေးလေးစားစားပြောဆိုဆက်ဆံရခြင်းသည် လွန်စွာ စိတ်နှလုံးချမ်းမြေ့ဖွယ်ကောင်းလှသည်။ ဘုရား သာသနာတော်ကြီး ယနေ့အထိ တည်ရှိနေသည်မှာ သာသနာ့ ဝန်ထမ်း ဖြစ်ကြသော သံဃာတော်များ ကြီးစဉ်ငယ်လိုက် ရှိသေကြ သောကြောင့်လည်း ဖြစ်ပေသည်။ သာသနာတော်တွင် မိမိထက် တနေ့တရက် တမနက် အလျင်စော၍ ရောက်နှင့်ပြီးသောကိုယ်တော်ကို နောက်ရောက် ကိုယ်တော်က ရှိသေရသည်။ ဒီကိုယ်တော်က ဆွေကြီး မျိုးကြီးထဲက ပုဂ္ဂိုလ်ဖြစ်၍၊ ဒီကိုယ်တော်က စာတတ်ပေတတ် ပုဂ္ဂိုလ်ကြီးဖြစ်၍၊ ဒီကိုယ်တော်က တန်ခိုးကြီးသော ဂိုဏ်းချုပ်ဂိုဏ်းအုပ်ကြီးဖြစ်၍ ဝါကြီးတဲ့ကိုယ်တော်နှင့် တွေ့သော်လည်း အရိုအသေပေးရန်မလိုဟူသောခြွင်းချက်သည် ဤသာသနာတော်၌ မရှိပေ။ ယုတ်စွအဆုံး ရဟန္တာအရှင်မြတ်ကြီးများ ဖြစ်ကြစေကာမူ မိမိထက် တနေ့တရက် တမနက် ဝါကြီးသော ပုထုဇဉ်ရဟန်းကို ရှိခိုးရသည်။ ယနေ့အထိ သံဃာတော်အချင်းချင်း ကြီးစဉ်ငယ်လိုက် လေးလေးစားစား အရိုအသေ ပြုနေကြသည်ကို တွေ့မြင်နိုင်ပေသည်။ ဤသို့ သံဃာတော် အချင်းချင်း ရှိသေလေးစားနေကြသည်နှင့်အမျှ ဤသာသနာတော်ကြီးသည် ဘယ်နည်းနှင့်မှ ဆုတ်ယုတ်လိမ့်မည် မဟုတ်ချေ။ သံဃာတော်များတွင် ဓမ္မကထိကတွေ

ဘယ်လောက်များများ ထွက်ပေါ်သည်ပင်ဖြစ်စေ၊ စာကတ် ပေတတ်တွေ ဘယ်လောက်များများ ထွက်ပေါ်သည်ပင် ဖြစ်စေ၊ သံဃာ အချင်းချင်း ကြီးစဉ်ငယ်လိုက် ရိုသေမှုမရှိတော့ပြီ ဆိုသည်နှင့်တပြိုင်နက် သာသနာတော် ဆုတ်ယုတ်တော့မည်သာတည်း။

မြန်မာ့ယဉ်ကျေးမှုသည် ဂါရဝမင်္ဂလာအပြည့်အဝပါသော ယဉ်ကျေးမှုပင်ဖြစ်ပေသည်။ တဦးနှင့်တဦး ဆက်ဆံကြရာ၌ မြန်မာ့ ယဉ်ကျေးမှုနှင့်အညီ ဆက်ဆံကြခြင်းသည် ဂါရဝမင်္ဂလာပင်ဖြစ်ပေသည်။ မိမိက သူတပါးကိုရိုသေမှ မိမိကို သူတပါးက ရိုသေကြပေမည်။ မိမိက သူတပါးကို အရိုအသေပြုရန်ဝန်လေးလျှင် သူတပါးကလည်း မိမိကို အရိုအသေပြုရန် ဝန်လေးကြပေလိမ့်မည်။ မိမိတို့ငယ်ရွယ်စဉ်က ကြီးသူများကို အရိုအသေမပြုကြလျှင် ရိုသေမှုအစဉ်အလာကြီး ပျက်စီးသွားပေလိမ့်မည်။ ရိုသေမှုအစဉ်အလာ ပျက်စီးခဲ့လျှင် မိမိတို့လူကြီးအဖြစ်သို့ ရောက်ကြသောအခါ ရိုသေမည့်သူ မရှိကြတော့ပဲ သက်ကြီးရွယ်အိုဖြစ်ကာ ခွေးဟိုးဝက်ဝင် နေကြရလိမ့်မည်။

အရိုအသေပေးခြင်းသည် အရိုအသေ ခံရသူအတွက် မဟုတ်ချေ။ အရိုအသေ ပေးသူအတွက်သာ ဖြစ်ချေသည်။ ယခုအခါ မိမိတို့၏မိဘများကိုပင်လျှင် ရိုသေမှုနည်းပါးလာကြသည်။ ဤသည်ကား လောက၏ ပျက်စီးရာ ပျက်စီးကြောင်းပေတည်း။

မိဘတို့၏မေတ္တာကား လွန်စွာမှ ကြီးမားလှပေသည်။ မေတ္တာတရားကြီးမားလှသောကြောင့် အရိုအသေပေးကြသော သားသမီးများ အတွက်လည်း ကောင်းကျိုးတရား ကြီးမားလှပေသည်။ အရိုအသေပေးကြသော သားသမီးများအတွက် ကောင်းကျိုးတရား ကြီးမားသကဲ့သို့ မရိုမသေ မထီလေးစား မိဘကို စော်ကားသော သားသမီးများ အတွက်လည်း မကောင်းကျိုးတရား ကြီးမား၊စော်ကားသော သားသမီးများအတွက်လည်း မကောင်းကျိုးတရား ကြီးမားလှချေသည်။ မိဘကို မထီလေးစား စော်ကားကြခြင်းကို 'အာဟုနေယျ' ဟုခေါ်သည်။ တဖြည်းတဖြည်း တစတစ မဆုံးနိုင် မကုန်နိုင် မပြီးနိုင် မစီးနိုင်အောင် လောင်ကျွမ်းလေတော့သည်။ ထို့ကြောင့် ဘုန်းကြီး၍ အသက်ရှည်လိုသော အမျိုးကောင်းသား၊အမျိုးကောင်းသမီးတို့သည် မိဘနှစ်ပါးကို ရိုသေကြရမည်။

ရိုသေမှုသည် အလွန်တန်ဖိုးကြီးမားလှ၏။ မိသားစုမပြိုကွဲရန် ရိုသေမှု ရှိဖို့လိုသည်။ မိတ်ဆွေချင်းချင်း စိုပြေးလက်ကို မခြောက်အောင် ရိုသေမှု ရှိဖို့လိုသည်။ တဦးနှင့်တဦး ချစ်စရှည်၍ မုန်းစတိုအောင်လည်း ရိုသေမှု ရှိဖို့လိုသည်။ ထို့ကြောင့် အကျိုးစီးပွား၌ လိမ္မာသောသူသည် ဂါရဝ မင်္ဂလာနှင့်ပြည့်စုံအောင် ကြိုးစားကြကုန်ရာသည်။

## ဘေးရန်ကင်းလိုလျှင် နတ်နေကိုင်း ထားရမည်

နတ်နေကိုင်း ထားရမည်ဆိုသောစကားသည် သစ်ပင်များခုတ်ရာတွင် တပင်လုံးမခုတ်ပဲ အမြင့်ဆုံးကိုင်းကကိုင်းကို ချန်ထားရသည်။ ယင်းသို့ချန် ထားခြင်းကို နတ်နေကိုင်း ထားသည်ဟု ဆိုပေသည်။ ထိုစကားကို လူမှု ရေးရာများတွင် ကင်စား၍ နတ်နေကိုင်းထားရမည်ဟု အသုံးပြုခြင်းဖြစ် ပေသည်။ လူ့လောကတွင် နတ်နေကိုင်း ထားရမည်ဆိုသည်မှာ လူတိုင်း လူတိုင်းသည် မိမိတို့အတွက် ကြောက်ရမည့်သူ၊ ရိုသေရမည့်သူ ထားရှိရမည် ဟုဆိုလိုပေသည်။ ပေါင်ဖြူ မကောင်းလျှင် ဦးဘယ်သူကို သွားတိုင်ပါ၊ ဦးဘယ်သူပြောလျှင် မောင်ဖြူ မလုပ်ဝံ့တော့ပါ ဟူ၍ အများက အသိ အမှတ် ပြုခြင်းသည် ဦးဘယ်သူရှိသော ဂုဏ်ပုဒ်များအားလုံးကို မောင် ဖြူရှိခြင်းပင်ဖြစ်သည်။ ဦးဘယ်သူသည် မဟုတ်ကာ၊ မမှန်တာကို ဘယ် သောအခါမှမလုပ်၊ မောင်ဖြူ မဟုတ်ကာ လုပ်လျှင်လည်း ခွင့်ပြုလိမ့်မည် မဟုတ်၊ မောင်ဖြူသည် ဦးဘယ်သူကို အလွန် ကြောက်ရသူ ဖြစ်သည်။ ထို့ကြောင့် မောင်ဖြူသည် ဘယ်သောအခါမှ မဟုတ်မမှန်တာကို လုပ်လိမ့် မည်မဟုတ် ဟူသော အသိဖြင့် မောင်ဖြူအပေါ် လက်ဝန်းကျပ်က ရှိသော လေးစားလာတော့သည်။ နတ်နေကိုင်း အထားကောင်းလျှင် ကောင်းသော လောက် အကျိုးများတော့သည်။ အခက်အခဲ ဆင်းရဲဒုက္ခဖြစ်လာလျှင် နတ် နေကိုင်းတို့မှာ မနေသာတော့ပဲ ဆိုင်ရာဆိုင်ရာက ပါလာကြတော့သည်။ လင်မယားရန်ဖြစ်လျှင် ဖျန်ဖြေကြသည်။ ကွဲလျှင် စပ်ပေးကြသည်။ အရေး ရှိ ရှေ့ကထွက်လာကြသည်။ ထို့ကြောင့် လူတိုင်းလူတိုင်း နတ် နေကိုင်း ရှိအောင် ထားကြရမည်။ အဘယ်မျှလောက် ပညာရှိသည်ဖြစ်စေ၊ ဥစ္စာ ရှိသည်ဖြစ်စေ၊ ရာထူးဂုဏ်သိန် စည်းစိမ်ရှိသူဖြစ်စေ နတ်နေကိုင်းရှိဖို့ လိုပေ သည်။ ဘယ်သူ့မှ ဗိုလ်မထားဘူး၊ ဘယ်သူ့မှ ဂရုမစိုက်ဘူး၊ ဘာထင် တယ်၊ ညာထင်တယ် ဆိုသော လူစားမျိုးအတွက် နတ်နေကိုင်းရှိရမည်

မဟုတ်ချေ။ ထိုသူတို့မှာ အရေးကြုံလာလျှင် ကယ်မည့်သူမရှိ၊ စောင့်ရှောက်မည့်သူမရှိ၊ သောင်ပြင်လွှတ်သည့်ခွေး ဖြစ်ရနေလတော့သည်။ နတ်နေကိုင်းထားသည်ဆိုသည်မှာ ရှိသေလောက်သော လူကြီးလူကောင်းများကို အရိုအသေပေးရမည်ဟုဆိုလိုသည်။ ထိုလူကြီးလူကောင်းများက မေတ္တာရှိအောင်၊ အထင်မသေးအောင်၊ ဆုံးမချင်အောင်၊ ကူညီချင်အောင် နေတတ်ထိုင်တတ်ပြောတတ်ဖို့လိုသည်။ ထိုလူကြီးများက ပြောလျှင် တခွန်းတည်းနှင့် နားထောင်ရသည်။ ထိုလူကြီးများစိတ်ဆင်းရဲစေမည့် အပြုအမူများကို ရှောင်ရသည်။ ထိုလူကြီးများစိတ်ချမ်းသာအောင် ထားရသည်။ ဤနှယ် ရှိသေထိုက်သူများကို အရိုအသေပေးရခြင်းသည် နတ်နေကိုင်းထားခြင်းပင် ဖြစ်ပေသည်။

ဤမျှဆိုလျှင် ဂါရဝ မင်္ဂလာ ပြည့်စုံပေသည်။.

# ၂၃။ နိဝါတ မင်္ဂလာ

မိမိကိုယ်ကို နှိမ်ချရခြင်းသည် မင်္ဂလာမည်၏။

မိမိကိုယ်ကို နှိမ်ချရခြင်းဆိုသည်မှာ နှိမ်ချရခြင်းသည် ကိုယ်အမူအရာဖြင့် နှိမ်ချခြင်း၊ နှုတ်အမူအရာဖြင့် နှိမ်ချရခြင်း၊စိတ်အမူအရာဖြင့် နှိမ်ချခြင်းဟူ၍ သုံးမျိုး ခွဲခြားပေလိမ့်မည်။ ထိုသုံးမျိုးတွင် ကဘက်သားတို့နှင့် ဆက်ဆံသောအခါ ယဉ်ကျေးသော အပြုအမူတို့ဖြင့် ဆက်ဆံခြင်းသည် ကိုယ်အမူအရာဖြင့် နှိမ်ချခြင်းပင် ဖြစ်ပေသည်။ ကဘက်သားနှင့် စကားပြောဆိုရာတွင် ငါသိ ငါတတ် အပေါ်စီးက ပြောဆိုလေ့ မရှိခြင်း၊အပေးအယူ မျှမျှတတ ပြောဆိုခြင်း၊ တဘက်သားကို ရိုးသားစွာ ချီးကျူးမြှောက်စားခြင်းများသည် နှုတ်အမူအရာဖြင့် နှိမ်ချခြင်းများ ဖြစ်သည်။မိမိကိုယ်ကို ပြည့်စုံပြီဟု အထင်မကြီးပဲ ငါ့၌ ဗဟုသုတများ ထပ်မံဖြည့်စွက်ရန် လိုအပ်သေးသည်။ကြိုးစားရန် လိုအပ်သေးသည်။ ငါ့တွင် ချွတ်ယွင်းမှုများ ရှိနေသေးသည်။ လောကတွင်ရှိသော သိစရာများနှင့် ငါသိပြီးသောအရာများကို နှိုင်းဆလျှင် မြင့်မိုရ်တောင်နှင့် ဇီးစေ့ကဲ့သို့ပင် ကွာခြားပေလိမ့်မည်ဟု မိမိကိုယ်ကို ကောင်းစွာ ဆင်ခြင်သုံးသပ်ခြင်းသည် စိတ်အမူအရာဖြင့်

နှိမ်ချခြင်းပင် ဖြစ်ပေသည်။ ဤသို့ ကိုယ် နှုတ် နှလုံး သုံးပါးလုံးဖြင့် မိမိကိုယ်ကို နှိမ်ချရခြင်းသည် မရသေးသော အသိပညာ အလိမ္မာတို့ကို ရရှိစေ၍ ရပြီးသော အသိပညာ အလိမ္မာတို့သည်လည်း ဆတက်ထမ်းပိုး တိုးပွားနိုင်ပေသည်။ ထို့အပြင် ဆက်ဆံဘူးသူ လူအများ၏ ရိုသေလေးစားခြင်း၊ ချစ်ခင်ခြင်းဟူသော အကျိုးကိုလည်း ရနိုင်ပေသည်။ ထိုကဲ့သို့ အသိပညာ အလိမ္မာ တိုးပွားခြင်း၊ လူအများတို့၏ ရိုသေလေးစား ချစ်ခင်မှုကို ရရှိခြင်းသည် ခုရော နောင်ပါ ချမ်းသာစီးပွားများခြင်း၏အကြောင်းဖြစ်၍ မင်္ဂလာမည်ပေသည်။

မိမိကိုယ်ကို နှိမ်ချခြင်းဟူသော နိဝါတ တရားသည် ထောင်လွှားသော မာနတရားနှင့် ဆန့်ကျင်ဘက် ဖြစ်ပေသည်။ မာနတရားသည် ထောင်လွှားခြင်း၊ ခက်ထန်ခြင်း၊ ရိုင်းစိုင်းခြင်းလက္ခဏာ ရှိပေသည်။နိဝါတ တရားသည် ပျော့ပျောင်းခြင်း၊ နူးညံ့ခြင်း၊ ယဉ်ကျေးခြင်းလက္ခဏာ ရှိသည်။ မာနသည် လောကဓမ္မတရား သုံးပါး (ပပဉ္စတရား သုံးပါး)တွင် အပါအဝင် ဖြစ်ပေသည်။ လောက ဓမ္မတရား သုံးပါးဆိုသည်မှာ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြစ်ကြသည်။ ၎င်းတို့သည် အမှုကိစ္စမှန်သမျှကို အပြီးအဆုံးမရှိအောင် ထပ်ခါထပ်ခါ လုပ်ကိုင်နေစေခြင်းဖြင့် အလုပ်တွေ ကျယ်ဝန်းသည်ထက် ကျယ်ဝန်းသွားအောင်၊ များသည်ထက် များသွားအောင်၊ မဆုံးနိုင် မကုန်နိုင်အောင် ဖြစ်စေတတ်သောကြောင့် လောက ဓမ္မတရားဟု ခေါ်ခြင်းဖြစ်ပေသည်။

မာန၏ သဘောသည် အစစအရာရာ ကိုယ်သာလျှင် ဟင်္ကျယ်လိုသည်။ ကိုယ်သာလျှင် အကြီးအကဲ ဖြစ်လိုသည်။ ကိုယ်သာလျှင် အရိုအသေ ခံလိုသည်။ ကိုယ်သာလျှင် ထင်ပေါ်လိုသည်။ ဘယ်သူ့အောက်ကမှ မရောက်ချင်၊ ဘယ်သူ့ကိုမှ မခချင်၊ အရာရာ ငါသာလျှင်ဟူ၍ တလူလူ လွင့်တက်တတ်ပေသည်။ မာနကို မွေးမြူထားသော ပုဂ္ဂိုလ်အား ပညာရှိများက ထွန်တုံးကြီးကို မျိုထားသောမြွေနှင့် ဥပမာ ပေးကြသည်။ ထွန်တုံးကြီးကို မျိုထားသော မြွေသည် မပျော့နိုင်၊ မပျောင်းနိုင်သကဲ့သို့ မာနကို မွေးမြူထားသော ပုဂ္ဂိုလ်သည်လည်း ပျော့ပျောင်းခြင်း၊ နူးညံ့ခြင်း၊ ယဉ်ကျေးခြင်းများ မရှိနိုင်တော့ချေ။

မာနသည် မကောင်းမှု သိုရသော်လည်း လိမ္မာစွာ အသုံးချခြင်းဖြင့် ကောင်းကျိုးချမ်းသာကို ဖြစ်စေနိုင်ပေသည်။ မာနသည် မီးနှင့် တူသည်။စနစ်

တကျ သုံးစွဲတတ်လျှင် အကျိုး ကြီး၏။ စနစ်တကျ မသုံးတတ်ပါမူကား အားလုံး ပြာကျလိမ့်မည်သာ ဖြစ်သည်။ ဒီအတတ် ဒီပညာကို အများ တကာ တတ်မြောက်ပါလျက် ငါ အဘယ့်ကြောင့် မတတ်မြောက်ရမည် နည်း။ ဒီအလုပ်ကို သူများတကာတွေ ဖြစ်အောင်လုပ်နိုင်ပါလျက် ငါအဘယ့် ကြောင့် ဖြစ်အောင် မလုပ်နိုင်ရမည်နည်း။ ငါလည်း သူတို့ကဲ့သို့ပင် ကိုယ် လက်အင်္ဂါအစုံ ပါသည်မဟုတ်ပါလား။ ဘာ့ကြောင့် အရှုံးပေး အညံ့ခံရ မည်နည်း။ ငါသည် ပန်းတိုင်သို့ အရောက် သွားတော့အံ့။ ရန်သူ ကျော ပေး၍ ပြေးလေသည်ဟူသော ရှက်စဖွယ် မှတ်တမ်းမျိုး မကျန်ရစ်အောင် ကြိုးစားတော့အံ့ ဟူသော မာန်မျိုးသည် ပညာ ဦးစီးထားသော မာန်ဖြစ် သောကြောင့် ကောင်းကျိုးပေးမည် ဖြစ်ပေသည်။ ထိုမာန်မျိုးကို နှိမ်ချ ရန် မလိုချေ။

ကိုယ်တိုင်က စီးပွားရေးမှာလည်း မပြည့်စုံ၊ ပညာရေးမှာလည်း မပြည့်စုံ၊ လူမှုရေး ကျန်းမာရေးမှာ လည်း မပြည့်စုံ အစစ မပြည့်စုံပါပဲလျက် တထောင်လွှားလွှား ဖြစ်ကာ ပညာရေးအတွက်လည်း အောက်မကျို့ချင်၊ စီးပွားရေးအတွက်လည်း အောက်မကျို့ချင်၊ လူမှုရေး၊ ကျန်းမာရေး အတွက်လည်း အောက်မကျို့ချင်၊အခြေမရှိပဲ အသားကြီးနေသော လူနေ ခြုံကြား စိတ်နေဘုံဖျားဟူသော ဆိုးကျိုးပေးမည့် မာန်မျိုးကိုသာ နှိမ်ချဖို့ လိုသည်။ အောက်မကျို့ချင်လျှင် အောက်က တက်နိုင်တော့မည် မဟုတ်။ အောက်မကျို့ချင်လေလေ အောက်ကျလေလေ ဖြစ်လိမ့်မည်။ မိမိကိုယ်ကို နှိမ်ချရခြင်းသည် အရှုံးပေး အညံ့ခံခြင်းမျိုး မဟုတ်။ ယဉ်ကျေးသော လူသားတိုင်းတို့၏ အမူအရာသာ ဖြစ်သည်။ အနှံကြီးတော့ ငိုက်သည်ဆို သကဲ့သို့ ပညာရှိလေလေ၊ မိမိကိုယ်ကို နှိမ်ချနိုင်လေလေ ဖြစ်သည်။ပညာရှိ သည် မိမိကိုယ်ကို အထင်မကြီး။ နိုင်ငံကျော် ပညာရှိ ဆရာတော်ကြီး တပါးက မိန့်ခဲ့သည်မှာ စာတတ်မလားလို့ သင်လာတာ၊ အသက် ခုနစ် ဆယ်ရှိပြီ၊ ခုမှ စာခက်မှန်း သိပေသည်ဟု မိန့်တော် မူခဲ့လေသည်။ပညာ ရှိလာလေလေ မိမိ၏ အားနည်းချက်ကို မြင်လာလေလေ ဟူသော သဘော ပင်ဖြစ်သည်။ ငါ့၌ ပြည့်စုံနေပြီဟု ထင်မှတ်သည်နှင့်တပြိုင်နက် ထိုသူသည် နောက်ထပ် ဖြည့်တင်းတော့မည် မဟုတ်။ မဖြည့်တင်းတော့လျှင် တိုးတက်မှု ရပ်ဆိုင်း၍ သွားမည်သာတည်း။

မာနဆိုသည်မှာ ကိုယ့်ထက် အားနည်းသူများအပေါ်၌ သူနဲ့ငါနဲ့ ာတူ ဘူး၊ မတန်ဘူး၊ အဖက်မဟုတ်ဘူးဟု မာန်တက်တတ်သည်။ ကိုယ်နှင့်တူသူ

တို့အပေါ်၌ သူက ငါနဲ့ ဘာထူးလို့လဲ၊သူက ငါ့ထက် ဘာတွေများ သာလို့လဲဟု မာန်တက်တတ်သည်။ ကိုယ့်ထက် ကြီးသူများအပေါ်၌ သူတို့က ငါ့ထက် ကြီးတော့ကော ငါက ဘာအရေးစိုက်ရမှာလဲဟု မာန်တက်တတ်သည်။ ယုတ်မြတ် ကြီးငယ်မရွေးချေ။ နိမ့်ကျသွားသော အခါမှာလည်း လိုချင်ရှိလာတယ် မှတ်မှာစိုးလို့ သူတို့အိမ် မသွားတော့ဘူး၊ အထင်သေးမှာကြောက်လို့ သူတို့နဲ့ မဆက်ဆံတော့ဘူး၊ တို့က လှေခွက်ကြီးဆန်မယ်၊ အလံမလှဲဘူး စသည်ဖြင့် နိမ့်ကျသွားခြင်းကြောင့် မာန် တက်လာတတ်သည်။ ကြီးမြင့်လာသော အခါ၌လည်း ကြီးမြင့်လာသောကြောင့် မာန်တက်လာတတ်သည်။ ကြီးမြင့်လာလျှင် ပို၍ သတိထားရမည်။တန်ခိုး အာဏာ ကြီးမားလာသည်နှင့်အမျှ မာန်တက်လာတတ်သည်။ ဤနေရာတွင် ဓမ္မကထိက ဆရာကြီးဦးလှသိန်း၏ ဩဝါဒ စကားလေးကို ဖော်ပြလိုပေသည်။

> သူများ လူမျိုးတွေက အထက်ကို ရောက်သွားတယ် ဆိုယင် အထက်ရောက်တိုင်း ရောက်တိုင်း မျက်စိက ကျယ်ကျယ်လာတယ်၊ ဟိုဒင်းက ကျဉ်းကျဉ်းသွားတယ်။ တို့ဗမာတွေဟာ အထက်တန်း ရောက်သွားပြီ ဆိုမှဖြင့် ကျယ်ရမည့် မျက်စိပေါက်က ကျဉ်းကျဉ်း၊ ပြီးတော့ ကျဉ်းရမယ့် ဟိုဒင်းက ကျယ်ကျယ်လာတယ် ဟု ဩဝါဒ စကား ကြားနာ ခဲ့ရသည်။

အဖိုးတန်သော စကားပါပေ။ အောင်မြင် တိုးတက်လာသောအခါ ဘဝင်မြင့်မသွားရန် အရေးကြီးပေသည်။ ဘဝင်မြင့်လျှင် မျက်စိပေါက် မှေးလိမ့်မည်။ မျက်စိပေါက်မှေးလျှင် အမြင်ကျဉ်းလိမ့်မည်။ အမြင်ကျဉ်းလျှင် ကျတော့မည်။ အကျနာလိုက်တာကွာ ဟူသော အဖြစ်မျိုး မရောက်အောင် မိမိကိုယ်ကို နှိမ်ချနိုင်ရမည်။ သစ်ငုတ်မြင့်တုံ မြက်မြင့်တုံ၊ မှန်ကင်း တလှည့် ထင်းတလှည့်၊ မုန့်တဖဲ့ ဂလဲ့ကြုံတတ်သည် ဟူသော စကားရပ်များသည် အထက်တန်း ရောက်နေသူများအတွက် နိဝါတ မဂ်လာ မပျက်အောင် လက်ကိုင်ထားရမည့် စကားများ ဖြစ်ပေသည်။

ထို့ကြောင့် မွေးသင့်သော မာန်ကိုမွေး၍ မမွေးသင့်သော မာန်ကို မမွေးကြပဲ မိမိကိုယ်ကို နှိမ်ချနိုင်ကြ စေကုန်ရသည်။

'လောကလူတွင်၊ ငါသာလျှင်တိ၊ ငါ့ပြင်မရှိ၊ ထင်ဘိမှတ်ယောင်၊ မောဟ ဆောင်၍၊ အန်ထောင်မာန၊ မမူရတည့်၊ သုတတရား၊ မြင်ကြား‌အသိ၊ များစွာရှိလည်း၊ သတိမယှဉ်၊ သမ္ပဇဉ်မမှီး၊ မာနကြီးက၊ ခွေးမြီးပညာ၊ မည်စပါခဲ့၊ ထောင်ကာမတ္တာ၊ သုံးမကျရှင့်၊ သူများကိုသာ၊ နှိပ်လိုစွာနှင့်၊ ရန်ရှာထိပါး၊ အပြစ်များ၏၊ သွားတပြုပြု၊ သုနခသို့၊ ဒေါသမောဟ၊ ခြံရံကြ၍၊ မာနမည်ငြား၊ ဤတရားကို၊ မလွှားစေအပ်၊ ကျိုးမနပ်ဘူး'

(မဃဒေဝ လင်္ကာ)

## ၂၄။ သန္တုဋ္ဌိ မင်္ဂလာ

ရောင့်ရဲခြင်းသည် မင်္ဂလာမည်၏။

ရောင့်ရဲခြင်း ဆိုသည်မှာ လောကသိုက်မြုံ၊ ကာမဂုဏ်၌၊ အာပုံမကြီး၊ တရားမှီး၍၊ သိမ်းဆည်းခြိုးခြံ၊ ကံပေးသမျှ ရတတ်သရွေ့၊ သူတော်လေ့ဖြင့်၊ ချမ်းမြေ့စံပယ်၊ ရောင့်ရဲလွယ်ရခြင်း ဟူ၍ လယ်တီဆရာတော်ဘုရားကြီး ဖွင့်ဆိုခဲ့သည့်အတိုင်း မိမိဆောင်ရွက်ခဲ့သော အလုပ်မှ တရားသဖြင့် ရရှိလာသော အကျိုးစီးပွားဖြင့် ကျေနပ် နှစ်သိမ့်နိုင်ခြင်းကို ဆိုပေသည်။ ယင်းသို့ တရားသဖြင့် ရရှိလာသော ဥစ္စာစီးပွားဖြင့် ရောင့်ရဲခြင်းသည် စိတ်နှလုံး ချမ်းမြေ့လှသောကြောင့် မင်္ဂလာမည်ပေသည်။

ရောင့်ရဲနိုင်သော စိတ်ဓာတ်သည် ရင့်ကျက်သော စိတ်ဓာတ်၊ တည်ကြည်သောစိတ်ဓာတ်၊ ခိုင်မာသော စိတ်ဓာတ်မျိုး ဖြစ်ပေသည်။ လူဖျင်းလူညံ့တို့နှင့် လားလားမှ မသက်ဆိုင်ချေ။ ရောင့်ရဲ တတ်ရမည်ဆို၍ အလုပ်ကို လျှော့၍ လုပ်ကိုင်ရမည်ဟူ၍ အဓိပ္ပာယ် မကောက်သင့်ချေ။ လောကတွင်ရာ စီးပွားပဲလုပ်လုပ် စွမ်းစွမ်းတမံ လုပ်ဆောင်ရပေသည်။ စွမ်းစွမ်းတမံ လုပ်ဆောင်ခြင်းသည် လူတော်လူကောင်းတို့၏ အရည်အသွေး ဖြစ်သည်။ လူတော်လူကောင်းတို့သည် အကျိုးစီးပွား ဖြစ်သမျှနှင့် ရောင့်ရဲ၍ အလုပ်ကို လျှော့၍ လုပ်လေ့ လုပ်ထ မရှိချေ။

ဤသန္တုဋ္ဌိ မင်္ဂလာသည် ဥစ္စာစီးပွားကိုသာ ရောင့်ရဲရမည် ဆိုလိုသည်။ အလုပ်၌ ရောင့်ရဲရမည်ဟု မဆိုလိုချေ။

မိမိစိုက်ပျိုးထားသောသရက်ပင်ကြီးက နည်းနည်းပါးပါးပဲသီးရကောင်းလားဟု မကျေမနပ် မဖြစ်သင့်။ ယင်းသို့ မကျေမနပ် ဖြစ်နေ၍လည်း သရက်သီးများ တိုးပွားလာကြမည်မဟုတ်။ မကျေနပ်မှု၊ မရောင့်ရဲမှုကြောင့် မိမိသာလျှင် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ရချိမ့်မည်။ ထို့ကြောင့် သီးလာသမျှနှင့် ရောင့်ရဲ နိုင်စွမ်းရှိအောင် ကြိုးစားရမည်။

သီးလာသမျှ သရက်သီးနှင့် ရောင့်ရဲသင့်သည်ဆိုသဖြင့် သရက်ပင်ကို နောက်ထပ် ရေမလောင်းရ၊ မြေတောင် မမြှောက်ရဟု မထင်မှတ်သင့်ချေ။ ရေလောင်းခြင်း၊ မြေတောင် မြှောက်ပေးခြင်းကိုမူ ဆက်လက် ပြုလုပ်ရမည်သာတည်း။

ရောင့်ရဲ တင်းတိမ်ရမည်ဟူသော စကားကို လူဖျင်း လူညံ့တို့ကလည်း အကိုးအကား တခု ပြုလုပ်တတ်ကြသည်။ ဒါလောက်ဆိုယင် တော်ရောပေါ့၊ သိပ် လောဘကြီးနေတော့ ဘယ်နှစ်ဘဝ စားရမှာမို့လဲ။ နေပူပါသေးတယ်၊ မိုးချုပ်ပြီ ပြန်ကြပါစို့ရဲ့ ဟူ၍ မိမိတို့ ပျင်းရိမှုကိုပင် ရောင့်ရဲနိုင်ခြင်း ရှိသယောင်ယောင် သန္တုဋ္ဌိနှင့် အပျင်းကို ရောမွှေကြသည်။

အပျင်းနှင့် ရောင့်ရဲခြင်းကို ရောမသွားစေနှင့်။ အပျင်းသည် ယုတ်ညံ့သော တရားဖြစ်၍ ရောင့်ရဲခြင်းသည် မြင့်မြတ်သော တရားဖြစ်သည်။ လူတိုင်း လူတိုင်းသည် မိမိတို့၏ စားဝတ်နေရေး အတွက် အမြဲတစေ ရှာဖွေလျက်သာ နေရပေသည်။ မရှာဖွေ၍ မဖြစ်ချေ။ ရှာယင်း ဖွေယင်း၊ လုပ်ယင်း ကိုင်ယင်း သန္တုဋ္ဌိ မင်္ဂလာဖြစ်စေရန် မိမိအလုပ်ကို ရိုးရိုး သားသား၊ ကြိုးကြိုးစားစား လုပ်ကိုင်ရသည်။ ထိုက်တန်သော အကျိုးအမြတ်ကိုသာ ရယူသင့်ကြသည်။ ထိုက်တန်သမျှနှင့်သာ ရောင့်ရဲတင်းတိမ်မှု ရှိသင့်သည်။ မတော် လောဘ မလိုချင်ရ။ တဘက်သား၏ အခက်အခဲကို အခွင့်အရေးအဖြစ် အသုံးပြုလျက် အမြတ်ကြီး အတိုးကြီး မယူရ။ ဒီဆေး မရ မဖြစ်ဘူး ဆိုသည်ကို သိ၍ ဈေးမတင်ရ။ ပုံမှန်ဈေးနှုန်းနှင့်ပင် ရောင်းချပေးရမည်။ ဤသို့ပြုလုပ်ခြင်းကို လုပ်ဖော်ကိုင်ဖက်များက အခွင့်အရေးကို မယူတတ်ဖူးဟု အပြစ်တင်ကောင်း တင်ကြလိမ့်မည်။ ယင်းသို့ အပြစ်တင်ခြင်းကြောင့် စိတ်တွင် အထွေအထူး မဖြစ်စေရ။ ငါသည် မြတ်စွာဘုရားဟောကြားတော်မူသော သန္တုဋ္ဌိ မင်္ဂလာကို လက်တွေ့ကျင့်သုံးခဲ့ရပေသည်

ဟု ဝမ်းမြောက်ဝမ်းသာ ရှိနေရမည်။ ကိုယ့်စေတနာ ကိုယ့်ပြန်လာမည်ကို မမှတ်မသုန် ယုံကြည်ကြပါလေ။

မိမိဆိုင်၌ ရောင်းချနေသော ကုန်ပစ္စည်းများသည် မည်မျှပင် ရှားပါးသွားသော်လည်း ရောင်းနေကျဖြစ်သော အကျိုးအမြတ်နှင့်ပင် ရောင့်ရဲတင်းတိမ်နိုင်ရမည်။ ဤနေရာ၌ ဘုရားလောင်း ရှဲကုန်သည်၏ သန္တုဋ္ဌိမင်္ဂလာသည် အတုယူဖွယ် ကောင်းလှ၏။ လက်ငင်းအကျိုးပေးလိုက်ပုံမှာလည်း မှတ်သားဖွယ် ကောင်းလှ၏။ ဒေဝဒတ် အလောင်း ရှဲကုန်သည်သည် စည်းစိမ်ပျက် မြေးအဘွား နှစ်ဦးက ဤခွက်ကို ယူ၍ ရှဲအနည်းငယ်လောက်ပေးပါဟု အညိုတက်၍ အရောင်အဆင်း ပျက်နေသော ရွှေခွက်နှင့် ရှဲလဲလှယ်ရာတွင် အသပြာ တသိန်း ထိုက်သော ရွှေခွက်မှန်း သိပါလျက် တပဲ နှစ်ပြားမျှပင် မပေးရပဲ အလကား ရအောင် ကြိုးစား ခဲ့လေသည်။ နှစ်ပြားမျှ မတန်သော ဤခွက်စုတ်နှင့် ငါ့ရှဲများကို ရာရာသသ လဲပါပြောရကောင်းလားဟု ရွှေခွက်ကို ဟန်လုပ်၍ ပစ်ချကာ နောက်တပတ်ပြန်လှည့်၍ အလကားယူမည်ဟူသော စိတ်ကူးဖြင့် ထွက်သွားခဲ့လေသည်။ ဘုရားလောင်း ရှဲကုန်သည် ရောက်လာသောအခါ ရွှေခွက်ကို မြင်လျှင်ပင် အသပြာ တသိန်းထိုက်သော ရွှေခွက်မှန်းသိ၍ အို မိခင်၊ ဤခွက်သည်ကား အသပြာ တသိန်းထိုက်တန်သော ရွှေခွက်ဖြစ်ပေသည်။ ကျွန်ုပ်တွင် ရှဲငါးရာဖိုးနှင့် ငွေငါးရာသာ ပေါင်း တထောင်သာ ပါရှိပါသည်။ ဤရွှေခွက်ဖိုးနှင့် ညီမျှအောင် ကုန်ပစ္စည်းများ ကျွန်ုပ်တွင် မပါရှိပါဟု ရိုးသားစွာ ပြောကြားခဲ့လေသည်။ အမေမောင်လုလင် ပါလာသော အသပြာ တထောင်ဖိုးနှင့်ပင် ဤရွှေခွက်ကိုအသင်ယူလေလော့၊ ဤရွှေခွက်ကားသင်နှင့်သာ ထိုက်တန်ပေသည်ဟု အဘွားအိုက ကြည်ကြည်သာသာ ပေးလိုက်မှလက်ခံရယူခဲ့လေသည်။ ဘုရားလောင်းသည် ပစ္စည်းရှင်က မိမိပစ္စည်း၏တန်ဖိုးကို မသိခြင်းဟူသော အချက်ကို အခွင့်ကောင်းယူ၍ မတော်လောဘမတရားရရှိရန် မကြိုးပမ်းခဲ့ချေ။ ထို့ကြောင့်ပင်လျှင် အသပြာတသိန်းထိုက်သော ရွှေခွက်ကို ရရှိခဲ့လေသည်။ ဒေဝဒတ် အလောင်းမှာကား မတော်လောဘ အလို ရမက်ကြီးလှသဖြင့် အသပြာတသိန်းထိုက်သော ရွှေခွက်မှဆုံးရှုံး၍ ဘုံးဘုံးလဲ ရလေတော့သည်။ ထို့ကြောင့် အခွင့် အရေးကိုရသလောက်မယူရ။ ထိုက်တန်သလောက်နှင့်သာ ရောင့်ရဲ တင်းတိမ်ရသည်။ အလိုကြီးတော့ အရနည်းတတ်သည်။

ရှာဖွေရာ၌ ရသမျှနှင့် ရောင့်ရဲတင်းတိမ်မှု ရှိရသကဲ့သို့ အသုံးပြုရာ၌လည်း ရောင့်ရဲတင်းတိမ်မှု ရှိရပေလိမ့်မည်။ ဝတ်ရာ စားရာမှာလည်း အထည်ကြမ်းသာရှိလျှင် အထည်ကြမ်းကိုဖွံ့ဖွံ့ဖြိုးဖြိုးစင်စင်သန့်သန့်ရှင်းရှင်းဝတ်သင့်သည်။ ဟိုကငှား သည်ကငှား၊ဟိုက ကြွေးဝယ်၊ သည်ကကြွေးဝယ် မလုပ်သင့်ချေ။ ငှားရသော အဝတ်အထည်၊ကြွေးဝယ်လာရသော အဝတ်အထည် အဖိုးတန်တွေကို ဝတ်ဆင်ရခြင်းထက် ကိုယ်ပိုင် အထည်ကြမ်းဟောင်းကလေးကို ချုပ်ဖာ ဖွတ်လျှော်၍ ဝတ်ဆင်ရခြင်းက အရသာရှိလှပေသည်။ လူအဝတ်တောင်းအကွပ် ဆိုသည်မှာ ဝတ်ကောင်းစားလှတွေ ငှားဝတ်ရန်၊ ကြွေးယူဝတ်ရန် ဆိုသည်မဟုတ်ချေ။ ရှိသမျှနှင့်လှအောင်ဆင်တတ်ဖို့ဆိုခြင်းဖြစ်ပေသည်။ သူတပါးလို မဝတ်နိုင်ကောင်းလား၊ မဆင်နိုင်ကောင်းလားဟူ၍ ရှုံးတိုးရှုံ့တန့်ရှိရန် မလို။ ကိုယ့်ဘဝ အရှိအတိုင်း ရဲရဲဝံ့ဝံ့၊ ရိုးရိုးသားသား လူတော တိုးဝံ့ဖို့လိုပေသည်။ ဝတ်စားလာတာတွေ ကိုယ့်ဟာလား သူ့ဟာလားဆိုသည်ကို ရင်းနှီးသူများ သိကြပေသည်။

စားသောက်သောအခါမှာလည်း ဟင်းတခွက်ထဲရှိလျှင် တခွက်ထဲနှင့် မြိန်မြိန် ယှက်ယှက် သုံးဆောင်နိုင်ရမည်။ ရှိသမျှကို နှစ်နှစ်သက်သက်စားနိုင်ရမည်။ ဒါပဲလားဟု နားပူနားဆာ မလုပ်ပါနှင့်။ ထမင်းပွဲကို စိတ်တိုင်းမကျလျှင် ဩော် လောကကြီးဆိုတာ ဒါတွေပါပဲလားဟု ဆင်ခြင်ရမည်။ ဤနေရာတွင် အလောင်းတော် သိဒ္ဓတ္ထမင်းသား၏ လက်တွေ့ကျင့်သုံးခဲ့သော သန္တုဋ္ဌိ မင်္ဂလာ၏ အတုယူဖွယ် ကောင်းပုံ၊ ကြည်ညိုဖွယ်ကောင်းပုံတို့ကို ဖော်ပြလိုပေသည်။

အချိန်မှာ သိဒ္ဓတ္ထမင်းသား တောထွက်တော်မူခဲ့ပြီးနောက် ပထမဆုံး ဆွမ်းခံကြွသော တနေ့၏ နံနက်ဖြစ်ပေသည်။ ထိုနေ့ မနက်စောစောတွင် အလောင်းတော်မြတ် ဆွမ်းခံကြွတော့သည်။ ဆွမ်းခံကြွသော နေရာမှာ တောစပ်အနီး ရွာစွန်ရွာဖျားက လူမွဲများနေသော အိမ်စုပင်ဖြစ်ရာ ဆင်းရဲသားပီပီ ညကကျန်သော ဆန်ကြမ်းထမင်းကိုပင် လောင်းလိုက် လှူလိုက်ကြပေသည်။ ထိုဆန်ကြမ်းထမင်းသည် ချေးပြန်၍ စိုစိစိဖြစ်ကာ အနည်းငယ်ပင် သိုးစပြုနေပေပြီ။ အလောင်းတော်သည် ဆွမ်းခံမှ ပြန်ခဲ့၍ သင့်လျော်သော နေရာတွင် ဆွမ်းဘုဉ်းပေးရန် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေလျက် သပိတ်ကိုပိုက်ကာ သပိတ်ဖုံးကိုကိုဖွင့်လိုက်သည်နှင့် တပြိုင်နက် သိုးကာစဖြစ်နေသော ဆန်ကြမ်းထမင်း၏ အဆင်းနှင့် အနံ့တို့ကို တွေ့မြင်ခံစား လိုက်ရလေရာ

အလောင်းတော်မြတ်၏ ဝမ်းဗိုက်အတွင်းရှိ အူများ အခွေလိုက် အခွေလိုက် ထွက်လာတော့ခမန်း ပျို့တက်လာတော့သည်။ ပျို့အန်လောက် ပါပေသည်။ ယခင်က ဤထမင်းမျိုးကို စားရန် မဆိုထားဘိ၊ မြင်ပင်မမြင်ဘူးခဲ့ချေ။ မကြာမီကလေးကပင် နတ်သုဒ္ဓါနှင့် တူသော အာဟာရများကို ရွှေနန်းလယ်တွင်သုံးဆောင်ခဲ့ရသေးသည်။ချက်ချင်း လက်ငင်းမှုယောထမင်း အသိုးနှင့် တွေ့ရသည်ဖြစ်ရာ အဘယ်မှာလျှင် မပျို့ပဲမအန်ပဲ ရှိချေအံ့နည်း။

ထိုအခါ အလောင်းတော်မြတ်သည် မိမိကိုယ်ကို အချင်းသိဒ္ဓတ္ထ၊ နတ်သုဒ္ဓါနှင့်တူသော အာဟာရများကို ရွှေနန်းလယ်တွင် အလိုရှိသလောက် စားသောက်နိုင်ပါလျက်အဘယ့်ကြောင့် တယောက်တည်းတည်း တောကြီးမျက်မည်းသို့ ထွက်လာခဲ့ရသနည်း။ အစားကောင်း အသောက်ကောင်းကို စားလိုလျှင် ရွှေနန်းတော်မှာပင် နေသင့်သည် မဟုတ်ပါလော။ သဗ္ဗညုတဉာဏ်တော်ကြီးကို အရယူရန် တောထွက်လာသော သင်သည် ဤမျှလောက်သော ဆင်းရဲကိုပင် မခံနိုင်ပဲ ရှိရာ သလောဟု မိမိကိုယ်ကို ဆုံးမ၍ ထိုဆွမ်းကိုပင် မြိန်မြိန်ယှက်ယှက် ဘုဉ်းပေး သုံးဆောင်တော်မူခဲ့သည်။ နတ်သုဒ္ဓါနှင့် ထမင်းသိုးကား ကွာခြားလှချေသည်။

သူတော်ကောင်းများ၏ ကျင့်သုံးကြသော သန္တုဋ္ဌိမင်္ဂလာကို အတုယူ၍ သူတော်ကောင်းဖြစ်လိုသူတိုင်း ရသမျှနှင့် ရောင့်ရဲတတ်အောင် ကြိုးစားသင့်ကြပေသည်။

ဤ သန္တုဋ္ဌိမင်္ဂလာသည် သာသနာတော်ကြီး အဓွန့်ရှည်ကြာ တည်တံ့ရန်အတွက်လည်း လိုအပ်ပေသည်။ သံဃာတော်များ ပစ္စည်းလေးပါး၌ ရောင့်ရဲခြင်းသည် သာသနာတော်ကြီး အဓွန့်ရှည်ကြာ တည်ရန် အကြောင်းရင်းပင်ဖြစ်ပေသည်။ အပြန်သဘောအားဖြင့် သံဃာတော်တွေ ပစ္စည်းလေးပါး၌ မရောင့်ရဲနိုင်ခြင်းသည် သာသနာတော် ပျက်စီးခြင်း၏ အကြောင်းရင်းပင်ဖြစ်ပေသည်။ ထို့ကြောင့် မြတ်စွာဘုရားက–

> ရဟန်းတို့၊ အကြင် တရားသည် သာသနာတော်၏ ပျက်စီးခြင်းငှာ၊ ကွယ်ပျောက်ခြင်းငှာဖြစ်သကဲ့သို့၊ ထို့အတူ သာသနာတော်၏ ပျက်စီးခြင်းငှာ၊ ကွယ်ပျောက်ခြင်းငှာ ဖြစ်သော တပါးသော တရားကို ငါဘုရားမမြင်ချေ။ ရဟန်းတို့၊ ဤ သာသနာတော်၏ ပျက်စီးခြင်းငှာ ကွယ်ပျောက်ခြင်းငှာ ဖြစ်သော တရားသည်ကား

မရောင့်ရဲခြင်းပေတည်း။ ဂုဟန်းတို့၊ မရောင့်ရဲခြင်းသည် ဤသာ
သနာတော်၏ ပျက်စီးခြင်းငှာ၊ ကွယ်ပျောက်ခြင်းငှာ ဖြစ်၏။
ဟူ၍ ဓကေနိပါတ်အင်္ဂုတ္တိုရ်၌ ဟောတော်မူခဲ့သည်။

လူတိုင်းလူတိုင်း ကိုယ်ဆင်းရဲစိတ်ဆင်းရဲဖြစ်ကြရခြင်းသည် အလိုမပြည့်ခြင်းကြောင့်သာဖြစ်ပေသည်။ အလိုဟူသော တရားကလည်း ဘယ်သောအခါမှ ပြည့်ရိုးထုံးစံမရှိချေ။ ပြည့်ရိုးထုံးစံမရှိသော အလိုကို ပြည့်အောင်ဖြည့်နေကြရသော သတ္တဝါများသည် အဘယ်သို့လျှင် ချမ်းသာသုခ ရနိုင်ကြမည်နည်း။ အလိုသည် ဖြည့်၍ပြည့်သော တရားမဟုတ်။ ဖြတ်မှပြတ်သော တရားဖြစ်သည်။ ထိန်းမှငြိမ်းသောတရားဖြစ်သည်။ မပြည့်နိုင်သောအလိုကို ဖြည့်နေခြင်းဖြင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေကြရမည့်အစား မပြည့်နိုင်သောအလိုကို ရောင့်ရဲခြင်းဖြင့် ထိန်းသိမ်းရသည်က သာလွန် အေးချမ်းလှပေသည်။

ထို့ကြောင့် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသုခ အလိုရှိကြသော သူများသည် ရောင့်ရဲခြင်းတရားရှိအောင် ကြိုးစားသင့်လှပေသည်။

ရောင့်ရဲခြင်းသည် အမြတ်ဆုံးချမ်းသာဖြစ်ပေသည်။ မရောင့်ရဲခြင်းသည် အဆိုးဆုံးဆင်းရဲဖြစ်ပေသည်။ မှန်၏။ မရောင့်ရဲခြင်းလောက် ဆင်းရဲသော တရား လောကတွင်မရှိချေ။ ရလေလိုလေ အိုတဏှာ ဆိုသကဲ့သို့လို၍လို၍သာ လာတော့သည်။ မော်တော်ကားတစင်းမှမရှိသူတွင် မော်တော်ကား မလိုချေ။ မော်တော်ကားတစင်းရသည်နှင့်တပြိုင်နက်နောက်တစင်းလိုလာတော့သည်။နောက်တစင်းရသည်နှင့် တပြိုင်နက် နောက်ထပ်တစင်း အရေးတကြီးလိုလာတော့သည်။ ကားသုံးစင်းလောက် ရှိလာသည်နှင့်တပြိုင်နက် ဆယ်စင်းလောက်လိုလာတော့သည်။ ကား အစင်းတရာလောက် ရှိလာလျှင် လေယာဉ်ပျံပါ လိုလာပေလိမ့်မည်။

တခါက အစောင့် ကုလားလေး တယောက် နေ့မနား ညမအား ဗုံတီးသဖြင့် အိမ်နားနီးသူတဦးမှာ နားမခံနိုင်တော့၍ ကုလားလေးကိုခေါ်ကာ ငွေငါးဆယ် ပေးလိုက်လေတော့သည်။ ကုလားလေးမှာ ငွေငါးဆယ်ရသည်နှင့်တပြိုင်နက် သူ့အတွက် အဝတ်အစား ဝယ်ရန်၊ သူ့အိမ်သို့ ငွေပြန်ပို့ရန်၊ အိုးကလေးခွက်ကလေးဝယ်ရန် ဝေပုံချလိုက်ရာ မလောက်သဖြင့် ကြံဖန်စိတ်ကူးနေရတော့သည်။ ထိုနေ့မှစ၍ ကုလားလေး ဗုံမတီးနိုင်တော့ပဲဖြစ်သွားကြောင်း ကြားဘူးသည်။

မရောင့်ရဲနိုင်သမျှ ဆင်းရဲကြမည်သာတည်း။

# ၂၅။ ကတညုတာ မင်္ဂလာ

သူ့ကျေးဇူးကို သိရခြင်းသည် မင်္ဂလာမည်၏။

သူ့ကျေးဇူးဆိုသည်မှာ သူတပါးတို့က မိမိအပေါ်၌ တစုံတရာပြုခဲ့ဘူးသော ကောင်းမှုဖြစ်သည်။ အနည်းငယ်မျှ ဖြစ်သော ထမင်းတလုတ် ရေတမှုတ်မျှ ပေးဘူး ကျွေးဘူးခြင်းသည် လည်းကောင်း၊ မိမိ မသိသည်ကို သိအောင်၊ မိမိမတတ်သည်ကိုတတ်အောင် အနည်းငယ်မျှပင်ဖြစ်စေ၊ သွန်သင်ပြသ ဆုံးမခဲ့ခြင်းသည်လည်းကောင်း၊ မိမိအခက်အခဲ တွေ့ကြုံနေရသော အခါ အနည်းငယ်မျှပင် ဖြစ်စေ အကူအညီ ပေးခဲ့ဘူးခြင်းသည် လည်းကောင်း သူ့ကျေးဇူးမည်ပေသည်။ သိရခြင်းသည် မိမိအား ဤ သူသည် ဘာကို ကျွေးခဲ့ပေးခဲ့ဘူးသည်၊ ဘာကို သွန်သင်ဆုံးမခဲ့ဘူးသည်။ ဘာကို အကူအညီ ပေးခဲ့ဘူးသည်တို့ကို အမှတ်တရရှိနေခြင်း၊ မမေ့မလျော့ခြင်းသည် သိရခြင်းဖြစ်ပေသည်။ ယင်းသို့ သူ့ကျေးဇူးကို သိရခြင်းသည် ခုရော နောင်ပါ ချမ်းသာစီးပွား များခြင်း၏ အကြောင်းဖြစ်၍၊ မင်္ဂလာမည်ပေသည်။

သူ့ကျေးဇူးကို သိရန်ဆိုသည်မှာ တိမ်မယောင်ယောင်နှင့်နက်၊ လွယ်မယောင်ယောင်နှင့်ခက်သော အမှုပင်ဖြစ်သည်။ ထို့ကြောင့်သူ့ကျေးဇူးကို မသိတတ်သူ အလွန်များပြားစွာ ရှိနေခြင်းပင်ဖြစ်သည်။ အတူတကွ နေထိုင်ကြရသော လူသားအချင်းချင်းသည် တဦးနှင့်တဦး ကျေးဇူးကင်း၍ မဖြစ်ချေ။ တယောက်ကျေးဇူး တဦးမှာဆိုသကဲ့သို့ တဦးနှင့်တဦး ကျေးဇူး ရှိကြသည်သာတည်း။ တနည်းမဟုတ်တနည်းနှင့်၊ တမျိုးမဟုတ် တမျိုးနှင့် သွယ်ဝိုက်၍ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ ကျေးဇူး ရှိကြဘူးသည် သာတည်း။ ထို့ကြောင့် လူသားတယောက်အဖို့ သူ၏ပတ်ဝန်းကျင်တွင် သူ၏ကျေးဇူး ရှင်တွေ အများအပြားရှိနေတော့သည်။ ထိုပတ်ဝန်းကျင်၌ ရှိနေကြသော ကျေးဇူးရှင်များအနက်မှ မှတ်မိသားမိရှိသော ကျေးဇူးရှင်များကို ရေတွက်ပြပါဆိုလျှင်ဆယ်ဦးပြည့်အောင်ရေတွက်နိုင်သူရှားပေလိမ့်မည်၊ဤသို့ဆယ်ဦး ပြည့်အောင် မရေတွက်နိုင်ခြင်းသည် ကျေးဇူးရှင် ဆယ်ဦးမရှိ၍မဟုတ်ပါ။ ဆယ်ဦး ပြည့်အောင် မမှတ်သားမိခြင်းကြောင့်သာ ဖြစ်ပေသည်။

ကျေးဇူးငယ်လေးများဖြစ်၍ မမှတ်မိတန်လျှင်ရှိစေ၊ ကျေးဇူးကြီးများကိုပင် မှတ်မိသူ အလွန်နည်းပါးလှသည်။

သူ့ကျေးဇူးကို မသိသော်လည်း ကိုယ့်ကျေးဇူးကိုတော့ အလွန် မှတ်မိသားမိ ရှိကြသည်။ ဘယ်တုန်းက သူ့ကို ငါက ဘာအကူအညီ ပေးခဲ့တာ။ သူဘာဖြစ်နေလို့ ဘယ်နည်းဘယ်ပုံ စောင့်ရှောက်ခဲ့ရတာ စသည်ဖြင့်ကိုယ်ပြုဘူးခဲ့သည်ကို မေ့လေ့မေ့ထ မရှိကြချေ။

ငါ ဘယ်လိုအခက်အခဲမျိုး တွေ့နေရစဉ် ငါ့အပေါ်၌ သူ အဘယ်သို့ ကူညီခဲ့ဘူးသည်၊ ဘယ်တုန်းက ငါ့ကို ပေးခဲ့ဘူးသည်၊ ငါ့ကို ဘာတွေ ပေးခဲ့ကျွေးခဲ့ဘူးသည်ဟု သူ့ကျေးဇူးကိုမူ မှတ်သားလေ့ မှတ်သားထ မရှိကြချေ။

မှတ်သားလေ့ မှတ်သားထ မရှိရုံမျှမက ကျေးဇူးပြုနေစဉ်ကပင် ကျေးဇူးမှန်း မသိကြပေ။ သူ့ကျေးဇူးကိုမေ့လျော့သူဆိုသည်မှာ အပြစ်တင်ဖွယ်ရာဟု ထင်ရသော်လည်း စင်စစ် ချီးမွမ်းထိုက်သော ပုဂ္ဂိုလ်ပင် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် မေ့လျော့နေခြင်းသာဖြစ်၍ သူ့ကျေးဇူးကိုသိတုန်းက သိခဲ့သေးသောကြောင့် ဖြစ်ပါသည်။ သူ့ကျေးဇူးကို ကျေးဇူးမှန်းမသိသူက အလွန်များလှပေသည်။ သူ့ကျေးဇူးကို ပြန်လည် မပေးဆပ်နိုင်သော်လည်း ကျေးဇူးမှန်းကို မှတ်မိသားမိ သိနေသည် ဆိုလျှင်ပင် အလွန်မွန်မြတ်လှပေသည်။ တုံ့ပြန် ပေးဆပ်နိုင်လျှင်မူကား ဆိုဖွယ်ရာ မရှိတော့ပေ။

တဘက်သားက အမှတ်မထင်ပေးလိုက်သော အကူအညီကြောင့် အသက်ဘေးမှ လွတ်ခဲ့သည်လည်း ရှိသည်။ စီးပွားပျက်မည့်ဘေးက လွတ်ခဲ့သည်လည်း ရှိသည်။ စီးပွားဥစ္စာ ရရှိလာခြင်းလည်း ရှိသည်။ လုပ်ငန်းတခု ဖြစ်မြောက်လာသည်လည်း ရှိသည်။ ထိုအခါမျိုးတွင် ငါလုပ်လို့ ဖြစ်တာ၊ ငါတော်လို့ဖြစ်တာ၊ ငါကြိုးစားလို့ဖြစ်တာဟု သူ့ကျေးဇူးကို ငါဖုံးလွှမ်းသွားလေတော့သည်။

ရှေးအခါက သဌေးကြီးတယောက် မြို့တွင်းလမ်းလျှောက်လာစဉ် လမ်းတွင် ကြွက်သေတခုတွေ့၍ ပတ်ဝန်းကျင်ကိုကြည့်ရာ လုလင်ပျိုတယောက် လာနေသည်ကို မြင်ရလေသည်။ သဌေးကြီးသည် လုလင်ပျိုကြားလောက်အောင် ဤကြွက်သေသည် ဘာမျှအသုံးမပြုလျှင် အကျိုးမဲ့ ပျက်စီးတော့

မည်သာတည်း။ လိမ္မာသောသူသည် ဤကြွက်သေကို အရင်းအနှီး ပြု၍ အကျိုးစီးပွားရှာလျှင် အကျိုးစီးပွား ဖြစ်နိုင်သည်သာတည်းဟု မြွက်ဆို လေသည်။ လုလင်ပျိုသည် သဌေးကြီး ပြောသောစကားကို ကြား၍ ဤပုဂ္ဂိုလ်ကြီးကား နှယ်နှယ်ရရမဟုတ်။ ထင်ရှားသော သဌေးကြီးပေ တည်း။ သူသည် အကျိုးမဲ့စကားကို ဆိုမည်မဟုတ်ချေ။ ငါသည် ဤကြွက် သေကိုယူ၍ လုပ်ငန်းတခု စခြင်းငှာ သင့်၏ဟု ကြံစည်၍ ကြွက်သေကို ကောက်ယူပြီးလျှင် ကြောင်မွေးထားသောအိမ်သို့ သွားရောက် ရောင်းရာ နှစ်ပြား ရရှိခဲ့လေသည်။ ထိုနှစ်ပြားဖြင့်ဆက်လက်ရင်းနှီး လုပ်ကိုင်ရာ လေး လတွင် အသပြာနှစ်သိန်း ရရှိခဲ့လေသည်။ လုလင်သည် သဌေးကြီး၏ ကျေးဇူးတရားကား ကြီးမားပေစွ၊ ကြွက်သေတခုဖြင့် လေးလအတွင်း အသပြာ နှစ်သိန်း ရရှိခဲ့ပေသည်။ ငါသည် တသိန်းသော အသပြာနှင့် သဌေးကြီးအား ကျေးဇူးဆပ်အံ့ဟု ကြံလျက် သဌေးကြီးအိမ်သို့ သွားသေ သည်။ သဌေးကြီးအိမ်သို့ရောက်၍ အသပြာ တသိန်းဖြင့် ကျေးဇူးဆပ်သည် တွင် အမောင်လုလင်၊ သင်သည် လုံ့လဝီရိယ၊ ဉာဏ်ပညာရှိပေစွ၊ သူ့ ကျေးဇူးတရားကိုလည်း သိတတ်ပေစွ၊ သင်ပေးသော အသပြာနှစ်သိန်းကို ငါမယူလိုချေ။ ငါ့၌ အသပြာကုဋေပေါင်းများစွာ ရှိပေသည်။ သင်သည် ယနေ့မှစ၍ ထိုကုဋေပေါင်းများစွာ ပိုင်ဆိုင်သော ငါ့သား ဖြစ်လေတော့ဟု သားအဖြစ် မွေးစား သိမ်းပိုက်လေတော့သည်။ လုလင်ပျို၏ ကျေးဇူး သိတတ်ပုံသည် အံ့ဩဖွယ်ရာကောင်းလှ၏။ ကျေးဇူးအမှန်ကို မြင်နိုင်စွမ်း ရှိပေသည်။ ကြွက်သေတခုပေးသည်ဟူ၍ မတွက်ပဲ အသပြာနှစ်သိန်း ရမည့် လုပ်ငန်းတခုကို စတင်ပေးသည်ဟု တွက်ခဲ့ပေသည်။ ထို့ကြောင့်ပင် အသပြာ တသိန်းနှင့် ကန်တော့ခြင်း ဖြစ်ပေသည်။ ကြွက်သေတခု ပေးသည်ဟုသာ မှတ်ထားရမည် ဆိုလျှင် အလွန်ဆုံး ဝတ်စုံတစုံထက် ပို၍ ကန်တော့မည် မဟုတ်ချေ။

သူ့ကျေးဇူးကို လောဘရမက်ကြောင့်လည်း မေ့တတ်သည်။ ဒေါသ အမျက်ကြောင့်လည်း မေ့တတ်သည်။ မောဟကြောင့်လည်းမေ့တတ်သည်။ သူ့ကျေးဇူးကို လောဘ၊ ဒေါသ၊မောဟများဖြင့် ဖုံးလွှမ်း မသွားပါစေနှင့်။ ခြေနှစ်ချောင်းလည်း မကယ်နှင့်။ မင်းလှေမျောလည်းမဆယ်နှင့်။ ရွေးချင် စားကို မွေးလျှင်မွေး၊ လူဝင်စားကိုမမွေးနှင့်။ ကျေးဇူးရှိမှ ကျေးဇူးဆပ်မည်။ နွားပိန်ထူ လူခွေ့သည်ဟူသော စကားပုံများသည် မိမိက ကျေးဇူးပြုထား

ပါလျက် မိမိကို ကျေးဇူးတုံ့ပြန်ခြင်း မရှိရုံသာမက စိတ်မချမ်းသာ ကိုယ်မချမ်းသာ ဖြစ်အောင် ပြစ်မှားသွားသည်ကို ခံလိုက်ရသူများက သတိပေးခဲ့သောစကားများဖြစ်ပေသည်။ ယင်း သတိပေးစကားတို့ကြောင့် သူတပါးအပေါ် ကျေးဇူးပြုရန် လက်မနှေးသွားပါစေနှင့်။ ကျေးဇူး မသိသောသူသည် မသိသူ၏ တာဝန်သာဖြစ်ပါသည်။ အခြေအနေ အခါကာလအားလျော်စွာ မိမိက ကျေးဇူးပြုပေးရန် တာဝန်ရှိပါလျက် အထက်ပါစကားပုံများအမှတ်ရ၍ တာဝန်ပျက်ကွက်ခဲ့လျှင် သူတပါးအပြစ်မရှိအောင်မိမိက အပြစ်ရှိပေးရသကဲ့သို့ ဖြစ်ပေလိမ့်မည်။ သူတပါးမမှားရအောင်ကိုယ်က အရင်ဦးအောင် မှားထားခြင်းမျိုး ဖြစ်ပေလိမ့်မည်။ ထို့ကြောင့်ပြုသင့်ပြုထိုက်သည့် မိမိတာဝန်ကို မပျက်မကွက် ပြုလုပ်ရန်သာလျှင် ဆင်ခြင်သင့်သည်။ သူ့ထံမှ ပြန်လာမည်ကိုမစဉ်းစားသင့်။

တလုတ်ကျွေးဘူး သူ့ကျေးဇူး ဟူသကဲ့သို့ ကျေးဇူးတခုရရှိတိုင်း မှတ်မိသားမိ ရှိရမည်။ သူ့ကျေးဇူးကို မမေ့မလျော့စေရ။ သူ့ကျေးဇူးကို ဘယ်တော့မှ ကျေးမစွပ်လိုက်ပါနှင့်။ ကျေးစွပ်ခြင်းဖြင့် ကျေးဇူးရှင်မှာ မထောင်းတာသော်လည်း ကျေးစွပ်သည်မှာ အလွန်နစ်နာလှပေသည်။ အောင်မြင်တိုးတက်လာသောအခါ သူ့ကျေးဇူးကိုမေ့သွားတတ်သော သဘောရှိပေသည်။ ထို့ကြောင့် ရှေးရှေးသောမင်းများ ဘိသိက်ခံသသောအခါ ပုရောဟိတ်ပညာရှိများက ဘိသိက်သွန်းလောင်းပြီးလျှင် မြတ်သောမင်းကြီး အသင်မင်းကြီးသည် ယခုအချိန်မှစ၍ ဤနိုင်ငံကို အစိုးရသော ဘုရင်အဖြစ်သို့ရောက်ရှိပါပြီ။ အရှင်မင်းကြီးအား ငယ်ရွယ်စဉ်က ထိန်းသိမ်း စောင့်ရှောက်လာခဲ့သူများ၊အတတ်ပညာပေးခဲ့သူများ၊ အိမ်နိမ့်စဉ်က ကျေးဇူးပြုခဲ့သူများ၊ အသက်ကို ကယ်ဆယ်ခဲ့သူများနှင့် ထီးနန်းစည်းစိမ်ပေးခဲ့သူများကို သတိရပါလော့။ ထိုသူများအပေါ်၌ အရှင်မင်းကြီးက ကျေးဇူးတုံ့ပြန်ရန် အခါသို့ ရောက်ပါပြီဟု သတိပေးကြရသည်။ ရာထူးဂုဏ်သိန်စည်းစိမ်တို့မည်သည်မှာ သူ့ကျေးဇူးကို ဖုံးလွှမ်းတတ်သောကြောင့် ထိုသို့သတိပေးရခြင်း ဖြစ်လေသည်။

မည်သူမဆို အောင်မြင် တိုးတက်မှု ရရှိလာသောအခါ သူတထူး၏ကျေးဇူးကို မမေ့မလျော့အောင် အထူး သတိပြုသင့်သည်။ ယင်းသို့သူတထူး ကျေးဇူးကို မမေ့မလျော့မှု ရပြီးသော အောင်မြင် တိုးတက်မှုများ တည်မြဲမည်ဖြစ်ပေသည်။ ငါတော်လို့ ဖြစ်လာတာပဲ၊ ငါတတ်လို့ ဖြစ်

လာတာပဲ၊ ငါကြိုးစားလို့ ဖြစ်လာတာပဲဟု မာန်မတက်သင့်၊ တော်လို့ တတ်လို့ ကြိုးစားလို့ ဖြစ်လာသည်ကတော့မှန်သည်၊ သူ့ကျေးဇူး မပါလျှင် ကော ပြီးနိုင်မည်လားဟု စဉ်းစားသင့်သည်။ သူတပါးက ဆယ်ခါလောက် အကူအညီ ပေးခဲ့သည်ကိုတော့ မမှတ်မိ၊ တခါလောက် အကူအညီ မရလျှင် မှတ်မိသားမိ၊ အနာကြီး နာတတ်ကြသည်။ အမှန်မှာ ဆယ်ခါ မကူညီခဲ့သော်လည်း တခါကူညီလျှင်ပင် ကျေးဇူးတင်ဖို့ ကောင်းလှပေပြီ။

သူ့ကျေးဇူး ထိန်ဝှက်သောသူ မီးလိုပူ၏ဟူသော ရှေးစကားပုံသည် လျော့လျော့ပေါ့ပေါ့ ပြောထားခြင်းသာ ဖြစ်ပေသည်။ အမှန်ဆိုလျှင် သူ့ ကျေးဇူး ထိန်ဝှက်သောသူသည် မီးထက်ပင် ပူချေသည်။

ထို့ကြောင့် ခုရော နောင်ပါ ချမ်းသာ စီးပွား လိုလား ကြကုန်သော ပညာရှိသူများသည် သူ့ကျေးဇူးကို သိအောင် ကြိုးစားသင့်ကြသည်။ မမေ့ အောင်လည်း မှတ်သား သင့်ကြသည်။ ပြန်လည် ပေးဆပ်နိုင်ရန်လည်း ကြိုးစားသင့်ကြပေသည်။

ကျေးဇူးတင်ပါတယ် ပြောရုံမျှဖြင့်ပင် ကောင်းမြတ်သည်ဟု တကမ္ဘာ လုံး လက်ခံကြသည်၊ တကယ် ကျေးဇူးတင်တတ်လျှင် အဘယ် ဆိုဖွယ်ရာရှိ မည်နည်း။ တဘက်သားက ကျေးဇူးပြုပေးတိုင်း ကျေးဇူးပြုပေးမှန်း သိရန် လိုသည်။

ယဉ်ကျေးမှုအရ ကျေးဇူးတင်ပါတယ် ပြောကြသော်လည်း တကယ်တမ်း ကျေးဇူးတင်သူ အလွန်နည်းပါးလှပေသည်။ တကယ်ကျေးဇူးတင်မှ မင်္ဂလာ ရှိမည်။ အတုအယောင် ဟန်ဆောင်မှုဖြင့် အကျိုးမရှိချေ။ သူ့ကျေးဇူးသိ ရခြင်းသည် အလွန် အဖိုးတန်လှသောကြောင့် မင်္ဂလာဟု မြတ်စွာဘုရားက အမည်ပေးခြင်းဖြစ်ပေသည်။ သူ့ကျေးဇူးကို သိရခြင်းသည် သာမန်ကောင်း ကျိုးမျှလောက်သာ ဖြစ်နိုင်သည် မဟုတ်ချေ။ အလွန်ကြီးမားသော အကျိုး ထူးများကို ဖြစ်နိုင်ပေသည်။

# ၂၆။ ဓမ္မ သာဝန မင်္ဂလာ

အခါအားလျော်စွာ တရားနာရခြင်းသည် မင်္ဂလာမည်၏။

အခါအားလျော်စွာ တရားနာခြင်းဟူသည်မှာ အားလပ်သောအခါ တရားနာခြင်း၊ တရားနာခွင့် ကြုံသောအခါ တရားနာခြင်း၊ တရားနာရန် လိုအပ်သောအခါ တရားနာခြင်းမျိုးကို ဆိုလိုသည်။ တရားနာခြင်းသည် မသိသေးသော အကြောင်းအရာများကို သိရှိရသည်။ သိပြီးသည်များကိုလည်းထပ်မံသိရခြင်းဖြင့် အသိခိုင်မာစေသည်။ သို့လော သို့လော တွေးတောယုံမှားမှု ကင်းဝေးစေသည်။ ဖြောင့်စင်းသော အယူဝါဒကို ဖြစ်စေသည်။ စိတ်ဓာတ်ကို ကြည်လင်စေသည်။ ယင်းအကျိုး ငါးပါးသည် ခရော နောင်ပါ ချမ်းသာ စီးပွား များခြင်း၏ အကြောင်းဖြစ်၍ မင်္ဂလာမည်ပေသည်။

အခါအားလျော်စွာ တရားနာခြင်းသည် မင်္ဂလာမည်၏ ဆိုသဖြင့် အခါအားမလျော်သော တရားနာခြင်းသည် မင်္ဂလာမမည်ဟူ၍ မမှတ်ရ။ အခါအားလျော်စွာ တရားမနာခြင်းကိုသာ မင်္ဂလာ မမည်ဟူ၍ မှတ်ယူရမည်။ တရားသည် အခါခပ်သိမ်း နာအပ်သည်သာတည်း။ အကြောင်းအမျိုးမျိုးကြောင့် တရားမနာနိုင်ပဲ ရှိနေသော်လည်း အနည်းဆုံး မကြာမကြာ အခါအားလျော်စွာ တရားနာရမည်ဟု ဆိုလိုသည်။

၁။ အားလပ်သောအခါ၊

၂။ တရားနာခွင့် ကြုံသောအခါ၊

၃။ တရားနာရန် လိုအပ်သောအခါ၊

ထိုအခါမျိုးတွင် တရားနာဖြစ်အောင် နာရမည်။ ထိုအခါ သုံးမျိုးတွင် တမျိုးမျိုးနှင့် ကြုံတိုင်း တရားနာခြင်းသည် အခါအားလျော်စွာ တရားနာခြင်းပင်ဖြစ်ပေသည်။

(၁) အားလပ်သော အခါဆိုသည်မှာ အလုပ်မရှိချိန်၊ အနားယူချိန်တို့ကို ဆိုလိုသည်။ အားလပ်ချိန် ဆိုသည်မှာ လူသားများကို ဒုက္ခပေးသော အချိန်ပင် ဖြစ်ပေသည်။ အားလပ်ချိန်ကြောင့် ဒုက္ခရောက်ကြသူ များလှသည်။ ကျောင်းသား

ကျောင်းသူမျှားကစ၍ အမှုထမ်း အရာထမ်း လူကြီး လူငယ်မျာ အားလုံး တနင်္ဂနွေ၊ စနေစသော ပိတ်ရက်နားရက်မျာ၊ အားလပ်ချိန်များကြောင့် ဒုက္ခ ရောက်ကြရသည်။ အားလပ်ချိန်သည် လူသားတို့အတွက် အလွန်ကြောက်လန့်ဖွယ် ကောင်းလှသော အချိန်ဖြစ်ပေသည်။ အားလပ်လျှင် ပျင်းတော့သည်။ ပျင်းလျှင် အပျော်ရှာတော့သည်။ အပျော်ရှာလျှင် မတော်တာဖြစ်၍ နစ်တတ်ချေသည်။ အိမ်ထောင်မှု တာဝန် မရှိကြသေးသော လူငယ်များအတွက် ထို အားလပ်ချိန်သည် ပို၍ပင် အန္တရာယ်များလှသည်။ ပို၍ပင် ကြောက်မက်ဖွယ် ကောင်းလှသည်။ ထို့ကြောင့် အားလပ်ချိန် ရောက်တော့မည်ဆိုလျှင် ခရီးသွားသူသည် အန္တရာယ်ရှိသော အရပ်ဒေသကို ဖြတ်သန်းသောအခါ သတိကြီးစွာထား၍ ဖြတ်သန်းရသကဲ့သို့ သတိတရား ရှိဖို့လိုပေသည်။ အားလပ်ချိန်ကို အကောင်းဆုံးဖြစ်အောင် ကုသိုလ်ပွားရာ၊ အလိမ္မာပွားကြောင်း တရားကောင်းတို့ကို နာကြားရန် လိုအပ်ပေသည်။ တရားပွဲကြီးတွေ သွားရောက်၍ တရားနာမှသာလျှင် တရားနာခြင်းမည်သည် မဟုတ်ချေ။ ပညာရှိ သူတော်ကောင်းတို့၏ အဆုံးအမကို တယောက်တည်း နာယူနေခြင်းသည်လည်း တရားနာခြင်းပင် ဖြစ်သည်။

(၂) တရားနာခွင့် ကြုံသောအခါ ဆိုသည်မှာ တရားဟောပွဲ၊ တရားဆွေးနွေးပွဲများ၊ ပညာရှိသူတော်ကောင်းများတို့နှင့် တွေ့ကြုံသောအခါမျိုးကို ဆိုလိုသည်။ ယင်းသို့ တရားနာခွင့် ကြုံသောအခါများတွင် မအားလျှင်လည်း အားအောင် ကြိုးစား၍ တရားနာကြရမည်။ ထိုအခွင့်အရေးသည် ရံဖန်ရံခါ ကြုံရခြင်းဖြစ်ရာ မအားလပ်ဘူးဟူသော အကြောင်းပြချက်ဖြင့် ထိုအခွင့်အရေးကို မဆုံးရှုံးစေရ။

(၃) တရားနာရန် လိုအပ်သောအခါ ဆိုသည်မှာ ပိမိတွင် မရှင်းလင်းသော ပြဿနာများ ပေါ်ပေါက်လာသော အခါမျိုးကို ဆိုလိုသည်။ ထိုအခါမျိုးသည် အားသည်၊ မအားသည်

တရားနာခွင့် ကြုံသည်၊မကြုံသည်ကို စောင့်ဆိုင်းရန် မသင့်ချေ။ ဟောပြောနိုင်သော ပညာရှိ သူတော်ကောင်းထံ ချဉ်းကပ်၍ တရားနာယူကြရမည်။တရားအားထုတ်နေသော ယောဂီပုဂ္ဂိုလ် ဖြစ်ခဲ့လျှင် သဒ္ဒါတရား ယုတ်လျော့နေသော အခါ သဒ္ဒါတရား တိုးပွားကြောင်းတရားကို နာရမည်။ တွန့်တိုဆုတ်နစ် ပျင်းရိနေသောအခါ ဝီရိယ ရှိကြောင်း တရားကို နာရမည်။ သို့လော၊ သို့လော တွေးတောယုံမှားမှု ရှိသောအခါ ပညာပွားကြောင်းတရားကို နာရမည်။ ထိုနည်းအတူ လောဘအားကြီးသောအခါ လောဘငြိမ်းကြောင်း၊ဒေါသအားကြီးသောအခါ ဒေါသငြိမ်းကြောင်း၊ ရာဂအားကြီးသောအခါ ရာဂငြိမ်းကြောင်းတရားများကို နာယူရမည်။ တရားအားထုတ်နေသူများ ဖြစ်လျှင် တရားအလုပ် ပျက်လိမ့်မည်ဟူ၍ တရားမနာပဲမနေသင့်။ တရားနာခြင်းဖြင့် တရားအလုပ် ခဏတာမျှ ပျက်မည် မှန်သော်လည်း တရားမနာခဲ့လျှင် တရားအလုပ် အမြဲပျက်သွားနိုင်သည်ကို သတိပြုသင့်သည်။

## တရားနာမှ မင်္ဂလာဖြစ်မည်

အခါအားလျော်စွာ ဟူသော စကားကို အဓိပ္ပာယ် အကောက်လွဲ၍ မြတ်စွာဘုရားက အခါအားလျော်စွာသာ တရားနာရမယ်လို့ ဟောခဲ့ဘာပါ။ အမြဲတမ်း တရားနာနေရမယ်လို့ ဟောခဲ့တာ မဟုတ်ပါဘူး၊ အားလပ်တဲ့အခါမျိုးကိုသာ နာဖို့ ဆိုလိုတာပါ စသော ဆင်ခြေဆင်လက်များဖြင့် တရားနာခြင်းအလုပ်ကို ရှောင်ဖယ်လေ့ရှိကြသည်။ မအားသေးသောကြောင့် မအိုရသေးပါဘူး၊ မနာရသေးပါဘူး၊ မသေရသေးပါဘူးဆိုလျှင်လည်း ယင်းတို့၏ ဆင်ခြေသည် သင့်မြတ်လှ၏။ သို့ရာတွင် ဘဝကား ဤသို့ မဟုတ်ခဲ့။ အားသည်ဖြစ်စေ၊ မအားသည်ဖြစ်စေ၊ အမြဲတမ်း အိုလျက်၊ နာလျက်၊ သေလျက် ရှိကြပေသည်။

လူတိုင်းလူတိုင်း မိမိတို့နေထိုင်သော ခြံဝိုင်းများတွင် တံခါးများ တပ်ဆင်လျက် နေ့စဉ် ပိတ်ကြဆို့ကြရသည်။ ဝင်းတံခါးပိတ်ရုံနှင့် စိတ်မချ၍ ခွေးများလည်း မွေးထားကြသည်။ ခွေးနှင့်စိတ်မချရသူများက လူအစောင့်

ပါ ထားကြရသည်။ ဤမျှနှင့်မပြီးသေး၊ အိမ်တံခါးပါ ပိတ်ကြရသည်။ အိမ်တံခါးပိတ်ရုံနှင့် မပြီးသေး၊ အခန်းတံခါး ပိတ်ကြရသည်၊ အခန်းတံခါး ပိတ်ထားရုံဖြင့် မပြီးသေး၊ ဗီရိုတံခါး၊ သေတ္တာတံခါးများပါ ပိတ်ကြရသည်။ အဘယ်ကြောင့် နေ့စဉ်နေ့တိုင်း ဤမျှလောက် ကြောင့်ကြစိုက်၍ ပိတ်ဆို့နေကြရပါသနည်း။ သူခိုးလာမည်စိုး၍ ဖြစ်ပေသည်။ သို့ဖြစ်လျှင် သူခိုးက နေ့တိုင်းလာသလော၊ နေ့တိုင်းမလာပါ။ သူခိုးက လာကောလာမှာလား။ လာချင်မှလာပါလိမ့်မည်။ သူယူသွားသော ပစ္စည်းတွေက အစားရှာလို့ မရတော့ဘူးလား။ အစားရှာ၍ ရပါသည်၊ ပို၍ပင် ရနိုင်ပါသေးသည်။

ယင်းသို့ မသေချာသောအန္တရာယ်၊ မကြီးမားသော အန္တရာယ်အတွက် နေ့စဉ်နေ့တိုင်း ပင်ပန်းကြီးစွာ အကာအကွယ်ကြီးတခု လုပ်နေကြသော လူသားတို့သည် အမှန်မလွဲ ရောက်လာမည်ဖြစ်သော ကြီးမားလှသော အိုအေး၊ နာဘေး၊ သေဘေး၊ အပယ်ဘေးတို့အတွက် အကာအကွယ်မလုပ်ပဲ နေကြသည်မှာ အံ့ဖွယ် ကောင်းလှချေသည်။

ဤလူ့ဘောင်လူ့လောကကား **သရာဝါသ၊ သမ္ဘာရဟု၊ ကိစ္စမြားမြောင်၊ လူတို့ဘောင်၌၊ အိမ်ထောင်သားမွေး၊ ခြနှယ်မြေးသား** ဆိုသကဲ့သို့ လူမှုကိစ္စ များလှချေသည်။ သားရေး သမီးရေး၊ ဆွေရေး မျိုးရေး၊ မြို့ရေး ရွာရေး၊စားရေး ဝတ်ရေး၊ သာရေး နာရေး စသော အမှုကိစ္စများ ဒုန့်ဒေးဖြစ်ပေသည်။ အသက်တရာမနေရ၊ အမှုတရာတွေ့ရ၊ ယားလို့တောင် မကုတ်အားဘူး ဆိုသကဲ့သို့ ကိစ္စဟောင်း တခုမပြီးမီ ကိစ္စသစ် များစွာ တိုးပွားလာတော့သည်။ လက်ရှိကိစ္စတခု ပြီးစီးရန် နောက်ယပ် အခြားကိစ္စသစ်များစွာ ပြုလုပ်ရပြန်သည်။ ပြုဖွယ်ကိစ္စ ပျော့သွားသည်မရှိချေ။အားလပ်မှသာ တရားနာတော့မည်ဆိုလျှင် ထိုသူသည် ဘယ်သောအခါမှ တရားနာရတော့မည် မဟုတ်ချေ။ ထို့ကြောင့် အလုပ်အားလပ်သည့် တိုင်အောင် ဟူ၍ အချိန်အခါ မရွေးကြတော့ပဲ တရားနာနိုင်အောင် ကြိုးစားကြရမည်။အသိဉာဏ်ဟူသောတရားကို ဘုရား ပစ္စေကဗုဒ္ဓါကလွဲလျှင် လောကတွင် မည်သူမှ ဆရာမရှိပဲ မရနိုင်။ ပစ္စေက ဗုဒ္ဓါများပင် ဆရာမရှိပဲသိနိုင်သည် ဆိုသော်လည်း ပြည့်ပြည့်စုံစုံ သိသည် မဟုတ်ချေ။ ထို့ကြောင့် ရှင်ပစ္စေက ဗုဒ္ဓါ တရားဟော၍ မဂ်ဖိုလ်ရသွားသောသူ ဟူ၍ တယောက်တလေမှ မရှိဘူးခြင်း ဖြစ်ပေသည်။ သာမန်လူသားများအတွက် အဘယ်ဆိုဖွယ်ရာ ရှိတော့မည်နည်း။

တရားသိလိုသော သူသည် တရားနာခြင်းက စရပေမည်။ တရားနာခြင်းကမစပဲ တရားမရနိုင်ချေ။

စိတ်ဆိုသည်မှာ မကောင်းမှု၌သာ မွေ့လျော်သည်။ တရားနှင့် လားလားမှ မတည့်ချေ။ ထို့ကြောင့် တရားသံကို ကြားချင်သူ နည်းပါးခြင်းဖြစ်ပေသည်။ ငါ ပါးအာရုံကာမနှင့် ပတ်သက်သော အသံများကိုသာ ကြားလိုကြသည်။ ငါးပါးအာရုံ ကာမဂုဏ်နှင့် ပတ်သက်သောအသံဆိုလျှင် ကြားပြီးယင်း ကြားချင်ယင်းပင် ဖြစ်ကြ၏။ ဆင်ခြင် စဉ်းစား သင့်ကြပေသည်။ နံနက် မိုးလင်း မျက်စိနှစ်လုံး ဖွင့်သည့် အချိန်မှစ၍ တနေကုန် တနေခန်း ကာလအတွင်း ငါ့နားတွင် ဘယ်လိုအသံမျိုးတွေ ဝင်လာကြသနည်း၊ ဘယ်လိုအသံမျိုးများက များသနည်း။ ကုသိုလ်ပွားရာ အလိမ္မာပွားကြောင်း ကောင်းသော အသံကပင် များလေသလော၊ လောဘဖြစ်ကြောင်း၊ ဒေါသဖြစ်ကြောင်း၊ မောဟဖြစ်ကြောင်း၊ မကောင်းသောအသံကပင် များလေသလော ဟု စဉ်းစားလျှင် မကောင်းသော အသံကသာ များကြောင်း တွေ့ရပေလိမ့်မည်။ စင်စစ်မှာ မကောင်းသော အသံက များရုံသာမဟုတ်၊ မကောင်းသော အသံချည်းသာလျှင် ကြားနေရခြင်းကို တွေ့ရှိရပေလိမ့်မည်။ တနေ့တာ မဆိုထားဘိ၊ တလတာ နှစ်လတာ ကြာလို့မျှပင် ကောင်းသောအသံများ မိမိနားတွင် တကြိမ်မှ မဝင်သည်ကို တွေ့မြင်ရပေလိမ့်မည်။ မိမိကိုယ်ကို ချစ်သည်ဆိုသော လူသားသည် မိမိချမ်းသာကြောင်းဖြစ်သော ကောင်းသောအသံကို မိမိနားတွင် အဘယ်ကြောင့် မထည့်သွင်းချင်ပါသနည်း။ မိမိကို ဒုက္ခပေးမည့် အသံဆိုးများကိုသာ အဘယ့်ကြောင့် တအားကုန် ထည့်သွင်းချင်ပါသနည်း။ လေးလေး နက်နက် စဉ်းစားသင့်လှသည်။ သူတော်ကောင်းတရား နာကြားနိုင်သော အခွင့်သည် အလွန်ကြုံခဲလှ၏။ ကာမဂုဏ် သံများကား တလောကလုံး အမြဲတမ်းလျှံ၍ နေပေသည်။ ကြုံတောင့်ကြုံခဲဖြစ်သော ဘုရား သာသနာတော်ကြီးနှင့် တွေ့ကြသောအခါ တွေ့ကျိုးနပ်၍ မြတ်ကြရလေအောင် ကုသိုလ် ပွားရာ အလိမ္မာပွားကြောင်း တရားကောင်းတို့ကို ကြိုးစား၍ နာကြားကြရမည်။

ဆရာသမား မိဘများသည် မိမိတို့၏ တပည့်များ သားသမီးများကို တရားနာတတ်သော အလေ့အထရှိရန် တရားနာကြရန် တိုက်တွန်းဆုံးမသင့်ပေသည်။ မနာချင်လျှင် နာချင်အောင်၊ မသွားချင်လျှင် သွားချင်အောင်၊ ချော့မော့ ဖျောင်းဖျ၍ တရားနာကြရန် တိုက်တွန်းကြရမည်။

တရားနာခြင်းသည် ငယ်ရွယ်သူများနှင့် မဆိုင်ဟူသော အယူအဆသည် အလွန်ပင် မှားယွင်းသော အယူအဆ ဖြစ်ပေသည်။ ငယ်သူများသည် အသိပညာ အလိမ္မာ နည်းပါးသေးသည့် အဖြစ်ကြောင့် တရားနာရန် ပို၍ပင် လိုအပ်ပေသည်။ တရားပွဲများသို့ သွားရောက်၍ နာကြားစေရုံမျှမက ဗဟုသုတနှင့် ပြည့်စုံသော ပညာရှိ ပုဂ္ဂိုလ်များနှင့် ကြုံကြိုက်သောအခါများမှလည်း တပည့်များသားသမီးများကို စုဝေး၍ ဩဝါဒ ခံယူစေခြင်းဖြင့် လူငယ်များ၏ အသိပညာ အလိမ္မာကို တိုးပွားစေရာသည်။

ငယ်ရွယ်သူများသည် တရားနှင့် နီးစပ်လေလေ ယဉ်ကျေး လိမ္မာလေလေ ဖြစ်၍ ဆရာသမား မိဘများက ဆုံးမ ပဲ့ပြင်ရာ၌ လွယ်ကူ နိုင်ပေသည်။ ကလေးတွေကို တရားနာ လွှတ်ပေးပါဆိုသဖြင့် ကလေးတွေကိုသာ တရားပွဲတွင် လွှတ်၍ လူကြီးတွေက မလိုက်ပဲ နေရန် မဟုတ်ချေ။ အသက်ကြီးလေလေ သေဖို့နီးလေလေ၊ သေဖို့နီးလေလေ တရားနာရန် လိုအပ်လေလေ ဖြစ်ပေသည်။ အသိအလိမ္မာ ဉာဏ်ပညာဆိုသည်မှာ ပြည့်စုံရိုး ထုံးစံမရှိပေ။ နာနိုင်သမျှကောင်းသည်။ မှတ်နိုင်သမျှ မြတ်သည်။ အလိမ္မာလည်းရသည်။ ကုသိုလ်လည်းရသည်။ အမြတ်ချည်း နှင့်နှင်သာ ဖြစ်ပေသည်။

ပညာရှိ ဆိုသည်မှာ တဦးနှင့်တဦး ဗဟုသုတ မတူကြချေ။ တဦးခေါင်း တပညာ၊ တကျောင်းတဂါထာ၊ တရွာတပုဒ်ဆန်း ဆိုသကဲ့ ပညာရှိ အမျိုးမျိုး ရှိပေသည်။ ပညာရှိ အမျိုးစုံတို့၏ အဆုံးအမ အမျိုးစုံ ကြားရသဖြင့် အသိအလိမ္မာ ပညာမျိုးစုံ ရရှိနိုင်ပေသည်။

ဆရာများ သားသေ ဟူသော စကားသည် ဤနေရာနှင့် လုံးဝ မဆိုင်ချေ။ ဆရာသမား မိဘတို့သည် မိမိတို့ ကိုယ်တိုင်လည်း အသိပညာ အလိမ္မာ တိုးပွားအောင် ကြိုးစားကြရမည်။ မိမိတို့၏ တပည့်သားမြေးများကိုလည်း အသိပညာ အလိမ္မာ တိုးပွားအောင် ဆောင်ရွက်ပေးကြရမည်။ မိမိတို့၏ တပည့် သားမြေးများကို အသိပညာ အလိမ္မာနည်းနည်း ပေးနိုင်ခြင်း၊ များများ ပေးနိုင်ခြင်းဖြင့် ဆရာမိဘတို့၏ အရည်အသွေးကို တန်ဖိုးဖြတ် ဆိုနိုင်ပေသည်။

ဆရာသမား မိဘဟူ၍မှ ဖြစ်လာလျှင် မိမိတို့၏ တပည့် သားမြေးများအား တနည်းမဟုတ် တနည်းဖြင့် လိမ္မာ ယဉ်ကျေးအောင် သင်ပေး ဆုံးမရန် တာဝန်ရှိပေသည်။ တာဝန်မှရှိလာလျှင် ကျေပွန်မှ တန်ဖိုးရှိပေသည်။

တာဝန် မကျေပွန်လျှင် တန်ဖိုးရှိမည် မဟုတ်ချေ။ တို့ကတော့ ဒီလောက် ကြီး ကြိုးစားမင်းစား လုပ်မနေနိုင်ဘူး၊ ကိုယ်သိသမျှ ကိုယ်တတ်သမျှ ပြောနိုင်၊ ဟောနိုင်မယ် စသည်ဖြင့် တာဝန်ကို မရှောင်မလွှဲသင့်ချေ။ မိမိတို့ ကိုယ်တိုင်လည်း တရားနာခြင်း၊ ပညာရှိ သူတော်ကောင်းများထံ ချဉ်းကပ်၍ ဩဝါဒ ခံယူခြင်းများ ပြုရမည်။ ပွဲလမ်းသဘင် ပျော်ရွှင်မှုကျတော့ ပူမှန်းမသိ အေးမှန်းမသိ အပင်ပန်းခံ၍ ကြည့်ကြရှုကြသည်။ တရားပွဲကျတော့ အောက်ကပူသည်၊ အထက်က ပူသည်၊ အောက်က အေးသည်၊ အထက်က အေးသည်စသည်ဖြင့် တည်းညည်း တညူညူ ချေးထူတတ်ကြသည်။

ခွင့်သာခိုက်မှ မလိုက်ချင်လျှင်၊ အမိုက်နှင့်ပြင် ရှိဦးမှာလလေး၊
ခွင့်သာတုန်းမှ မရုန်းချင်လျှင်၊ အရှုံးနှင့်ပြင် ရှိဦးမှာလလေး၊

ဟူသော လယ်တီဆရာတော်ဘုရားကြီး၏ ဩဝါဒကဲ့သို့ သာသနာတော်တွင်း ကြုံပါလျက် တရားမှ မနာလိုက်ရလျှင် ဒီထက်ရှုံးတာ မရှိတော့ချေ။

တရားနာခြင်းသည် ဝဋ်ဆင်းရဲမှ ထွက်မြောက်ရန် အခြေခံ အကြောင်းရင်းဖြစ်ပေသည်။ ဘုရားပစ္စေက ဗုဒ္ဓမှလွဲလျှင် တရားနာခြင်းဖြင့် ကင်းဝေး၍ ဝဋ်ဆင်းရဲမှ ထွက်မြောက်နိုင်သူမရှိပေ။ ဝဋ်ဆင်းရဲမှ ထွက်မြောက်လိုသူတိုင်း အစဦးဖြစ်သော ပြုဖွယ်ကိစ္စသည် တရားနာခြင်းပင် ဖြစ်ပေသည်။ အစဦး ဖြစ်သော ပြုဖွယ်ကိစ္စတို့မှ အားမထုတ်နိုင်လျှင် ဘယ်နည်းနှင့်မျှ ဝဋ်ဆင်းရဲမှ ထွက်မြောက်နိုင်မည်မဟုတ်ချေ။ ဝိဇ္ဇာမျိုးစေ့၊ စရဏ မျိုးစေ့ (အသိမျိုးစေ့၊ အကျင့်မျိုးစေ့) ဟူ၍ ကုသိုလ်မျိုးစေ့ နှစ်မျိုး နှစ်စား ရှိရာတွင် တရားနာခြင်းသည် အသိ အလိမ္မာ ပညာဟူသော ဝိဇ္ဇာ မျိုးစေ့ကိုကိုလည်း ရနိုင်သည်။ ဓမ္မသာဝန ကုသိုလ်ဟူသော စရဏမျိုးစေ့ကိုလည်း ရနိုင်သည်။

တရားနာခြင်းနှင့် စပ်လျဉ်း၍ ရရှိသော အကျိုးတရားကို ကုန်စင်အောင် ရေးသားရန် မဖြစ်နိုင်ပေ။ အချို့က တရားနာရုံနှင့် ပြီးမည်လားဟု မေးတတ်ကြသည်။ ထိုသူများကို တရားမနာပဲကော ပြီးမည်လားဟု ပြန်၍ မေးသင့်ပေသည်။ ဉာဏ်မင်္ဂလာ တရားတော်၌ တရားနာရမည် ဆိုရာတွင် မြတ်စွာဘုရားရှင်သည် နာရုံ သက်သက်ကိုသာ ရည်ညွှန်းခဲ့သည် မဟုတ်ချေ။ ဓမ္မသာဝန မင်္ဂလာ ဟောတော်မူပြီးသည် အခြားမဲ့၌ ခန္တီမင်္ဂလာကို ဟောတော်မူသည်ကို ထောက်လျှင် နာပြီး နောက်ကျင့်ရန်လည်း ရည်ရွယ်ခြင်းရှိကြောင်း သိနိုင်ပေသည်။ တရားနာရုံနှင့် မပြီးနိုင်သကဲ့သို့ တရား

မနာပဲလည်း မပြီးနိုင်ချေ။ ထို့ကြောင့် တရားလည်း နာရမည်၊ နာသည့် အတိုင်းလည်းကျင့်ရမည်။

တရားနာခြင်းသည် သာသနာပြုသည် မည်ပေသည်။ အချို့က တရားဟောသူသာလျှင် သာသနာ ပြုသူဟူ၍ မှတ်ထင်ကြပေသည်။ အဟုတ်သော်တမူ တရားနာသူလည်း သာသနာပြုသူ ဖြစ်ပေသည်။

'တရားမနာ၊ စာပေမသင်၊ နှုတ်တွင်မဆောင်၊ သိအောင်မပြု၊ မရှုမပွား၊ ဤငါးပါးသည် ဘုရားသာသနာ ကွယ်ကြောင်းတည်း' ဟူ၍ ဟောတော်မူခဲ့သည့်အတိုင်း သာသနာကွယ်ကြောင်းတရား ငါးပါး ရှိသည့်အနက် ပထမ ဦးဆုံးဖြစ်သော သာသနာကွယ်ကြောင်း တရားသည် တရားမနာခြင်းပင်ဖြစ်ပေသည်။ ထို့ကြောင့် တရားနာသူသည် တရားမနာခြင်းဟူသော သာသနာပျက်ကြောင်း တရားကို ခုခံဖို့ခွင်းသူ ဖြစ်သဖြင့် သာသနာပြုသူ မည်ပေသည်။ တနည်းအားဖြင့် မိမိမသိသေးသော တရားတော်တို့ကို သိအောင် မိမိကိုယ်ကို သာသနာပြုခြင်းဖြစ်၍ သာသနာ ပြုသူဟု ခေါ်သင့်ပေသည်။

တရားပွဲ တခု ကျင်းပရန် မလွယ်ကူပေ။ ဝေယျာဝစ္စ ဆောင်ရွက်သူတွေကလည်း ဆောင်ရွက်ကြရသည်။ ဓမ္မ ဒါန ရှင်များကလည်း လှူကြတန်းကြရသည်။ ဟောမည့်သူကလည်း အပင်ပန်းခံ၍ ဟောရ ပြောရသည်။ ထိုသုံးဦးသားတို့၏ကြိုးစားမှုသည် တရားနာသူမရှိလျှင် အကျိုးမဲ့သာဖြစ်ပေလိမ့်မည်။ ထို့ကြောင့် တရားနာခြင်းသည် ဝေယျာဝစ္စ ဆောင်ရွက်သူများကိုလည်း ချီးမြှောက်ရာရောက်သည်၊ ဓမ္မဒါနရှင်များကိုလည်း ချီးမြှောက်ရာရောက်သည်။ ဓမ္မကထိကကိုလည်း ချီးမြှောက်ရာ ရောက်သည်။ မိမိကိုယ်ကိုလည်းချီးမြှောက်ရာရောက်ပေသည်။ ထို့ကြောင့် တရားနာရန် မပျင်းကြပါနှင့်။ ကြိုးစား၍ နာကြပါကုန်။ နာသမျှကိုလည်း စွဲစွဲမြဲမြဲ မှတ်ကြပါကုန်။ မှတ်မိသမျှကိုလည်း ထိထိရောက်ရောက် ကြိုးစား အားထုတ်ကြပါကုန် ဟူသော တိုက်တွန်းချက်ဖြင့် ဓမ္မသာဝန မင်္ဂလာ ဤတွင်နိဂုံးချုပ်လိုက်ပါသည်။

# ၂၇။ ခန္တီ မင်္ဂလာ

သည်းခံရခြင်းသည် မင်္ဂလာမည်၏။

သည်းခံရခြင်း ဆိုသည်မှာ သည်းခံခြင်း အမျိုးမျိုး ရှိသည့်အနက်မှ သူတပါးတို့က ကိုယ်မှု နှုတ်မှုဖြင့် ကျူးလွန် ပြစ်မှားရာ၌ မိမိစိတ်ကို မတုန်မလှုပ်အောင် ဆောက်တည် ထားနိုင်ခြင်းဟူသော သည်းခံမှုကို ဤမင်္ဂလာ၌ အလိုရှိအပ်ပေသည်။ သူတပါးတို့က ကိုယ်မှု နှုတ်မှုတို့ဖြင့် ပြစ်မှား ကျူးလွန်သော်လည်း မိမိ၏စိတ်တွင် မတုန်မလှုပ် သည်းခံနိုင်ခြင်းသည် ခုရော နောင်ပါ ချမ်းသာ စီးပွား များခြင်းကို ဖြစ်စေနိုင်သောကြောင့် မင်္ဂလာမည်ပေသည်။

ကုသိုလ်ကောင်းမှုမှန်သမျှတို့သည် သည်းခံမှုပါမှသာလျှင် ပြည့်စုံကြ၏။ သည်းခံမှုမပါပဲ ပြည့်စုံသောကုသိုလ်တရားဟူ၍မရှိချေ။ ကိုယ်ကျင့်တရားနှင့်ပြည့်စုံခြင်း၊ စိတ်တည်ငြိမ်ခြင်း၊ ထိုးထွင်းသိခြင်းဟူသော သိက္ခာသုံးပါးနှင့် ပြည့်စုံစေရန် သည်းခံမှု အထူးလိုအပ်ပေသည်။ သည်းခံခြင်းသည် ကျင့်နိုင်ခဲသော တရားဖြစ်ပေသည်။ မိမိပစ္စည်းကို လှူဒါန်းပေးကမ်းရန် စွမ်းနိုင်စေဦး၊ သီလကို ဆောက်တည်ရန် စွမ်းနိုင်စေဦး၊ မိမိအား ကိုယ် နှုတ်ဖြင့် ကျူးလွန် ပြစ်မှားလာသူကို သည်းခံရန် စွမ်းနိုင်ဖို့ မလွယ်ချေ။ သည်းခံတရားသည် မည်မျှ ခက်ခဲသည်ဆိုလျှင် မိမိ မချစ်ခင် မနှစ်သက်သော လူတယောက်အပေါ် စဉ်းစားကြည့်လျှင် သိနိုင်ပေသည်။

သူ့အကြောင်းကို တွေးမိတိုင်း၊ တွေးမိတိုင်း စိတ်ထဲတွင် ပွကာပွကာ ဒေါသ ပြင်းထန်လာတော့သည်။ မုန်းသူ တယောက်၏ အကြောင်းကို အကောင်းဖြစ်အောင်တွေးရန် လက်တွေ့စမ်းလေလေ မလွယ်လေလေပင် ဖြစ်သည်။ မိမိကိုယ်ကို သူတော်ကောင်းဟု ထင်မှတ်နေသူများသည် ထင်သည့်အတိုင်း ဟုတ်မဟုတ်ကို သည်းခံမှုနှင့် စမ်းသပ်သင့်သည်။ မတည့်တာနဲ့ ထစ်ကနဲ၊ ထိလိုက်တာနဲ့ တပြိုင်နက် လျှပ်စစ်ဓာတ်နှစ်ခု ထိလိုက်သလို ထောင်းကနဲ ဒေါသတွေ ထလာလျှင် ထင်းတဲ့အတိုင်း သူတော်ကောင်း မဟုတ်ကြောင်းသိနိုင်သည်။

လောကတွင် သည်းခံစိတ် မမွေးနိုင်လျှင် လိုရာပန်းတိုင်နှင့် ဝေးလိမ့်မည်။ ခရီးသွားယင်း ရန်ဖြစ်နေလျှင် ခရီးတွင်တော့မည်မဟုတ်။ အလုပ်တခု လုပ်ကိုင်သောအခါ ကြုံတွေ့လာသော ဆန့်ကျင်မှုကို သည်းခံ၍ အလုပ်ပြီးစီးအောင် လုပ်ကိုင်ရသည်။ ဆန့်ကျင်မှု နောက်သို့ လိုက်ပါသွားလျှင် အလုပ်ပြီးစီးတော့မည် မဟုတ်ချေ။ ဆန့်ကျင်မှု ဆိုသည်မှာ နေရာတိုင်းပင် ရှိကြစမြဲဖြစ်၍ ဆန့်ကျင်မှုနှင့် တွေ့တိုင်းသာ တုန်လှုပ်နေမည်ဆိုလျှင် ဘာမှ မလုပ်ပဲ ထိုင်နေဖို့ပဲရှိတော့သည်။

သည်းခံတရားသည် အလုပ်သမားဖြစ်စေ၊ လယ်သမားဖြစ်စေ၊ ကျောင်းသားဖြစ်စေ၊ စျေးသည်ဖြစ်စေ၊ နိုင်ငံရေးသမားဖြစ်စေ၊ အရာရှိဖြစ်စေ၊ ရသေ့ဖြစ်စေ ယုတ်မြတ်ကြီးငယ် အရွယ်မရွေး ကျင့်သုံးရမည့်တရား ဖြစ်ပေသည်။ သည်းခံစိတ် ကျင့်သုံးရန် မလိုသော လူဟူ၍ လောကတွင်မရှိချေ။ ထို့နည်းအတူ ပညာရေးဖြစ်စေ၊ စီးပွားရေးဖြစ်စေ၊ လူမှုရေးဖြစ်စေ၊ နိုင်ငံရေးဖြစ်စေ ဘယ်အလုပ်တွင်မဆို သည်းခံစိတ် ကျင့်သုံးရန် လိုအပ်သည်သာတည်း။ သည်းခံစိတ်ကျင့်သုံးရန်မလိုသော အလုပ်ဟူ၍လည်း လောကတွင်မရှိချေ။

လူတိုင်း လူတိုင်း ကိုယ့်အကြိုက်နှင့်ကိုယ် ပြောဆိုလုပ်ကိုင် နေထိုင်ကြသည်။ မိမိလည်း မိမိကြိုက်သလို ပြောဆိုလုပ်ကိုင် နေထိုင်လျက်ရှိပေသည်။ မိမိက သူတပါးအကြိုက်ကို မလိုက်နိုင်ချေ။ ထို့နည်းအတူ သူတပါးကလည်း မိမိအကြိုက် မလိုက်နိုင်မည်ကို သိသင့်သည်။ မိမိက သူတပါးအကြိုက်ကို မလိုက်နိုင်ပါပဲလျက် သူတပါးတို့အား မိမိအကြိုက် လိုက်စေလိုလျှင် ထိုသူသည် ဘယ်သောအခါမှ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာတော့မည် မဟုတ်ချေ။ အသက်ထက်ဆုံး စိတ်ဆိုး၍၊ ရန်ဖြစ်၍ ပြီးတော့မည် မဟုတ်ချေ။

ငါတို့က အမြဲ သည်းခံတယ်၊ မဟုတ်ယင်တော့ မခံဘူး၊ ဟုတ်ယင် ခေါင်းပေါ်တက်တက် သည်းခံမည်ဟု ပြောလေ့ရှိကြသည်။ သည်းခံသည် ဆိုသည်မှာ မဟုတ်တာ သည်းခံရခြင်းဖြစ်သည်။ မဟုတ်တာ သည်းမခံလျှင် ဘယ်အရာကို သည်းခံနိုင်မည်နည်း။ ဟုတ်တာမှန်တာကို သည်းခံရန်မလိုချေ။ ဟုတ်မှန်သော သူက ခေါင်းပေါ်တက်နင်းမည်လည်း မဟုတ်ချေ။

မိမိနှင့် ဆန့်ကျင်ဘက်ပြုလာသော ပုဂ္ဂိုလ်ကို လက်တွေ့သည်းခံဖို့ အရေးကြီးသည်။ သည်းခံသည်ဆိုသည်မှာ တဘက်သားတို့၏အလုပ်များ၊ အပြော

မှားကိုလည်းကောင်း၊ မကောင်းသဖြင့် ပြုအပ်သော အမှုကိစ္စများကိုလည်းကောင်း စိတ်ဖြင့်မတုံ့ပြန်ပဲ သည်းခံရမည်ဆိုသည်ကိုသတိပြုရသည်။ မဟုတ်တာကို သည်းခံရန်လိုသည်။ ဟုတ်တာကို သည်းခံရန် မလိုချေ။

မိမိလုပ်ငန်းအောင်မြင်ချင်သည်ဆိုလျှင် သည်းခံရလိမ့်မည်။ စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေဖို့လည်း သည်းခံရပေလိမ့်မည်။ သည်းခံခြင်းသည် အရှုံးပေးခြင်း မဟုတ်ချေ။ အနိုင်ရရှိခြင်းသာဖြစ်ပေသည်။သည်းခံမှ နိဗ္ဗာန်ရောက်မည်။ သည်းခံတတ်မှ မြတ်မည်။ သည်းခံတတ်ခြင်းဖြင့် အောင်စေရာသည်။ သည်းခံစိတ်မွေးမှ အေးမည်။သည်းခံနှလုံး သူတော်ထုံး ကျင့်သုံးအပ်လှသည် ဟူသော ပညာရှိတို့၏ အဆိုအမိန့်များကို တစိမ့်စိမ့်တွေးတော၍ မိမိစိတ်ကို သည်းခံနိုင်စွမ်းရှိအောင် ဆုံးမသင့်ပေသည်။

သည်းခံသည်ဆိုရာမှာလည်း သည်းခံနိုင်စွမ်းရှိသော ကိုယ်ခံတရားရှိမှ သည်းခံနိုင်ပေမည်။ သည်းခံနိုင်စွမ်းရှိသော ကိုယ်ခံတရား မရှိလျှင် သည်းခံနိုင်ဖို့ မလွယ်ချေ။ သည်းခံနိုင်စွမ်းရှိသော ကိုယ်ကျင့်တရား ဆိုသည်မှာ နှလုံးသွင်းကောင်းခြင်း (ယောနိသော မနသိကာရ) ပင် ဖြစ်ပေသည်။ သည်းခံနိုင်ရန် နှလုံးသွင်းကောင်းဖို့ လိုအပ်ပေသည်။

ဘုရားအလောင်းတော် ခန္တီဝါဒ ဟူသော ရသေ့ဖြစ်စဉ်က ကလာဗုမည်သော မင်းသည် အလောင်းတော် ရသေ့အား ရန့်ရင်း ကြမ်းတမ်းစွာ ဆဲရေးခြင်း၊ မျက်နှာကို တံထွေးဖြင့် ထွေးခြင်း၊ လက်ဖြင့် ပုတ်ခတ်ခြင်း၊ ခြေဖြင့်ကန်ကျောက်ခြင်းများ ပြုလုပ်ခဲ့လေသည်။ ယင်းသို့ ကိုယ်တိုင်နှိပ်စက်ခြင်းဖြင့် အားမရနိုင်သော ထိုမင်းသည် အာဏာပါးကွက်သားများကိုခေါ်၍ အဆူးရှိသော ကြိမ်လုံးတို့ဖြင့် ရိုက်နှက်စေသည်။ အလောင်းတော် အသားများပြတ်၍ ပြတ်၍ သွားတော့သည်။ တကိုယ်လုံး သွေးချင်းချင်းနီလေတော့သည်။ ထို့နောက် မျက်လုံးကို ဖောက်သည်၊ နှာခေါင်းကို ဖြတ်သည်၊ နားနှစ်ဘက်ကို ဖြတ်သည်၊ ခြေနှစ်ဘက်ကို ဖြတ်သည်၊ လက်နှစ်ဘက်ကို ဖြတ်သည်။ ဤသို့ ပြင်းထန်စွာ နှိပ်စက်ညှဉ်းပန်းခြင်း ပြုသော်လည်း အလောင်းတော် ရသေ့သည် ကလာဗုမင်းအပေါ် အနည်းငယ်မျှပင် အမျက်မထွက်ခဲ့ချေ။ အံ့သြဖွယ်ရာ ကောင်းလှ၏။ ယုံကြည်စရာပင် မရှိတော့ချေ။

ဘုရားမှိ သည်းခံနိုင်တယ် ဆိုလျှင်လည်း ယုံကြည်လောက်ပါ၏။ သို့ရာတွင် ဘုရားမဟုတ်သေးချေ။ အာသဝေါကုန်ခန်းသော ရဟန္တာဟုဆိုလျှင်လည်း ယုံလောက်ပါ၏။ သို့ရာတွင် အာသဝေါ ကုန်ခန်းသော ရဟန္တာလည်း မဟုတ်ချေ။ ကလာဗုမင်း၏ ညှဉ်းပန်းနှိပ်စက်ပုံကို ထောက်လျှင် ပုထုဇဉ်ပုဂ္ဂိုလ်တဦးအနေဖြင့် သည်းခံနိုင်ဖွယ်ရာမရှိပါချေ။ သည်းခံနိုင်သည်ဟူသော အချက်ကိုလည်း ယုံကြည်ရန် ခဲယဉ်းလှ၏။ သို့ရာတွင် အလောင်းတော်၏ နှလုံးသွင်းကောင်းမှုကို သိလျှင်မူကား ကျေကျေ နပ်နပ်ကြီး ယုံကြည်နိုင်ပေမည်။

အလောင်းတော်မြတ်သည် ကလာဗုမင်း၏ နှိပ်စက်ညှဉ်းပန်းခြင်းကို အလွတ်မဲ့ သည်းခံခဲ့သည်မဟုတ်ချေ။ နှလုံးသွင်း ကောင်းခြင်း ဟူသော ယောနိသော မနသိကာရဖြင့် သည်းခံခြင်းဖြစ်ပေသည်။ အလောင်းတော်၏ နှလုံးသွင်းပုံမှာ ဤသို့ ဖြစ်ပေသည်။

ကလာဗုမင်းသည် အမျက် ဟူးဟူးထလျက် အလောင်းတော် ရှိရာသို့ ချဉ်းကပ်လာသည်။ အလောင်းတော် ရသေ့မြင်လျှင်ပင် ထိုမင်းကား ဟူးဟူးထသော အမျက်ဖြင့် ငါ့ထံသို့ လာချေပြီ။ အကယ်မလွဲ ငါ့အား နှိပ်စက်ကလူ ပြုတော့မည် တကား။ ယခုအခါ မြင့်မြတ်လှသော ခန္တီပါရမီကို ဖြည့်ကျင့်ရန် ငါ့တွင် အခွင့်ကြုံ၍ လာချေပြီ။ ရရှိလာသော အခွင့်ကောင်းကို မလွတ်စေပဲ ခန္တီ ပါရမီကို ငါ ဖြည့်ကျင့် တော့အံ့ဟူ၍ ကလာဗုမင်း မိမိအနီးသို့ မရောက်မီကပင် နှိပ်စက်မှုကို ကြိုလင့်လျက် နေခဲ့ပေသည်။ လက်နက် ကိုင်၍ တဟုန်တည်း ပြေးလာသော ရန်သူကို ကျွမ်းကျင်သော သိုင်းဆရာက ခုခံကာကွယ်ရန်အတွက် ကိုယ်ခန္ဓာကို အသင့် အနေအထားဖြင့် စောင့်လင့်သကဲ့သို့ နှိပ်စက်မည် လာသော ကလာဗုမင်းကို ကောင်းမြတ်သော နှလုံးသွင်းဖြင့် ခန္တီပါရမီဖြည့်ကျင့်ရန် စောင့်လင့်နေခဲ့ပေသည်။ အနီးသို့ ရောက်လျှင်ပင် အလောင်းတော်ရသေ့အား ဆဲရေးတိုင်းထွာခြင်း၊ မျက်နှာကို တံတွေးဖြင့် ထွေးခြင်း၊ လက်ဖြင့် ပုတ်ခတ်ခြင်း၊ ခြေဖြင့် ကန်ကျောက်ခြင်း စသော ညှဉ်းပန်းမှုများကို စတင်လေတော့သည်။ အလောင်းတော် ရသေ့သည် ငါမျှော်လင့်နေသော အခွင့်ကား ယခုပင် ဆိုက်ရောက်၍ လာချေပြီ။ ခန္တီပါရမီကို ယခုတော့ ဖြည့်ကျင့်ခွင့်ရပေသည်။ ဒါနပါရမီ ဖြည့်ကျင့်လိုသော ပုဂ္ဂိုလ်များအတွက် အလှူခံ

ဂုဏ်ပြုလိမ့်မည်မဟုတ်ချေ။ အခြားပါရမီ ရှိစေပါ။ ဖြည့်ကျင့်ရန် အတွက်လည်း သူတပါး၏ အကူအညီကို မလိုအပ်ချေ။ မိမိတယောက်တည်းနှင့်ပင် ပြီးစီးအောင် ဖြည့်ကျင့်နိုင်လေသည်။ ဤခန္တီပါရမီကား နှိပ်စက်ညှဉ်းပန်းပေးသူ မရှိပဲ ဖြည့်ကျင့်နိုင်သော တရားမဟုတ်။ အေးဆေးတည်ငြိမ်စွာ အပြစ်မဲ့နေသော ငါသို့သော သူအား အကြောင်းမဲ့ နှိပ်စက်ညှဉ်းပန်းမည့်သူ ရနိုင်ခဲလှသည်။ ဤမင်းကား ငါ၏ ခန္တီပါရမီ ဖြည့်ရာတွင် များစွာ အကူအညီပေးသောသူပေတည်းဟူသော ကောင်းမြတ်သော နှလုံးသွင်းသည် အလောင်းတော်ကြီးအား သည်းခံနိုင်လောက်အောင် ထောက်ပံ့ပေးခဲ့သော အကြောင်းရင်းဖြစ်သည်။ အံ့သြလောက်အောင် နှလုံးသွင်း ကောင်းခြင်းကြောင့် အံ့သြလောက်အောင် သည်းခံနိုင်ခြင်း ဖြစ်ပေသည်။

ထို့နည်းအတူ မိမိအပေါ် ကိုယ်မှု နှုတ်မှုဖြင့် ကျူးလွန်လာသူအား ကျူးလွန်သော အပြစ်ပမာဏနှင့် လျော်ညီအောင် နှလုံးသွင်းကောင်းဖို့ လိုအပ်ပေသည်။ ငါသာ ဤကဲ့သို့ဖြစ်လျှင် ဤထက်ပင် ဆိုးရွားပေလိမ့်မည်။ ငါ၏ လုပ်ဆောင်ချက်ကလည်း မှားယွင်းပေသည်ဟူ၍ မိမိ အပြစ်ရှိလျှင်လည်း မိမိအပြစ်ကို အောက်မေ့၍ နှလုံးသွင်းကောင်းမွေးရမည်။ မိမိတွင် အပြစ်မရှိလျှင်လည်း ငါ့တွင် အပြစ်မရှိချေ။ သက်သက်ကျူးလွန်ခြင်းသာ ဖြစ်ပေသည်။ 'ငွေးကိုရန်မူ၊ ပျက်သောသူ၊ ရိုက်သူလည်းခွေး၊ ခွေးလည်းခွေး' ဟူသကဲ့သို့ သူ့ကိုတုံ့ပြန်ခြင်းဖြင့် ငါပါ အမှားဖြစ်ချေတော့မည်။ သူ့အမှားသည် သူ့အမှားသာ ရှိတန်စေ၊ ငါ့အမှား မဖြစ်စေရ ဟူသော အသိအလိမ္မာကြီးကြီးနှင့် နှလုံးသွင်းကောင်းမွေးရမည်။ နှလုံးသွင်းကောင်း ပေးနိုင်လေလေ သည်းခံနိုင်လေလေဖြစ်သည်။

တဖန် မိမိ၏ တာဝန်ကို အောက်မေ့၍လည်း နှလုံးသွင်းကောင်းမွေးရသည်။ ငါ့၌ ဤကိစ္စ ဤအလုပ် ရှိနေသည်။ ချင်းတို့အား တုံ့ပြန်ခြင်းဖြင့် ငါ၏တာဝန်ကို ပျက်ကွက်ရန် မသင့်ချေ။ ထို့အပြင် ငါသည် ကိုယ်ကျင့်တရားရှိဖြစ်သည်။ ဆွေဂုဏ် မျိုးဂုဏ်ရှိသူဖြစ်သည်။ ငါ့၌ ရည်မှန်းချက်ရှိသည်။ ချင်းတို့ကို တုံ့ပြန်နေခြင်းဖြင့် ငါ၏ ကိုယ်ကျင့်တရားကိုလည်းကောင်း၊ ငါ့ဆွေ ငါ့မျိုးတို့၏ ဂုဏ်ကိုလည်းကောင်း၊ ငါ၏ရည်မှန်းချက်ကိုလည်းကောင်း အပျက်အစီးခံရန် မသင့်လျော်ချေဟသည့် နှလုံးသွင်းကောင်းမျိုးကို ကြိုးစား၍ မွေးရမည်။ သည်းခံတရားသည် မည်မျှလောက် အတိုင်း

အတာအထိ သည်းခံရမည်ဟူ၍ အတိုင်းအတာ မရှိချေ။ ဆန့်ကျင်ဘက် မှန်သမျှ သည်းခံ ရမည်သာတည်း။

မြတ်စွာဘုရား လက်ထက်တော်အခါက အရှင်ပုဏ္ဏမထေရ်သည် မြတ်စွာဘုရားထံမှ ရဟန်းကိစ္စ ပြီးစီးသည့် တိုင်အောင် စွမ်းနိုင်သော တရားအားထုတ်နည်းတို့ကို နာယူခဲ့လေသည်။ ယင်းသို့ နာယူ ပြီးသောအခါ မြတ်စွာဘုရားက ချစ်သားပုဏ္ဏ-ယခုအခါ အဘယ်အရပ်သို့သွား၍ အသင် တရားအားထုတ်မည်နည်း။ အရှင်ဘုရား-သုနာပရန္တတိုင်း (ယခု လယ်ကိုင်းကျောင်းတော်ရာ)သို့ သွားရောက်၍ တရားအားထုတ်ပါမည်။

ချစ်သား–သုနာပရန္တတိုင်းသားများကား ကြမ်းကြုတ်လှ၏။

အရှင်ဘုရား–သုနာပရန္တတိုင်းသားများ ကြမ်းကြုတ်သည်ဖြစ်ခဲ့သော် တပည့်တော် သည်းခံပါမည်။

ချစ်သား–ယင်းတို့က ဆဲရေးလျှင် သင် အဘယ်သို့ နှလုံးသွင်းမည်နည်း။

အရှင်ဘုရား–သုနာပရန္တတိုင်းသားတို့သည် တော်ပေစွ၊ ဆဲရုံသာ ဆဲကြပေသည်။ ငါ့ကို ကိုယ်ထိလက်ရောက် ရိုက်နှက်ခြင်း မပြုကြပေဟု နှလုံးသွင်းပါမည်။

ချစ်သား–ရိုက်နှက်ကြလျှင်ကော အသင်အဘယ်သို့ နှလုံးသွင်းမည်နည်း။

အရှင်ဘုရား–သုနာပရန္တတိုင်းသားတို့သည် တော်ကြပေစွ၊ တုတ်ဖြင့် သာလျှင် ရိုက်နှက်ကြပေသည်။ ငါ့အား ဓားနှင့် မူကား မခုတ်ကြချေဟု နှလုံးသွင်းပါမည်။

ချစ်သား–ဓားနှင့်ခုတ်လျှင်ကော အသင် အဘယ်သို့ နှလုံးသွင်းမည်နည်း။

အရှင်ဘုရား–သုနာပရန္တ တိုင်းသားတို့သည် တော်ကြပေစွ၊ ဓားနှင့် ခုတ်ကြသော်လည်း ငါ့အား သေအောင် မသတ်ကြပေကုန်ဟု နှလုံးသွင်းပါမည်။

ချစ်သား–သေအောင်သတ်လျှင်ကော အသင် အဘယ်သို့နှလုံးသွင်း မည်နည်း။

အရှင်ဘုရား—ဤခန္ဓာကိုယ်သည် ငြီးငွေ့စရာ၊ ရွက်နိုးစရာကောင်း
လှပါ၏။ ရွံရှာစက်ဆုတ်ဖွယ်ဖြစ်ပါ၏။ အလွန် လေး
သောဝန်လည်းဖြစ်ပါ၏။ သုနာပရန္တ တိုင်းသားတို့
သည် တော်ပေစွ၊ ငါ၏ ငြီးငွေ့ဖွယ်၊ ရွံရှာဖွယ်၊ စက်
ဆုတ်ဖွယ်ကောင်းသော ဤခန္ဓာဝန်ကြီးကို ဖယ်ရှား၍
ပေးကြပေသည်ဟု နှလုံးသွင်းပါမည်။

ချစ်သားပုဏ္ဏ—သာဓု သာဓု သာဓု။ သင်၏ နှလုံးသွင်းခြင်းသည်
ကောင်းပေစွ၊ ယင်းသို့ နှလုံးသွင်း ကောင်းခြင်းသည်
သည်းခံနိုင်ခြင်း၏ အကြောင်းရင်းဖြစ်ပေသည်။ သင်
အလိုရှိသော သုနာပရန္တတိုင်းသို့ သွားလိုက သွားနိုင်
ပေပြီဟု ခွင့်ပြုတော်မူခဲ့လေသည်။

အရှင်ပုဏ္ဏမထေရ်သည် အပြစ်ကို မရှုပဲ အကျိုးကိုသာ ရှုခဲ့လေသည်။ အကျိုးကို ရှုနိုင်စွမ်းရှိခြင်းသည် သည်းခံနိုင်မှု၏ အကြောင်းရင်း ပေတည်း။

ရှေးအခါက အဘိုးအိုတယောက်သည် အလွန် သည်းခံတရား ပြည့်ဝသူဟု ကျော်ကြားခဲ့လေသည်။ သူသည် မည်သူ့အကြောင်းကိုမှ မကောင်းသည်ကိုမပြောချေ။ ဘယ်ကိစ္စမဆို အကောင်းဘက်ကသာရှု၍ အကောင်းဘက်ကသာ မြင်လေ့ရှိသည်။ မည်မျှလောက် အကောင်းဘက်က ရှုတတ်သနည်းဆိုလျှင် ညမှောင်နှင့် မည်းမည်းတွင် အဘိုးအို၏ သဘောကို စမ်းသပ်လိုသူများက လောက်လေးနှင့် ပစ်ရာ နဖူးတည့်တည့်မှန်လေသည်။ ထိုအခါ အဘိုးအိုက အမယ်ကြီးရေ လာပါအုံးဟ၊ ငါ့နဖူး ခဲမှန်လို့ဟု ခေါ်ရာတွင် အမယ်အို မီးခွက်ဖြင့် ထွက်လာပြီးလျှင် ကပျာကယာသွေးများကို သုတ်သင်ယင်း မိမဆုံးမ ဖမဆုံးမများဖြစ်ကြသည်။ ညဥ့်ကြီး သန်းခေါင်လောက်ကို မဆင်မခြင် လောက်လေးဖြင့် လျှောက်ပစ်ကြသည်။ နင့်အမေနင့်နှမ ပစ်ဖို့ကောင်းသည် စသည်ဖြင့် ဆဲရေးလေတော့သည်။ ထိုအခါ အဘိုးအိုက ဆဲမနေပါနဲ့ကွာ၊ညဥ့်ကြီး သန်းခေါင် မှောင်မည်းမည်း ငါ့နဖူး တည့်တည့်ပစ်နိုင်တာ အံ့ဩလွန်းလို့ပါဟု ပြောခဲ့လေသည်။ ကြံကြံဖန်ဖန် ကောင်းအောင် နှလုံးသွင်းနိုင်သဖြင့် သည်းခံနိုင်ခြင်း ဖြစ်ပေသည်။

မိမိနှင့် ဆန့်ကျင်ဘက်တွေလာသမျှ သင့်လျော်အောင် နှလုံးသွင်း၍ သည်းခံစိတ်မွေးနိုင်အောင် အားထုတ်သင့်လှပေသည်။ သည်းခံစိတ်နှင့်

ခွင့်လွှတ်ခြင်းကို နစ်နာလွန်းသည်ဟု ထင်မှတ်ကြလေသည်။ သည်းခံသဖြင့် ဘာမျှ နစ်နာခြင်း မရှိချေ။ သည်းမခံနိုင်ခြင်းကြောင့်သာလျှင် နစ်နာခြင်း ဖြစ်တတ်ပေသည်။ သည်းခံလိုက်သဖြင့် မှားသွားသည်ဟူ၍ ဘယ်သော အခါမှ မရှိချေ။ သည်းမခံလိုက်သဖြင့် မှားသွားသည် ဟူ၍သာ ရှိချေ သည်။ သဘောထားကြီးခြင်း၊ ခွင့်လွှတ်ခြင်း၊ သည်းခံခြင်း ဆိုသည်မှာ သဘောအားဖြင့် တူမျှသော သူတော်ကောင်းတို့၏ ကျင့်ရိုးကျင့်စဉ် လမ်း ကောင်း လမ်းဟောင်းကြီး ဖြစ်ပေသည်။

ထို့ကြောင့် ခုရော နောင်ပါ ချမ်းသာ စီးပွားများလိုသော အမျိုး ကောင်းသား အမျိုးကောင်းသမီးတို့သည် သည်းခံနှလုံး သူတော်ထုံးကို ကျင့်သုံးကုန်ကြရာသည်။

## ၂၀။ သောဝစဿတာ မင်္ဂလာ

ဆုံးမလွယ်ရခြင်းသည် မင်္ဂလာမည်၏။

ဆုံးမ လွယ်ရခြင်းဆိုသည်မှာ မိဘ ဆရာသမား အကြီးအကဲများက မသင့်လျော်၍ မပြုလုပ်ရန် တားမြစ် ဆုံးမလျှင် တကြိမ်တည်း ပြောကာ မျှဖြင့် ရှောင်ကြဉ်ခြင်း၊ သင့်လျော်၍ ပြုလုပ်ရန် တိုက်တွန်းခဲ့လျှင် တကြိမ် တည်း ပြောကာမျှဖြင့် လိုက်နာ ကျင့်သုံးခြင်း၊ အကြိမ်ကြိမ် အခါခါ ဟောပြောဆုံးမ၍ မနေရခြင်းသည် ဆုံးမလွယ်ခြင်းပင် ဖြစ်ပေသည်။ ယင်း သို့ မိဘ ဆရာသမား အကြီးအကဲများ၏ သွန်သင်ဆုံးမခြင်းကို တကြိမ် တည်းဖြင့် လိုက်နာကျင့်သုံးလေ့ရှိသော ဆုံးမလွယ်ခြင်းသည် ခုရောနောင်ပါ ချမ်းသာစီးပွားများခြင်း၏ အကြောင်းဖြစ်၍ မင်္ဂလာ မည်ပေသည်။

ငါတော့ သူ့ကိုမပြောချင်တော့ဘူး၊ ပြောရတာလည်းများလှပြီ၊ ယိုသူ မရှက် မြင်သူရှက် ဆိုသလို ငါ့အသံ လူကြားတာ ရှက်စရာကောင်းလှပြီ စသည်ဖြင့် မိဘ ဆရာသမား အကြီးအကဲများက ဆုံးမလိုစိတ် ကုန်ခန်း သွားအောင်၊ ဆုံးမချင်စိတ် မရှိတော့အောင် ပြောခက် ဆိုခက် ဆုံးမ ခက်သူ မဖြစ်စေသင့်။ ပြောလွယ် ဆိုလွယ် ဆုံးမလွယ်သူ ဖြစ်စေရမည်။

မိဘ ဆရာသမား အကြီးအကဲများက မိမိအပေါ် ဆုံးမချင်စိတ် ကုန်ခန်းသွားလျှင် မိမိသာလျှင် နစ်နာလိမ့်မည်ဖြစ်ပေသည်။ မီးမကိုင်နှင့်ဟု ဆုံးမသည်ကို မလိုက်နာပဲ မီးကို ကိုင်မည် ဆိုပါလျှင် အဘယ်သူ ပူမည်နည်း။ ဒီအစာ မစားနှင့်ဟု တားမြစ်သည်ကို မလိုက်နာပဲ စားမည်ဆိုပါလျှင် အဘယ်သူ ရောဂါရမည်နည်း။ ဒုက္ခ ဖြစ်စေသောအလုပ်ကို မလုပ်ပါနှင့်ဟု တားမြစ်သည်ကို မလိုက်နာပဲ ဇွတ်အတင်း ပြုလုပ်မည်ဆိုလျှင် အဘယ်သူဆင်းရဲ ဒုက္ခရောက်မည်နည်း။ မလိုက်နာသောကြောင့် ဆုံးမသူတွင် အလုံးအရပ် လျော့မသွားပေ။ အဆုံးအမ မခံသူသာလျှင် ဒုက္ခ ရောက်ရချေသည်။ ဒီလမ်းတွင် ဘေးရှိသည်ဟုသိ၍ မသွားရန် တားမြစ်ပါသည်ကို နားမထောင်ပဲ ဇွတ်သွားလျှင် သွားသူသာ ဘေးတွေ့မည်၊ တားမြစ်သူမှာ ဘေးတွေ့ရန် မရှိချေ။ ဆုံးမသည် ဆိုသည်မှာ အဆုံးမ ခံရသူတို့အတွက် သက်သက်သာ ဖြစ်ပေသည်။ ဆုံးမသူတို့အတွက် မဟုတ်ချေ။

မိမိကောင်းစားရေးအတွက် စေတနာ အပြည့်အဝဖြင့် ဆုံးမသည်ကိုပင် နားပူ နားဆာလုပ်တယ်၊ နေရာတကာပါတယ်၊ ဟိုဟာလုပ်လည်း မကြိုက်၊ ဒီဟာလုပ်လည်းမကြိုက်နဲ့ ဘာလုပ်ရမှာတုန်း စသော အတွေးမှား၊ အမြင်မှားများ ဝင်၍ ဆုံးမသူကိုပင်လျှင် ရန်သူထင်ကြလေသည်။ ထိုအမြင်နှင့် ထိုအထင်သည် ယမင်းကို ရန်သူထင်ခြင်းပင် ဖြစ်ပေသည်။ ယမင်းကို ရန်သူထင်သဖြင့် ယမင်းဟွင် ဘာမျှမဖြစ်ချေ။ ရန်သူထင်သော သူသာလျှင် ငတ်မည်ဖြစ်သည်။

ဤလမ်းကို ကိုယ်တိုင် မသွားဘူးပါပဲလျက်၊ ဤအရပ်ကို ကိုယ်တိုင် မရောက်ဘူးပါပဲလျက်၊ ဤအလုပ်ကို ကိုယ်တိုင် မလုပ်ဘူးပါပဲလျက်၊ သွားဘူးသူ၊ ရောက်ဘူးသူ၊ လုပ်ဘူးသူတို့က သွန်သင် ဆုံးမ နည်းလမ်းပြသည်ကိုမှ နားမဝင်လျှင် ဒုက္ခ ရောက်ချင်၍သာ ဖြစ်ပေလိမ့်မည်။ ကိုယ့်အကျိုးအတွက်၊ ကိုယ်ကောင်းစားရေးအတွက် သူဟပါးက နှစ်ခါ သုံးခါ စကားပြောနေရလျှင် အဘယ်မှာ ကောင်းတော့မည်နည်း။ ကိုယ့်မိဘ၏ စကားကိုမူ ကောင်းသည်မထင်၊ အပေါင်းအသင်း သူငယ်ချင်းက ပြောမှ နားဝင်သော လူငယ်အများအပြား ရှိပေသည်။ ငရဲပန်းကို ရွှေပန်းထင်သူ ဆိုသည်မှာ ဤလူငယ်များပင် ဖြစ်ပေသည်။ ကိုယ့်မိဘထက်ပို၍ ကိုယ့်ကို အဘယ်သူကများ ချစ်ကြမည်နည်း၊ ကိုယ့်ဆရာသမားထက် ပို၍ ကိုယ့်ကို အဘယ်သူကများ ချစ်ကြမည်နည်း။ ကိုယ့်မိ ကိုယ့်ဖ ကိုယ့်ဆရာသမားထက်

ပို၍ ကိုယ့်ကို ချစ်ပါသည်ဟု တစုံတယောက်က ပြောလာလျှင် ထိုသူ၏ စကားသည် မုသားသာ ဖြစ်ပေလိမ့်မည်။

ဆရာသမား မိဘတို့၏ စကားသည် မေတ္တာအပြည့်အဝဖြင့် ပြောကြားခြင်းဖြစ်၍ တမာလိုခါးစေကာမူ အနှစ်သာရအားဖြင့် ပျားသကာကဲ့သို့ ချိုလှပေသည်။ မိဘစကားကို လေးစားကြရန်အတွက် 'မိဘစကား၊ နွားထောင်ငြားက၊ သံပြား ကျောက်စောင်း၊ ကျိုသော်ပျောင်း၏'၊ 'တောင်ထိပ် ကြာပေါက်၊ အနောက် နေထွက်၊ ကွဲအက်မြင့်မိုရ်၊ မီးကိုမပူ၊ ချမ်းစွာဟူလည်း၊ အယူမခွ၊ လိုက်နာရ၏'ဟု ရှေးက စကား ထားခဲ့ပေသည်။ ဆရာသမား မိဘများ၏ အဆုံးအမကို ဆင်ခြေ ဆင်လက်ဖြင့် မချေဖျက်ပဲ ဆုံးမသည့်အတိုင်း တိတိကျကျ လိုက်နာရသည်။ ဘာအကြောင်းနှင့်မျှ ငြင်းပယ် သေွလှန်ခြင်း မပြုပါနှင့်ဟု ဆိုလိုရင်းဖြစ်သည်။ ဤလမ်း မသွားပါနှင့်ဆိုလျှင် တကြိမ်တည်းဖြင့် ရှောင်ရမည်။ ဤအလုပ် မလုပ်ပါနှင့်ဆိုလျှင် တကြိမ်တည်းဖြင့် ကွင်းရမည်။ ဤသူ မပေါင်းပါနှင့် ဆိုလျှင် တကြိမ်တည်းဖြင့် ခွာရမည်။ နှစ်ခါမပြောရစေနှင့်။ ဆုံးမခံသူက လိုက်နာမှ ဆုံးမသူကလည်း ဆုံးမချင်လိမ့်မည်။ ဆုံးမခံသူက အလွယ်တကူ မလိုက်နာလျှင် ဆုံးမသူကလည်း ဆုံးမချင်တော့မည် မဟုတ်ချေ။ အကူရခက်သော လူနာကို ဘယ်ဆရာဝန်ကမှ ကုသချင်လိမ့်မည် မဟုတ်။ ဘယ်ဆရာဝန်ကမှ မကုသချင်လျှင် ထိုလူနာအတွက် အလောင်းပြင်ဖို့ပဲ ရှိတော့သည်။

ဤနေရာတွင် ရွှေအိုးများ ရှိပေသည်။ တူးဖော်၍ ယူသလေတော့ဟု ပြောဆိုသောသူသည် သာယာချေငံမပြောဆိုပဲ ဆဲဆိုကြိမ်းမောင်း၍ ပြောသည်ပင်ဖြစ်စေ ကြားရသူသည် ဝမ်းမြောက် ဝမ်းသာ လက်ဆောင်ပဏ္ဏာကဲ့သို့ မသင့်လျော်သောအရာ၌ မသင့်လျော်ဘူး ဟူ၍ တားမြစ်ဆုံးမရာ၌ လည်းကောင်း၊ သင့်လျော်သော အရာ၌ သင့်လျော်သည်ဟု ကိုယ်တိုင်ပြုနှိုးရာ၌ လည်းကောင်း ဆရာသမား မိဘတို့၏ အဆုံးအမ စကားကို ချီးကျူးကို ညွှန်ပြသော စကားကဲ့သို့ တကြိမ်တည်းဖြင့်ပင် ဝမ်းမြောက် ဝမ်းသာ လက်ခံ ကျင့်သုံးနိုင်ရမည်။

အရှင်သာရိပုတ္တရာမထေရ် အပေါ်ရုံ သင်္ကန်းစွန်တောင် ကျနေသည်ကို ကိုရင်လေးတပါးက အရှင်ဘုရားတို့သည် သင်္ကန်းကို အဝန်းညီစွာ ဝတ်ရုံသင့်ပါသည်ဟု ပြောသောအခါ ရှင်သာရိပုတ္တရာမထေရ်သည် ငါသား

လောက်ကလေးက ဆရာလုပ်ရကောင်းလား ဟူသည့် မနှစ်သက်သောစိတ် ကစုံကရာမဖြစ်ပဲ မိမိသင်္ကန်းကိုကြည့်ရှုရာ အကယ်ပင် စွန်တောင်ကျနေသည်ကို မြင်သဖြင့် သင်္ကန်းကို ကျကျနန အဝန်းညီစွာ ဝတ်ရုံပြီးလျှင် ကိုရင်လေးအား ကျေးဇူးတင်စွာဖြင့် ငါ့ ရှင်သာမဏေ၊အခုဆိုလျှင် အဝန်းညီစွာ ဖြစ်ပြီလားဟု ကိုရင်လေးကို ပြောကြားတော်မူခဲ့လေသည်။ ပညာရှိသူတော်ကောင်းတို့၏ သဘောသည် မိမိ၌ရှိသော ချွတ်ယွင်းချက်ကို တစုံတယောက်က ထောက်ပြလျှင် အလွန်ကျေးဇူးတင်စွာ လက်ခံလျက် ပြုပြင်လေ့ ရှိကြသည်။ အကယ်၍ ထိုသူထောက်ပြလာသော ချွတ်ယွင်းချက်သည် မိမိတွင် မရှိခဲ့ငြားအံ့။ ထိုသူသည် အထင်မှား အမြင်မှား၍သာလျှင်ပြောခြင်း ဖြစ်ပေသည်။ ငါ့အပေါ်၌ စေတနာထားကြပေသည်ဟု ကျေးဇူးတင်သည်သာ ဖြစ်သည်။ မဟုတ်မမှန်ပဲ ပြောရကောင်းလား ဟူ၍ ရန်မလိုကြချေ။

သူမိုက်တို့၏သဘောသည် မိမိ၌ အပြစ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သူတပါးတို့က ဆုံးမသတိပေးလာလျှင် မနှစ်သက်ကြပေ။ မနှစ်သက်ရုံမျှမက ရန်ပင် ပြုတတ်ချေသည်။ ဤသို့ အဆုံးအမခက်သောသူကို ဘယ်သူက ဆုံးမချင်ပါမည်နည်း။ ဆုံးမချင်သူမရှိသော ထိုသူသည် အဘယ်မျှ အမိုက်ဟာရှည်တော့မည်နည်း။ မခန့်မှန်းနိုင်လောက်အောင် ကြောက်မက်ဖွယ် ကောင်းလှ၏။ လမ်းမသိသူတယောက်အတွက် လမ်းပြမည့်သူကို စိတ်ပျက်အောင် ပြုလုပ်လျှင် အဘယ်နည်းဖြင့် ရည်မှန်းချက်ပန်းတိုင်ကို ရောက်တော့မည်နည်း။

ခုရောနောင်ပါ ချမ်းသာစီးပွား များခြင်းကို အလိုရှိသော သူတို့သည် မိဘ၊ ဆရာသမား၊ အကြီးအကဲများ၏ ဆုံးမစကားကို တကြိမ်တည်းဖြင့် လိုက်နာသူ၊ ဆုံးမလွယ်သူ ဖြစ်စေရမည်။ ဤမင်္ဂလာတရားတော်ကို လယ်တီဆရာတော်ဘုရားကြီးက ဆိုဆုံးမလျှင်၊ ဒေါသမထင်၊ ကျေးဇူးတင်သဖြင့်၊ ဆုံးမချင်ဖွယ်၊ အလွန်လွယ်သော စကားရှိသည်၏ အဖြစ်သည် လည်းကောင်း ဟူ၍ ဖွင့်ဆိုတော်မူခဲ့ပေသည်။

# ၂၉။ သမဏာ ဒဿန မင်္ဂလာ

သံဃာတော်များကို မြင်ရခြင်းသည် မင်္ဂလာမည်၏။

ရဟန်း သံဃာများကို မြင်ရခြင်းသည် မြင်ခြင်းတကာတို့တွင် အမြတ်ဆုံးသော မြင်ခြင်းဖြစ်ပေသည်။ ယင်းသို့ မြင်ခြင်းဖြင့် မဖြစ်သေးသော ကုသိုလ်တရားများ ဖြစ်လာနိုင်ခြင်း၊ ဖြစ်ပြီးသော ကုသိုလ်တရားများ တိုးပွားလာနိုင်ခြင်းတို့ကြောင့် မင်္ဂလာမည်ပေသည်။

ရဟန်း သံဃာများကို မြင်ခြင်းဖြင့် စိတ်ကို ကြည်လင်စေနိုင်သည်။ ရတနာသုံးပါး၏ဂုဏ်ကို သတိရစေနိုင်သည်။ ဤမြင်ခြင်းဖြင့် ဆက်လက်၍ နောက်နောင်တွင် ကောင်းကျိုးတရားတွေ ဖြစ်စေနိုင်ပေသည်။ ရဟန်း သံဃာများကို မြင်ရတိုင်း ဤမင်္ဂလာ ဖြစ်သည်ဟူ၍ မမှတ်သင့်ချေ။ နဂိုက သူတော်ကောင်းဓာတ်ခံ မရှိခဲ့လျှင် ဤမင်္ဂလာမဖြစ်နိုင်။ ရတနာသုံးပါးကို .သက်ဝင်ကိုင်းရှိုင်းသော ဗုဒ္ဓဘာသာဝင်များနှင့် အမြော်အမြင်ရှိသူများ၊ ပညာကြီးသူများသာ ဤမင်္ဂလာ ဖြစ်နိုင်ပေသည်။ ဘာမျှ အားမထုတ်ရပဲ မြင်ရရုံမျှဖြင့် အကျိုးစီးပွားဖြစ်သော မင်္ဂလာဖြစ်သည်။ လွယ်လွန်းသည်ဟု မမှတ်သင့်။ သဒ္ဓါပညာ ရှိသူတို့၌သာလျှင် ဖြစ်နိုင်ပေသည်။ သဒ္ဓါပညာရှိရန် အလွန်ခက်ခဲသည် ဖြစ်ရာကား ဤမင်္ဂလာဖြစ်ရန် စင်စစ် မလွယ်ချေ။

လောကတွင် သမုတ်ကြသော စိန် ရွှေ ငွေ စသည့် သက်မဲ့ ရတနာများ၊ ဆင် မြင်းစသည့် သက်ရှိရတနာများ သတို့သမီး၊ သတို့သား စသည့် ရတနာများတို့သည် မြင်ရသူများအတွက် လောဘဖြစ်ကြောင်း၊ ဒေါသဖြစ်ကြောင်း၊မောဟဖြစ်ကြောင်း၊ရာဂဖြစ်ကြောင်းများသာတည်း။ လောဘဖြစ်လျှင် လောဘကြောင့် ဆင်းရဲဒုက္ခ ရောက်တော့သည်။ ဒေါသဖြစ်လျှင် ဒေါသကြောင့်ဆင်းရဲဒုက္ခ ရောက်တော့သည်။မောဟဖြစ်လျှင် မောဟကြောင့် ဆင်းရဲဒုက္ခ ရောက်တော့သည်။ရာဂဖြစ်လျှင် ရာဂကြောင့် ဆင်းရဲဒုက္ခရောက်တော့သည်။အများတကာ ရတနာဟု သမုတ်ကြသော ထိုရတနာများသည် မြင်ရရုံမျှဖြင့် ဒုက္ခရောက်ရသောအရာများ ဖြစ်ပေသည်။ ယင်းရတနာများကို မြင်ရခြင်းသည် မကောင်းမှုကို ဖြစ်စေနိုင်သောကြောင့် မင်္ဂလာမရှိသော မြင်ခြင်းသာ .ဖြစ်ချေသည်။ စပ်မိ၍ ဆိုရဦးတော့မည်။

မတော်တာကို မကြည့်ချင်ရ။ မကောင်းတာကို မကြည့်ချင်ရ၊ မတော်တာ၊ မကောင်းတာကို ကြည့်လျှင် မတော်တာ၊ မကောင်းတာကိုပဲ မြင်ရလိမ့်မည်။ မတော်တာ၊ မကောင်းတာ မြင်ရလျှင် မတော်တဲ့၊ မကောင်းတဲ့ စိတ်တွေပေါ်။ မတော်တဲ့၊ မကောင်းတဲ့ စကားတွေပြော။ မတော်တဲ့၊ မကောင်းတဲ့ အလုပ်တွေလုပ်နှင့် မတော်တာ၊ မကောင်းတာဖြစ်၍ မတော် မကောင်း သံသရာလည်လေတော့သည်။

ငါးမျှားနေသောနေရာ သွားကြည့်လျှင် ငါးကလေးတွေ အလွန်မိစေချင်သည်။ ငါးမျှားချိတ်တွင် ငါးကလေးတွေ တဖျပ်ဖျပ်ပါလာတာ မြင်ချင်သည်။ မဆိမဆိုင် ဗူးပင် ခရမ်းဝင်လိုသီးဆိုသကဲ့သို့ အကုသိုလ်အချောင်သက်သက် ဖြစ်ရလေတော့သည်။ မျက်စိအပေါက်က အကုသိုလ်ဝင်မည့်အရာကို ဟယ်သောအခါမှ မကြည့်ချင်ပါနှင့်။ ဟိုနားက စီကနဲဆို သွားလိုက်ချင်၊ ဒီနားက ညံကနဲဆို ကြည့်လိုက်ချင်၊ မျက်စိ အငြိမ်မနေ၊ မျက်စိဖြင့် အကုသိုလ် ရှာဖွေသောအလုပ်ကို မလုပ်သင့်။

ဤမင်္ဂလာသည် မျက်စိမှရသော ကုသိုလ်များအနက် အကောင်းဆုံး ကုသိုလ်ပင် ဖြစ်ပေသည်၊ ရဟန်းတော်တို့၏ ဝတ်စား ဆင်ယင်မှုသည် အရောင်အသွေးအားဖြင့် လည်းကောင်း၊ ဝတ်ရုံမှု အနေအထားအားဖြင့် လည်းကောင်း အလွန်ကြည်ညိုဖွယ်ကောင်းလှ၏။ ဝိနည်းတော်နှင့် အညီ သွားလာ နေထိုင်ပုံမှာလည်း အလွန်ကြည်ညိုဖွယ်ရာ ကောင်းလှ၏။ သံဃာတော်များ၏ သိက္ခာပုဒ်တော်နှင့် အညီ သက်နှမ်းဝတ်ရုံခြင်း၊ သွားလာနေထိုင်ခြင်းသည် သာသနာတော်၌ အလွန်ကျေးဇူးများသည်။ မြင်ရသူများ အတွက်လည်း အလွန်ကျေးဇူးများသည်။

ရှင်အရဟံ မထေရ်မြတ်၏ သင်္ကန်းကို သိက္ခာပုဒ်နှင့်အညီ ဝတ်ရုံတော်မူခြင်း၊ သိက္ခာပုဒ်တော်နှင့်အညီ ကျက်လှလျှက် တည်ကြည်ငြိမ်သက်သော ဣန္ဒြေဖြင့် ဆွမ်းခံကြွတော်မူခြင်းများသည် ယနေ့ မြန်မာနိုင်ငံတော်ကဝန်းလုံး ဗုဒ္ဓဘာသာ နိုင်ငံတော် ဖြစ်ခြင်း၏ အကြောင်းရင်း ဖြစ်ပေသည်။ အနော်ရထာမင်းစောသည် အရှင်အရဟံ မထေရ်မြတ်၏ ရင့်ကျက်သော ဣန္ဒြေကိုမြင်ရသဖြင့် ရှင်အရဟံ၏ အဆုံးအမကို လိုက်နာလျက် ဗုဒ္ဓသာသနာကို ရောင်ဝါနေဝန်း ထွန်းလင်းအောင် ဆောင်ရွက်တော်မူခဲ့လေသည်။ ရှင်အရဟံမထေရ်၏ သိက္ခာပုဒ်တော်နှင့်အညီ သင်္ကန်းဝတ်ရုံတော်မူခြင်း၊ သိက္ခာပုဒ်တော်နှင့်အညီ သွားလာနေထိုင်ခြင်းသည် သာသနာ

တော်အတွက် မည်မျှလောက် ကျေးဇူးများသည်၊ မြင်ရသူများ အတွက် မည်မျှလောက် ကျေးဇူးများသည်ကို ဖော်ပြခြင်းငှာ မစွမ်းနိုင်တော့ပါချေ။

> အို– အရှင်မြတ် အရဟံ၊ အရှင်မြတ်၏ သိက္ခာပုဒ်တော်ကို ရိုသေလေးစားမှုကြောင့် တပည့်တော်တို့တတွေ ယခုကဲ့သို့ သာသနာတော်ကြီးနှင့် တွေ့ကြုံရခြင်း ဖြစ်ပါသည်။ အို–အရှင်မြတ်အရဟံ၊ အရှင့်ကျေးဇူးတရား ကြီးမားလှပါသည်။ အရှင်မြတ်၏ဂုဏ်တော်ကို အာရုံပြု၍ ဤစာဖြင့် ကန်တော့လိုက်ပါသည် အရှင်ဘုရား။

သူတော်ကောင်းတဦးသည် သူတော်ကောင်းအများ ဖြစ်စေနိုင်သည်။ သူယုတ်မာတဦးသည် သူယုတ်မာအများ ဖြစ်စေနိုင်သည် ဟူသော စကားသည် မှန်လှ၏။ အရှင်အရဟံဟူသော သူတော်ကောင်းတပါးသည် ဤမြန်မာနိုင်ငံ၌ ကုဋေမကသော သံဃာတော်များကို ဖြစ်စေခဲ့လေသည်။ အနော်ရထာမင်းစောကား ဤသမဏ ဒဿန မင်္ဂလာကို ကောင်းစွာ ရအပ်သော မင်းမြတ်ကြီးပေတည်း။ ထိုနည်းအတူ သိက္ခာပုဒ်တော်နှင့် အညီ သက်န်းတော်ကို ဝတ်ရုံ၍ ယဉ်ကျေးဖွယ်ရာ တည်ငြိမ်လှသော ဣန္ဒြေဖြင့် ဆွမ်းခံကြွတော်မူသော နိဂြောဒ သာမဏေကိုမြင်၍ အသောကမင်းတရားကြီးသည် သာသနာတော်ကို သက်ဝင် ယုံကြည်၍ ရောင်ဝါထွန်းလင်းအောင် ချီးမြှောက်ခဲ့လေသည်။

ဤသာသနာတွင်း၌ အလွန်အရေးပါသော တတိယ သံဂါယနာပွဲကြီးကို ကျင်းပခဲ့လေသည်။ အသောကမင်းတရားကြီး ရရှိအပ်သော သမဏ ဒဿန မင်္ဂလာသည်လည်း ယနေ့တိုင် ဗုဒ္ဓသာသနာတော်ကြီးကို အထောက်အကူပြုလျက် ရှိပေသည်။ သံဃာတော်တို့၏ သိက္ခာပုဒ်တော်ကို ရိုသေလေးစားခြင်းသည် သာသနာတော်၌ လည်းကောင်း၊ လူ့ဟို၌လည်းကောင်း အလွန်တရာ ကျေးဇူးတရား ကြီးမားပေ၏။

ရဟန်းသံဃာတော်တို့ကို မြင်ရသူတိုင်း သမဏ ဒဿန ဖြစ်စေရန် သံဃာတော်များဘက်မှလည်း ကြိုးစားရန် လိုပေသည်။ ရှင်အရဟံနှင့် နိဂြောဒ သာမဏေတို့၏ သိက္ခာပုဒ်တော်ကို ရိုသေလေးစားခြင်းအတွက် သာသနာတော်တွင်လည်းကောင်း၊ လောကတွင်လည်းကောင်း ကျေးဇူးများသည့် အဖြစ်ကို နှလုံးသွင်း၍ သေးငယ်သော အပြစ်များသာတကားဟု အမှုမဲ့ အမှတ်မဲ့ မပြုပဲ သိက္ခာပုဒ်တော်ကို ကျင့်သုံးကြဖို့ အရေးကြီးလှပေသည်။

သံဃာတော်များ ပြစ်မှားရဲ့ လူသားတွေ အပယ်မကျစေရန် သတ္တဝါများအား သနားသောအားဖြင့် သိက္ခာပုဒ်တော် ဖြည့်ကျင့်တော်မူကြရန် တာဝန်ရှိပေသည်။ ဒကာ ဒကာမများကလည်း သံဃာတော်များကို မြင်ရာတွင် သမဏာ ဒဿန မင်္ဂလာဖြစ်အောင် မြင်တတ်ဖို့ လိုပေသည်။ မိမိတို့က ငါးပါးသီလမှ လုံအောင် မထိန်းနိုင်၊ ထဘီပုံနားမှ မခွာနိုင်ကြပဲ ဘုန်းကြီးတွေက၊ ဘုန်းကြီးတွေကဟု ပြော၍ မသင့်ချေ။ စိတ်စေတနာ သဒ္ဓါကြည်ကြည်လင်လင်နှင့် သံဃာများကို တကြိမ်မျှ မြင်ရခြင်းသည်ပင် အသချေ်အနန္တ ကောင်းကျိုးချမ်းသာ မင်္ဂလာတို့ကို ဖြစ်စေနိုင်ပေသည်။

ထို့ကြောင့် သံဃာတော်များကို မြင်ရာ၌ သမဏာ ဒဿန မင်္ဂလာ ဖြစ်အောင် မြင်နိုင်ရန် ကြိုးစားသင့်လှပေသတည်း။

## ၃၀။ ဓမ္မ သာကစ္ဆာ မင်္ဂလာ

အခါအားလျော်စွာ တရားဆွေးနွေးရခြင်းသည် မင်္ဂလာမည်၏။

အခါအားလျော်စွာဟူသော စကားကို ဓမ္မသာဝန မင်္ဂလာ၌ ဖော်ပြခဲ့ပေပြီ။ ဆွေးနွေးရခြင်းဆိုသည်မှာ တဦးနှင့်တဦး မေးမြန်းခြင်း၊ အသိအမြင် ဖလှယ်ခြင်း၊ အယူအဆ ညှိနှိုင်းခြင်း၊ သင့်မသင့်ကို တိုင်ပင်ခြင်း၊ တဦး၏ သဘောကို တဦးက ဝေဖန်ခြင်း၊ ဖြေကြားခြင်း၊ တလှည့်စီ ပြောကြားခြင်း စသည်တို့သည် ဆွေးနွေးခြင်းပင် ဖြစ်ပေသည်။ ထိုဆွေးနွေးခြင်းသည် အကျိုးမဲ့ ဂွကာရှစ်သောင်း အနှစ်သာရမရှိသော အကြောင်းအရာတို့ကို ဆွေးနွေးခြင်းမဟုတ်ပဲ အသိအလိမ္မာ ပညာပွားကြောင်း ကောင်းသော တရားတို့ကို ဆွေးနွေးခြင်းဖြစ်သဖြင့် အသိအလိမ္မာ ပညာပွားခြင်းအကျိုးကို မုချ ရရှိနိုင်ပေသည်။ အသိအလိမ္မာ ပညာပွားခြင်းသည် ခုရော နောင်ပါ ချမ်းသာစီးပွား များခြင်း၏ အကြောင်းဖြစ်၍ မင်္ဂလာမည်ပေသည်။

မင်္ဂလာတရားတော်သည် တဆင့်ထက်တဆင့် ရင့်၍ ရင့်၍၊ မြင့်၍ မြင့်၍ လာပေပြီ။ တရားဆွေးနွေးသော အဆင့်သို့ပင် ရောက်ခဲ့လေပြီ။ ယခင် မင်္ဂလာများတုန်းက တရားဆွေးနွေးခွင့် မရှိသေးချေ။ သူတပါး ပြောသမျှ

ဟောသမျှကို မှတ်သားနာယူသောအဆင့်သာ ရှိသေးသည်။ ယခုအခါ သူတပါး ပြောသမျှ ဟောသမျှကို ထိုင်၍နားထောင်ရန်သာမဟုတ်တော့ပဲ မေးမြန်းခြင်း၊ ဖြေကြားခြင်း၊ ပြန်လည်တင်ပြခြင်းများဖြင့် ဆွေးနွေးရပေတော့မည်။ အသိဉာဏ် ဖလှယ်ခြင်း၊ အပြန်အလှန်ပြောဆိုခြင်းဖြင့် ပညာတိုးပွားနိုင်ပေသည်။ အပြန်အလှန် ပြောဆိုခြင်းဖြင့် အမှန်တရားကို ဖော်ထုတ်နိုင်ရန်၊ အသိဉာဏ် တိုးပွားရန် ပြောကြ ဆိုကြခြင်းသည် ဆွေးနွေးခြင်းဖြစ်သည်။ တဦးနှင့်တဦးအနိုင်ရရှိရန် အပြန်အလှန်ပြောဆိုကြခြင်းသည် ငြင်းခုံခြင်းဖြစ်သည်။ ငြင်းခုံခြင်းသည် မကောင်းသောအလုပ်ဖြစ်၍ ဆွေးနွေးခြင်းသည် ကောင်းသောအလုပ်ဖြစ်သည်။ ငြင်းခုံခြင်းသည် ရန်များကြောင်းဖြစ်၍ ဆွေးနွေးခြင်းသည် ဉာဏ်ပွားကြောင်းဖြစ်သည်။ ငြင်းခုံခြင်းနှင့် ဆွေးနွေးခြင်းကို ရောထွေး မသွားစေရ။

မြတ်စွာဘုရား လက်ထက်တော်အခါက ပြဿနာမေးရန် လာကြသော ပုဂ္ဂိုလ်များကို မဆွကပင် ကြိုတင်၍ မြတ်စွာ ဘုရားက တရားဆွေးနွေးရန် စည်းကမ်းချက်များ သတ်မှတ် ခဲ့လေသည်။ ဆွေးနွေးမည့် သူသည် ပုဏ္ဏားဖြစ်ခဲ့လျှင် မြတ်စွာဘုရားက အသင်ပုဏ္ဏား၊ တရား ဆွေးနွေးကြသောအခါ မေးစရာရှိလျှင်မေးရမည်။ ဖြေစရာရှိလျှင်ဖြေရမည်။ ဝန်ခံသင့်သည်ကို ဝန်ခံရမည်။ ငြင်းဆန်သင့်သည်ကို ငြင်းဆန်ရမည်။ တရားနှင့်ညီအောင် ပြောဆိုကြရမည်။ ဤသို့ဆိုလျှင် ငါတို့သည် သင်နှင့် ဆွေးနွေးကြပါအံ့ဟု မိန့်ကြား၍ တဘက်သားက ဝန်ခံမှ ဆွေးနွေးတော် မူလေသည်။ ထို့ကြောင့် တရားဆွေးနွေးရာတွင် မေးမြန်းရမည့် နေရာ၌ စည်းကမ်းတကျ မေးမြန်းတတ်ရမည်။ ဖြေကြားရမည့် နေရာ၌လည်း စည်းကမ်းတကျ ဖြေကြားတတ်ရမည်။ ဝန်ခံသင့်သောအရာ၌ ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း ဝန်ခံနိုင်ရမည်။ ငြင်းဆန်ရမည့် နေရာ၌ ရှင်းရှင်းလင်းလင်း ငြင်းဆန်တတ်ရမည်။ စကားကို ကြောင်းကျိုးဆက်စပ်၍ ပြောရမည်။ ဆွေးနွေးရန် သတ်မှတ်ထားသော အကြောင်းအရာအတွင်းမှ ပြောဆိုရမည်။ မဆိုင်သော စကားကို သွင်းမလာရ။ ကျားကျား မိုးယပ်ဆိုသကဲ့သို့ ငါ့စကားနွားရ မပြောရ။ ချလိုက်မည်၊ နှက်လိုက်မည်ဟူ၍ ခြိမ်းသည့် စကားမျိုး၊ ယောင်ခြောက်နှင့်တူသော စကားမျိုးကို မပြောရ။ စကားပြောဆိုခြင်း၏ ရည်ရွယ်ချက်သည် သူ့ကို အနိုင်ရရှိရေးအတွက် လုံးဝမဟုတ်ပဲ အမှန်တရား ဖော်ထုတ်နိုင်ရေးကိုသာ ရှေးရှုရမည်။ တဘက်သားကို နှိမ့်ချခြင်း၊ မိမိ

ကိုယ်ကို မြှင့်တင်ခြင်းမျိုး မပြုလုပ်ရ၊ အနိုင်လိုချင်သူများ၊ တဘက်သတ် ယူဆထားသူများနှင့် ဘယ်သောအခါမှ မဆွေးနွေးသင့်။ ၎င်းတို့နှင့် ဆွေးနွေးခဲ့လျှင် ငြင်းခုံခြင်းဖြင့်သာ အဆုံးသတ်လိမ့်မည်။

ဆွေးနွေးရာ၌ မိမိ၏ အယူအဆ သဘောမှန်သော်လည်း အပြောမဟန်လျှင် တဘက်သားက လက်ခံမည်မဟုတ်။ တဘက်သား လက်ခံနိုင်အောင် အကြောင်းအကျိုး၊ အကောင်းအဆိုးကို ဆက်စပ်၍ ပြောတတ်ရန်လိုသည်။ ဆွေးနွေးခြင်းသည် အလွန်တရာ ကျေးဇူးများ၏။ မဆွေးနွေးမီကပင်လျှင် ဆွေးနွေးရန်ကိစ္စ ပြဿနာများကို ဆင်ခြင်တွေးတောယင်း ဉာဏ်အမြင်ပွင့်လင်းလာလေ့ရှိသည်။ ဆွေးနွေးယင်းပင် ယခင်က မသိဘူးသော အသိထူးများ ပေါ်လာတတ်သည်။ မေ့လျော့နေသော အချက်များထင်းလာတတ်သည်။

တို့စာသင်သား ဘဝတုန်းက စာမေးပွဲတွေ တခုပြီး တခုသာ အောင်လာခဲ့တာ၊ တကယ် သဘောမပေါက်ဘူး၊ အခု စာချရတော့မှ သဘောပေါက်လာတယ် ဟု စာချ ဆရာတော်ကြီးတပါးက မိန့်ကြားတော်မူသည်ကို ကြားရဘူးသည်။ မှန်၏။ စာသင်သားဘဝမှာ အကြောင်းအရာ တခုကို ကိုယ်တိုင်သိလျှင် ပြီးတော့သည်။ စာချဆရာ ဖြစ်လာသော အခါ၌မူ အကြောင်းအရာတခုကို ကိုယ်တိုင်သိထားရုံမျှဖြင့် မပြီးတော့ချေ။ ကိုယ်သိသော အသိကို တဘက်သား သိသွားသည့်တိုင်အောင် ရှင်းလင်းပြတတ်ဖို့ လိုလာချေသည်။ အမှုမဲ့ အမှတ်မဲ့နေ၍ မရတော့။ စဉ်းစားရသည်၊ တွေးတောရသည်။ ယင်းသို့ စဉ်းစားယင်း၊ တွေးတောယင်း အသိအမြင် ကျယ်ဝန်းလာလေတော့သည်။

မိမိ၏ အယူအဆကို တဘက်သား လက်ခံနိုင်အောင် မည်သို့ မည်ပုံ တင်ပြမည်၊ တဘက်သား၏ အယူအဆများတွင် မည်သည့် အချက်အလက်များက သင့်လျော်သနည်း၊ မည်သည့် အချက်အလက်များက မသင့်လျော်သနည်း စသည်တို့ကို တွေးတော ဆင်ခြင်မှုသည် အသိအလိမ္မာ ပညာပွားကြောင်း ဖြစ်ပေသည်။ ယင်း တွေးတော ဆင်ခြင်မှုသည် တရား ဆွေးနွေးခြင်းမှ ရရှိလာသော အကျိုးပင် ဖြစ်ပေသည်။

ဆွေးနွေးခြင်းသည် ကျောင်းသား၊ ကျောင်းသူများ အတွက်လည်း အလွန်တရာ ကျေးဇူးများသော လုပ်ငန်းဖြစ်ပေသည်။ မိမိတို့အချင်းချင်း စုပေါင်း၍ မိမိတို့လေ့လာ သင်ကြားရသော ဘာသာရပ်များကို အပြန်

အလှန် ဆွေးနွေးမေးမြန်းသင့်ကြပေသည်။ ယင်းသို့ တဦးနှင့်တဦး အပြန် အလှန် ဆွေးနွေးမေးမြန်းကြခြင်းဖြင့် သင်ခန်းစာများကို ပို၍ သဘော ပေါက်လာနိုင်သည့်အပြင် မှတ်မိ သားမိလည်း ရှိလာပေလိမ့်မည်။ သင်ခန်း စာများကို လေ့လာဖတ်ရှုရာ၌လည်း တဦးနှင့်တဦး ဆွေးနွေးမေးမြန်းရ မည်ဖြစ်သဖြင့် ပိုမို၍ စိတ်ဝင်စားစွာ လေ့လာဖတ်ရှု၍ လာကြပေလိမ့်မည်။ မိမိလေ့လာပြီးသော သင်ခန်းစာများကိုလည်း တဘက်သားကို ပြန်လည် တင်ပြရဦးမည်ဖြစ်၍ ပြန်လှန် စဉ်းစားသုံးသပ်ခြင်းပြုလာပေလိမ့်မည်။

ကျောင်းသားအချင်းချင်း အပြန်အလှန်ဆွေးနွေးကြခြင်းဖြင့် သင်ခန်း စာများကြေကြေညက်ညက် သဘောပေါက်လိမ့်မည်။ မှတ်မိ သားမိရှိလိမ့် မည်။ ယင်းသို့ အချင်းချင်း ဆွေးနွေးရခြင်းသည် အလွယ်ကျောင်း တက်ရ သည်ထက်ပင် ပို၍ ကျေးဇူးများပေသည်။ ရံဖန်ရံခါ မိမိတို့တွင် သာမက ပညာရှင် တဦးနှစ်ဦး စသည်ကို ဖိတ်ကြား၍ ဆွေးနွေးပွဲ ပြုလုပ်သင့်ပေ သည်။ ဆွေးနွေးပွဲသည် သင်တန်းများ၊ ဟောပြောပွဲများထက်ပင် အကျိုး များတတ်ပေသည်။

ကျောင်းသားများသာ မဟုတ်ချေ။ အသိပညာအလိမ္မာကို လိုလားကြ သော ပုဂ္ဂိုလ်မှန်သမျှ ဆွေးနွေးပွဲများပြုလုပ်၍ အသိပညာ အလိမ္မာရှာသင့် ကြပေသည်။ ကျောင်းသားများအတွက် ကျောင်းသင်တန်းရှိသဖြင့် ဆွေး နွေးပွဲ မပြုလျှင်လည်း အထိုက်အလျောက် အသိ အလိမ္မာ ပညာ ရရှိနိုင်ပေ သည်။ ကျောင်းသားအတွက် မဟုတ်သူများ မှာမူ ဆွေးနွေးပွဲကသာလျှင် အသိ အလိမ္မာပညာ ရရှိနိုင်တော့သဖြင့် ပညာရှိများနှင့် ချဉ်းကပ်၍ ဆွေး နွေးမေးမြန်းခြင်း ပြုသင့်ကြပေသည်။

စီးပွားရေး လုပ်ငန်းများအတွက်မှာလည်း မိမိတို့၏ လုပ်ငန်းများကို ကောင်းသည်ထက်ကောင်းအောင်၊ အဆင့်အတန်းမြင့်သည်ထက် မြင့်အောင် လုပ်နည်း ကိုင်နည်း စသည်များကို ဆွေးနွေးသင့်လှချေသည်။ မိမိတို့၏ လုပ် ငန်းကို ဆွေးနွေးခြင်းဖြင့် အဆင့်အတန်းမြင့်အောင် ကြိုးစားသင့်ပေသည်။ တဦး၏အသိဉာဏ် တဦး ရရှိနိုင်ရန်အတွက် အသိဉာဏ်ဖလှယ်ခြင်းဖြင့် မိမိတို့ ဘဝအဆင့်ကို မြင့်သည်ထက်မြင့်အောင် အခါအားလျော်စွာ အသိအလိမ္မာ ပညာပွားကြောင်းများကို ဆွေးနွေးသင့်ကြပေသည်။

# ၃၁။ တပမင်္ဂလာ

ခြိုးခြံစွာ ကျင့်ရခြင်းသည် မင်္ဂလာမည်၏။

ဤ တပ မင်္ဂလာသည် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဟူသော တံခါးခြောက်ခုတို့မှ ကိလေသာ မဝင်ရအောင် စောင့်စည်းခြင်း၊ ကိလေသာကို လွန်စွာ ပူပန်စေတတ်သော သမပဓာန် လုံ့လရှိခြင်း စသောအကျင့်များနှင့် မေထုန်မှ ခြိုးခြံခြင်းများကို ဆိုလိုသည်။ ဤမင်္ဂလာ စာအုပ်၌ မေထုန်မှု၌ ခြိုးခြံခြင်းကိုသာ ဖွင့်ဆိုမည်။

ကာမဘုံသားမှန်သမျှ ရသော့ ရဟန်းများနှင့်မြတ်သောအကျင့်များကို ကျင့်သုံးနေသူများကလွဲလျှင် ဤ မေထုန်မှုနောက်ကိုသာ တစိုက်စိုက်လိုက်၍ နေကြပေသည်။ ဤကိစ္စကိုသာ သဲကြီးမဲကြီး လုံးပမ်းရှာဖွေ၍ အချိန်ကုန်ကြရလေသည်။ ဤကိစ္စတခုအတွက် သွားကြ လာကြ၊ ပြေးကြ လွှားကြ၊ ရှာကြ ဖွေကြ၊ ရိုက်ကြ နှက်ကြ၊ လုကြ ယက်ကြ၊ သတ်ကြ သေကြ တပြုန်းပြုန်း တရုန်းရုန်းနှင့် ရုန်းရင်းဆန်ခတ် ဖြစ်နေကြပေသည်။ ဤ မေထုန်မှုဟူသော တခုတည်းသော အကြောင်းကြောင့် ခံလိုက်ရသည့် ဒုက္ခတွေ အသချေနှင့် အနန္တ များလှပေသည်။ ဒုက္ခတွေ ဟခုပြီးတခု၊ ကိစ္စတွေ တခုပြီးတခု၊ အပူတွေ တပူပြီးတပူ၊ မရပ်မစဲ တွေ့ကြုံနေရခြင်းသည် အကြောင်းရင်း ဤအရေးကြောင့်ပင် ဖြစ်သည်။ ကာမဘုံသား အိမ်ထောင်သူများအနေဖြင့် ဤကိစ္စကို လုံးဝ မရှောင်နိုင်သည့်တိုင်အောင် ခြိုးခြံစွာ ကျင့်သုံးဖို့ လိုအပ်ပေသည်။ ဆားငန်ရေသောက်သကဲ့သို့ သောက်လေ သောက်လေ ငတ်မပြေသော ဤ မေထုန်မှုနောက်သို့ တကောက်ကောက် လိုက်နေလျှင် ဘယ်သောအခါမှ ဒုက္ခမီး ငြိမ်းတော့မည်မဟုတ်။ ပတည့်သောအစာကို လုံးဝ ရှောင်ကြဉ်နိုင်လျှင် ကောင်းပါ၏။ လုံးဝ မရှောင်ကြဉ်နိုင်သည့်တိုင်အောင် ခြိုးခြိုးခြံခြံ လျော့လျော့ပေါ့ပေါ့ စားသင့်ပေသည်။ ဤအရေးကို ခြိုးခြံလိုက်လျှင် အခြားအရေးတွေပါ ခြိုးခြံပြီး ဖြစ်ပေလိမ့်မည်။ ဤကိစ္စကို မခြိုးခြံနိုင်သေးသမျှ သူတော်ကောင်းတရားနှင့် နီးစပ်ဖို့ မလွယ်သေးချေ။

> ကာမဂုဏ်တရားသည် မိုဝဲစဉ်ခဏ၌သာလျှင် သာတောင့် သာယာရှိသယောင်ယောင် ဖြစ်လာသည်။ ထိုခဏတာမျှ သာယာမှု၏ နောက်တွင် အတိုင်းမသိ များစွာသော ဆင်းရဲဒုက္ခများ ပါလာ

> တော့သည်၊ သင်မိုးဓားဖျား၌လိမ်းကျံထားသော ပျားရည်ကဲ့သို့
> ဒုက္ခဖြစ်စေတတ်သော ဤ ကာမဂုဏ်တို့၌ တပ်မက်တွယ်တာသော
> အာသာဆန္ဒကို ပညာရှိသောသူတို့သည် ဖယ်ရှားကြကုန်ရာသည်။

ဟူ၍ ဟောတော်မူခဲ့သည်။

မင်္ဂလာတရားတော်သည် အလွန် ရင့်ကျက်၍ လာပေပြီ။ ဤမင်္ဂလာမှ စ၍ မြတ်စွာဘုရားသည် သတ္တဝါတို့အား နိဗ္ဗာန်တိုင်အောင် ပို့ဆောင်တော့မည်။ ဤမင်္ဂလာကို နိဗ္ဗာန်လမ်းမ၏ အစဖြစ်သော မင်္ဂလာဟူ၍လည်း ဆိုသင့်၏။ သတ္တဝါတွေအရေးကြီးဆုံး သတ်မှတ်ထားသောဤကိစ္စကို ခြိုးခြံ လျှော့ပေါ့ရန် မြတ်စွာဘုရားရှင်က တိုက်တွန်းလေသည်။ သူတော်ကောင်းတရား၏ အနီးအစပ်သို့ ချဉ်းကပ်မိပေပြီ။ ရံဖန်ရံခါ မျှလောက်သာ ကျင့်သုံးခြင်းဖြင့် မြတ်သောအကျင့်သို့ ဦးတည်လေပြီ။ ဤတပ မင်္ဂလာ၏ ရည်ရွယ်ချက်သည် ဗြဟ္မစရိယ မင်္ဂလာသို့ပို့ရန် ဖြစ်သည်။ ဗြဟ္မစရိယမင်္ဂလာသည် အရိယ သစ္စာန ဒဿနံ မင်္ဂလာသို့ ပို့ရန် ဖြစ်သည်။ အရိယသစ္စာန ဒဿနံ မင်္ဂလာသည် နိဗ္ဗာန သစ္ဆိကရိယာ မင်္ဂလာသို့ ပို့ရန်ဖြစ်ပေသည်။

ဤခြိုးခြံမှုကို ပြုလုပ်နိုင်ရန် စိတ်ကို အလွတ်ထား၍ မဖြစ်ချေ။ စိတ်ကို အလွတ်ထားခဲ့လျှင် ဤခြိုးခြံမှုကို ကျင့်သုံးနိုင်တော့မည် မဟုတ်။ ထို့ကြောင့် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော တံခါးများက ဤကိစ္စနှင့် ပတ်သက်သော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ အကြံအစည် စသည်တို့ ဖြစ်ပေါ်မလာအောင် လုံစွာ ပိတ်ဆို့၍ ထားရန် လိုပေသည်။ လုံစွာပိတ်ဆို့ ထားရမည် ဆိုရာ၌ မျက်စိ အဝတ်နှင့် စည်း၊ နား ဂွမ်းဆို့ ဟူသောအလုပ်မျိုး မဟုတ်ချေ။ ရှုမှတ်၍ ပိတ်ဆို့ ရမည်ကို ဆိုလိုသည်။

လက်ရှိလူ့ဘဝတွင် ကျန်းကျန်းမာမာ အသက်ရှည်ရှည်နေနိုင်ရေးများ အတွက်လည်း ဤကိစ္စကို လျှော့လျှော့ ပေါ့ပေါ့ ပြုလုပ်ရမည်။

ဤမေထုန်ဟူသော ကာမ သုခဆိုသည်မှာ ခွေး ဝက် စသော တိရစ္ဆာန်များပင် အလွယ်တကူ ရရှိကြသော ကိစ္စဖြစ်သည်။ မခွဲနိုင် မခွာရက် တွယ်တာ နေရန်မသင့်၊ သင့်တင့်ရုံဖြင့် ရောင့်ရဲနိုင်ရမည်။

ကိုယ်ကျင့်တရားတွေ၊ အရှက်အကြောက်တွေ မှန်သမျှ တခုမကျန် ချေမှုန်းဖျက်ဆီးတတ်သော အလုပ်ဖြစ်သည်။ အလွန် ကြောက်မက်ဖွယ် ကောင်းလှ၏။

ထို့ကြောင့် ဆင်းရဲခပ်သိမ်း၏ အကြောင်းရင်းဖြစ်သော ဤမေထုန်မှုကို လုံး၀ ရှောင်ကြဉ်ခြင်း မပြုနိုင်သေးသည့်တိုင်အောင် ခြိုးခြံ လျှော့ပေါ့စွာ ကျင့်သုံး၍ သူတော်ကောင်း တရားကို လက်ကိုင် ရရှိအောင် ကြိုးစား သင့်ကြပေသည်။

# ၃၂။ ဗြဟ္မစရိယ မင်္ဂလာ

မြတ်သောအကျင့်သည် မင်္ဂလာမည်၏။

မြတ်သောအကျင့်သည်ဟူရာ၌ ကောင်းမှုကုသိုလ်များ၊ အရိယသစ္စာများ သည်လည်း မြတ်သောအကျင့်၌ ပါ၀င်ကြပေသည်။ သို့ရာတွင် ထိုထို သော ကုသိုလ် ကောင်းမှုများ၊ အရိယသစ္စာများသည် ဆိုင်ရာ ဆိုင်ရာ မင်္ဂလာတို့တွင် အသီးသီး ပါ၀င်ကြပြီးသည်ဖြစ်၍ ဤမင်္ဂလာ၌ တည့်သွင်း ရေတွက်ရန် မလိုချေ။ ဤမင်္ဂလာ၏လိုရင်းသည် မေထုန်မှု ဟူသော မမြတ် သော အကျင့်၏ ဆန့်ကျင်ဘက်ဖြစ်သော မေထုန်မှုမှ ရှောင်ကြဉ်ခြင်းဖြစ် သော မြတ်သော အကျင့်ကိုသာ ဆိုလိုသည်။ အကျဉ်းအားဖြင့် မေထုန် မှုမှ ရှောင်ကြဉ်ခြင်းသည် မြတ်သော အကျင့်ပင်ဖြစ်သည်။

မေထုန်မှုသည် လောကရှိ အကုသိုလ်တရားတို့တွင် အယုတ်မာဆုံးသော အမှုပင် ဖြစ်ပေသည်။ ဤသာသနာတော်၌ အကြီးဆုံးသော ပြစ်မှုကြီး အဖြစ် သတ်မှတ်ထားပေသည်။ ဤအမှုကို မြတ်စွာဘုရားသည် လွန်စွာ စက်ဆုပ်တော်မူပေသည်။ ဤအမှုကို အောက်ပါအတိုင်း မြတ်စွာဘုရားရှင် က ရှုတ်ချ ပြစ်တင်တော်မူခဲ့သည်။

၁။ ယုတ်မာသော တရားဖြစ်သည်။

၂။ ရပ်သူရွာသားတို့၏ အလေ့အကျင့် ဖြစ်သည်။

၃။ ပုထုဇဉ်တို့၏ ဥစ္စာဖြစ်သည်။
၄။ အရိယာတို့၏ ဓလေ့ထုံးတမ်းမဟုတ်။
၅။ ဘာအကျိုးစီးပွားမှ ဖြစ်သော အလုပ်လည်း မဟုတ်

ဟူ၍ အပြစ်(၅)မျိုးပြခဲ့သည်။

သတ္တဝါတွေ တွေ့ကြုံနေကြရသော ဘေးခပ်သိမ်း၊ရန်ခပ်သိမ်း၊အန္တရာယ်ခပ်သိမ်း၊ ဆင်းရဲခပ်သိမ်း ဟူသမျှတို့သည် ဤယုတ်မာသော မေထုန်မှုဟူသော အကြောင်းကြောင့်သာလျှင် ဖြစ်ကြသည်။ ဒုက္ခဇာတ်အပြီးသတ်ရန်အတွက် ဤအမှုကို အပြီးသတ်ရှောင်ဖို့လိုသည်။ ဤကိစ္စတန်းလန်းနှင့် ဒုက္ခဇာတ်သိမ်းရန် မဖြစ်နိုင်ချေ။

မင်္ဂလာတရားတော်၏ အခေါင်အဖျားသို့ရောက်ရှိရန် နီးကပ်လာလေပြီ။ ဤမင်္ဂလာမှစ၍ ရှေ့တွင် လောကီမှု အယုတ်တရားတို့ကို အပြီးသတ် ပယ်ရှင်းတော့အံ့။ မြတ်စွာဘုရားရှင်သည် တပ မင်္ဂလာတုန်းကကဲ့သို့ လျှော့ပေါ့ခြိုးခြံခြင်းမျှလောက်သာ မတိုက်တွန်းတော့ပဲ ဤကိစ္စကို တခါတည်း အပြီးအပြတ် လွတ်လွတ်ကြီး စွန့်လွှတ်ရန် တိုက်တွန်းတော်မူလေပြီ။ ဤဗြဟ္မစရိယ မင်္ဂလာကြီးနှင့် ပြည့်စုံသည်နှင့် တပြိုင်နက် အထက်အကက်ဖြစ်သော မင်္ဂလာတရားများက တရှိန်ထိုးအားကောင်းလာပေတော့မည်။ ထို့ကြောင့် မြတ်စွာဘုရား၏ သားကောင်း၊ သမီးကောင်း ပီသလိုကြသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများသည် ဤအယုတ်တရားကို အပြီးသတ်စွန့်ခွာနိုင်အောင် ကြိုးစားသင့်ကြသည်။ ခဏတာဒသော သာယာမှုအတွက် အတိုင်း မသိသော ဒုက္ခကို ဖြစ်စေသော ဤအမှုကိစ္စကို မေ့မြူထားရန် မသင့်တော့ချေ။ ဤကိစ္စကို ပယ်စွန့်နိုင်ရန် ကာမဝိတက်ကို ပထမပယ်စွန့်ရန် အရေးကြီးပေသည်။ ကာမဝိတက် ဆိုသည်မှာ ကာမဂုဏ်ကို တလုံးလဲလဲတွေးတော ကြံစည်နေခြင်းကို ဆိုပေသည်၊ ကာမဂုဏ်ကို တလုံးလဲလဲ တွေးတော ကြံစည်နေလျှင် ဤဗြဟ္မစရိယ မင်္ဂလာ ဖြစ်နိုင်တော့မည် မဟုတ်ချေ။ ထို့ကြောင့် ကာမဂုဏ်ကို တလုံးလဲလဲတွေးတော ကြံစည်ခြင်းဟူသော ကာမဝိတက်ကို ပယ်စွန့်ရမည်။

ယင်းသို့ ပယ်စွန့်ရမည်ဆိုရာ၌ ငုက်ပျောခွံခွာ၍ လွှင့်ပစ်၍ ရကောင်းသော အရာလည်း မဟုတ်ချေ။ စိတ်ကို ကာမဝိတက် မဖြစ်စေနှင့်ဟု တား၍ မရ။ သို့ဖြစ်လျှင် အဘယ်သို့ ကာမဝိတက်ကို ပယ်ရှားရမည်နည်း။

ဆော့နေသော ကလေးတယောက်ကို မဆော့နဲ့ ငြိမ်ငြိမ်နေဟု ပြောကာမျှဖြင့် ကိစ္စပြီးမည် မဟုတ်။ ကလေးဆိုသည်မှာ အငြိမ်မနေနိုင်သောအရာဖြစ်သည်။ အငြိမ်မနေနိုင်သော အရာကို ငြိမ်ငြိမ်နေရမည်ဟု ပြောခြင်းသည် မီးကို ပူပါနှင့် ပြောသကဲ့သို့ အကျိုးမရှိသော ဆုံးမခြင်းပင် ဖြစ်သည်။ ထို့ကြောင့် အငြိမ်မနေနိုင်သော ကလေးကို အငြိမ်နေနိုင်မည်ဟု ပြောမည့်အစား ငြိမ်ငြိမ်နေရသော အလုပ်ကလေးတခုပေးထားခြင်းသည် အကောင်းဆုံးဖြစ်ပေသည်။

ထို့ကြောင့် မကောင်းမှု၌ ဝင်စားလေ့ရှိသော စိတ်ကို မကောင်းမှု၌ မဝင်စားနိုင့်ဟူသော အကျိုးမဲ့တားဆီးခြင်းမျိုး မပြုတော့ပဲ အာရုံတခုခုကို ရှုမှတ်၍ နေစေခြင်းသည် အပိုင်ဆုံး အနိုင်ဆုံးဖြစ်ပေသည်။ ယင်းသို့ အာရုံတခုခုကို ရှုမှတ်၍နေသောအခါ စိတ်သည် မငြိမ်မသက် တုန်လှုပ်၍ နေတတ်သည်။ စိတ်မပျက်ရ။ သူ့သဘောအတိုင်းပင်ဖြစ်သည်။ဤသို့ အစ၌ အငြိမ်မနေခြင်းသည် စိတ်ဟူ၏ ဓမ္မတာပင် ဖြစ်သည်။

ရေထဲ၌ မွေးဖွား၍ ရေထဲ၌သာ ကျက်စားလာခဲ့သော ငါးကို ကြည်းကုန်းပြင်သို့ ဆယ်တင်လိုက်သောအခါ ထိုငါးသည် တဆတ်ဆတ် တုန်၍ တဖျပ်ဖျပ် ခုန်နေသကဲ့သို့ ငါးပါးအာရုံ ကာမဂုဏ်တို့ဖြင့် တသံသရာလုံး ကျင်လည်လာခဲ့သော ထိုစိတ်ကို ကမ္မဋ္ဌာန်း အာရုံသို့ ရှေးရှု တင်လိုက်သည်နှင့်တပြိုင်နက် ဟသတ်ဆတ်တုန်၍ တဖျပ်ဖျပ် ခုန်နေခြင်းသည် စိတ်၏ သဘာဝပင် ဖြစ်ပေသည်။

ဤရှုမှတ်မှုဖြင့် ကာမဝိတက် မဖြစ်အောင် သိမ်းဆည်း၍ မေတ္တာမှုကို ရှောင်ကြဉ်ခြင်းသည်သာလျှင် ခိုင်လုံစိတ်ချရသော နည်းဖြစ်သည်။ ဤနွေခြောက်ပါးကို မယိမ်းသိမ်းပဲ အောင့်ထားရသော ရှောင်ကြဉ်မှုသည် စိတ်မချရပေ။ ကာမဝိတက်တွေက တဖွားဖွားနှင့် မတော်ဘူး မကောင်းဘူး ဟူ၍ အောင့်ထားရသော ရှောင်ကြဉ်မှုသည် အာရုံဝတ္ထုနှင့် နီးကပ်လာလျှင် ပေါက်ကွဲသွားတတ်သည်။ ၎င်းကို အောင့်လုံးကြီး ပေါက်သည်ဟု ခေါ်သည်။

ဆရာကြီး ဦးလှသိန်းက ရဟန်းဘဝမှ သူ လူထွက်၍လာခဲ့ရခြင်းသည် အောင့်လုံးကြီးပေါက်သွား၍ဖြစ်ကြောင်းကိုဟောပြောသွားခဲ့ဘူးသည်။ ထို

ကြောင့်ဤအမြဲပြဟုစရိယာကို ရှောင်ကြဉ်ရာ၌အောင့်ထားရသောရှောင်ကြဉ်ခြင်းမျိုး မဖြစ်ရအောင် ရှုမှတ်မှုဖြင့် စိတ်ကို ထိန်းသိမ်းထားရန် လိုပေသည်။

ဤမေထုန်မှုသည် အကုသိုလ် မကောင်းမှု အားလုံးတို့၏ ရှေ့သွားခေါင်းဆောင်ကြီးပင်ဖြစ်သည်။ ကုန်တွဲအမျိုးမျိုး၊ လူစီးတွဲအမျိုးမျိုးတွေ တသီတတန်းကြီး ဆွဲလာသော မီးရထားစက်ခေါင်းကြီးကဲ့သို့ ကိုယ်ဖြင့် ပြုအပ်သော မကောင်းမှုများ၊ နှုတ်ဖြင့် ပြောအပ်သော မကောင်းမှုများ၊ စိတ်ဖြင့် ကြံအပ်သော မကောင်းမှုများ ဟူသော မီးရထားတွဲကြီးများကို ဆွဲယူ၍လာသော အကုသိုလ် စက်ခေါင်းကြီးပင် ဖြစ်ပေသည်။

ဤမဂ်လာကို ဖြည့်ကျင့်ရန် ခက်ခဲသည်ဟု အားမလျှော့လေနှင့်။ ဤကိစ္စကို မပြုကျင့်ရသဖြင့် ကိုယ်စိတ်နှစ်ပါး အလွန်ဆင်းရဲလိမ့်မည်ဟု မထင်လေနှင့်။ ခက်လည်း မခက်၊ ဆင်းလည်း မဆင်းရဲပါ။ မခက်ရုံ မဆင်းရဲရုံသာ မဟုတ်၊ အလွန်လွယ်ကူ၍ ချမ်းသာလှပါသည်။ တည်ငြိမ်နေသော စိတ်သည် အလွန် အေးချမ်းသည်။ ဥပမာပေး၍မဖြစ်၊ စစ်တုရင်ထိုးသော အခါ၊ ကျားထိုးသောအခါ၊ ပိုကာဒေါင်းသောအခါ၊ ကက်ဆွဲသောအခါ စိတ်သည် ထိုအာရုံများ ထဲသို့ ဝင်ရောက်ကာ တည်ငြိမ်နေသဖြင့် ညောင်းလို့ ညောင်းမှန်း မသိ၊ ပူလို့ ပူမှန်း မသိ၊ ထမင်းဆာလို့ ဆာမှန်းမသိ၊ အချိန်တွေကုန်သွားလို့ ကုန်မှန်း မသိ၊ အေးချမ်းမှုရကြသည်။ မကောင်းသော အာရုံထဲ၌ တည်ငြိမ်သော စိတ်သည်ပင်လျှင် ဤမျှချမ်းသာလျှင် ကောင်းသော အာရုံ၌ တည်ငြိမ်သော စိတ်သည် အဘယ်မျှပွယ်ပျော ရှိအံ့နည်း။ ပြောမယုံ ကြုံဘူးမှသိ ဆိုသကဲ့သို့ အားထုတ်ဖူး သူတို့သာ သိကြပေလိမ့်မည်။

ထို့ကြောင့် မြတ်စွာဘုရားရှင် စက်ဆုပ်တော်မူလှသော ဤအယုတ်တမာမှုကို အပြီးသတ် ရှောင်ကြဉ်ခြင်းဖြင့် နိဗ္ဗာန်ကမ်းတိုင် တက်လှမ်းနိုင်ကြကုန်ရာသည်။

# ၃၃။ အရိယာ သစ္စာန ဒဿန မင်္ဂလာ

အရိယာသစ္စာကို သိမြင်ရခြင်းသည် မင်္ဂလာမည်၏။

သစ္စာတရားသည် အရိယာ ပုဂ္ဂိုလ်တို့ သိအပ်သော တရား ဖြစ်သော ကြောင့် အရိယာ သစ္စာဟု ခေါ်သည်။ ထိုအရိယာသစ္စာကို သိမြင်ရခြင်း သည် ဒုက္ခခပ်သိမ်း အေးငြိမ်းစေကြောင်း ကောင်းမြတ်သောတရား ဖြစ် သဖြင့် မင်္ဂလာ မည်ပေသည်။

အရိယာသစ္စာသည် အရေအတွက်အားဖြင့် (၄)ပါး ရှိသည်။ ၎င်းတို့ မှာ–

၁။ ဒုက္ခ သစ္စာ
၂။ သမုဒယ သစ္စာ
၃။ နိရောဓ သစ္စာ
၄။ မဂ္ဂ သစ္စာ

တနည်းအားဖြင့်–

၁။ ဒုက္ခအရိယာ သစ္စာ
၂။ ဒုက္ခ သမုဒယ အရိယာသစ္စာ
၃။ ဒုက္ခ နိရောဓ အရိယာသစ္စာ
၄။ ဒုက္ခ နိရောဓ ဂါမိနီ ပဋိပဒ္ဒာ အရိယာသစ္စာ

ဟူ၍ (၄) ပါး ဖြစ်ပေသည်။

ဒုက္ခသစ္စာ ဆိုသည်မှာ ဆင်းရဲသောတရား၊ တရားကိုယ်အားဖြင့် ရုပ် တရား၊ နာမ်တရား နှစ်ပါးကို ခေါ်သည်။

သမုဒယသစ္စာ ဟူသည်မှာ ဆင်းရဲကြောင်းတရား၊ ဆင်းရဲခြင်းကို ဖြစ် စေသောတရား၊ တဏှာကို ခေါ်သည်။ တရားကိုယ်အားဖြင့် လောဘပင် တည်း။

နိရောဓသစ္စာ ဟူသည် ဆင်းရဲချုပ်ရာတရား တရားကိုယ်အားဖြင့် နိဗ္ဗာန်ပင်တည်း။

မဂ္ဂသစ္စာ ဟူသည် ဆင်းရဲချုပ်ရာသို့ရောက်ကြောင်းဖြစ်သော တရား၊ တရားကိုယ်အားဖြင့် မဂ္ဂင်ရှစ်ပါး အကျင့်တရားပေတည်း။

# ဒုက္ခသစ္စာ

ဒုက္ခသစ္စာကို အနည်းငယ် ချဲ့ထွင်ဖော်ပြရလျှင် အိုရခြင်း၊ နာရခြင်း သေရခြင်း၊ ချစ်သူ ချစ်စရာ အာရုံတို့နှင့်အတူ နေချင်ပါလျက် ကွဲကွာနေရခြင်း၊ မုန်းသူ မုန်းစရာ အာရုံတို့နှင့် မတွေ့ချင်ပါပဲလျက် တွေ့ တွေ့နေရခြင်း၊ *ဤသို့မဖြစ်ပါစေနှင့်ဟု မဖြစ်အောင် အားထုတ်နေပါလျက် ဖြစ်လာတတ်ခြင်း၊ *ဤသို့ ဖြစ်ပါစေဟု ဖြစ်အောင် အားထုတ်နေပါလျက် မဖြစ်လာခြင်း။ ဤဒုက္ခနှစ်ပါးကို လယ်တီ ဆရာတော်ဘုရားကြီးက 'အကြင် ရလိုလျက် နှစ်သက်စွဲလမ်း၊ ကြိုးပမ်းအားထုတ်၊ လုပ်ဆောင်ရှာမှီးပါလျက်၊ မရလေပဲ ရှောင်ယွင်ပျက်စီး၊ အချည်းအနှီး ဖြစ်ရသောဒုက္ခ' ဟူ၍ ဖွင့်ဆိုတော် မူခဲ့သည်။ အကျဉ်းချုပ်အားဖြင့် ဥပါဒန်၏ အာရုံဖြစ်သော ခန္ဓာငါးပါးသည်သာလျှင် ဒုက္ခကြီးပါပေတည်း။

ဤ ဒုက္ခသစ္စာတွင် အိုရခြင်း၊ နာရခြင်း၊ သေရခြင်း၊ ချစ်သူ ချစ်စရာ အာရုံတွေနှင့် ကွဲရခြင်း၊ မုန်းသူ မုန်းစရာ အာရုံတွေနှင့် တွဲရခြင်း၊ ဖြစ်ချင်တာမဖြစ်ပဲ မဖြစ်ချင်တာ ဖြစ်ရခြင်းဟူသော သဘောတရားတို့သည် အမှန်စင်စစ် ဆင်းရဲသောတရားများ ဖြစ်သည်ဟူ၍ အလွယ်တကူ သဘောပေါက်နိုင်သော ဆင်းရဲခြင်းများ ဖြစ်ကြပေသည်။ အကျဉ်းအားဖြင့် ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာငါးပါး၏ ဆင်းရဲခြင်း သဘောကိုမူကား သက်ဝင်ယုံကြည်နိုင်ရန်၊ လက်ခံနိုင်ရန် ခဲယဉ်းလှပေသည်၊ သို့ဖြစ်၍ ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာငါးပါး၏ ဆင်းရဲပုံကို ဆက်လက် ဖော်ပြဦးမည်။

ခန္ဓာငါးပါး ဟူသည်

၁။ ရူပက္ခန္ဓာ = ရုပ်တရား အစု
၂။ ဝေဒနက္ခန္ဓာ = ခံစားတတ်သော တရားအစု
၃။ သညက္ခန္ဓာ = မှတ်သားတတ်သော တရားအစု
၄။ သင်္ခါရက္ခန္ဓာ = စေ့ဆော်တတ်သော တရားအစု
၅။ ဝိညာဏက္ခန္ဓာ = သိမှု တရားအစု

အကျဉ်းမှတ်ရန်။ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်

---

မှတ်ချက်။ ။ *ဒုက္ခနှစ်မျိုးမှာအမှန်အားဖြင့် ယံပိစ္ဆံ နလဘတိ တံပိဒုက္ခံ ဟူသောဒုက္ခ တမျိုးတည်းသာတည်း။ဖြစ်ချင်တာ မဖြစ်ခြင်း၊ မဖြစ်ချင်တာ ဖြစ်ခြင်း ဟူ၍ သဘောပေါက်လွယ်အောင် နှစ်မျိုး ခွဲခြားယားခြင်းဖြစ်သည်။

လောကတွင် အိုသည်ဟူသော သဘောတရားသည် အခြားတနေရာမှ ရောက်လာသော သဘောတရား မဟုတ်ချေ။ လက်ရှိဖြစ်သော ရုပ်တရား အစု၏ ရင့်ရော်ခြင်း၊ အိုဟောင်းခြင်း၊ ဆွေးမြေ့ခြင်း သဘောများကိုပင် အိုသည်ဟု ခေါ်ခြင်း ဖြစ်ပေသည်။ ထိုနည်းအတူ နာသည်ဟူသော သဘော တရားသည်လည်း တခြားတနေရာမှ ရောက်လာသည် မဟုတ်ချေ။ ဤခန္ဓာ၌ သာလျှင် ဖြစ်ပေါ်လာသော ကြင်နာခံခက်၊ နှိပ်စက်ပူဆာ၊ မချမ်းသာသော ဝေဒနာအစုပင် ဖြစ်ပေသည်။ ထိုနည်းတူစွာ သေခြင်းဟူသော သဘော တရားမှာလည်း လက်ရှိဖြစ်သော ဤ ရုပ်တရားအစု၏ ဖောက်ပြန်ခြင်း၊ တမျိုးတဖုံ ဖြစ်သွားခြင်း၊ ဆုံးရှုံးပျက်စီးခြင်းသဘောသာ ဖြစ်ပေသည်။ ချစ်သူ ချစ်စရာ အာရုံနှင့် ခွဲရသော ဆင်းရဲ၊ မုန်းသူ မုန်းစရာအာရုံနှင့် တွဲရသော ဆင်းရဲများသည်လည်း ချစ်သူ မုန်းသူဟူသော မှတ်သားမှု အစု ရှိနေ၍သာ ချစ်သူနှင့် ခွဲရခြင်း၊ မုန်းသူနှင့် တွဲရခြင်း စသော ဆင်းရဲ ခြင်းများ ရှိလာရခြင်း ဖြစ်ပေသည်။ အဟုတ်သော် ဟမူ ခွဲရ၊ တွဲရသော ဆင်းရဲဒုက္ခသည် ဤမှတ်သားမှု တရားအစုပင် ဖြစ်တော့သည်။ ထိုဆင်းရဲ ဒုက္ခမျိုးစုံတို့ကြောင့် စိုးရိမ်ခြင်း၊ ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ပြင်းစွာ ပူပန် ခြင်း စသော ဒုက္ခများသည်လည်း အဟုတ်သော်တမူ စေ့ဆော်မှုတရား အစုသာလျှင် ဖြစ်ပေသည်။ သိမှု သဘောတရား အစုသည်လည်း အထက် ပါ ဆင်းရဲ အစုတို့၏ ဦးစီးခေါင်းဆောင်အဖြစ် ပါဝင်တော့သည်သာ တည်း။ ထို့ကြောင့် အိုသည်၊ နာသည်၊ သေသည်မှာ အခြားမဟုတ်၊ ဤ ခန္ဓာငါးပါးပင်တည်း။ ချစ်သူနှင့် ကွဲရသည်၊ မုန်းသူနှင့် တွဲရသည်၊ လိုအင် ဆန္ဒ မပြည့်ဝသည် ဟူသော ဆင်းရဲခြင်းများသည်လည်း ဤခန္ဓာငါးပါး ပင်တည်း။

မှန်၏။ ဆင်းရဲဆိုသည်မှာ ခန္ဓာငါးပါးဖြစ်၍ ခန္ဓာငါးပါးသည်ပင် လျှင်ဆင်းရဲ ဖြစ်ပေသည်။ ဤမျှဆိုလျှင် ခန္ဓာ ငါးပါး ဆင်းရဲ ဟူသော စကားကို သဘော ပေါက်လောက်ပေပြီ။

ဆက်လက်၍ ဒုက္ခသစ္စာကို ဖွင့်ပြဦးမည်။ ဆင်းရဲခြင်းသည် သုံးမျိုး သုံးစား ရှိပေသည်။ ၎င်းတို့မှာ—

၁။ လုပ်ကိုင် ရှာမှီး အားထုတ်ရသောဆင်းရဲ။

၂။ ဖောက်ပြန်ပျက်စီးတတ်သောဆင်းရဲ။

၃။ ဆင်းရဲပေါ် ဆင်းရဲထပ်သော ဆင်းရဲ

ဟူ၍ ဖြစ်ပေသည်။

လျှော့အလို အချိုအရသာကလေး ခံစားနိုင်ရန်အတွက် ပထမဦးစွာ အချိုအရသာကလေး ရရှိရန် အကောင်းအဆိုး နည်းအမျိုးမျိုးနှင့် ကြိုးစား ရှာဖွေ ရလေသည်။ အချိုအရသာလေး ရရှိလာပြန်တော့လည်း လျှာက အလိုလိုမချို၊ လျှာပေါ်သို့ အချိုကလေး ပို့၍ ပို့၍ ပေးနေရသည်။ ဤနှယ် ကြိုးပမ်းပေးနေရခြင်းသည် လုပ်ကိုင် ရှာမှီး အားထုတ်ရသော သင်္ခါရဒုက္ခပင် ဖြစ်ပေသည်။ လျှာပေါ်သို့ အချိုလေးရောက်သော အခါမှာလည်း ခဏတာ လေးမျှ ချို၍ မတည်မြဲပဲ ချက်ချင်း ပျောက်ပျက် ကုန်ဆုံးသွားတော့သည်။ ဤနှယ် ဖောက်ပြန်ပျက်စီးခြင်းသည် ဝိပရိနာမ ဒုက္ခပင် ဖြစ်သည်။ လျှာပေါ်က အချိုလေး ကုန်သွားပြန်သောအခါ နောက်တကြိမ် လျှာပေါ်သို့ အချိုလေး ပို့ရပြန်ချေပြီ။ ပို့ပြီးနောက် ပျောက်ပြန်လေသည်။ အချိုအရသာကလေး ခံစားရမှုအတွက် မနားမရပ် ထပ်တလဲလဲ ကြိုးစားနေရခြင်းသည် ဆင်းရဲပေါ် ဆင်းရဲကပ်နေသော ကြောင့် ဒုက္ခ ဒုက္ခ မည်ပေ၏။ ကာမချမ်းသာဆိုသည်မှာ ဤနည်းနှင်နှင်သာ တည်း။

ချမ်းသာဟူသော သဘောတရားသည် တကယ်ရှိသော တရားလည်း မဟုတ်ချေ။ လက်ရှိ တွေ့ကြုံနေရသော ဆင်းရဲမှ ခွေတ္တမျှ သက်သာခွင့် ရရှိသွားခြင်းကို ချမ်းသာဟု ခေါ်ခြင်းသာ ဖြစ်ပေသည်။ ဥပမာအားဖြင့်၊ ယားနေသော ဆင်းရဲကို ကုတ်လိုက်ခြင်းဖြင့် ဖြစ်ပေါ်လာသော သက်သာခွင့်၊ ဆာလောင်နေသော ဆင်းရဲကို အစာ ထည့်ပေးလိုက်ခြင်းဖြင့် ဖြစ်ပေါ်လာသော သက်သာခွင့်၊ ခြေ လက်များ တာရှည် ကွေးထားရသဖြင့် ညောင်းညာလာသော ဆင်းရဲကို ဆန့်ပေးလိုက်ခြင်းဖြင့် ဖြစ်ပေါ်လာသော သက်သာခွင့်၊ အသံကောင်းကောင်းကလေး ကြားချင်နေသော အခါ နားနှင့် အသံကောင်းကောင်းကလေးကို တိုက်ဆိုင်ပေးလိုက်ခြင်းဖြင့် ဖြစ်ပေါ်လာသော သက်သာခွင့်၊ ရုပ်ရှင်ကြည့်လိုသောအခါ ရုပ်ရှင်နှင့် မျက်စိကိုတိုက်ဆိုင်ပေးလိုက်သဖြင့် ဖြစ်ပေါ်လာသော သက်သာခွင့်ဟူသော ခဏတာမျှ ဆင်းရဲခြင်းမှ သက်လာခွင့်ရလာခြင်းကိုပင် ချမ်းသာဟု မှတ်ယင် နေခြင်း ဖြစ်ပေသည်။ အဟုတ်သော်တမူ ဤခန္ဓာ ငါးပါးသည် ချမ်းသာဟူ၍ မြူမျှ မဖက် သက်သက်သော ဒုက္ခအစုကြီးသာတည်း။

လောကတွင် ဖြစ်၍ဖြစ်၍ လာကြသော တရားမှန်သမျှတို့သည် ပျက်၍ ပျက်၍ သွားလေသောကြောင့် စင်စစ်မမြဲသော အနိစ္စမျိုးတို့သာတည်း။

ထိုမမြဲသော တရားမှန်သမျှတို့သည် စင်စစ် ဆင်းရဲသော ဒုက္ခမျိုးတို့သာတည်း။ ဤမမြဲသော ဆင်းရဲခြင်းတို့ မဖြစ်ကြပါစေနှင့်ဟု တောင့်တ၍လည်းမရ၊ တားဆီးခြင်းငှာလည်း မတတ်နိုင်၊ ဘယ်သူဟော့ ကြိုက်ကြိုက် မကြိုက်ကြိုက် ဖြစ်ခွင့်ကြုံလျှင်ဖြစ်မည်၊ ဖြစ်ပြီးလျှင် ပျက်မည်ဟူသော သူ့သဘောအတိုင်း သူ ဖြစ်ပျက်နေသောကြောင့် အနတ္တမျိုးတို့ သာတည်း။ ထို့ကြောင့် မြတ်စွာဘုရားရှင်က-

> အလုံးစုံသော သင်္ခါရတရား မှန်သမျှသည် စင်စစ် ဆင်းရဲခြင်းများပေတည်း။ အကြင်အခါ၌ ပညာဖြင့် ဆင်းရဲသော တရားကို ဆင်းရဲသောတရားဟူ၍သိ၏။ ထိုအခါ ဆင်းရဲသောတရား၌ ငြီးငွေ့၏။ ယင်းသို့ ဆင်းရဲသော တရား၌ ငြီးငွေ့ခြင်းသည် ကိလေသာ အညစ်အကြေးမှ ကင်းဝေးစင်ကြယ်ခြင်း၏ အကြောင်းဖြစ်ပေသည်။

ဟု ဟောတော် မူခဲ့လေသည်။

ဆင်းရဲကို ဆင်းရဲမှန်း မသိ၍ စွဲလမ်းနေကြခြင်း ဖြစ်ပေသည်။ ခက်နေသည်မှာ ဆင်းရဲကို ဆင်းရဲမှန်းမသိရုံမျှမက ဆင်းရဲကို ချမ်းသာဟု ထင်နေသဖြင့် ဆင်းရဲကို မလွှတ်နိုင် မခွာနိုင် ဖြစ်နေခြင်း ဖြစ်ပေသည်။

ပေါက်ပင်အောက်မှခွေးသည် နီရဲနေသော ပေါက်ပွင့်များကိုသာ အသားတစ်ဟု အသာငမ်းငမ်း စောင့်မျှော်နေစဉ် ပေါက်ပွင့်တပွင့်ကြွေကျလာသောအခါ ဝမ်းသာအားရပြေးကာ ဟပ်တော့သည်။ ဟပ်လိုက်သည်နှင့် တပြိုင်နက် သူဟပ်လိုက်သောအရာသည် အသားတုံး မဟုတ်မှန်း သိလေတော့သည်။ သူဟပ်လိုက်သော အရာကို အသားတုံး မဟုတ်ဟု သိသော်လည်း အပင်ပေါ်မှာရှိသော ပေါက်ပွင့်တို့ကို အသားတုံး ဖြစ်သည်ဟူသော အထင်မှားမှုကို မစွန့်လွှတ်နိုင်ချေ။ ငါဟပ်လိုက်သော အရာသာလျှင် အသားတုံး မဟုတ်ခြင်းဖြစ်သည်၊ အပင်ပေါ်က အရာများကား အသားတုံးများသာဖြစ်ချေသည် ဟူသော ခွေးငတ်၏ အမြင်ကဲ့သို့ ကာမဂုဏ်တောထဲ ချမ်းသာရှာယင်း ဆင်းရဲမှ မလွှတ်နိုင်ပဲ ရှိလေတော့သည်။

အိုရမည်၊ နာရမည်၊ သေရမည်ကို လူတိုင်းပင် သိကြသည်။ ယင်းသို့ သိသော်လည်း နေသာထိုင်သာ ရှိနေကြခြင်းမှာ အိုတော့ အိုရလိမ့်မည်၊ သို့ရာတွင် ငါယခု မအိုသေး။ နာတော့ နာရလိမ့်မည်၊ သို့ရာတွင် ငါယခု

မနာသေး။ သေတော့ သေလိမ့်မည်။ သို့ရာတွင် ငါယခု မသေသေး။ အိုဘေး၊ နာဘေး၊ သေဘေးသည် ငါနှင့် အတော်လေး ဝေးပါသေးသည်ဟူသော အမြင်မှားမှုကြောင့်သာ ဖြစ်ပေသည်။ အိုဘေး၊ နာဘေး၊ သေဘေးက တကယ်မဝေးပါ။ ဘယ်ပြေးလို့မှလဲ မလွတ်ပါ။ နာသန်တလူနာတဦးက အမလေး၊ မသေလို့ တွေ့ရတယ်၊ ကျုပ်တော့ ဒီတခါ သွားရောမှတ်တာ၊ သမားတော်ကြီးတွေကလည်း ကောင်းရှာပါတယ်၊ ဘာမှလိုလေသေး မရှိပါဘူး၊ တူတော်မောင်ကလည်း ဆရာဝန်ဆိုတော့ အားလုံးပြည့်ပြည့်စုံစုံ ဖြစ်တာပေါ့၊ သုံးလလောက် အလူးအလဲ ခံလိုက်ရတာ စသော စကားများ ပြောလေ့ရှိကြသည်။ ဆေးရုံက ဆင်းလာပြီ ဖြစ်၍ သေဘေးက လွတ်ခဲ့ပြီဟု ထင်မှတ်ကြလေသည်။ သေမင်းကြားလျှင် ပြုံးလိမ့်မည်။ ဘယ်ပြေးလို့ လွတ်မည်နည်း။ ဒီတခါမမိလျှင် နောက်တခါ မိတော့မပေါ့။ ဤခန္ဓာကိုယ်တခုလုံး စိတ်ချရသော အခိုင်အမာ အရာဝတ္ထုဟူ၍ တခုမှမရှိချေ။

သူတို့သာ အစားမဆင်ခြင်လို့၊ အနေမတတ်လို့ သေကြသည်။ ငါတို့ကတော့ အစားဆင်ခြင်လို့၊ အနေတတ်လို့ တော်တော်နှင့် သေမည် မဟုတ်စသည်ဖြင့် ကိုယ့်ကိုယ်ကို ရသေ့စိတ်ဖြေ ပြုကြရမည်။ အချုပ်အားဖြင့် ခန္ဓာငါးပါးရှိသမျှ ဒုက္ခရှိမည်သာတည်း။ ဒုက္ခဟူသော အမည်သည် ခန္ဓာငါးပါး၏ အမည်သာတည်း။ ဤသည်လျှင် ဒုက္ခသစ္စာ ဖြစ်ပေသည်။

## သမုဒယ သစ္စာ

ဒုက္ခကို ဖြစ်စေတတ်သော တဏှာသည်ပင်လျှင် သမုဒယသစ္စာ မည်ပေသည်။ မှန်၏။ တဏှာသည် ဒုက္ခအားလုံး၏ အကြောင်းရင်း ဟာဘုးကြီးဖြစ်ပေသည်။ ဒုက္ခမှန်သမျှ တဏှာနှင့်ကင်း၍ မဖြစ်နိုင်ချေ။ တဏှာသည် ချမ်းသာကို ပေးစွမ်းနိုင်သောတရားမဟုတ်။ သက်သက်သော ဒုက္ခကိုသာလျှင် ဖြစ်စေတတ်သော အကြောင်းရင်းတရား ဖြစ်ပေသည်။

လူဆိုး တယောက်ကို ခိုးတတ်သောကြောင့် သူခိုး၊ လုတတ်သောကြောင့် ဒမြ၊ အရက် သောက်စားတတ်သောကြောင့် အရက်သမား၊ လောင်းကစားတတ်သောကြောင့် ကစားသမား၊ လိမ်တတ်သောကြောင့်

လူလိမ်၊ လူသတ်တတ်သောကြောင့် လူသတ်သမား စသည်ဖြင့် လူဆိုး ကယောက်တည်းကိုပင် လုပ်ဆောင်ချက် အမျိုးမျိုးကို လိုက်၍ နာမည် အမျိုးမျိုး ခေါ်ကြ သကဲ့သို့။

လောဘသည် သာယာ တပ်မက်တတ်သောကြောင့် တဏှာ၊ ပြင်း စွာ စွဲလမ်းတတ်သောကြောင့် 'ဥပါဒါန်၊' ယိုစီးသွားတတ်သောကြောင့် 'အာသဝ'၊မျောပါ နစ်မွန်းသွားတတ်သောကြောင့် 'ဩဃ'၊ ဒုက္ခနှင့် တတွဲ ကည်း တွဲနေအောင် ယှဉ်စပ်တတ်သောကြောင့် 'ယောဂ'၊ မဆုံး မကုန်နိုင် သောကြောင့် 'ဂန္ထ'၊အမှန်တရားကို မမြင်အောင်ဖုံးလွှမ်းတတ်သောကြောင့် 'နီဝရဏ'၊ ချည်နှောင် ဖွဲ့စည်းတတ်သောကြောင့် 'သံယောဇဉ်'၊ ပူပန်စေ တတ်သောကြောင့် 'ကိလေသာ' စသည်ဖြင့် အမည်ပေါင်းများစွာ ရရှိလေ သည်။ တဏှာသည် သူ့ချည်းသက်သက် ဘာတခုမှ ဖြစ်နိုင်သည် မဟုတ်။ မသိမှု အဝိဇ္ဇာတရား ပူးတွဲပါရှိမှ ဖြစ်နိုင်ပေသည်။ တဏှာပါလျှင် အဝိဇ္ဇာ ပါစမြဲ၊ အဝိဇ္ဇာပါလျှင် တဏှာပါစမြဲ၊ အဝိဇ္ဇာဟုဆိုလျှင် တဏှာလည်း ပါတော့သည်။ ထိုနည်းအတူ တဏှာဟု ဆိုလျှင်လည်း အဝိဇ္ဇာလည်း ပါ တော့သည်။ တဏှာသည် ထိုထိုအာရုံတို့ကို လွန်စွာ စွဲလမ်းကပ်ငြိတတ် သော တရား၊ မျောက်နှဲစေးကဲ့သို့ ထိရာထိရာ ငြိတတ်သော တရား၊ ထိုထိုအာရုံတို့၌ ခုံမင်နှစ်သက်တတ်သော တရား၊ ဘဝသစ်ကို ဖြစ်စေတတ် သော တရား ဖြစ်ပေသည်။

တဏှာသည် ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာဟူ၍ သုံးမျိုးရှိ သည်။ ကာမတဏှာ ဟူသည်မှာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ အထိ ဟူသော အာရုံငါးပါး ကာမဂုဏ် တရားတို့ကို ကပ်ငြိတွယ်တာတတ် သော တဏှာဖြစ်ပေသည်။

ဘဝတဏှာဟူသည်မှာ သဿတဒိဋ္ဌိနှင့်တကွ ဖြစ်သော တဏှာ၊ ဝိဘဝ တဏှာဆိုသည်မှာ ဥစ္ဆေဒဒိဋ္ဌိနှင့်တကွ ဖြစ်သော တဏှာပင် ဖြစ်ပေသည်။ ဤတဏှာနှစ်ပါးကို ရှင်းလင်းရာ၌ သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ ဟူသော စကားများပါရှိနေခြင်းကြောင့် ထိုနှစ်ပါးကို အရင်ရှင်းရန် လိုပေသည်။

သဿတဒိဋ္ဌိ ဆိုသည်မှာ အတိတ်ဘဝ၊ ယခုဘဝ၊ နောင် ဘဝများ အားလုံးကို တဆက်တည်းကဲ့သို့ မှတ်သားထားသော အယူမှားပင် ဖြစ် သည်။ အသက်၊ ဝိညာဉ်၊ လိပ်ပြာ ဟူသော နာမ်တရားလေးသည် ဟိုဘဝမှ

ဤဘဝသို့၊ ဤဘဝမှ ထိုဘဝသို့ လူးလာစုန်ဆန် ကူးသန်းလျက်ရှိသည်။ ထိုအသက်ကောင်၊ ဝိညာဉ်ကောင်၊ လိပ်ပြာကောင်ကလေးသည် လူ့ဘဝရောက်၍ လူဖြစ်လိုက်၊ နတ်ဘဝရောက်၍ နတ်ဖြစ်လိုက်၊ တိရစ္ဆာန်ဘဝရောက်၍ တိရစ္ဆာန်ဖြစ်လိုက် စသည်တို့ဖြင့် ထိုမှ ဤသို့ လူးလာစုန်ဆန် ကူးသန်းလျက်ရှိသည် ဟူသော အယူအဆပင် ဖြစ်သည်။ လောက်လန်းသဖွယ် ဝိညာဉ်တွယ်သည် ဟူသော စကားပုံသည် သဿတဒိဋ္ဌိ စကားပုံပင် ဖြစ်သည်။ ဤသဿတဒိဋ္ဌိသည် ဗုဒ္ဓဘာသာဝင် အများအပြားတို့မှာလည်း ရှိနေကြသည်။ ၎င်းသည် အပါယ် ရောက်စေတတ်သော တရား မဟုတ်ချေ။ ဤအယူရှိနေသူသည် အတိတ်ဘဝများ ရှိခဲ့သည်ကိုလည်း လက်ခံသည်။ အနာဂတ်ဘဝများ ရှိလိမ့်မည်ကိုလည်း လက်ခံသည်။ ထို့ကြောင့် အနာဂတ်ဘဝများ ကောင်းစားရေးအတွက် ကုသိုလ် ကောင်းမှုများကို ပြုကြသည်။ အနာဂတ်ဘဝတွင် ဆင်းရဲဒုက္ခ မတွေ့ရအောင် မကောင်းမှုများကိုလည်း ရှောင်ကြသည်။ ထိုကောင်းမှုများကြောင့် လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာများကို ရကြသည်။ ကုသိုလ်ကို ကုသိုလ်ချင်းဆက်၍ ဉာဏ်မပါသော ကုသိုလ်က ဉာဏ်ပါသော ကုသိုလ်ကို ထောက်ပံ့ခြင်းဖြင့် နိဗ္ဗာန်သို့ တိုင်အောင် ရောက်နိုင်ကြသည်။ ထို့ကြောင့် ယင်းသည် မှားသော အယူဆိုသော်လည်း မဆိုးလှသေးချေ။

ဥစ္ဆေဒဒိဋ္ဌိ ဆိုသည်မှာ ဒီဘဝ ဒီမျှနှင့် အပြတ်ပင်ဖြစ်သည်။ ရှေးဘဝတွေ၊ နောက်ဘဝတွေ မရှိတော့။ သေလျှင်ပြီးတော့သည်။ ဘဝဆိုသည်မှာ ခေါင်းနှင့် ပုခက် အကြားသာ ရှိသည်။ ပုခက်၏ ရှေ့ကလည်း ရှိခဲ့သည် မဟုတ်၊ ခေါင်းနောက်လည်း ရှိတော့မည်မဟုတ်။ ပုခက်ရှေ့ကိုပြန်၍ မကြည့်နှင့်၊ ခေါင်းနောက် ကျော်၍ မမျှော်နှင့်။ ရှေ့တွင်ခရီးဆက်ရန် မရှိတော့ပြီ ဟူသော အယူအဆပင်ဖြစ်သည်။ နက်ဖြန်ခါ မရှိသော လူတစ်ယောက်သည် နက်ဖြန်ခါအတွက် ဘာမှ လုပ်ထားတော့မည် မဟုတ်သကဲ့သို့ နောင်ဘဝမရှိသော ထိုသူသည် နောင်ဘဝ ကောင်းစားရေးအတွက် ကုသိုလ်ကောင်းမှုများလည်း ပြုတော့မည်မဟုတ်၊ နောင်ဘဝ မဆင်းရဲအောင် ဟူ၍လည်း မကောင်းမှုများကိုလည်း ရှောင်ကြဉ်တော့မည်မဟုတ်၊ အပယ်သို့ တန်းတန်း စိုက်စိုက် သွားမည့်သူသာတည်း။ သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိဆိုသည်မှာ ဤတရားများပင်တည်း။

သတ္တဝါ မှန်သမျှတို့သည် ကာမဂုဏ်ကို တွယ်တာသည်။ မိမိဘဝကို တွယ်တာသည်။ ကာမဂုဏ်၌ တွယ်တာခြင်းကို ကာမတဏှာဟု ခေါ်သည်။

ဘဝကို တွယ်တာရာ၌ တွယ်တာပုံနှစ်မျိုးနှစ်စား ထူးခြားနေသဖြင့် ဘဝ တဏှာနှင့် ဝိဘဝ တဏှာဟူ၍ တဏှာနှစ်ပါး ကွဲပြားလာရသည်။

ဘဝတဏှာ ဆိုသည်မှာ မိမိ၏ လက်ရှိဘဝကို မလွှတ်နိုင် မခွာနိုင် အောင် စွဲလမ်း ကပ်ငြိနေခြင်းကိုခေါ်ပေသည်။ ဘဝကို တွယ်တာသည် ဆိုရာ၌ ချမ်းသာသော ဘဝကို တွယ်တာသည်မှာ ဖြစ်လောက်ပေသည်။ ဆင်းရဲအတိပြီးသော ဘဝကို အသို့လျှင် တွယ်တာနိုင်အံ့နည်းဟု မေးဖွယ် ရှိချေသည်။ မေးလည်း မေးသင့်ပါပေသည်။ ဘာပဲဖြစ်ဖြစ် သတ္တဝါမှန် သမျှ မိမိဘဝကို တွယ်တာကြသည်သာတည်း။ မြို့ထဲ ရွာထဲ မနေနိုင်၊ မြို့ပြင် ရွာပြင် ဇရပ်ပျက် တဲကုပ်တွင် အထီးကျန် ဘဝဖြင့် နေရသော နူနာ ရောဂါ သည်၏ဘဝကို လက်တို ခြေတို တကိုယ်လုံး ပြည်စိုစိုဖြင့် တညီညီ တလှောင် လှောင်၊ ယင်ကောင် တရုံးရုံးဖြင့် မြင်ရသူများ စိတ်မချမ်းမြေ့ဖွယ်ရာ ရှိလောက်သော ထိုအနူ ရောဂါသည်လည်း အနူရောဂါ ပျောက်လျှင်လည်း ပျောက်၊ မပျောက်လျှင်လည်းနေ အသက်ရှည်ရှည် နေလိုသည်သာတည်း။ လက်မပါသော သူသည်လည်း လက်မပါပဲလျက်သာလျှင် အသက်ရှည်ရှည် နေလိုသည်။ ခြေမပါသောသူသည်လည်း ခြေမပါပဲလျက်သာလျှင် အသက် ရှည်ရှည်နေလိုသည်။ ယုတ်စွအဆုံး ငရဲသတ္တဝါတို့သည်ပင်လျှင် ငရဲဝဋ်ကသာ ကျွတ်လိုသည်၊ အသက်ကိုမူ မသေလိုကြချေ။

ယင်းသို့ မိမိဘဝကို မလွှတ်နိုင် မခွာနိုင် တန်းတန်းစွဲ ကပ်ငြိတွယ်တာနေ ရာ၌မည်မျှလောက် တွယ်တာသနည်းဟုဆိုလျှင် ဤခန္ဓာသည် နောက်နောင် ဘဝများတွင်လည်း တဆက်တည်း ပါတော့မည်ကဲ့သို့ အများပြောလေ့ရှိကြ သော သေရာပါတော့မည်ကဲ့သို့ ဆိုသည့်အတိုင်း တဆက်တည်းပင် ရှိနေ တော့မည့်နှယ် ဘဝပေါင်းများစွာ တဆက်တည်း ပါတော့မည်ကဲ့သို့ သတဿဒိဋ္ဌိနှယ်သို့ ပျော်ကြသည့်တိုင်အောင် လက်ရှိဘဝကို သဲသဲမဲမဲ စွဲလမ်း တွယ်တာနေခြင်းကို ဘဝတဏှာဟု ခေါ်သည်။

ဝိဘဝတဏှာဆိုသည်မှာလည်း လက်ရှိ မိမိဘဝကိုပင် မလွှတ်နိုင် မခွာ နိုင် တန်းတန်းစွဲကပ်ငြိနေခြင်းကို ခေါ်ပေသည်။ ယင်းသို့ မိမိဘဝကို မလွှတ် မခွာနိုင် တန်းတန်းစွဲ ကပ်ငြိတွယ်တာနေရာ၌ မည်မျှလောက် တွယ်တာ သနည်းဟုဆိုလျှင် လူတယောက်သည် သူ့၌ ရှိသော သမိုင်းဝင် ပစ္စည်း တခုကို သိမ်းဆည်းရာ၌ ၎င်းပစ္စည်းပျောက်ဆုံးသွားခဲ့လျှင် နောက်နောင် ဘယ်နည်းနှင့်မှ အစားပြန်လည်၍ရနိုင်တော့မည် မဟုတ်ခြင်းကြောင့် အထူး

သတိပြုကာ သိမ်းဆည်း ထားဘိသကဲ့သို့ ဤဘဝလေး ဆုံးရှုံးသွားလျှင် ခက်ရချေရဲ့၊ ဤဘဝလေး ပျက်စီးသွားလျှင် အစား ပြန်ရနိုင်တော့မည် မဟုတ်၊ နောက်နောင် ဘဝသစ်အစား ပြန်၍ မရနိုင်တော့မည့်နှယ် ဥစ္ဆေဒ ဒိဋ္ဌိနှယ်သို့ ရောက်သည့်တိုင်အောင် မိမိဘဝကို တွယ်တာနေသော တဏှာကို ဝိဘဝတဏှာဟု ခေါ်သည်။

သို့အပြင် ဝိဘဝတဏှာဆိုသည်မှာ ဘဝရှိလို့ ဒုက္ခရှိရတယ်၊ ဘဝပြတ်မှ ဒုက္ခအေးမယ်ဟု အထင်ရောက်၍ ဘဝ ကင်းပြတ်ခြင်းကို တောင့်တသော တဏှာဟူ၍လည်း ဖွင့်ဆိုကြသေးသည်။

ထိုတဏှာသည် အဘယ်၌ဖြစ်၍ အဘယ်၌ တည်သနည်းဟု ဆိုသော် မြတ်စွာဘုရားရှင်သည် မဟာသတိပဋ္ဌာနသုတ်တော်၌ အောက်ပါအတိုင်း ဟောတော်မူခဲ့သည်။

> ရဟန်းတို့- ထိုတဏှာသည် အဘယ်အရပ်၌ဖြစ်၍၊ အဘယ်အရပ်၌ တည်သနည်း။ ရဟန်းတို့ ထိုတဏှာသည် ချစ်ဖွယ်သော အာရုံ၊ သာယာဖွယ်သော အာရုံ၌ ဖြစ်၏။ ချစ်ဖွယ်သော အာရုံ၊ သာယာဖွယ်သော အာရုံ၌ တည်၏။ ရဟန်းတို့၊ ထိုချစ်ဖွယ်သော အာရုံ၊ သာယာ ဖွယ်သော အာရုံ ဟူသည် အဘယ်နည်း၊ ရဟန်းတို့ မျက်စိသည် ချစ်ဖွယ်သော အာရုံ၊ သာယာဖွယ်သော အာရုံပေ တည်း။

ဤနည်းတူ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့ကိုလည်း ယူရမည်။ တဏှာ၏ တည်နေရာကို ဤသုတ်တော်၌ နေရာပေါင်း မခြောက်ဆယ် ပြခဲ့သည်။

မျက်စိ၌ တဏှာဖြစ်ပုံ၊ တဏှာတည်ပုံကိုရှင်းလင်းပါဦးမည်။ စားပွဲတခု ပေါ်တွင် နှစ်တောင်ခန့် အနံရှိသော လူ့တရပ်ခန့် အမြင့် အဖြူရောင်ကား ချပ်ကြီးတခု ထောင်ထားပါ။ ထိုကားချပ်ကြီး၏ အောက်ခြေတွင် အသင့် ဖျော်စပ်ထားပြီးဖြစ်သော အဖြူ၊ အနီ၊ အဝါ၊ အပြာ၊ အစိမ်း၊ အနက် ဟူသော ဆေးရောင်စုံခွက်ကလေးများ စီ၍ ချထားပါ။ စုတ်တံ အရွယ် အစား အမျိုးမျိုးကိုလည်း ချထားပါ။ ပြီးလျှင် လုလင် တယောက်ကို ခေါ်၍ အမောင် လုလင် ဤကားချပ်ကြီးနှင့်အတူ ဆေးရောင်စုံခွက်များ၊ စုတ်တံများကို တစိပ်စိပ်ကြည့်ရှု၍ ကာမရာဂစိတ်များ ထကြွလာအောင် ကြိုးစားပါလော့ဟု တိုက်တွန်းခဲ့လျှင် ထိုလုလင်က အဘယ်သို့ပြန်၍ ပြော

မည် ထင်ပါသနည်း။ ကြုံကြုံဖန်ဖန် ဒါတွေ ကြည့်ပြီး ဘယ်နှယ်လုပ်ပြီး ကာမရာဂစိတ်ဖြစ်နိုင်မလဲဟု ပြောပေလိမ့်မည်။ မှန်ပေသည်။ ဤလုလင် သာမဟုတ်၊ အဘယ်သို့သော ယောကျ်ားမှ ကိုပစ္စည်းတွေကြည့်၍ ကာမ ရာဂစိတ် ဖြစ်နိုင်လိမ့်မည် မဟုတ်ချေ။ ရှိစေတော့။

နိုင်ငံကျော် ပန်းချီ ဆရာကြီးတဦးကို ခေါ်၍ ထိုပိတ်ကားပေါ်တွင် ထိုဆေးများဖြင့် အလှဆုံးသော ဇာတ်လိုက် မင်းသမီးကလေးတဦး၏ပုံတူကို ရေးဆွဲလိုက်မည်ဆိုလျှင် ထိုလုလင်မဆိုထားဘိ၊ ပုံတူကို မြင်ရသူ ယောကျ်ား မှန်သမျှ ကာမရာဂစိတ်များဖြစ်လာကြပေမည်။ ပန်းချီဆရာက ရိုးရိုး သား သား ရေးလျှင် တော်ပါသေး၏။ ရိုးရိုးသားသား မရေးပဲ လက်ဆော့လိုက် မည်ဆိုပါလျှင် မြင်ရသူ ဗိုလ်သတ္တဝါ မှန်သမျှ သွက်သွက် လည်ကြမည်သာ ဖြစ်ပေသည်။

အသို့နည်း။ ဤကားချပ်နှင့် ဤဆေးတွေကြည့်၍ ကာမရာဂစိတ်မဖြစ်နိုင် ပါဘူးဆိုသော ကို ဖိုသတ္တဝါမှန်သမျှတို့သည် ဤကားချပ်နှင့် ဤဆေးကို ပင် ကြည့်၍ သွက်သွက် လည်ကြလေပြီကကား။ အံ့ဩဖွယ်ရာ ကောင်းလှ ၏။ ထို ဖိုသတ္တဝါတို့၏ စိတ်ကားတွေ ဤမျှလောက် ပြောင်းပြန်ဖြစ်သွား သော်လည်း ပစ္စည်းများမှာ မူလက ရှိခဲ့သော ကားချပ်ကြီးနှင့် ဆေးရောင် စုံ များသာဖြစ်သည်ကကား။ ဘာတခုမှ တိုး၍လည်းမလာ၊ လျော့၍လည်း မသွားခဲ့ချေ။ သို့ရာတွင် ဆေးရောင်စုံ ကလေးတို့၏ ပုံစံများက တမျိုးတဖုံ တော့ ပြောင်းလဲသွားခဲ့ပေသည်။ ဆေးရောင်စုံကလေးတို့၏ ပုံစံများ တမျိုး တဖုံ ပြောင်းလဲသွားခဲ့သဖြင့် ဆေးရောင်စုံများဟူသော သညာမှ ကောင်မ ကလေးဟူသောသညာသို့ ရောက်ရောက်သွားခဲ့ပေသည်။ ဆေးရောင်စုံများ ဟူသော သညာသည် လုံးလုံးမရှိတော့ပြီ။ ကောင်မလေးဟူသော သညာ သည်သာလျှင် ထင်ရှားလာလေသည်။ ပုံစံ နောက်သို့ သညာပါ၍ သွားခဲ့ပြီ။ သညာနှင့်ကပ်လျက် တဏှာဖြစ်လေသည်။ ဤမျက်စိကား ခုတမျိုး ခုတမျိုး မြင်တတ်ချေ၏။ ဤကား အဝိဇ္ဇာ၏ စွမ်းရည်ကြောင့် မျက်စိတွင် တဏှာ ဖြစ်ပုံ၊ တဏှာတည်ပုံပေတည်း။

နား၌ တဏှာဖြစ်ပုံနှင့် တဏှာကည်ပုံကို ရှင်းလင်း ပြဦးမည်။ ညအခါ လာသာသာ အသံကောင်း အဆိုကောင်းနှင့် အတီးသံလေးများ ကြားလိုက် ရလျှင် တစိမ့်စိမ့် ကြည်နူး၍၊ လွမ်းစရာ ရှိတာလေးတွေ ပေါ်လာ၍ တလွမ်းလွမ်း တဆွေးဆွေး ဖြစ်လာရတော့သည်။ အဆိုကလည်းပိုင်၊ အတီး

ကလည်း နိုင်သဖြင့် ကြားရသူတို့မှာ ဆွေး တသိမ့်သိမ့်နှင့် စိမ့်၍ စိမ့်၍ ကြည်နူးနေကြပေလိမ့်မည်။ မြန်မာများ ဤမျှလောက် ကြည်နူးစဖွယ်၊ လွမ်းစဖွယ် ကောင်းလောက်သော ဆိုသံ တီးသံတို့ကို ကုလား တရုတ် များက နားပူကြပေလိမ့်မည်။ ဘာလုပ်နေကြတယ် မသိဘူး၊ နားပူလို့ တညလုံး မအိပ်ရဘူးဟု ညည်းညူကြပေလိမ့်မည်။ ကုလားဗုံလေးတလုံးနှင့် ဖြည်းဖြည်းတီးလိုက်၊ မြန်မြန်တီးလိုက်၊ သာသာတီးလိုက်၊ နာနာတီးလိုက်၊ ဖွင့်တီးလိုက်၊ အုပ်တီးလိုက်နှင့် တီးသူကတီး၍ ကုလားသီချင်း ဆိုသူကဆို နေသောအခါ ကြားရသူ ကုလားကြီး လေး ငါး ခြောက်ယောက်မှာ နံရံ ကိုမှီကာ ခြေဆင်းလျက် မိမိတို့၏ ဇာတိ ရပ်မြေကို မှန်းဆကာ၊ တမ်းတ ကာဖြင့် လွမ်းဆွတ်နေသည်ကို တွေ့ခဲ့ဘူးသည်။ သူတို့က ဤမျှလောက် လွမ်းဆွတ် နေသော်လည်း မြန်မာများက ကုလားတွေ ဘာလုပ်ကြတယ် မသိဘူး၊ နားပူလိုက်တာ၊ တညလုံး မအိပ်ရဘူး ဟု ညည်းညူ ကြပေလိမ့် မည်။

မြန်မာစကားတလုံး တလေမှ နားမလည်သော နိုင်ငံခြားသား တဦးကို မျက်နှာ ပြုံးပြုံးကလေးထား၍ မြန်မာလို ညစ်ညစ် ညမ်းညမ်း အမျိုးမျိုး ဆဲရေးသော်လည်း ထိုနိုင်ငံခြားသားက ဖြုံလိမ့်မည် မဟုတ်ချေ။ ထိုနိုင်ငံ ခြားသားကို ဆဲသည့်နည်းမျိုး တခွန်း နှစ်ခွန်းလောက် မြန်မာချင်း ဆဲလိုက် မည်ဆိုလျှင် ဓားခုတ်ပွဲ ဖြစ်စရာရှိပေသည်။

ရှေးအခါက မြန်မာ အရာရှိတယောက် ရခိုင်ပြည်၌ ရခိုင်လူမျိုး သူငယ် ချင်းတယောက်ထံသို့ အလည်အပတ် သွားသောအခါ ရခိုင်သူငယ်ချင်းက ဝမ်းသာအားရ ကြိုဆိုဧည့်ခံလေသည်။ ဟိုနေ့ညတွင် ရခိုင်ဇာတ်ပွဲ ကပြသည်နှင့် ကြုံကြိုက်၍ ရခိုင်ဇာတ်ပွဲသို့ သူငယ်ချင်းအား ခေါ်၍ ပြလေတော့သည်။ ဇာတ်ပွဲသို့ ရောက်သောအခါ ကုလားထိုင်တလုံးစီနှင့် အမြန့်သား ထိုင်၍ ကြည့်ကြရာ၊ မကြာမီဇာတ်ပွဲစတော့သည်။ စလျှင်စခြင်း ရခိုင်မင်းသားချော လေး တဦး ထွက်လာ၍ သီချင်းတပုဒ် သီဆိုလေတော့သည်။ ရခိုင်မင်းသား သီချင်းတပုဒ် ဆိုလိုက်သည်နှင့် တပြိုင်နက် ပရိသတ်ကြီး တခုလုံးမှာ မီးကို ရေနှင့် ငြိမ်းသတ်လိုက်သကဲ့သို့ ငြိမ်ကျသွားတော့သည်။ မြန်မာဧည့်သည် မှာ အံ့အားသင့်၍ အနီးရှိ ပရိသတ်များ၏ မျက်နှာကို လှမ်းကြည့်ရာ မျက်ရည်ကလေးတွေ တစမ်းစမ်းနှင့် ဖြစ်နေသည်ကို တွေ့မြင်ရလေသည်။ တဖန် မိမိ၏ ရခိုင်သူငယ်ချင်းကို ကြည့်လိုက်ရာတွင်လည်း မျက်ရည်လေး

စမ်းစမ်း ဖြစ်နေသည်ကို မြင်ရပြန်လေသည်။ မြန်မာ ညွှဲသည်၏ စိတ်တွင် ဤသီချင်းသည် အလွန် လွမ်းစရာကောင်းသော သီချင်းဖြစ်ပေလိမ့်မည်ဟု ကြံစည်၍ အဓိပ္ပာယ်သိလိုလှသဖြင့် သူငယ်ချင်းကို လက်တို့၍မေးရာ သူငယ်ချင်းက သိပ်လွမ်းစရာ ကောင်းတဲ့ သီချင်းပါကွာ၊ အိမ်ကျမှ အဓိပ္ပာယ် ပြည့်ပြည့် စုံစုံ ငါပြောပါ့မယ်ဟု မျက်ရည် •တရွဲရွဲနှင့် ဖြေကြားရှာလေသည်။

မြန်မာညွှဲသည်မှာ ဤသီချင်းကိုစိတ်ဝင်စားလှ၍အခြားအဆိုအကများကိုပင် သတိမထားမိတော့ပဲ အိမ်ပြန်ခဲ့ရလေသည်။ အိမ်ရောက်လျှင်ရောက်ချင်း သူငယ်ချင်းဖြစ်သူအားမေးရာ 'ဟာ သိပ်လွမ်းစရာကောင်းတဲ့ သီချင်းကွ၊ အဓိပ္ပာယ်ကတော့ မိုးကလေး ရွာပြီးကာစဖြစ်လို့ တောင်ကမ်းပါးစောင်းမှာ မြက်ပင်ကလေးတွေက စိမ်းနေကြတယ်၊ အဲဒီမြက်ပင်ကလေးတွေကိုဆိတ်ကလေးနှစ်ကောင်က စားနေကြတယ်ကွာ'ဟုအဓိပ္ပာယ်ပြောလိုက်ရာ မြန်မာညွှဲသည်မှာ လက်ခုပ် လက်ဝါးတီး၍ ခွက်ထိုးခွက်လန်မျက်ရည်ထွက်အောင်ပင်ရယ်လေတော့သည်။ရယ်ယင်း မျက်ရည်သုတ်ကာဖြင့် 'မင်းတို့ရခိုင်တွေရူးချက် ပြင်းထန်လိုက်တာအံ့ရော၊ မိုးရွာတာ၊ တောင်ကမ်းပါးစောင်းမြက်ကလေးတွေပေါက်နေတာ၊ မြက်တွေ ဆိတ်ကလေး နှစ်ကောင်ကစားနေတာများလွမ်းရတယ်လို့ပဲ ဖြစ်မှဖြစ်ရတယ်ကွာ'ဟု၍ ထပ်ပြန်ဟားလဲလဲကဟားဟားရယ်မော၍နေလေတော့သည်။ နောက်ဆုံး ရခိုင်သူငယ်ချင်းမှာ မခံမရပ်နိုင်တော့၍ 'နေစမ်းပါအုံး နေစမ်းပါအုံး၊ မင်းတို့ ဗမာမှာရော ဒီလို လွမ်းစရာ ကောင်းတဲ့ သီချင်းတွေ ရှိတာပဲ မှတ်လား'

'ဘယ်သီချင်းတွေလဲ' ဟု ပြန်မေးရာ ရခိုင်သူငယ်ချင်းက အသံနေ အသံထားဖြင့် 'ဟိုတောင်ဆီရယ်က ညိုတိုတိုရယ် ညိုတိုတိုရယ်၊ မိုးဆိုကင့်ဆိုထင့် မိုးကလေး ရွာရင်နေ့ဘ်ဗျာ ဘယ်သူ့ကို လွမ်းရပါမယ်၊ အဲဒီ သီချင်းကျတော့ မင်းတို့ဗမာတွေကလည်း လွမ်းတာပဲ မဟုတ်လား' ဟု ပြောရာ–

ဗမာက–

'ဟ၊ အဲဒီ သီချင်းက တကယ် လွမ်းစရာကောင်းတဲ့ သီချင်းပဲ'

'ဒီလိုဆို တို့ ရခိုင်သီချင်းကတောင် ပိုပြီး လွမ်းစရာ ကောင်းသေးတာပေါ့၊ မင်းတို့ ဗမာသီချင်းက မိုးကလေးညိုရုံ ညိုသေးတာပဲ၊ တပေါက်မှတောင် မရွာသေးပဲနဲ့၊ ငါတို့ ရခိုင်သီချင်းက မိုးရွာလို့၊ မြက်တွေပေါက်လို့ မြက်တွေကိုတောင် ဆိတ်တွေက စားနေပြီပဲ' ဟု ချေပလေတော့သည်။

ရေတ်သီးသည် လျှာမရွေး စပ်ပေသည်။ သကြားသည် လျှာမရွေး ချို ပေသည်။ သူစားတော့တမျိုး၊ ငါစားတော့တဖုံ မဖြစ်ပေ။ မီးသည် လူမျိုး မရွေး ပူပေသည်။ ရေခဲသည် လူမျိုးမရွေး အေးပေသည်။ သူကိုင်တော့ တမျိုး၊ ငါကိုင်တော့တဖုံ မဖြစ်ပေ။ မြန်မာတို့၏ လှမ်းစရာကောင်းသည် ဟူသော အသံသည် မြန်မာတို့ ထင်သည့်အတိုင်း လှမ်းစရာ ကောင်းရိုး မှန်လျှင် ကုလားများကလည်း လှမ်းသင့်သည် မဟုတ်ပါလော။ အဘယ့် ကြောင့် ကုလားများက နားခါးကြလေသနည်း။ ကုလားတို့ လှမ်းစရာ ကောင်းသည် ဟူသော အသံသည် ကုလားတို့ထင်သည့်အတိုင်း လှမ်းစရာ ကောင်းရိုးမှန်လျှင် မြန်မာများကလည်း လှမ်းသင့်သည် မဟုတ်ပါလော။ အဘယ့်ကြောင့် မြန်မာများက နားခါးကြလေသနည်း။

မြန်မာတို့ ဆဲရေးလိုက်သော စကားသည် မြန်မာချင်း ခေါးခုတ်ပွဲ ဖြစ် လောက်အောင် နာကျည်းစရာ ကောင်းရိုးမှန်လျှင် နိုင်ငံခြားသားကလည်း နာကျည်းသင့်သည် မဟုတ်ပါလော။ ရခိုင်တို့၏ အလှမ်း သီချင်းသည် ရခိုင်တို့ ထင်သည့်အတိုင်း လှမ်းစရာကောင်းရိုးမှန်လျှင် မြန်မာတို့က မရယ် နိုင်တန်ရာ။ အမှန်မှာ အသံသာ ဖြစ်ချေသည်။ ထိုအသံကိုပင်လျှင် ချစ်ရာ မှတ်သူတို့က ချစ်ကြသည်။ မုန်းစရာ မှတ်သူတို့က မုန်းကြသည်။ လှမ်းစရာ မှတ်သူတို့က လှမ်းကြသည်။ အသံကို အသံအတိုင်း ဂိုက်မထားပဲ ချစ်စရာ မုန်းစရာဟု မှတ်သားကြသဖြင့် ချစ်ကြရ၊ မုန်းကြရသည်။ ဤသည်လျှင် နား၌ တဏှာဖြစ်၍ တဏှာတည်ပုံပေတည်း။

ဤနည်းအတူ နှာခေါင်းမှာလည်း တဏှာတည်သည်။ ချစ်စရာအနံ့၊ မုန်းစရာအနံ့၊ အမွှေးနံ့၊ အပုပ်နံ့၊ လျှာမှာလည်း ချစ်စရာ့အရသာ၊ မုန်းစ ရာ့ အရသာ၊ အချိုအခါး၊ အမှတ်အသားတွေ့စိုလှသည်။ အတွေ့ မှာလည်း နူးနူးထွက်ထွက်ကလေး၊ ကြမ်းကြမ်း တမ်းတမ်းကြီး၊ ချစ်စရာ့အတွေ့၊ မုန်းစ ရာ့ အတွေ့ဟူ၍ ထိတိုင်း ထိတိုင်း ထိတဲ့အပေါ် သတိမပါ၍ ချစ်စရာ၊ မုန်း စရာတွေ ထင်မှတ်ကြပြီးလျှင် ချစ်ကြ မုန်းကြတော့သည်။

ထိုပြင် ကြံစည်မှုဟူသော စိတ်၌ တဏှာဖြစ်တတ်ပုံကို မှတ်သားဖွယ်ရာ ကောင်းလှသော ကျေးဇူးရှင် သက်တော်ရှည် ရွှေကျင်သာသနာပိုင် စံခင်း ဆရာတော်ဘုရားကြီး ဟောကြားတော်မူသည်ကို မမှိတ်ဆွေတဦးမှတဆင့် နာဘူးခဲ့ရသည်။

တခါက အောက်ပြည် အောက်ရွာမှ ဦးဇင်းလေးတပါး မန္တလေးမြို့သို့ စာသင်ရန် ရောက်လာခဲ့ပေသည်။ မန္တလေးမြို့သို့ ရောက်သောအခါ

အကြောင်းသင့်၍ ဆွမ်းတကာဆွမ်းအစ်မများအလှယ်တကူပင် ရရှိလေသည်။ ဦးဇင်းလေး၏ ဆွမ်းတကာ၊ ဆွမ်းတကာမကြီးများတွင် ဆယ့်ခြောက်နှစ် အရွယ်ခန့်ရှိသမီးတယောက်သာရှိသည်။ တခြားသားသမီးမရှိပေ။သားသမီး နည်း၍ ဦးဇင်းလေးကို ဆွမ်းပို့၍ သံယောဇဉ် တွယ်ကြပေသည်။ လေးငါးနှစ် ကြာ၍ စာပေသင်ကြားပြီးသောကြောင့် ဦးဇင်းလေးမှာ အောက်ပြည်သို့ ပြန်ရန် စီစဉ်လေတော့သည်။ အစီအစဉ်များ ပြုလုပ်ပြီးနောက် တကာကြီး တကာမကြီးတို့ထံ သွားရောက်နှုတ်ဆက်ရာ တကာကြီး တကာမကြီးတို့က ဦးဇင်းလေးအား လှူဒါန်းဖွယ်ရာများကို အရေးတကြီး စီမံကြ၍ နောက် တနေ့ မီးရထားဘူတာအထိ သူတို့ သားအမိ သားအဖ သုံးယောက်စလုံး လိုက်ပို့မည်ဖြစ်ကြောင်း လျှောက်ထားလေသည်။ နောက်တနေ့ ဦးဇင်း လေးနှင့်အတူ မိသားစု သုံးယောက်စလုံး ဘူတာရုံသို့ လိုက်ကြ၍ အထုပ် အပိုးများကို သူတို့ကိုယ်တိုင် မီးရထားပေါ်သို့ တင်ပေးကြလေသည်။ ဦးဇင်းလေး မီးရထားပေါ်သို့ ရောက်သောအခါ ပြတင်းပေါက်မှ ခေါင်း ပြူ၍ နှုတ်ဆက်တော့သည်။ မိသားစု သုံးယောက်စလုံး ရထားဘေးမှရပ်၍ တကာကြီး၊ တကာမကြီးများက ဦးဇင်းလေးမှာ ကျန်းမာရေး မပြည့်စုံ၍ အစားအသောက် ဆင်ခြင်စေလိုကြောင်း၊ ရွာရောက်လျှင် ကျန်းမာရေးကို အထူးဂရုစိုက်စေလိုကြောင်း၊ မကြာမကြာလည်းစာရေးစေလိုကြောင်း၊ ရှေ့ နှစ်ခါကျတော့အမေအဖေများကိုပါခေါ်၍ မန္တလေးဘုရားဖူးလာကြစေလို ကြောင်း၊ မန္တလေးရောက်လျှင်မိမိတို့အိမ်မှာတည်းခိုကြစေလိုကြောင်း၊ဘာ မှအားနာရန်မရှိကြောင်း၊ တတွတ်တွတ် ပြောကြားနေပေသည်။ ကလေးမ လေးမှာဘာစကားမှ မပြောပဲ ဦးဇင်းလေးမျက်နှာ ကွက်ခနဲကြည့်လိုက်၊သူ့ လက်ထဲမှ ထီးရိုးလေးနှင့် မြေကြီးကိုခြစ်လိုက်၊ သူ့ အဖေ အမေ မျက်နှာ ကြည့်လိုက် ပြုလုပ်၍သာနေပေသည်။ မီးရထားစ၍ ထွက်လေပြီ။ ထိုအခါမှ ကောင်မလေး လှုပ်ရှားလာကာ မီးရထားနှင့်ယှဉ်၍ တလှမ်းချင်းလိုက်ကာ 'ဦးဇင်းက ကိုယ့်မြို့ ကိုယ့်ရွာ ရောက်တော့ မှာပဲဆိုတော့ သိပ်ပျော်မှာပဲနော်' 'ဘယ် ပျော်တယ်ဟုတ်မလဲဟာ၊ အချိန်တန်တော့လဲ အိမ်ပြန်ရတာပေါ့' 'တပည့်တော်မတော့ ဆွဲမြည်ာပဲဘုရာ့' ဟု လျှောက်ထားဆဲတွင် မီးရထား အရှိန်ရ၍ ကောင်မလေး ကျန်ခဲ့လေတော့သည်။

ဦးဇင်းလေးရွာသို့ရောက်၍ တနှစ်ကျော်ကြာသောအခါ ဦးဇင်းများ စုဝေးကာ စကားပြောဆို နေကြခြင်းနှင့် ဆုံလေတော့သည်။ ဦးဇင်းတွေ အားလုံးလိုလိုပင် တလှည့်စီ မိမိတို့ ရောက်ဘူးသော ပယ်ရွာများအကြောင်း၊

နေခဲ့ဘူးသော ကျောင်းများအကြောင်း ပြန်ပြောင်း ပြောဆိုကြလေသည်။ ရွှေမန်းပြန် ကိုယ်တော်ကလည်း မန္တလေး စာသင်သွားစဉ်က အတွေ့ အကြုံများကို ဝင်ရောက်ပြောဆိုတော့သည်။ ပြောယင်း ဆိုယင်း တခုသတိ ရဟန်ဖြင့် အတန်ငယ် ငေ့သွားပြီးလျှင် 'တပည့်တော်ခုထိ စဉ်းစားလို့ မရ တာ တခုရှိနေတယ်ဘုရား၊ မီးရထား ထွက်ခါနီး ကောင်မလေးက "ဆွဲမြ ည္ဘာ"လို့ တပည့်တော်ကို လှမ်းပြောလိုက်တာ တပည့်တော် ခုထိ အဓိပ္ပာယ် စဉ်းစားလို့ မရဘူး' ဟု ပြောလိုက်သည်တွင် ဦးဇင်းကြီးတပါးက၊ 'ဟ ကောင်မလေးက ဦးဇင်းကို ဒီလိုပြောလိုက်သလား'၊ 'ဟုတ်တယ်၊ ပြောလိုက် တယ်ဘုရား'၊ 'ဆွဲမြည္ဘာ ဆိုတာက သီချင်းရှိတယ်ဘုရား၊ တပည့်တော် ဆိုပြ အုံးမယ်' ဟု ပြောစာ ဦးဇင်းကြီးက—

'ဆွဲမြည္ဘာရယ်လေ၊ ခွဲရမှာ တမေခက်ပါဘိ၊

'ရွှေမျက်ရည် တဖြာဖြာနှင့် ဘဝင်မှာ မအေး'

ဟု အသံနေ အသံထားဖြင့် ဆိုပြလိုက်ရာ ဦးဇင်းလေး ငြိမ်ကျသွားတော့ သည်။ ဦးဇင်းကလေးကား အတိတ်သို့ပြန်ချေပြီ။ ကိုယ်မပူပဲ အဖျားတက် လေပြီ။ ကျောင်းခန်းထဲ ပြန်၍ အိပ်ရာထဲပက်လက်လှန်သည်နှင့်တပြိုင်နက် ကောင်မလေးမျက်နှာကွက်ခနဲပေါ်လာလေပြီ။မီးရထားထွက်ခါနီး မျက်နှာ လေး မသာမယာနှင့်နေပုံ၊ ဆွမ်းခံသွားတိုင်း ထိုင်မည့်နေရာကို ကပျာကယာ ဖုန်သုတ်ပုံ၊ ထိုင်ပြီးတာနှင့်တပြိုင်နက်ပြုံးပြုံးလေးဖြင့် သပိတ်လှမ်းယူလိုက်ပုံ၊ ဆွမ်း၊ ဆွမ်းဟင်းများ ထည့်ပြီးလျှင် သပိတ်ဖုံးကို လက်ကိုင်ပဝါဖြူဖြူလေး နှင့် ယုယုယယ သုတ်ပေးနေပုံ၊ သပိတ်ကိုကပ်သောအခါ မျက်လုံးပြူး ကြီးနှင့် မျက်နှာကို စိုက်ကြည့်နေပုံ၊ ပြန်တော့မည်ဟု နှုတ်ဆက်သွားစဉ်က ခေါင်းကလေးငုံ့ကာ လက်ကိုင်ပဝါလေးနှင့် မျက်ရည်သုတ်နေပုံ စသည် များကို အစီအရီဖြင့် စိတ်တွင် တရေးရေးပေါ်လာတော့သည်။လေးငါးနှစ် ဆွမ်းခံနေစဉ်က တကြိမ်တခါမျှ စိတ်မကွက်ခဲ့ပါပဲလျက်'ဆွဲမြည္ဘာ'အဓိပ္ပာယ် ပေါက်ကာမှ ကောင်မလေးအာရုံများ ရောက်လာချေပြီ။

ဤပုံဝတ္ထုမှာ မန္တလေး မဟာမြတ်မုနိဘုရားကြီး ဈေးအတွင်း ဖိနပ် ရောင်းနေကြသော ဦးကြီးနှင့် ဒေါ်ကြီးတို့၏ ပုံဝတ္ထု ဖြစ်ကြောင်းသိခဲ့ရ သည်။

ကြံစည်စိတ်ကူးလျှင် ဟဏှာဖြစ်လိမ့်မည်။ စိတ်ကူးတွင် တဏှာတည်သည်။ တဏှာ မဖြစ်လိုလျှင် အတိတ်ကိုလည်း မပြန်နှင့်။ အနာဂတ်ကိုလည်း မကြံနှင့်။ ပစ္စုပ္ပန်တည့်တည့် ရှုတတ်ရမည်။

အချစ်ဟူသော အရာ၏ နောက်တွင် ဆင်းရဲခြင်း တပါတည်းပါလာသည်။ အချစ်နှင့်ဆင်းရဲကား ခွဲ၍ ရစကောင်းသောအရာ မဟုတ်။ အချစ်ရှိလျှင် ဒုက္ခရှိမည်။ မသာတလောင်းချသွားလျှင် လူများစွာ လိုက်၍ပို့ကြသည်။ ထိုလူများစွာတို့အနက်မှ လေးငါးဦးခန့်မှာ လူတွဲ ခေါ်ရလောက်အောင်ပင် ပူပင်သောကရောက်လျက် ရှိပေသည်။ ကျန်လူအားလုံးမှာ အပြုံးမပျက်၊ အရယ်မပျက်၊ စကားပြော မပျက်ပဲ လိုက်ပါနိုင်ကြပေသည်။ မသာတလောင်းတည်း လိုက်ပို့ကြသော လူချင်းအတူတူ ဖြစ်ပါလျက် ဤသူများက ပူကြ၍၊ ထိုသူများက အဘယ့်ကြောင့် မပူကြသနည်း။ မချစ်သူတို့က မပူကြပေ။ ချစ်သူတို့ကသာ ပူကြလေသည်။ ချစ်၍သာလျှင် ပူရချေသည်တကား။

ဒုက္ခကို ဒုက္ခမှန်း မသိတော့၊ ဒုက္ခကို အကောင်းထင်သည်။ အကောင်းထင်တော့ လိုချင်သည်။ လိုချင်တော့ ပြုလုပ်သည်။ ပြုလုပ်တော့ ရလာသည်။ ရလာတာက ဒုက္ခပဲဖြစ်နေသည်။ ဒုက္ခကို ဒုက္ခမှန်းမသိတော့ ဒုက္ခကို အကောင်းထင်သည်။ အကောင်းထင်တော့ လိုချင်သည်။ လိုချင်တော့ ပြုလုပ်သည်။ ပြုလုပ်တော့ရလာသည်။ ရလာတာကဒုက္ခပဲ ဖြစ်နေသည်။ ဤနည်းဖြင့် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီး မနားမရပ် လည်ပတ်လေတော့သည်။

ဤသည်သာလျှင် သမုဒယသစ္စာနှင့် သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာဖြစ်ပုံများပေတည်း။

## နိရောဓ သစ္စာ

နိရောဓ သစ္စာကို နိဗ္ဗာန သစ္စိကရိယာ မဂ်လာတွင် ဖော်ပြတော့သည်။

## မဂ္ဂသစ္စာ

မဂ္ဂသစ္စာ ဆိုသည်မှာ—

ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော မဂ္ဂင်ရှစ်ပါး အကျင့်တရားပင် ဖြစ်ပေသည်။ ဤနေရာ၌ မဂ္ဂင်ရှစ်ပါး တရားတော်ကို သဘော

သရုပ်နှင့်တကွ ဖော်ပြရန် သင့်ပေသည်။ မဂ္ဂင်ရှစ်ပါး၏ သဘောသရုပ်သည် အလွန်နက်နဲ ကျယ်ဝန်းလှ၏။ ပြည့်စုံအောင် ဖော်ပြရန်မလွယ်။ ပြည့်စုံအောင် ဖော်ပြလျှင်လည်း ကျေးဇူးရှင် ဆရာတော်ကြီးများ ရေးသားသကဲ့သို့ ကောင်းမွန်မည်မဟုတ်။ ထို့ကြောင့် ဤနေရာ၌ မဂ္ဂင်ရှစ်ပါး၏ သဘောသရုပ်ကို အမြွက်မျှ ဖော်ပြတော့မည်၊ အကျယ်ကိုမူ ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီး ရေးသားတော်မူခဲ့သော သမ္မာဒိဋ္ဌိဒီပနီနှင့် မဂ္ဂင် ဒီပနီကျမ်းများကို ဖတ်ရှုကြပါကုန်။

## မဂ္ဂင်ရှစ်ပါး

| | | |
|---|---|---|
| သမ္မာဒိဋ္ဌိ | = | မှန်သော အမြင် |
| သမ္မာသင်္ကပ္ပ | = | မှန်သော အကြံ |
| သမ္မာဝါစာ | = | မှန်သော စကား |
| သမ္မာကမ္မန္တ | = | မှန်သော အလုပ် |
| သမ္မာအာဇီဝ | = | မှန်သော အသက်မွေးမှု |
| သမ္မာဝါယာမ | = | မှန်သော အားထုတ်မှု |
| သမ္မာသတိ | = | မှန်သော အောက်မေ့မှု |
| သမ္မာသမာဓိ | = | မှန်သော တည်ကြည်မှု |

ဟူ၍မဂ္ဂ တရားရှစ်ပါးရှိပေသည်။ မဂ္ဂင်ရှစ်ပါး အကျင့်တရားသည်—

မူလမဂ္ဂင်
ပုဗ္ဗဘာဂမဂ္ဂင်
အရိယမဂ္ဂင်

ဟူ၍ ဤသုံးမျိုးသုံးစား တနည်းအားဖြင့် အဆင့်သုံးဆင့် ရှိပေသည်။

မူလ မဂ္ဂင်ဆိုသည်မှာ အခြေခံအစဖြစ်သော မဂ္ဂင်ဖြစ်သည်။ ပုဗ္ဗဘာဂ မဂ္ဂင်ဆိုသည်မှာ မဂ်၏ရှေ့အဖို့၌ ဖြစ်သော မဂ္ဂင် ဖြစ်ပေသည်။ အရိယ မဂ္ဂင်ဆိုသည်မှာ အရိယာ သူ့ သန္တာန်တွင် အမြဲ တည်ရှိနေသောမဂ္ဂင် ဖြစ်သည်။ မူလမဂ္ဂင်နှင့် ပြည့်စုံမှ ပုဗ္ဗဘာဂမဂ္ဂင်ဖြစ်သည်။ ပုဗ္ဗဘာဂ မဂ္ဂင်နှင့်ပြည့်စုံမှ အရိယမဂ္ဂင်ဖြစ်သည်။ မဂ္ဂင်အဆင့်သုံးမျိုးသည် တမျိုးနှင့် တမျိုး ခုန်ပျံကျော်လွှား၍ မဖြစ်နိုင်ချေ။

မူလမဂ္ဂင်၌ရှိသော မဂ္ဂင်ရှစ်ပါး၏ သဘော သရုပ်ကို အနည်းငယ်ဖော်ပြရမည်ဆိုလျှင် သမ္မာဒိဋ္ဌိဆိုသည်မှာ ဒါနခေါ် အလှူ၏အကျိုးတရားတွေရှိသည်။ ဟုတခေါ် အလှူ၏ အကျိုးတရားတွေလည်း ရှိသည်။ ယိဋ္ဌခေါ် အလှူ၏ အကျိုးတရားတွေလည်း ရှိသည်။ ကောင်းမှု မကောင်းမှုကံတို့နှင့် ထိုကံတို့၏အကျိုးရင်းအကျိုးဖျားတို့သည်လည်းရှိသည်။အမေရှိသည်၊ အဖေရှိသည်၊ ဤမျက်မှောက်လောကလည်း ရှိသည်၊ နောင်တမလွန်လောကလည်းရှိသည်၊ ဥပပါတ်ပဋိသန္ဓေနေကြကုန်သော ငရဲ၊ ပြိတ္တာ၊ အသူရာနှင့် ဗြဟ္မာ၊ နတ်တို့လည်း ရှိကြသည်။ လောက၌ အညီအညွတ်ကောင်းစွာ ကျင့်ကြကုန်သော အကြင်သမဏ၊ ဗြဟ္မဏတို့ရှိကြသည်။ထိုသမဏဗြဟ္မဏ တို့သည် ဤမျက်မှောက်လောကကိုလည်းကောင်း၊ နောင်တမလွန်လောက ကိုလည်းကောင်း ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် ထိုးထွင်းသိသည်ဖြစ်၍ မျက်မှောက်ပြုကာနေကြလေသည် ဟူသော ယုံကြည်မှုသည် သမ္မာဒိဋ္ဌိ မည်ပေသည်။ ထိုတရားကို ကမ္မဿကတာသမ္မာဒိဋ္ဌိဟူ၍လည်း ခေါ်ပေသည်။

အထက်ပါ စကားရပ်များတွင် လောက၌ အညီအညွတ် ကောင်းစွာ ကျင့်ကြကုန်သော အကြင်သမဏ၊ ဗြဟ္မဏတို့ ရှိကြသည်။ ထိုသမဏ ဗြဟ္မဏ တို့သည် ဤမျက်မှောက်လောကကိုလည်းကောင်း၊ နောင်တမလွန် လောက ကိုလည်းကောင်း ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် ထိုးထွင်းသိသည်ဖြစ်၍ မျက်မှောက်ပြုကာနေကြလေသည်ဟူသော စကားရပ်၏အဓိပ္ပာယ်မှာ ရတနာ သုံးပါးကို ယုံကြည်သည်ဟု ဆိုလိုရင်းဖြစ်ပေသည်။

သမ္မာသင်္ကပ္ပဆိုသည်မှာ ဒါနနှင့်ဆိုင်ရာ အကြံအစည်၊ သီလနှင့်ဆိုင်ရာ အကြံအစည်၊ ဘာဝနာနှင့်ဆိုင်ရာ အကြံအစည်၊ စာပေကျမ်းဂန်နှင့်ဆိုင်ရာ အကြံအစည်၊ ဘုရား–တရား–သံဃာ ရတနာသုံးပါးနှင့်ဆိုင်ရာ အကြံအစည် စသော ကုသိုလ်ပွားရာ၊ အလိမ္မာပွားကြောင်း ကောင်းသော အကြံအစည်တို့ပေတည်း။

သမ္မာဝါစာဆိုသည်မှာ မှန်သောစကား၊ အကျိုးရှိသောစကား၊ ရတနာ သုံးပါးနှင့်ဆိုင်သော စကားစသော ကုသိုလ်ပွားရာ အလိမ္မာပွားကြောင်း ကောင်းသော စကားတို့ပေတည်း။

သမ္မာကမ္မန္တဆိုသည်မှာ ဗုဒ္ဓဝေယျာဝစ္စ၊ ဓမ္မဝေယျာဝစ္စ၊ သံဃာ့ဝေယျာဝစ္စများ ပြုလုပ်ဆောင်ရွက်ခြင်း၊ အများအကျိုး သည်ပိုးဆောင်

ရွက်ခြင်း စသော ခုရောနောင်ပါ ချမ်းသာပွားကြောင်း ကောင်းသော အလုပ်များပေတည်း။

သမ္မာအာဇီဝဆိုသည်မှာ မိမိအသက်မွေးဝမ်းကျောင်း ကိစ္စကြောင့် သူတပါးတို့ ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်း မဖြစ်စေပဲ ဥစ္စာစီးပွားရှာဖွေ၍ အသက်မွေးခြင်းများပေတည်း။

သမ္မာဝါယမဆိုသည်မှာ ကုသိုလ်ကောင်းမှုပြုလုပ်ရန် အားထုတ်ခြင်း စသော ခုရောနောင်ပါ ချမ်းသာစီးပွား များခြင်း၏အကြောင်း ကောင်းသော အလုပ်တို့ကို အပတ်တကုတ် အားထုတ်ခြင်းပေတည်း။ တနည်း အားဖြင့် မပျင်းရိခြင်းပေတည်း။

သမ္မာသတိဆိုသည်မှာ ကောင်းသောအမှုကိစ္စများကို ပြုလုပ် ဆောင်ရွက်ရန် မမေ့မလျော့ခြင်းပေတည်း။

သမ္မာသမာဓိဆိုသည်မှာ ကုသိုလ်ပွားရာ အလိမ္မာပွားကြောင်းကောင်းသော အလုပ်တို့၌ စိတ်ကို စူးစူးစိုက်စိုက် ရှိနေခြင်းများပေတည်း။

ဆက်လက်၍ ပုဗ္ဗဘာဂမဂ်၌ရှိသော မဂ္ဂင်ရှစ်ပါး၏ သဘောသရုပ်ကိုလည်း ဖော်ထုတ်ရန် လိုပေသေးသည်။ ပုဗ္ဗဘာဂမဂ္ဂင်၌ရှိသော သမ္မာဒိဋ္ဌိ ဆိုသည်မှာ ဤသည်ကား ဆင်းရဲခြင်းများပေတည်းဟုဟုတ်မှန်သည့်အတိုင်း သိခြင်း၊ ဤသည်ကား ဆင်းရဲဖြစ်ကြောင်းများပေတည်းဟု ဟုတ်မှန်သည့် အတိုင်း သိခြင်း၊ ဤသည်ကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်တည်းဟု ဟုတ်မှန်သည့်အတိုင်း သိခြင်း၊ ဤသည်ကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း ဖြစ်သော မဂ္ဂင်ရှစ်ပါး အကျင့်တရားဟူ၍ ဟုတ်မှန်သည့်အတိုင်း သိခြင်းများပေတည်း။

သမ္မာသင်္ကပ္ပဆိုသည်မှာ ဝဋ်ဆင်းရဲမှ ထွက်မြောက်ရာဖြစ်သော အကြံ၊ မိမိ–သူတပါးကို မညှဉ်းဆဲသောအကြံ၊ မိမိသူတပါးကို မငြိုစူ မဖောင်း မြောင်းသော အကြံများပေတည်း။

သမ္မာသင်္ကပ္ပသည် ဝိတက်စေတသိက်တည်း။ ပညာ၏ ရှေ့သွားဖြစ်၍ ပညာ၌ ပါဝင်သည်။ နေက္ခမ္မသင်္ကပ္ပ၊ အဗျာပါဒသင်္ကပ္ပ၊ အဝိဟိံသ သင်္ကပ္ပ

---

မှတ်ချက်။ ။လယ်တီဆရာတော်ဘုရားကြီးက ဗောဓိပက္ခိယဒီပနီတွင် သမ္မာသင်္ကပ္ပကို အောက်ပါအတိုင်း ဖွင့်ပြတော်မူသည်။

ဟူ၍ သုံးပါးရှိ၏။ ထောင်၌ ကျရောက်နေသောသူ၊ ရန်သူတပ်ဝိုင်းမိနေသောသူ၊ တောမီးဝိုင်း၍နေသောသူ၊ ပိုက်တွင်း၊ ကွန်တွင်း၊ မြှုံးတွင်း၌ လှောင်မိ၍နေသော ငါး၊ ချိုင့်တွင်း၌ လှောင်မိ၍နေသော ငှက်တို့သည် ထိုအကျဉ်းအကျပ်မှ ထွက်ပြေးရန် အပေါက်အလမ်းကို မအိပ်နိုင်၊ မစားနိုင်၊ စိတ်တပါးမဝင်နိုင် ရှာကြံကြကုန်၏။ ထို့အတူ မိမိတို့ သန္တာန်တွင် အစဉ်ပါရှိ၍နေသော ဥပ္ပန္န အကုသိုလ်ဟောင်းအနန္တ၊ ရှေးသို့ဘဝအဆက်ဆက်တွင် မိုက်မှား ဖြစ်ပွားသတ္တံ့ကုန်သော အနုပ္ပန္န အကုသိုလ် အသစ်အနန္တတို့သည် အကျဉ်းအကျပ်လှောင်မိ၍ နေကြကုန်သည်နှင့် ထိုဥပ္ပန္န၊ အနုပ္ပန္န အကုသိုလ်စပ္ပတို့မှ ယခုဘဝ ကျွတ်လွတ်ကြရန် အပေါက်အလမ်းကို စွဲမြဲစွာ ရှာကြံကြကုန်သောသူတို့၏ အကြံအစည်မျိုးသည် နေက္ခမသက်ပ္ပမည်၏။ ဝဋ်ဒုက္ခမှ ယခုဘဝ ကျွတ်လွတ်ရအောင် ရှာကြံသောအကြံအစည်မျိုးတည်းဟူ၍ လည်းကောင်း။

မေတ္တာဈာန်နှင့်ယှဉ်သော သင်္ကပ္ပသည် အဗျာပါဒ သင်္ကပ္ပမည်၏။ ကရုဏာဈာန်နှင့်ယှဉ်သော သင်္ကပ္ပသည် အဝိဟိံသ သင်္ကပ္ပမည်၏။ ကြွင်းသော ဈာန်မဂ်တို့နှင့်ယှဉ်သော သင်္ကပ္ပသည် နေက္ခမသင်္ကပ္ပမည်၏။

သမ္မာဝါစာဆိုသည်မှာ မဟုတ်မမှန်သောစကားမှ ရှောင်ကြဉ်ခြင်း၊ ချောပြစ်ကုန်းတိုက်စကားမှရှောင်ကြဉ်ခြင်း၊ ရန့်ရင်းကြမ်းတမ်းသောစကားမှ ရှောင်ကြဉ်ခြင်း၊ အကျိုးမဲ့စကားမှ ရှောင်ကြဉ်ခြင်းများပေတည်း။

သမ္မာကမ္မန္တဆိုသည်မှာ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူ့ဥစ္စာ ခိုးခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကာမဂုဏ်၌ လော်လီဖောက်ပြားမှားသောအကျင့်မှ ရှောင်ကြဉ်ခြင်းများပေတည်း။

သမ္မာအာဇီဝဆိုသည်မှာ မကောင်းသော အသက်မွေးဝမ်းကျောင်းကို ပယ်ရှား၍ ကောင်းသော အသက်မွေးခြင်းများပေတည်း။

သမ္မာဝါယာမဆိုသည် မဖြစ်သေးသော မကောင်းမှုများကို မဖြစ်စေရန်၊ ဖြစ်ပြီးသော မကောင်းမှုများကိုပယ်ဖျောက်ရန်၊ မဖြစ်သေးသော ကောင်းမှုများ ဖြစ်ပွားစေရန်၊ ဖြစ်ပြီးသောကောင်းမှုများ သတက်ထမ်းပိုး တိုးပွားစေရန်အားထုတ်ခြင်းများပေတည်း။

သမ္မာသတိဆိုသည်မှာ ရုပ်ကိုရှုမှတ်သော ကာယာနုပဿနာ သတိပဋ္ဌာန်၊ ခံစားမှုဝေဒနာကို ရှုမှတ်သော ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ စိတ်ကိုရှုမှတ်

သော စိတ္တာနုပဿနာသတိပဋ္ဌာန်၊ သဘောတရားကိုရှုမှတ်သောဓမ္မာနုပဿနာ သတိပဋ္ဌာန်များပေတည်း။

သမ္မာ သမာဓိ ဆိုသည်မှာ ပထမ စျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်ဟူသောစျာန်၏စိတ်များ ပေတည်း။တနည်းအားဖြင့် တခုတည်းသော ဝိပဿနာအာရုံ၌ စူးစိုက်စွဲမြဲစွာ စိတ်တည်ငြိမ်နေမှုများ ပေတည်း။

ဤသည်လျှင် ပုဗ္ဗဘာဂ မဂ္ဂင်တရား ဖြစ်ပေသည်။

အရိယမဂ္ဂင်ဆိုသည်မှာ ထိုပုဗ္ဗဘာဂ မဂ္ဂင်တရားသည်ပင်လျှင် အရိယာ တို့၏ စိတ်အစဉ်၌ အမြဲ တည်ရှိနေပြီဖြစ်သောကြောင့် အထူး ပွားများ အားထုတ်ရန်မလို၊ အရိယာတို့ နဂိုသဘောအဖြစ်သို့ ရောက်နေခြင်းပေ တည်း။ ထိုအရိယာမဂ္ဂင်သည် သောတာပန် အရိယာ၊ သကဒါဂါမ် အရိယာ၊ အနာဂါမ် အရိယာ၊ ရဟန္တာ အရိယာဟူ၍ အရိယာ လေးဆင့်ရှိသည့် အတိုင်း အရိယာ အဆင့်ဆင့်နှင့်လျော်စွာ အရိယာ မဂ္ဂအဆင့်ဆင့် အနု အရင့်လည်း ရှိပေသေးသည်။

မဂ္ဂင်ရှစ်ပါး အကျင့်တရားသည် တပါးစီ တပါးစီ ခွဲခြား၍ ကျင့်ဖွယ် မလိုချေ။ မဂ္ဂင်တပါး ဖြည့်ကျင့်လျှင် ကျန်မဂ္ဂင် (၇) ပါး ဆိုင်ရာ ဆိုင်ရာ ပါဝင်ကြတော့သည်သာ။

တကယ်လုပ်လျှင် အဟုတ်ရပေသည်။

ယခုခေတ်သည် တရားတော်ကို တကယ်အားထုတ်လျှင် မဂ်ဖိုလ် နိဗ္ဗာန်ကို တကယ် ရရှိနိုင်သောခေတ် ဖြစ်ပေသည်။ အချို့သောပုဂ္ဂိုလ်များသည် ယခု ခေတ်တွင် တရား အားထုတ်သော်လည်း တကယ် ရနိုင်တော့မည် မဟုတ်ဟု ထင်မှားနေကြသည်။ ထိုပုဂ္ဂိုလ်များကိုလည်း ကျေးဇူးရှင် လယ်တီ ဆရာ တော်ဘုရားကြီး ရေးသားတော်မူခဲ့သော ဗောဓိပက္ခိယ ဒီပနီကျမ်းကို ဖတ်ရှုကြပါဟု တိုက်တွန်းလိုပေသည်။

ယောဟိ ကောစိ ဘိက္ခဝေ၊ ဣမေစတ္တာ ရော သတိပဋ္ဌာနေ၊ ဧဝံ ဘာဝေယျ သတ္တဝဿာနိ တဿ ဒွိန္နံဖလာနံ၊ အညတရံ ဖလံပါဋိကင်္ခံ ဒိဋ္ဌေဝဓမ္မေ အညာသတိဝါ၊ဥပါဒိ သေသေ အနာဂါမိ မိတာ။

ရဟန်းတို့၊ မည်သူမဆို ဤသတိပဋ္ဌာန်တရား လေးပါးကို ငါဟော သော ဤနည်းအတိုင်း ၇နှစ် နှစ် ပွားများပည်ဆိုလျှင် ထိုသူအား

မျက်မှောက်သော ကိုယ်၏ အဖြစ်ဥပဒ်လျှင် ရဟန္တာသော်လည်း ဖြစ်မည်။ ဥပါဒါန် အကြွင်းရှိသေးလျှင် အနာဂါမ် ဖြစ်မည်။ ရဟန္တာနှင့် အနာဂါမ် နှစ်ပါးအနက် တပါးပါး မုချရလိမ့်မည်။

အထက်ပါကဲ့သို့ ခုနစ်နှစ်မှစ၍ ခုနစ်ရက်အတွင်းဥဒ္ဒပင်လျှင် တရားထူးများ ရနိုင်ကြောင်းကို အာမခံချက်ဖြင့် ဟော သတိပဋ္ဌာနသုတ်တွင် မြတ်စွာဘုရား ဟောကြားတော် မူခဲ့လေသည်။ ဤနေရာ၌ ဒိဋ္ဌိတ်၊ ကိပိတ် စသော ပုဂ္ဂိုလ်တို့အနက် ကိဟိတ် ပုဂ္ဂိုလ်သာသည်သာလျှင် တရားရနိုင်သည် မဟုတ်ပါလောဟု မေးဖွယ် ရှိသည်။ မှန်၏။ ကိဟိတ် ပုဂ္ဂိုလ်သာလျှင် တရား ရနိုင်ပေသည်။ သို့ဖြစ်လျှင် မည်သူမဆိုဟူသော စကားကို မြတ်စွာဘုရားရှင်သည် အဘယ့်ကြောင့် ဆိုတော် မူခဲ့ပါသနည်းဟု ကပ်ဆင့် မေးဖွယ် ရှိလာပြန်သည်။ ရှင်းလှပါ၏။ ဒွိဟိတ် ပုဂ္ဂိုလ် ဆိုသည်မှာ ခုနစ်နှစ် မဆိုထားဘိ၊ ခုနစ်မိနစ်ပင် အားထုတ်မည်လည်း မဟုတ်ပါ။ ဒွိဟိတ် ပုဂ္ဂိုလ်သည် တရားကို ဘယ်သောအခါမှ အားထုတ်မည်လည်း မဟုတ်ပါ။ တရားမှ အားထုတ်မည် ဆိုလျှင်၊ တရားကိုတကယ် လိုချင်ပြီ ဆိုလျှင် တိဟိတ်ပုဂ္ဂိုလ် ဖြစ်ပါပြီ။ စတင် အားထုတ်နေပြီဆိုလျှင် မိမိကိုယ်ကို တိဟိတ် ပုဂ္ဂိုလ်ဟု အသေအချာ သတ်မှတ်လိုက်ပါလေ။

ဘုရား လက်ထက်တော်အခါက သူတော်ကောင်းတွေ ဤ သတိပဋ္ဌာန် တရားကို ပွားများကြ၍ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက် ပြုကြရပေသည်။ ယခုခေတ် ယောဂီများလည်း ဤသတိပဋ္ဌာန်တရားကို ပွားများ အားထုတ်ကြလျှင် မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက် ပြုကြရမည်သာကည်း။ အဘယ့်ကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်မပြုပဲ ရှိချေနိုင်အံ့နည်း။

ဘုရား လက်ထက်တော် အခါက ဆားများ ငန်ကြသကဲ့သို့ ယခုခေတ် ဆားများလည်း ငန်ကြပေသည်။ ဘုရားလက်ထက်တော်က ပျားသကာများ ချိုကြသကဲ့သို့ ယခုခေတ်ပျားသကာများလည်း ချိုကြပေသည်။ ဘုရားလက်ထက်တော်အခါက ဤတရားကို ကျင့်လျှင် ဤအကျိုးတွေ ရခဲ့ပါလျက် ယခု အားထုတ်သူများ ဤအကျိုးကို အဘယ့်ကြောင့် မရပဲ ရှိချေအံ့နည်း။ သဘာဝ ဟူသည် ရှေးက တမျိုး၊ ခုတမျိုးဟူ၍ မရှိချေ။

ရှေးအခါက အကုသိုလ်ပြုခဲ့သူများ အပယ်သွားကြသကဲ့သို့ ယခုအခါ ကုသိုလ် လုပ်သူများလည်း အပယ် သွားကြပေလိမ့်မည်။ ရှေးအခါက အကုသိုလ်ကောင်းမှု ပြုကြသူများ ချမ်းသာကောင်းကျိုးကို ရကြသကဲ့သို့ ယခုအခါ ကုသိုလ်ကောင်းမှု ပြုကြသူများသည်လည်း ချမ်းသာကောင်းကျိုး ရကြပေလိမ့်မည်။

ဤဆေးနည်းသည် ဟိုစဉ်က ဖော်စပ် စားသုံးခဲ့လျှင် ရောဂါ ပျောက် နိုင်သည်။ ယခု ဖော်စပ် စားသုံးသော်လည်း ရောဂါ မပျောက်နိုင်တော့ ပြီဟု ဆိုလျှင် ထိုဆေးနည်းသည် တန်ဖိုး ရှိပါဦးမည်လော။ တရား အား ထုတ်၍ မရနိုင်တော့ဘူး ဆိုသူများသည် သာသနာ သုံးရပ်ကို တားမြစ် သည် မည်ပေသည်။

> ရတနာတို့ဖြင့် အဆန်းတကျယ် စီခြယ်အပ်သော မင်းစီး ရထား တို့သည် ဆွေးမြေ့ အိုမင်းခြင်းသို့ ရောက်ကြကုန်၏။ ထို့အတူ ဤ ခန္ဓာကိုယ်သည်လည်း ဆွေးမြေ့ အိုမင်းခြင်းသို့ ရောက်ရလေသည်။ သူတော်ကောင်း တရားတော်သည်ကား ဆွေးမြေ့ အိုမင်းခြင်းသို့ မရောက်ချေ။
>
> (ဓမ္မပဒ)

တရားတော်ကို ယုံယုံကြည်ကြည်ဖြင့် စွဲစွဲမြဲမြဲ အားထုတ်ရန်သာ လိုပေ သည်။ သူတော်ကောင်းတရားကား အိုဟောင်း ဆွေးမြေ့သွားလေပြီဟု မရှိ ချေ။ယခုဘ၀ ယခုအခါ ယခုသာသနာ၌ပင်လျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ကောန်မျက်မှောက် ပြုနိုင်ပေသည်။ ခေတ်အနေဖြင့် အားထုတ်၍ ရနိုင် သော အခွင့်ကြုံလျက်ရှိပေသည်။ ထိထိ ရောက်ရောက် အားထုတ်ရန်သာ လိုအပ်တော့သည်။

> အလုံးစုံသော ဒုက္ခ၏ ချုပ်ရာဖြစ်သော နိဗ္ဗာန်တရားမြတ်ကို မစို့မပို့ တိုကာ ပင့်ကာ အားထုတ်ခါဖြင့် လည်းကောင်း၊ မကြီးမကျယ် အနည်းငယ်သော ကြိုးပမ်းမှုဖြင့် လည်းကောင်း မရနိုင်ချေ။

ရှေးသူတော်ကောင်းများ တရား အားထုတ်ရာ၌ ငါ၏ကိုယ်၌ အရိုး ကြွင်းစေ၊ အရေကြွင်းစေ၊ အကြောကြွင်းစေ၊ အသား အသွေး ခန်းခြောက် စေတော့၊ ရသင့်ရထိုက်သောတရား၊ ရောက်သင့် ရောက်ထိုက်သော တရား

တိုက်ကိုမရပဲ၊ မရောက်ပဲ ငါလို့လ မလျှော့ပြီ ဟူသော အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဝီရိယဖြင့် အားထုတ်ကြသည်။

ဤနေရာ၌ ပြင်းပြင်းထန် ထန် တရား အားထုတ်သည်ကို 'အတ္တကိလမထ နုယောဂ' မိမိကိုယ်ကို ညှဉ်းပန်းနှိပ်စက်ခြင်း ဖြစ်သည်ဟု အပြစ်တင်သူများ ရှိတတ်သည်။ ထိုစကားကို နားမယောင်သင့်။ ဘာမဟုတ်သော လောကီမှု ကိစ္စမှာပင် ထိုက်တန်သလောက် လို့လ ဝီရိယရှိရသည်။ အထူးဆုံး အမြတ်ဆုံး ဖြစ်သော မဂ်ဖိုလ် နိဗ္ဗာန် တရားတော်ကြီးကို ထိထိရောက်ရောက် ပြင်းပြင်း ထန်ထန် အားမထုတ်ပဲ ရနိုင်မည်လား။

ပြင်းပြင်းထန်ထန် အားထုတ်တော် မူကြသော ရှေ့လက်ထက်တော်အခါက ရဟန္တာ အရှင်မြတ်တွေ ရေလို့ မကုန်နိုင်ပါ။ အတ္တကိလာမထနုယောဂ ဆိုသည်မှာ တရား အားထုတ်သူများအတွက် မဟုတ်ပေ။ ဤသာသနာတော်တွင် အတ္တကိလမထနုယောဂ အကျင့်ဟူ၍လည်း မရှိချေ။ ဗုဒ္ဓသရဏံ ဂစ္ဆာမိ ဆိုသည်နှင့် တပြိုင်နက် အတ္တကိလမထ နုယောဂ ဘေးက ကင်းဝေးပေသည်။ တရားအားထုတ်သည်ဆိုကတည်းကပင် ရှင်းနေပေပြီ။ တရားဟူသော စကားတွင် အတ္တကိလမထာနု ယောဂ အကျင့် မပါပေ။

အလွန်မြင့်၍ အလွန်မတ်စောက်သော၊ ဘေးအန္တရာယ်လည်းများသော တောင်ကြီးတခု၏ထိပ်တွင် မနောမယ မည်သော ပတ္တမြားရှိသည် မှန်လျှင် မည်မျှပင် အပင်ပန်း အဆင်းရဲခံ၍ တောင်ထိပ်သို့ တက်ငြားသော်လည်း ထိုသူသည် မိမိကိုယ်ကို ညှဉ်းဆဲသည် မမည်ချေ။ အဘယ့်ကြောင့်ဆိုသော် တောင်ထိပ်ရောက်လျှင် မနောမယ ပတ္တမြားကြီးကို ရနိုင်မည် ဖြစ်သောကြောင့် ပေတည်း။ ထို တောင် ထိပ် လောက် လည်း မ မြင့်၊ ထိုတောင်ထိပ်လောက်လည်း မမတ်စောက်၊ လမ်းများကလည်း ပြေပြေပြစ်ပြစ်နှင့် ကျယ်ကျယ် ဝန်းဝန်းရှိသည်။ ထိုကြောင့် တောင်ထိပ်ရောက်အောင် ဆလွန်းကားလေးနှင့် တငြိမ့်ငြိမ့် စားယင်း သောက်ယင်း တက်သည်ပင်ဖြစ်စေ၊ ထိုတောင်ထိပ်၌ မနောမယပတ္တမြား မရှိလျှင် ထိုသူသည် (အတ္တကိလမထာနု ယောဂ) မိမိကိုယ်ကို ညှဉ်းဆဲခြင်းသာ ဖြစ်ပေသည်။ အားထုတ်ခြင်း အနည်းအများကိုကြည့်၍ အတ္တကိလမထာ နုယောဂ ဟု မဆုံးဖြတ်ရ။ အားထုတ်ခြင်း၏ အဆုံး၌ မဂ်ဖိုလ် နိဗ္ဗာန်ကို ရနိုင် မရနိုင်

ကိုသာ ကြည့်၍ ဆုံးဖြတ်ရသည်။ အားထုတ်သည်၏ အဆုံး၌ မဂ်ဖိုလ် နိဗ္ဗာန်ရနိုင်သည်ဟုဆိုလျှင် အသက်ခန္ဓာ မငဲ့ညှာပဲ အားထုတ်သင့်သည်သာ ဖြစ်သည်။

နောက်တချက် ဆိုရန် ရှိသေးသည်မှာ ဆိတ်ငြိမ်ဖို့ မလိုပါဘူး၊ စိတ်ငြိမ် ဖို့ လိုပါတယ်။ တရားရှာ ကိုယ်မှာတွေ့လို့ ဆိုပါတယ်၊ တရားက ကိုယ်ထဲမှာ ရှာရမှာပါ။ ရိပ်သာတို့၊ ကမ္မဋ္ဌာန်းကျောင်းတို့၊ ဂူထဲတို့ သွားရှာရမှာ မဟုတ်ပါဘူး စသည့်အပြောများကိုလည်း နားမယောင် လေနှင့်။ ဘာပဲလုပ်လုပ် သူ့နေရာနှင့်သူ လုပ်ရသည်။ နေရာနှင့် အလုပ်နှင့် အံမကျလျှင် ဘာမှ ဖြစ်မည်မဟုတ်။ ဆိတ်မငြိမ်ပဲ စိတ်ငြိမ်လို့ ရမည်လား။ ဆိတ်ငြိမ်မှ စိတ်ငြိမ်မည် မဟုတ်ပါလား။

တရားကို ရိပ်သာထဲ၊ ကမ္မဋ္ဌာန်းကျောင်းထဲ၊ ဂူထဲ သွားရှာရန် မလို ပါဘူး။ ကိုယ့်ကိုယ်မှာ ရှာရမှာပါဟု ပြောသူများသည် ဂူထဲသွားကြသူ များက သဲထဲကို ကြက်များ ယက်သလို ယက်ပြီး တရားရှာနေကြ သည်ဟု ထင်ဟန် ရှိပေသည်။ ကမ္မဋ္ဌာန်း ကျောင်းထဲသွား၍ တရားရှာသူ များလည်း ကိုယ့်ကိုယ်ကိုမှာပင် ရှာကြပါသည်။ ဖျာအောက်လှန်၍ ရှာကြ သည်မဟုတ်ပါ။ မိမိကိုယ်တိုင်က ရိပ်သာမသွားလိုလျှင် သော်လည်းကောင်း အားမထုတ်လိုလျှင် သော်လည်းကောင်း နေနိုင်ပေသည်။ ရိပ်သာသွား၍ တရားအားထုတ်သူများကို ကဲ့ရဲ့ပြစ်တင်ခြင်းဖြင့် ငရဲမရှာသင့်ပေ။

ရိပ်သာလည်း သွားလိုက်တာလွန်လို့၊ လင်မယားချင်း ရန်ဖြစ်လိုက်တာ ကလည်း မနားဘူး၊ လောဘကလည်း ကြီးလိုက်တာ၊ သူများကြီးဖို့ မချန် ဘူး၊ ရိပ်သာ ခုနစ်ရက် စခန်းက ထွက်လာလို့ မကြာသေးဘူး၊ အခု လင့် နောက် လိုက်ပြေးပြီ စသည့် ကဲ့ရဲ့စကားများကို မဆိုလေနှင့်၊ ရောဂါ ရှိ၍ ဆေးရုံတက်ရသည်ကို သတိပြုပါ။ ဒေါသ မပယ်နိုင်သေးလျှင် ဒေါသ ရှိမည်၊ လောဘ မပယ်နိုင်သေးလျှင် လောဘရှိမည်။ ရောဂါရှိသူချင်း အတူတူ ဆေးရုံတက် ကုသနေသူနှင့် နေချင်သလိုနေ၊ စားချင်သလိုစားသူ ဘယ်သူက ရောဂါပျောက်မည်နည်း။

ရွှေလက်ထက်တော်အခါက သောတာပန်မလေးတဦး လင့်နောက် လိုက် ပြေးဘူးပါသည်။ ခုနစ်ရက်စခန်း တရား အားထုတ်ဘူးတာနဲ့ လင်မယူရ တော့ဘူးလား။

တရားအားထုတ်ရာတွင် ဘယ်နေရာ အားထုတ်ထုတ် ဖြစ်တယ်ဟူ၍ အလွယ်တကူ မပြောလိုက်ပါနှင့်။ တောမှာဖြစ်စေ၊ သစ်ပင်ရင်းမှာဖြစ်စေ၊ ဆိတ်ငြိမ်ရာမှာဖြစ်စေ ဟူ၍ မြတ်စွာဘုရားက နေရာ ညွှန်ပြခဲ့ပေသည်။ ထိုမျှမကအချို့သောပုဂ္ဂိုလ်များကို တောဆိုသော်သည်း ဘယ်တော၊ ဘယ်သစ်ပင်၊ ဘယ်နေရာဟူ၍ ထပ်ဆင့်၍အသေးစိတ် ညွှန်ပြ ရသည်များ ဒေသနာတော်တွင် အများအပြားရှိပါသည်။ နေရာမလိုပါဘူးဆိုလျှင် ပတိရူပဒေသာဝါသ မင်္ဂလာကို ဖျက်ဖို့ပဲရှိတော့သည်။

## ဉာတပရိညာ

တရား အားမထုတ်မီ ကြိုတင်၍ သိထားရသော အချက်အလက်များကို ဉာတပရိညာဟုခေါ်ပေသည်။ တရားအားထုတ်တော့မည်ဆိုလျှင် အားထုတ်တော့မည့် တရားနှင့်ပတ်သက်၍ သိသင့်သိထိုက်သမျှကို သိမှပင် ကောင်းမည်။ မြင်းစီးလို့မှ အထီးမှန်း အမမှန်းမသိ ဆိုသကဲ့သို့ ကိုယ် အားထုတ်သည့် တရားမှ ကိုယ်မသိလျှင် ကောင်းမည် မဟုတ်ချေ။ သိသင့်သမျှကို ကြိုတင် သိထားခြင်းသည်ပင် ဉာတပရိညာမည်ပေသည်။

ကြိုတင် သိထားရမည်ဆို၍ ဉာတပရိညာ တခုတည်းနှင့်ပင် အချိန်ကုန်မသွားအောင် သတိပြုသင့်သည်။ထို့ကြောင့် ဤနေရာ၌တရားအားမထုတ်မီ ကြိုတင်သိထားအပ်သော အချက်များကို ဖော်ပြပေအံ့။

> လောကတွင် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတပါး၊ ယောကျ်ားမိန်းမဟူ၍ မရှိ။ ရုပ်တရားနှင့်နာမ်တရား နှစ်ပါးသာရှိသည်။ ထိုရုပ်တရား နာမ်တရား နှစ်ပါးသည် မနားမရပ် တရစပ် တဖြစ်ထဲဖြစ်၍ တပျက်ထဲ ပျက်ကုန်ကြသည်။ မနားမရပ် ဖြစ်ပျက်နေကြ၍ မမြဲသော အနိစ္စမျိုးတို့သာ ဖြစ်ချေသည်။ ထိုမမြဲသော တရားမှန်သမျှတို့သည် စင်စစ်ဆင်းရဲသော ဒုက္ခမျိုးတို့သာတည်း။
>
> ဘယ်သူ့အလိုမှလည်းမလိုက်၊ ဘယ်သူ့အကြိုက်မှလည်း မပါ အကြောင်းအားလျော်စွာဖြစ်၍ အကြောင်းကုန်လျှင် ပျက်ကြလေသောကြောင့် ထိုရုပ်နာမ်တရားသည် အစိုးမရသော အနတ္တမျိုးတို့သာတည်း။

ဖြစ်ပျက်ရှိနေသမျှ ဒုက္ခ ရှိနေလိမ့်မည်။ ဖြစ်ပျက် ချုပ်ငြိမ်းမှ ဆင်းရဲချုပ်ငြိမ်းမည်။

ဤမျှလောက်ဆိုလျှင် တရားအားမထုတ်မီ ကြိုတင်သိအပ်သောအသိနှင့် ပြည့်စုံပါပြီ။ ထိုအသိများကို ကိုယ်တိုင်သိဖြစ်သွားအောင် အားထုတ်ရန်သာ လိုပါတော့သည်။ ဘုရားဟော၍သိရသော အသိကို ကိုယ်တိုင်သိဖြစ်အောင် ပြုလုပ်ခြင်းကို တရားအားထုတ်သည်ဟု ခေါ်ပေသည်။

အထက်ဖော်ပြပါ အသိမျိုးလောက် ပြည့်စုံလျှင် သုတ ပြည့်စုံသည်ဟု ဆိုနိုင်ပေပြီ၊ လူနာသည် ဆရာဝန် စာမေးပွဲအောင်ရန် မလိုချေ။ ဘယ်ဆေးထဲမှာ ဘာဓာတ်တွေ ပါသည်ဟုလည်း သိရန် မလိုချေ။ ဆရာဝန်ပေးထားသော ဆေးများအနက်မှ ဘယ်ဆေးကို ဘယ်အချိန်တွင် ဘယ်မျှလောက် သောက်သုံးရမည်၊ ဘယ်အစာတွေ ရှောင်ရမည်၊ ဘယ်အစာတွေ စားရမည်၊ ဘယ်လိုနေရမည်ကိုသိလျှင် လူနာ့အတွက် ဉာတပရိညာ ပြည့်စုံပါသည်။

အားထုတ်ရန်သာ လိုတော့သည်။ ဤအလုပ်ကို ဆရာလက်လွှတ်မလုပ်ပါလေနှင့်။ ကိုယ်မသွားဖူး မရောက်ဖူးသေးသောလမ်းကို သွားဖူးသူ၊ ရောက်ဖူးသူ၊ လမ်းပြမည့်သူတွေ ရှိနေပါလျက် မမေးမမြန်း မစုံစမ်း အရမ်းမသွားချင်ပါနှင့်၊ ဆရာတင်ရမည်ကို မရှက်ပါနှင့်။ တပည့်ခံရမည်ကို မကြောက်ပါနှင့်။ သူတပါးဆရာတင်ရ၍ဂုဏ်ငယ်သွားသည်ဟုမထင်ပါနှင့်။ သူတပါး ဆရာမတင်လိုသောစိတ်သည် အလွန်ညံ့ဖျင်းသောစိတ်ပေတည်း။ သူ့ထက်ညံ့ဖျင်းသောစိတ်ဟူ၍ပင် မရှိအောင် ညံ့ဖျင်းသော စိတ်ပေတည်း။ သတ္တိရှိရှိ တပည့်ခံပါလေ။ ရဲရဲရင့်ရင့် ဆရာတင်ပါလေ။ အာဇာနည်ဆိုသည်မှာ လုပ်သင့်လုပ်ထိုက်သောအလုပ်ကို လုပ်ရဲသူများ ဖြစ်ပေသည်။ မှန်း၍ လက်တည့်မစမ်းလိုက်ပါနှင့်၊ အချိန် လွန်စွာအဖိုးတန်ပေသည်။

တရားအားထုတ်သောယောဂီ ဆိုသည်မှာ အစစအရာရာ ယဉ်ယဉ်ကျေးကျေး ရှိရသည်။ အကွပ်မဲ့ကြမ်း ပရမ်းပတာ ဆိုသကဲ့သို့ သွားချင်သလိုသွား၊ လုပ်ချင်သလိုလုပ်၊ နေချင်သလိုနေ၊ ပြောချင်သလိုပြော မလုပ်ရ။ အားထုတ်ဆဲမှာ သီလစင်ကြယ်လျှင် ပြီးသည်ဆို၍ အားမထုတ်သော အချိန်မှာ တောက်တီးတောက်တဲ့ မလုပ်ရ။ အမြဲတမ်းငါးပါးသီလ လုံခြုံအောင် ထိန်းသိမ်းရမည်။ သီလအရာငါးပါးထက် လျော့၍တော့ ဘယ်နည်းမှ မဖြစ်ချေ။ သီလပြည့်စုံမှ သမာဓိပြည့်စုံမည်။ သမာဓိပြည့်စုံမှ

ပညာပြည့်စုံမည်။ ထို့ကြောင့် ယောဂီပုဂ္ဂိုလ်သည် တရားအားထုတ်ဆဲ မဟုတ်သော်လည်း ကျန်အချိန်များတွင် သီလမြဲအောင် ကြိုးစားရမည်။

ဤသည်လျှင် ဂေ့ဂသစ္စာ မည်ပေသည်။ ဤ ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂဟူသော လေးပါးသော သစ္စာတရားတို့ကို ပညာဖြင့် ကိုယ်တိုင်ကောင်းစွာ ထိုးထွင်း၍ သိရခြင်းသည် အရိယာသစ္စာ၄ ဒဿနမင်္ဂလာမည်ပေသည်။

ဤမင်္ဂလာ၌ သစ္စာအနက် ဆယ့်ခြောက်ချက်တို့ကိုလည်း ဖော်ပြရန် သင့်ပေသည်။ သို့ရာတွင် သစ္စာလေးပါးနှင့် ပတ်သက်သော အဖွင့်ကျမ်းများ ပြည့်ပြည့်စုံစုံရှိနေပြီဖြစ်၍ အထူး မဆိုတော့ပြီ။ ထို့အပြင် ဝိပဿနာ အလုပ်ပေးတရားကိုလည်း သီးသန့်မဖော်ပြတော့ပြီ။ အလွန်အရေးကြီးသော တရားဖြစ်၍ ဆရာစား ချန်ခဲ့ခြင်း ဖြစ်သည်။

ခရီးလမ်းကြောင်း ဟူသမျှတို့တွင် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂင်လမ်းကြောင်းသည် မြတ်၏။ သစ္စာအပေါင်းတို့တွင် သစ္စာလေးပါးသည် မြတ်၏။ တရားအပေါင်းတို့တွင် တပ်ခြင်းကင်းရာ နိဗ္ဗာန်သည် မြတ်၏။ အခြေနှစ်ချောင်းရှိသူတို့တွင် စက္ခုငါးပါး ရှိသော မြတ်စွာဘုရားသည် မြတ်၏။

မဂ်ဖိုလ် အစဉ် ဉာဏ်အမြင် စင်ကြယ်ခြင်းငှာ ငါဟောကြားအပ်သော အင်္ဂါရှစ်ပါးရှိသော ဤလမ်းကြောင်းသည်သာလျှင် နိဗ္ဗာန် ရောက်ကြောင်း လမ်းကောင်း အစစ်အမှန် ဖြစ်ပေသည်။ နိဗ္ဗာန် သွားရာ ဤမှတပါး တခြားဖြစ်သော လမ်းဟူ၍ မရှိတော့ပြီ။ ဤမဂ္ဂင်ရှစ်ပါးခရီးကိုသာလျှင် သင်တို့သည် ကောင်းစွာပွားများ၍ သွားကြကုန်လော့။ ဤမဂ္ဂင်ခရီးသည် မာရ်နတ်၏ တွေဝေရာပင် တည်း။

ဤ ခရီးကိုသာလျှင် သွားကြကုန်သော သင်တို့သည် သံသရာ ဝဋ်ဆင်းရဲ၏ အဆုံးသို့ ရောက်ကြကုန်လတ္တံ့။ ရာဂ စသော ဆူးငြောင့်ကို နှုတ်ပယ်သော ဤခရီးကို ငါကိုယ်တိုင် ထိုးထွင်း၍ သိပြီးမှ သင်တို့အား ဟောကြားခြင်းဖြစ်ပါသည်။

သင်တို့သည် ကိလေသာကို လွန်စွာ ပူပန်စေတတ်သော လုံ့လဖြင့် ပွားများအားထုတ်အပ်၏။ လာခြင်းကောင်းသော ငါဘုရားသည် ဟောကြားသင့်သည်ကို ဟောကြားခဲ့လေပြီ။ ငါဟောကြားသည့်အတိုင်း ကျင့်ကုန်သော စူးစူးစိုက်စိုက် ရှုမှတ်ကြကုန်သော သူတို့သည် မာရ်မင်း၏ အနှောင်အဖွဲ့မှ လွတ်မြောက်ကြပေလိမ့်မည်။

(ဓမ္မပဒ–မဂ္ဂဝဂ်)

# ၃၄။ နိဗ္ဗာန သစ္ဆိကိရိယာ မင်္ဂလာ

နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည် မင်္ဂလာမည်၏။

နိဗ္ဗာန်ဆိုသည်မှာ အရဟတ္တဖိုလ်တရားပင်တည်း။ ဗုဒ္ဓသာသနာတော်၏ လိုရင်းဖြစ်သော မင်္ဂလာတရားကြီးပေတည်း။

နိဗ္ဗာန်ကို ဗုဒ္ဓဘာသာဝင်တိုင်း လိုလားတောင့်တကြသည်။ ဗုဒ္ဓဘာသာဝင်တို့၏ ရည်မှန်းချက်ပန်းတိုင်ကြီးဖြစ်ပေသည်။ ဗုဒ္ဓဘာသာဝင်တခုလုံး၏ ဘာသာရေးလုပ်ငန်းရပ်များသည် ဤရည်မှန်းချက်ပန်းတိုင်ကြီးကို ဦးတည်လျက် ရှိပေသည်။ သို့ဖြစ်၍ ဤတရားတော်ကြီးကို လူတိုင်းလူတိုင်း သိရှိသဘောပေါက်ကြရန် ပညာရှိ အမျိုးမျိုးတို့သည် နည်းအမျိုးမျိုးတို့ဖြင့် ဟောကြ ပြောကြ ရေးကြလေကုန်သည်။

နိဗ္ဗာန်တရားသည် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတ တရားဖြစ်သဖြင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့်သာလျှင် မြင်နိုင်ကောင်းသော တရား ဖြစ်ပေသည်။ လောကီဉာဏ်တို့ဖြင့် ပြည့်ပြည့်စုံစုံသိမြင်နိုင်သော တရားမဟုတ်ချေ။ ကောင်းကင်မြေတိုင်းဌာနမှ ရိုက်ကူးထားသော ဓာတ်ပုံကလေးများတွင် တလက်မ ပတ်လည်အတွင်း၌ မိုင်ပေါင်းများစွာ ကျယ်ဝန်းသော မြေပြင်၏ ပုံသဏ္ဌာန်များ အပြည့်အစုံ ပါရှိပေသည်။ သို့ရာတွင် သာမန်မျက်စိဖြင့် တိတိကျကျ မူလပုံသဏ္ဌာန်ကို မြင်ခြင်းငှာ မဖြစ်နိုင်ပေ။ ထင်ရှားသော ပုံသဏ္ဌာန်သို့ ရောက်အောင် ချဲ့ထွင်ပေးနိုင်သော အားရှိသည့် မှန်ပြောင်းများဖြင့် ကြည့်မှသာ တိတိကျကျမြင်တွေ့နိုင်ပေသည်။

မှန်ပြောင်းမပါပဲ ကြည့်ပါမူ ရိုးတိုးရိပ်တိပ် မထင်မရှားသာလျှင် မြင်တွေ့နိုင်ပေသည်။ လောကီဉာဏ်ဖြင့် သိတန်ကောင်း သမျှသာ သိနိုင်ပေသည်။ ရာခိုင်နှုန်းပြည့် သိရန် မဖြစ်နိုင်။

ရန်ကုန်မြို့သို့ မရောက်ဘူးသူ တဦးအား ရွှေတိဂုံ စေတီတော်ကြီး၏ အကြောင်းကို သမိုင်းများ၊ ဓာတ်ပုံများ၊ ရှင်းလင်းချက်များဖြင့် သိတန်သမျှ သိအောင် ပြောနိုင်ပါသည်။ ကြားရသူကလည်း သိတန်သမျှ သိနိုင်ပါသည်။ ကိုယ်တိုင်ကိုယ်ကျ မျက်မှောက်ထင်ထင်မြင်ရခြင်းလောက် မည်သည့် နည်းနှင့်မျှ ပြည့်ပြည့်စုံစုံ သိမည်မဟုတ်ချေ။

ကာမဂုဏ်ငါးပါးကို ချမ်းသာသုခဟူ၍ စွဲစွဲလမ်းလမ်း မိမိရရယုံကြည်ဆုံးဖြတ်ထားသော ပုထုဇဉ်များအား ကာမဂုဏ်ချမ်းသာ အလျှင်းမပါသော နိဗ္ဗာန်ချမ်းသာကို ချမ်းသာဟူ၍ ယုံကြည်သက်ဝင်နိုင်ရန် အလွန်ခဲယဉ်းလှပေသည်။ နိဗ္ဗာန်တွင် ဒံပေါက် ထမင်းလည်းမရှိ၊ ငါးရံ့ခေါင်းဟင်းချိုလည်း မရှိ၊ ဘဲပေါင်းလည်း မရှိ၊ အုန်းနို့ခေါက်ဆွဲနှင့် ဝက်အူချောင်းလည်း မရှိ၊ ရုပ်ရှင် ပြဇာတ်တွေလည်း မရှိ ဆိုကတည်းက နိဗ္ဗာန်ကို လန့်တန့်တန့် ဖြစ်ကြပေလိမ့်မည်။ နိဗ္ဗာန်ဆိုတာ ဘာမှမရှိဘူး ဆိုပါကလား၊ ဒီလိုဆိုယင် နိဗ္ဗာန်ဆိုတာ ကြောက်စရာကြီးပါလား ဟူ၍လည်း ထင်ကြပေလိမ့်မည်။ ရုပ်နာမ်ကို ချမ်းသာထင်နေသမျှ နိဗ္ဗာန်ကို ချမ်းသာသည်ဟု မြင်နိုင်ကြမည် မဟုတ်ပေ။

တို့မျက်စိကကြိုက်တဲ့ အဆင်းတွေ၊ တို့နားက ကြိုက်တဲ့အသံတွေ၊ တို့နှာခေါင်းက ကြိုက်တဲ့ အနံ့တွေ၊ တို့လျှာကကြိုက်တဲ့အရသာတွေ၊ တို့ကိုယ်ကကြိုက်တဲ့ အတွေ့တွေ၊တို့စိတ်ကကြိုက်တဲ့ အကြံအစည်တွေ မရှိဘူးတဲ့ ဟူ၍လည်း နိဗ္ဗာန်ကို တစိမ့်စိမ့် လန့်လာကြပေလိမ့်မည်။ နိဗ္ဗာန်ကို ချမ်းသာသုခ တခုအနေဖြင့်တွေးတောစဉ်းစား၍ဘယ်နည်းနှင့်မျှ မရနိုင်။ ပြောမယုံကြုံဘူးမှ သိ ဆိုသကဲ့သို့ ကြုံဘူးမှ သိနိုင်သော တရားပင် ဖြစ်သည်။

အများကြိုက်ကြသော၊ အများချစ်ကြသော အဆင်းတွေ၊ အသံတွေ၊ အနံ့တွေ၊ အရသာတွေ ဟူသော အာရုံငါးပါး ကာမဂုဏ်တရားတို့သည် စင်စစ် ဒုက္ခဝတ္ထု၊ ဒုက္ခအစုတို့သာတည်းဟု ဟုတ်မှန်သည့်အတိုင်း သိရန်လိုအပ်ပေသည်။ရုပ်နာမ်မှ သင်္ခါရတွေ၏ မမြဲသောသဘော၊ ဆင်းရဲသောသဘော၊ အစိုးမရနိုင်သော သဘောကို ဟုတ်မှန်သည့်အတိုင်း မြင်လာလျှင်

နိဗ္ဗာန်ချမ်းသာကို မြင်လာပေလိမ့်မည်။ အချုပ်အားဖြင့် ဒုက္ခသစ္စာကို သိရန် အရေးကြီးသည်။ ဒုက္ခသစ္စာကို သိလျှင် သမုဒယသစ္စာပယ်ပြီး ဖြစ်၍ နိဗ္ဗာန်အကြောင်း ကောင်းကောင်းကြီး သိပေပြီ။

တယောက်သောသူ၌ သူ၏မိဘများက အဖိုးတန်ရတနာအပြည့်ရှိသော သေတ္တာကြီးဟူ၍ အမွေပေးခဲ့သော သေတ္တာကြီးတလုံး ရှိလေသည်။ ထိုသူမှာ မိဘပြောသည့်အတိုင်း အဖိုးတန်ရတနာတွေ အတိရှိသော သေတ္တာကြီး ဟူသော ယုံကြည်ချက်ဖြင့် လက်ခံသိမ်းပိုက်ထားလေသည်။ အဟုတ်သော်တမူ ဤသေတ္တာအတွင်း၌ ရှံရှာစက်ဆုပ်ဖွယ် ကောင်းလှသော အသေကောင်အပုပ်ကြီးသာ ရှိခြင်း ဖြစ်ပေသည်။ ထိုသူသည် သေတ္တာကိုဖွင့်၍ မကြည့်သေးချေ။ ထိုမျှလောက်သော ကာလပတ်လုံး ထိုသူသည် သေတ္တာကြီးကို မခွာနိုင်၊ မခွဲနိုင် ပင်ပန်းကြီးစွာ သိမ်းဆည်း ရလေတော့သည်။ သေတ္တာကြီးအတွက် နေ့မှာလည်း အလုပ်ဖြောင့်ဖြောင့် မလုပ်နိုင်၊ ညမှာလည်း ဖြောင့်ဖြောင့်မအိပ်နိုင်၊ မီးတဲ့မီးဟဲ့ ဆိုလျှင် ထိုသေတ္တာကြီးကိုအရင် ထမ်း၍ ထွက်ရသည်။ အပြင်ခဏထွက်၍အိမ်ပြန်ရောက်လျှင် သေတ္တာကြီး ထားသောအခန်းကို အခြေပျက် မပျက် ကြည့်ရသည်။ ထိုအခိုက်အတန့် အတွင်း သေတ္တာကြီးကို လူခိုးသွားမည်ဆိုပါက ထိုသူမှာ သွက်သွက် လည်အောင် ရူးပေတော့မည်။

ထိုသေတ္တာကြီး မစွဲပါနှင့်၊ မချစ်ပါနှင့် ပြော၍မရ။ သေတ္တာကြီး မချစ်ပါနှင့်၊ မစွဲပါနှင့် ပြောလျှင် မောရုံသာ ရှိမည်။ သဘောကျလိမ့် မည်မဟုတ်။ ထို့ကြောင့် သေတ္တာကြီးအကြောင်း ရှည်ရှည်ဝေးဝေးမပြော တော့ပဲ ကိုင်း မင်းချစ်တဲ့ သေတ္တာကြီး ဖွင့်ကြစို့ ဟူ၍ သော့ဖွင့်ကာ အဖုံးလှပ်လိုက်သည်နှင့် ဟပြိုင်နက် ဟာကနဲ ဖြစ်သွားပေလိမ့်မည်။ သူထင် ထားတာတွေ သေတ္တာကြီး၌ ဘာမှ မရှိပါကလား၊ မြတ်နိုးဖွယ်ရာ အပြည့် ရှိသည်ဟု ယုံကြည်ထားသော ထိုသေတ္တာကြီး အတွင်း၌ ရှံရှာ စက်ဆုပ် ဖွယ်တွေသာ အပြည့်ရှိနေသည်ကို မြင်လိုက်သည်နှင့်ပြိုင်နက် သေတ္တာကြီး အပေါ် စွဲလမ်းကပ်ငြိနေသော တဏှာချုပ်ငြိမ်းလေပြီ။

ကဲ၊ ကဲ၊ အဖုံးပြန်ပိတ်လိုက်တော့၊ သေတ္တာကြီး၏ အဖြစ်မှန်ကို သိပြီ ဖြစ်၍ ဤသေတ္တာကြီးကို အဘယ်သို့ စွန့်ခွာသွားရမည်နည်းဟု သေတ္တာ ကြီးအပေါ် ငြီးငွေ့ချေပြီ။ ထိုအခိုက်အတန့်တွင် တစုံတယောက်သောသူက

သေတ္တာကြီးကို ခိုးယူသွားမည်ဆိုပါက ယခင်ကလို သွက်သွက်လည်အောင် မရှုးတော့ပဲ ခိုးသူကိုပင် သနားပေလိမ့်မည်။ မိုက်လိုက်တဲ့ အကောင်တွေ၊ ဘာမှမသိကြဘူး၊ အသောကောင်ပုပ် သေတ္တာကြီးကို မက်မက်မောမော ယူသွားကြပလေ့တယ်ဟု ကရုဏာ သက်မိပေလိမ့်မည်။

ဒုက္ခကို ဒုက္ခမှန်း သိလိုက်ခြင်းသည် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းပင် ဖြစ်ပေသည်။

စွန်းလွန်း ဆရာတော်ဘုရားကြီးက နိဗ္ဗာန်ကို သိချင်လျှင် ဘင်စွန်း (အပျက်)ကိုမြင်အောင်ကြည့်ဟုဟောတော်မူသည်မှာ အလွန်သာဘာဝကျလှသည်။ နိဗ္ဗာန်သည် မရှိသည်မဟုတ်၊ ငြိမ်သက်သော ချမ်းသာသည် ကေန်ရှိသည်။ ငြိမ်သက်သော ချမ်းသာ ဆိုသည်မှာ ခံစားမှုဝေဒနာ မရှိသော ချမ်းသာမျိုး ဖြစ်သည်။ ကာမဘုံသားများ လိုလားသော ကာမချမ်းသာ ဆိုသည်ကား ခံစားမှုရှိသော ဝေဒနာချမ်းသာပင် ဖြစ်သည်။ ကာမဂုဏ် ချမ်းသာ ဆိုသည်မှာ စင်စစ်ထင်နေသော ချမ်းသာမှုမျိုးသာတည်း။ စင်စစ် သော်ကား ယက်သက်သော ဒုက္ခအစုကြီးပေတည်း။

နိဗ္ဗာန်ချမ်းသာသည် တောင့်တမှု၊ ကြောင့်ကြမှု၊ ပူပင်မှု အလျှင်းကင်းသော၊ ဘာမျှ အားထုတ် လုပ်ကိုင်ရမှု မရှိတော့သော တခြား သဘော တရားတို့ကလည်း ထောက်ပံ့ကူညီ ပြုပြင်ပေးရမှု မရှိတော့သော၊ ငြိမ်း သဘော၊ အေးသဘော ဖြစ်ပေသည်။

မခါမဆံ့ ရောဂါခံစားနေရသော သူတယောက်တွင် ရုတ်တရက်ရောဂါ ပျောက်ကင်းသွားသောအခါ ချမ်းသာမှုကလေး ပေါ်လာသည်။ ထိုချမ်း သာမှုကလေးသည် ငြိမ်း၍ အေးနေသည်။ မြင်ရ၊ကြားရ၊ စားရ၊ သောက်ရ၊ ထိရ၊ တွေ့ရသော ချမ်းသာမျိုးနှင့်လည်းမတူ၊ ဥပမာပေး၍လည်း မရ စကောင်း၊ ဘယ်လို တွေ့ကြုံ ခံစားရပါသည်ဟူ၍လည်း ပြော၍မဖြစ်ချေ။

တဖန် လူတယောက်တွင် ကြီးလေးသော မင်းပြစ် မင်းထိုက် တန်သည့် မင်းသို့ ပေးဆပ်ရမည် ဖြစ်သော၊မိမိအနေဖြင့် ပေးဆပ်နိုင်မည့် အခြေအနေ မရှိသော ထိုကြွေးကို မင်းက လျှော်ပစ်လိုက်သောအခါ ထိုကြွေးကြောင့် ဖြစ်နေသော ပူပင်သောကများ ငြိမ်းအေးသွားတော့သည်။

ခရီးသွားသူတယောက်သည် ခရီးသွားနေစဉ်မိမိ၏ အိမ်သူအိမ်သားများ ပျက်စီးသွားသည်ကို ကြားရသဖြင့် အိမ်သို့ အရေးတကြီး ပြန်လာရာ အိမ်ရောက်သောအခါ ကြားရသည့်အတိုင်း လုံးဝမဟုတ်ပဲ ကောင်းမွန်

သော၊ ပကတိ အခြေအနေအတိုင်း ဖြစ်သော မိသားစုကို မြင်တွေ့လိုက်ရသည်နှင့် တပြိုင်နက် လမ်းကခံစားခဲ့ရသော အပူလုံးကြီးများ ချုပ်ငြိမ်းသွားတော့သည်။

ရောဂါဝေဒနာ ကင်းငြိမ်းသွား၍ ငြိမ်သက်သော ချမ်းသာကလေးကို ခံရပုံ၊ ကြွေးမြီကင်းသွားသဖြင့် စိတ်ပေါ့ပါး လွတ်လပ်သွားပုံ၊ မပျက်စီးသော မိသားစုကိုပြန်တွေ့ရသဖြင့် အေးသွားရပုံများသည် မှန်းဆကြည့်ရန် ဖြစ်သော ဥပမာများ ဖြစ်ပေသည်။ စင်စစ်သော်တမူ နိဗ္ဗာန်ချမ်းသာသည် ထိုချမ်းသာတို့နှင့်လည်း မနှိုင်းယှဉ်လောက်အောင် အေးဆေး ငြိမ်သက်လှပေသည်။

သတ္တဝါတွေ တွယ်တာနေကြသော ရုပ်နာမ်တရား နှစ်ပါးအနက်မှ ရုပ်တရားတခုကိုပင်လျှင်စိစစ်မည်ဆိုပါက ဤရုပ်တရားသည်သူတပါးပြုပြင်သမျှခံနေရသော အပြုပြင်ခံ တရားအစုသာ ဖြစ်နေကြောင်း တွေ့ရပေလိမ့်မည်။ ကောင်းမှု၊ မကောင်းမှုဟူသော ကံတို့က သူတို့သဘောကျ စီမံခန့်ခွဲသည်ကိုခံရ၊ စိတ်ဟူသော တရားများက သူတို့သဘောကျ စီမံခန့်ခွဲသည်ကို ခံရ၊ ဥတုဟူသော သဘောတရားက သူတို့သဘောကျ စီမံခန့်ခွဲသည်ကို ခံရ အဟာရဟူသော သဘောတရားက သူတို့သဘောကျ စီမံခန့်ခွဲသည်ကိုခံရ သူများပြုသမျှ နုနေသည်ကို တွေ့ရပေလိမ့်မည်။ တခုတည်းသော တရား၏ စီမံခန့်ခွဲမှုကို အမြဲခံနေရသည် ဆိုလျှင်ပင် ဆင်းရဲလှပေပြီ။ လေးမျိုးသော တရားတို့၏ သူတို့သဘောကျ စီမံခန့်ခွဲမှုကို အမြဲခံနေရသော ရုပ်တရားသည် အဘယ်မှာ ချမ်းသာခွင့် ရှိတော့မည်နည်း။

ထို့ကြောင့် မြတ်စွာဘုရားက(ဧဝံ မေ တဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ) ဤသို့ ချမ်းသာဟူ၍ မှုမျှမဖက် သက်သက်သော ဆင်းရဲအစုကြီး ဟူ၍ ဟောတော်မူခဲ့ခြင်း ဖြစ်ပေသည်။ ဤဒုက္ခကြီးကို ဒုက္ခဟူ၍မှ မသိသည့်အပြင် ဒုက္ခ ခံနေရသည်ကိုပင်လျှင် သုခ စံနေရသည်ဟု ထင်မှတ်နေသူများသည် အဘယ်သို့လျှင် နိဗ္ဗာန်ချမ်းသာကို မြင်နိုင်ချေအံ့နည်း။ နိဗ္ဗာန်ချမ်းသာကို သိမြင်ရန် မြတ်စွာဘုရားရှင်သည် အောက်ပါအတိုင်း နည်းလမ်းပြသ ဟောကြားတော်မူခဲ့လေသည်။

သဗ္ဗေ သင်္ခါရာ အနိစ္စာ
ယဒါ ပညာယ ပဿတိ
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊

သော မဂ္ဂေါ ဝိသုဒ္ဓိယာ။

သဗ္ဗေ သင်္ခါရာ ဒုက္ခာ
ယဒါ ပညာယ ပဿတိ
အထနိဗ္ဗိန္ဒတိ ဒုက္ခေ
သော မဂ္ဂေါ ဝိသုဒ္ဓိယာ။

သဗ္ဗေ ဓမ္မာ အနတ္တာ
ယဒါ ပညာယ ပဿတိ
အထနိဗ္ဗိန္ဒတိ ဒုက္ခေ
သော မဂ္ဂေါ ဝိသုဒ္ဓိယာ။

အလုံးစုံသော တေးဘုမ္မာက ရုပ်နာမ်ဟူသော အပြုပြင်ခံ တရားတို့သည် စင်စစ် မမြဲသော တရားမျိုး၊ ဆင်းရဲသောတရားမျိုး၊ အစိုးမရသော တရားမျိုးတို့သာတည်း။ အကြင်အခါ၌ ကောင်းသော ပညာဖြင့် ထိုတေဘူမက အပြုပြင်ခံ တရားတို့သည် မမြဲသော တရားများ၊ ဆင်းရဲသော တရားများ၊ အစိုးမရသော တရားများ ဟူ၍ သိ၏။ ထိုအခါ ထိုရုပ်နာမ်တရားတို့မှ ငြီးငွေ့၏။ ဤသည်လျှင် ကိလေသာ စင်ကြယ်၍ နိဗ္ဗာန်ကိုမြင်ကြောင်း ဖြစ်သော လမ်းကောင်း လမ်းမှန်ပေတည်း။

နကမ္ပတိ၊ အသောကံ၊ ဝိရဇံ၊ ခေမံ ဟူသော မင်္ဂလာတရားများသည် နိဗ္ဗာန် ချမ်းသာများပင် ဖြစ်ပေသည်။ စဉ်းစားသည်ဆိုသည်မှာ မိမိတို့ ဉာဏ်ဖြင့် လက်လှမ်းမီသမျှသာ စဉ်းစားသင့်သည်။ မိမိတို့ ဉာဏ်ဖြင့် လက်လှမ်းမမီသော အရာကို စဉ်းစားလျှင် အမှန် မရောက်နိုင်ရုံသာမက အမှားပင် ဖြစ်သွားတတ်ချေသည်။ စဉ်းစားလေလေ ရှုပ်ထွေးလေလေ ဖြစ်သွားတတ်ပေသည်။

နိဗ္ဗာန်သည် စဉ်းစား၍၊ နှိုင်းယှဉ်၍၊ ထောက်ဆ၍၊ ရေဘ်ချမ်းမှန်းဆ၍ သိနိုင်ကောင်းသော တရားမဟုတ်ချေ။ ဘုရားအလောင်းတို့ အနုမာနနည်းဖြင့် သိသည်ဆိုရာမှာလည်း ဘာဝနာမယ ဉာဏ် (ပွားများအားထုတ်မှုဖြင့်ပြီးသောဉာဏ်) ဖြင့် သိပုံမျိုး မဟုတ်ချေ။ နိဗ္ဗာန်သည် နှိုင်းယှဉ်စရာ၊ ထောက်ဆစရာ ဟူ၍မရှိ ကိုယ်တိုင်ပွားများ အားထုတ်သော ဘာဝနာမယ ဉာဏ်ဖြင့်သာလျှင် သိနိုင်သောတရားဖြစ်သည်။ ကိုယ်တိုင်ပွားများ အား

ထုတ်မှုဆိုသဖြင့် အခက်အခဲကြီးပါကလားဟု မမှတ်လင့်။ အလွန်လွယ်ကူသည်။ ရက်ပိုင်း လပိုင်းအတွင်းမှာပင် သဘောပေါက်နိုင်သည်။။ စိတ်ကူးစဉ်းစား တွေးတောရသလောက်ပင် မခက်ပါ၊ မကြာပါချေ။

လျှာဖြင့်မြည်းမှုစမ်းမှ သိရမည့်အရသာသဘောကို မျက်စိဖြင့်အဘယ်မှာ သိနိုင်မည်နည်း။ နားဖြင့်ကြားကြည့်မှ သိမည်ဖြစ်သော အသံ၏သဘောကို နှာခေါင်းဖြင့် အဘယ်မှာ သိနိုင်မည်နည်း။ ဘာဝနာမယ ဉာဏ်ဖြင့်သာ သိနိုင်သောအရာကို သုတမယဉာဏ်၊ စိန္တာမယဉာဏ်ဖြင့် အဘယ်မှာ သိနိုင်မည်နည်း။

မျက်စိနှင့် ကြည့်မှ သိနိုင်သော အရာဟု ဆိုသော်လည်း မှန်ဘီလူးနှင့်ကြည့်မှ မြင်နိုင်မည့်အရာကို မှန်ဘီလူး မပါပဲ မြင်နိုင်မည် မဟုတ်ချေ။ ဒိဋ္ဌလက်တွေ့မှယုံမည်ဆို၍ ဒိဋ္ဌလက်တွေ့အားထုတ်ပါဆိုတော့လည်းအားမထုတ်ချင်၊ ဒိဋ္ဌလက်တွေ့ဟုသာ တွင်တွင်ပြောနေလျှင် အချည်းနှီးသာ ဖြစ်ပေလိမ့်မည်။ အပြောလက်တွေ့ မဟုတ်ပဲ အလုပ်လက်တွေ့ ဖြစ်အောင် မဟာသတိပဋ္ဌာန် တရား (၄) ပါးကို ထိထိ ရောက်ရောက် ပွားများသင့်လှပေသည်။

ဟရားရှာ ကိုယ်မှာတွေ့ ဆိုသည့်အတိုင်း အသင်္ခတ နိဗ္ဗာန်ကို မြင်လိုလျှင် အသင်္ခတ ရုပ်နာမ်ကို ကြည့်ရသည်။ သင်္ခတ ရုပ်နာမ်ကို သင်္ခတ ရုပ်နာမ်ဟုဟုတ်မှန်သည့်အတိုင်းမြင်လျှင် သင်္ခတ နိဗ္ဗာန်ကိုမြင်တော့သည်။ အသင်္ခတ နိဗ္ဗာန်ကို သိလို မြင်လိုသဖြင့် သင်္ခတ ရုပ်နာမ်ကို မကြည့်ပဲ ဟိုနှယ် သည့်နှယ် ကြံစည်စဉ်းစား တွေးတော နေခြင်းသည် လှော်ရင်းနစ်သော နည်းပင် ဖြစ်ပေသည်။ သင်္ခတ ရုပ်နာမ်ကို ကြည့်ရမည် ဆိုသဖြင့် တောဘူမက သင်္ခါရ တရားအားလုံးကို ကြည့်နေရန် မလိုချေ။ တနေရာတည်း ကြည့်နေရုံမျှဖြင့် ကိစ္စပြီးပေသည်။ သမုဒ္ဒရာရေ ချိုသည်၊ ငန်သည် သိရန် အကုန်သောက်ကြည့်ရန် မလိုချေ။ အနည်းငယ်မျှ လျက်ကြည့်ကာမျှဖြင့် သမုဒ္ဒရာရေအားလုံး ငန်သည်ကို သိနိုင်ပေသည်။ ဆန်စင်ရာ ကျည်ပွေ့လိုက်ရန် မလိုချေ။ ခန္ဓာကိုယ် တနေရာမှာပဲဖြစ်ဖြစ်၊ ကိုယ်လက်လှုပ်ရှားရာပဲဖြစ်ဖြစ် ဖြစ်ခိုက်ကလေးများကို မလစ်မလပ်ရအောင် ရှုမှတ်ကြည့်နေခြင်းဖြင့် နိဗ္ဗာန်ဆိုသည်မှာ ဤတရားပါပဲကလားဟု ထင်ထင် ရှားရှားကြီး မြင်ပေလိမ့်မည်။

ဟကယ်တမ်း ထိထိရောက်ရောက် အားထုတ်လျှင် နိဗ္ဗာန်ဆိုသည်မှာ မှုန်မှုန် မွှားမွှား ရေးရေးကလေး မြင်ရသော အရာမဟုတ်ပဲ ဉာဏ်အမြင် တွင် ထင်ထင် ရှားရှားကြီးကြီး တွေ့ရပေလိမ့်မည်။ တကြိမ်မျှတွေ့လျှင်ပင် ထိုသူသည်

တိဏ္ဏဝိစိကိစ္ဆော၊ ဝိဂတ ကထံကထော

ဝေသာရဇ္ဇပတ္တော၊ အပရပစ္စယော သတ္ထုသာသနေ

ဟု ဟောတော်မူသည့်အတိုင်း၊

> ယုံမှားခြင်းမှ လွတ်မြောက်ပြီ၊ သို့လော သို့လော တွေးတောခြင်း မရှိတော့ပြီ။ ဘုရား သာသနာတော်၌ သူတပါးပြော၍ သိရသော အသိမဟုတ်ပဲ ကိုယ်တိုင်သိမြင် ရဲရင့်ခြင်းသို့ ရောက်ပြီ။

အလွန်ဝမ်းမြောက်ဖွယ်၊ အားရဖွယ် ကောင်းလှပေသည်။ ထို့ကြောင့် ဘုရားသာသနာတော်ကြီးနှင့် တွေ့ကြသောအခါ နိဗ္ဗာန်ဆိုသည်မှာ အဘယ် နည်းဟူ၍ ကိုယ်တိုင်ကိုယ်ကျ သိမြင်ကြရန် လေးပါးသော မဟာသတိ ပဋ္ဌာန် တရားတို့ကို ထက်သန်သော သမ္မပဓါန်လုံ့လဖြင့် ပွားများအားထုတ် သင့်လှပေသည်။

ဘာဝေတဗ္ဗံ ပ နိစ္စံ

ဘာဝနာ ဒွယ မုတ္တမံ

ပတ္တ ယံ သေန သာသနေ။

ရှင်တော်ဘုရား၊ မိန့်ဟောကြား၍၊ တည်ထားမိန့်မှာ၊ ဤသာသနာ တော်ကြီး၌၊ အိုဘေး နာဘေး၊ သေဘေးကင်းရာ အေးချမ်းစွာသော အကျင့်တရား၏ အနှစ်သာရဖြစ်သော နိဗ္ဗာန်တရားမြတ်ကို ကိုယ်တိုင် မျက်မှောက်ရောက်ရန် နေလိုသော အမျိုးကောင်းသား၊ အမျိုးကောင်း သမီးများသည် ဆိုခဲ့ပြီးသော သမထ ဘာဝနာ၊ ဝိပဿနာ ဘာဝနာ နှစ်ပါးတို့ကို ပွားများ အားထုတ်ကြကုန်ရာသတည်း။

ဤသည်ပင် နိဗ္ဗာနသစ္ဆိကိရိယာ မင်္ဂလာ ဖြစ်ပါသတည်း။

# ၃၅။ နကမ္မတိ မင်္ဂလာ

စိတ်မတုန်လှုပ်ခြင်းသည် မင်္ဂလာ မည်၏။

လောကဓံတရားတို့နှင့် တွေ့ကြုံရခြင်းကြောင့် ဝမ်းနည်းဝမ်းသာ မဖြစ်ခြင်းသည် စိတ်မတုန်လှုပ်ခြင်းပင် ဖြစ်သည်။ စိတ်မတုန်လှုပ်ခြင်းသည် အလွန်ငြိမ်သက်လှသောကြောင့် မင်္ဂလာ မည်ပေသည်။ ဤသည်လျှင် တခုသော နိဗ္ဗာန် ချမ်းသာကြီးပေတည်း။

ဤမင်္ဂလာ တရားသည် နိဗ္ဗာန သစ္ဆိကိရိယာ မင်္ဂလာ၏ အကျိုးတရား ဖြစ်ပေသည်။ လောကဓံတရား ရှစ်ပါးဆိုသည်မှာ—

၁။ လာဘော = လာဘ်ရခြင်း
၂။ အလာဘော = လာဘ်မရခြင်း
၃။ ယသော = အခြွေအရံများခြင်း
၄။ အယသော = အခြွေအရံမရှိခြင်း
၅။ နိန္ဒာ = ကဲ့ရဲ့ခံရခြင်း
၆။ ပသံ = ချီးမွမ်းခံရခြင်း
၇။ သုခံ = ကိုယ်စိတ်ချမ်းသာခြင်း
၈။ ဒုက္ခံ = ကိုယ်စိတ်ဆင်းရဲခြင်းတို့ ဖြစ်ကြပေသည်။

လောကရှိ သတ္တဝါမှန်သမျှ တွေ့စမြဲ ကြုံစမြဲ တွေ့ရိုး ကျေ့စဉ်၊ ဖြစ်ရိုးဖြစ်စဉ် မလွှတ်နိုင် မကင်းနိုင်သော တရားများဖြစ်၍ လောကဓံတရားဟူ၍ ခေါ်သည်။ သတ္တဝါမှန်သမျှ ထိုလောကဓံတရားရှစ်ပါးအနက်မှ အနည်းဆုံးတမျိုးမျိုးနှင့်တွေ့၍ နေကြရမည်သာ ဖြစ်သည်။ တုန်လှုပ်သည် ဆိုသည်မှာ မတည်ငြိမ်ခြင်း၊ ဖောက်လွဲဖောက်ပြန် ဖြစ်သွားခြင်း၊ တမျိုးတဖုံ ပြောင်းလဲသွားခြင်း၊ မူလအတိုင်း မဟုတ်တော့ခြင်း များကို ဆိုလိုသည်။

ပုထုဇဉ်မှန်သမျှသည် လာဘ်ရခြင်းကြောင့်လည်း တုန်လှုပ်ကြသည်။ လာဘ်မရခြင်းကြောင့်လည်း တုန်လှုပ်ကြသည်။ အရောင်းအဝယ်ကောင်းလာခြင်း၊ ဝင်ငွေတွေ အမြတ် အစွန်းတွေ များများရလာခြင်း၊ လစာ

ရိက္ခာ တိုးတက်လာခြင်း၊ ရာထူးရာခံ တိုးမြင့်လာခြင်း၊ လုပ်ငန်းဆောင်တာ အဖြာဖြာမှ အကျိုးစီးပွား တိုးတက်လာခြင်း ဟူသော လာဘ်ရခြင်း လောကဓံနှင့် တွေ့လာကြသောအခါ ဝတ်ပုံ စားပုံ၊ နေပုံ ထိုင်ပုံ၊ ပြောပုံ ဆိုပုံ၊ လုပ်ပုံ ကိုင်ပုံများ သိသိသာသာ ထူးထူး ခြားခြား ပြောင်းလဲ လာတော့သည်။ ယခင်က အမူ အရာမျိုး မဟုတ်တော့ပြီ။ တချို့သော ယောကျ်ားများက အငယ်အနှောင်းထားလာကြသည်။ အချို့မိန်းမများအပျော်အပါးမက်မောလာတတ်ကြသည်။ မာနကြီးလာကြသည်။ ဘဝင်မြင့်လာကြသည်။ အချို့သူတို့မှာ အယူ ဝါဒများပင် ဖောက်ပြားသွားလေတော့သည်။ စနစ်မရှိ၊ ဇယားမရှိ၊ စာရင်းမရှိ အင်းမရှိ၊ လုပ်မိလုပ်ရာ အလုပ်ကို စွတ်၍လုပ်ရာတွင် ကံအားလျော်စွာ အလုပ်နှင့် အခြေအနေ အံဝင်ခွင်ကျဖြစ်၍ ကြီးပွားလာသူများ ရှိကြသည်။ ထိုသူများမှာမူ မူလကပင် စနစ်မရှိ၊ ဇယားမရှိ၊ စာရင်းအင်း မရှိခဲ့သောကြောင့် ဘယ်လုပ်ငန်းက ဘာကြောင့် အမြတ်အစွန်း ရလာသည်ကိုလည်း မသိကြတော့ချေ။

အချို့ ရှေးကံ အားလျော်စွာ အခြေအနေအရ များလှအောင် မကြိုးစားရပဲ ရာထူးရာခံ တိုးတက်လာသူများလည်း ရှိကြသည်။ ထိုအခါ မင်းတို့ အခုလို ကြီးပွားနေတာ အစ်ကိုကြီးနဲ့ သခင်ကလေးတို့က မ နေတာ၊ သူတို့ကို မေ့နေရမလားလို့စိတ်ဆိုးနေတယ်၊ ကနားလေး ဘာလေး ပေးကြအုံးမှပေါ့၊ ပွဲလေးဘာလေး ထိုးကြအုံးမှပေါ့၊ သူတို့စိတ်ဆိုးယင် အားလုံး ဒုက္ခရောက်ကုန်ယိမ့်မည် စသော အဆွယ်သမားများနှင့် တွေ့ရသည်နှင့် တပြိုင်နက် နဂိုက အူလုံးလုံးဖြစ်နေသော ထိုသူများမှာ စီးပွားရေး မတိုးတက်စဉ်က ရိုးရိုးမှန်မှန် ဖြစ်ပါလျက် စီးပွားရေးတက်ခါမှ နတ်ကတော်လုံးလုံးဖြစ်ရချေတော့သည်။

ပျောင်းလို့ ဝယ်လို့ မကောင်းတော့ခြင်း၊ ဝင်ငွေများ လျော့နည်းလာခြင်း၊ ဆုံးရှုံးပျက်စီးခြင်း၊ ရာထူးရာခံနိမ့်ကျသွားခြင်းများ ကြုံသောအခါ တမိုင်မိုင်တတွေတွေဖြင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်တော့သည်။ စိတ်ပူပန်လွန်းသောအခါ စဉ်းစားဉာဏ်လည်းမထွက်တော့ချေ။ ဆင်ခြင်ဉာဏ်မထွက်သဖြင့် အပြစ်ရှိသော ဖြတ်လမ်းကို လိုက်ကြတော့သည်၊ အပြစ်ငယ်ငယ်ကလေးကို အပြစ်ကြီးကြီးနှင့် ဖုံးလွှမ်းရန် ကြိုးစားတော့သည်။မလုပ်သင့်တာလုပ်၊ မပြောသင့်တာပြော၊ မကြံသင့်တာကြံလာကြတော့သည်။ ပြောမှား

ဆိုမှား လုပ်မှား ကိုင်မှားတွေကြောင့် ပို၍ပို၍နစ်နာဆုံးရှုံးပျက်စီးကြပြီးလျှင် နောက်ဆုံး မထိန်းနိုင်မသိမ်းနိုင်ဖြစ်ရလေတော့သည်။ ထို့ကြောင့် ရှေးလူကြီးများသည် စီးပွားတက်လာသူကို မြင်လျှင် စီးပွားတွေ တက်လွန်းသည်၊ သတိထားကြဟု သတိပေးလေ့ရှိကြသည်။ စီးပွားရေးကျသွားသောအခါမှာလည်း မင်းတို့အိမ်အခြေအနေ သိပ်မကောင်းဘူး၊ ကိုယ့်အိမ်ကခွေးက ကိုယ့်ပြန်ဟောင်လာတယ်၊ သတိထားကြဟု သတိပေးတတ်ကြသည်။ အလွန်အရေးကြီးသော အချက်များဖြစ်၏။ ရဟန္တာအရှင်မြတ်များကဲ့သို့ လုံးဝ မတုန်လှုပ်အောင် မတတ်နိုင်သော်လည်း သတိပညာ အလိမ္မာဖြင့် မိမိကိုယ်ကို မတုန်လှုပ်အောင် ထိန်းသိမ်းနိုင်စွမ်းရှိရန် ကြိုးစားကြရမည်။

နှစ်သက်သော လောကဓံနှင့် တွေ့သောအခါ နှစ်သက်သလို မှောက်မှောက် မှားမှား ဖြစ်တတ်၍ မနှစ်သက်သော လောကဓံနှင့်တွေ့သောအခါမှာလည်း မနှစ်သက်သလို မှောက်မှောက် မှားမှား ဖြစ်တတ်ချေသည်။ ပုထုဇဉ်မှန်သမျှ လောကဓံတရားနှင့် တွေ့တိုင်း စိတ်ရော ကိုယ်ပါ အငြိမ်မနေနိုင်ဖြစ်ရတော့သည်။ အနည်းနှင့် အများ တုန်လှုပ် ကြတော့သည်။ လောကဓံ တရားတွေကလည်း နားသည်မရှိ၊ တခုပြီးတခု အလှည့်ကျတွေ့၍ နေတော့သည်။ တွေ့တိုင်းလည်း တုန်လှုပ်ရတော့သည်။ သတ္တဝါကား ပင်ပန်းပေစွ။

လောကဓံကို ခံနိုင်ကြသော ပုထုဇဉ် သူတော်ကောင်းများလည်းရှိကြပေသည်။ သို့လျှင်တစေ ၎င်းတို့သည် အလွတ်မဲ့ခံနိုင်ကြသည်မဟုတ်။ အကာအကွယ်ဖြင့် ခံကြရသည်။ အချို့ ကြောင်းကျိုး ဆင်ခြင်၍ ခံကြရသည်။ အချို့ရှုမှတ်၍ ခံကြရသည်။ လုံ့လမပြုပဲ ကြောင့်ကြမစိုက်ရပဲ ခံနိုင်သည် မဟုတ်ချေ။ ပုထုဇဉ် သူတော်ကောင်းများ လောကဓံနှင့် တွေ့သောအခါ၊ အရက်ဖြတ်ထားသူသည် အရက်နှင့်တွေ့သောအခါ ကြောင့်ကြစိုက်၍အရက်သောက်ချင်စိတ်ကို တားဆီးထားရ သကဲ့သို့ မိမိစိတ်ကို မတုန်လှုပ်အောင် သတိပညာ အလိမ္မာဖြင့် ထိန်းသိမ်းထားရသည်။ အရိယာသူတော်ကောင်းများမှာမူ၊ မူလကပင် အရက်မသောက်တန်သူများသည် အရက်နှင့် တွေ့သောအခါမှာလည်း အရက်မသောက်ချင်အောင် ထိန်းသိမ်းထားရန် မလိုသကဲ့သို့ လောကဓံနှင့် တွေ့သောအခါမှာ မိမိစိတ်ကို မတုန်လှုပ်အောင် ထိန်းသိမ်းထားရန် မလိုတော့ချေ။

လောကဓံ မှန်သမျှ ဘာတခုမှလည်း မကောင်းချေ။ မတွေ့ပဲလည်း မနေရချေ။ ဂေါ်လီလုံးကလေးများကို ခြင်းထဲထည့်၍ ထက်အောက် ဗယ် ညာ ခလောက် သကဲ့သို့ လောကသည် တရားရှစ်မျိုးတို့ဖြင့် ကသိကအောင့် ဒုက္ခရောက်အောင် ဖန်တီးလေတော့သည်။ ပုထုဇဉ်မှန်သမျှ လိမ့်၍သာခံကြ ရတော့သည်။

ပြင်းထန်သော လေမုန်တိုင်းကြီးကြောင့် တမြို့လုံး တနယ်လုံး ဖရိုဖရဲနှင့် ပြားပြားဝပ်အောင် ပျက်စီးသွားသောအခါ အိမ်တလုံးတလေ မပျက်မစီးပဲ နဂိုအကောင်းပကတိအတိုင်း ကျန်ရှိနေခဲ့လျှင် ထိုအိမ်ကိုကြည့်၍ အံ့သြ ချီးမွမ်းကြသကဲ့သို့ လောကဓံ မုန်တိုင်းအောက်တွင် ပုထုဇဉ် လောကဟူ သော တမြို့လုံးတနယ်လုံး ဖရိုဖရဲ ပြားပြားဝပ်အောင် ပျက်စီးသွားသော အခါ တလုံးတလေလောက်သာ ကြံ့ကြံ့ခိုင်၍ ကျန်ခဲ့သော အိမ်ကဲ့သို့ လောကဓံကြောင့် မကုန်မလှုပ်ရပ်တည်နေသော ရဟန္တာအရှင်မြတ် များကို ချီးမွမ်း အံ့သြရပေမည်။ လောကဓံကြောင့် စိတ်မတုန်လှုပ်ရခြင်းသည် အလွန်ခက်ခဲသော တရားပါပေတည်း။ အလွန်ငြိမ်းအေး ချမ်းသာလှသော တရား ပါပေတည်း။

## ၃၆။ အသောက မင်္ဂလာ

စိုးရိမ်မှုမရှိခြင်းသည် မင်္ဂလာမည်၏။

စိုးရိမ်မှုမရှိခြင်းဆိုရာ၌ စိုးရိမ်မှုဆိုသည်မှာ သောက၏ မြန်မာအဓိပ္ပာယ် ပင်တည်း။ သောကဆိုရာတွင်လည်း သောက တခုတည်းကိုသာ ယူရန် မဟုတ်ပဲ သောကနှင့် တတွဲတည်းဖြစ်သော ပရိဒေဝ၊ ဒေါမနဿ၊ ဥပယာသ ဟူသော စိတ်ဆင်းရဲမှုအားလုံးကို ယူရမည်။ ထိုစိတ်ဆင်းရဲမှု အားလုံးတွင် သောကသည် အစအဦး ခေါင်းဆောင်ဖြစ်၍ ၎င်းကို ခေါင်းတပ်၍ဆိုခြင်း ဖြစ်သည်။ ၎င်းတို့၏ အဓိပ္ပာယ်မှာ—

၁။ သောက = စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်း၊ ပူပန်ခြင်း၊ စိတ် မချမ်းသာခြင်း။

၂။ ပရိဒေဝ = ငိုကြွေးခြင်း၊ စိတ်တွင်တလုံးလဲလဲ စိုးရိမ်ကြောင့်ကြ ပူပန်ရုံမျှဖြင့် မနေတော့ပဲ ဒုက္ခကြီးရောက်ပါပေါ့ဟူ၍ ပေါက်ကွဲယျိုတက်၍ မျက်ရည်ထွက်ခြင်း၊ နှာရည်ထွက်ခြင်း၊ အသံထွက်ခြင်း ကိုယ်အမူအရာ ဖောက်ပြားလာခြင်း၊ ရှိုက်ကြီးတငင် ဖြစ်ခြင်း။

၃။ ဒေါမနဿ = ဒေါသ အမျက် ချောင်းချောင်းထွက်ခြင်း၊ မကျေနပ်ခြင်း၊ မနှစ်သက်ခြင်း၊ ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်း။

၄။ ဥပယာသ = ပြင်းစွာပူပန်ခြင်း၊ မီးပေါ်တွင်ရှိသောဒယ်အိုး၌ ထည့်အပ်သောဆီတို့သည် မဆူမီ၊ မပွက်မီ၊ မဝေမီ၊ တပြည်းပြည်းချင်း ပူ၍ ပူ၍ လာသကဲ့သို့ သောကကို မှတ်ရမည်။ အလွန်ပူပြင်း၍ ပွက်ပွက်ဆူကာ ဝေ၍ကျလာသကဲ့သို့ ပရိဒေဝကို မှတ်ရမည်။ ပြင်ပသို့ ဝေကျလောက်အောင် မကျန်တော့သော ဆီပူတို့သည် အခိုးထောင်းထောင်း ထကာ တဖျစ်ဖျစ်မည်၍ ပူလောင်ခြောက်ခန်းသကဲ့သို့ ဥပယာသကို မှတ်ရမည်။

မှတ်ချက်။ ။ဤမင်္ဂလာတရား၌ သောကဟုဆိုလျှင် အထက်ပါလေးပါးလုံး ပါပြီးဖြစ်လေသည်။ သောကဟူသောတရားသည် အလိုမပျှအပ်သော လောကဓံတရား လေးပါးနှင့် တွေ့ကြုံသောအခါ၊ တွေ့ကြုံတော့မည်ဟု ထင်မှတ်သောအခါ ပညာမဲ့သော ပုထုဇဉ်သတ္တဝါ မှန်သမျှတို့တွင် ဖြစ်ပေါ်လာသော တရားများ ဖြစ်ကြလေသည်။ မကျေနပ် ဖွယ်ရာ လောကဓံများနှင့် တွေ့ကြုံလာသောအခါ မီးနှင့်ပြုက်သကဲ့သို့ ပူပန်ကြတော့သည်။ မအိပ်နိုင် မစားနိုင် တမှိုင်မှိုင်တတွေတွေ ဖြစ်ကြတော့သည်။ အချို့ သွက်သွက်လည်အောင် ရူးကြသည်။ အချို့ အိပ်ရာထက် ပက်လက်လဲကြသည်။ အချို့ အသက်ပင်သေကြသည်။ ပုထုဇဉ်ဆိုသည်မှာ အလိုမရှိသော လောကဓံတို့နှင့် တွေ့ကြုံမှ သာလျှင် ပူပန်ကြသည် မဟုတ်ချေ။ မတွေ့ကြုံမီကလည်း ကြံကြံဖန်ဖန် ပူပန်တတ်ကြသည်။ မမုန်းမီက မုန်းမည်စိုးသည်။ မကုန်မီက ကုန်မည် စိုးသည်။

လောကဥ္စပျင်းရိသော လူပျင်းလူညံ့တို့၏ ဥစ္စာတို့သည် လုံ့လ ဝီရိယ ဉာဏ်ပညာရှိသူတို့၏ ဥစ္စာအဖြစ်သို့ ရောက်ရ၏။ အသိ အလိမ္မာ ပညာကင်းသော သူယုတ်တို့သည် ရှေးကံသာပဓါနဟု ဆိုကြကုန်သည်။

ပညာရှိတို့သည် ဤသို့မဆိုကုန်။ ခပ်သိမ်းသော အမှုကိစ္စတို့၌ လုံ့လ ပြုကြကုန်သည်သာလျှင်တည်း။ အကယ်၍ ထိုသို့ လုံ့လ ပြုကြသည့် အတိုင်း အောင်မြင်ပြီးစီးခြင်းသို့ မရောက်ခဲ့ငြားအံ့။ ရည်မှန်းတိုင်းသော အကျိုး မပြီးစီးရုံမျှသာတည်း။ အဘယ်မှာ အပြစ်ရှိချေအံ့နည်း။

ပညာရှိသည် လောကီလောကဓံနှင့် ကြုံသောအခါ အရှုံးပေး အညံ့ခံခြင်း မရှိပဲ ကြံ့ကြံ့ခံ၍ တွန်းလှန်လေ့ရှိကြသည်။ ကြံ့ကြံ့ခံ၍ တွန်းလှန်သော်လည်း မအောင်မြင်ခဲ့ငြားအံ့၊ တစုံတရာစိုးရိမ်ပူပန်ခြင်း မဖြစ်ပေ။ လုပ်သင့်လုပ်ထိုက်သောအလုပ်ကိုလုပ်ပြီးပြီဖြစ်၍ ငါ့၌ ချွတ်ယွင်းမှုအပြစ်မရှိ ချေပြီဟူ၍ စိတ်နှလုံးကို ဒုန်းဒုန်းချကာ မားမားမတ်မတ် ရပ်လေ့ရှိကြ၏။ ဘာအကျိုးမှမပြီးပဲအချည်းနှီးစိုးရိမ်ပူပန်၍နေမည့်အစား အသင်လောကဓံ သည် ငါ၏ရုပ်တရားကိုသာ အနိုင်ယူလျှင် ယူနိုင်ပေသည်။ ယူချင်လျှင်

---

မပျက်မီက ပျက်မည်စိုးသည်။ အမြဲတမ်းတစိုးရိမ်ရိမ် တကြောင့်ကြကြ တပူပင်ပင်နှင့်သာ နေကြရသည်။ သူတို့အတွက် ဘယ်နေရာမှစိတ်မချ ရ။ ဘယ်သူ့မှ မယုံရ။ လှန်စွာဒုက္ခကြီးလှသည်။ ရရှိမည့် အခွင့်အရေး များ ဆုံးရှုံးသွားခြင်း၊လက်ဝယ်ရောက်ပြီးသော စီးပွားများ ပျောက် ပျက်သွားခြင်း၊ ရာထူးဂုဏ်သိန်များ ကျဆင်းခြင်း စသော လောကဓံ တရားတို့ကို ခံနိုင်ရန် ခဲယဉ်းလှ၏။ သောကဖြစ်ဖွယ် ကောင်းလှသော ထိုလောကဓံတို့နှင့် တွေ့သောအခါ အသိပညာအလိမ္မာတို့ဖြင့် သော ကကို ဖုံးကာကွယ်ရန် အရေးကြီးပေသည်။ လောကဓံနှင့် ကြုံလျှင် မဖြုံတမ်း၊ စိတ်ဓါတ်ကြံ့ခိုင်ရန် ကြိုးစားရမည်။ စိုးရိမ် ပူပန်နေရုံမျှ ဖြင့်လည်းကောင်း၊ ငိုကြွေး နေရုံမျှဖြင့် လည်းကောင်း၊ မခံမရပ်နိုင် ဖြစ်နေရုံမျှဖြင့်လည်းကောင်း၊ ပူဆွေးနေရုံမျှဖြင့်လည်းကောင်း မည် သည့်ကိစ္စမျှ ပြီးစီးမည်မဟုတ်ချေ။ မပြီးစီးရုံသာမက ပို၍ပင်ဆိုးရွား လာတတ်ပေသည်။ ထို့ကြောင့် ဆောင်ရွက်ဖွယ်ရာ မှန်သမျှ တို့ကို အသိပညာ အလိမ္မာတို့ဖြင့် လုံ့လဝီရိယသန်သန်ဖြင့် အားထုတ်ကြရ မည်။

ယူပေတော့။ ငါ၏စိတ်ခါတ်ကိုမူကား အသင်လောကဓံသည် မည်သည့်နည်းနှင့်မျှ အနိုင်ရမည် မဟုတ်ချေ။ ငါကသာလျှင် သင့်ကိုအနိုင်ယူမည် ဖြစ်သည်ဟူသော အာဇာနည်စိတ်ခါတ်ဖြင့် လောကဓံနှင့် ကြုံလျှင် မဖြုံရအောင် ကြိုးစားသင့်ပေသည်။

မနှစ်သက်ဖွယ်သော လောကဓံတရားတို့ဖြင့် ကြုံတွေ့ရသောအခါပုထုဇဉ်သတ္တဝါမှန်သမျှတို့ ဆတ်ဆတ်ခါအောင် ပူပန်ကြတော့သည်။သောကမဖြစ်အောင် ထိန်းသိမ်းရန် အလွန်ခက်ခဲလှ၏။ သောကမဖြစ်အောင် ထိန်းသိမ်းရန် ခက်ခဲခြင်းကို တစိမ့်စိမ့် နှလုံးသွင်း၍ ဤနှယ်မကြိုက်စရာ လောကဓံများနှင့် တွေ့သောအခါသောကဟူ၍မူမှမဖြစ်ကြကုန်သော ရဟန္တာအရှင်မြတ်များသည် အံ့ဖွယ်ရာ ကောင်းပေစွ။ ကြည်ညိုဖွယ်ရာ ကောင်းပေစွဟူ၍မိမိတို့နှင့်နှိုင်းယှဉ်၍ ကြည့်ကြရမည်။

စိုးရိမ်ထိတ်လန့် စိတ်မသန့်ခြင်းဟူ၍မရှိတော့သော ထိုအရှင်မြတ်တို့ကား မည်မျှ မင်္ဂလာရှိကြပါသနည်း။ အားကျဖွယ်ကောင်းလှပေသည်။ လောကဓံ၏ ဒဏ်ကို အလူးအလဲခံကြကုန်သောသတ္တဝါတို့၏အလယ်တွင် လောကဓံလှိုင်း၊ လေမုန်တိုင်းကြောင့် မလိမ့်မလဲနေကြကုန်သော အရှင်မြတ်များကား ချမ်းသာပေစွ။ ဘယ်လောကဓံဟူရားမျှပင် ထိုအရှင်တို့၏ စိတ်ကို စိုးရိမ်ပူပန်စိမ့်သောငှါ မစွမ်းနိုင်ကြတော့ချေ။ သတ္တဝါအနန္တကို မရှုမလှဖြစ်အောင် ချေမှုန်းလာခဲ့သော လောကဓံတို့သည် ရဟန္တာအရှင်မြတ်တို့ ခြေတော်ရင်း၌ ဝပ်ဆင်းကြရလေပြီ။ချမ်းသာပေစွ။ ငြိမ်းအေးပေစွ။

ဤသည်ကား ရဟန္တာအရှင်မြတ်တို့၌ရှိသော အာသောက မင်္ဂလာပါပေတည်း။

# ၃၇။ ဝိရဇ မင်္ဂလာ

စိတ်အညစ်အကြေး ကင်းဝေးရခြင်းသည် မင်္ဂလာမည်၏။

စိတ်အညစ်အကြေးဆိုသည်မှာ လောဘ ဒေါသ မောဟများပင် ဖြစ်သည်။ ၎င်းကို မြူဟုခေါ်သည်။ မြူမှုန်သည် ညစ်ထေး စေတတ်သော သဘောရှိသည်။ အဝတ်တခုညစ်သည်ဆိုသည်မှာ ထိုအဝတ်အထည်တွင်

အညစ်အကြေးဟူသော မှုန့်မှုန်များ ကပ်ငြိလိမ်းကျံလာခြင်းကို ဆိုပေသည်။ ထိုမျိုးပမာ စိတ်တွင်ကိလေသာများစွဲကပ်လာသောအခါ ညစ်ထေး၍ လာပေသည်။ ရာထူးဂုဏ်သိန်စည်းစိမ်ဥစ္စာ တိုးတက်လာသောအခါ၊ အများတကာက ချီးမွမ်းကြသောအခါ၊ ကိုယ်ချမ်းသာ စိတ်ချမ်းသာ ရှိလာသောအခါ၊ မိတ်ဆွေအပေါင်းအသင်းတွေနှင့် ပျော်တပြုံးပြုံး မော်မဆုံးရှိသောအခါ ပုထုဇဥ်တို့၏ ဓမ္မတာအတိုင်း တက်ကြွ လာတော့သည်၊ ထောင်လွှား လာတော့သည်၊ မာန်တံခွန် ထူလာတော့သည်၊ လက်ရှိ ဖြစ်သော သာယာဖွယ် နှစ်သက်ဖွယ်များကို မက်မောလာသည်၊ တွယ်တာလာသည်၊ မလွှတ်နိုင် မခွာနိုင် ဖြစ်လာသည်။ ထိုသတ္တဝါကား နှစ်သက်ဖွယ်လောကဓံတို့ကြောင့် ကိလေသာမှုများ ထောင်းထောင်းထ၍ လာချေပြီ။ ကိလေသာမှုတို့ဖြင့် ညစ်နွမ်းချေပြီ။

မကျေနပ်ခြင်း၊ မနှစ်သက်ခြင်းသည် ဒေါသဟူသော အညစ်အကြေးဖြစ်၏။ သာယာ နှစ်သက် စွဲလမ်းခြင်းသည် လောဘဟူသော အညစ်အကြေးဖြစ်၏။ ထိုအညစ်အကြေးများ ကပ်ရောက်သောစိတ်သည် ညစ်ထေးသည်သာတည်း။ လူတိုင်းလူတိုင်းသည် မိမိတို့မနှစ်သက်ခြင်း၊ မကျေနပ်ခြင်းနှင့် ကြုံသောအခါ စိတ်ညစ်သည်ဟု ပြောကြသည်။ သာယာ နှစ်သက်နေသောအခါ စိတ်ညစ်သည်ဟု ဘယ်သူကမျှမပြောကြချေ။ မပြောရုံသာမဟုတ်၊ သာယာနှစ်သက်ခြင်းသည် စိတ်ညစ်သည်ဟုပင် မသိကြချေ။

မနှက်သက်ဖွယ် လောကဓံထက် နှက်သက်ဖွယ် လောကဓံက ခံနိုင်ဖို့ ပိုခက်သည်။ အာကဲ့ရဲ့ခံနိုင်သော်လည်း အချီးမွမ်း ခံနိုင်သူက ရှားလှသည်။ ပုံပြင်တခု ကြားရဘူးသည်မှာ–

တရံရောအခါ ငရဲပြည်၌ အမြောက်မကြိုက်သော ယမမင်းကြီးတဦးရှိသတတ်။ ထိုယမမင်းကြီးသည် မိမိကိုယ်တိုင်အမြောက်မကြိုက်ရုံသာမဟုတ်၊ အမြောက်သမားများကိုလည်း လွန်စွာ မုန်းတီးပေသည်။ တို့ကြောင့် ငရဲပြည်ရှိ ငရဲထိန်းတို့အား လူ့ပြည်က စုတေလာကြသူများအနက် လူ့ဘဝတုန်းက မြောက်ပင့် စားသောက်လာကြသူများရှိလျှင် ငါ့ရှေ့တော်သို့ ပို့ရမည်၊ ထိုအမြောက်သမားများကို ငါကိုယ်တိုင် ရဲရဲနီသော ဆီအိုးကင်းတွင် ထည့်၍ ကြော်မည်ဟု အထူးအမိန့်ပြန်တမ်း တရပ် ထုတ်ပြန်ခဲ့လေသည်။ မကြာမီ လူ့ပြည်မှ အမြောက်သမားတယောက် ကွယ်လွန်၍ ငရဲထိန်းတို့ထံ ရောက်လာရာ ငရဲထိန်းတို့က 'မင်း လူ့ပြည်တုန်းက ဘာများ လုပ်ကိုင်

စားသောက်ခဲ့သလဲ' 'ကျွန်တော်ဘာမှ မလုပ်ခဲ့ပါဘူး၊ လူတကာကိုမြှောက်ပင့်ပြီး စားသောက်လာခဲ့ပါတယ်' ဟုဖြေကြားသည်တွင်၊ 'အလိုလေး၊ ပြစ်မှုကြီးပါကလား၊ ဤပြစ်မှုကိုငါတို့ရုံး၌ စီရင်ပိုင်ခွင့် မရှိပေ၊ အမိန့်ပြန်တမ်းအတိုင်း ယမမင်း ရုံးတော်သို့ ပို့မှ ဖြစ်ချေမည်' ဟု ယမမင်း ရုံးတော်သို့ ပို့လေတော့သည်။

ယမမင်းရှေ့ ရောက်သောအခါ၊ ယမမင်းက 'မောင်မင်း လူ့ပြည်တုန်းက ဘာများလုပ်ကိုင် စားသောက်ခဲ့သလဲ' ဟု မေးရာ 'ကျွန်တော် ဘာမှ မလုပ်ခဲ့ပါ၊ တွေ့ကရာလူတွေ မြှောက်ပင့်ပြီး စားသောက်ခဲ့ပါတယ်' ဟု ဖြေသည်တွင် ယမမင်းကြီးမှာ ဒေါသ အမျက် ခြောင်းခြောင်းထွက်၍၊ 'မင်းလိုကောင်မျိုး စောင့်နေတာကြာပြီကွ၊ မင်းကို ငါကိုယ်တိုင် ဆီနဲ့ကြော်မည်ဟု ကြိမ်းဝါးပြီးလျှင် ဒယ်အိုးကြီးတလုံးတွင် ဆီအပြည့်ထည့်၍ ခြစ်ခြစ်တောက်ပူအောင် မီးပြင်းတိုက်လေတော့သည်။ ဒယ်အိုးကြီး ခြစ်ခြစ်တောက်ပူလောင်လာသောအခါ၊ ထိုလူအား ဒယ်အိုးကြီးကိုပြလျှင် 'ဒယ်နှယ်လဲကွ အမြှောက်သမား၊အခု ဒီဒယ်ထဲ မင်းကိုထည့်ကြော်မှာပဲ၊ မြှောက်ပင့်တဲ့လူ ငါအလွန်မုန်းတယ်ကွ၊ မြှောက်ပင့်တဲ့ အရသာလေး ကျကျနန မင်းကို ငါကျွေးရမှာပေါ့ကွာ၊ ကဲ ဒယ်အိုးထဲ မဆင်းခင် ငါ့ကိုနဲနဲလောက် မြှောက်သွားစမ်းပါအုံး' ဟု ခနဲ့တဲ့တဲ့ ပြောလေရာ အမြှောက်သမားက ယမမင်းကို လက်အုပ်ချီလျက် 'အရှင်မင်းကြီး--လူ့ပြည်က လူသားတွေဆိုတာ အင်မတန် အ တာ ဖျင်းတာပါ၊ သူတို့တတွေ အလွန်ဖျင်းလွန်းလို့ ကျွန်တော်မျိုးက မြှောက်ပင့်လို့ ရတာဖြစ်ပါတယ်၊ အရှင်မင်းကြီး ကဲ့သို့သော ပညာရှိကို ကျွန်တော်မျိုးလို သာမန်လူသားက မြှောက်လို့ ရမည်မဟုတ်ပါဘူး' ဟု ပြောလေရာ ယမမင်းကြီးမှာ သဘောကျလျက် ပြုံးစိစိဖြစ်ကာ 'မင်းပြောတာလဲ ဟုတ်ပေသားပဲ' ဟု ဆို၍ လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်ပါသတဲ့။

အကြိုက် လောကဓံသည် ဤမျှလောက်ပင် အသိခက်ပေသည်။

လာဘ်လာဘ ဘုန်းတန်ခိုး အာဏာဆိုသည် သတ္တဝါတို့ကို လွန်စွာဖျက်ဆီးတတ်ပေသည်။ ထို့ကြောင့် ဘုန်းတန်ခိုး အာဏာဆိုသော ဣဋ္ဌာရုံလောကဓံတို့ မြင်တွေ့ရသောအခါ အထူးသတိပြု၍ မိမိစိတ်ကို ယိမ်းသိမ်းရန် လိုအပ်ပေသည်။ ကဲ့ရဲ့ ပြစ်တင်ခြင်းကို ခံနိုင်သော်လည်း ချီးမွမ်းမြှောက်

စားခြင်းကို ခံနိုင်ခဲ့သည်။ ရှုံးနိမ့်ခြင်းကို ခံနိုင်သော်လည်း အောင်မြင်ခြင်းကို ခံနိုင်ခဲ့သည်။ ဆင်းရဲ၍ စိတ်မညစ်သော်လည်း ချမ်းသာ၍ ဝမ်းမမြောက်ရန် ခက်ခဲသည်။ ဣဋ္ဌာရုံလောကဓံ တရားသည်ကား သိမ်မွေ့နူးညံ့သော ရန်သူကြီးဖြစ်ပေသည်။ ဤတောင်ကို တက်နိုင်ခဲလှသည်။ သတိသမ္ပဇဉ် ဉာဏ်မယှဉ်လျှင် အလွန်ပင်လျှင် အလွန်ဒုက္ခပေးတတ်သည်။ ယခင်က လူရိုးလူကောင်းကြီး ဖြစ်ခဲ့သော်လည်း အသောက်သမား၊ ကစားသမား ဖြစ်လာတတ်သည်။ ယခင်က ပုရွက်ဆိတ်ကိုပင်လျှင် မသတ်ဝံ့သော်လည်း သေနတ်ကြီး တကားကားနှင့် တောလိုက် ငှက်ပစ် လုပ်လာတတ်သည်။ ယခင်က ပါးစပ်ထဲ လက်ညှိုးထိုး၍ မကိုက်တတ်သော်လည်း အငယ်တော် အနှောင်းတော်နှင့် ပွေလာ ရှုပ်လာတတ်သည်။ အနည်းငယ်မျှသော ဆန့်ကျင်ဘက်ကိုပင်လျှင် မခံနိုင် မရပ်နိုင်ဖြစ်လာတတ်သည်။

ထို့ကြောင့် လာဘ်လာဘ ဘုန်းတန်ခိုးအာဏာဟူသော ဣဋ္ဌာရုံလောကဓံများ မိမိထံမှောက် ရောက်ရှိလာသောအခါ ငါ့အား ဖောက်လွဲ ဖောက်ပြန် ဖြစ်စေမည့် တရားများ၊ ညစ်နွမ်းစေမည့်အရာများ ငါ့ထံသို့ရောက်လာချေပြီ။ ငါသည် ပညာရှိ အမျိုးကောင်းသား၊ အမျိုးကောင်းသမီး ပီသစွာဖြင့် ငါ့စိတ်ကို မညစ်နွမ်းရအောင် ထိန်းသိမ်းတော့အံ့ဟူ၍ အသိအလိမ္မာရှိနေရမည်။ ယင်းသို့ အသိအလိမ္မာ မရှိခဲ့လျှင်ရရှိလာသော လာဘ်လာဘ ဘုန်းတန်ခိုး အာဏာများ ပြန်လည် ဆုတ်ယုတ်ပျက်ဆီး သွားရုံမျှမက အထည်ကြီးပျက်ဖြစ်ခါ မင်းကတော် ကျွန်ပုံပေါက် ခွေးလောက်မကောင်း ဟူသကဲ့သို့ လူလောတွင် မျက်နှာ ငယ်ရတတ်သည်။ ထိုမျှမက အပယ်သို့ပင် ကျရောက်တတ်ချေသည်။ ဣဋ္ဌာရုံ လောကဓံဟူသည် လူပုဂ္ဂိုလ်များသာ မဟုတ်၊ ဓမ္မကထိက ဆရာတော် သံဃာတော်များပင် ထိတတ်ချေသည်။ ဒကာ ဒကာမများ အကြည်ညို လွန်ကဲ၍ လာဘ်လာဘ ဘုန်းတန်ခိုး တက်ကြွလာမှု ဒဏ် မခံနိုင်တော့ပဲ သာသနာဘောင်မှ ရွှေလျှော့ကျသော ဓမ္မကထိကတွေ မနည်းလှချေ။ စာတတ် ပေတတ် အပြောကောင်း အဟောကောင်း ပုဂ္ဂိုလ်တွေ သာသနာတော်မှ ရွှေလျှော့သည်မှာ နှမြောဖွယ်ကောင်းလှသည်။ သူတပါးတို့ကိုပင် ဟောပြော ဆုံးမနေသူ ဖြစ်ပါလျက် မိမိကိုယ်ကိုမျှ မထိန်းနိုင် မသိမ်းနိုင် ဖြစ်ရသည်ကိုကြည့်လျှင် ဣဋ္ဌာရုံ လောကဓံတရားသည် မည်မျှလောက် ကြောက်မက်ဖွယ် ကောင်းသည်ကို သိနိုင်ပေသည်။

ထို့ကြောင့် မြတ်စွာဘုရားသည် လာဘသံယုတ် ၃ ခုမြောက်ဖြစ်သော ကုမ္မသုတ်၌ ရဟန်းတို့၊ ရှေး၌ဖြစ်ဘူးသည်ကား တခုသော ရေအိုင်၌ လိပ်ကြီးမျိုးသည် ကြာမြင့်စွာ နေလေ့ရှိသည်။ ရဟန်းတို့ ထိုအခါ၌ လိပ်တကောင် သည် လိပ်တကောင်အား အမောင်လိပ် သင်သည် ထိုအရပ်သို့ မသွားလင့်ဟု ဆို၏။ ရဟန်းတို့–ထိုလိပ်သည် ထိုအရပ်သို့ သွားသည်သာလျှင်တည်း။ ထိုသွားသော လိပ်ကို မုဆိုးသည် ကြိုးရှည်ရှည်တပ်ထားသော မှိန်းဖြင့် ထိုးပစ်လိုက်၏၊ ရဟန်းတို့–ထိုအခါ လိပ်သည် ထိုဆုံးမသော လိပ်ထံသို့ ချဉ်းကပ်လာ၏။ ထိုဆုံးမသော လိပ်သည် ထိုအထိုးခံရသော လိပ်လာသည်ကို အဝေးမှမြင်လျှင် အမောင်လိပ်–အသို့နည်း သင်သည် ထိုအရပ်သို့ သွားခဲ့ပြီလောဟုဆို၏။ အမောင်လိပ် ငါသည် ထိုအရပ်သို့ သွားခဲ့မိ၏။ အမောင်လိပ် အသို့နည်း အသင်သည် အထိုးမခံရ အသတ်မခံရသလော၊ အမောင်လိပ်–အထိုး မခံရ အသတ်မခံရပါ။ သို့သော်လည်း ငါ၏နောက်မှ နောက်မှ အစဉ်လိုက်သော ဤကြိုးငယ်သည် ရှိပါသည်ဟု ဆို၏။ ထိုအခါ ဆုံးမသော လိပ်က အမောင်လိပ် သင့်ကို မှိန်းဖြင့် ထိုးမိ၏။ စင်စစ် အသတ်ခံရ၏။ အမောင်လိပ် ဤကြိုးဖြင့် သင်၏အဖတို့သည် လည်းကောင်း၊ အကိုးတို့သည်လည်းကောင်း ဆင်းရဲခြင်း၊ ပျက်စီးခြင်းသို့ ရောက်ခဲ့ကုန်ပြီ။ အမောင်လိပ် ယခုပင် သင်သွားလော့၊ ယခုအခါ သင်သည် ငါတို့၏ အပေါင်းအဖော် မဟုတ်တော့ပြီဟု ဆို၏။

ရဟန်းတို့ မုဆိုးဟူသော ဤအမည်သည် ကိလေသာ မာရ်၏ အမည်တည်း၊ ကြိုးရှည်ရှည်တပ်သော မှိန်းဟူသည် လာဘ် ပူဇော်သကာ အကျော်စော၏ အမည်တည်း။ ရဟန်းတို့ ကြိုးဟူသော အမည်သည် နှစ်သက်စွဲမက်ခြင်း နန္ဒီရာဂ၏ အမည်တည်း၊ ရဟန်းတို့ ဖြစ်ပေါ်လာသော လာဘ်ပူဇော်သကာ အကျော်စောတို့ကို သာယာ အလိုရှိသူ မည်သည့်ရဟန်းကို မဆို ကြိုးရှည်ရှည်တပ်ထားသော မှိန်းဖြင့် စူးဝင်အပ်သည်ဖြစ်၍ ဆင်းရဲခြင်း၊ ပျက်စီးခြင်းသို့ ရောက်သည်။ ယုတ်မာသော ကိလေသာမာရ်၏ အလိုရှိတိုင်း အပြုခံရသူ ရဟန်းဟုဆိုအပ်၏။

စင်စစ်အားဖြင့် ငှက်ပျောသီးသည် ငှက်ပျောပင်ကို သတ်သကဲ့သို့၊ ဝါးသီးသည် ဝါးပင်ကို သတ်သကဲ့သို့၊ ကျူသီးသည် ကျူပင်ကို သတ်သကဲ့သို့ အဿတိုရမြင်းမ၏ ကိုယ်ဝန်သည် မြင်းမကို သတ်သကဲ့သို့ ထို့အတူ ပူဇော်သကာ အကျော်စောသည် သူမိုက်ကို သတ်၏ ဟူ၍ ဟောတော်မူခဲ့လေသည်။

ထို့ကြောင့်လာဘ်ပူဇော်သကာ အကျော်စောဟူသော ဣဋ္ဌာရုံလောကဓံကို သတိ ပညာအလိမ္မာ ကြီးကြီးဖြင့် ဆင်ခြင်၍ လက်ခံသင့်ကြပေသည်။ သတိတမာန် ဉာဏ်မြေကတုတ် ပညာစွန်း ချွန်းကဲ့သို့အုပ် ဟူသော စကားသည် ဣဋ္ဌာရုံ လောကဓံကြောင့် မိမိစိတ်ကို ကိလေသာမှုမွေးဖြင့် မညစ်ကြေးရအောင်ထိန်းသိမ်းရန် ပုထုဇဉ် ဖြစ်သော်လည်း ပုထုဇဉ်အလျောက် ဝိရဇ မင်္ဂလာဖြစ်ကြရန် နည်းလမ်းပင် ဖြစ်ချေ၏။

ဤမျှလောက်ဆိုလျှင် ဣဋ္ဌာရုံ လောကဓံ ဆိုသည်မှာ သတ္တဝါများကို မည်မျှလောက် မွေ့နှောက် ချောက်ချားစေနိုင်သည်ကို သဘောပေါက်လောက်ပေသည်။

ဣဋ္ဌာရုံ လောကဓံကြောင့် မညစ်နွမ်းကြကုန်သော ရဟန္တာအရှင်တို့ကား အံ့ဩဖွယ် ကြည်ညိုဖွယ်ကောင်းလှပေသည်။ ပုထုဇဉ်များအား သွက်သွက်လည်အောင် မွေ့နှောက် ချောက်ချားစေနိုင်သော တရား၊ ထိုတရားတို့သည် ရဟန္တာအရှင်မြတ်များ ညစ်နွမ်းအောင် လားလားမှ မတတ်နိုင်လေပြီ။ ထိုအရှင်တို့၏ စိတ်သန္တာန်၌ ကိလေသာဟူသော မြူမှုန်မျှ မရှိကြတော့ပြီဖြစ်၍ လောကဓံမုန်တိုင်း မြူမှုန်များ မထမကြွတော့ပေ။ မြူမှုန်များ မထကြွတော့ပြီဖြစ်၍ ကိုယ်တော်တို့၏ စိတ်အစဉ်သည် ကြည်လင်လျက်သာ ရှိလေတော့သည်။

ဤသည်လျှင် ရဟန္တာတို့၌ ကိုယ်စီကိုယ်ငှရှိကြကုန်သော ဝိရဇ မင်္ဂလာတရားပေတည်း။

# ၃၈။ ခေမ မင်္ဂလာ

ဘေးရန် ကင်းခြင်းသည် မင်္ဂလာ မည်၏။

တဏှာယ ဇာယတီ သောကော
တဏှာယ ဇာယတီ ဘယံ
တဏှာယ ဝိပ္ပ မုတ္တဿ
နတ္ထိ သောကော ကုတော ဘယံ။

တပ်မက်မှု တဏှာကြောင့် စိုးရိမ် ပူပန်ရသည်။ တပ်မက်မှုတဏှာကြောင့် ဘေးရန်ဖြစ်လာသည်။ တပ်မက်မှုတဏှာမှ လွတ်မြောက်လျှင် စိုးရိမ်ပူပန်မှုမရှိတော့ပြီ။ ဘေးရန်ဟူသည်ကား အဘယ်မှာရှိတော့မည်နည်း။

(ဓမ္မပဒ)

ဤဌာရဲ့ လောကဓံတရားတို့ အပေါ်၌ တပ်မက်မှုတဏှာကြောင့် သတ္တဝါ မှန်သမျှ အမြဲတမ်း ဘေးရန် ရှိနေကြသည်။ အမြဲတမ်း ဘေးရန်ရှိနေသောကြောင့် အမြဲတမ်း စိုးရိမ်ပူပန်နေရသည်။ ကြောင့်ကြနေရသည်။ ထိတ်လန့်နေရသည်။ ဘယ်လမ်းမှ စိတ်ချလက်ချ မသွားဝံ့၊ ဘယ်အလုပ်မှ စိတ်ချလက်ချ မလုပ်ဝံ့၊ ဘယ်နေရာမှ စိတ်ချလက်ချ မနေဝံ့၊ ခရီးတခါသွားရတော့မည်ဆိုလျှင် ကျန်ခဲ့သူများကို ညနေ နေဝင်လျှင် တံခါးပိတ်ရန်၊ တံခါးပိတ်သောအခါ မင်းတုပ်ကို ကျကျနနထိုးထားရန်၊ ပစ္စည်းများကို ကျကျနန သိမ်းဆည်းထားရန်၊ ကုလားသေ ကုလားမြော မအိပ်ကြရန်၊ အလုပ်ခွင်ကိုလည်း ခါတိုင်းထက်ပို၍ ဂရုစိုက်ကြရန် အမောသား မှာရ ကြားရသည်။ ငါမရှိ ဘာတွေများဖြစ်ကုန်ကြမလဲဟု တကြောင့်ကြကြ တပူတပင်နှင့် သွားရသည်။ ကိုယ်သွားသည့် အခါ ကျန်ခဲ့သူများ အတွက် စိတ်မချ။

ကိုယ့်အိမ်က တယောက်သွားပြန်တော့လည်း သွားသူအတွက် စိတ်မချ။ လမ်းသွားတဲ့အခါ ငေးငေးမသွားနဲ့၊ လူတွေ့ယင် ကြည့်ပေါင်း၊ ပြောတိုင်း

မယုံနဲ့၊ ခုခေတ်ကြီးက ခက်တယ်၊ ဘယ်လို လူစားမျိုးတွေက ကြောက်ရတယ် စသည်ဖြင့် မှာရ ကြားရ သတိပေးရသည်မှာ ပင်ပန်းလှချေသည်။

အမဲရိုးခဲနေသော ခွေးသည် အနားလူဖြတ်လာလျှင် အမဲရိုးလုမည်အထင်ဖြင့် ဟိန်းသကဲ့သို့ တွေ့ကရာလူ မယုံမရဲ ဖြစ်နေသည်။ ကိုယ့်လင် ကိုယ့်မယား သူတပါးက လက်ပွန်းတတီးဆက်ဆံလျှင် စိတ်မချ။ ကိုယ့်ရည်းစား သူများနှင့် စကားပြောလျှင် လားလားမှ မနှစ်သက်၊ စေ့စေ့ကြည့်လျှင်ပင် မခံချင်။ ဈေးသည်များကလည်း ကိုယ့်ဖောက်သည် တခြားဆိုင် ဝယ်မှာစိုးရသည်။ ဆရာများကလည်း ကိုယ့်တပည့် သူများတပည့်ဖြစ်မှာ ကြောက်ရသည်။ ကိုယ့်ပရိသတ် သူများ ပရိသတ် မဖြစ်အောင် ကြိုးစားရသည်။ အေးရပြီ စိတ်ချရပြီဟူ၍ တစက်မှ မရှိ။ ပုထုဇဉ်တို့ကား ဘေးရန် များပေစွ။

ကိုယ့်စားပေါက်ကလေး အများသိသွားလျှင် ခက်ရချေ၏၊ ကိုယ့်လုပ်ကွက်ကလေး သူများကြားသွားလျှင် ခက်ရချေ၏၊ အများသိမှာ ကြောက်ရသည်၊ အများမြင်မှာ ကြောက်ရသည်။ ဟိုလူ့ကိုလည်း မယုံရဲ၊ ဒီလူ့ကိုလည်းမယုံရဲ၊ ကြီးလန့်စာစား ရှိနေကြတော့သည်။ လူလူချင်း တွေ့လျှင် အကဲခတ်ရသည်။ လေ့လာရသည်၊ စူးစမ်းရသည်၊ စိတ်ပျက်စဖွယ် ကောင်းလေစွ။

ဟင်းစားသာ ပေးချင်ပေး၊ ပိုက်ချက်မပြနှင့်။ လူရိုး သံချိုင်းမှာသာရှိတယ်၊ ကိုယ်ကကြူး ဒူးတောင်မယုံနဲ့ စသည်ဖြင့် ထိတ်ရလန့်ရ စိုးရိမ်ရသည်။ တယောက်ထဲမသွားဝံ့၊ တယောက်ထဲမနေဝံ့၊ တယောက်ထဲမအိပ်ဝံ့၊ ချွတ်ကန်ကြားသတိထားရသည်။ စီးပွားရေးအတွက်လည်းစိတ်မချရ၊ သားရေး သမီးရေး၊ မြေးရေး အတွက်လည်း စိတ်မချရနှင့် တကြောင့်ကြကြ တပူပင်ပင်ဖြစ်နေကြရသော ပုထုဇဉ်များ၏ ဖြစ်ပုံကို အရိယာ သူတော်ကောင်းတို့၏ မျက်စိဖြင့် မြင်ရသောအခါ၊ လမ်းသွားတတ်စ ကလေးငယ်တဦး အန္တရာယ်ရှိသော နေရာများသို့ အလွတ်မဲ့ သွားလာနေသောအခါ လူကြီးများမြင်ရသကဲ့သို့ စိတ်မောဖွယ်ပင် ဖြစ်ပေလိမ့်မည်။

အိုဘေးကြီးတန်းလန်း၊ နာဘေးကြီးတန်းလန်း၊ သေဘေးကြီး တန်းလန်း၊ အပယ်ဘေးကြီး တန်းလန်းနှင့် တပင်ပန်းပန်း ရှိကြသည့် အထဲတွင် ပျော်ပွဲ ရှာကြသည်မှာလည်း စိတ်ပျက်ဖွယ်ရာ ကောင်းလှပေသည်။ ပိုးဖလံမျိုးမီးကိုတိုး ကိုယ်ကျိုးနဲ့လှုပြီ ဟူ၍ ထွင်ခေါင် ဆရာတော်ဘုရားကြီး ဟော

တော်မူသကဲ့သို့ ငါးပါး အာရုံ ကာမဂုဏ် တည်းဟူသော မီးတောင်ကြီးကို အေးချမ်းရာ ရွှေရောင်ထင်၍ သေအောင်ပင် တိုး၍ ဝင်ကြသည်မှာ နားရသည် မရှိတော့ပေ။

ရောဂါမျိုးစုံသော လူမမာသည် အစာမှန်သမျှ ဘေးဖြစ်နေသကဲ့သို့ တပ်မက်မှု တဏှာမကင်း ဖြစ်ကြသော သတ္တဝါ မှန်သမျှတို့သည် လောကဓံတရားတို့ကြောင့် ဘေးဖြစ်နေကြပေသည်။ ဤမျှ ဘေးရန်များသော လောကတွင် အံ့သြစရာကောင်းလှသော အတိုးများလည်း ရှိကြပေသည်။ ရိပ်သာလေးမှ တလလောက်သွား၍ တရားအားမထုတ်နိုင်။ သားကြောင့် သမီးကြောင့် မြေးကြောင့်နှင့် ကြောင့်ကြမျာကြသည်။ သားအနီး မြေးအနီးမှ တဖဝါးမှ မခွာနိုင်။ ကိုယ်ကတော့ ကိုယ်မရှိလျှင် ခက်ကြလိမ့်မည်ထင်၍ ကပ်ငြိနေသည်။ သားတွေ သမီးတွေ မြေးတွေက ကိုယ်ရှိလို့ ခက်နေသည်ကို သူတို့ကမသိ။ တချို့သားလိမ္မာ သမီးလိမ္မာများက မေမေတို့ ဖေဖေတို့ ရိပ်သာသွား၍ တရားအားထုတ်ကာ အေးအေး နေကြပါဟု ပြောပါလျက်နှင့်ပင် မခွဲနိုင် မခွာရက် ဖြစ်ကြပေရသည်။ နေရာတကာ ပါချင်သည်၊ နေရာတကာ စပ်စုသည်၊ ကိုယ်က ဘာမှ မတတ်နိုင်တော့ ပါပဲလျက် သူတပါးအတွက် ပူသည်။ ပုထုဇဉ်တို့ကား ဘေးရန်တွေ လျော့သွားသည်မရှိ။ ဘေးရန်တွေ တိုး၍ တိုး၍သာ လာတော့သည်။

ရဟန္တာ အရှင်မြတ်ကြီးတို့သည်ကား ထိုထိုဘေးမှ အဝေးကြီး ဝေးကြလေပြီ။ အငြိမ်းကြီးငြိမ်း၍ အအေးကြီး အေးကြလေပြီ။ အမွေးအတောင်သာလျှင် ကိုယ်ပိုင်ပစ္စည်းရှိသော ငှက်သည် တပင်မှ တပင်၊ တတောမှ တတော စိတ်အေးချမ်းသာ လွယ်လင့်တကူ လူးလာပျံသန်းသကဲ့သို့ သပိတ်တလုံး သုံးထည် သင်္ကန်းဖြင့် အလိုရှိရာသို့ ပေါ့ပေါ့ပါးပါး လွယ်လင့်တကူ ကြွတော်မူကြသည်။

ကျောင်းစာချုပ်၊ ဂရံစာချုပ်များ၊ မြေပုံများလည်း မလိုတော့ပြီ။ သေ့တ္တာကြီး ထားစရာလည်း မလိုတော့ပြီ။ အစောင့် ထားရန်၊ ဆူးကာရန်၊ တံခါးပိတ်ရန်၊ သော့ခတ်ရန်၊ ခွေးမွေးရန် မလိုတော့ပြီ။ တုတ် ဓားလက်နက်ကိုင်ဆောင်ရန်လည်း မလိုတော့ပြီ။ ဘယ်ဟာတွေ မိုးစိုကုန်လိမ့်မည်၊ ဘယ်ဟာတွေ နေပူကုန်လိမ့်မည်၊ ဘယ်ဟာတွေ ကြွက်စားလို့ ဘယ်ဟာတွေ ပိုးကိုက်ကုန်လိမ့်မည် ဟူ၍လည်း မပူတော့ပြီ။ ခွေးဟောင်၍လည်း ထကြည့်ရန် မလိုတော့ပြီ။

ဘယ်အရာလူခိုးမည်ကိုလည်း မပူရ၊ ဘယ်အမှုလူသိမည်ကိုလည်း မစိုးရ။ ဘယ်အချက် လူမြင်မည်ကိုလည်း မကြောက်ရ၊ လာဘ်ရခြင်းကြောင့်လည်း ဘေးမရှိတော့ပြီ။ လာဘ်မရခြင်းကြောင့်လည်း ဘေးမရှိတော့ပြီ။ ထို့နည်းအတူ ချီးမွမ်းခြင်းကြောင့်၊ ကဲ့ရဲ့ခြင်းကြောင့်၊ ချမ်းသာခြင်းကြောင့်၊ ဆင်းရဲခြင်းကြောင့်၊ အပေါင်းအသင်း များခြင်းကြောင့်၊ အပေါင်းအသင်းမရှိခြင်းကြောင့်လည်း ဘေးမရှိတော့ပြီ။ အိုဘေးကလည်း ကင်းဝေးလေပြီ၊ နာဘေးကလည်း ကင်းဝေးလေပြီ၊ သေဘေးကလည်း ကင်းဝေးလေပြီ၊ သံသရာ ဘေးကလည်း ကင်းဝေးလေပြီ၊ ဘေးရန် ခပ်သိမ်းကင်းငြိမ်းလျက်ရှိသော ထိုအရှင်မြတ်တို့၏ စိတ်အစဉ်သည် အဘယ်မျှငြိမ်းအေးလေမည်နည်း။

ဤနှယ် ဘေးကင်းရခြင်းသည်ပင်လျှင် ခေမ မင်္ဂလာ မည်ပါသတည်း။

# အာမခံ ဒေသနာ

ဤသို့ သဘောရှိသော ၃၈ ဖြာ မင်္ဂလာတရားတို့ကို လိုက်နာ ကျင့်သုံးသော ထိုသူအား အရာခပ်သိမ်း၌ ပြိုင်သူတို့သည် အနိုင်မယူနိုင်ကြကုန်။ အရာခပ်သိမ်း၌ ချမ်းသာခြင်းသာ ဖြစ်ကြလိမ့်မည်။ ထိုဆိုခဲ့ပြီးသော တရားများသည်သာလျှင် မြတ်သောမင်္ဂလာ ဖြစ်ပေသည်။

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်ကို လိုက်နာကျင့်သုံးသူ မည်သူမဆို အရာရာကိုသာလျှင် အောင်ပွဲရမည်။ ပြိုင်လာကြသူ ဆိုင်လာကြသူ အဘယ်သူတို့ကမျှ အနိုင်မယူနိုင်ကြလေကုန်။ ဘယ်နေရာကို သွားသွား၊ ဘယ်နေရာမှာနေနေ၊ ဘယ်အလုပ်ကိုလုပ်လုပ် ကိုယ်လည်း ကျန်းမာမည်၊ စိတ်လည်း ချမ်းသာမည်။ နောက်ဆုံး ဆင်းရဲခပ်သိမ်း အေးငြိမ်းရာ နိဗ္ဗာန်ကို ကေန်မျက်မှောက်ပြုနိုင်သော ကောင်းကျိုးကိုပါ ရမည်။ ဤကား မြတ်စွာဘုရား၏ အာမခံချက်ဖြစ်သော ဒေသနာပါတည်း။

ဆေးထုပ်များ၊ ဆေးပုလင်းများတွင်–

၁။ ဤဆေးကို မည်ကဲ့သို့ ဖော်စပ်ထားသည်။
၂။ မည်ကဲ့သို့ သုံးစွဲရမည်။
၃။ မည်ကဲ့သို့သောရောဂါများ ပျောက်ကင်းနိုင်သည်။
၄။ ဤဆေးကို သောက်သုံး၍ ရောဂါပျောက်ကင်းသူ များလှပြီ။

ဟူ၍ ဆေးညွှန်းနှင့် အာမခံချက်၊ သက်သေပြချက်များ ရေးထိုးထားသကဲ့သို့ မြတ်စွာဘုရားသည် ဟောကြားတော်မူသော တရားတော်တို့၌ အညွှန်းနှင့် အာမခံချက်များ အပြည့်အစုံ ဟောကြားတော်မူခဲ့လေသည်။

ဤနည်းနှင်နှင် မင်္ဂလာတရားတော်တွင်လည်း တော၁ဒိဿာနိ ကတွာန ဟူသော ဂါထာဖြင့် အာမခံချက် ပေးတော်မူခဲ့လေသည်။ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားမှန်သမျှသည် ဤလိုဖြစ်က ဤလိုဖြစ် တန်ရာသည်။ ဤအကြောင်းကြောင့် ဤအကျိုး ရှိတန်ရာသည် ဟူသော ချင့်တွက် ခန့်မှန်း၍ ဟောကြားတော်မူခဲ့သော တရားတော်များ မဟုတ်ချေ။ ကိုယ်တိုင်ကောင်းစွာ ပြည့်ပြည့်စုံစုံ သိတော်မူပြီးမှ သိတော်မူသည့် အတိုင်း ဟောကြားထားသော တရားများ ဖြစ်ပေသည်။ ထို့ကြောင့် အကျိုးတရားကို အာမခံရာ၌ ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ ဖြစ်နိုင်လောက် စရာ ရှိပါသည်။ ဖြစ်မည်ထင်ပါသည် ဟူသော စမ်းတဝါးဝါးမျိုး မပါ ချေ။ တိတိကျကျအာမခံချက် ပေးတော်မူခဲ့လေသည်။ တိတိကျကျ အာမ ခံချက် ပေးခဲ့သော တရားများဖြစ်၍ ခုရော နောင်ပါ ချမ်းသာစီးပွားကို အလိုရှိသူ အားလုံး စိတ်ချလက်ချ ကျင့်သုံးနိုင်ပေသည်။

မင်္ဂလာတရားသည် လိုက်နာကျင့်သုံးရန် ခက်ခဲသောတရား မဟုတ် ချေ။ လွယ်လင့်တကူ လိုက်နာ ကျင့်သုံးနိုင်ပေသည်။ စိတ်ဆင်းရဲ ကိုယ် ဆင်းရဲခံ၍ ကျင့်သုံးရသော တရားမျိုးလည်း မဟုတ်ချေ။ စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြင့် ကျင့်သုံးနိုင်ပေသည်။ အဝင်ဆိုးပြီးမှ အကျိုးရသော ဆေးခါးကြီးမျိုးနှင့်မတူပဲ၊ အဝင်တွင်ချိုမြိန်အေးမြ၍ အကျိုးတရား ကြီး မားလှသော ရသာယန နတ်ဆေးသဖွယ် ဖြစ်ပေသည်။ ဆေးကောင်း၊ ယင့်ခေါင်းဆိုသကဲ့သို့ အနည်းငယ် ကျင့်ကြံပွားများရုံနှင့် ကြီးကျယ်သော ကောင်းကျိုးချမ်းသာတို့ကို ရနိုင်ပေသည်။ ဤလူ့ဘဝတွင် လူဖြစ်လာကြ သောအခါ လူချင်းတူတူ သူချင်းမျှမျှ စားနိုင်ဝတ်နိုင် နေနိုင်ရမည်။ နောင်တမလွန်ဘဝမှာလည်း အပယ်ဘေးမှ ကင်းဝေးရမည်။ နောက်ဆုံး တွင် ဒုက္ခခပ်သိမ်းမှ ကင်းငြိမ်းရာဖြစ်သော နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင် ရမည် ဟူသော ကြီးကျယ်မြင့်မြတ်သော အနန္တကောင်းကျိုး ချမ်းသာ များနှင့်စာလျှင် ကျင့်သုံးရမည်မှာ အနည်းငယ်သာ ဖြစ်ပေသည်။

လောက၌ ကောင်းမြတ်သော အရာမှန်သမျှ အလကားရရိုး ထုံးစံမရှိပေ။ ထိုက်တန်သော အသိပညာ အလိမ္မာနှင့် ကြိုးစားမှသာလျှင် ရနိုင်ပေမည်။ ထိုက်တန်သော အသိပညာ အလိမ္မာနှင့် မကြိုးစားပဲ အလကား လိုချင်မည် ဆိုလျှင် ဖြစ်မည်မဟုတ်ချေ။မိမိကောင်းကျိုးအတွက် လုပ်ကိုင်ရပါသည်ကို ကိုယ့်ဝမ်းမှ ကိုယ်မသထာဆိုသကဲ့၊ ကိုယ့်အတွက်ကိုယ်မှ စိတ်ပါလက်ပါ

မလုပ်နိုင်လျှင် လူဖြစ်ရှုံးရုံသာ ရှိတော့မည်။ထို့ကြောင့် ဤအာမခံ ဒေသနာတွင် ဖော်ပြထားသော ကောင်းကျိုးချမ်းသာတို့ကို အလိုရှိကြကုန်သော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည် သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတို့ အနက်မှ ကိုယ်နှင့်ဆိုင်ရာ မင်္ဂလာတို့ကို ညီညာဖျဖျ အားရဝမ်းသာ လိုက်နာ ကျင့်သုံးသင့်လှပေသည်။

ရောဂါများပြား ထိုလူသားသည် ကုစားစရာ
ဆေးရှိပါလျက် အကုခက် ဆေးတွက်မဟုတ်ချေ။

သုံးလူ့ထွဋ်ထား၊ ဘုရားမြတ်စွာ
လမ်းညွှန်ပြသ၊ ကျနမှန်စွာ
ဝန်ခံချက်ဖြင့်၊ မိန့်မြွက်ခဲ့တာ
တရားမြတ် မှတ်လော့ မင်္ဂလာ။

ဘေးရန်ခပ်သိမ်း၊ ကင်းငြိမ်းရှောင်ခွာ
ရောက်ရာဌာန၊ အေးမြချမ်းသာ
ပြိုင်တိုင်း ဆိုင်တိုင်း၊ မဆိုင်းအောင်မှာ
တရားမြတ်၊ မှတ်လော့ မင်္ဂလာ။

ခုနှောင်အကျိုး၊ ပွားတိုးဝေဆာ
နည်းမျိုးစုံလှ၊ အားရစရာ
သုံးဆယ့်ရှစ်ပါး၊ တရားမှန်စွာ
သရုပ်ပြ၊ ဗုဒ္ဓသာသနာ။

ဟုတ်လိမ့်နိုးနိုး၊ ထင်မျိုးမပါ
ကိုယ်တိုင်တိကျ၊ သိမှသေချာ
ထုတ်ဖော်ထင်ရှား၊ ဟောကြားခဲ့တာ
သရုပ်ပြ၊ ဗုဒ္ဓသာသနာ။

# မင်္ဂလာတရားတော်

မင်္ဂလာတရားတော်သည် ကောလာဟလနှင့်ပေါ်လာသော တရားတော် ဖြစ်ပေသည်။ ကမ္ဘာပျက်တော့မည်ဆိုလျှင် အနှစ်တသိန်းက ကြို၍ ကမ္ဘာပျက်လိမ့်မည်တဲ့၊ ကမ္ဘာပျက်လိမ့်မည်တဲ့ ဟူ၍ ကမ္ဘာပျက်ကြောင်း ပြောဆိုကြသော ကောလာဟလ ဖြစ်ရလေသည်။ဘုရားပွင့်တော့မည်ဆိုလျှင် အနှစ်တထောင်က ကြိုတင်၍ ဘုရားစကားတွေ ပြော၍ ဘုရား ကောလာဟလတွေ ဖြစ်လာရလေသည်။ စကြာမင်းများ ပေါ်တော့မည် ဆိုလျှင် အနှစ်တရာခန့် ကြိုတင်၍ စကြာမင်း ပေါ်လိမ့်မတဲ့၊ စကြာမင်း လာလိမ့်မတဲ့ စသည်ဖြင့် စကြာ ကောလာဟလ ဖြစ်လာရလေသည်။ မင်္ဂလာတရား ပေါ်တော့မည်ဆိုလျှင် ဆယ့်နှစ်နှစ်က ကြိုတင်၍ မင်္ဂလာစကားတွေ၊မင်္ဂလာတရားတွေ ပြောကြ ဆိုကြ၍ မင်္ဂလာ ကောလာဟလ ဖြစ်လာရပေသည်။ မောနေယျပုဂ္ဂိုလ်များ ပေါ်တော့မည်ဆိုလျှင် ခုနစ်နှစ်က ကြိုတင်၍ ကောလာဟလ ဖြစ်ရပေသည်။ ကမ္ဘာ့ ထုံးတမ်းစဉ်လာပေတည်း။

ထို့ကြောင့် ဤသုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်ကို မြတ်စွာဘုရား ဟောတော်မမူမီ ဆယ့်နှစ်နှစ်က ကြိုတင်၍ လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေ အားလုံး မင်္ဂလာစကားပြောကြသည်။ မင်္ဂလာတရား ဟောကြသည်။ မင်္ဂလာဆိုသည်မှာ အဘယ်နည်းဟူသော ပြဿနာကြီး လောကတွင် ပေါ်လာတော့သည်။ လူရောနတ်ပါ ဗြဟ္မာမကျန် မိမိတို့ ဉာဏ်မီသမျှ၊သိသမျှ၊ တတ်သမျှ မင်္ဂလာဆိုသည်မှာ ဤသည်ပင်တည်း ဟူ၍ ဟောကြပြောကြတော့သည်။ တဦးအယူအဆ တဦးကလက်မခံ၊ သူ့မင်္ဂလာ ကိုယ်မကြိုက်၊ ကိုယ့်မင်္ဂလာ သူမကြိုက်၊သုံးလောကဘုံအတွင်း မင်္ဂလဗျူဟာကြီး ကျင်းပကြတော့သည်။ ထိုမင်္ဂလဗျူဟာပွဲကြီးတွင် ဗြဟ္မာ၊ နတ်၊ လူ အဘယ်သူကမျှ မင်္ဂလာဆိုသည်မှာ ဤသည်ပင်တည်းဟူ၍ အတိအကျ အမှန်ရအောင် တင်ပြနိုင်ခဲ့ခြင်း မရှိခဲ့ချေ။ ဤသို့လျှင် မင်္ဂလပြဿနာ၊ မင်္ဂလဗျူဟာ

ပွဲကြီး မပြီးနိုင် မစီးနိုင် ဖြစ်နေခဲ့သည်မှာ ဆယ့်နှစ်နှစ်တိုင်တိုင် ကြာခဲ့လေသည်။

မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် တညသော သန်းခေါင်အချိန်တွင် သိကြားမင်း လာရောက်၍ တောင်းပန်သဖြင့် ဤမင်္ဂလာတရားတော်ကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့လေသည်။

ယင်းသို့ ဟောကြားတော်မူခဲ့ပြီးနောက် ရှင်အာနန္ဒာအား အပြည့်အစုံ ပြန်လည် ဟောကြားတော် မူခဲ့သဖြင့် ရှင်အာနန္ဒာမှတဆင့် လူ့လောက တခုလုံး မင်္ဂလာတရားတော် ပျံ့နှံ့သွားလေတော့သည်။

# မင်္ဂလသုတ် ပါဠိတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

၁။ ယံ မင်္ဂလာ ဒွါဒသဟိ၊ စိန္တယိံသု သဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတိံသဉ္စ မင်္ဂလံ။

၂။ ဒေသိတံ ဒေဝဒေဝေန၊ သဗ္ဗပါပ ဝိနာသနံ။
သဗ္ဗလောက ဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမ ဟေ။

၃။ ဧဝံ မေ သုတံ၊ ဧကံ သမယံ၊ ဘဂဝါ သာဝတ္ထိယံ
ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။
အထ ခေါ အညတရ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ
အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ။

၄။ ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ
အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ။ ဧကမန္တံ ဌိတာ ခေါ
သာ ဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

၅။ ဗဟူ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလ မုတ္တမံ။

၆။ အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ၊
ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလ မုတ္တမံ။

၇။ ပတိရူပ ဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ၊
အတ္တ သမ္မာ မဏိဓိ စ၊ ဧတံ မင်္ဂလ မုတ္တမံ။

၈။ ဗာဟုသစ္စဉ္စ၊ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော၊
သုဘာသိတာ စ ယာ ဝါစာ၊ ဧတံ မင်္ဂလ မုတ္တမံ။

၉။ မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော၊
အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလ မုတ္တမံ။

၁၀။ ဒါနဉ္စ ဓမ္မစရိယာစ၊ ဉာတကာနဉ္စ သင်္ဂဟော၊
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံမင်္ဂလ မုတ္တမံ။

၁၁။ အာရတီ ဝိရတီ ပါပါ မဇ္ဇ ပါနာစ သံယမော၊
အပ္ပမာဒေါစ ဓမ္မေသု၊ ဧတံ မင်္ဂလ မုတ္တမံ။

၁၂။ ဂါရဝေါစ နိဝါတောစ သန္တုဋ္ဌီစ ကတညုတာ၊
ကာလေန ဓမ္မဿဝနံ၊ ဧတံမင်္ဂလ မုတ္တမံ။

၁၃။ ခန္တီစ သောဝစဿတာ၊ သမဏာ နဉ္စ ဒဿနံ၊
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံမင်္ဂလ မုတ္တမံ။

၁၄။ တပေါစ ဗြဟ္မစရိယဉ္စ၊ အရိယာ သစ္စာန ဒဿနံ၊
နိဗ္ဗာန သစ္ဆိ ကိရိယာစ၊ ဧတံ မင်္ဂလ မုတ္တမံ။

၁၅။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ၊
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလ မုတ္တမံ။

၁၆။ ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မပရာဇိတာ၊
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလ မုတ္တမံ။

# မင်္ဂလသုတ် မြန်မာပြန်

၁။ နတ်လူတို့သည် မင်္ဂလာ တရားတော်ကို ဆယ့်နှစ်နှစ်သော ကာလတို့ပတ်လုံး ကြံစည်ကြကုန်၏။ ယင်းသို့ကြံစည်ကြကုန်သော်လည်း စီးပွား ချမ်းသာခြင်း၏ အကြောင်းဖြစ်သော မင်္ဂလာ တရားတော်ကို မသိနိုင်ကြလေကုန်။

၂။ နတ်ထက်နတ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် အလုံးစုံသောလောက၏ အစီးအပွား အလို့ငှာ ဟောတော်မူအပ်သော မကောင်းမှု မှုန်သမျှကို ပယ်ဖျောက်တတ်သော ထိုမင်္ဂလာတရားတော်ကို အို- သူကောင်းတို့ ငါတို့ဟတွေ ရွတ်ဖတ်ကြပေကုန်အံ့။

၃။ အရှင်ဘုရား ကဿပ၊ ဤမင်္ဂလ သုတ်တော်ကို အကျွန်ုပ်သည် မြတ်စွာဘုရား၏ မျက်မှောက်တော်မှ ဤသို့လျှင်ကြားလိုက်ရပါ၏။ မှတ်လိုက်ရပါ၏။ ဆောင်ထားလိုက်ရပါ၏။ အရှင်ဘုရား ကဿပ၊ တရံသောအခါ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ် သဌေးကြီး၏ နှလုံး မွေ့လျော်ပျော်ဖွယ်ရာဖြစ်သော ဇေတဝန် ကျောင်းတော်၌ နေတော်မူပါ၏။ ထိုအခါ မထင်ရှားသော နတ်သားသည် ညဉ့်ဦးယံလွန်ပြီးသော သန်းခေါင်အခါ၌ အလွန်နှစ်လိုဖွယ်သော အဆင်းရှိသည်ဖြစ်၍ ဇေတဝန် ကျောင်းတော်အလုံးကို ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းစေလျက်။

၄။ အကြင်အရပ်၌ မြတ်စွာဘုရားရှိ၏။ ထိုအရပ်သို့ ချဉ်းကပ်လေ၏။ ယင်းသို့ ချဉ်းကပ်ပြီး၍ မြတ်စွာဘုရားကို အလွန်ရိုသေစွာ ရှိခိုးလျက် သင့်အပ် လျောက်ပတ်သော အရပ်၌ ရပ်ပါ၏။ သင့်အပ် လျောက်ပတ်သော အရပ်၌ ရပ်ပြီးသောအခါ ထိုနတ်သားသည် မြတ်စွာဘုရားကို ဂါထာဖြင့် ဤသို့ နားတော် လျှောက်ပါသည်။

၅။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား- များစွာသော နတ်လူတို့သည် မကောင်းမှုမှ စင်ကြယ်ကြောင်းကို အလိုရှိကြပါကုန်သည်ဖြစ်၍ မင်္ဂလာ တရားတော်ကို ဆယ့်နှစ်နှစ်တိုင်တိုင်ကြံစည်ကြပါကုန်၏။ ဘုန်းတော်ကြီးသောမြတ်စွာဘုရား- မြတ်သောမင်္ဂလာတရားကို ဟောတော်မူပါလော့။

၆။ အို နတ်သား၊ သူမိုက်တို့ကို မပေါင်းသင်း ရခြင်းသည်လည်းကောင်း၊ ပညာရှိတို့ကို မှီဝဲ ဆည်းကပ်ရခြင်းသည်လည်းကောင်း၊ ပူဇော်ထိုက်သော သူတို့ကို ပူဇော်ရခြင်းသည်လည်းကောင်း ဤတရားအစုသည် မြတ်သော မင်္ဂလာပေတည်း။

၇။ သင့်အပ်လျောက်ပတ်သော အရပ်၌ နေရခြင်းသည် လည်းကောင်း၊ ရှေးကပြုခဲ့ပြီးသော ကောင်းမှုရှိရခြင်းသည်လည်းကောင်း၊ မိမိကိုယ်ကို ကောင်းစွာ ဆောက်တည်ရခြင်းသည်လည်းကောင်း ဤတရားအစုသည်လည်း မြတ်သော မင်္ဂလာပေတည်း။

၈။ အကြားအမြင် များရခြင်းသည်လည်းကောင်း၊ သိပ္ပံပညာတတ်မြောက် ရခြင်းသည် လည်းကောင်း၊ ကောင်းစွာသင်ကြားအပ်သော စည်းကမ်းရှိရခြင်းသည် လည်းကောင်း၊ ကောင်းစွာ ပြောဆိုအပ်သော စကားသည်လည်းကောင်း ဤတရားအစုသည်လည်း မြတ်သော မင်္ဂလာပေတည်း။

၉။ မိဘတို့ကို လုပ်ကျွေးရခြင်းသည်လည်းကောင်း၊ သားမယားတို့ကို ချီးမြှောက်ရခြင်းသည် လည်းကောင်း၊ အနှောင့်အယှက် မရှိသော အမှုတို့သည် လည်းကောင်း ဤတရားအစုသည်လည်း မြတ်သော မင်္ဂလာပေတည်း။

၁၀။ အလှူပေးရခြင်းသည်လည်းကောင်း၊ တရားသောအကျင့်ကို ကျင့်သုံးရခြင်းသည်လည်းကောင်း၊ဆွေမျိုးတို့ကိုချီးမြှောက်ရခြင်းသည် လည်းကောင်း၊ အပြစ်မရှိသော အမှုတို့သည်လည်းကောင်း ဤတရား အစုသည်လည်း မြတ်သော မင်္ဂလာပေတည်း။

၁၁။ မကောင်းမှုမှ ဝေးစွာ ရှောင်ကြဉ် ရခြင်းသည် လည်းကောင်း၊ အထူးသဖြင့် ရှောင်ကြဉ် ရခြင်းသည် လည်းကောင်း၊ မူးယစ်စေတတ်ကို ကောင်းစွာ ရှောင်ကြဉ် ရခြင်းသည်လည်းကောင်း၊ မမေ့မလျော့ရခြင်းသည်လည်းကောင်း ဤတရားအစုသည်လည်း မြတ်သော မင်္ဂလာပေတည်း။

၁၂။ ရိုသေရခြင်းသည် လည်းကောင်း၊ နှိမ့်ချရခြင်းသည် လည်းကောင်း၊ ရောင့်ရဲလွယ်ရခြင်းသည် လည်းကောင်း၊ သူ့ကျေးဇူးကို သိရခြင်းသည်လည်းကောင်း၊ အခါအားလျော်စွာ တရားနာရခြင်းသည်လည်းကောင်း ဤတရားအစုသည်လည်း မြတ်သော မင်္ဂလာပေတည်း။

၁၃။ သည်းခံရခြင်းသည်လည်းကောင်း၊ ဆုံးမလွယ်သူ ဖြစ်ရခြင်းသည်လည်းကောင်း၊ ရဟန်းတို့ကို ဖူးမြင်ရခြင်းသည် လည်းကောင်း၊ အခါအားလျော်စွာ တရားဆွေးနွေးရခြင်းသည် လည်းကောင်း ဤတရားအစုသည်လည်း မြတ်သော မင်္ဂလာပေတည်း။

၁၄။ ခြိုးခြံစွာ ကျင့်ရခြင်းသည် လည်းကောင်း၊ မြတ်သော အကျင့်ကို ကျင့်သုံးရခြင်းသည် လည်းကောင်း အရိယသစ္စာကို သိမြင်ရခြင်းသည်လည်းကောင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည်လည်းကောင်း ဤတရားအစုသည်လည်း မြတ်သော မင်္ဂလာပေတည်း။

၁၅။ လောကဓံတရားရှစ်ပါးနှင့် တွေ့သောအခါ အကြင် ရဟန္တာပုဂ္ဂိုလ်တို့၏ စိတ်သည် မတုန်လှုပ်ခြင်း၊ မစိုးရိမ်ခြင်း၊ ရမက်မရှိခြင်း၊ ဘေးမရှိခြင်းသည် လည်းကောင်း ဤတရားအစုသည်လည်း မြတ်သော မင်္ဂလာပေတည်း။

၁၆။ အို နတ်သား၊ ဤဆိုခဲ့ပြီးသော သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်တို့ကို လိုက်နာ ကျင့်သုံးရသောကြောင့် အလုံးစုံသော အရပ်၌ ရန်သူတို့သည် မအောင်နိုင်ကုန်သည်ဖြစ်၍ အလုံးစုံချမ်းသာခြင်းသို့ ရောက်လတ္တံ့။ ထိုသုံးဆယ့်ရှစ်ပါးသော တရားသည်သာလျှင် ထို နတ် လူတို့၏ မြတ်သော မင်္ဂလာမည်ပေသတည်း။

# နိဂုံး

ဤတွင် မင်္ဂလာတရားတော်ကြီး အပြီးသို့ ရောက်ပေပြီ။ မရည်ရွယ်ပဲလျက် စာတစောင်တဖွဲ့ ရေးခဲ့ရပေသည်။ စာရေးဘူးမှပင် စာရေးဆရာများကို အံ့သြမိပေသည်။ ကျေးဇူးလည်း တင်မိပေသည်။ စာတအုပ်ဖြစ်ရန် မလွယ်လေစွ။ အလူးသံဖြင့် ပေရွက်နှင့်ကညစ်ကိုသုံး၍အဆူဆူသော ကျမ်းများကို ပြုစုခဲ့ကြသော ဆရာ့ဆရာများကိုလည်း မှန်းဆ၍ ကြည်ညိုမဆုံး ဖြစ်မိပါသည်။

ကျွန်တော် အသက် ခြောက်ဆယ်တာ ကာလအတွင်း ဖတ်ရှုခဲ့ရသော စာပေများ၊ နာကြားခဲ့ရသော တရားများ ကိုယ်တိုင် မြင်ခဲ့ ကြားခဲ့ တွေ့ခဲ့ရသော အတွေ့ အကြုံများ၊ ဆရာသမား မိဘတို့ထံမှ ရရှိခဲ့သော ဗဟုသုတများကို ပေါင်းစပ်၍ ဤမင်္ဂလာတရားကို ပြုစုခဲ့ပါသည်။

ထို့ကြောင့် ဤစာအုပ်သည် စာဖတ်သူတို့၏ ဗဟုသုတ တိုးပွားရေးအတွက် အထောက်အကူ ဖြစ်တန်ကောင်းပါသည်။ မိမိတို့ဘဝ၏ တဆင့်ထက်တဆင့် မြင့်ထက် မြင့်ကြောင်း အတွက်လည်း ထိုက်တန်သလောက် အထောက်အကူ ဖြစ်လောက်စရာရှိပါသည်။ မိမိတို့ သားသမီးများကို စနစ်တကျဆုံးမလိုသော မိဘများ အတွက်လည်း အသုံးဝင်ဖွယ်ရှိမည် ထင်ပါသည်။

ကျွန်တော့်အား မြန်မာစာပေ၏ အမွေအနှစ်များကို ထိထိရောက်ရောက် ပေးအပ်ခဲ့သော ဖခင်ကြီးဦးချင်းတောင် အား ဤမင်္ဂလာ စာတန်းဖြင့် ကန်တော့ပန်းဆင်လိုက်ပါသည်။

ဤမင်္ဂလာစာအုပ်ကို ရေနံချောင်းမြို့ နောင်ရိုး စက်ပြင်နှင့် တွင်ခုံ လုပ်ငန်း ကုန်ထုတ် သမယဝါယမ အသင်း ဥက္ကဋ္ဌအဖြစ် တာဝန် ထမ်းဆောင်နေစဉ် ရေးသားခဲ့ပါသည်။ ၁၃၄၀ ခု၊ ကဆုန်လပြည့်ကျော် (၉) ရက်၊ ၁၉၇၉ ခု၊ မေလ(၁၉)ရက် စနေနေ့တွင် ပြီးဆုံးခြင်းသို့ ရောက်ပါသည်။

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ မကွာကိုယ်၌ မြဲစေသောဝ်။

**နောင်ရိုး ဦးတိုးမြင့်**

**၁၉၊ ၅၊ ၁၉၇၉။**
**ရေနံချောင်းမြို့။**